www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# နက္ခတ္တရောင်ခြည်စာအုပ်တိုက်
# မှ
# ထုတ်ဝေသောစာအုပ်များ



မှာကြားရန်

**နက္ခတ္တရောင်ခြည်စာအုပ်တိုက်**

အမှတ်-၂၁၀(ပထမထပ်)၊ ၂၉-လမ်း(အထက်)၊ ပန်းဘဲတန်းစာတိုက်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၂၄၂[illegible]

www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# နက္ခတ္တရောင်ခြည်

နက္ခတ္တရောင်ခြည်
နက္ခတ္တရောင်ခြည်







BURMESE CLASSIC .com

## ဆေးသိဒ္ဓိမန္တန်တော်

၁။ ဥုံ ဣုဟ ဗုဒ္ဓေါ စ ဓမ္မောစ၊ သံဃော စ သရဏံ ဝရံ။
အနေန သစ္စဝါကျေန၊ တိကိစ္ဆာ သိဒ္ဓိရတ္ထု မေ။
၂။ ဥုံ ဗာလာ သဗ္ဗ မကလျာဏံ၊ ကလျာဏံ ပဏ္ဍိတာ သဒါ။
အနေန သစ္စဝါကျေန၊ တိကိစ္ဆာ သိဒ္ဓိရတ္ထု မေ။
၃။ ဥုံ အပ္ပမာဒါ သိဝံ သဗ္ဗံ၊ ပမာဒါ အသိဝံ သဒါ။
အနေန သစ္စဝါကျေန၊ တိကိစ္ဆာ သိဒ္ဓိရတ္ထု မေ။

အနက်

၁။ **ဥုံ** –အန္တရာယ်ကင်း ရန်စွယ်ရှင်းစေသတည်း။ **ဣုဟ**–ဤလောက၌၊ **ဗုဒ္ဓေါစ**–မြတ်စွာဘုရားသည်လည်းကောင်း၊ **ဓမ္မောစ**–တရားတော်မြတ်သည်လည်းကောင်း၊ **သံဃောစ**–သံဃာတော်မြတ်သည်လည်းကောင်း၊ **ဝရံ**–မြတ်သော၊ **သရဏံ**–ကိုးကွယ်ရာတည်း၊ **အနေန သစ္စဝါကျေန**–ဤမှန်သော သစ္စာစကားကြောင့်၊ **မေ**–အကျွန်ုပ်၏၊ **တိကိစ္ဆာ**–ဆေးကုခြင်းသည်၊ **သိဒ္ဓိရတ္ထု**–ပြီးစီးပါစေသတည်း။

၂။ **ဥုံ**–အန္တရာယ်ကင်း ရန်စွယ်ရှင်းစေသတည်း။ **ဗာလာ**–လူမိုက်တို့သည်၊ **သဗ္ဗံ**–အလုံးစုံသော၊ **အကလျာဏံ**–မကောင်းမှုကို(**ကရောန္တိ**–ပြုကြကုန်၏။) **ပဏ္ဍိတာ**–ပညာရှိတို့သည်၊ **သဒါ**–အခါခပ်သိမ်း၊ **ကလျာဏံ**–ကောင်းမှုကို (**ကရောန္တိ**–ပြုကြကုန်၏။) **အနေန သစ္စဝါကျေန**–ဤမှန်သောသစ္စာစကားကြောင့်၊ **မေ**–အကျွန်ုပ်၏၊ **တိကိစ္ဆာ**–ဆေးကုခြင်းသည်၊ **သိဒ္ဓိရတ္ထု** – ပြီးစီးပါစေသတည်း။

၃။ **ဥုံ**–အန္တရာယ်ကင်း ရန်စွယ်ရှင်းစေသတည်း။ **အပ္ပမာဒါ** – မမေ့မလျော့သော သူတို့သည်၊ **သဗ္ဗံ**–အချင်းခပ်သိမ်း၊ **သိဝံ**–ငြိမ်းချမ်း၏၊ **ပမာဒါ**–မေ့လျော့သောသူတို့သည်၊ **သဒါ**–အခါခပ်သိမ်း၊ **အသိဝံ**–မငြိမ်း မချမ်းကြ၊ **အနေန သစ္စဝါကျေန**–ဤမှန်သော သစ္စာစကားကြောင့်၊ **မေ**–အကျွန်ုပ်၏၊ **တိကိစ္ဆာ**– ဆေးကုခြင်းသည်၊ **သိဒ္ဓိရတ္ထု**– ပြီးစီးပါစေသတည်း။

ခက်ခဲသော ပါဠိအသံထွက်

| | | | | | |
|---|---|---|---|---|---|
| **ဗုဒ္ဓေါစ** | = ဗုတ်ဓေါစ | **တိကိစ္ဆာ** | = တိကိတ်ဆာ | **ပဏ္ဍိတာ** | = ပန်ဒိတာ |
| **ဓမ္မောစ** | = ဓမ်မောစ | **သိဒ္ဓိရတ္ထု** | = သိတ်ဓိရတ်ထု | **အပ္ပမာဒါ** | = အတ်ပမာဒါ |
| **သစ္စဝါကျေန** | = သစ်စဝက်ကျေန | **သဗ္ဗ** | = သပ်ဗ | **သဗ္ဗံ** | = သတ်ဗံ |





လောကီပညာရသစုံမဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com

# နက္ခတ္တရောင်ခြည်

လောကီပညာရပ်စုံမဂ္ဂဇင်း






နာယကကြီး

ဒေါက်တာ အောင်နိုင်

M.B.B.S(Ygn)

ဒ-ဘ-ဓ(တိုင်းရင်းဆေး)

M.Med.Sc(Pharmacology)

Advanced Pharmacokinetics

Training (London)

M.C.P.A,A.T.C.M

(Wuhan), D.M.A

Senior Fellowship of Aryuvedic

Medicine(India)

သာသနာ့အကျိုးဆောင်

ကောလာသ ဆရာအောင်

တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ

အကြံပေး

ဒေါ်ဝတ်ရည်ဆွေ

B.Sc(Bot),Dip.T.Med.

ဦးဝင်းထိန်ကျော်

B.A(Philos),Dip.T.Med.,

T.L.R.M (INDIA)

စာတည်းချုပ်

ဦးကျော်မိုးသိန်း

တာဝန်ခံစာတည်း

ခမ္မဒေဝ

နယ်လှည့်အယ်ဒီတာ

အောင်ဇ(LL.B)၊ကိုစိုးဆန်း၊

သန်းထွန်း(ဘားအံ)

ပါဠိ အယ်ဒီတာ

* ဦးစံတင်

(စတုနိကာယကောဝိဒ၊ဝိနယဓရ၊ဓမ္မာစရိယ)

* ဦးသီဟ

[သာသနဓဇဓမ္မာစရိယ]

ဥပဒေအကြံပေး

ဦးထွန်းစိန်

B.A(Myanmar).H.G.P.R.L(Advocate)

ပန်းချီဒီဇိုင်းပညာရှင်

ကိုတင်ဦး၊

တင်တင်နွယ်

မျက်နှာဖုံးပန်းချီ

မြတ်မင်းဟာန်

ဖြန့်ချိရေးမှူး

ယဉ်ကျေးဝေ

ကွန်ပျူတာစာစီ

ပါရမီ ကွန်ပျူတာစာစီလုပ်ငန်း


စနေထောင့်ရှိ စ,ပတ်ထားသော

အရုံစေတီတော်မှာ

ဂန္ဓာရီပညာဖြင့် စီစဉ်ထားခြင်း ဖြစ်သည်...

☛ ၈-၁၁


ထုတ်ဝေသူ

ဦးကျော်မိုးသိန်း(၀၀၇၃၉)

နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်၊

၂၁၀၊ ၂၉ လမ်း၊ ရန်ကုန်မြို့၊

အတွင်းနှင့် မျက်နှာဖုံးရိုက်

ဦးနန်းဝေ (ခ) ဦးမိုးနိုင်(၀၁၂၈၅)

အောင်နန်းသစ်ပုံနှိပ်တိုက်၊ အမှတ်-၄၄၊ ၅၅-လမ်း၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊

မန္တလေးဖြန့်ချိရေး

နဂါးစာပေ

ရှမ်းတောင်ကြီး ဖြန့်ချိရေး

မိလျှံနာစာပေ (တောင်ကြီး)

ဂင်္ဂါနဒီစာပေဖြန့်ချိရေး(တောင်ကြီး)

မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဖြန့်ချိရေး

ကျော်ကျော်စာပေ(မော်လမြိုင်)

ဖြန့်ချိရေး

ကျော်မိုးသိန်းစာပေ၊ ၂၁၀(ပထမထပ်)၊ ၂၉လမ်း၊ ရန်ကုန်မြို့၊

☎-၀၉ ၇၇၆၃၄၉၇၈၅၊ ၀၉ ၄၄၃၂၅၇၂၂၀။

ကြော်ငြာတာဝန်ခံ

ယဉ်ကျေးဝေ

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ

အမှတ် ၃၈၆

တန်ဖိုး - ၂၄၀၀ကျပ် (ဖြန့်ချိဈေး)

[နှစ်ထောင့်လေးရာကျပ်]

အုပ်ရေ

၁၀၀၀

☎- ၀၉ ၇၇၆၃၄၉၇၈၅

၀၉ ၄၄၃၂၅၇၂၂၀။




www.burmeseclassic.com

www.burmeseclassic.com



ဒီဂါယာကို
တန့်ဒိုးကြီး နဂါးရုံဘုရားရှေ့မှာ
ရှုတ်ရပါမယ်...
စာ-၈၁

လောကီဝိဇ္ဇာလမ်း လိုက်စားကြသော
ပုဂ္ဂိုလ်အချို့က ဤနေရာတွင်
ဆေးဝါးစီရင်လေ့ရှိကြသည်...
စာ-၁၃



## တွေ့ဆုံခြင်းရောင်ခြည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်
ကျွန်းမာပါစေ တိုင်းရင်းဆေးကုခန်းမှ ဆရာမကြီး
ဒေါ်လှသိန်း(တဆ-ဗ၂၆၁၄) ပြောပြသော
သက်ရှည်ကျန်းမာ နည်းစုံစွာ [မြောင်းမြ မောင်ယဉ်တင့်] ၁၃၇

## ပညာပေးရောင်ခြည်

နဝလက်စကြာ ယောဂီန်းနှင့် လူနာ၏
ရောဂါဇာစ်မြစ် ဖော်လှစ်ခြင်း(၁)
[နတ်မောက် ကြည်မြိုင်] ၁၉၈
ဘုံဘဝမှာဖြင့် ကြုံလာသည့်အဖြစ် [မြင့်] ၂၁၄
မြေစာကျွေး၍ ဝေဒနာ ပျောက်ခဲ့သည်
[ညွှန့်ဝင်း-နတ်တလင်း] ၂၆၅

## လက္ခဏာရောင်ခြည်

လက္ခဏာပယောဂ အဖြေညီကြစို့
[ဆရာကြီး ဦးအောင်မြိုင်-ဥပဒေဘွဲ့] ၁၂၁
မိန်းမပျိုနှင့် သိသင့်စရာ လက္ခဏာ
[ဦးသော်ခင်-ဟသ်ာတ] ၁၂၆
နှိုင်းယှဉ်လေ့လာ အခြေရှာ လက္ခဏာပညာ ၁၅၈

## လမ်းညွှန်ရောင်ခြည်

ဆံတော်ရှင် ကျိုက်တော့ရွဲသို့ [အောင်ဇ-LL.B] ၉
မြင်းမူမြို့မှ ရှင်ပင်သိမ်တော်ကြီး မြတ်စွာဘုရားနှင့်
ခေါင်းလောင်းစာနှင့် ပုဂ္ဂိုလ်ထူးများ၏
အောင်မြေနေရာထူးများ [ရေနံမြေ လွမ်းစု] ၈၉
ဘွဲ့မည်တူ ကျိုက်ထွာလွန်ဗွန်စေတီတော်များသို့
အမိဋ္ဌာန်ခရီး ၁၁၃

## အထူးကဏ္ဍရောင်ခြည်

လူနတ်နှစ်လီ တစ်ရစ်စီ စေတီ ရွှေနတ်တောင်
[ရွှေမှော်မြေ မောင်ကြည်သိန်း] ၁၇
အဝါရောင် မြွေကြီး [လွယ်ကောင်းအောင်] ၇၃
သူနာပြုဘုရားရှင် အလိုကျ ဆေးပဋ္ဌာန်းပွဲကြီးနှင့်
ကုသိုလ်တော်များ စုဝေးရာ ဆံတော်ရှင်
ကျိုက်သုတ်စေတီတော်မြတ်ကြီး(၁)
[ခင်စင်ဝင်း-မောရဝတီ] ၁၂၉
ထူးဆန်းအံ့ဖွယ် သူယောင်မယ်
[မောင်အေးကြူ-စီးပွားရေး] [illegible]
ဂမ္ဘီရ ရဟန်းထူးတစ်ပါး
[စကြံတောင် သူတော်-စဉ့်ကူး] ၂၄၁



www.burmeseclassic.com

www.burmeseclassic.com

## ✌ ကိုယ်တွေ့ရောင်ခြည် ✌

ပီယသိဒ္ဓိ မယ်တော်ကြီးနှင့် ကိုယ်တွေ့များ
[အောင်ဇေ–LL.B] ၄၉
မျက်စိအောက် ချိုပျောက်သွားတဲ့ ဆတ်ဖားကြီး
[တင်ဘုန်းဝင်း] ၂၁၇
ဥစ္စာစောင့်ညီအစ်မသုံးဖော်နှင့် မေတ္တာတရား
[ဝွင်းလေး] ၂၆၈
အိမ်တွင်း [သီလ–ရေတံခွန်တောင်] ၃၀၁

## ✳ ကျန်းမာရောင်ခြည် ✳

ညောင်တုန်း ပုဂ္ဂိုလ်တက္ကသိုလ်ကျောင်းတိုက် စာချနာယက
လှုရတနာဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသ ချီးမြှင့်သော
ပဌာန်း ၂၄ ပစ္စည်း အနုလုံ-ပဋိလုံ ရွတ်ပွားပူဇော်နည်း
[ဦးထွန်းအောင်ကျော်] ၁၀၅
ထိနှင့် ကံစမ်းမဲများ ပေါက်စေဖို့ [ဝေဖြိုးအောင်] ၁၂၂
ဝုဏ်တော်ကိုးပါး ဓာတ်ဆက်ပွားဂါထာတော်
ကျင့်ကြံပွားများ အကျိုးများစေမှာ [အုံကြွယ်] ၁၈၅

## ● အစီအရင်ရောင်ခြည် ●

သွားကိုက်ပျောက်စေသည့် မန္တန်တစ်ပုဒ်နှင့် အစီအရင်
[မနောဗေဒင်–မြင်းမူမြို့၊ ပဲကူ] ၆၇
သတိသမ္ပဇဉ်နဲ့ ဉာဏ်ယှဉ်လို့ ကံပြင်ရအောင်
[မင်းရဲထွန်း] ၇၅
အာဏာတည်လျက် အလိုပြည့်စေသော
တောင်ဝှေးအစီအရင် [ဂါမဏိဇော်–ဝိဇ္ဇာဓရ၊ စစ်ကိုင်း] ၈၆
ငအောင်တိုင်နတ် ပြုစားထားလျှင် [ကဿာ သင်းမွှေး] ၁၆၁
ဝယ်ထားတဲ့ကား ဒုက္ခပေးရင် ဒီလိုလုပ်ပါ
[ကောင်းဟိန်း–ကျွန်းသစ်] ၂၀၁

## ❒ အံ့ဖွယ်ရောင်ခြည် ❒

သူတို့လိုသော ပြာနုတော် [ရဲမျိုးသူ–ပေါဓိမြိုင်] ၉၉
ဆေးဒန်းတက်လမ်း
[ဝိဇ္ဇာမဟိဒ္ဓိ ဆရာဦးသန်းမြင့်–တိုင်းရင်းဆေး] ၁၁၇
ဂန္ဓာမြစ်မှ ရွှေဖြစ်ခြင်း [မျိုးတင့်–ညောင်လေးပင်] ၁၄၂
ထူးခြားဆန်းကြယ်သော ဓာတ်လုံးများ(အပိုင်း-၄)
[ဦးမင်းဇင်–ရွှေနဝင်း] ၁၇၁





ရွှေပေါက်ကျွန်းဆရာတော်ကြီး၏ ကုသိုလ်တော်
အောင်သိဒ္ဓိ ပထမံကျော်သူစေတီတော်ကို
သိမ်တော်ကြီးဘုရားပေါ်တွင်... ◆ စာ–၉၂

စေခိုင်းသူ စေခိုင်းသည့်အတိုင်း
သစ်ရွက်သစ်သီး ခြွေချနိုင်သော
ပစ္စည်းဖြစ်သည်... ◆ စာ–၄၄



www.burmeseclassic.com

www.burmeseclassic.com



တောင်ပေါက်ဆရာတော်ကြီး၏
သက်တော်(၁၀၈)နှစ် ပုံတော်ဖြစ်သည့်
မှတ်တမ်းတော်မှာ... ◆ စာ-၃၃

အနောက်ဘက်မုခ်မှ
ငါးကြီးအမြီးမျို ဝ,ကွင်းပုံ
ထုံကူးသဏ္ဍာန်ဖြစ်သည်... ◆ စာ-၁၃၄



✷ ဂါထာမန္တန်ရောင်ခြည် ✷

မိုးကြိုးလွှဲဂါထာ ဆောင်ထားပါ
[ဓာတ်ပုံ မောင်မောင်အေး] ၁၄
စီးပွားလည်းပျက် အသက်ဆုံးမှု
အလုံးစုံကင်းပျောက်စေဖို့ [အုံကြွယ်] ၁၅၃
အစွမ်းထက်မြက်သော မဟာရတနာဂုဏ်တော်
ဂါထာတော်များ [မင်္ဂလာကိုကိုဖြိုး-မအူပင်မြို့] ၁၇၇

✳ ဆေးနည်းတိုရောင်ခြည် ✳

ပျားတုပ်,ပေါက်ဖတ်တုပ် ခံရလျှင် [ကလေး ဝင်းသူ] ၈၀
အပူလောင် ဒီနည်းနဲ့ ကုပါလား
[မောင်ဝင်း-ရေနံ့သာ] ၁၆၆
မောင်းတောဒေသမှ ဆေးဆရာကြီး ဦးစံသာကျော်၏
မြစ်ပွားနာ (သို့မဟုတ်) ကင်ဆာရောဂါ ကြိုတင်
ကာကွယ်နည်းကောင်းတစ်ခု [ဗိုလ်မင်း-မင်းလှ] ၂၇၂

◆ ဆေးဗေဒရောင်ခြည် ◆

လည်ပင်းမှ အဖုအကျိတ် ကုသနည်း
[ချောင်းနက်သား] ၁၂၀
မိမိဝန်းကျင်ရှိ အနိုင်ဓာတ်များ
[မြွေပေါက် မှတ်ခံရသော်] [အောင်လှသန်း-မင်းဘူး] ၁၂၇
ဆီးချိုရောဂါ သက်သာပျောက်ကင်းစေသည့်
ဆေးနည်းတစ်လက် [ဦးမျိုးတင့်-မော်လမြိုင်]. ၂၀၀
ဝဲနှင်းခူအတွက် ဆေးနည်းတစ်လက်
[အောင်မြင့်သန်း-တိုင်းရင်းဆေး မိတ္ထီလာ] ၂၂၄

✳ ဂမ္ဘီရပဉ္စလုံရောင်ခြည် ✳

သိုက်နန်းငွေတောင်(၃)(တတိယပိုင်း)[နိဂုံးပိုင်း]
[ခင်မောင်ဝေ-ဆိပ်ခွန်] ၂၂၅
သီရိမင်္ဂလာသောကမင်းကြီး၏ ရေကန်နှင့်
မျက်နှာဖြူအရာရှိကြီး
[အောင်ထက်-ရောအနောက်မြို့တော်] ၂၈၉

† ထူးခြားသစ်ပင်ရောင်ခြည် †

ထူးခြားသော ရောင်စုံနှင်းဆီပန်းပင်(သို့မဟုတ်)
ရိုးတံတစ်ခုတည်းကနေ နှင်းဆီနှစ်ဆင့်ပွင့်
[သာထက်ဇော်-မကွေး] ၁၆၆

❁ စာပေသုတရောင်ခြည် ❁

အမြုတေ ဆိုသည်မှာ [ဒေဝိဇ္ဇာ] ၁၉၃



www.burmeseclassic.com

www.burmeseclassic.com

## ✝ ထူးခြားဖစ္စည်းရောင်ခြည် ✝

ဈေးကွက်ဝင် ဂမ္ဘီရပစ္စည်းများ
[မြင့်ဆွေသိန်း–တကောင်းသား၊ ဘောဂဗေဒ၊ ရန်ကုန်] ၄၄
စီးပွားလာဘ်ရှင် သစ်နှယ်ဝင် [ဖေယျာအောင်] ၉၇
ပတ္တမြားတစ်စေ့ ဓားကောင်းတစ်လက်
[ဦးညွှန့်မောင်စန်း] ၂၆၇

## ❁ ဟိုက်ခံပညာရောင်ခြည် ❁

သိုင်းပညာရှင် ဆရာကြီးမင်းယက္ခ(တိုက်ပွဲဝင်သိုင်း)၏
ဘဝအတွေ့အကြုံများ(ဒုတိယပိုင်း)(အမှတ်-၉)
[ဆရာကြီး မင်းယက္ခ–တိုက်ပွဲဝင်] ၁၄၇

## ▲ ကုထုံးရောင်ခြည် ▲

မြွေအမျိုးမျိုးနှင့် နာ(၅)ပါး ကုထုံး [စေတနာအောင်] ၈၁
လေငန်းလေဖြတ် စောင်းရွဲ့ ကုထုံး
[နတ်မောက် လှမြင့်သစ်] ၁၅၂

## ○ သုတေသနရောင်ခြည် ○

စိတ်ဝင်စားဖွယ်ကောင်းသော
ထိုးမြလက်မှတ်များအကြောင်း[ဦးအောင်မြိုင်–ဥပဒေတွဲ] ၁၄၀
သူ့အရပ်၊ သူ့ဒေသနှင့် သူ့ဓလေ့ထုံးစံများ
[အုတ်ရှစ်လမောင် ဘယ်လို ကိုးတယ်]
[မောင်ဗဟိန်း–အင်းတော်] ၂၇၃
တစ်နေ့တည်း တစ်အိမ်တည်း ခရိုမထွက်ကောင်းဘူးလား
အတူတူထွက်၍ စွန့်စားရဲပါသလား
[စောမိသွင်–ရန်ကုန်] ၂၈၄
ခြေက,ဖွား ကိုသောင်းဖေးနှင့် ကျွန်တော်
[လင်းနီတာ] ၃၀၅

## ❂ မြစ်ချောင်းပြီးဆေးပင်ဆေးမြစ်ရောင်ခြည် ❂

ပိုးကာရင်လိုခေါ်တော့ "ဝချယ်ခွာ" [ရွှေနန်းနန်း] ၇၉
ရှားစောင်းလက်ပပ် လျှို့ဝှက်ချက် [ရွှေနန်းနန်း] ၁၀၂
သမြားပင်အစွမ်း အံ့မခန်း [ကိုထွန်း–မင်းလှ] ၁၆၉

## ⌧ ဟိရှတ္တာန်ရောင်ခြည် ⌧

မွေးမြူရေး ဝက်ခြံများတွင် ဝက်ချေး(ချိုး)
တစ်နေရာတည်း စုပုံနေလိုလျှင်
[ရေစကြို မင်းသောင်း] ၉၆
ကျွဲ,နွား နာတာရှည် ချောင်းဆိုးရောဂါ
[ငွေသိန်း–တိ/မွေး/ကု] ၁၂၄

## ❁ ကြည်ညိုခြင်းရောင်ခြည် ❁

ထူးခြားမှုဖြာ ဘေးဆီးရန်ကာဘုရား
[ကြီးမြင့်–ကလေးဝ] ၄၁





ပင်းတို့ ဖြင့်ကွူး၊ မကြုံဘူးတဲ့
သိုက်နန်းကို ပြပေးမယ်
သိုက်နန်းထဲက ရတနာတွေဟာ... စာ-၂၆

တား
အတွက်
ခုတ္တ
တွေ့ရ
သူများ
နှင့်
အစီအရင်
တို့
လုပ်ကြ...
စာ-၂၀၁



www.burmeseclassic.com

www.burmeseclassic.com



အချစ်ရေး
အိမ်ထောင်ရေး
ကိစ္စများ
တွင်
လွန်စွာ
ဆုတောင်း
ပြည့်ကြောင်း...
◆ စာ-၅၀



ဘုရား
ပေါ်
က
ထူးခြားသည့်
ဖား
ရုပ်တု
ကြီးက...
◆ စာ-၁၉



ဒီဆေးပင်
က
အနှစ် (၂၀)
လောက်က
ကုပ်မှာ
ပေါက်နေတဲ့
နှင်းချကြီး
ကိုတော့...
◆ စာ-၁၆၉


**✻ အောင်မြေရောင်ခြည် ✻**

စစ်ကိုင်းတစ်ခွင် သမိုင်းဝင်စေတီများ၏ အောင်မြေနှင့် ရှိခိုးပူဇော်ဂါထာတော်များ(၆၇)[ရွှေအင်းလယ်စေတီ]
[အောင်ရွှေမြတ်-စစ်ကိုင်းတောင်] ၅၇

အလောင်းမင်းတရား ဦးအောင်ဇေယျ၏ မဟာအောင်မြေ [မင်းဏ္ဍဒီ-ဂန္ဓီရတောင်တန်း] ၆၅

**✧ ထီဗေဒရောင်ခြည် ✧**

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင် ထီဆုကြီးများ ဆွတ်ခူးနိုင်ဖို့ [ထက်မင်းကျော်စွာ] ၉၅

**❖ စိုက်ပျိုးမွေးရောင်ခြည် ❖**

အော်ဂဲနစ်စိုက်ပျိုးရေးအတွက် ဝါးငုတ်မှ ဒေသခံအကျိုးပြု အကာဗီဝ ထုတ်ယူအသုံးပြုနည်း(၁)
[တင်ညိုအေး] ၅၂

ကြယ်ပဲ စပျိုးမယ် [သျှင်မင်း-မင်းကင်း] ၁၇၄

**✻ အောင်မြင်ကျန်းမာရေးရောင်ခြည် ✻**

ဓမ္မအစွမ်း ဖဲ့မခန်း၊ ပဋ္ဌာန်းအစွမ်း ဖဲ့မခန်း
[မမိုးမြင့်-ကချင်မြေ] ၂၀၉

**▲ အင်းအမရောင်ခြည် ▲**

ဘေးကင်းရန်ကင်း အဖြစ်တော်အင်း
[ဆရာဦးထွန်းဖေ-ရပ်စောက်၊ ဓာတ်ဗိန္ဒောယကြာပေဒင်] ၇၈

**✎ ဗုဒ္ဓိုးလက်ဆွေးရောင်ခြည် ✎**

အင်းဝိဇ္ဇာ အောင်ဟိတ်ဆရာတော်ကြီး ဘဒ္ဒန္တစန္ဒိမာနှင့် ထူးခြားဖွဲ့ဖွယ်ရာများ [မောင်မျိုးသန့်-မအူပင်] ၂၅

**✎ ထူးခြားဆန်းကြယ်ရောင်ခြည် ✎**

ညောင်လင်မယား(၁)
[ဦးကျော်ဟိုး-မြန်မာသမားတော်ကြီး၊ သထုံမြို့] ၂၃၃

ယုံသော်ရှိ မယုံသော်ရှိ [ကျော်နိုင်လင်း-ပေလီ] ၂၄၆

ကျွန်ုပ်နှင့် ဖြစ်ရပ်ဆန်း [မောင်လန်းဆန်း-မေတ္တာမြေ] ၂၈၁

မိုးကြိုးပစ်ခြင်းမှ ထူးခြားစွာ လွတ်ကင်းခြင်း ဖြစ်ရပ်ဆန်း
[ဒေါ်စန်းရည်-ကျောင်းအုပ်ကြီး(ငြိမ်း)] ၂၉[illegible]

**✎ အမေးအဖြေရောင်ခြည် ✎**

တစ္ဆေ ရှိမရှိ အဖြေရှိ ကိုယ်တွေ့ကြုံလျှင်သိ
[ဦးအေးရွှေ-ဂနေခင်] ၂၄၄




www.burmeseclassic.com

www.burmeseclassic.com


## ❑ ဗိဇ္ဇာဓရရောင်ခြည် ❑

သက်တော်ရှည် သိဒ္ဓိရှင်ဆရာတော်ကြီးများ၏
အမိပ္ပာယ်နက်နဲသော စကားတော်များ(၃)
[သီတာဆန်း–မော်လမြိုင်] ၃၃

## ✂ နေ့စဉ်သုံး ဘဝလမ်းညွှန်ရောင်ခြည် ✂

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလအတွင်း
လာဘ်လာဘ ရွှင်လန်းကြပါစေ [ထက်မင်းကျော်စွာ] ၁၈၃
၂၀၁၈ ခုနှစ်၊ စက်တင်ဘာလအတွက်
ခုနစ်ရက်သားသမီး ဟောစာတမ်း
[ဆရာ ရောင်ခြည်] ၁၉၁
၂၀၁၈ ခုနှစ်၊ စက်တင်ဘာလအတွက်
ပုံရိပ်ရှင်တို့၏ ကံကြမ္မာ [ပန္နက်ဇီ] ၂၀၇
၂၀၁၈ ခုနှစ်၊ စက်တင်ဘာလအတွက်
နေ့ကောင်းရက်သာ ရွေးချယ်ပါ [သုခစုစံ–ကျိုက်လတ်] ၂၉၆

## ✎ မြန်မာ့ရိုးရာပညာရောင်ခြည် ✎

ရှေးခေတ် တိုင်းရင်းဆေးဆရာတို့ အသုံးပြုခဲ့သော
စန်းသုဦး-နဝင်းသုဦး ခန္ဓာပျက် တွက်နည်းများ
[ကောင်းခန့်(သခွတ်မြေ)–ဝက်လက်] ၁၆၄

## ◆ ကျန်းမာရေး ဓာတ်စာရောင်ခြည် ◆

ဆီးချိုသွေးချို ရောဂါရှင်များအတွက် ဆေးဖက်ဝင် အာဟာရ
Diet ဟင်းလျာ ချက်နည်းများ(၅) [မင်းချမ်းမြေ့–ပုသိမ်] ၆၈
(၁၂)လရာသီ နက္ခတ်ဓာတ်စာ(2018-July လအတွက်)
ဝါဆိုလ ကရကဋ်ရာသီ နက္ခတ်ဓာတ်စာ
ဆောင်ရန်ရှောင်ရန် ဆေးဖက်ဝင် အစားအစာများ
[ဆရာ မင်းချမ်းသာ] ၈၄

## ● ပရလောကရောင်ခြည် ●

မြေစာမြက်မလေး ချိုမာ [အဖြူရင့်–ပခုက္ကူ] ၂၁၂
သချိုင်းတစ္ဆေ ခြောက်လှန့်ပေ [ဂမ္ဘီရ စောနိုင်] ၂၂၁
သူယောင်သုက်ပင်း
[ဦးကိုကိုကြီး(စစ်ဆေးရေး)၊ က.စ.စ(၂)–ထုံးတို] ၂၄၉
ကြုံရဆုံရ ပရလောက [ကိုကိုခန့်ချော–ကသာမြေ] ၂၆၁
နတ်နှင့် နားတောင်း [ဆန်းဝင်း–အောင်မြေ] ၂၇၅
သေမင်းကို ဆဲတဲ့သူ
[ကိုဝင်းတင်–လယ်လှ၊ အထက်မင်းလှ] ၂၉၇
ဣသာမဏ္ဍိရိယတရား [မောင်ပညာ] ၃၀၃



ပါပဆောင်
ဥာနမှ
ခြသေ့်ပျို
နှင့်
တောဘီလူးကြီး
ရုပ်တု
တို့မှာ…
စာ–၆၂





ဘုရား
ကုန်းတော်
ပေါ်က
မြွေ
နဂါး
ရုပ်တု
ကြီးမှာ…
စာ–၂၀





အဖြူရောင်
အပွင့်တစ်ပွင့်
ပွင့်ပြီးနောက်
အပေါ်မှ
အဝါရောင်
အပွင့်တစ်ပွင့်
ထပ်မံ
ပွင့်လာ
သည်မှာ…
စာ–၁၄၆






www.burmeseclassic.com

www.burmeseclassic.com



▲ ကျိုက်ကော့ရွှဲစေတီတော်ကြီးအား အရံစေတီငယ်များနှင့် သပ္ပါယ်စွာ ဖူးမြင်ရပုံ

ဇော်ငြေ (LL.B)

# ဆံတော်ရှင် ကျိုက်ကော့ရွှဲသို့

၂၀၁၈ ခုနှစ်၊ မတ်လတွင် မြေးကလေးများ ကျောင်းပိတ်ရက် ကာလအတွင်းက မွန်ပြည်နယ်သို့ ဘုရားဖူးခရီး ထွက်ခဲ့ကြပါသည်။ ဗိုလ်ချုပ်အောင်ဆန်း တံတားကို ဖြတ်သန်း၍ ဘီလူးကျွန်းသို့ လွယ်ကူ အဆင်ပြေ လျင်မြန်စွာ ရောက်ရှိခဲ့ကြသည်။

'ကျိုက်ကော့ရွှဲဘုရားကို ဘယ်လိုသွားရမလဲ'

တံတားသစ်ကြီးပြီးမှ ပထမဆုံး အကြိမ်အဖြစ် ဘီလူးကျွန်းမြေကို ရောက်ရှိသည်ဖြစ်၍ အစစ အရာရာ ပြောင်းလဲ တိုးတက်နေခြင်းကြောင့် ကိုယ်သွားလိုရာခရီးကို တံတား ဟိုဘက်ထိပ် ရောက်သည်နှင့် မေးမြန်းလိုက်ရခြင်း ဖြစ်သည်။

'ဒီတံတားထိပ်ကနေ (၅)မိနစ်လောက် ကားမောင်းသွားရင် ညာဘက်ကို လမ်းခွဲကို တွေ့မယ်။ အဲဒီလမ်းထိပ်မှာ သေချာအောင် ပြန်မေးလိုက်ဦးပေါ့။

လမ်းခွဲအတိုင်း (၅)မိနစ်ကျော်လောက် ဆက်မောင်းရင် ဘယ်ဘက်လမ်းဘေးမှာ လမ်းညွှန်ဆိုင်းဘုတ် တွေ့မယ်။ ဆိုင်းဘုတ်နဲ့ ဘုရားပရိဝုဏ်နဲ့ ကိုက်တစ်ရာလောက်ပဲ ကွာတယ်'

လမ်းညွှန်သူက အတိအကျ ပြောပြသဖြင့် သွားလာရ လွယ်ကူ သွားပါသည်။ ဤဘုရားသို့ လွန်ခဲ့သော ၁၉၉၄ ခုနှစ်က ပထမဆုံး တစ်ခေါက် ရေလမ်းခရီးဖြင့် ရောက်ရှိခဲ့ဖူးပါသည်။

ယခုတော့ ဘုရားအသွားလမ်းက ရှုခင်းအသစ်အဆန်းများ ဖြစ်နေပြီ။ နှစ်ပေါင်း နှစ်ဆယ်ကျော် ကြာပြီဖြစ်၍ ပြောင်းလဲတိုးတက်မှုများစွာ မြင်တွေ့ရသည်။

"ဆံတော်ရှင် ကျိုက်ကော့ရွှဲစေတီတော်"

မွန်ဘာသာနှင့် လည်းကောင်း၊



www.burmeseclassic.com

www.burmeseclassic.com



▲ ကျိုက်ကောလ္လဲအနောက်ဘက် မနီးမဝေးရှိ ဘုရားဝတ်တိုနေရာ

▼ သံတော်ရှင် ကျိုက်ကောလ္လဲ အဝင်လမ်းထိပ်ရှိ လမ်းညွှန်ဆိုင်းဘုတ်



www.burmeseclassic.com



စနေထောင့်မှ ဝစေတီ

မြန်မာဘာသာနှင့် လည်းကောင်း ရေးသားထားသော လမ်းညွှန်ဆိုင်းဘုတ်က ခံ့ညားထည်ဝါလှပါသည်။

ဘုရားစေတီကြီးမှာ ပြုပြင်ပြီးစီးခါစကဖြစ်၍ ရွှေဆေးသင်္ကန်းတော်ဖြင့် သပ္ပါယ်လှသည်။ ဘုရားမုခ်ဦးမှာ ပြုပြင်နေဆဲကာလဖြစ်၍ ဓာတ်ပုံမရိုက်ခဲ့ပါ။

ဤဘုရားကြီးမှာ ဘီလူးကျွန်းဒေသတစ်ခုလုံး၌ ဉာဏ်တော်အမြင့်ဆုံးနှင့် ဖိနပ်တော်ပတ်လည်အကျယ်ဝန်းဆုံးဟု ယူဆရပါသည်။

**စနေထောင့်ရှိ "ဝ" ပတ်ထားသော အရံစေတီတော်မှာ ပုံသဏ္ဌာန် ထူးခြားပါသည်။ ဂဏိုရ်ပညာဖြင့် စီစဉ်တည်ထားခြင်း ဖြစ်ပေမည်။**

ထိုဘုရားကြီးသမိုင်းအကျဉ်းကို ဖော်ပြပေးလိုပါသည်။ မွန်ဘုရားသမိုင်းများအရ မဟာသက္ကရာဇ် ၁၁၁ ခုနှစ်တွင် ဟေမန္တဆောင်းကာလ၌ ဂေါတမဗုဒ္ဓမြတ်စွာဘုရားရှင်နှင့် နောက်ပါ ရဟန္တာငါးရာတို့သည် ရာမညတိုင်း သုဝဏ္ဏဘုမ္မိပြည် မြို့တော်သုဓမ္မ(သထုံ)သို့ ကြွရောက်ကာ တရားဓမ္မ ဟောကြားတော်မူခဲ့သည်။

တရားနာပရိသတ်များ အတွင်းမှ မင်းနှင့်တကွ ရသေ့ပုဂ္ဂိုလ် လူပုဂ္ဂိုလ် အချို့တို့ တောင်းပန်အသနားခံသဖြင့် ကိုးကွယ်စရာ ဆံတော်များကို ချီးမြှင့်ပေးသနားတော်မူခဲ့သည်။

ယက္ခဒီပ(ယခု ဘီလူးကျွန်း)မှ ရသေ့တစ်ပါးအား ဆံတော်(၂)ဆူ ပေးပြီးလျှင် မြတ်စွာဘုရား ငှက်မင်းဘဝက ယက္ခဒီပကျွန်းရှိ မြင့်မြတ်သော ကုန်းတစ်ခုတွင် သူအို ဖနီးမောင်နှံ ကျွေးမွေးသော သလေးကောက်နှံများ နေ့စဉ် စားသောက်ခဲ့ရကြောင်း၊ ထိုကုန်းတွင် အစာကောက်စဉ် နှုတ်သီးရာများ ပေါက်၍ မှတ်သားထားခဲ့ကြောင်း...

ထိုနေရာကို တွေ့အောင် ရှာ၍ စေတီတည်ပြီး ဆံတော်များ ဌာပနာ၍ ကိုးကွယ်ရန် မိန့်မှာလိုက်သည်။

ထိုရသေ့လည်း ပြန်လာခဲ့ပြီး စေတီတည်ရန် နေရာကို နှစ်ပေါင်းများစွာ ရှာဖွေသော်လည်း မတွေ့ဘဲ အိုမင်းမစွမ်းဖြစ်ကာ မသွားလာနိုင်သော အချိန်၌ ဖဖကျေးရွာမှ သူအို ဖနီးမောင်နှံကို ဆံတော် အပ်နှံလွှဲပြောင်းပေးပြီး စေတီတည်ရန် ကုန်းတော်ကို ဆက်လက်ရှာဖွေစေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



စေတီအနောက်ဘက်ရှိ ပတ္တမြားရေတွင်း

ထို သူအိုလင်မယားသည် ယခု ကညော်ရွာ၏ မြောက်ဘက် တစ်မိုင်ခန့်တွင် မြတ်သောကုန်းတော်ကို ရှာဖွေတွေ့ရှိကြပြီး ဆံတော်(၂)ဆူ ဌာပနာလျက် စေတီတော် တည်ထားကိုးကွယ်ခဲ့ကြသည်။ ထိုစေတီတော်ကို မွန်ဘာသာဖြင့် “**ကျိုက်ကော့ရွဲ**”ဟု ခေါ်ကြသည်။

စေတီတော်ကြီး၏ အနောက်ဘက် ပေတစ်ရာခန့် အကွာတွင် ဂဝံကျောက်ဖျာကြီးတစ်ခု တွေ့ရသည်။ ယခင်က အလွန်ကြီးမားခဲ့ဟန်ရှိသည်။

ယခုအခါ မြေများ ဖုံးအုပ်နေသဖြင့် အနည်းငယ်မျှသာ တွေ့ရှိရတော့သည်။ ထိုကျောက်ဖျာမျက်နှာပြင်ပေါ်တွင် တွင်းပေါက်ငယ်များစွာ တွေ့ရသည်။

**ဘုရားလောင်း ငှက်မင်းဘဝက အစာကောက်ဆိတ် ထင်ကျန်ရစ်သောနှုတ်သီးရာများဖြစ်ကြောင်း အဆိုရှိသည်။**

**သေချာကြည့်လျှင် ရှေးဟောင်းအက္ခရာဖြင့် ကဗ္ဗည်းစာလုံးများ ထွင်းကာ မှတ်သားပုံဖော်ထားခြင်း ဖြစ်ကြောင်း ယူဆရသည်။**

**လောကီပိဇ္ဇာလမ်း လိုက်စားကြသော ပုဂ္ဂိုလ်အချို့က ထိုနေရာတွင် ဆေးဝါး စီရင်လေ့ ရှိကြသည်။**

အချို့သော ဒေသခံဘုရားဖူးများက ထိုနေရာတွင် ပန်းများ လှူဒါန်းခြင်း၊ ဖယောင်းတိုင်,အမွှေးတိုင်များ ထွန်းလှူပြုကြကာ ဆုတောင်းပူဇော်ကြသည်။

ဘုရားလောင်း ငှက်မင်းဘဝက အစာရှာဖွေရရှိခဲ့ရာ နေရာဖြစ်၍ မိမိတို့လယ်ယာမှာ အထွက်တိုးစေဖို့၊ အစားအသောက် ပေါများဖူလုံဖို့ ဆုတောင်းပြည့်သည်ဟု ယုံကြည်ကြသည်။

ထို ဂဝံကျောက်ဖျာအနီးတွင် ရောမ သရက်ပင်ကြီးတစ်ပင် ရှိသည်။ ထိုသရက်ပင်ကြီး၏ လူတစ်ရပ်ခန့် အမြင့်မှာ ဘီလူးခေါင်းသဏ္ဍာန် အဖုအထစ်များ ဖြစ်ပေါ်နေသည်။

**ဂဝံကျောက်ဖျာအနီးရှိ စေတီဗုတ်တိုင်ပေါ် တက်၍ကြည့်လျှင် ထိုသရက်ပင် အဖုအထစ်များသည် မြတ်စွာဘုရား၊ ဒုဋ္ဌဂါမဏိ ကျွင်နေဟန်အဖြစ် ထူးဆန်းစွာ တွေ့မြင်ရပြန်သည်။**

စေတီတော်၏ အနောက်ဘက် ပေ(၅၀)ကျော်ခန့်တွင် “ပတ္တမြား



www.burmeseclassic.com

www.burmeseclassic.com



▲ မြေသားပုံ၍ ပျောက်ကွယ်လုမတတ် ဖြစ်နေသော ဂဝံကျောက်ပျာကြီး

**ရေတွင်း**''ဟု ခေါ်သော ရေတွင်းဟောင်းရှိပါသည်။ မုတ္တမ၌ ထီးနန်းစိုးစံခဲ့သော ဝါရီရူမင်းဆက်မှ ဗညားဦးမင်း လက်ထက်တွင် အလွန်ချစ်မြတ်နိုးသော မိဖုရားကြီး ကွယ်လွန်သွားရာ ထိုမိဖုရားကြီး ဝတ်ဆင်ခဲ့သည့် ပတ္တမြားလက်စွပ်ကို ကျိုက်ကော့ရွဲ၏ ထီးတော်တွင် ချိတ်ဆွဲလှူဒါန်းစဉ် ရုတ်တရက် မိုးသက်လေပြင်း တိုက်ခတ်ရာ ထိုပတ္တမြားလက်စွပ် လွင့်စဉ်ကျသွားလေသည်။

လက်စွပ်ကျရာသို့ လိုက်ရှာကြရာ စေတီတော်၏ အနောက်ဘက်ရေတွင်းမှ ရေများသည် ပတ္တမြားရောင် နီမြန်းကာ ရေအနံ့မှာလည်း ပတ္တမြားနံ့ မွှေးပျံ့နေကြောင်း တွေ့မြင်ခံစားကြရသည်။

ပတ္တမြားကိုမူ ဆယ်ယူ၍ မရတော့ပေ။ နောက်မကြာမီ ဗညားဦးသည် မုတ္တမ မှ ပဲခူးသို့ ထီးနန်းပြောင်းရွှေ့စိုးစံလေသည်။ ထိုအချိန်မှစ၍ ''**ပတ္တမြားရေတွင်း**''ဟု လူအများ ခေါ်ခဲ့ကြသည်။

ကျိုက်ကော့ရွဲ စေတီတော်ကြီး၏ အနောက်ဘက်ရှိ **စေတီငုတ်တုတ်ကြီးကို ပြန်လည်ပြုပြင်ခြင်း မပြုလုပ်ကြသည်မှာ ထိုစေတီအောက်တွင် ဂဝံလိုဏ်ခေါင်း လမ်းရှည်ကြီးရှိကြောင်း၊** ကွမ်ရိုက်ရွာအထိ ရှည်လျားကြောင်း၊ ဥစ္စာစောင့်များ သွားလာသည့်လမ်းကြောင်း ဖြစ်၍ စေတီဘုရား မတည်ကြရန် အိပ်မက်ပေးကြောင်း...

ရသေ့တစ်ပါးက ထိုနေရာတွင် စေတီပြီးစီးအောင် တည်ထားရာ မကြာမီ ကျယ်လောင်သော အသံကြီးထွက်ပေါ်၍ စေတီပြိုကျသွားခဲ့ကြောင်း...

ထိုအချိန်မှစ၍ စေတီငုတ်တိုကို မည်သူမှ ပြန်လည် ပြုပြင်သူမရှိတော့ကြောင်း သိရှိခဲ့ရပါသည်။

ဆံတော်ရှင် ကျိုက်ကော့ရွဲ စေတီတော်ကြီး၏ **ဉာဏ်တော်မှာ (၁၀၃)တောင်ကျော် မြင့်ကြောင်း** သိရှိရပါသည်။ မွန်ပြည်နယ် ဘုရားဖူးခရီးစဉ်တွင် ပါဝင်သင့်သော ရှေးဟောင်း ဘုရားတစ်ဆူဖြစ်ကြောင်း လမ်းညွှန်ပေးလိုက်ပါသည်။

***စေတနာမှန်လျှင် ကံကောင်းမည်...***

**အောင်ဇ(*LL.B*)**



www.burmeseclassic.com

www.burmeseclassic.com

# မိုးကြိုးလွှဲဂါထာ ဆောင်ထားပါ





ဖတ်ပို့ မောင်မောင်ဝင်း

ကျွန်တော်သည် ယခင်က နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကြီးနှင့် ပါရမီမဂ္ဂဇင်းတို့တွင် စဉ်ဆက်မပြတ်ရေးသားနေသူဖြစ်ပါသည်။

ယခု အသက်ကလေး နည်းနည်းရလာတော့ (၈၃)နှစ်အရွယ် ယခင်ကလို မရေးနိုင်တော့ဘဲ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကြီးနှင့် အဆက်အသွယ် ပြတ်ခဲ့သည်မှာ ကြာပါပြီ။

ဟော… ဖြစ်ချင်တော့ ၅–၅–၂၀၁၈ နေ့ကကျွန်တော် နေထိုင်ရာ ဒဂုံမြို့သစ်မြောက်ပိုင်း၊ အိမ်လိပ်စာနှင့် အွန်လိုင်းပါဆယ်တစ်ခု လာပို့ပါသည်။

ဘယ်ကလဲလို့ကြည့်လိုက်တော့ နက္ခရောင်ခြည်တိုက်ကဆိုတာ သိရလို့ ဝမ်းသာခြင်းများနှင့်အတူ ဖွင့်ကြည့်လိုက်မိပါသည်။

၂၀၁၈ခုနှစ်၊ ဖွန်လထုတ်၊ အမှတ်(၃၈၃)၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကြီးကို တွေ့ရလို့ အံ့ဩဝမ်းသာရပါသည်။ အံ့ဩတာက နှစ်နှင့်ချီပြီး အဆက်အသွယ်ပြတ်နေတဲ့ ကျွန်တော့်ထံ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းရောက်လာလို့။

ဝမ်းသာတာက ဆရာကျော်မိုးသိန်း ငါ့ကို မမေ့သေးဘူးဆိုတဲ့ အသိကြောင့်ပါ။ ပြီးတော့ ကျွန်တော်ရေးထားတဲ့ စာမူ(မြွေအသုဘချခြင်းလား…?) ဆိုတဲ့ အကြောင်းလေး ပါလာလို့ အလွန်ဝမ်းသာမိပါသည်။

နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကြီးသည် အရင် ကျွန်တော်ရေးစဉ်ကနှင့် လုံးဝမတူတော့ဘဲ မျက်နှာဖုံး၊ အတွင်းစာသားခာတ်ပုံဘလောက်၊ စာလုံးကြည်လင်ပြတ်သားမှု အစရှိသဖြင့် အလွန်တောင့်တင်းသပ်ရပ်လှပသော မဂ္ဂဇင်းကြီးဖြစ်နေသည်ကို မြင်တွေ့ရပါသည်။

**၂၀၁၈ခုနှစ်၊ ဖွန်လထုတ်၊ အမှတ်(၃၈၃) နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကြီး၏ ဂါထာမန္တန်ရောင်ခြည်ကဏ္ဍမှ ဆရာဦးစိန်သွင်ရေးသားသော** မိုးကြိုးလွှဲဂါထာ (၈)ပုဒ်ကို ဖတ်ရှုရပါသည်။

အဆိုပါမိုးကြိုးလွှဲဂါထာများမှ **အမှတ်စဉ်(၁ နှင့် ၂)** ဂါထာနှစ်ပုဒ်ကို ကျွန်တော်သည် **၂၀၀၅ခုနှစ်ခန့်က ရရှိခဲ့ပြီး အစီအရင်ပြန်လုပ်ကာ အိမ်၏ အရှေ့, အနောက်, တောင်, မြောက် ထောင့်လေးထောင့်တွင် ကပ်ထားခဲ့၏။**

၂၀၀၈ခုနှစ်၊ မေလ(၂)ရက်နေ့တွင် မြစ်ဝကျွန်းပေါ်နှင့် မြို့တော်ရန်ကုန်အား နာဂစ်မုန်တိုင်းဆိုးကြီး ဝင်ရောက်တိုက်ခတ်သဖြင့် အိုးအိမ်တိုက်တာ အဆောက်အဦးများ အမြောက်အမြား ပျက်စီးဆုံးရှုံးခဲ့ရ၏။ လူသူအသေအပျောက် တစ်သိန်းကျော်ရှိ၏။

ကျွန်တော်နေထိုင်ရာ ဒဂုံမြို့သစ်မြောက်ပိုင်းသည်လည်း အများနည်းတူ မြို့ပျက်ကြီးပမာ ဖြစ်ခဲ့ရ၏။ ကျွန်တော်၏ဝန်းကျင်မှ အပျက်အစီးအနည်းဆုံးအိမ်ပင် အိမ်မိုးသွပ်ပြား ငါးချပ်ပါသွား၏။ အချို့အိမ်များ ပြိုလဲကျ၏။

ကျွန်တော်၏အိမ်သည် ခန်းဖွင့်(၈)ပေရှိသော သုံးပင်လေးခန်း၊ အုတ်ဖိနပ်တိုင်နှင့် သာမာန်တစ်ထပ်အိမ်လေးသာ ဖြစ်၏။

နာဂစ်အန္တရာယ်ကြောင့် သွပ်တစ်ချပ် ခါးမျိုးခြင်းမှ



www.burmeseclassic.com

www.burmeseclassic.com

လွဲ၍ ကြီးကြီးမားမား ပျက်စီးခြင်းမရှိချေ။ ပတ်ဝန်းကျင်မှ လူများလည်း လာရောက်ကြည့်ကာ အံ့သြကြ၏။

နာဂစ်မုန်တိုင်းဆိုးကြီးကို ကြံ့ကြံ့ခံ ရပ်တည်နိုင်ခဲ့ခြင်းမှာ မိုးကြိုးလွှဲဂါထာ အမှတ်(၁-၂)တို့၏ အစွမ်းသတ္တိကြောင့်ဟု အကြွင်းမဲ့ယုံကြည်ပါသည်။

ယနေ့တိုင်လည်း ထိုမိုးကြိုးလွှဲဂါထာများ ကျွန်တော်၏ အိမ်တွင် ရှိမြဲဖြစ်ပါသည်။ ထို မိုးကြိုးလွှဲဂါထာအား ဆောင်ထားပါက အခြားသော အန္တရာယ်ဆိုများပါ ကင်းဝေးသည်ဟု ဆိုပါကြောင်း။

မိုးကြိုးလွှဲဂါထာကို မိမိနှစ်သက်ရာ ငွေပြား၊ ကြေးပြား၊ စက္ကူပြားတစ်ခုခုပေါ်တွင် ဂါထာအမှတ်(၁)နှင့် (၂)ကို ရေးသွင်းပါ။

**ဂါထာမရေးသွင်းမီ ဘုရားရှင်ထံမှ ငါးပါးသီလခံယူ ဆောက်တည်။**

**ဘုရားရှင်အား သောက်တော်ရေသုံးခွက်၊ အမွှေးတိုင်၊ ပန်း ကပ်လှူပူဇော်ပါ။**

**ကပ်လှူပူဇော်ပြီးလျှင် ဂါထာရေးသွင်းထားသော အချပ်များကို လက်အုပ်ချီမည့်လက်တွင် ထည့်ကိုင်ပါ။**

လက်အုပ်ချီပြီး ဘုရားရှင်အား အာရုံပြု၍ အမှတ်(၁) ဂါထာကို (၃၇)အုပ်ရွတ်ဆို သိဒ္ဓိတင်ပါ။ ပြီးလျှင် အမှတ်(၂)ဂါထာကိုလည်း (၃၇)အုပ် ရွတ်ဆို သိဒ္ဓိတင်ပါ။

နှစ်ပုဒ်လုံး သိဒ္ဓိတင်ပြီးပါက...

'လူ့,နတ်,ဗြဟ္မာအပေါင်း အန္တရာယ်ခပ်သိမ်း ကင်းငြိမ်းကြပါစေ' ဟု မေတ္တာသုံးကြိမ်ပို့၍ အမျှဝေပါ။

ပြီးလျှင် **အိမ် ထောင့်လေးထောင့်တွင် ကပ်ထားပါ။ ပလတ်စတစ်လောင်းပြီးကပ်လျှင် နှစ်ပေါင်းများစွာ ခံပါသည်။**

ကျွန်တော်၏အိမ်တွင် ၂၀၀၅ခုနှစ်ခန့်က ကပ်ထားသော မိုးကြိုးလွှဲဂါထာများ ယနေ့တိုင် မပျက်မစီးရှိနေပါသည်။

---

ရေးသွင်းရန်ဂါထာ

---

၁။ ဇေယျော မုနိ ဗဒ္ဓရဋ္ဌ၊ ဇေယျကံ ဇေယျ မေဝစ၊
ဣမာနိ တိဏိ လေခါနိ၊ အသနိ ပရိဝဇ္ဇယိ။

၂။ ဝိဓော ဒေဝ မနုဿာနံ၊ ပိယော နာဂ သုပဏ္ဏာနံ၊
ပိယော ဗြဟ္မာဏံ မုတ္တမံ၊ ပိယိန္ဒြိယံ နမာမဟံ။



ခက်ခဲသော ပါဠိအသံထွက်

| | | |
|---|---|---|
| ၁။ **ဇေယျော** | = | ဇေယော |
| **ဗဒ္ဓရဋ္ဌ** | = | ဗတ်ဓရင်စ |
| **ဣမာနိ** | = | အိမာနိ |
| **ပရိဝဇ္ဇယိ** | = | ပရိဝစ်ဇယိ |
| ၂။ **မနုဿာနံ** | = | မနုတ်သာနံ |
| **သုပဏ္ဏာနံ** | = | သုပန်နာနံ |
| **ဗြဟ္မာဏ** | = | ဗြန်မန |
| **မုတ္တမံ** | = | မုတ်တမံ |
| **ပိယိန္ဒြိယံ** | = | ပိယိန်ဒရိယံ |

အနက်

၁။ **မုနိ၊** မြတ်စွာဘုရားသည်။ **ဗဒ္ဓရဋ္ဌ၊** ကိလေသာ အနှောင်အဖွဲ့ကိုလည်း။ **ဇေယျော၊** အောင်တော်မူ၏။ **ဇေယျကံ၊** အောင်အပ်ဖွယ်ရာ အဖြာဖြာကို။ **ဇေယျ မေဝစ၊** အောင်မြင်သည်သာလျှင်တည်း။ **ဣမာနိ တိဏိ လေခါနိ၊** ဤအရေးသုံးပါးတို့သည်။ **အသနိ၊** မိုးကြိုးစက်ကို။ **ပရိဝဇ္ဇယိ၊** ရှောင်လွှဲထပြီ။

၂။ **ဒေဝ မနုဿာနံ၊** နတ်လူတို့၏။ **ပိယော၊** ချစ်မြတ်နိုး အပ်သည်။ **နာဂသုပဏ္ဏာနံ၊** နဂါးဂဠုန်တို့၏။ **ပိယော၊** ချစ်မြတ်နိုးအပ်သည်။ **ဟောတိ၊** ဖြစ်၏။ **ဗြဟ္မာဏံ၊** မကောင်းမှုကို အပပြုပြီးသောသူကို။ **ပိယော၊** ချစ်မြတ်နိုးအပ်၏။ **ဉတ္တမံ၊** မြတ်သော။ **ပိယိန္ဒြိယံ၊** ချစ်မြတ်နိုးအပ်သော ဣန္ဒြေရှိသော မြတ်စွာဘုရားကို။ **အဟံ၊** အကျွန်ုပ်သည်။ **နမာမိ၊** ရှိခိုးပါ၏။

***[ဤဂါထာတော်များ၏ ပါဠိအနက်ကို နက္ခတ္တရောင်ခြည် မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသီဟ(သာသနဓဇ ဓမ္မာစရိယ)မှ ပြန်ဆိုပေးပါသည်။]***

**ဓာတ်ပုံ မောင်မောင်အေး**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

ဆေးစွမ်းထက်မြက်ကြောင်း အကြွားမပိုတဲ့

# သမားအိုဆေးတိုက်

မှထုတ်လုပ်သော အစာအိမ်ရောဂါသောက်ဆေး၊ ပါရမီရှင်ချောင်းဆိုးပျောက်ငုံဆေးပြား၊ ငှက်ဖျားရောဂါသောက်ဆေး၊ ယားနာရောဂါသောက်ဆေး၊ အပြေကျော်လေဆေးလျက်ဆား



မြန်မာနန်းတွင်း သမားတော်ကြီး ဦးပန္န၀၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေးခေါင်းဆောင် သရာစံ(သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်းသမားစဉ် မှုရင်းဆေးစွမ်းကောင်းတို့ကို သမားတော်ကြီး ဦးနွယ်၏မြေး၊ သမားတော် ဦးတင့်လွင်(ငြိမ်း/ဗိုလ်ကြီး)၊ ဇနီးဒေါ်ကျင်သိန်းမိသားစု (သမားအိုဆေးတိုက်) မှ အကြောင်းပြု ပေါင်းစုလျက် သမားအိုအမှတ်တံဆိပ် မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက်ရှိပါသည်။

### ဦးစိန်ကောင်း၏

**သမားအို** အမှတ်တံဆိပ် **ငှက်ဖျားရောဂါသောက်ဆေး** ၀၇၁၁ Y၀၀၉၀၇၅

ဤဆေးသည် ငှက်ဖျားနှင့် အဖျားရောဂါ အမျိုးမျိုးကို ထိရောက်စွာ သက်သာပျောက်ကင်းစေပါသည်။

ချွေးထွက်လျှင် အအေးပြန်မပတ်စေရန် အဝတ်နှင့် သုတ်ပေးရပါမည်။ မည်သည့်အဖျားမဆို ဆေးသောက်ပြီးပါက အအေးခံခြင်း၊ ပင်ပန်းစွာလှုပ်ရှားခြင်းတို့ကို ရှောင်ရှားသင့်ပါသည်။ ငှက်ဖျားနှင့် အအေးမိနာစေးခြင်းတို့ကြောင့် တစ်ကိုယ်လုံး နာကျင်ကိုက်ခဲခြင်းများအတွက် သောက်သုံးနိုင်ပါသည်။

### ဒေါ်ခင်စင်ထွေး၏

**သမားအို** အမှတ်တံဆိပ် **အစာအိမ်ရောဂါသောက်ဆေး** ၀၇၁၁ Y၀၀၉၀၇၄

လူမှာအကျင့် ဝမ်းမှာအချင့် ဆိုသလို မသင့်သော အစားအစာများကို စားခြင်း၊ အချိန်မှန်မှန် မစားသောက်ခြင်း၊ အပူ၊အစပ်၊ အချဉ်၊အငန်စသည့် အရသာများကို တာရှည်စွာ စားသောက်ခြင်း၊ ကြေညက်ခဲသော အစာများကို တာရှည်စွာစားသောက်ခြင်း၊ အလွန်အိပ်ရေးပျက်ခံသော်လည်း အစားပုံမှန် မစားခြင်း စသည့် အကြောင်းများ တာရှည်ရာမှ ပါစကဝမ်းပျက်ပြီး အစာအိမ်ရောဂါအမျိုးမျိုး ဖြစ်ပေါ်လာပါသည်။

ဤဆေးသည် အစာမကြေ၊ လေထိုးလေအောင့်၊ ရင်ပြည့်ရင်ကယ်၊ ရင်ခေါင်းနှင့် နံကြားတို့၌ ထိုးအောင့်နာကျင်ခြင်း၊ အစာအိမ် အချဉ်ပေါက်ခြင်း၊ အစာအိမ်ရောင်ခြင်း၊ နာခြင်း၊ ပျို့အန်ခြင်း စသည့် အစာအိမ် လေနာအမျိုးမျိုးတို့ကို ထိရောက်စွာ သက်သာ ပျောက်ကင်းစေပါသည်။

### ဒေါ်နှင်းနှင်းကြည်၏

**သမားအို** အမှတ်တံဆိပ် **ယားနာသောက်ဆေး** ၀၇၁၁ Y၀၀၉၀၇၂

ပိုးမွှားတိရစ္ဆာန်အချို့မှဖြစ်သော အဆိပ်သဖွယ် ယားယံမှုကြောင့်လည်းကောင်း၊ အပူ၊အစပ်၊အချို၊အဆိမ့် အရသာများ လွန်ကဲစွာ စားသောက်ပြီး ကိုယ်လက်လှုပ်ရှားမှုနည်းခြင်းကြောင့် လည်းကောင်း၊ ယခင်က ဝမ်းကိုက်၊သွေးပျက်၊ဝမ်းလျှော၊အသည်းရောင်နှင့် သည်းခြေနာအမျိုးမျိုးဖြစ်ခဲ့ဖူးရာမှ သွေး၊သည်းခြေ ဖောက်ပြန်မှုကြောင့် လည်းကောင်း၊ တစ်ကိုယ်လုံး အနှံ့အပြားမှာ ဝဲကဲ့သို့ ရေကြည်ဖုကလေးများဖြစ်ခြင်း၊ ပူစပ်ပူလောင်ယားယံပြီး အဖုအပိမ့်နှင့် အင်ပျဉ်များ ဖြစ်လာရပါသည်။ ဤဆေးသည် အထက်ပါ ယားယံခြင်း အမျိုးမျိုးတို့ကို ထိရောက်စွာ သက်သာပျောက်ကင်းစေသည့်အပြင် သွေးသား ညီညွတ်စေပါသည်။

### ဒေါ်အေးအေးမူ၏

**သမားအို** အမှတ်တံဆိပ် **ပါရမီရှင် ချောင်းဆိုးပျောက်ငုံဆေး** ၀၅၁၂ Y၀၀၉၆၉၆

ဤဆေးသည် ရာသီအကူးပြောင်း၌ ဖြစ်တတ်သော ချောင်းဆိုးခြင်း၊ ချွဲကျပ်၊ ရင်ကျပ်၊ သလိပ်ကပ်၊ လည်ချောင်းနာ၊ လည်ချောင်းယား၊ အသံဝင်၊ အသံပျက်၊ အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ လည်ချောင်းနှင့် ရင်ဘတ်အတွင်း၌ သလိပ်များ ရှုရှုတက်ဖြစ်နေခြင်း၊ တရှီးရှီးမြည်နေခြင်းများကို ဆေးတစ်ပြားဆို ဆိုသလောက် သိသာလျင်မြန်စွာ သက်သာ ပျောက်ကင်းစေပါသည်။ ပထမတစ်ကြိမ်ငုံနေစဉ်မှာပင် ချွဲသလိပ်များ ထွက်လာပြီး ရောဂါများ သက်သာလာကြောင်းကို လက်တွေ့သုံးဆောင်ခြင်းက သက်သေပြပါလိမ့်မည်။ ဤဆေးသည် အသံကို အထူးကြည်လင်စေသဖြင့် အဆိုတော်များ၊ စာပေသင်ကြားပို့ချနေသူများ၊ အသံဖြင့် အသက်မွေးဝမ်းကျောင်းနေသူများနှင့် လူတိုင်း အိမ်တိုင်း မရှိမဖြစ် ဆောင်ထားရမည့် ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

### ဦးသန်းဇော်၏

**သမားအို** အမှတ်တံဆိပ် **အပြေကျော်လေဆေးလျက်ဆား** ၀၇၁၁ Y၀၀၉၀၇၃

လူမှာအကျင့် ဝမ်းမှာအချင့်ဆိုသလို မသင့်သောအခါ မသင့်သော အစားအစာများစားမိ၍ အစာတောက်ခြင်း၊ အစာအဆိပ်သင့်ခြင်း၊ မူးဝေအော့အန်ဝမ်းကျခြင်း၊ ဝမ်းချုပ်ခြင်း၊ အထက်လှန် အောက်လျှောဖြစ်ခြင်း စသည်တို့ဖြစ်ကာ အချိန်ကြာလာသော် ဝမ်းမီးနှံ့ရာမှ ဓာတ်လေးပါးပျက်ပြီး အခြားခြားသောရောဂါများ နောက်ဆက်တွဲ ဖြစ်ပေါ်စေတတ်ပါသည်။ အထက်ပါ အစားမှား၊ အစာအဆိပ်ဖြစ်ခြင်း၊ အစာတောက်ခြင်း၊ အစာမကြေ ရင်ပြည့်ရင်ကယ် ဝမ်းရင်ထိုးအောင့်ခြင်း၊ အစာအိမ်အချဉ်ပေါက်ခြင်း၊ အစားမှား၍ သလိပ်ထခြင်း၊ အအေးမိ၍ ဖျားခြင်း၊ ရက်ခြားဖျားခြင်း၊ ချမ်းတစ်လှည့် ပူတစ်လှည့်ဖြစ်ခြင်း၊ ခြေဖဝါးလက်ဖဝါးပူခြင်း စသည့် ရောဂါများကို ထိရောက်စွာ သက်သာပျောက်ကင်းစေပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တဆ-၀၂၉၁၇) ဖုန်း-၀၉-၄၉၂၆၄၄၀၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**

**သမားအိုဆေးတိုက်**

အမှတ်(၄၇)၊ (၁၁၈)လမ်း၊ မင်္ဂလာဈေးအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၉၀၆၁၀ အမြို့မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

လူနတ်နှစ်လီ တစ်ရစ်စီ

# စေတီ ရွှေနတ်တောင်

ရွှေဇော်မြ မောင်ကြည်သိန်း



လူနတ်နှစ်လီ တစ်ရစ်စီ စေတီ ရွှေနတ်တောင်

လတပေါင်းမို့ ညာညောင်း ရွက်ကြွေ နွေမှ နွေရယ်ပါ။ ဒီစေတီ ဒီဘုရား ရောက်လေတိုင်း ငယ်ဘဝ ဘုရားဖူးခဲ့ရတာကို ပြန်ပြောင်း အောက်မေ့မိပါတယ်။

တရုတ်မှော်ရွာလေးမှ မိုင်(၃၀) ကျော် အကွာခရီး သားအဖ နှစ်ယောက် ခြေကျင်တပ်သား သဖွယ် ခရီးနှင် တွင်မြဲ။

သရက်တစ်ပင်ကျော်၊ လှေကြီးစု၊ ညောင်စာရေး၊ ဆင်သေ၊ ကန်သုံး ဆင့်၊ ရွှေနတ်တောင်။ အမေက သားအဖသုံးဖို့ ငွေ(၁၀)ကျပ်ပေး လိုက်တယ်။ နွမ်းပါးရှာတာကိုး။

ဟိုးခါက တဘောင် ပေါ်ခဲ့တယ်။ 'ထုံးခြောက်လို့ ညောင်စို၊ ကျိုးပြိုမှအေး' တဲ့။ ရွှေနတ်တောင်ဘုရားကြီး ဆိုတာ အင်မတန် တန်ခိုးကြီး ထင်ရှားတဲ့ တောထဲတောင်ထဲက ဘုရားကြီးပါ။

## ရွှေနတ်တောင်ဘုရားကြီး

## တည်နေရာ

ရွှေနတ်တောင် စေတီတော်မြတ်ကြီးသည် **ပဲခူးတိုင်းဒေသကြီး (အနောက်) ပြည်ခရိုင်၊ ရွှေတောင်မြို့နယ်၊ မယားမာန်ကျေးရွာ** အုပ်စုတွင် တည်ထား ကိုးကွယ်ထားပါသည်။

ရွှေတောင်မြို့မှ (၄)မိုင်အကွာ ကျိုးသဲ–ညောင်စာရေးသွား ကားလမ်းဆုံရှိ "**ဒေဝါဂီရိ**"တောင်ထိပ်ပေါ်၌ ရွှေရောင်တဝင်းဝင်းဖြင့် ကြည်ညိုဖွယ်ရာ တည်ထားပြီး ဉာဏ်တော် အမြင့်မှာ (၈၀)တောင် (၁)ထွာ မြင့်ပါသည်။

စေတီကြီး၏ ပတ်လည်တွင် အခြံရံ စေတီ (၈၁)ဆူ၊ ကနက္ကဒက်ထီးတိုင်



www.burmeseclassic.com

www.burmeseclassic.com

(၁၄)တိုင်၊ ရွှေပန်းခိုင်(၁၅)ခိုင်၊ ကြေးခေါင်းလောင်း(၁၉)လုံး၊ စောင်းတန်း(၄)သွယ်၊ အာရုံခံတန်ဆောင်းငယ်(၄)ခု ရှိပါသည်။

ကဥ္စနာဂီရိ ခေါ်

ရွှေတောင်မြို့သမိုင်း

မဇ္ဈိမဒေသ၌ ဦးစွာ မင်းပြုတော်မူသော ဘုရားအလောင်း မဟာသမ္မတမင်းမှ မင်းဆက်(၂၈)ဆက်မြောက် **“အစ္စိမ”**အမည်ရှိသော မင်းသည်**“မလ္လာတိုင်း”**၌ မင်းပြု၏။

ထိုမင်းသည် အပရိဟာနိယတရား(၇)ပါး၊ သင်္ဂဟတရား(၄)ပါး၊ နာယကဂုဏ်(၆)ပါးတို့နှင့် ပြည့်စုံတော်မူပါသည်။

ထိုမင်းတွင် ကိုယ်လုပ်တော်မောင်းမပေါင်း တစ်သောင်းခြောက်ထောင်နှင့် တောင်ညာစံ အဂ္ဂမဟေသီမိဖုရားကြီးရှိရာ ထိုမိဖုရားသည် အလှူ ဒါန သီလ စသောတရားတို့နှင့် ပြည့်စုံပါသည်။

**“အစ္စိမ”မင်း**နှင့် အဂ္ဂမဟေသီမိဖုရားကြီးတို့မှ **“သူရတပ”** ဟူသော သားတစ်ပါး ဖွားမြင်တော်မူသည်။

သူရတပမင်းသား အရွယ်ရောက်သော် **“တိဿကုမာရ”** မင်းသားနှင့် မင်္ဂလာဒေဝီသမီးတော်တို့ကို ဖွားမြင်တော်မူခဲ့ပြန်သည်။

သားတော်,သမီးတော် များစွာရှိသည့်အနက် သူရတပမင်းသားသည်သာ အဋ္ဌာရသ(၁၈)ရပ်ကို ကောင်းစွာ တတ်မြောက်တော်မူပါသည်။



နို့နှိတနတ်သားတည်ထားရာ ဘုရား(လေရှုပေါက်ထားရှိပုံ)

အစ္စိမမင်းကြီးသည် ရဲစွမ်းသတ္တိရှိပြီး ပညာရှိသော သားတော်ကိုသာ ထီးမွေနန်းမွေ ဆက်ခံစေဟု နှလုံးပိုက်လျက် သားတော်များကို ယှဉ်ပြိုင်ပြသစေရာ သူရတပမင်းသားသည်သာ အလွန်အကျူး တတ်မြောက်သည်ကို တွေ့၍ မင်းကြီးလည်း စိတ်နှလုံး ရွှင်လန်းချမ်းမြေ့စေပြီး...

'သားတော်သူရတပ သင်လိုသော ဆုတောင်းဆိုလော့'

.ဟု မင်းကြီးက မိန့်ဆိုရာ သားတော် သူရတပက...

'အရှင် ခမည်းတော်မင်းကြီး ပေးသောဆု ယခု မယူသေးပါ ဘုရား'

ဟု လျှောက်ထားတော်မူလာသည်။

'သို့ကာလိုဖြင့် ကောင်းပြီ သားတော်၊ သင်လိုသောခါမှ တောင်းခံလော့'

သူရတပမင်းသားလည်း ဗေဒင်



www.burmeseclassic.com

www.burmeseclassic.com

ကျမ်း တတ်ကျွမ်းသည့် ပုရောဟိတ် ပုဏ္ဏားတို့ကို ခေါ်ပြီး...

'ငါ၏ ထီးနန်းစိုက်ထူမည့်နေရာ ထာဝရ အရပ်ကို တတ်အပ်သေချာ ဖော်ကြကုန်လော့'

ဟု မိန့်တော်မူရာ ပုဏ္ဏားအကျော် တို့က တွက်ချက်ကြည့်ရာ...

'အရှင်မင်းသား အဝန်းယူဇနာ(၃၀၀)ရှိ ဤမဇ္ဈိမဒေသ၌ မင်းဖြစ်မည့် နိမိတ် လက္ခဏာ မပါတော်မူကြောင်းပါ ဘုရား'

ဟု လျှောက်တင်တော်မူပါသည်။

မဇ္ဈိမဒေသ အရှေ့မျက်နှာ သာသနာ မော်ကွန်း ပေါ်ထွန်းမည့် **သုနာပရန္တတိုင်း၊ ပစ္စန္တရစ်အရပ်** ဒေသ၌ **''ကဉ္စနာဂီရိ''** ၏ ရွှေ တောင်ကြီးကို အမှီပြု၍ ထီးနန်း စိုက်ထူ မင်းပြုလုပ်တော်မူမည် ဆိုပါက **ဇမ္ဗူဒိပ်တစ်ကျွန်းလုံး ပျံ့နှံ့ ထင်ပေါ် ကျော်ကြားတော်မူပါ မည်ဘုရား''**ဟု လျှောက်ထားခဲ့ သည်။

သူရတပမင်းသားသည် ခမည်း တော် အစ္စိမ မင်းကြီးထံမှောက် ဝင်ရောက်ပြီး **''ဖခမည်းတော် ပေးသနားမည့်ဆု ယခုပင် အလို ရှိပါသည်ဘုရား''**ဟု **ပစ္စန္တရစ်ဖြစ် သော သုနာပရန္တတိုင်းသို့ သွား ရောက်ပါမည့်အကြောင်း ခွင့် တောင်းတော်မူရာ** မင်းကြီးနှင့် မိဖုရားတို့က အကြိမ်ကြိမ်တားသော် လည်း မရသည့်အဆုံး သားတော် ဆန္ဒအတိုင်း သွားစေဟု ခွင့်ပြုတော် မူသည်။

မင်းကြီးလည်း သားတော် သူရတပမင်းသားနှင့် လိုက်ပါမည့် သူများရှိက လိုက်ပါနိုင်ကြောင်း



▲ ဒီဘုရားကြီးပေါ်က ထူးခြားတဲ့ဖားကြီး ဖား–နဂါး ၅.၇ မွော(ဂန္ထိပြုပ်)

ပြောရာ ထိုအခါ ညီတော် တိသ မင်းသား၊ ညီမတော် မင်္ဂလာဒေဝီနှင့် မှူးမတ်သေနာပတိများ၊ တိုင်းသူ ပြည်သားများ လိုက်ပါသွားကြလေ သည်။

ရွှေငွေရတနာ ဆင်မြင်းရထားတို့ ယူဆောင်ပြီး နန်းတော်မှ အရှေ့ စူးစူးသို့ ထွက်ခွာလာရာ (၃)ရက် ခရီးတွင် ရေပြင်ကျယ်ကမ်းနားသို့ ရောက်ခဲ့လေသည်။ မင်းသား၏ ဘုန်းတန်ခိုးတော်ကြောင့် သိကြား မင်း မြကျောက်ဖျာ တင်းမာ ပူပြင်း လာသောကြောင့် သိကြားမင်း ဆင်ခြင်လတ်သော် သူရတပ မင်းသား သမုဒ္ဒရာတစ်ဖက်ကမ်း ပစ္စန္တရစ်အရပ်သို့ သွားလိုကြောင်း သိရှိလေသောအခါ ဝိသကြုံနတ် သားအား ခေါ်ယူ၍ ကူညီဆောင် ရွက်ပေးရန် မိန့်တော်မူပါသည်။

ဝိသကြုံနတ်သားလည်း သင်္ဘော



www.burmeseclassic.com

www.burmeseclassic.com



မည်သည့်အေသ ဘုရားမှာမှ မရှိသည့် မြွေနဂါးကြီး

သူကြီးအသွင်ဆောင်လျက် ကြီးစွာသော သဘော်ကြီး ဖန်ဆင်းကာ သူရတပမင်းသားတို့ သွားလိုသော ပစ္စန္တရစ်ကမ်းခြေသို့ ပို့ဆောင်ပေးလေသည်။

မင်းသားလည်း မှူးမတ်တို့ကို ကဥ္စနာဂီရိအရပ် ရှာဖွေစုံစမ်းကြလော့ဟု မိန့်တော်မူရာ **ဒုဌဝတီမြစ်နှင့် ရောဝတီမြစ် နှစ်စင်းအကြား ရှာဖွေရာ မတွေ့ကြောင်း လျှောက်ထားရာ** သူရတပမင်းသားလည်း စိတ်တော် ပင်ပန်းလျက် ညည်းတွားမှိုင်တွေတော်မူရာ သိကြားမင်းလည်း **"မဟာဓမ္မိကမည်သော ကျောင်းသခ်မ်းနှင့် ဒိဗ္ဗစက္ခုရသေ့"** အသွင် ဖန်ဆင်းလျက်နေ၏။

မင်းသားလည်း ကဥ္စနာဂီရိမည်သော ရွှေတောင်ကြီးကို ရှာဖွေနေပါကြောင်း လျှောက်ထားရာ ရသေ့လည်း ကဥ္စနာဂီရိမည်သော ရွှေတောင်သည် သုနာပရန္တအရပ်ကို တောင်နှင့်မြောက် ဆယ်ဖို့ ဆယ်စုပြုလျက် တစ်စုမျှသော အရပ်၌ ရှိလေ၏။

သွားရောက်ရန် အလို့ငှာ ကရဝိက် ဖောင်တောင်ကို ဖန်ဆင်းခဲ့ပြီး နတ်ပြည်သို့ ပြန်ကြွလေ၏။

'သိကြားဝိသကြုံ၊ ပိုင်း၍အုံ၊ ရွှေရုံမြို့ကြီး တည်လတ္တံ့'

ဟူသော တဘောင်စကားအရယခု "ရွှေတောင်မြို့မ" အမည်တွင်သော ကဥ္စနာဂီရိ ရွှေတောင်အနီး မြစ်ဆိပ်ကမ်းသို့ ရောက်တော်မူသည်။

သူရတပမင်းသား တောကစား တော်မူရာ ကဥ္စနာဂီရိတောင်ကို လှမ်းမြင်တော်မူရာ ကျေးငှက်သာရကာ ခြသေ့်သစ်ကျား အပေါင်း ကဥ္စနာဂီရိတောင်ကို မစွန့်ခွာဘဲ ပျော်မွေ့စွာနေသည်ကို တွေ့ရှိသည်။

လူတို့ဆိုလျှင် ပို၍ နှစ်သက်ဖွယ်ပင်တကားဟု နှလုံးပိုက်၍ မြို့တည်ထောင်အံ့သောငှာ ပုဏ္ဏားတော်များနှင့် တိုင်ပင်လျက် နိမိတ်တဘောင်နာစေရာ...

'အာဒိမင်းကောင်း၊ ထီးဖြူဆောင်း၊ တိုင်းပေါင်းပြည်ရွာ စိုးလတ္တံ့'

ဟူသော တဘောင် ပေါ်လာခဲ့ပါသည်။ မင်းသားလည်း ကဥ္စနာဂီရိ မြို့တော်ကြီးကို တည်ထောင်တော်မူခဲ့ပါသည်။

မင်းသားလည်း နက္ခတ်သဘင် ပွဲချီဆင်ရန် ရွေးချက်စေရာ ရွက်ပောင်းကြွေပြောင်း လမ်းမ တပေါင်း ရောက်ခါမှ နက္ခတ်သဘင် ဆင်ယင် ကျင်းပမည့်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



▲ လက်ရာမြောက်လှသည့် ရှေးဓေါင်းလောင်းတော်ကြီး



ရှေးဟောင်း ကြေးခေါင်းလောင်း (၁၉)လုံးမှ နှစ်လုံးအပါဝင်

လျှောက်ထားရာ ကဥ္စနာဂီရိမြို့တော်သားအားလုံး **စည်တီးလျက် ဒေဝါဂီရိနတ်တောင်**သို့ များစွာသော ပရိသတ်တို့ ထွက်တော်မူသည်။

ဤသို့အားဖြင့် တပေါင်းလကျရောက်တိုင်း ရွှေနတ်တောင်ပွဲတော်ကို နှစ်စဉ် ကျင်းပလာခဲ့ရာ ယနေ့ထိတိုင် ဖြစ်ပါသည်။ **သူရတပမင်းကြီးလည်း နန်းစည်းစိမ်တွင် ပျော်မွေ့ခြင်း ရှိတော်မမူရာ ရသေ့ရဟန်းပြု၍ တောထွက်တော်မူလေသည်။**

## ကဥ္စနာဂီရိမြို့ ပျက်စီးခြင်း

သူရတပမင်းမှ (၃၆)ဆက်မြောက် တနလ်ာနံမင်း လက်ထက်ရောက်သောအခါ တဘောင် ပေါ်လာခဲ့ပါသည်။

'ပူးကကျားဆုံး တိုင်အလုံး နိဂုံးရုပ်ကြီးဖြစ်လတ္တံ့'

ဟူသော စကားပေါ်လာပြီး "ကဥ္စနာဂီရိ"ပြည်ကြီးလည်း ပျက်စီးသွားခဲ့ရာ ဇနပုဒ် နိဂုံးရွာကြီးမျှသာ ကျန်ရစ်လေတော့သည်။

## ဗုဒ္ဓဂေါတမမြတ်စွာဘုရား "နတ်တောင်"သို့ ကြွတော်မူခြင်း

မဟာသက္ကရာဇ် ၁၀၃ ခုနှစ်တွင် သိဒ္ဓတ္ထမင်းသား ဘုရားဖြစ်တော်မူပြီးနောက် ဒုတိယဝါကို ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ ဝါဆိုတော်မူပါသည်။

မြတ်စွာဘုရားသည် ရွှေဉာဏ်တော် ကွန်ယက်ကို ဖြန့်ကြက်တော်မူသည့်အခါ "ကဥ္စနာဂီရိ" နိဂုံးကြီးနှင့် ဒေဝါဂီရိတောင်ရှိ ဆွေတော်မျိုးတော် အပေါင်းတို့ကို မြင်တော်မူလေသည်။

ဆွေတော်မျိုးတော် အပေါင်းနှင့်တကွ လူနတ်ပြဟ္မာ သတ္တဝါအပေါင်း ချမ်းသာသုခ ရကြမည်ကိုလည်းကောင်း၊ ဗုဒ္ဓဘာသာ အဓွန့်ရှည်စွာ တည်တံ့မည်ကို လည်းကောင်း မြင်တော်မူပါသည်။

ထို့ကြောင့် မြတ်စွာဘုရားရှင်သည် နောက်လိုက်သံဃာ မပါတော်မူဘဲ တစ်ပါးတည်း **ဒေဝါဂီရိ**



www.burmeseclassic.com

www.burmeseclassic.com



▲ မင်းကြီးကို သိကြားမင်းညွှန်ပြနေပုံ



▲ ရှေးဟောင်းစည်တော်ကြီး ထားရှိရာနေရာ

**နတ်တောင်**''သို့ မဟာသက္ကရာဇ် ၁၀၄ ခုနှစ်(ဘီစီ–၅၈၇)တွင် ကြွတော်မူခဲ့ပါသည်။

ထိုအချိန်၌ မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာ ကျယ်ပြန့်စွာ မထွန်းကားသေးသည့်အပြင် နိဂုံးသူ နိဂုံးသားတို့သည် ''နတ်''ကိုးကွယ်သည့် အလေ့အထ အကျင့်စရိုက်သာ ရှိနေသဖြင့် မြတ်စွာဘုရားသည် နတ်သားအသွင် ဖန်ဆင်းတော်မူပြီး ကြွတော်မူခဲ့ပါသည်။

နတ်တောင်သို့ ရောက်သောအခါ သိကြားမင်း ဖန်ဆင်းအပ်သော ရတနာပလ္လင်ပေါ်၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူပါသည်။

ထိုနေ့ညတွင် နတ်ပြည်ခြောက်ထပ်၌ နေကြကုန်သော နတ်ဗြဟ္မာတို့ကို တရားရေအေး တိုက်ကျွေးတော်မူပြီး ခြောက်ပါးသော ရောင်ခြည်တော်တို့ ကွန့်မြူးတော်မူရာ အရပ်ရှစ်မျက်နှာတွင် ထွန်းလင်းတောက်ပပြီး ဒေဝါဂီရိ တစ်တောင်လုံး ထိန်လင်းလျက် ရှိနေပါသည်။

နောက်တစ်နေ့ နံနက်မှာ နိဂုံးသူ၊ နိဂုံးသားတို့ တောင်ထက်သို့ တက်ရောက်ကြည့်ရှုရာ ပလ္လင်ထက်၌ ဇမ္ဗူရစ်ရွှေအဆင်းကဲ့သို့ ဝါဝင်းတောက်ပြောင်လျက်ရှိသော နတ်သားအသွင်နှင့် ဘုရားရှင်ကို ဖူးမြင်ကြ၍ **''ရွှေအဆင်း တောက်ပနေသော နတ်မင်းကြီး''**ဟု ထင်မှားလျက် ရှိခိုးပူဇော် ဖူးမြော်ကြလေ၏။

ထိုအချိန်မှစ၍ **''နတ်တောင်''** ဟု ခေါ်ခြင်းမပြုတော့ဘဲ **''ရွှေနတ်တောင်''**ဟု ပြောင်းလဲခေါ်ဝေါ်ကြကုန်၏။

မြတ်စွာဘုရားသည် နတ်သားအသွင်ဖြင့် (၇)ရက်ပတ်လုံး တရားဓမ္မများ ဟောပြောဆုံးမတော်မူလေသည်။ တရားဒေသနာ ကြားနာကြရပြီး အချို့သော ပရိသတ်တို့မှာ သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသော သီလတို့၌ မြဲကြကုန်၏။

---

မြတ်စွာဘုရားရှင်

ဝေဠုဝန်ကျောင်းတော်

ပြန်ကြွတော်မူ

---

(၈)ရက် မြောက်သောနေ့တွင် အနာဂတ်ကာလကို ရွှေဉာဏ်တော် (အနာဂတံသ) ဉာဏ်တော်ဖြင့် ဆင်ခြင်တော်မူရာ ... ရွှေနတ်



www.burmeseclassic.com

www.burmeseclassic.com





▲ အေးရိပ်မှာ ရွှေသိပ်ပန်းပြေ ရွှေနတ်တောင်ဘုရားတောင်ခြေ

တောင်ထိပ်တွင် ငါဘုရား ကိုယ်စား နတ်သားအသွင်ဖြင့်“**နိမ္မိတရုပ်ပွား တော်**”ကိုထားခဲ့ပြီး ထိုနိမ္မိတရုပ်ပွား ရွှေနတ်သားကို အုတ်အင်္ဂတေတို့ ဖြင့် စေတီတော်တစ်ဆူ တည်ထားလျှင် သာသနာတော်ခေတ်မှ နှစ်ပေါင်းများစွာ ကာလပတ်လုံး ထွန်းလင်းတောက်ပမည့် အဖြစ်ကို မြင်တော်မူသည်။

မြတ်စွာဘုရားသည် နိဂုံးသူ နိဂုံးသားတို့နှင့် သတ္တဝါအားလုံး လောကီ, လောကုတ္တရာ စီးပွားချမ်းသာမင်္ဂလာ ဖြစ်စေရန် ငါဘုရား ကိုယ်စား နိမ္မိတရုပ်ပွားတော်ကို ဘုရားစေတီ ပြုလုပ်ကိုးကွယ်ကြစေရန် အမိန့်ရှိဖြင့် ရင်ငွေ့လှုံပြီး ဝေဠုဝန်ကျောင်းတော်သို့ ပြန်လည်ကြွမြန်းတော်မူပါသည်။

နိမ္မိတရုပ်ပွားနတ်သား ထားရှိရာ ဘုရားအနီး လေရှူပေါက်ထားပြီး စေတီ ခြုံငုံတည်ထားတော်မူပါသည်။ *[ပုံတွင် မြားဖြင့် ညွှန်ပြထားသည်ကို ရှုပါ။]*

---

သရေခေတ္တရာမြို့တည်

ဒွတ္တဘောင်မင်းကြီး

ရွှေနတ်တောင်စေတီ ပြုပြင်ပြီ

---

သာသနာတော်နှစ် ၁၀၁ ခုနှစ် (ဘီစီ ၅–ရာစု)တွင် ဒွတ္တဘောင်မင်းကြီး သရေခေတ္တရာပြည်ကြီးကို တည်ထောင် မင်းပြုတော်မူပါသည်။ မင်းကြီးသည် “ရွှေတောင်”မြို့သို့ ရောက်ရှိစဉ် ဆင်ခြင်မိသည်မှာ…

‘ငါသည် ဘုရားသာသနာတော်အတွင်း မင်းပြုရသော်လည်း ဘုရားရှင်၏ “အမွေတော်”ဟူ၍ တစ်စုံတစ်ရာမျှ မဖူးမြင်မတွေ့ရချေ။

ထို့ကြောင့် ဤသို့ သစ္စာပြုခဲ့သည်။ ငါသည် ဤလမြတ်တပေါင်း လပြည့်နေ့ နံနက်တွင် ဘုရားမြတ်စွာ၏ ဒါယကာပြုထိုက်ပါက ဆံတော် ဓာတ်တော် ညှပ်ရိုးတော်တို့တွင် အဆူဆူသော မွေတော် ဓာတ်တော်များ ဖူးမြင်ရပါကြောင်း’ ဟု အမိန့်ရှိပြုတော်မူ၏။

ဤသို့ အမိန့်ရှိပြုပြီး မကိုဋ်မွဲတော် ဦးသျှောင်တို့မှာ သရီရဓာတ်တော်တို့ ကြွလာသည်ကို မှူးမတ်တို့ မြင်လျှင် မင်းကြီးကို လျှောက်တင်ကြ၏။

မင်းကြီးက လက်တော်ဖြင့် စမ်းသပ်လိုက်သော် (၆)ဆူသော ဓာတ်တော် ရရှိတော်မူသဖြင့် အလွန်အကျူး ကြည်ညိုတော်မူသဖြင့် သရီရဓာတ်တော်တို့ကို ရွှေကြုတ်၌ ထည့်ထားတော်မူပါသည်။

ပိဿနိုးမိဖုရားနှင့် စန္ဒဒေဝီမိဖုရားတို့သည် နှစ်ပေါင်း(၁၄၀)ကြာမြင့်၍ ပြိုကျနေသော လူတစ်ရပ်ခန့်သာရှိသော **ရွှေနတ်တောင်စေတီတော်**ကို ဆင့်ပွား၍ ထပ်မံ တည်ထားလိုသဖြင့် မင်းကြီးထံ ဓာတ်တော် တောင်းကြကုန်၏။

မင်းကြီးလည်း ဓာတ်တော်(၂)ဆူသာ ပေးသနားတော်မူသည်။ သို့ပါ၍ မိဖုရားတို့မှ အရှင်သူမြတ်တို့ထံ ဓာတ်တော် မွေတော် တောင်းခံရာ ရဟန္တာအရှင်သူမြတ်တို့မှ လျှောက်ပတ်သော ဌာနများမှ…

- ❖ ရွှေအဆင်းရှိ ပဲနောက်ပမာဏ ဓာတ်တော်(၄၀)ဆူ၊
- ❖ ပုလဲအဆင်းရှိ ဆန်ကျိုးပမာဏ ဓာတ်တော်(၄၀)ဆူ၊
- ❖ ချရားစေ့အဆင်းရှိ မုန်ညင်းစေ့ ပမာဏရှိ ဓာတ်တော်(၁၀၀)ဆူကို ပင့်ဆောင်၍ မိဖုရားတို့ကို အပ်နှင်းခဲ့ပါသည်။

မိဖုရားနှစ်ပါးသည် ဓာတ်တော် (၁၈၂)ဆူကို ဌာပနာထည့် တည်ထားရန် အုတ်အင်္ဂတေတို့ကို ဖြိုဖျက်ရာ ဘုရားရှင်ကိုယ်စား နိမ္မိတရုပ်ပွားတော်ကို ဖူးမြင်ကြုံတွေ့ရ၍ ဝမ်းသာပီတိဖြစ်ပြီး ရွှေစေတီတစ်ထပ် ငွေစေတီတစ်ထပ် မွမ်းမံပြီး (၁၅) တောင်အမြင့်ရှိ စေတီ တည်ထား

 စာမျက်နှာ (၄၇) သို့

www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာ ဆောင်းပါး

# ကျားမှန်လျှင် အားသန်ရမည်



အမျိုးသား အားနည်းရောဂါ (ပန်းသေ၊ ပန်းညှိုး) ဖြစ်တတ်သူများမှာ...

၁။ မေထုန်မှု လွန်ကဲသူများ၊
၂။ သဘာဝမဟုတ်သော ဟတ္ထ မေထုန်ပြုသူများ၊
၃။ ကုန်ခန်းသွားသော သုက်၏ ဓာတ်နဲ့ အင်အားများကို ဆေးဝါးဓာတ်စာနဲ့ ပြန်လည် မဖြည့်ဆည်းသူများ၊
၄။ အပျော်အပါး လိုက်စားသူများ၊
၅။ သားကြောဖြတ်ထားသူများ၊
၆။ မြစ်ခြောက်နာ ရှိသူများ၊
၇။ အဆုတ်ရောဂါ ရှိသူများ၊
၈။ လေဖြတ်ဖူးသူများနဲ့ လေငန်းရောဂါရှိသူများ၊
၉။ ဆီးချို၊ သွေးချိုရောဂါ ရှိသူများ၊
၁၀။ လိပ်ခေါင်းရောဂါ ရှိသူများ၊
၁၁။ အသက်အရွယ်ကြီးရင့်သူများ ပန်းသေ၊ ပန်းညှိုး ဖြစ်တတ်ကြပါတယ်။

ပန်းသေ၊ ပန်းညှိုး ရောဂါဆိုပြီး အလွယ်တကူ ပြောဆိုနေကြပေမယ့် အမှန်တကယ်တော့ ပန်းညှိုးပြီးမှ ပန်းသေရောဂါ ဖြစ်တတ်ကြတယ်။ ပန်းညှိုးရောဂါဝေဒနာခံစားရတဲ့ လက္ခဏာများကတော့...

၁။ လိင်တံ တောင့်တင်းခိုင်မာမှု မရှိခြင်း၊
၂။ လှုပ်ရှားရုံသာ လှုပ်ရှားပြီး ပျော့နေတတ်ခြင်း၊
၃။ ခန္ဓာကိုယ်ဝနေသော်လည်း စိတ်ရောကိုယ်ပါ ရွှင်လန်းမှုမရှိခြင်း၊
၄။ မောပန်းလွယ်ခြင်း၊
၅။ အစားအသောက် ပျက်ခြင်း၊
၆။ ညဥ့်ဦးပိုင်းတွင် အိပ်ပျော်သော်လည်း တစ်ရေးနိုးလျှင် အိပ်မရတတ်ခြင်း၊
၇။ သတိမေ့လျော့တတ်ခြင်း

စတဲ့အချက်များဟာ ပန်းညှိုးရောဂါရှိသူများရဲ့ ခံစားရတဲ့ ဝေဒနာလက္ခဏာများ ဖြစ်ပါတယ်။

အဲဒီ ပန်းညှိုးခြင်းဝေဒနာရဲ့ လက္ခဏာတွေရှိလာတာကို ဆေးပညာအသိမရှိဘဲ အချိန်မီ ကုသမှုမခံခဲ့ရင် ခန္ဓာကိုယ်ရဲ့အဓိကဖြစ်တဲ့ ရသာရည်၊ အသွေး၊ အသား၊ အဆီ၊ အရိုး၊ ခြင်ဆီ၊ သုက်ဆိုတဲ့ သဍ္ဍဓာတ်(၇)ပါး အဆင့်ဆင့် ကုန်ခန်းပြီး မူလ ပန်းညှိုးရာက ပန်းသေခြင်း ဘဝမျိုးနဲ့ ရင်ဆိုင်ရတတ်ပါတယ်။

ပန်းသေရောဂါ အဆင့်ရောက်ပြီဆိုရင် ...

၁။ ဖော့တစ်လုံး တက်ခြင်း၊
၂။ ကာမရာဂစိတ် ကုန်ခန်းခြင်း၊
၃။ သုက်လွှတ်မြန်ခြင်း၊
၄။ သလုံးသားများ ခြောက်ခြင်း၊
၅။ သလိပ်အုပ်စု ခန်းခြောက်ခြင်း၊
၆။ နှုတ်ခမ်း၊ လျှာ ဖြူခြင်း၊
၇။ အားအင်ကုန်ခန်းခြင်း၊
၈။ စကား မပီသခြင်း၊
၉။ စသံ၊ နသံ မကွဲပြားခြင်း၊
၁၀။ လိင်ချောင်းသေးပြီး တိုဝင်ခြင်း၊
၁၁။ ဆီးပြတ်တောက် ပြတ်တောက်သွားခြင်း စတဲ့ လက္ခဏာများ ဖြစ်လာတတ်ပါတယ်။

ပန်းညှိုးခြင်းလက္ခဏာ (၇)ချက်နဲ့ ပန်းသေခြင်း လက္ခဏာ (၁၁)ချက်ကို တွေ့ထိခံစားနေရပြီဆိုရင် မေ့လျော့ပေါ့ဆမနေပါနဲ့၊ "ပြည်စိုး" အထူးကုတိုင်းရင်းဆေးခန်းကို အမြန်အရောက်လှမ်းခဲ့ပါ။

မြန်မာ့နန်းတွင်း အကြောပညာရှင် နေလဝိဇ္ဇာဆရာကြီး ဦးစံမြင့် (တဆ - ၁၂၇၄)နဲ့ ဆရာဦးစိုးမော် (တဆ - ၂၆၁၁)တို့က အမျိုးသား အားနည်းရောဂါ (ပန်းသေ၊ ပန်းညှိုးရောဂါ)များအပြင် အခြားရောဂါများဖြစ်တဲ့ ...

၁။ လေငန်း၊ လေဖြတ်၊
၂။ အကြောကပ်၊ အကြောညှပ်၊
၃။ လေးဖက်နာ၊
၄။ ကျီးပေါင်းရောဂါ၊
၅။ နလုံးသွေးကြော [illegible]ဦးရောဂါ၊
၆။ လိပ်ခေါင်းရောဂါ၊
၇။ သွေးချို၊ ဆီးချိုရောဂါ၊
၈။ ကျောက်ကပ်ရောဂါ၊
၉။ အစာအိမ်ရောဂါ၊
၁၀။ အာရုံကြောရောဂါများကို အကြောပညာ၊ ဆေးပညာဖြင့် နာယလေးပါးနှင့် ကိုက်ညီကာ အချိန်တိုအတွင်း သက်သာပျောက်ကင်းအောင် အောင်မြင်စွာဖြင့် ကုသပေးနေပါပြီ။

တွေ့ဆုံဆက်သွယ်နိုင်သည့် လိပ်စာ ...

မြန်မာ့နန်းတွင်း အကြောပညာရှင်
နေလဝိဇ္ဇာ ဆရာကြီး ဦးစံမြင့်နှင့်သား ဦးစိုးမော်
ပြည်စိုး အထူးကုတိုင်းရင်းဆေးခန်း
အမှတ်(၁)၊ လိပ်ကန်အနီး၊ တောက်ဘက်မှန်
ကျိုက္ကဆံ ဘုရားဝင်း၊ သယ်င်္ဃန်းမြို့နယ်၊ ရန်ကုန်မြို့။
**Ph : 09 31054631, 09 25103[illegible]871**



www.burmeseclassic.com

www.burmeseclassic.com

အင်းဝိဇ္ဇာ အောင်ဟိတ်ဆရာတော်ကြီး

# ဘဒ္ဒန္တ စန္ဒြ

နှင့် ထူးခြားအံ့ဖွယ်များ

မောင်မျိုးသန့်
(မအူပင်)

မအူပင်မြို့နယ် **"အောင်ဟိတ်" ဆရာတော်ကြီး ဘဒ္ဒန္တစန္ဒြ** အကြောင်းအား **၂၀၁၈ ခုနှစ်၊ ဧပြီလ၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၊ စာမျက်နှာ(၂၄၁)တွင်** ရေးသားခဲ့ပြီး ဖြစ်ပေသည်။

ယခုလည်း ဆရာတော်ကြီး၏ ဝိဇ္ဇာဓရပညာရပ် များစွာတွေထဲမှ လက်လှမ်းမီသရွေ့ တစ်စိတ်တစ်ဒေသအကြောင်းကို ထပ်မံ၍ ရေးသား တင်ပြခြင်းဖြစ်ပါသည်။

ဆရာတော် လောင်းလျာသည် **မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ နမ်းကံကျေးရွာတွင် ၁၂၆၃ ခုနှစ်၊ တပို့တွဲလဆန်း(၉)ရက်၊ မာဃနက္ခတ်နှင့် စန်းယှဉ်၍ ဖွားမြင်ခဲ့ပါသည်။**

နမ်းကံကျေးရွာသည် ပုဂံခေတ် အနော်ရထာမင်း လက်ထက်တွင် သာသနာပြုသော ရှင်အရဟံမထေရ်မြတ်မှ ကြွရောက် သာသနာပြုရင်း "ကျော်စွာသိမ်" နှင့် "အောင်စွာသိမ်" တို့အား နမ်းကံရွာတွင် သိမ်သမုတ်တော်မူခဲ့ပါသည်။

ထိုသိမ်တော်ကြီးများ၏ ပရိဝုဏ်၌ ရေကန်ကြီး တည်ရှိခဲ့လေသည်။ ကန်ပေါင်ပတ်လည်တွင် အုန်းသလွန်ပင် များ အစီအရီ စိုက်ပျိုးထားပါသည်။ ဝါဂွမ်းရောင်သန်းနေသော အရွက်များသည် ကန်အတွင်း ရေမျက်နှာပြင်ပေါ်သို့ လုံးဝ ကြွေကျခြင်း မရှိခဲ့သည်မှာ ယနေ့ထက်တိုင် ဖြစ်ပါသည်။

သိမ်တော်၏ ပရိဝုဏ်အတွင်း ဝင်ရောက်မိသော ကျွဲ၊ နွား၊ ဝက်၊ ကြက် စသော တိရစ္ဆာန်များမှာ သေဆုံးရမြဲ ဖြစ်လေသည်။ သိမ်တော်၏ အဝန်းအဝိုင်းတွင် ညစ်ညမ်းမှုအား မနှစ်သက်သော သဘော



သက်တော် (၇၅)နှစ်တွင် မှတ်တမ်းတင် ရိုက်ကူးထားသော အင်းဝိဇ္ဇာ အောင်ဟိတ်ဆရာတော်ကြီးပုံတော်



www.burmeseclassic.com

www.burmeseclassic.com

ဆောင်ပေသည်။

လူသူတော်အဖြစ် အဖြူဝတ်၊ အညိုဝတ် ပုဂ္ဂိုလ်အချို့တို့သည် ယင်းသိမ်တော်တွင် အဓိဋ္ဌာန် လာရောက် ဝင်သည်ရှိသော် နံနက်လင်းသည့်အချိန်၌ သိမ်နှင့်ဝေးရာ လယ်ကွင်းစပ်တွင် လဲကျမေ့မြောနေလေ့ရှိကြလေသည်။ အကျင့်စရဏ အားနည်းမှုများကြောင့် ဖြစ်တန်ရာ၏။

ရှင်အရဟံမထေရ်မြတ် သမုတ်တော်မူခဲ့သော ယင်းသိမ်တော်ကြီးများတွင် အစောင့်အရှောက်များမှာ **သန်လျက်ကိုင် ဘီလူးများဖြစ်သည်**ဟု ရွာဦးကျောင်း ဆရာတော်ကြီးမှ မိန့်ကြားခဲ့ဖူးလေသည်။

ရှေးဟောင်းသမိုင်းဝင် သိမ်တော်ကြီးများဖြစ်သော "ကျော်စွာသိမ်" နှင့် "အောင်စွာသိမ်"တော်ကြီးများအား ရွာခံဆရာတော်ကြီး ဦးသုမနမှ ဆက်လက် ထိန်းသိမ်း စောင့်ရှောက်ထားလေသည်။

ဆရာတော် လောင်းလျာသည် ငယ်စဉ်ကပင် ရွာဦးကျောင်း ဆရာတော်ထံတွင် စာပေများ သင်ကြားခဲ့လေသည်။ အသက်(၉)နှစ် အရွယ်တွင် သာမဏေဘဝဖြင့် စာပေများ ဆက်လက် သင်ယူခဲ့ပြီး အသက်(၂၀)တွင် ရဟန်းဘဝကို ခံယူခဲ့လေသည်။

စာပေပရိယတ္တိ နံ့စပ်ပြီးသည်နှင့် ဆရာတော်မှ အရှင်စန္ဒြအပါဝင် ရဟန်း(၃)ပါးအား အထက်ဂိုဏ်း ဝိဇ္ဇာဓရပညာရပ်များကို အမွေပေးခဲ့လေသည်။

## အပင်ခေါင့်
## နတ်
## ဆရာတော်
## ကြွမယ့်လမ်း
## ကို
## လိုက်မို
## ဟု . . .

တန်ဆောင်မုန်းလပြည့်နေ့ ပြိဗ္ဗာရာသီ ကြတ္တိကာနက္ခတ်နှင့် ကျီးတာရာ စန်းယှဉ်နက္ခတ်မိချိန် ည(၁၂)နာရီ (၁)မိနစ်တွင် ဆိုင်ရာပွဲများဖြင့် ဝိဇ္ဇာဓရပညာရပ်များ၏ အခြေခံမူလဖြစ်သော မော်စဉ်များ တက်၍ အထက်ဂိုဏ်းတော် ပညာရပ်များ စတင် ပေးအပ်ခဲ့ပါသည်။

ပါရမီရှိသူများပီပီ မော်စဉ်များအား သိဒ္ဓိထူးဖြင့် အောင်မြင်ခဲ့ရာ ဆရာတော်မှ အင်းပိုင်းဆိုင်ရာ ပညာများအား ဆက်လက် ပေးအပ်ခဲ့လေသည်။

(၁၅)နှစ်ခန့် ဝိဇ္ဇာဓရ ပညာစခန်းများ၊ ကျင့်စဉ်များ၊ အဓိဋ္ဌာန်စခန်းများ၊ ဓုတင်ဆောင်ခြင်းများ၊ သားသတ်လွတ်ဆွမ်း၊ သစ်သီးဆွမ်း၊ ဘတ္တပိုက်ဆွမ်း၊ ရေဆွမ်း၊ သွေးလွတ်သားလွတ်ဆွမ်း၊ မီးလွတ်ဆွမ်း အဓိဋ္ဌာန်ကျင့်စဉ်များ အားထုတ်ခဲ့လေသည်။

ထိုသို့ ကျင့်ဆောင်လာရာ ဝိဇ္ဇာကြီးများ၊ နတ်များမှ ပြောကြားသည်များကို သိရသည့် အကြားဓာတ်များဖြင့် စတင် ဓာတ်ဖွင့်ပေးခြင်း ခံခဲ့ရပါသည်။ သာမန်ပုဂ္ဂိုလ်များ မမြင်နိုင်သည်များကို မြင်တွေ့နိုင်သော အမြင်ဓာတ်၊ မနောဓာတ်၊ အလင်းဓာတ်နှင့် စေပိုင်အာဏာပိုင် ဓာတ်များအား ထူးကဲစွာ ရရှိတော်မူခဲ့လေသည်။

စာသင်ဘက်ဖြစ်သော ဆရာတော်ဦးသံဝရ ကျောင်းထိုင်ရာ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့သို့ ရောက်ရှိပြီး ထိုမှ (၃)မိုင်၊ (၂) ဖာလုံဝေးသော အောင်ဟိတ်ကျေးရွာသို့ အလည်အပတ် ရောက်ရှိတော်မူခဲ့လေသည်။

ဆရာတော်မှ အရှင်စန္ဒြအား ခေတ္တ ကျောင်းအပ်ခဲ့ပြီး ရန်ကုန်သို့ ကြွသွားလေသည်။ ရက်မှ လသို့ ကြာမြင့်လာသော်လည်း ကျောင်းထိုင်ဆရာတော် ပြန်လည် ကြွလာခြင်းမရှိ၍ ရွာလူထုမှ အရှင်စန္ဒြအား ကျောင်းထိုင် ဆရာတော်အဖြစ် ကျောင်းအပ်လေသည်။

ခေတ္တလာရောက်ခြင်းမှ ၁၂၉၈ ခုနှစ်၊ သက်တော်(၃၅)နှစ်တွင် ကျောင်းထိုင် ဆရာတော်အဖြစ် ရောက်ရှိသွားပါလေတော့သည်။

ထိုစဉ်က အောင်ဟိတ်ကျေးရွာသည် အိမ်ခြေ(၃၅)လုံးမျှသာရှိသော ရွာသိမ်ရွာငယ်လေး ဖြစ်ပါသည်။ မြေကိုက်ခံရသူများနှင့် ပယောဂဝေဒနာရှင်များအား ဆေးကုသပေးခြင်း၊ ယောနယ်သောနယ်မှ ပညာသည်များ၏ ယှဉ်ပြိုင်မှုများအား အထက်ဂိုဏ်းတော် ဝိဇ္ဇာဓရပညာများဖြင့် အောင်ပွဲအလီလီ ခံရမြဲ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပေသည်။

ထို့ကြောင့် ဆရာတော်၏ ဂုဏ်သတင်းမှာ တစ်နယ်လုံးတွင် ပျံ့နှံ့သင်းကြိုင်လျက် ရှိနေပါတော့သည်။

ဆွမ်းခံအပြန်တွင် ဘုရားအား ဆွမ်းကပ်ရန် သပိတ်တွင်းမှ ဆွမ်းများအား လက်ဖြင့် ထိမိသည်နှင့် မစင်တုံးများ၊ လောက်ကောင်များ ဖြစ်သွား၍ သပိတ်အား စွန့်ပစ်လိုက်ရလေသည်။

ဆရာတော်မှာ ရွံရှာလွန်းသဖြင့် ဆွမ်းဘုဉ်းပေးခြင်း မပြုတော့ဘဲ ဝိနည်းနှင့်အညီ သပိတ်သစ်အား ရေကျင်း၍ ဘုဉ်းပေးတော်မူလေသည်။

ဆရာတော်၏ မိန့်ကြားချက်အရ ရွာသူ(စုန်း)၏ ပညာစမ်းခြင်းဖြစ်ကြောင်း သိရှိ မှတ်သားခွင့်ရခဲ့လေသည်။ ကျောင်းတိုက်ရှိ ဦးပဥ္ဇင်းနှင့် သာမဏေများအား နေ့ညစာဝါများ သင်ကြားပို့ချမြဲ ဖြစ်ပါသည်။

ကျေးရွာအလှူပွဲများသို့ ကြွလေတိုင်း ကပ္ပိယကာရကအဖြစ် ကျွန်တော် လိုက်ပါရမြဲ။ အပြန်တွင် နေဝင်၍ မိုးချုပ်သည်က များလေသည်။ မှောင်ထဲတွင် လမ်းလျှောက်သူ ဟူ၍ ဆရာတော်နှင့် ကျွန်တော်သာလျှင် ရှိပေသည်။ သစ်ပင်ကြီးများအောက် ရောက်သည်နှင့် ဆရာတော်၏ ခြေလှမ်းများ ရပ်တန့်လိုက်လေသည်။ အပင်ပေါ်သို့ မော့ကြည့်ကာ နှုတ်မှ...

'အပင်စောင့်နတ် ဆရာတော်ကြွမယ့် လမ်းကို လိုက်ပို့'

ဟု မိန့်ကြားလေသည်။



အပင်စောင့်နတ် ရောက်ရှိလာပြီး ဆရာတော်နှင့် စကားပြောလျက် လိုက်ပါလာသည်များအား မကြာခဏ ကြုံခဲ့ရလေသည်။ ရုက္ခစိုးနတ်များ လိုက်ပါပို့ဆောင်သည်ကိုလည်း ကြုံခဲ့ရလေသည်။ **(စကားချပ် - နတ်၊ ရုက္ခစိုးများသည် မမြင်အပ်သော ပုဂ္ဂိုလ်များဖြစ်၍ ကျွန်တော့် အနေဖြင့် မြင်တွေ့နိုင်ခြင်း မရှိပါ။)**

ဘဲချောင်းကျေးရွာ ရှင်ပြုပွဲသို့ ရောက်ရှိလေသည်။ ရွာခံဆရာတော်ကြီးများနှင့် စကားလက်ဆုံကျနေရာ မှောင်သည့်အချိန်သို့ ရောက်ရှိလာသည်။ ည(၉)နာရီတွင် သာမဏေကြီးများမှ လှေဖြင့် လိုက်ပို့လေသည်။

လပြည့်ညမို့ လ၏ အလင်းရောင်အောက်တွင် အေးဆေးစွာ လှော်ခတ်လာကြသည်။ ကောင်းကင်ယံ၌ မီးလုံးများ ရွေ့လျားသွားလာနေသည်ကို တွေ့မြင်ရလေသည်။ ဆရာတော်မှ...

'လပြည့်ညမို့ စုန်းမီးတောက်စားတာ'

'တိမ်ဆိုင်တိမ်ညွန့်ကို တက်စားနေတာ'

ဟု မိန့်ကြားလေသည်။

သာမဏေများမှ...

'ဒီစုန်းမီးတွေကို အောက်ပြုတ်ကျအောင် လုပ်ပြပါဘုရား'

ဟု လျှောက်ထားလေသည်။

'ဒီစုန်းမီးတွေ အောက်ကျတာနဲ့ လှေကို အမြန်လှော်ရမယ်'

ဟု ဆရာတော်မှ မိန့်ကြားလေသည်။

လှေကို ရပ်တန့်စေကာ ဆရာတော်မှ မိမိ၏ ညာလက်ညှိုးအား ဂါထာ(၇)အုပ်စုပ်ပြီး စုန်းမီးများ ရှိရာသို့ လက်ညှိုးညွှန်လျက် ကြက်ခြေခတ်သင်္ကေတန် စက်ကြိုးများ ဖြတ်လိုက်သည်နှင့် တောက်စားနေသော စုန်းမီးများမှာ ရေထဲသို့ တဝုန်းဝုန်း ပြုတ်ကျလေသည်။ လှေကို အပြင်းလှော်၍ ကျောင်းသို့ ရောက်ရှိကြသည်။

ကျောင်းတံခါးများ လုံခြုံစွာ ပိတ်ထားရသည်။ **"စုန်းမီးများမှာ လိုက်၍ ကိုက်တတ်ကြောင်း"** ဆရာတော်မှ ပြောပြလေသည်။

မကြာမီ ကျောင်းပတ်လည်မှ လေတိုးသံကဲ့သို့ တဝီဝီ မြည်သံများ ကြားရလေသည်။ စုန်းမီးများ လိုက်လာခြင်းဖြစ်ကြောင်း ဆရာတော်မှ မိန့်ကြားပြီး...

'နင်တို့ကို သက်သက်လုပ်ခြင်း မဟုတ်၊ ငါ့ပညာ ထက်,မထက် သိလို၍ စမ်းသပ်ခြင်းသာဖြစ်တယ် လိုရာသွားကြ'

ဟု မိန့်ကြားလိုက်သည်နှင့် စုန်းမီးလုံးများ ပျောက်ကွယ်သွားပါတော့သည်။

လူသွားလမ်းနှင့် ကျောင်းဝန်း



www.burmeseclassic.com

www.burmeseclassic.com

အတွင်း မြက်နှင့် ကိုင်းပင်များ ထူထပ်နေလျှင် ဆရာတော်မှ အင်းသူကြီး ကွင်းပိုင်ကြီး ဦးစံလှဘော်အား...

'ဦးစံရေ... မြက်တွေ မြင်မကောင်းတော့ဘူး ရှင်းပေးဦး'

ဟု မိန့်ကြားမြဲ ဖြစ်လေသည်။ နောက်နေ့ နံနက်တွင် ကိုင်းခုတ်ဓားဖြင့် ခုတ်ထားသည့်အလား မြက်များ ရှင်းလင်းနေမြဲ ဖြစ်လေသည်။

၁၃၃၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့် ညဦးယံအချိန်တွင် ကျွန်တော်အပါအဝင် (၇)ဦးအား ပညာစခန်းတက်ရန် အုန်း၊ ငှက်ပျောပွဲ (၁၁)ပွဲအား ဘုရားခန်းရှေ့တွင် ကြိုတင် စီစဉ်ထားရသည်။ သောက်အင်းများအား ဆိုင်ရာပွဲများတွင် တင်ထားရလေသည်။ ဆရာတော်မှ...

'ကြတ္တိကာ နက္ခတ်နဲ့ ကျီးတာရာတို့ဆုံတဲ့ စန်းယှဉ်နက္ခတ်မိချိန်မှာ မင်းတို့ကို ပညာစခန်းရဲ့ မူလဖြစ်တဲ့ မှော်စဉ်တက်ပေးမယ်။ မှော်စဉ်အောင်ရင် ဆရာတစ်ဆူဖြစ်မယ်၊ မအောင်ရင် ကိုယ့်ရဲ့ဘဝပဋ္ဌာန်းဆက်က ပါရမီဓာတ်ခံ မရှိလို့ဘဲ'

ဟု မိန့်ကြားပါသည်။

စန်းယှဉ်နက္ခတ်မိချိန် ညဥ့်(၁၂)နာရီ (၁)မိနစ်တွင် ဆရာတော်မှ **နှစ်ကျိပ်ရှစ်ဆူ ဘုရားရှင်များအား ပင့်ဖိတ်အပ်နှံခြင်း၊ ဝိဇ္ဇာဓရပညာရပ်ဂိုဏ်းတော်၏ "အမိန့်တော်ပြန်တမ်း" အား** ရွတ်ဆိုအပ်နှံခြင်း ပြုပါတော့သည်။

ဆရာတော် စီမံထားသည့် ပွဲတင်သုံးကွက်အင်းမှ သုံးဆယ့်ခြောက်ကွက်အင်းထိ အင်းချပ်များအား နှံ့သာရည်ဖြင့် သောက်ရလေသည်။

> **ပညာတက်တဲ့**
> **အများထဲမှာ**
> **မင်းတို့**
> **နှစ်ယောက်သာ**
> **မှော်စဉ်**
> **အောင်တာဟာ**
> **ထူးခြားတဲ့**
> **ပါရမီကြောင့်**
> **ပဲ...**

ကျွန်တော်အပါအဝင် နှစ်ဦးသာလျှင် ပွဲတက်မှော်စဉ် အောင်မြင်ခဲ့လေသည်။ ကျွန်တော်တို့နှစ်ဦးအား အထက်ဂိုဏ်းတော်၏ စည်းမျဉ်းစည်းကမ်းများစအား ဆရာတော်မှ အကျယ်တဝင့် ဖတ်ကြား၍ စည်းဖျက် စည်းပေါက်ခြင်း မရှိစေရန် ဩဝါဒပေး၍ သွန်သင်ဆုံးမတော်မူပါသည်။

'ပညာတက်တဲ့ အများထဲမှာ မင်းတို့ နှစ်ယောက်သာ မှော်စဉ်အောင်တာဟာ ထူးခြားတဲ့ ပါရမီကြောင့်ပဲ၊ မပျက်အောင် စောင့်ထိန်းကြ'

ဟု မိန့်ကြားပါလေသည်။

**အင်းတိုက်၊ နတ်တိုက်၊ ရုန်းတိုက်၊ အောက်လမ်းတိုက်၊ မိစ္ဆာတိုက်၊ ဇော်ကနီ၊ ဇော်ကနက်တိုက်၊ ကဝေပျံတိုက်၊ ကဝေတိုက်၊ သင်တိုင်းစွပ်တိုက်၊ ဌာသူတိုက်၊ ဌာသားဌာသမီး တိုက်၊ အောက်ပုဏ္ဏကတိုက်၊ တိုးကြီးတိုးလေး၊ အောက်တီလူးတိုက်၊ အစိမ်းတိုက်နှင့် အစွဲများဖြစ်သော နဂါးစွဲ၊ နို့စွဲ၊ မြွေစွဲ၊ သိုက်စွဲ၊ သရဲစွဲ၊ အစိမ်းစွဲ၊ အပင်းစွဲ၊ ဘူးအလုံးအစွဲများ အား အသေးစိတ် သင်ကြားပို့ချ၍ ပညာများ ပေးအပ်ပါသည်။**

မည်သို့ ကုသရမည်များအား အသေးစိတ် သင်ကြားပို့ချလေသည်။

ဆယ့်နှစ်လရာသီ ကောင်းကင်နက္ခတ်ဖမ်းပုံများအား အသေးစိတ် သင်ကြားပေးပါသည်။

'ဒီညဟာ တန်ဆောင်မုန်းလပြည့်ည၊ ဆေးပေါင်းခတဲ့ ညလဲ ဖြစ်တယ်။ မင်းတို့ မမြင်ဘူး၊ မကြုံဘူးတဲ့ သိုက်နန်းကို ပြပေးမယ်။ သိုက်နန်းထဲက ရတနာတွေဟာ နောင်ပွင့်မယ့်ဘုရား လှူရမယ့် ပစ္စည်းတွေ စိတ်နဲ့ မပြစ်မှားရဘူး။

မင်းတို့ ဘေးဥပဒ်မဖြစ်အောင် ဆရာတော် တာဝန်ယူတယ်၊ ဂုဏ်တော်ကွန်ချာကို အပတ်တစ်ထောင်ပြည့်အောင် အဓိဋ္ဌာန်တင်ပြီး ပုတီးစိပ်ကြ၊ အခါကျချိန်ရောက်မှ ပြန်ကြွလာမယ်'

ဟု မိန့်ကြားရင်း ကျက်သရေခန်းသို့ ကြွမြန်းသွားပါလေတော့သည်။

အဓိဋ္ဌာန်ပုတီးပတ် ပြည့်သွားသည်။ ညောင်းညာမှုကြောင့် စကြံ့ထလျှောက်ရလေသည်။ ကျွန်တော်၏အတွေးထဲသို့ "ဆေးပေါင်းခသည့်ည" အကြောင်း စိတ်ကူးဝင်လာသည်။

ဝါသနာထုံမြဲဖြစ်သော ကဗျာရေးစပ်မှုအား စတင်ရေးသားခြင်း ပြုမိလေသည်။

***



www.burmeseclassic.com

www.burmeseclassic.com

<u>ဆေးပေါင်းခသည့် ဝိဇ္ဇာည</u>

❂ စိမ့်စမ်းမြိုင်ခြေ ရိုးမအတွင်းမှာဖြင့်
လောကီသားတွေ အမှန်ပင်မရောက်ပါဘု
အတွင်းဒီပါစခန်းရယ်က ဝိဇ္ဇာတို့ရဲ့အဝိဋ္ဌာန်မြေ။
❂ ဆေးပေါင်းခသည့် ညဉ့်လွှာရုံမှာ
စန်းသော်တာရှင် ဗဟိုရိုတစ်ကယ်ပင်ရောက်ပါမှ
ဂမုန်းနက်ရယ် ရှင်သူငယ်နှင့်
ဣန္ဒြာသယ မနောမဃရယ်လို့ ထွက်ပေါ့ဒီချိန်။
❂ နက္ခတ်ကယ်ကြုံ ပဋ္ဌမ်တွေစုံသည့် ဆေးတော်ပွဲမှာလ
ဓာတ်နိမိတ်ကိုဆောင် အောင်ပါစေကြောင်း
အောင်ဆုတောင်း၍ ဂိုဏ်းတော်မှော်စဉ်
ဟက်ရောက်ဝင်သည် အောင်ခြင်းမင်္ဂလာတည်စေသောင်။

ယင်းအထက်ပါ ကဗျာအား မှတ်တမ်းတင် ထားရှိခဲ့ပါသည်။

ညဉ့် (၁)နာရီ၊ (၃၀)မိနစ်တွင် ဆရာတော် ကြွလာလေသည်။ သာမဏေ၊ ဦးပဉ္ဇင်းနှင့်ကျောင်းသားများမှာ အိပ်မောကျလျက်။ ရှေ့တည့်တည့် လယ်ကွင်းဆီသို့ လျှောက်လှမ်းရင်း သတ်မှတ်နေရာတွင် ဆရာတော်မှ ရပ်တန့်လိုက်သည်။

လက်တွင်ကိုင်ထားသော **ဆေးကြိမ်လုံးဖြင့် မြေတွင် စက်ဝိုင်းသဏ္ဌာန် စည်းချလေသည်။** ၎င်း သတ်မှတ်စည်းအပြင်သို့ မထွက်ရန် မှာကြားသည်။ **(စကားချပ်။ ။ သိုက်နန်းဖော်ရာတွင် မည်သည့် အနှောက်ယှက်မျှ မပါဝင်ပါ)။**

ဂါထာမန္တန်များအား ဆရာတော် နှုတ်မှ တိုးညှင်းစွာ ရွတ်ဆိုလျက် ဆေးကြိမ်လုံးဖြင့် မြေပြင်အား သုံးချက်ရိုက်လိုက်သည်နှင့် လေကြမ်းများ တိုက်ခတ်လာခြင်း၊ မိုးခြိမ်းသံများ၊ လျှပ်ပန်းလျှပ်နွယ်များ ထူးခြားစွာ ဖြစ်ပေါ်လာသည်ကို ထိတ်လန့်တုန်လှုပ်စွာ တွေ့မြင်ရလေသည်။

မြေပြင်မှာ လှုပ်ယမ်းလာ၍ တော်လည်းသံများ ကြားနေရပါသည်။ စည်းဝိုင်းနှင့် ဝါးတစ်ပြန်ခန့် အကွာရှိ မြေပြင်မှာ အခိုးအငွေ့များ ထွက်လာပြီး မြေသားများ ကွဲအက်လာသည်ကို တွေ့မြင်ကြရပါသည်။

သိုက်နန်း၏ စုလစ်မွမ်းချွန်များအား စတင်တွေ့မြင်ရပြီး မြေပြင်ပေါ်သို့ သိုက်နန်းမှာ ဖြည်းဖြည်းချင်း ပေါ်ထွက်လာလေသည်။ ဆရာတော်မှ…

'သိုက်နန်းကို နှောင့်ယှက်ခြင်းမဟုတ်၊
မြင်ဖူးအောင် ကြည့်ခြင်းသာ ဖြစ်တယ်။
ရတနာများအားလဲ ပြစ်မှားခြင်းမပြု'
ဟု မိန့်ကြားလေသည်။

သိုက်နန်း၏ ခမ်းနားတင့်တယ်သော အရောင်အဝါတောက်ပမှုအား တွေ့မြင်ရလေသည်။ သိုက်နန်း၏ တံခါးဝ ပွင့်လာသည်နှင့် အတွင်းမှ ရတနာပစ္စည်း မြောက်များစွာအား ရွှေတောင်ကြီးအလား တွေ့မြင်ရပါသည်။



သိုက်နန်းရှင်နှင့် သားမြီးယပ်ကိုင်များ၊ အခြွေအရံများ၊ သိုက်စောင့်ဘီလူးများအား တွေ့မြင်ကြရလေသည်။ သိုက်နန်းရှင်နှင့် အားလုံးမှ လက်အုပ်ချီလျက်…

'ဆရာတော်ဘုရားအား လာရောက်
ဂါရဝပြု ဦးခိုက်ပါသည် ဘုန်းဘုရား'
ဟု လျှောက်တင်ကာ ရိုသေစွာ ဖူးမြော်ကန်တော့ကြပါသည်။

ဆရာတော်မှ ရရှိသည် အချိန်တိုအတွင်း သိုက်နန်းရှင်အား နိဗ္ဗာန်ရောက်ကြောင်း တရားဒေသနာအား ဟောကြားချီးမြှင့်၍ ကျွန်တော်တို့မှ **"မေတ္တသုတ်" သုံးကြိမ်** ရွတ်ဆို ပူဇော်ပေးမှုအား သိုက်နန်းရှင်နှင့် အပေါင်းအဖော်များမှ ဝမ်းမြောက်စွာ နာယူ၍ သာဓု အနုမောဒနာခေါ်ဆိုကြပါသည်။

သိုက်နန်းရှင်မှ…

'ဆရာတော်နှင့် ဆရာနှစ်ဦး သိုက်စွဲများ
ကုသသည့်အခါ တပည့်တော်မှ ပါဝင်
ကူညီ၍ ပါရမီဖြည့်ဆည်းခွင့်အား လျှောက်
ထားတောင်းခံပါသည် ဘုရား'
ဟု လျှောက်ထားသည်နှင့်ဆရာတော်မှ **"ကောင်းပြီ"** ဟု အသိ



www.burmeseclassic.com

www.burmeseclassic.com

အမှတ်ပြုလိုက်ပါတော့သည်။ သိုက်နန်းရှင်မှ...

'ဘုရားတပည့်တော်တို့အား ခွင့်ပြုပေးတော်မူပါဘုရား'

ဟု လျှောက်ထားပြီးသည်နှင့် သိုက်နန်းကြီးမှာ တဖြည်းဖြည်း မြေအောက်သို့ ငုပ်လျှိုးပျောက်ကွယ်သွားပါလေတော့သည်။

ဆရာတော်ကြီးသည် အချိန်သုံးပါး နက္ခတ်မိချိန်တွင် ကျောက်သင်ပုန်းပေါ်၌ ထွက်ရပ်ပေါက်အင်းအား အင်းကစားလေ့ရှိပါသည်။ ကျွန်တော်အား သင်ကြားပေးပြီးဖြစ်သော်လည်း မိန့်ကြားသည်မှာ...

'မင်း... အင်း မကစားနဲ့ဦးကွ ငယ်သေးတယ်၊ အသက်ငယ်ငယ်နဲ့ ထွက်ရပ်ပေါက်သွားလိမ့်မယ်။ သတ္တဝါတွေ ကယ်ဖို့နဲ့ သာသနာပြုဖို့ရှိသေးတယ်'

ဟု မိန့်ကြားခဲ့ဖူးလေသည်။

ကျွန်တော်နှင့်အတူ မော်စဉ်အောင်ထားသူ **မောင်စိုးလွင် (သ/မဦးစီးဌာန)မှာ** ဂိုဏ်းတော်ကြီး၏ စည်းပေါက်ထားကြောင်းကို သာသနာစောင့် နတ်မင်းကြီးများမှ ဆရာတော်အား လျှောက်ထားပါလေသည်။ ထိုအင်္ဂါသားရှိ မော်စဉ်များ ပညာရပ်များအား အပြီး ပြန်လည်သိမ်းရန် ဆက်လက်လျှောက်ထားလေသည်။

ဆရာတော် ဘုရားခန်းဝင်၍ အရပ်(၁၀)မျက်နှာ စည်းချပြီးသည်နှင့် ပေးအပ်ထားသည့် ဂိုဏ်းတော်ပညာရပ်များအား သိဒ္ဓိထူး အာဏာစက်ဖြင့် ပြန်လည် သိမ်းဆည်းလိုက်

> **သိုက်နန်းကို နှောင့်ယှက်ခြင်း မဟုတ် မြင်ဖူးအောင် ကြည့်ခြင်းသာ ဖြစ်တယ်...**

လေသည်။ **(စကားချပ်။ ။ စည်းပေါက်၍ ပညာ အသိမ်းခံရသူများသည် ရေမန်းပြုလုပ်ရာ၌ပင် အစွမ်းသိဒ္ဓိ မရှိတော့ပါ။)**

အိပ်မက်တွင် သာဝတ္ထိ စမတောင်သို့ တောလမ်းခရီးမှ ရောက်ရှိသွားခဲ့ပါသည်။ တရားအားထုတ်ရာ ခြေတံရှည် ကျောင်းလေးများ၊ တောင်ပေါ်ရှိ စေတီတော်အား ဖူးမြော်ခဲ့ရပါသည်။

ကျောင်းကြီး အပေါ်ထပ်သို့ ရောက်ရှိပြန်ရာ ခေါင်းရင်း ထိုင်ခုံကြီးပေါ်တွင် ဆရာတော်ကြီးတစ်ပါး ထိုင်လျက် ရှိနေရာ ကျွန်တော်မှ ဆရာတော်ကြီးအား ဦးချ ဝတ်ပြုသည့်ပါသည်။

ထို့နောက် အခန်းတွင်းမှ သင်္ကန်းရုံလျက် ဆရာတော်ကြီးများ စီတန်းကြွရောက်လာကာ ကြမ်းပေါ်တွင် အစဉ်အတိုင်း ထိုင်၍ သီတင်းသုံးနေကြပါသည်။

**နောက်ဆုံး ရောက်ရှိလာသော ဆရာတော်မှာ ကျွန်တော်၏ ဆရာရင်းဖြစ်သော ဆရာတော်ဦးစန္ဒ ဖြစ်သည်ကို ထူးဆန်းစွာ တွေ့မြင် ဖူးမြော်ရပါသည်။**

ခုံပေါ်၌ သီတင်းသုံးနေသော ဆရာတော်ကြီးမှ မိန့်ကြားသည်မှာ...

'မင်းရဲ့ ဆရာတော်ဟာ ထွက်မှာမို့ ထွက်ရပ်ပေါက်ပြီး ဆရာတော်တွေနဲ့ တွဲပြီး ပြတာ မကြာခင် ထွက်လမ်း ထွက်စခန်း မြန်းတော့မှာ'

ဟု မိန့်ကြားပြီးသည်နှင့် မြင်ကွင်းအားလုံး ပျောက်ကွယ်သွားပြီး အိပ်မက်မှ နိုးခဲ့ရလေသည်။

ဆရာတော်အား လျှောက်ထားရာမှ...

'မင်းကို ဝိဇ္ဇာဓိုရ်ရဲ့ ဆရာတော်ကြီးတွေက ကြိုတင်ပြီး ပြထားတာ၊ မကြာခင် ဖိလဲထွက်တော့မှာ'

ဟု မိန့်ကြားခဲ့ပါသည်။

ထွက်လမ်းသို့ မမြန်းမီ ဆရာတော်မှ ကျွန်တော့်အား ထွက်ရပ်ပေါက်ကျင့်စဉ်များ၊ သိဒ္ဓိထူးကျင့်စဉ်များ၊ အဓိဋ္ဌာန်ကျင့်စဉ်များအား အမြဲမပြတ် သင်ကြားပေးလေသည်။ ဂိုဏ်းတော်၏ စည်းကမ်းများအား နာယူကျင့်သုံးရန်၊ စည်းမပေါက်ရန် သတိပေး ဆုံးမတော်မူပါသည်။

ဆရာတော်၏ ဘယ်လက်ဖဝါးပေါ်တွင် စတုရန်းသဏ္ဌာန် မှိုင်းကိုင်စက္ကူအား တင်ထား၍ ညာလက်ဖဝါးဖြင့် ရိုက်လိုက်ပြီး ဖလားအတွင်းရှိ ရေထဲသို့ ယင်းမှိုင်းကိုင်စက္ကူအား ထည့်လိုက်ရာ စက္ကူပေါ်တွင် **[illegible] ရောင် အင်းကွက်များနှင့် မကြီး လေးလုံး၊ ကြီးလေး[illegible] အင်းဆန်**



www.burmeseclassic.com

www.burmeseclassic.com

များ အလိုလျောက် ပေါ်လာသည်အား ထူးကဲစွာ မြင်တွေ့ခွင့်ရလေသည်။

အခါသင့်သည့်အချိန် ဆရာတော်မှ ငွေပြန်စီရင်နည်းအား လုပ်ပြသည်ကို ထူးဆန်းအံ့သြစွာ တွေ့ရှိခဲ့ရပေသည်။ **(စကားချပ်။ ။ ငွေပြန်မှာ ငွေစက္ကူတစ်ရွက်အား စီမံဆောင်ရွက်ပြီးလျှင် ဈေးဆိုင်တိုင်းတွင် မည်မျှ သုံးစွဲစေကာမူ ငွေကုန်သွားခြင်းမရှိပါ။ ဆရာတော်မှ ငွေပြန်အား မလုပ်အပ်ကြောင်း၊ ငရဲကြီးကြောင်း မိန့်ကြားပါသည်။)**

ဆရာတော်မှ လောကီဝိဇ္ဇာဓိုရ်ကြီးများ၊ လောကုတ္တရာ အရိယာဝိဇ္ဇာဓိုရ်ကြီးများ၏ **မဟာဒီပါအတွင်းစခန်းကြီး (၁၈)စခန်းနှင့် စခန်းငယ်(၉)စခန်း၏ ဌာနေများသည် သာမန်ပုဂ္ဂိုလ်များ** မသိရှိနိုင်ကြောင်း မိန့်ကြားပြီး စခန်းတည်နေရာ ဌာနများအား ပြည့်စုံစွာ မိန့်ကြားခဲ့၍ မှတ်တမ်းပြုထားရှိခဲ့ပါသည်။

၁၃၄၃ ခုနှစ်၊ ကဆုန်လတွင် ဆရာတော်ကြီး နာမကျန်းဖြစ်၍ ရက်ရှည်သွားရောက် ပြုစုပေးခဲ့ရလေသည်။ ဝါဆိုလဆန်း(၉)ရက်၊ နေအိမ်ဓာတ်နန်းတွင် ည(၁၁)နာရီခန့်၌ အောင်ဟိတ်ဆရာတော်ကြီးကိုယ်တော်တိုင် ရပ်လျက် အပူဇော်ခံနေသည်ကို ထူးခြားဆန်းကြယ်စွာ တွေ့မြင်ရ၍ ဖူးမြော်ဦးခိုက်ခွင့်ရလေသည်။

မိုးသောက်သည်နှင့် အောင်ဟိတ်ဆရာတော်ကြီး ည(၁၁)နာရီခန့်က



ခန္ဓာဝန်ချ၍ ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း လာရောက် အကြောင်းကြားလေသည်။

ဆရာတော်ကြီး ခန္ဓာဝန်ချမည့်အချိန်တွင် ခန္ဓာကိုယ်မှ လင်းလက်တောက်ပသော အလင်းတန်းများအား တွေ့မြင်ရပြီး ခန္ဓာဝန်ချသည်နှင့် အလင်းတန်းများမှာ ကောင်းကင်ယံသို့ တက်ရောက် ပျောက်ကွယ်သွားပါလေတော့သည်။

ဆရာတော်ကြီးအား ရေချိုးပြီး ဆံချစဉ် ဦးခေါင်းအတွင်းမှ ပြောင်လက်သော ရွှေအပ်လေးများအထက်သို့ ပျံထွက်သွားသည်ကို ထူးဆန်းစွာ တွေ့မြင်ရခြင်း၊ လက်မောင်း သွေးပြန်ကြောမှ ဆင်းသက်လာသော ဓာတ်လုံးအား တွေ့မြင်ကြရပါသည်။ **(စကားချပ်။ ။ အရေပြားမှာ ပျော့အိပါးလွှာနေခြင်းကြောင့် ဓာတ်လုံးအား စမ်းသပ်ကိုင်တွယ်၍ ကြည့်ရှုခြင်းဖြစ်သည်။) ဓာတ်လုံးမှာ လက်မောင်းမှ လက်ဖျံသို့ ဆင်းသက်လာပြီးနောက် အလိုလို ပျောက်ကွယ်သွားပါလေတော့သည်။**

ခန္ဓာဝန်ချ၍ (၃)ရက်ခန့်ကြာ၍ အိပ်မက်တွင် ရွှေတိဂုံဘုရားရင်ပြင်တနင်္ဂနွေထောင့်တွင် **ဝိဇ္ဇာဓိုရ်ဂိုဏ်းချုပ်ဆရာတော်ကြီး ဦးခန္ဓဇောတိ၊ အင်းဝိဇ္ဇာဓိုရ် အောင်ဟိတ် ဆရာတော်ကြီး ဦးစန္ဒြနှင့်ဘွဲ့အမည်မသိ သိဒ္ဓိရှင် ဆရာတော်တို့ ရပ်လျက်** သီတင်းသုံးနေခြင်းအား ဝမ်းမြောက်ကြည်နူးစွာဖြင့် အကြိမ်ကြိမ် ဦးခိုက်၍ ကန်တော့လိုက်ရပါလေတော့သတည်း။

**[အောင်ဟိတ် ဆရာတော်ကြီး သက်တော်(၈၀)၊ ဝါတော်(၆၀) အရောက် ၁၃၄၃ ခုနှစ်၊ ဝါဆိုလဆန်း(၉)ရက်၊ သောကြာနေ့ည (၁၁)နာရီအချိန်တွင် ခန္ဓာဝန်ချ၍ အင်းဝိဇ္ဇာဓိုရ်အဖြစ် ထွက်လမ်းစခန်းသို့ မြန်းကြွတော်မူခဲ့ပါသည်။]**

[သက်တော်(၇၅)နှစ်တွင် မှတ်တမ်းတင် ရိုက်ကူးထားသော ဆရာတော်ကြီးဦးစန္ဒြ၏ ပုံတော်အား ထည့်သွင်းပေးပို့ပါသည်။]

**မောင်မျိုးသန့်(မအူ)**



www.burmeseclassic.com

www.burmeseclassic.com


ကြော်ငြာဆောင်းပါး




တိုင်းရင်းဆေးဝါးမှတ်ပုံတင် **0412 YR 004687**

လိုင်စင် ၇/၂၀၀၈၊ တဆထလ(တိုး)-၁၃၁၂

အဆီကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက (တနယ်ဇင်း) ၁၃၀/၀၁၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို **မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်၊မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အမိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အမိကကျပါတယ်။ ဝမ်းတစ်လုံးကောင်းခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတ ယ်မဟုတ်လား'

"ဟုတ်ပါ့ဗျာ. . . ဒါထက် ဂ ်ဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိပေးနေပါပြီ။

**ပင်ရင်း - မုံရွာ-ဆရာမိုး** တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း

အမှတ်-ရ/၃၅၆၊ မေဓာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၉-၅၁-၈၈၆၃

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ (၃၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၃၄၇)




www.burmeseclassic.com

www.burmeseclassic.com




▲ ကော့ပေါက်ဆရာတော်ကြီး သက်တော်(၁၀၅)နှစ်ပုံတော်　[အဆောင်မှူး ကိုးကွယ်ထားသည်]

# သက်တော်ရှည် သိဒ္ဓိရှင်ဆရာတော်ကြီးများ၏

## အစိပ္ပါယ်နက်နဲသော စကားတော်များ(၃)

### သိကြားမင်း ရှိခိုးသော ကော့ပေါက်ကျောင်းနှင့် ပြဒါးသေ ရွှေဖြစ်ခြင်း

**၁၃၆၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း(၈)ရက် ကြာသပတေးနေ့...**

'ကော့ပေါက်ဆရာတော် ဟောတာတွေ မှတ်တမ်းရေးထားကြ။ နတ်တွေ မတ်ဘတ်ရပ်နေတယ်။ သိကြားမင်း ချီးမွမ်းတယ်။

သတိထားရမှာက သိကြားမင်း ဖန်းဆင်း,ဖန်တီးလို့ ရတယ်။ လုလုပပ လာတာ မဟုတ်ဘူး။ အရုပ်ဆိုးဆိုးနဲ့ လာတယ်။

ဘုန်းကြီး ရန်ကုန်မှာ စာလိုက်နေတုန်းက ငယ်ငယ်ပဲ ရှိသေးတယ်။ အသက်(၃၀)လောက်ပဲ ရှိဦးမယ်။ စောစော ထတယ်။ အခုလဲ စောစောထတယ်။

သူလာတယ်။ သိကြားမင်း လူအိုယောင် ဆောင်





www.burmeseclassic.com

www.burmeseclassic.com

ထားတယ်။ ဘုန်းကြီး ဘိန်းမုန့်လှူတယ်။ ကျူညီသွားတယ်။

လူတွေက အဲဒီလို အို့,အိုလာရင် ရှောင်ကြတယ်။ သတိထားကြ။ ဆန်း ကြယ်တယ်။ စိတ်ကောင်းကောင်း ထား ကြ။

ဟိုးငယ်ငယ်က ကြည့်ထားတဲ့ စာတွေ။ ငယ်ငယ်က ဖတ်ထား သင်ထား တာတွေရှိလို့ သိတာ။ စာမရှိရင် ဘယ်သိ မလဲ။ သညာအမှတ်ကောင်းလို့။ အခု ဘယ်ဖတ်နိုင်မလဲ။ မျက်စိမှ မကောင်း တာ။

ဆရာတော် ဘာတရားတွေ ဟော တယ်ဆိုတာ အသိအမှတ်လုပ်ထား။ နောင်လာနောက်သားတွေ သိဖို့။ ဟန် ဆိုတာ ကိုယ့်ဖို့၊ **မာန်ဆိုတာ မကောင်း ဘူး။**

ရန်ကုန်မှာလဲ စာလိုက်တယ်။ မန္တလေးမှာလဲ စာလိုက်တယ်။ မင်းတုန်းမင်းလက်ထက်က ဗန်းမော် ဆရာတော်တို့၊ သင်္ဂဇာဆရာတော်တို့၊ မ,တစ်လုံးကြေ ခင်ကြီးဖျော်တို့ စာတွေ၊ ဘုရားဟောတဲ့ တရားစာတွေ ကျက်မှတ် ခဲ့တာ။

**ဘုန်းကြီး လေး-ငါးဝါတုန်းက စာတွေ့ တိုင်း ဖတ်တယ်။ "အလင်္ကာ စာမှာရှိ"တဲ့၊ စာမှာတင်မက ခန္ဓာကိုယ်ထဲမှာလဲ ရှိရမယ်။**



◆ ဆရာတော်ကြီး သက်တော်(၁၀၀)နှစ် ပန်းချီပုံ

ပညာနဲ့ ဥစ္စာဟာ လူကို မီတယ်။ ပညာတတ်ဖြစ်ပြီး ဆိုက်ကားနင်းနေရင် ပညာဟာ အလကား ဖြစ်သွား မယ်။

သူဌေးက ကြေးဝတ်ထားရင်လဲ အခေါက်ရွှေလို့ ထင်ကြတယ်။ ဒါကြောင့် ပညာတတ်သူဟာ ပညာကို အသုံးချတတ်ရမယ်။

မ,တစ်လုံးကြေ ခင်ကြီးဖျော်ကို ရွှေဖြစ်နည်း မသိ ဘူးလားလို့ မေးတယ်။ ခင်ကြီးဖျော် သက်န်းခြုံပြီး ခဏစဉ်းစားတယ်။

ဩော်...ဘာလို့ မရေးကြတာလဲ၊ ဘုန်းကြီးကို ငေး ကြည့်နေကြတယ်။

"စိန့်-ဆေး-ကန့်-ဝက်-ဒုတ်-ဟင်း-လက် သတ္တကုဋ္ဌုံ ဆေး ပေါင်းစုံ ဘိကျွံ အာပါတ်သင့်"တဲ့။

လုံးနဲ့တစ်လုံးပဲ ထိုးတော့ ရွှေဖြစ်တယ်။ ရဟန်းတောင် မကိုင်သင့်ဘူး။ ခြောက်မူးအရွယ် အလုံးလေး တစ်လုံး ရတယ်။ စက္ကူနဲ့ ထုပ်ထားတယ်။

ညခဏအိပ်ပြီး မနက်လင်းလာတော့ သူ့[illegible]ကို ပြောပြမိလို့ ပြစမ်းဆိုပြီး ပြလိုက်ရင် ပြာဖြစ်နေတယ်။

F.5B. September, 2018.



www.burmeseclassic.com

www.burmeseclassic.com



ကော့ပေါက်ဆရာတော်ကြီး၏ ဆံတော်များ [အဆောင်မှုထဲတွင် ကိုးကွယ်ထားသည်]

ဘုန်းကြီးငယ်ငယ်က အုန်းဆန်ကြိုးနဲ့ ဖိုဆွဲပြီး ရွှေလုပ်တယ်။ အခု မလုပ်တော့ပါဘူး။ ဟိုတုန်းက ဘုန်းကြီး ဖိုဆွဲတော့ အစား မမက်ဘူး။ ဖိုတရား ဖိုပဲ မက်တယ်။

**"ဆေးဒန်းမိုးမျှော် အာယုကပ်ကျော်ဆေး"**ကို ပျားရည်နဲ့ ဘုန်းကြီး အသက်လေးဆယ်ကျော်ကတည်းက သောက်တယ်။ အသက်လေးဆယ်မှာ အမေ နို့စို့ထားတာတွေက ကုန်ပြီလေ။

### ဆေးရာဇဝင်က

ဘုန်းတော်ကြီးတစ်ပါး အသက်(၈၀)လောက် ပက်လက်ကြီး မေ့နေတယ်။ ကိုရင်တစ်ပါး ရောက်လာတယ်။ ခါးမှာ ဆေးပုလင်း ချိတ်ထားတယ်။ ကယ်ရမယ့်အလှည့် ရှိလို့။

မေ့နေတဲ့ ဘုန်းကြီးပါးစပ်ထဲကို ပုလင်းထဲက ဆေးလောင်းထည့်ပေးလိုက်တယ်။ ပက်လက်မေ့နေတဲ့ ဘုန်းကြီး ထထိုင်ပြီး ဆွမ်းဘုဉ်းပေးမယ်။ ပြောတယ်။ ဆေးအစွမ်းပြတာ။

အံ့သြကြပြီး မေးကြတယ်။ ကိုရင် ဘယ်အချိန်က သင်္ကန်းဝတ်လဲဆိုတော့ **အင်းဝခေတ်**ကလို့ ပြောပြီး ပျောက်သွားတယ်။

ရဟန္တာဆေး၊ ဝိဇ္ဇာဆေး၊ ဘုန်းကြီးအလှူခံပြီး ဒီနေ့ထိ သောက်လာခဲ့တယ်။ အာယုကပ်ကျော်ဆိုတာ အသက်ရာကျော်တာကို ပြောတာ။ အန္တောလို့လဲ ခေါ်တယ်။ **နေ့ လနှစ်ပါး**လို့လဲ ခေါ်တယ်။ ဒီဆေးနည်းနဲ့လဲ လူတွေကို ကယ်ခဲ့တယ်။

ဖိုဆွဲတဲ့သူတွေ သေကုန်ပြီ။ **သူတို့ အသက်ရှည်ဆေးကိုမှ အရင်မလုပ်တာ။** လူဆိုတာ ကျန်းမာမှ သိကြားမင်း ချီးမွမ်းမယ်။ **အသက်ရှည်ဖို့ အရင်လုပ်။**

မော်လမြိုင်မြို့က လင်းကြည်ယောဂီမ ဦးဘပု ဘုန်းကြီးနဲ့ ဖိုဆွဲတယ်။ ဆေးဒန်းဓာတ်လုံး အသက်ရှည်ရအောင် ရွှေတစ်မတ်သား ထည့်တယ်။ ဘုန်း... သေသွားပြီ။ **ရေစိမ်သောက်ပြောတာ သွားရောင်ထား လိုက်တယ်။**

လှဒင် ဆေးဒန်း ဘုန်းကြီးကိုပေးတယ်။ ကောင်း



www.burmeseclassic.com

www.burmeseclassic.com



◆ ကောဇယိက်ဆရာတော်ကြီး၏ အံသွားတစ်ချောင်း ဆောင်ထားရန် မိသိန်း(အဆောင်မှူး)အား ပေးခဲ့သည်။
[မွှားလာ-ရှည်လာ-ပုလာသည်]

လိုက်တာ ရွှေငါးမူးသား။ သွားရောင်းတယ်။ ရွှေဆိုင်က ငွေပိုပေးလိုက်မိလို့ ရွှေဆိုင် လိုက်လာတယ်။ သူက ပြန်သွားပြီ။ ငွေ(၆၀၀)ကျပ် ပိုလာတယ်။

ဦးဘပု ရောင်းတဲ့ရွှေ ရှိသေးလားတဲ့။ ရှိတယ်ပေါ့။ ကြေးတစ်မူးနဲ့ ရွှေကောင်းတစ်မူးကို ထိုးရင် ရွှေတစ်မူး ပိုလာတယ်။ ကြေးတစ်မတ်နဲ့ ရွှေကောင်းတစ်မတ် ထိုးရင် တစ်မတ်ပိုလာတယ်။ **ဓာတ်လုံးရွှေက ရွှေရှင် နိုင်းလို့ရတယ်။**

သူတို့ရွှေတွေက အလှ။ ရွှေသေ ခိုင်းလို့မရဘူး။ ဒါကြောင့် ဗဟုသုတ အရေးကြီးတယ်။

ဓာတ်လုံးကြောင့် ချမ်းသာလာတာ။ တန်ခိုးရှိတဲ့ ပစ္စည်း တန်ဖိုးကြီးတယ်။ ဓာတ်လုံးရေသောက် အသက် ရှည်တယ်။ ဘုန်းကြီး နေ့တိုင်းသောက်တယ်။ အနှောင့် ပယောဂရှိရင် ဓာတ်လုံးရေ ဖြန်းပေး။

ဘုန်းကြီးက **ဝိဇ္ဇာလိုင်း။** အင်္ဂလိပ်ဆေးနဲ့ မတည့်ဘူး။ "**သံဝိဇ္ဇာ**"လဲဟုတ်၊ "**ပြဒါးဝိဇ္ဇာ**"လဲဟုတ်။

ရေနွေးပူပူနဲ့ ဓာတ်လုံးစိမ်လိုက်တယ်။ ဓာတ်လုံးက ရေနွေးစားသွားလို့ နည်းနည်းသေးသွားတယ်။ မျက်စဉ်း ခတ်ရင်လဲ ခတ်တယ်။ သောက်တယ်။ ဘုန်းကြီး ရွှေဓာတ်လုံးက တစ်ကျပ်နဲ့ ခြောက်မူးသား ရှိတယ်။

ကော့မုပွန်(ဖိုဆွဲသူ) အရည်ဖြစ်ပြီလား။ အရည်ဖြစ် ရင် ယူလာခဲ့။ ကြာကြာမထားနဲ့။

ဘုန်းကြီးဓာတ်လုံး ရွှေတစ်ပိဿာနဲ့ မလဲဘူး။

သံပရာခြမ်းလုံးနှစ်လုံးလောက်၊ အပြုံးလုံကို ဖိုထဲမှာ ထား၊ ဖိုကြီးထဲမှာထား'

စကားပြောရင်း တရားဟောရင်း ဖိုနှစ်ဖို အလုပ် လုပ်နေသူများကိုလဲ ညွှန်ကြားနေတယ်။ ဖိုအလုပ်ကို မမေ့။

အမြဲ ဓာတ်လုံး ကိစ္စမပြတ်သည်က ချီးမြှင့်သင့်သူ ကို ချီးမြှင့်ဖို့ ရေတွက်ကြည့်သောနေ့က အလွန် လေးဆယ်ဟု ကြားရလိုက်သည်ကို နက္ခတ္တရောင်ခြည် မဂ္ဂဇင်း စာချစ်သူများအား ဆရာတော်ကြီးရဲ့ဝိရိယကို



www.burmeseclassic.com

www.burmeseclassic.com



◆ နှစ်တစ်မတ်လုံးအတွင်းရှိ ဆေးဒန်အဝါရောင်နှင့် ချော်များ အပြင်-အတွင်း ပြည့်ဝလျှက်နေသည်

မှုဝလိုက်ပါတယ်။

ဆေးဖော်ခြင်း၊ ဆေးကုခြင်း၊ ညွှန်ပြခြင်းများကိုလဲ ဆက်လက်မျှဝေလိုက်ပါတယ်။

**၃၀-၁၂-၉၉။**

ဒီနေ့ ဘုန်းကြီး ဆေးဖော်လိုက်တယ်။

ဘုန်းကြီး တောမှာနေတုန်းက ကော့ဘိန်း ဟိုဘက်ကမ်း လေးအိမ်စုရွာက လာခေါ်တယ်။ တပေါင်း-တန်ခူး ပွဲတော်လုပ်နေချိန် ဘုန်းကြီးက ဥက္ကဋ္ဌ အကြီးဆုံး။ ကော့ဘိန်း-ကော့ပေါက်မှာ ဆေးဆရာတစ်ဦး ရှိတယ်။

လေးအိမ်စုရွာမှာ ကိုယ်ဝန်ဆောင်တစ်ဦး ခုနစ်အိမ်နားမခံသာအောင် အော်နေတယ်။ ဘုန်းကြီးကို လာခေါ်တယ်။ ဘုန်းကြီးတပည့် ကရင် အကျိုးကို ခေါ်သွားတယ်။

လေးအိမ်စုရွာရောက်တော့ အထဲမှာ အော်နေတယ်။ အရှင်ဘုရား အထဲကို ကြွပါတဲ့။ ဆေးဆရာ လုပ်ရတာ စိတ်ကုန်စရာကြီး။

မွေးတော့မယ့်ဆဲဆဲ သူ့အမေ လည်ပင်းမှာ ပေါင်နှစ်ဖက်တင်၊ သူ့အမေ ထမ်းထားတယ်။

ဘယ်မှာလဲ အနာ။ ဘယ်မှာနာလဲ။ ဆီးစပ်နားမှာ။ ကြည့်လို့လဲမဖြစ်။ အကျိုး...ဟောဒီလိုလုပ်နော်၊ စုတ်နဲ့ မထိုးနဲ့။ ဆေးကို အသာလေးတို့။ **သက်တန့်ပြည်တွေ ထွက်လာတာ နည်းတာ မဟုတ်ဘူး။**

အဲဒီညမှာပဲ သားယောက်ျားလေး မွေးတယ်။ ဘုန်းကြီးကယ်ခဲ့တာ အများကြီး။ လေးအိမ်စုရွာက လေးအိမ်တော့ မကဘူး။ ပယောဂလဲ ကုတယ်။

အင်ဖက်ကောက်သွားရင်း ချော်လဲ ညုပ်ရိုးကျိုးသွားတာလဲ။ ဘုန်းကြီးပဲ ကုရတယ်။ **ဆေးဒန်းလုံးကွဲတောင် ရောဂါပျောက်တယ်။** အနူတောင် ပျောက်တယ်။

အခုဖော်တဲ့ဆေးက **မိန်းမမီးယပ်ရောဂါ ပျောက်တယ်။ လေကောင်းတယ်။ ဝမ်းလဲ သူ့ဟာသူ သွားတယ်။ ဆီးကောင်းတယ်။**

၁။ အင်္ဂလိပ်ဆားခါး ၁၀ ကျပ်သား
၂။ ဇဝက်သာလက်ဟောင်း ၁ ကျပ်သား
၃။ ကျောက်ချဉ် ၁ ကျပ်သား
၄။ ယမ်းစိမ်း ၁ ကျပ်သား
၅။ ရေ ၂ ပုလင်း

ကော့ဘိန်း ရောက်ဖူးလား... ကော့ပေါက်ကျောင်း ရှိတယ်။ နေ့ချင်းပြန် သွားလို့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



▲ အဆောင်မှူး(ပညာရေးကောလိပ်)အား ဆရာတော်ကြီး ချီးမြှင့်ထားသော ခေါက်လုံးတစ်စုံ

ရော့… ရှောက်ယိုစားကြ။ တစ်လုတ် တစ်လုတ် ယူကြ။ ခံတွင်းရှင်းတယ်။ ဘုန်းကြီး ရှောက်သီး လက်သုပ်နဲ့ နင်းကန် စားလိုက်တယ်။ ရဟန်းဖြစ်က တည်းက ဆွမ်းတစ်နပ်တည်း ဘုဉ်းတယ်။ သက်န်း အရင်ဝတ် တယ်။ **အရိုးမကာပ်တဲ့ သတ္တဝါ နှစ်ခုကို အလိုမလိုက်ကြနဲ့။**

မောင်းထုတ်လိုက်။ မင်းနဲ့ငါနဲ့ မဆိုင်ဘူးလို့ ပြောလိုက်။ ပုတီး တောင် မစိပ်ရဘူး။ မကြာဘူး နိဗ္ဗာန်ရောက်မယ်။

ဘာလို့ ရယ်နေကြလဲ။ ဟား…ဟား…ဟား… အားပါး ပါး… ကော့ပေါက်ဆရာတော် ဟောတယ်ပြော။ ဘယ်ဘုန်းကြီး မှ မငြင်းဘူး။ ဒကာကြီးတို့ အလိုလိုက်နေလို့ နိဗ္ဗာန်နဲ့ ဝေးနေတာ။

မိဘတွေ မွေးကတည်းက သမီးရေ…သားရေ… နောင်အနာဂတ်အတွက် အမွေပေးခဲ့တာ။ ဆရာတော် သိလို့ အမွေမယူဘူး။ စောစောထွက်ခဲ့တာ။

ဘုန်းကြီး ကျန်းမာအောင် ရေချိုးရဦးမယ်။ **"ကရင် သားမွေး ခေါင်းမဆေး။ အိုးစည်တီး ပြီးအောင် လျှော်"။** မနက်ဖြန်မှတီး။ မနက်ဖြန်မှ ခေါင်းရိတ်မယ်။ ဘုန်းကြီးတောင် ရှောင်တယ်။ မှတ်ထားကြ။ မှားတတ် တယ်။ ဖျားမယ်။ နှာစေးမယ်။ နှာမွန်မယ်။ ခေါင်းခဲ ခေါင်းကိုက်မယ်။ မူးမယ်။

"အသွားမတော် တစ်လှမ်း၊ အစားမတော် တစ်လုတ်" ဘယ်သူရေးလို့ မပြီးလဲ… မပြီးရင် ထပ်မေး။ ကျိုးကန်း တွေ ဆာနေပြီ။ ကျီးကန်းတွေ စောင့်နေတယ်။ အစာကျွေးလိုက်ဦး။ **ငွေဝင်တယ်။**

"အရှေ့ချောင်းနား၊ နောက်ကအိုင်သာ၊ မြောက်မှာ လမ်းစ၊ တောင်မှာပတ်၊ မှတ်ကြ နတ်နေရာ"

စိတ်ချမ်းသာအောင် ဒီနေ့ ရွှေခေါက်လုံးနဲ့ သိဒ္ဓိတင် ပေးမယ်။ လှေကားနှစ်ခုက လူတွေ အရင်လာကြ။ ဒါမှ လမ်းပွင့်မယ်။

## သိကြားမင်း ရှိခိုးရတဲ့ ကော့ပေါက်ကျောင်း

၁၃၆၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့ ဒီနေ့ဟာ နတ်မင်းကြီးလေးပါး လူ့ပြည်ဆင်း စာရင်းကောက်တဲ့ နေ့။ ဒီနေ့ ဆရာတော်ဟောမှာက သိကြားမင်း ချီးမွမ်း တဲ့အကြောင်း။

လူ့ဘဝတုန်းက မိဘကို လုပ်ကျွေးခဲ့သူ မောင်မာဃ၊ ရှိသမျှ မျိုးဆွေကြီးကဲများကို လေးစားခဲ့သူ မောင်မာဃ။ ဆိုစကား သိမ်သိမ်မွေ့မွေ့နဲ့ ကုန်းချောမလေ့ကို စွန့်ပယ်သူ။ ပေးလှူသော လက်အစုံနဲ့ ဝန်တိုခြင်း ကင်းကာ မုသားလဲ ကင်းကွာလျက်။ အမျက်လဲ မထွက်ပါ။

ဤခုနစ်ဖြာက လူ့ဘဝ ကွယ်ပျောက် သိကြားမင်း ဘဝ ရောက်ရတယ်။ **မာဃ၊ သ[illegible]၊ ပရိန္ဒ၊ သဟာသက၊ သုဓမ္မတိ၊ ဒေဝါနန္ဒ** သိကြားမင်း



www.burmeseclassic.com

www.burmeseclassic.com

နှစ်ပါး အမည်ရင်းနဲ့ နတ်တို့သနင်း သိကြားမင်းက ကျောင်းဘုန်းတော်ကြီး ဘာကြောင့်ရှိခိုးလဲ...

မာတလိ နတ်သားက ဘဝင်မကျ ဖြစ်နေတယ်။

"အရှင်သိကြားမင်း...ဖန်ဆင်းနိုင်တဲ့ တန်ခိုးတွေ ရှိနေပါလျက် နတ်အပေါင်းတို့ရဲ့ ရှိခိုးခံရပါလျက် အရှင်သိကြားမင်း ဘယ်သူ့ကို ရှိခိုးပါလဲ"

နတ်မြင်းတစ်ထောင် က,တဲ့ ရထားပေါ် မတက်ခင် ရထားဘေးမှာ ခြေစုံရပ်ပြီး အောက်အရပ်ကို ဦးညွှတ်ရှိခိုးမြဲဖြစ်တဲ့ သိကြားမင်းက...

မာတလိ... မင်း...ပုဏ္ဏား... နတ်မင်း,နတ်သားတို့ငါ သိကြားမင်းကို ရှိခိုးကြတယ်။

ငါက သီလနဲ့ ပြည့်စုံတဲ့ မြတ်တဲ့အကျင့် ရှိကုန်တဲ့ ရဟန်းတို့ကို ကောင်းစွာရှိခိုးတယ်။ မာတလိ လူတို့ဟာ အိမ်မှာနေပြီး ကောင်းမှုကို ပြုကြကုန်တယ်။ သီလကို စောင့်ထိန်းကြတယ်။ ရတနာသုံးပါးကို ဆည်းကပ်ကြတယ်။

တရားနဲ့အညီ မိသားစု သားသမီး မယားတို့ကို ကျွေးမွေးကြတယ်။ ထိုသူတို့ကို ငါ သိကြားမင်း ကောင်းစွာရှိခိုးတယ်။

မာတလိ ထိုသူတို့ဟာ မိဘကို လုပ်ကျွေးကြတယ်။ ဆွေတော်ထိုက်သူ သက်ကြီးရွယ်အိုတို့ကို ရိုသေကိုင်းရှိုင်းတယ်။ မုန်းအောင် ကုန်းတိုက်ခြင်း မရှိ။ မနာလိုဝန်တိုခြင်းလဲ မရှိ။

မှန်တဲ့စကားကို ဆိုတယ်။ အမျက်ထွက်ခြင်းလဲ မရှိ။ လင့်ဝတ်,မယားဝတ်နဲ့အညီ ကျင့်ကြတယ်။ ထိုသူတွေကို ငါသိကြားမင်း ကောင်းစွာရှိခိုးတယ်။

မာတလိ မင်းကြည့်စမ်း...သိကြားမင်း လက်ညှိုးထိုးချလိုက်တယ်။ ပညာရေးကောလိပ်ကျောင်းနားက ဘုန်းတော်ပေါက်ကျောင်းမှာ ဆရာတော်နဲ့ ဒါယကာတွေ တရားနာနေကြတယ်။ အလှူဒါနတွေ လုပ်နေကြတယ်။

ဒီပုဂ္ဂိုလ်တွေကို ငါ သိကြားမင်း ကောင်းစွာ ရှိခိုးတယ်။ သိကြားမင်း ချီးမွမ်းတယ်။ မာတလိလဲ အားကျပြီး ရှိခိုးတယ်။ တို့ ဒါယကာ,ဒါယိကာမတွေ ဝမ်းသာကြ။



◆ မိသိန်းအိမ်မှာ ဆရာတော်ကြီးဓာတ်ပုံတော်နှင့် ဆရာတော်ကြီးရှိစဉ်က အမြဲ သာသနာ့ပွဲပြင်ပေးရသူဖြစ်၍ ယနေ့တိုင် သာသနာ့ပွဲ မပြတ်ပြင်ပေးထားပုံ

ဒီနေ့က **လပြည့်နေ့...သောကြာနေ့**။

သိကြားမင်းရဲ့ စေခိုင်းမှုကြောင့် စတုမဟာရာဇ်နတ်မင်းကြီးလေးပါးကိုယ်တိုင် လူ့ပြည်ဆင်းပြီး လှည့်လည်စုံစမ်း စာရင်းကောက်တယ်။

လူ့ပြည်က လူသားတွေ မိဘကို ကောင်းစွာ ဝတ်ကြီးဝတ်ငယ် ပြုရဲ့လား...သမဏ ဗြဟ္မဏ ရဟန်းသံဃာတို့ကို ကောင်းစွာ ဝတ်ကြီးဝတ်ငယ်ပြုရဲ့လား...ဥပုသ်စောင့်ဖို့ အကြိုအပို့ ပြုကြရဲ့လား...ပေါ့။

**လကွယ်နေ့မှာတော့** နတ်မင်းကြီးလေးပါးရဲ့ သားတော်တွေ လူ့ပြည်ဆင်း စာရင်းယူတယ်။

**လဆန်းရှစ်ရက်၊ လဆုတ်ရှစ်ရက် နေ့တွေမှာတော့** နတ်မင်းကြီးလေးပါးရဲ့ အလုပ်အကျွေး မှူးမတ်သေနာပတိတို့ လူ့ပြည်ဆင်း စာရင်းယူတယ်။

လစဉ်ကောက်ထားတဲ့ ကောင်းမှု–မကောင်းမှု ပြုသူစာရင်းကို ပဉ္စသိခ်နတ်သားကို အပ်ရတယ်။ ပဉ္စသိခ်

နဂ္ဂဏ္ဏရောင်ခြည်မဂ္ဂဇင်း ၃၉ (စာမျက်နှာ (၅၄) သို့

www.burmeseclassic.com

www.burmeseclassic.com


လေအတွက် အနေမခက်အောင်
လူတိုင်းအတွက် ဆရာဦးခင်ဆွေ၏

# တန်ခိုးရှင်

အမှတ်တံဆိပ်

# ရှောက်ပေါင်းလေနိုင်ဆေး



လူ၏ခန္ဓာကိုယ်သည် ဓာတ်လေးပါးဖြင့် ဖွဲ့စည်းထားသည်ကို လူတိုင်းသိနားလည်သော်လည်း (ဝါယော)လေသည် အဓိကကျသည်ကိုမူ သတိမမူမိပေ။ ထိုကြောင့် လေထိုးခြင်း၊ လေအောင့်ခြင်း၊ လေချုပ်ခြင်း၊ ကျောရင် ညှပ်၍ အောင့်ခြင်း အထက်သို့ လေဆန်၍တအော့အော့နှင့် လေအန်ခြင်း၊ လေပူထခြင်း၊ ကြေညက်ခဲသောအစာနှင့် အအေးစာများစားမိ၍ အစာမကြေဖြစ်ခါ အစာမစားလိုခြင်း၊ အစာအိမ်လေနာဖြစ်ခြင်း၊ လေပွခြင်း၊ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်း၊ လေချုပ်၍ ဝမ်း နေ့စဉ် ပုံမှန်မသွားသောကြောင့် ဝမ်းချုပ်ခြင်း၊ စမြင်းခံခြင်း ဝမ်းသွားအားမရ၍ ညှစ်၍သွားရခြင်း၊ ဆီးချုပ်ခြင်း၊ ဆီးနည်းခြင်း၊ ဆီးကျန်ခြင်းများ၊ ဓမ္မတာသွေးချုပ်ခြင်း၊ သွေးကျန်ခြင်းများ၊ လေသည်အထက်သို့သာတက်၍အောက်သို့မသက်ခြင်းကြောင့် အကြောတက်၊ အကြောတင်းခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းခြင်း။

ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များ ဖန်စာ၊ ချုပ်စာစားမိ၍ ကလေးလေနာခြင်း၊ လေထိုးခြင်း၊ လေဆန်နာဖြစ်ခြင်း၊ နို့အန်ခြင်းတို့သည် လေနှင့်ပတ်သက်သောကြောင့် လေသည်ပွားများနေလျှင် လည်းကောင်း၊ လေအားနည်း၍ လေချုပ်နေလျှင်လည်းကောင်း၊ အထက်ပါရောဂါများဖြစ်တတ်ပါသဖြင့် လေကို (အထူး)ဂရုစိုက်ရန် လိုအပ်ပေသည်။ သွေးအတွင်းရှိလေ၊ အသားအတွင်းရှိလေ၊ အကြောအတွင်းရှိလေ၊ အစာအိမ်အတွင်းရှိလေ အပူအပုပ်များအောက်သို့ တဖြုံးဖြုံးနှင့်သက်၍ သွေးလေ ညီညွတ်မျှတကာ နေ့စဉ် ဝမ်းမှန်ပြီး အဆီကျ၍ ကိုယ်လက်ပေါ့ပါးစေရန်အတွက် ထုတ်လုပ်ထားသောဆေး ဖြစ်ပါသည်။

TMR-013669 (0820)
ထုတ်လုပ်ခွင့်လိုင်စင်အမှတ်-၁၀/၂၀၁၆
တဆဆလတိုး (1251)

တန်ခိုးရှင် ဆေးတိုက် အမှတ်-(၁၉၂)၊ ဇရာ(ဂ)လမ်း (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၄၂၈ ၆၃၅ ၂၂၅၊ ၀၉ ၈၆၃ ၅၂၂၅၊ ၀၉ ၂၅၀ ၀၁၅ ၀၈၇။

အမြို့မြို့အနယ်နယ်ရှိ ဆေးဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com

### ထူးခြားမုဒြာ

# ဘောဆီးရန်ကာဘုရား

ကြီးမြင့်
(တလေး၀)

ကျွန်ုပ်တို့ (၇)ရက်သားသမီးများ ယုံကြည်ကိုးကွယ် ပူဇော်နေသော အံ့မြတ်စွာဘုရား၏ မုဒြာထူးခြားမှုအား သာသနာ့အကျိုး သယ်ပိုးရန် အလို့ငှာ ရေးသားတင်ပြ လိုက်ရပေသည်။

ပဲခူးမြို့၊ **အနောက်တောသာသနာ့နယ်မြေ အတွင်းရှိ အောင်ရှိပြီးရင်းရှိ ဘုရား သာသနာပြုစခန်း**သည် လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက အဘိုးကလေး၀ ဆရာတော်ကြီး၏ လမ်းညွှန် သာသနာပြုမှုဖြင့် ဆရာတော်ကြီး၏ တပည့်ရင်း အဘယောဂီမှ ဦးစီး ဦးဆောင်ပြုကာ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်နေသည်မှာ ယနေ့တိုင်အောင် ရှိနေပေသည်။

ကျွန်ုပ် ယခု ရေးသားတင်ပြမည်မှာ အောင်ရှိပြီးရင်းရှိ ဘုရားသာသနာပြုစခန်း၌ ကိန်းဝပ် သီတင်းသုံး စံပယ်နေတော်မူသော“**ဘောဆီးရန်ကာဘုရား**” အကြောင်းပင် ဖြစ်သည်။

ဤဘုရားကို အဘယောဂီမှ ယနေ့ထက်တိုင် ဆက်လက် ထိန်းသိမ်းစောင့်ရှောက် ပူဇော်ထားပေသည်။

ဤဘုရား၏ သမိုင်းကြောင်းကို မည်သူမျှ ဂဃနဏ အသေးစိတ် မသိရှိသော်ငြားလည်း ဘုရား၏ စွမ်းပကား ဆုတောင်းပြည့်မှုများကမူ အံ့သြဖွယ် ထူးခြားပြည့်စုံလှ ပေသည်။

ကျွန်ုပ်မှ အဘယောဂီအား ခွင့်ပန်၍




▲ ဘောဆီးရန်ကာဘုရား

www.burmeseclassic.com

ဤဘုရားအား ရန်ကုန်သို့ ပင့်ဆောင်ပူဇော် ဒေသစာရီ ကြွချီ အပူဇော်ခံရာတွင် ကျွန်ုပ်မိသားစု ကိုယ်တိုင်သော်လည်းကောင်း အခြားသော (၇)ရက်သားသမီးများ ဒေသစာရီ ပင့်ဆောင် ပူဇော်ကိုးကွယ်ခဲ့ကြသော အိမ်တိုင်းသည် လည်းကောင်း ထူးခြားဆုတောင်းပြည့်မှုများကို ကြုံတွေ့ ရရှိခဲ့ကြပေသည်။

ဘုရား၏ ဘွဲ့အမည်တော်ကိုက "**ဘေးဆီးရန်ကာဘုရား**"ဖြစ်သည့်အတွက် ဘေးအပေါင်း၊ ရန်အပေါင်းကို အလိုအလျောက် ကာကွယ်စောင့်ရှောက် အောင်နိုင်ပြီး ဖြစ်နေပေသည်။

ကျွန်ုပ်တို့၏ ဝေနေယျ သတ္တလောက လူ့ဘဝဇာတ်ခုံပေါ်တွင် လူမှုရေး၊ စီးပွားရေး၊ အိမ်ထောင်ရေး၊ ကျန်းမာရေး၊ ပညာရေး အစရှိသဖြင့် အမျိုးမျိုးရှိရာတွင် မြင်ရသော ဘေးရန်အတိုက်အခိုက်၊ မမြင်ရသော အတိုက်အခံဘေးရန် ဆိုသည်မှာ ဖြစ်တည်နေသည်မှာ ဓမ္မတာ သဘာဝတရားပင် ဖြစ်ပေသည်။

သို့သော်ငြားလည်း ဤဘုရားကို ယုံယုံကြည်ကြည်ဖြင့် (၅)ပါးသီလကို ခါးဝတ်ပုဆိုး မြဲသကဲ့သို့ နှလုံးသွင်းပြီး အဓိဋ္ဌာန်ပြု ဆုတောင်းကိုးကွယ်ပူဇော်ပါက ဤသို့ **မြင်ရ မမြင်ရဘေးအပေါင်း၊ ရန်အပေါင်းတို့ ကင်းဝေးအောင်မြင်ကြောင်း** ကိုယ်တွေ့ကြားရသိရသည်များနှင့် (၇)ရက်သားသမီးများ ကိုးကွယ်ပူဇော်ကြရန် ရည်စူးပြီး လမ်းညွှန် ရေးသားရခြင်းဖြစ်ပေသည်။

ဤဘုရားကို ယခုလက်ရှိ ထိန်းသိမ်းစောင့်ရှောက် ပူဇော်ကိုးကွယ်ထားသည့် အဘယောဂီ၏ သိရသမျှ ပြောပြချက်မှာမူ "ဘေးဆီးရန်ကာဘုရား"သည် လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက ထုလုပ်ပူဇော် ကိုးကွယ်ခဲ့သော **ရှေးဟောင်းသိုက်ဘုရား** တစ်ဆူဖြစ်ကြောင်း...

လွန်ခဲ့သော (၂၅)နှစ်အတွင်းက အလိုအလျောက် အနောက်တော သာသသနာ့နယ်မြေအတွင်း ပေါ်လာခဲ့ကြောင်း၊ ထူးခြားသော မုဒြာရှိမှုကြောင့် မသမာသော လူများအပါးမှ (၂)ကြိမ် အလိုအလျောက် ပျောက်ကွယ်မှုရှိခဲ့ပြီး အလိုလိုပင် တစ်ဖန် ပြန်လည် ပေါ်ထွက်လာခဲ့မှုရှိကြောင်း...



ယခုအခါတွင်မူ **အောင် ရှိပြီးရင်းရှိဘုရား** သာသနာ့စခန်း၌သာ သီတင်းသုံးကိန်းဝပ်နေကြောင်းကို ပြောပြခဲ့ပေသည်။

ဤဘုရား၏တန်ခိုးတော် စွမ်းပကားကြောင့်လည်း ဤသာသနာ့နယ်မြေသည် လွန်ခဲ့သော နှစ်(၃၀)ကနှင့် မတူ ထူးထူးခြားခြား အောင်မြင်တိုးတက်နေကြောင်းလည်း ကိုယ်တွေ့မျက်မြင် သိရှိခဲ့ရပေသည်။

တောကြီးခေါင်ခေါင် လူမရောက်သူမရောက် နယ်မြေဖြစ်ခဲ့သည့် အနောက်တောသည် ယခုဆိုလျှင် ဘုရားများစွာ သာသနာ့ပြု စခန်းများစွာဖြင့် သာသနာ့အကျိုးသယ်ပိုးနေကြသည်မှာ အားရကြည်နူးစရာ ပီတိဖြစ်မိပေသည်။

**ဘေးဆီးရန်ကာ ရှေးဟောင်းသိုက်ဘုရား၏ ထူးခြားမှုများကို တင်ပြရလျှင်...**

- ကြာပလ္လင်ပါမှ ဉာဏ်တော်အမြင့်မှာ (၇)လက်မခန့်သာရှိပြီး ထုလုပ်ပူဇော်ထားရှိမှုမှာ အချိုးအစားပြေပြစ် အနုစိတ်ကျနမှုရှိခြင်း
- မျက်နှာတော်၏ ထူးခြားမှုမှာ တစ်ခြမ်းတည်၊ တစ်ခြမ်းပြုံးတော်မူနေခြင်း၊





www.burmeseclassic.com

www.burmeseclassic.com



- လက်တော်၏ ထူးခြားမှုမှာ ဝဲဘက်လက်တော်သည် နောက်ဘက် (ကျောဘက်)၌ တည်ရှိပြီး ယာဘက်လက်တော်သည် ရှေ့ဘက် ရင်ဘတ်တော်၌ ကပ်လျက် တည်ရှိနေခြင်း၊
- မည်သည့်အရာမှ ရောစပ်ထုလုပ်ခြင်းမရှိဘဲ ဓာတ်သားဖြင့်သာ ထုလုပ်ထားရှိခြင်း၊
- ပခုံးတော်၌ ပဝါထည် ခြုံထားခြင်း

ဤအချက်အလက်များကို ကြည့်ခြင်းအားဖြင့် ကျွန်ုပ်တို့ (၇)ရက်သားသမီးများ မြင်နေကြ၊ တွေ့နေကြ၊ ပူဇော်ကိုးကွယ်နေကြသည့် ဗုဒ္ဓမြတ်စွာဘုရား၏ အသွင်သဏ္ဍာန် မုဒြာများနှင့်မတူ ကွဲပြားခြားနေသည့် ရှေ့၌ လက်တော်တစ်ဖက်၊ ကျော၌ လက်တော်တစ်ဖက်စီ ရှိနေသော မုဒြာ ထူးခြားဆန်းပြားနေသည်မှာ အမှန်ပင် ဖြစ်ပေသည်။

နိဂုံးချုပ်ရလျှင်မူ ရှေ့ဘက်မှ လာမည့်ဘေးအပေါင်းကို ယာလက်တော်ဖြင့် ဆီးတားထားပြီး၊ နောက်မှ လာမည့် ရန်အပေါင်းကို ဝဲလက်တော်ဖြင့် ကာကွယ်စောင့်ရှောက်ပေးတော်မူသော ဤဘုရားကို ကိုးကွယ်ပူဇော်ပြီး လိုရာ အဓိဋ္ဌာန်ပြု ဆုတောင်းမည်ဆိုပါက (၇)ရက်သားသမီးများအပေါင်း စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းတို့ဖြင့် ပြီးပြည့်စုံမှု ရရှိလာကြမည်ဖြစ်ပြီး လောကီ၊ လောကုတ္တရာ အကျိုးများကြမည်မှာ မလွဲဧကန်ဖြစ်သည့်အတွက် တစ်ခါတစ်ခေါက်တော့ဖြင့် သွားရောက်ဖူးမြော် အဓိဋ္ဌာန်ဆုတောင်းသင့်ပါကြောင်း သာသနာ့အကျိုး မျှော်ကိုး၍ လမ်းညွှန် ရေးသားလိုက်ရပေသတည်း။

**အပ္ပမာဒေန သမ္ပာဒေထ။**

**(မမေ့မလျော့သော သတိတရားနှင့် ကိုယ်စီကိုယ်ငှ ပြည့်စုံရစ်ကြ)**

<u>ဘေးဆီးရန်ကာ ဂါထာ</u>

မာရာရိ ဗလဝိသဿာ၊
ကုဏ္ဍာ နာနာဝိဓာဝုဓာ။
လဇ္ဇမာနညဝေသေန၊
ဇိနပါဒိ နတာ တဝ။

အနက်

**ဇိန၊** တွင်းပနစ်တန် ဘေးရန်ဟူသမျှ အောင်နိုင်ရ၍ ဇိနခေါ်တွင် အို–အရှင်မြတ်ဘုရား။ **မာရာရိ ဗလဝိဿာ၊** မာရ်နတ်တည်းဟူသော ရန်သူ၏အစွမ်းဖြင့် ပစ်လွှတ်အပ်ကုန်သော။ **နာနာဝိဓာ၊** အထူးထူးအပြားပြားများလှကုန်သော။ **အာဝုဓာ၊** အမျိုးမျိုးအစားစား များလှကုန်သော လက်နက်တို့သည်။ **လဇ္ဇမာနာ၊** လက်နက်မှန်း သိမည်ကို ရှက်ကြကုန်သောကြောင့်။ **ကုဏ္ဍာ၊** အစွန်းနှစ်ဖက် မထက်မြက်ဘဲ တုံးကြကုန်သည်ဖြစ်၍။ **အညဝေသေန၊** လက်နက်အသွင်မှတစ်ပါး ပန်းပေါက်ပေါက် အသွင်အားဖြင့်။ **တဝ၊** ရှင်တော် မြတ်ဘုရား၏။ **ပါဒါ၊** ကြာဖူးအင့် ခြေတော်အစုံတို့ကို။ **နတာ၊** ဦးခိုက်ညွတ်တွား ခစားလာကြရပါကုန်၏။ (**တေန သစ္စဝဇ္ဇေန၊** ဤသို့ မှန်ကန်စွာ ဆိုရသော သစ္စာစကားကြောင့်။ **အာဝုဓာ၊** ရန်သူတကာတို့ ပစ်လွှတ်အပ်ကုန်သော လက်နက်မျိုးစုံ အဖုံဖုံတို့သည်။ **ပရိဝဇ္ဇန္တု၊** မကျမရောက် ကင်းစင်လွင့်ပျောက်ပါစေကုန်သတည်း။)

***[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည် မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသီဟ(သာသနဓဇ ဓမ္မာစရိယ)မှ ပြန်ဆိုပေးပါသည်။]***

**နေ့စဉ် (၉)ခေါက် ရွတ်ဖတ်ပါက လိုရာ ဆုတောင်း ပြည့်လေသည်။**

**ကြီးမြင့်** *(ကလေး၀)*



www.burmeseclassic.com

www.burmeseclassic.com

# ဈေးကွက်ဝင် ဂမ္ဘီရပစ္စည်းများ

မြင့်ဇော်သိန်း (တကောင်းသား)
(ဘောဂဗေဒ၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)

နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကား သက်တမ်းကြာခဲ့ပြီ။ သို့သော် အိုမင်းသည့် လက္ခဏာကား မပြ။ ရင့်ကျက်တည်ငြိမ်ခြင်းဖြင့်သာ ပညာ၊ ဗဟုသုတများစွာကို အများပြည်သူများအတွက် လက်ဆင့်ကမ်း ဝေငှလျက် ကြည်နူးရွှင်လန်းနေ၏။

၂၀၀၂ ခုနှစ်၊ စက်တင်ဘာလထုတ်၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၌ ကျွန်ုပ်ရေးပို့ခဲ့သော ထူးဆန်းသည့် ပစ္စည်းများအကြောင်းနှင့်ပတ်သက်၍ ကျွန်ုပ်ထံသို့ ပုဂ္ဂိုလ်တစ်ဦး ရောက်ရှိလာသည်။

ထိုပုဂ္ဂိုလ်မှပင် ဂမ္ဘီရပစ္စည်းများနှင့် ပတ်သက်၍ မှတ်သားဖွယ် ဗဟုသုတရဖွယ်များကို စေ့စေ့စငစ ရှင်းပြပါသည်။

ဂမ္ဘီရပစ္စည်းများနှင့် ပတ်သက်၍ အချို့သော ပစ္စည်းလက်ဝယ်ပိုင်ဆိုင်သူတို့သည် ပစ္စည်းတန်ဖိုး မသိခြင်း၊ ပစ္စည်း၏ စွမ်းအားမသိခြင်းနှင့် ပစ္စည်းစမ်းသပ်နည်းတို့ မသိခြင်းတို့ကြောင့် ဂမ္ဘီရပစ္စည်းများ ဆုံးရှုံးခြင်းဖြစ်တတ်ရာ လွန်စွာပင် ဝမ်းနည်းစရာ ကောင်းလှပါသည်။

အချို့မှာလည်း လူလိမ်ပွဲစားများကြောင့် တစ်နည်းဆုံးရှုံးမှုများဖြစ်တတ်ရာ ကျွန်ုပ်နှင့် ဂမ္ဘီရပစ္စည်းများ ဆက်စပ်မိပါက ထိုသို့ မဖြစ်စေရန်နှင့် ပစ္စည်းရှင်အား ထိုက်တန်သော ခံစားခွင့်များရရှိစေရန် ကျွန်ုပ်အား ထိုပုဂ္ဂိုလ်မှ အသေးစိတ် ရှင်းပြပါသည်။

ထိုပုဂ္ဂိုလ် ရှင်းပြသော ဈေးကွက်ဝင် ဂမ္ဘီရပစ္စည်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

### ၁။ ဖလိတ်ယွတ်ပစ္စည်း(စီးကျပစ္စည်း)

ဖယောင်းတိုင်မီးပြလျှင် အစီးယိုတန်းကျလာပြီး



ဖယောင်းတိုင်မီး ဖယ်လျှင် ယိုကျလာသော အစီး ချက်ချင်း ပြန်တက်သော ပစ္စည်းဖြစ်သည်။

### ၂။ ပုံရှင်ပစ္စည်း

ပစ္စည်းကို ဖယောင်းဖြင့် အုံပြီး (၁၀)နာရီကြာ ဖယောင်းကို ခွာယူ၍ အရည်ကျိုကာ လင်ပန်းအတွင် လောင်းလိုက်လျှင် မူရင်းပစ္စည်းပုံ ဖြစ်ပေါ်စေသော ပစ္စည်းဖြစ်သည်။

### ၃။ မီးစွဲပစ္စည်း

ပစ္စည်းကို ဖယောင်းတိုင်မီးဖြင့် ဆွဲလျှင် အောက် (၁)ပေ၊ ဘေးဆွဲ(၆)လက်မနှင့် မသိ ာ(L) ကွေးန

www.burmeseclassic.com

www.burmeseclassic.com



သောပစ္စည်းဖြစ်သည်။

၄။ မီးမလောင်ပစ္စည်း

ဓာတ်ဆီဝအောင် ဆွတ်ထားသော ဂွမ်းပတ်နှင့် တွဲ၍ မီးရှို့လျှင် မီး လုံးဝမလောင်သော ပစ္စည်းဖြစ်သည်။

၅။ မီးပြတ်ပစ္စည်း

ကြေးမိုးကြိုး၊ ကြေးနက်၊ ဓာတ်လုံးနှင့် အခြား ကြေးပစ္စည်းများပါဝင်သည်။ အချို့သော ဟင်္သာအလေး၊ ခြင်္သေ့အလေးတို့သည် မီးပြတ်နိုင်ပါသည်။

အဆင့်(၃)ဆင့်ရှိသည်။ အဆင့်(၁) လက်နှိပ်ဓာတ်မီးနှင့် လျှပ်စစ်ပြတ်(သို့မဟုတ်) လက်နှိပ်ဓာတ်မီးနှင့် ဘက်ထရီပြတ် ဖြစ်သည်။

**အဆင့်(၂) လျှပ်စစ်ပြတ်**ဖြစ်သည်။ **အဆင့်(၃) ဘက်ထရီပြတ်**ဖြစ်သည်။

၆။ ပြဒါးထွက်ပစ္စည်း

ပစ္စည်းကို မီးပြလျှင် ပြဒါးတစ်ကျပ်သားထွက်ပြီး (၁၀)နာရီအတွင်း ပြန်ပြည့်သည့် ပစ္စည်းဖြစ်သည်။

၇။ ပြဒါးခဲပစ္စည်း

စိတ်ကြိုက် သန့်စင်ပြီးသော ပြဒါးရည် တစ်ကျပ်နှစ်ပဲသားကို ခဲအောင် လုပ်၍ အခဲ တစ်ကျပ်ကျန်ပြီး နာစင်း၊ တူထုခံ၊ မီးထိုးခံ၊ ချော်ခံသော ပစ္စည်းဖြစ်သည်။

၈။ ပြဒါးငုပ်ပစ္စည်း

အလေးချိန် တစ်ဆယ်ကျပ်သား အောက်ခံရှိသော ပြဒါးရည်အတွင်းလုံးဝ ငုပ်နိုင်သည်။ ကြေးရည်ကျိုသားဖြစ်သည်။

၉။ ခြစ်ပိတ်ပစ္စည်း

ကြေးရည်ကျိုသားနှင့် ဓာတ်သားဖြစ်ပြီး ချွန်ထက်သော ပစ္စည်းဖြင့် ခြစ်စမ်းလျှင် (၃၀)မိနစ်အတွင်း ခြစ်ရာတွင် ပြန်ပိတ်သော ပစ္စည်းဖြစ်သည်။

၁၀။ အပိတ်အလွှဲပစ္စည်း

(၆)လက်မ ပစ်မှတ်တွင်ထားပြီး (၆)ပေအကွာမှ ပစ်လျှင် သုံးချက်စလုံး ပိတ်လွဲစေသော ပစ္စည်းဖြစ်သည်။

၁၁။ သံစားကျောက်

မာကျောသိပ်သည်းသော တွင်းထွက်ပစ္စည်းဖြစ်ပြီး ကားလေးပေါ် တင်စမ်းလျှင် တစ်နာရီအတွင်း ချိုးဖြတ်စရာမလိုဘဲ ကားလေးနှစ်ပိုင်း ပြတ်စေသည်။

၁၂။ ကျောက်လက်ဝါး

စေခိုင်းသူ စေခိုင်းသည့်အတိုင်း ခေါင်းပန်းလှန်နိုင်သော။ သစ်ရွက်။ သစ်သီးခြွေချနိုင်သော ပစ္စည်းဖြစ်သည်။

၁၃။ မျက်နှာလွှဲ၊ အပ်ဝဲ

တစ်နာရီအတွင်း အများရှေ့မှောက်တွင် မျက်နှာလွှဲနိုင်



www.burmeseclassic.com

www.burmeseclassic.com





သော အပ်ချည်ကြိုးတွဲထားသည့် အပ်ကို ဝဲစေသော ခါစေသော ပစ္စည်းဖြစ်သည်။

### ၁၄။ အရိပ်မထွက်ပစ္စည်း

ပစ္စည်းဘယ်နှစ်ခုဖြစ်ဖြစ် စုစုပေါင်း အလေးချိန်(၈) ကျပ်သား နောက်ခံရှိပြီး နေရောင်၊ မီးရောင်နှင့် မှန်ရှေ့တွင် လုံးဝ အရိပ်မထွက်သည့်ပစ္စည်း ဖြစ်သည်။

### ၁၅။ ကျောက်လိပ်

လိပ်ကွက်ပါရှိ၍ အင်္ဂါစုံသည့် လိပ်ပုံကျောက်သား ဖြစ်ပြီး တစ်နာရီအတွင်း ရေထဲ၊ ကုန်းပေါ် စည်းဝိုင်းထွက်နိုင်သော၊ (၁၀)နာရီအတွင်း ပြဒါးစားချေးယိုနိုင်စေသော ပစ္စည်းဖြစ်သည်။

### ၁၆။ ကြက် မကောက်ပစ္စည်း

ဆန်ကောအတွင်း ဆန်နှင့်အတူ ထည့်ထားလျှင် ကြက်များ ဆန်ကို လုံးဝ မကောက်သည့် ပစ္စည်းဖြစ်သည်။

### ၁၇။ ဇော်ဂျီ ဖိုမ

လူတို့၏ ဖိုမအင်္ဂါနှင့် အလားတူသော ကျောက်ဖြစ် ပစ္စည်းဖြစ်ပြီး ဖိုမအင်္ဂါအား ဆက်တိုက်လုပ်လျှင် တင်းကျပ်လာခြင်း၊ ထဘီဖြင့် အုပ်ထားလျှင် ဖိုမအရည် ထွက်ခြင်းနှင့် အပိတ်အလွဲအနေဖြင့် ပစ်စမ်းလျှင် အောင်မြင်ခြင်းနှင့် ပြည့်စုံသောပစ္စည်းဖြစ်သည်။

### ၁၈။ ကျီကူနက်

အဖြူရောင်ပေါ် ရေးခြစ်လျှင် ဖြူ၍ ရေးခြစ်ထားသော စာရွက်ကို ဖော့တုံးပေါ်ကပ်ကာ ရေစီးအပေါ်မှ ချလျှင် တံတားအောက် လုံးဝ မလျှိုဝင်သည့် ပစ္စည်းဖြစ်သည်။ အပိတ်အလွဲအနေဖြင့် စမ်းလျှင်လည်း အောင်သည့် ပစ္စည်းဖြစ်သည်။

### ၁၉။ ကောင်းကင်ရောင်ဖြတ် ပစ္စည်း

သက်တန့်ရောင်(သို့မဟုတ်) ဆည်းဆာတိမ်တိုက် နှစ်မျိုးထဲမှ တစ်မျိုးကို ပိုင်းဖြတ်နိုင်သော ပစ္စည်း ဖြစ်သည်။

အထက်ပါ စစ်မှန်သော ဈေးကွက်ဝင် ဂမ္ဘီရပစ္စည်းများ မိမိလက်ဝယ်တွင် ရှိပါက စစ်မှန်သော ဂမ္ဘီရပစ္စည်းများ ကို ပညာရှင်များနှင့် တိုင်ပင်၍ အစီအရင်များ ဆောင်ရွက်နိုင်ကြပါသည်။

***ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ၍ လိုအင်ဆန္ဒပြည့်ဝပါစေ။***

**မြင့်ဆွေသိန်း(*တကောင်းသား*)**
**(ဘောဂဗေဒ၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)**



www.burmeseclassic.com

www.burmeseclassic.com

စာမျက်နှာ (၂၃)မှ အဆက်

ပူဇော်ခဲ့ပါသည်။

ထို့ကြောင့် တဘောင်စကား အဆိုအရ "**တကောင်းနတ်မျိုး၊ နန်းသစ်စိုး၊ ထပ်ပိုးစေတီပြု လတ္တံ့**"ဟု တဘောင်စကား ပေါ်လာခဲ့ပါသည်။

ဒွတ္တဘောင်မင်းကြီး နတ်ရွာစံပြီး သားတော်ဒွတ္တရံ နန်းစံပြီး ကံတော်ကုန်သောခါ သာသနာနှစ် ၁၉၃ ခုနှစ်တွင် သားတော် ရန်ဘောင်မင်း နန်းတက်တော်မူပြန်၏။

ထိုမင်းသည် ပါဋ္ဌလိပုတ်ပြည့်ရှင် သီရိဓမ္မာသောကမင်းကြီး လက်အောက်ဖြစ်သဖြင့် သာသနာနှစ် ၂၃၀ ပြည့်နှစ်တွင် ထပ်မံ ပြုပြင်ပြန်သည်။ ထို့ကြောင့် "**ကျွန်းလုံးအုပ်စိုး၊ ရေနတ်မျိုး၊ ထပ်ပိုးစေတီ တည်လတ္တံ့**"ဟု ဆိုကြသည်။

ပုဂံမင်း(၅၅)ပါးအနက် (၄၂)ပါးမြောက် အနော်ရထာမင်းကြီး ရွှေနတ်တောင်စေတီ ပြုပြင်ခဲ့ပြန်ပါသည်။ နောက် စောလူးမင်း၊ ကျန်စစ်သား၊ အလောင်းစည်သူမင်း၊ နရသူရမင်း၊ မင်းယဉ်နရသိင်္ခမင်း၊ နရပတိစည်သူမင်း၊ ဇေယျာသိင်္ခမင်း၊ ကျစွာမင်း၊ ဥစ္စနာမင်း၊ တရုတ်ပြေးမင်း၊ ကျော်စွာမင်း၊ စောနစ်မင်းနှင့် ကောဇာသက္ကရာဇ် ၆ရ၈ ခုနှစ် နန်းတက်သော ပုဂံမင်း (၅၅)ဆက်မြောက်ဖြစ်သော "**စောမွန်နစ်**" **မင်းထိတိုင်** ရွှေနတ်တောင်စေတီကြီးကို ပြုပြင်စောင့်ရှောက်ကြပါသည်။

ထိုကဲ့သို့ တောင်ငူခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်ထိ ပြုပြင်



တောင်ခြေမှ ဗိုလ်ချုပ်အောင်ဆန်း နားခိုသွားသည့် ဇရပ်

လာခဲ့ရာ ယခုအခါ စေတီတော် ဉာဏ်တော်အမြင့်မှာ ပလ္လင်ခံခုံပေါ်မှ စိန်ဖူးတော်ထိ (၈၁)တောင်နှင့် (၁)ထွာ ရှိပါသည်။ ပင်လယ်ရေ မျက်နှာအထက် (၂၁၄)ပေ မြင့်ပါ၏။

ထိုသို့အားဖြင့် လူတစ်ရစ် နတ်တစ်ရစ် တည်ထားတော်မူသည့် ရွှေနတ်တောင်စေတီတော် မြတ်ကြီးတွင် ထူးခြားမှုအဖြစ် **လူနှစ်,နတ်နှစ်ဟူ၍ ရှိရာ နတ်နှစ် ပွဲတော်တွင် အမှားမခံ ခိုက်ရန် ဒေါသ ဖြစ်တတ်ပါ၍ နတ်နှစ် အခါသမယတွင် ရဟန်းရှင်လူ အပေါင်း သတိထားရပေမည်။**

ဘုရားကြီး ပွဲတော်ကာလ တပေါင်းလဆန်း(၈)ရက်မှ လပြည့်နေ့တိုင် ပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့သည်မှာ ယနေ့ဆို (၂၀၁၆)ထိ တိုင်ခဲ့ပါပြီ။

ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်ရာ ရွာပေါင်း(၃၂)ရွာမှ ပေါင်းမိုးလှည်းများဖြင့် ညအိပ်ညနေ ချက်ပြုတ်စားသောက် ဘုရားဖူးလာကြတာ တွေ့ရပါမည်။

ပွဲတော်ရက်အတွင်း မူးယစ်သေစာ ရောင်းချခြင်း ခွင့်မပြုသကဲ့သို့ သွားရေးလာရေး အဆင်ပြေချောမွေ့စေရန် ရွှေတောင်ပြည် ကားလေးယာဉ် အသင်းမှ အဖိုးနှုန်းချိုသာစွာဖြင့် မိုးလင်းပြေးဆွဲပေးပြီး လုံခြုံရေးအတွက် ရယက မယက နှင့် ပြည်သူ့ရဲ ကျန်းမာရေးဌာနများကလည်း လုံခြုံရေးအတွက် အပြည့်ဝ ကူညီပေးနေပါ၏။

ယနေ့တိုင် ပြစ်မှုကြီး မရှိလှပါကြောင်း၊ သို့ပါ၍ ဆုတောင်းတိုင်း ပြည့်သည် လူနတ်နှစ်လီ ဘုရားတည်ခဲ့သည့် ရွှေနတ်တောင်ဘုရားကြီးဆီ တစ်ခါတစ်ခေါက် လာရောက်၍ ဖူးလှည့်ပါဟု ဖိတ်ခေါ်ပါ၏။

ရန်ကုန်ဘက်မှ လာလျှင် ရွှေတောင်မှာဆင်း၍ ရွှေတောင် ရွှေနတ်တောင် ဆိုင်းဘုတ်ကြီးရှေ့မှ (၄)မိုင်သာဝေးသည့် တံခါးကြီး ဆုတောင်းပြည့် မြတ်စွာဘုရားကိုယ်ပွား နိမ္မိတဘုရား ဌာပနာရာ စေတီတော်မြတ်ကြီး ဖူးကြပါစို့ဟု နိဗ္ဗာန် အကျိုးမျှော်၍ နှိုးဆော်ရေးသား လိုက်ရပါသည်။

***စာဖတ်သူအပေါင်း ကျန်းမာချမ်းသာကြပါစေ။***

**ရွှေမှော်မြေ မောင်ကြည်သိန်း**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

ဆေးစွမ်းထက်မြက်ကြောင်း အကြွားမပိုတဲ့

# သမားအိုဆေးတိုက်

မှ ထုတ်လုပ်သော နန်းတွင်းလိမ်းဆေး၊ လေးဖက်နာဆေး၊ နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး



သီပေါမင်း ပါတော်မူပြီးနောက်နန်းတွင်းသမားတော်ကြီးများ မြို့နယ်အသီးသီးသို့ ပြန့်ကျဲရောက်ရှိခဲ့ကြရာ ဘီလူးကျွန်း၊ ကမာမွန်ရွာသို့ ရောက်ရှိခဲ့ကြသည့် နန်းတွင်း သမားတော်ကြီး ဦးပန္နဝ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေး ခေါင်းဆောင် ဆရာစံ (သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်းသမားစဉ် မူရင်းဆေးစွမ်းကောင်းတို့ကို **သမားတော်ကြီး ဦးနွယ်၏မြေး သမားတော်ကြီး ဦးတင့်လွင်(ငြိမ်း/ဗိုလ်ကြီး) ဇနီး ဒေါ်ကျင်သိန်း၊ တိုင်းရင်းသမားတော် ဦးသန်းဇော်၊ ညီမဒေါ်ခင်ခင်ထွေး**တို့ အကြောင်းပြု ပေါင်းစုလျက် သမားအိုဆေးတိုက်မှ မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက် ရှိပါသည်။

## သမားအို နန်းတွင်းလိမ်းဆေးကြီး

*[တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် ၁၅၁၀ YR ၀၀၀၉၉၇]*

*[လိုင်စင်အမှတ် ၁၁/၂၀၀၈ တဆထလ တိုး(၀၁၂၁)]*

မြန်မာ့နန်းတွင်း အစဉ်အဆက် သုံးစွဲခဲ့သည့် လိမ်းဆေးဖြစ်ပြီး **ပရုတ်၊ မင်သော် စသည့် ဆေးပွများ မပါရှိသော** ဆေးအေးဖြစ်၍ ဘေးထွက်ဆိုးကျိုး လုံးဝ မပါရှိဘဲ အပူနာများကိုပါ သက်သာပျောက်ကင်းစေကြောင်း အာမခံသည့် လိမ်းဆေးတစ်လက်ဖြစ်သည်။

ပျောက်ကင်းစေသော ရောဂါများ

သမားအို နန်းတွင်းလိမ်းဆေးကြီးသည် အဆစ်၊ အမြစ်၊ အကြောရောင်/နာ၊ ကိုက်ခဲခြင်း၊ ဒူးနာ၊ ခါးနာ၊ လေးဖက်နာ၊ ဂေါက်နာ၊ ဇက်ထိုး၊ ခေါင်းအုံ၊ ခေါင်းကိုက်၊ ပန်းနာ၊ ရင်ကျပ်၊ နှာစေး၊ နှာပိတ်၊ ထိပ်ကပ်နာ၊ အရိုးကျိုး၊ အဆစ်လွဲ၊ အဆစ်ဟ၊ ဒဏ်နာဖြစ်၊ လက်ကပ်ခြင်းနှင့် အပူလောင်ခြင်းများကို သက်သာ ပျောက်ကင်းစေပါသည်။

အသားပပ်ခြင်း၊ အသားကွဲခြင်း၊ ဝက်ခြံ၊ တင်းတိပ်၊ နေလောင်ကွက်များကို ညအိပ်ရာဝင်ချိန်၌ မျက်နှာအား ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပြီးမှ ဆေးလိမ်း တစ်ရှူးကပ် အိပ်ပါ။

နေ့စဉ်ရက်ဆက် လိမ်းပေးခြင်းဖြင့်"**အသားအရေ ဖြူနုချောမွတ်ပြီး မကြုံဘူးအောင် အလှထူးစေသည့်**"ကမ္ဘာ့ ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။ မန္တလေးတောင်၊ ကျိုက်ထီးရိုးတောင်၊ ပုပ္ပါးတောင်ကဲ့သို့ အလေ့အကျင့်မရှိသော တောင်တက်ဘုရားဖူး ခရီးသည်များ သုံးစွဲလျှင် ထုံကျဉ်ညောင်းညာ ကိုက်ခဲခြင်းများ သက်သာပျောက်ကင်းစေသည့်အပြင် ကျီးပေါင်းရောဂါဝေဒနာရှင်များ အသားထဲ စိမ့်ဝင်အောင် ညင်သာစွာ လိမ်းပေးခြင်းဖြင့်ကျီးပေါင်းရောဂါဝေဒနာများ အချိန်တိုအတွင်း သက်သာပျောက်ကင်းစေပါသည်။

## သမားအို လေးဖက်နာဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် ၀၃၀၅ YR ၃၀၆၃]*

လူတစ်ယောက်၏ခန္ဓာကိုယ်အား သိပ္ပံနည်းကျ သွေးစစ်ကြည့်ခြင်းဖြင့် **ယူရစ်အက်စစ် အလွန် များနေခြင်း၊ အေအက်စ်အို သီတာ ယူနစ်(၂၀၀)ထက် ရှိခြင်း၊ နောက်ဆုံး အာအေ စမ်းသပ်မှု၌ (+) အပေါင်းလက္ခဏာတွေ့ရှိခြင်း**စသည်ဖြင့် လေးဖက်နာရောဂါအဆင့်ဆင့်တို့ကို သိရှိနိုင်ပေသည်။

လေးဖက်နာရောဂါ၏ ဆင့်ပွားရောဂါများဖြစ်သော နှလုံး၊ သွေးတိုး၊ ဦးနှောက်ရောဂါများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်သည့် ဆေးဖက်များ သမားအို လေးဖက်နာဆေးတွင် ထည့်သွင်း ဖော်စပ်ထားပါသည်။

သမားအိုလေးဖက်နာဆေးတွင် သက်စောင့်ဆေးဖက်များ ပါရှိသည့်အတွက် ရာသီဥတုဒဏ်ခံနိုင်ပြီး ဟရားထိုင်သူများ၊ ယာဉ်မောင်းသူများ၊ စက်ချုပ်သမားများ၊ လက်နှိပ်စက်နှင့် ကွန်ပျူတာ အော်ပရေတာများ ဤဆေးကို မှန်မှန် စားသုံးသွားပါက ဆီး၊ ဝမ်း၊ လေမှန်ကန်ပြီး ကျန်းမာရေးနှင့် ညီညွတ်ကာ ကိုယ်လက်ပေါ့ပါး သွက်လက်စေပါသည်။

## သမားအို နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် ၀၃၁၁ YR ၀၀၃၀၆၂]*

မြန်မာ့နန်းတွင်းသမားတော်ကြီးများ အသုံးပြုခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်သည်။ **နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှလုံးကျုပ်ခြင်း၊ နှလုံးခုန်လွန်းခြင်း၊ မောပန်းခြင်း၊နှလုံးအားနည်းခြင်း၊ နှလုံးရောင်ခြင်းနှင့် နှလုံးရောဂါအမျိုးမျိုးတို့ကို** သက်သာပျောက်ကင်းစေပြီး စိတ်ဓာတ်ကို ကြည်လင် လန်းဆန်း၍ ဉာဏ်ရည်ထက်မြက်စေသော "**သတ္တဂုဏ်**"နှင့် ပြည့်စုံသော ဆေးကောင်းတစ်လက် ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းသူကျောင်းသားများနှင့် ရဟန်းသံဃာ အရှင်မြတ်များ စာမေးပွဲနီးသောအခါ၌ လည်းကောင်း၊ ပရိယတ္တိ၊ပဋိပတ္တိ ဝန်ဆောင်ရာ၌ လည်းကောင်း အစဉ်အလာအားဖြင့် အောင်မြင်စွာ သုံးစွဲခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တဆ-၀၂၉၁၇) ဖုန်း-၀၉-၄၉၂၆၄၄၀၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**

**သမားအိုဆေးတိုက်**

အမှတ်(၄၇)၊ (၁၁၈)လမ်း၊ မင်္ဂလာဈေးအနီး

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၂၉၀၆၁၀ အမြို့မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



◆ စစ်တောင်း ကျိုက္ကလွန်ပွန်းစေတီ အနောက်တက်မုခ်

ဒေါက်တာမောင်စိုး (LL.B)

# ပီယသိဒ္ဓိ ယက္ခမယ်တော်ကြီး

## နှင့် ကိုယ်တွေ့များ

◆ တန်ခိုးထွေထောက်ရှိ ပီယသိဒ္ဓိ ယက္ခမယ်တော်ကြီး နန်းဆောင်



ရန်ကုန်–မော်လမြိုင် မော်တော်ကားလမ်း၊ **စစ်တောင်းမြစ်ကူးတံတား အရှေ့ဘက်ထိပ် တောင်ကုန်းပေါ်၌ စတီးဝါသက်နန်းကာပ်**ထားသည့် ရွှေရောင်ဝင်းနေသော စေတီတော်ကြီးတစ်ဆူကို ငွားငွားစွင့်စွင့် ဖူးမြင်ရပါသည်။

ထိုစေတီတော်ကြီး၏ ဘွဲ့အမည်တော်မှာ **ကျိုက္ကလွန်ပွန်း** ဖြစ်ပါသည်။ ဂေါတမဗုဒ္ဓမြတ်စွာဘုရားရှင်၏ **ဆံတော်၊ ဓာတ်တော်များနှင့် သွားတော်ဓာတ်(၁)ဆူ**



www.burmeseclassic.com

www.burmeseclassic.com

**ဌာပနာ**ထားကြောင်း သိရသည်။

စေတီတော်ကြီးမှာ ရှေးအခါက ဘိနပ်တော်ပတ်လည် အလံတစ်ရာ ရှိသောကြောင့် လွန်စွာ ကြီးကျယ် ခမ်းနားသော စေတီတော်ကြီး ဖြစ်ပါသည်။

ယခုအခါ စေတီရင်ပြင်တော် ပတ်လည်မှာ အာရုံခံတန်ဆောင်း ကြီးများ၊ အရံစေတီများ၊ အခြား သော ရုပ်ပွားရုပ်တုများ၊ သာသနိက အဆောက်အအုံများစွာ ရှိသဖြင့် ဘုရားဖူးသူများနှင့် နေ့စဉ်မပြတ် စည်ကားလျက် ရှိသည်။

စေတီရင်ပြင် တနင်္ဂနွေထောင့် နှင့် ကပ်လျက်တွင် ပီယသိဒ္ဓိယက္ခ မယ်တော်ကြီးနန်းရှိသည်။ ထိုနန်း ဆောင်အတွင်းမှာဘုရားစေတီတော် ဘက်သို့ လှည့်ထိုင်၍ ဆွမ်းကပ် နေဟန် **ဘီလူးမရုပ်တု** ရှိပါသည်။ ထိုရုပ်တုကို **ပီယသိဒ္ဓိယက္ခ မယ်တော်ကြီး**ဟု လူအများခေါ်ကြ သည်။

အချစ်ရေး၊ အိမ်ထောင်ရေးကိစ္စ များတွင် လွန်စွာ ဆုတောင်းပြည့် ကြောင်း သတင်းကြီးနေသည်မှာ နှစ်ပေါင်း(၃၀)ကျော်နေပြီ။

ကျွန်ုပ်နှင့်ရင်းနှီးသော အမျိုးသမီး ကြီးတစ်ဦး၏ ကိုယ်တွေ့မှာ လွန်ခဲ့ သော (၁၀)နှစ်ကျော်ခန့်က ထိုအမျိုး သမီးကြီး၏ ခင်ပွန်းဖြစ်သူမှာ မိန်းမပျိုတစ်ဦးနှင့် ကာမဂုဏ် ရှုပ်ထွေးဖောက်ပြန်နေသဖြင့် ပီယ သိဒ္ဓိယက္ခ မယ်တော်ကြီးတွင် ကန်တော့ပွဲလှူဒါန်း၍ ဆုတောင်း ခဲ့သည်။

မကြာမီမှာပင် ခင်ပွန်းနှင့် ထို



◆ ယက္ခမယ်တော်ကြီးအား ဘေးတစောင်းမြင်ရပုံ

မိန်းမပျိုကလေးတို့ အဆက်အသွယ် ပြတ်သွားပြီး ယခုဆယ့်နှစ်ကျော် သည့်တိုင်အောင် ခင်ပွန်းမှာ အိမ် ထောင်ဖောက်ပြန် ရှုပ်ထွေးခြင်း လုံးဝမရှိတော့ဘဲ ခြေငြိမ်အိမ်မြဲကာ မိသားစုကို ချစ်ခင်ကြင်နာယုယ အလိုလိုက် သံယောဇဉ် ပိုလာခဲ့ သည်။

နောက်တစ်ဦးမှာ ကျွန်ုပ်ထံ လက္ခဏာဗေဒင်လာမေးသူ ဖြစ် ပါသည်။ မိန်းမပျိုလေးတစ်ဦးဖြစ်ပြီး သူ့ချစ်သူ အမျိုးသားက တရား ဝင်လက်ထက်ပေါင်းသင်းရန်အတွက် နေ့ရွှေ့/ညရွှေ့ အချိန်တွေ ကြန့်ကြာ နေသဖြင့် ပီယသိဒ္ဓိယက္ခမယ်တော် ကြီးထံ ပန်း(၉)မျိုးလှူဒါန်းပြီး အမြန်



www.burmeseclassic.com

www.burmeseclassic.com



▲ ကျိုက္ကလွန်ပွန်းစေတီတော်ဘက်လှည့်၍ ဝတ်ပြုနေဟန် ယက္ခမယ်တော်ကြီးရုပ်တု

▼ အရှေ့ဘက် အာရုံခံတန်ဆောင်းအနီးရှိ အလှူခံဆိုင်းဘုတ်




ဆုံး လက်ထပ်မင်္ဂလာပွဲ ကျင်းပရဖို့ ဆုတောင်းခဲ့ရာ အချိန်(၂)လခန့်အတွင်း သူ့ချစ်သူနှင့် လက်ထပ်ပေါင်းသင်းခဲ့ရကြောင်း ပြောပြဖူးပါသည်။

နောက် ကိုယ်တွေ့ကြုံဖူးသူ တစ်ဦးမှာ မိခင်တစ်ဦးဖြစ်သည်။ မလေးရှားတွင် အလုပ်သွားလုပ်ရင်း အဆက်အသွယ် ပြတ်နေသည်မှာ (၁၀)နှစ်ခန့်ကြာပြီဖြစ်သည့် သူ့သားအား အဆက်အသွယ် အမြန်ပြန်ရပြီး မိခင်အိမ်ကို အမြန်ဆုံး ပြန်လာစေရန် ပီယသိဒ္ဓိ ယက္ခမယ်တော်ကြီး ဆွမ်းပွဲများလှူဒါန်း၍ ဆုတောင်းခဲ့ရာ အချိန်(၁)လအတွင်းမှာပင် သားထံက အဆက်အသွယ်ပြန်ရပြီး နောက်(၁)လအကြာမှာ သား အိမ်သို့ ပြန်လာကြောင်း သိရပါသည်။

အကြောင်းအရာ အမျိုးမျိုးဖြင့် ကိုယ်တွေ့ကြုံခဲ့ဖူးသူ အများအပြားရှိသဖြင့် လူတိုင်းစေ့ လိုက်ရေးပြရလျှင် ဆောင်းပါးရှည်သွားမည်ဖြစ်၍ ဤမျှနှင့်ပင် ရပ်ထားလိုက်ပါမည်။ အရေးကြုံလျှင် ကိုယ်တိုင်သွားရောက် ဆုတောင်းနိုင်ကြစေရန် လမ်းညွှန် ဖော်ပြပေးလိုက်ရခြင်းဖြစ်ပါသည်။

***စေတနာမှန်လျှင် ကံကောင်းမည်။***

**အောင်ဇ (LL.B)**



www.burmeseclassic.com

www.burmeseclassic.com

# အော်ဂဲနစ်စိုက်ပျိုးရေး

### အတွက် ဝါးငုတ်မှ ဒေသခံ အကျိုးပြု အဏုဇီဝ ထုတ်ယူအသုံးပြုနည်း(၁)

တင်သိုအေး

စိုက်ပျိုးရေးလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းပြုနေတဲ့ တောင်သူကြီးများအဖို့ရာကတော့ ဒေသခံအဏုဇီဝဆိုတာ နှစ်ပေါင်းထောင်ချီ သမိုင်းရှိခဲ့ပြီဖြစ်တဲ့ ဒေသခံထုတ်ကုန်တစ်ခု ဖြစ်နေပါပြီ။ ပတ်ဝန်းကျင်၊ လူ၊ တိရစ္ဆာန်များနဲ့ လိုက်လျောညီထွေမှုရှိပြီး ဒေသရာသီဥတုနဲ့လဲ ပနံသင့် ဖြစ်သလို အပူရှိန်၊ စိုထိုင်းဆ၊ မိုးလေဝသတို့နဲ့လဲ ကိုက်ညီလျက် ရှိပါတယ်။

ဒေသတစ်ခုမှာ အပူရှိန် စိုထိုင်းဆကို အမြဲခံနိုင်ရည်ရှိတဲ့ အဏုဇီဝကိုသာ သုံးသင့်တာမို့ ရာသီဥတုတွေ၊ မိုးလေဝသတွေ ဘယ်လောက်ပင် ပြောင်းလဲစေကာမူ အာနိသင်အစွမ်း တည်မြဲခိုင်ခံ့တာကို တွေ့ရပါတယ်။

မိမိတို့ရဲ့ဝန်းကျင်က သစ်တော,သစ်ရွက်ပုံများ၊ ဝါးတောများ၊ ကောင်းစွာဆွေးမြည့်ပြီးဖြစ်တဲ့ သစ်ဆွေးမြေများ၊ ခြံစည်းရိုးတိုင်များမှာ အဖြူရောင် အဏုဇီဝတွေကို ကောင်းစွာ မြင်တွေ့ဖူးကြမှာပါ။

အမှန်က အဲဒီဖြူဖွေးနေတဲ့ မှိုမျှင်တွေဟာဆိုရင် အကျိုးပြု အဏုဇီဝတွေ ဖြစ်သလို... သူတို့ဟာ သဘာဝအလျောက် ပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေအောင် အသက်ရှင် နေထိုင်နိုင်ကြတယ်။

ရှေးယခင်ကတည်းကိုက တောင်သူလယ်သမားများ ဦးကြီးတွေက သစ်ရွက်ဆွေး၊ ပေါင်းမြက်ဆွေးတွေကို သဘာဝမြေဩဇာအဖြစ် ကောင်းစွာ အသုံးချခဲ့ကြတာပါ။

အဲဒီလို အသုံးပြုနိုင်ဖို့ရာ သစ်တော,ဝါးတော၊ ရွက်ကြွေတော၊ ချုံနွယ်မြက်ဥ၊ သစ်ရွက်ဆွေး စတဲ့ အရာတွေကနေ အကျိုးပြု အဏုဇီဝမျိုးစုံကို နေရာပေါင်းစုံကနေ နည်းလမ်းပေါင်းစုံနဲ့ ရယူခဲ့ကြတယ်။

အဏုဇီဝ အမျိုးအစား မျိုးစုံပါဝင်ခြင်းဟာ ရောဂါပေါင်းစုံကို ခုခံစွမ်းအား ရှိစေသလို... မြေဆီလွှာရဲ့



ဝါးတောအလယ်ရှိ ဝါးငုတ်မှ အဏုဇီဝ ထုတ်လုပ်စဉ်

ရုပ်ဂုဏ်သတ္တိနဲ့ ဓာတ်ဂုဏ်သတ္တိကို ပိုမို ကောင်းမွန်စေ
ပြီး အပင်ကိုလဲ ကြံ့ခိုင်ဖွံ့ဖြိုးစေပါတယ်။

ဒါကြောင့် သစ်တော,ဝါးတော၊ သစ်ရွက်ဆွေး
ရိုးပြတ်နဲ့ စပါးလယ်ကွင်းတွေကနေအပြင် အဏုဇီဝ
မျိုး စုံလင်စေဖို့ ဝါးမြစ်ငုတ်ကနေ ထုတ်ယူနည်းကို
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်သူများအတွက် ...
လိုက်ရပြန်ပါတယ်။

**မိမိတို့ ပတ်ဝန်းကျင်မှာရှိတဲ့ ဝါးတောတ... ဒါမှမဟုတ်**
**ဝါးရုံပင်တစ်ခုရဲ့ အလယ်ကျကျ နေရာ... ဝါးပင်တစ်ပင် ...**



www.burmeseclassic.com

www.burmeseclassic.com



ဝါးဝှတ်မှ အကာဇီဝ မွေးမြူနေစဉ်



အရောင်မျိုးစုံ ပါဝင်သည့် ဘက်တီးရီးယား+အကာဇီဝပိုးများ

ရွေးချယ်လိုက်ပါ။ မြေကြီးအထက် (၁၀)စင်တီမီတာ (လက်ငါးလုံးခန့်) အကွာကနေ ဝါးပင်အတွင်းပိုင်းကို စောင်းလို့ဖြတ်ပါ။

အဲဒီ ဝါးဆစ်ပိုင်းထဲကို ပြုတ်ပြီးသား ဆန်ပြုတ်ရည် အရင်ထည့်ပါ။ ချက်ပြီးသား (သို့မဟုတ်) ပေါင်းပြီးသား ထမင်းထည့်ထားတဲ့ ဝါးဖြင့်ရက်လုပ်ထားတဲ့ ထမင်း တောင်း ဒါမှမဟုတ် သစ်သားထမင်းတောင်း(တောင်တမာယင်လုံး)ကို ဆန်ပြုတ်ရည် ထည့်ထားတဲ့ ဝါးဆစ် အပေါ်ကနေ တောင်းလိုက် ထပ်ဆံ ဖုံးအုပ်လိုက်ပါ။

ဝါးဆစ်အပြင် ထမင်းတောင်းနဲ့ အုပ်ထားလို့ ဗိုက်လျှံ ကျနေတဲ့ ထမင်းတွေအပေါ် နံဘေးက ဝါးရွက်တွေနဲ့ ထပ်အုပ်ပါ။ အပေါ်က ပလတ်စတစ်ဖြင့် ဖုံးအုပ်ပြီး လေလွှတ်မှု မရှိစေရန် အလေးတစ်ခုခုဖြင့် ဖိထားပါ။

(၃)ရက်မှ (၅)ရက်ကြာလျှင် အဖြူရောင်၊ အဝါရောင်၊ အနီရောင်၊ အညိုရောင်၊ အစိမ်းရောင်နဲ့ အနက်ရောင် ရှိတဲ့ ဘက်တီးရီးယားတွေ ပေါ်လာပြီ ဖြစ်ပါတယ်။

ဝါးပင်ကနေမှ ဝါးရည်များလဲ ထွက်နေပါပြီ။ အထက်ပါအတိုင်းလုပ်ထားတဲ့ ဝါးငှတ်ကို ခုတ်ယူပါ။ ဆန်ပြုတ်ရည်, ဝါးရည်နဲ့အတူ အုပ်ထားတဲ့ ထမင်းပေါင်းအားလုံးကိုယူပြီး မြေအိုးတစ်ခုထဲ ပြောင်းထည့်ပါ။(ဒေသခံ အဏုဇီဝ)ကို ရရှိပြီ ဖြစ်ပါတယ်။

ဆန်ပြုတ်ရည်နဲ့ သကြား(ကြံသကာ) ၁း၁ ဆတူ ရောမွှေပြီး အိုးကို စက္ကူဖြင့် ဖုံးအုပ်၊ လေလုံအောင် ချည်ပြီး ရေရှည်သိမ်းဆည်း အသုံးပြုနိုင်ပြီ ဖြစ်ပါတယ်။

**၁း၁၀၀၀ အချိုး ရေဖြင့် ရောစပ်ပြီး** မိမိတို့ စိုက်ပျိုးထားရှိတဲ့ စိုက်ပင်တွေအပေါ် ပက်ဖျန်းအသုံးပြုနိုင်သလို **၁း၅၀၀ဖြင့်** မြေဆီလွှာပေါ်အပြင် ကွန်ပို့စ်၊ သစ်ဆွေးမြေနဲ့ ဘိုကာရှီတွေ ပြုလုပ်ရာမှာ ထည့်သွင်း အသုံးပြုနိုင်ပါကြောင်း ရေးသားတင်ပြလိုက်ပါတယ်။

**တင်ညိုအေး**



www.burmeseclassic.com

www.burmeseclassic.com

စာမျက်နှာ (၃၉)မှ အဆက်



◆ ဦးသိန်းက ကောင်းပေါက်ဆရာတော်ကြီး၏ ဓာတ်ပုံနှင့် အံသွားတစ်ချောင်းကို ပြနေပုံ

နတ်သားက မာတလိနတ်သားကို အပ်ရတယ်။ မာတလိနတ်သားက သိကြားမင်းကို ဆက်သရတယ်။

သိကြားမင်းက သုဓမ္မာမဏ္ဍပ်မှာ လူတို့ရဲ့ ကောင်းမှု–မကောင်းမှု စာရင်းကို ကြေညာတယ်။ ကောင်းမှုပြုသူစာရင်းများရင်.... နတ်ပြည်ကြီး စည်ကားတော့မယ်ဆိုပြီး ဝမ်းမြောက်ကြတယ်။

မကောင်းမှုပြုသူများရင် ငါတို့နတ်ပြည် ဆုတ်ယုတ်ပြီး အပါယ်လေးဘုံတို့ စည်ကားတော့မှာပဲဆိုပြီး စိတ်မချမ်းမသာ ဖြစ်ရှာတယ်။

ဒါကြောင့် ရှေးလူကြီးတွေ သတိပေးတာ။ ကောင်းမှုပြုရင် ရွှေပုရပိုဒ်မှာ မှတ်တယ်တဲ့။ မကောင်းမှု ပြုသူကိုခွေးသားရေနဲ့ မှတ်သတဲ့။ မယုံမရှိနဲ့...ဘုရားဟော။

**စတုမဟာရာဇသုတ်မှာ ဟောထားတယ်။**

**ဘုရားမြေနှင်း ကျောင်းမြေနှင်း ရောဂါကင်းတဲ့ အပြင်ကုသိုလ်လဲ ရတယ်။ နတ်ပြည်က စာရင်းကောက်တဲ့ကုသိုလ်စာရင်းထဲလဲ ပါမယ်။**

ခါတ်လုံးတစ်လုံးစီ ဝေမယ်။ ခါတ်လုံးနဲ့ရဲ့လား... ပြီးရင် ခါတ်လုံးရေတိုက်မယ်။

အသံသွင်းစက်(၅)လုံး အသံသွင်းတာ ဘယ်သူလဲ... ဘိတ်(မြိတ်) အသံသွင်းရင် ငါ မဟောတော့ဘူး။ ဒီလောက် ဗီရိယ မရှိတာ...ရေးပါ။

သီတင်းကျွတ်လပြည့်ကျော်(၃)ရက် **ကထိန်အလှူနေ့။ ဒန်ပေါက်** = ဒေါ်စောကြည်၊ **ရေခဲမုန့်**= ဒေါ်မြင့်။

သက်န်းထုတ်လိုက်တယ်။ ဒီသက်န်းက ထူးတယ်။ ဘယ်သူမှန်း မသိဘူး။ ပိုးသက်န်း။ ကောင်းကင်ကကျလာလားမသိ... ဇောတိကလို့ ရေးထားတယ်။ အလိုလို ရောက်နေတယ်။

ကထိန်လျှာသက်န်း ထုတ်လိုက်တယ်။ အားလုံးရှိခိုးကြ။ ကထိန်...ကထိန်...ကထိန်... ကထိန်လျှာသက်န်း ကပ်လှူပဲ။

ဘယ်သူက ကထိန်သက်န်း ကပ်တာလဲ။ ဒကာ, ဒကာမတွေ ကပ်တာ။ မမှားရအောင်။ **အားလုံးဒကာကပ်တာ။ အပ်ချည်ကြိုးနဲ့ ဝိုင်းထား။ အားလုံးပါသွားရအောင်။**

<u>ကထိန်ခင်း အလှူကုသိုလ်အကျိုး</u>

လွတ်လပ်စွာသွား ပေါ့ပါးခန္ဓာ
ဝတ်စရာများ အစားပေါ်မှာ
ခွင့်ပြုမရှိ မိမိညွှာ
ရန်သူများ ယူငြားမရပါ။
ပမာပြရှိ သာဓကဆောင်မယ်
ဇောတိကဝေ ကံနေကြွယ်တယ်။
အဇာတသတ်မင်း စစ်ခင်းကြံရွယ်
အနုမြူမျှ ယူ၍မရတယ်။

ကထိန်သက်န်း အလှူက အခြားသက်န်းအလှူထက် ပိုကြီးကျယ်မြင့်မြတ်တယ်လို့ မှတ်သားကြပါ။

ခင်စောဝင်း...ဝင်သွား။ ဖလားသူဘယ်သူ။ နာယက



www.burmeseclassic.com

www.burmeseclassic.com

ဂုဏ်(၆)ပါး "ထကြွ–နိုးကြား–သနား–သည်းခံ–ဝေဖန်–ထောက်ရှု"တဲ့။ အားလုံး ပါသွားအောင်... မပါတဲ့လူလဲ ပါသွားအောင် လိုက်ကောက်လိုက်ပါ။ နိုင်သလောက် ထည့်ကြပါ။

အားပါးပါး... လူတွေ များလိုက်တာ။ ကုသိုလ်နော်...ထည့်ကြ။ အဆောင်မှူး(ပညာရေးကောလိပ်)ကထိန်ဒကာ သွားလုပ်လိုက်။ ဖလားသွားယူ။ အလှူရေစက် လက်နဲ့မကွာ။

အသွင်လှျံလှျံ အမြင်ဆန်းတဲ့ အောင်လံသင်္ကန်းကို ရှိခိုးဦးချထိုက်ပေသည်။

ဂင်္ဂါဝါဠု သဲစုမက ပွင့်တဲ့ ဘုရားတွေ ဒီသင်္ကန်းပဲ။

ဖလားထဲက ငွေနဲ့ ရွှေမိုး,ငွေမိုး ရွာလိုက်မယ်။ ငွေနှစ်သိန်း အားပါးပါး... ဟား...ဟား...ဟား... ပျော်လိုက်တာ...သုမေဓာလိုပဲ...လုကြတာကို ကြည့်ပြီး ပြုံး...နေတယ်။ ဟား...ဟား...ဟား။

တစ်နေ့သုံးခါရယ်...အသက်ရှည်တယ်။ ပျော်ပျော်နေ သေခဲတယ်။ စိတ်ညစ်တာ မထားနဲ့။ စိတ်ညစ်ရင် ဘုရားရှေ့ကိုသွား ဘုရားရှိခိုးလိုက်။ ဘုရားတန်ခိုးတော်နဲ့ သိကြားမင်း၊ နတ်မင်းကြီးလေးပါး နတ်တွေ မနေရဘူး...ကူညီကယ်မ,မယ်။

ရှင်မထီး စိတ်ညစ်ပြီး ဘုရားရှေ့မှာ ဓာတ်လုံးမအောင်တာ အောင်ပါစေလို့ ဘုရားကိုပြုပြီး ဆုတောင်းတယ်။ ရှင်အရဟံ ကြွလာရတယ်။

မျက်လုံးဖောက်ခံရပြီး ဓာတ်လုံးအောင်တယ်။ မျက်စိပြန်မြင်ရတယ်။ ဘုန်းကြီးလဲ **အသက်(၉၅)နှစ်မှာ ဘုရားရှေ့မှာ ထိုင်ပြီး...**

"အရှင်ဘုရားရဲ့ သာသနာကို အသက်နဲ့ကိုယ် အပ်နှင်းပြီး မြှင့်တင်ပါ့မယ် ဘုရား"

လို့ ဆုတောင်းလိုက်တယ်။

အဲဒီနေ့ပဲ တင်မောင်ယုတို့လင်မယား ငွေတစ်ထောင်ယောင်းတစ်ထုပ်နဲ့ လာတယ်။ မဟာစည် ဒါယကာ...နဲ့ လာတယ်။ ငွေတစ်သိန်း=၁၀၀၀×၂၀၀။ အသစ်...ငွေတစ်သိန်း တစ်ခါမှ မတွေ့ဖူးဘူး။

မိသိန်းက ရေတယ်။ မိသိန်းကိုမေးကြည့်။ အတုလို့...ောင် ထင်ရတယ်။ အဲဒီကစပြီး တိုးတက်လာတာ...ဒီနေ့ထိပဲ။



အဆောင်မှူး(ပညာရေးကောလိပ်)
[ယခု ပင်စင်ယူထားပြီး၊ ဆရာတော်ကြီးထံမှ ထူးခြားမှုတစ်ခုအား သောက်ခွင့်ရထားသူ]

ထပ်ခါ ထပ်ခါ ပြောရတာမို့ ဒါယကာတွေ အတုယူဖို့...သိကြားမင်း ချီးမွမ်းဖို့...'

ဆရာတော်ကြီးသည် အသက်(၉၅)နှစ်ထိ ဆင်းရဲခဲ့ရာမှ အထက်ပါအတိုင်း ချမ်းသာအောင်မြင်လာပုံကို မကြာမကြာ ပြောကြားတတ်ပုံအား နက္ခတ္တရောင်ခြည် မဂ္ဂဇင်း စာချစ်သူများအား ဝေမျှပေးရင်း ယနေ့ မိသိန်းတို့အိမ်ကို သွားရောက်ခဲ့ပုံ... **အဆောင်မှူး(ပညာရေးကောလိပ်)**အိမ်သို့ သွားရောက်ခဲ့ပုံ ဓာတ်ပုံများဖြင့် ထူးခြားချက်များအား ဝေမျှလိုက်ရပါတယ်။

ဆရာတော်ကြီးကို အောက်မေ့တသ မမေ့နိုင်ကြသူများပါ။ သူတို့ သိမ်းထားကြတဲ့ ဆရာတော်ကြီးရဲ့ အမှတ်တရတွေက သက်သေပြနေကြလေရဲ့...

**သီတာဆန်း(မော်လမြိုင်)**



www.burmeseclassic.com

www.burmeseclassic.com


ကိန္နရီ အမှတ်တံဆိပ် ကန္တရဝတီ ဆေးတိုက်

# ကြက်လည်ဆံ ဆီးဆေး

Vitex-Penduncularis




**သုံးစွဲနိုင်သောရောဂါများ**

ဆီးချို၊ ဆီးကျောက်တည်
ဆီး(နီ၊ဝါ၊လွန်၊နည်း၊များ) ခြင်း၊
ဆီးမထိန်းနိုင်ခြင်း၊ဆီး(ကျဉ်၊အောင့်)
ဆီးပူညောင်းကျ၊ဆီးကြောင့် မျက်စိ
မှုန်ပြာဝေခြင်း၊ သွေးတိုး၊ဇက်ကြော
တက်၊အသည်းရောင်အသားဝါ
ရောဂါများအတွက်သက်သာစေပါသည်။

**တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်**

TMR 013991(1220)

Diseases to be applied

Diabetes,urine-stone, urine (red, yellow, excess,minimization, miximization),uncontrollabe urine, urine (tingling, cramping), heating,dimming eyes due to urine, hypertension, nape pain, hepatitis can be relieved.

TMR 013991(1220)

Source-741, Dana Theikdi street,
Ward 8, Mayangone Township,
Yangon, Myanmar,
Ph: 095140389/09420007085

ပင်ရင်း-ကိန္နရီ အမှတ်တံဆိပ်၊ကန္တရဝတီဆေးတိုက်၊အမှတ်-၇၄၁၊ဓနသိဒ္ဓိလမ်း
(၈)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၁၄၀၃၈၉ ၊ ၀၉ ၄၂၀၀၀၇၀၈၅




www.burmeseclassic.com

www.burmeseclassic.com

# စစ်ကိုင်းတောင်ရှိ သမိုင်းဝင်စေတီများ

၏ အောင်မြေနှင့် ရှိခိုးပူဇော် ဂါထာတော်များ ( ၆၇ )

အောင်ရွှေမြတ်
(စစ်ကိုင်းတောင်)



▲ ရွှေအင်းလယ်စေတီတော်အား ဖူးမြော်ရပုံ

ရွှေအင်းလယ်စေတီ

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

*[၃-ကြိမ် ရွတ်]*

ရွှေအင်းလယ်ဝှ ဗုဒ္ဓဂုဏံ၊
အဟံ ဝန္ဒာမိ ဇေယျဗိယံ၊
ဓနံ လာဘံ သုခံ နဘယံ၊
အကာလိကော မေ သိဒ္ဓိံ။

*[ရွေကံကူ]*

မြန်မာပြန်

**ရွှေအင်းလယ်ဝှ ဗုဒ္ဓဂုဏံ၊** ရွှေအင်းလယ်ဟု အမည်ရှိသော မြတ်စွာဘုရားအား ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

**ဝန္ဒာမိ၊** ရှိခိုးပူဇော် ဖူးမြော်ရခြင်းကြောင့်။

**အဟံ၊** "..."ဟု နာမသမုတ် အကျွန်ုပ်သည်။

**ဇေယျံ၊** မှန်းထားအောင်မြင် ပြည့်စုံရပါစေ။

**ဗိယံ၊** သတ္တဝါအပေါင်းတို့၏ ချစ်ခင်လေးစားခြင်း ဖြစ်ပါစေ။

**ဓနံ၊** စီးပွားဥစ္စာ ကြီးမားပါစေ။

**လာဘံ၊** လာဘ်လာဘ ပေါ်ကြွယ်ဝပါစေ။

**သုခံ၊** စိတ်ရောကိုယ်ပါ ကျန်းမာချမ်းသာပါစေ။

**နဘယံ၊** ဘေးရန်မှန်သမျှ ဝေးရပါစေ။

**အကာလိကော၊** ချိန်ခါမလင့်။

**သိဒ္ဓိံ၊** လက်ငင်းချက်ချင်း အကျိုးခံစားရပါစေသား။

ဘုရားဒါယကာ

သီဟပတိဘွဲ့ခံ မင်းပြောင်ကြီး နှင့် မိဖုရား စိုးမင်းကိုယ်တော်ကြီး။



www.burmeseclassic.com

www.burmeseclassic.com



ရွှေအင်းလယ်စေတီတော်နှင့် အာရုံခံ မြှောက်ရုံအား ရေခါးအင်းနှင့်အတူ ကြည်နူးသပ္ပါယ်စွာ ဖူးမြော်ရပုံ

ဘုရားတည်နှစ်

သက္ကရာဇ် ၅၁၄ ခုနှစ်။

တည်နေရာ

စစ်ကိုင်းတောင် မြောက်စွန်း **ရွှေမြင်မိတောင်ခြေ၊ ရေခါးအင်း အတွင်း ရေခါးရွာ။**

ပွဲတော်ရက်

နှစ်စဉ် တပို့တွဲလပြည့်နေ့ (ထမနဲပွဲ)။

အစောင့်အရှောက်

ရေခါးဘိုးဘိုးကြီး။

နောက်ခံသမိုင်း

စစ်ကိုင်းမင်း (၇–ဆက်) အကြောင်းခြင်းရာများ ဆက်စပ်နေသည့်အတွက် အကျဉ်းမျှ ဖော်ပြလိုပါသည်။

(၁) အသင်္ခယာစောယွမ်းမင်း

ပင်းယဘုရင် **"တစ်စီးရှင်သီဟသူ"**နှင့် စစ်ကိုင်းလင်းယဉ်ရွာသူ **"ရတနာပုံမိဖုရား"**၏ သားတော်ဖြစ်သည်။

အသင်္ခယာစောယွမ်းမင်း (၆၇၇–၆၈၄)နန်းတက်၍ စစ်ကိုင်းမြို့ကို မြို့တည် နန်းတည်ထောင် စိုးစံခဲ့သည်။

ဇေယျာပူရ မြို့တော်ကြီးအား ကိုး,ကိုးပါး ကိုးလီကိန်းဖြင့် တည်ဆောက်ခဲ့ပါ၏။ မြို့တော်နှင့်အတူ **"စေတီလှဘုရား"** တည်ခဲ့၏။ **"စစ်ကိုင်းမြို့အစ စေတီလှ"**ဟု တွင်ခဲ့၏။

- သမီးတော် စိုးမင်းကိုယ်တော်ကြီး *[ခန္ဓာကိုယ် ပြည့်ဖြိုးကြံ့ခိုင်ခြင်းကြောင့် ဖြစ်၏။]*
- ကျစွာမင်း၊
- အနော်ရထာမင်း၊
- တရုတ်ဖျားမင်း

ဟူ၍ (၄)ပါး ထွန်းကားခဲ့၏။

(၂) တရုတ်ဖျားမင်း

တရုတ်ဖျားမင်းကား တစ်စီးရှင်သီဟသူ၏ မိဖုရားကြီးဖြစ်သူ "ရတနာပုံမိဖုရား"၏ ယခင်အိမ်ထောင်မှ ရခဲ့သည့် **"မယားပါသား"**ဖြစ်၏။

နန်းစည်းစိမ် (၆၈၄–၆၉၈)တိုင်အောင် (၁၄)နှစ် စိုးစံခဲ့၏။

စစ်ကိုင်းမင်းဆက်၌ နန်းသက်အရှည်ဆုံးဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ရွှေအင်းလယ်စေတီတော်၏ အရှေ့မြောက်ထောင့်အရပ်မှ ရေခဲတောင်ကြီးအား တွေ့မြင်ရပုံ

## (၃)ရွှေတောင်တက်မင်း

ဤမင်းသည် **"တရုတ်ပြေးမင်း"**၏ သားတော်ဖြစ်၏။

ရွှေတောင်တက်မင်း (၆၉၈–၇၀၁)သည် နန်းစည်းစိမ်(၃)နှစ်ခန့်တွင် နန်းကျခဲ့ရလေ၏။

## (၄)ကျစွာမင်း

အသင်္ခယာစောယွမ်းမင်း၏ သားတော်ဖြစ်၏။

ကျစွာမင်း (၇၀၁–၇၁၁)သည် သက္ကရာဇ် ၇၀၁ ခုနှစ်တွင် နန်းတက်၏။

စစ်ကိုင်းတောင်ပေါ်တွင် ကျစွာ(အထက်)စေတီနှင့် ကျောင်းတော်ဆောက်လုပ်ခဲ့ပါ၏။ စစ်ကိုင်းတောင်ခြေ၌ **"အောက်ကျစွာစေတီ"**နှင့် ရွှေကျောင်းတော် တည်ထားခဲ့၏။

အထက် ကျစွာချောင်နှင့် အောက် ကျစွာချောင်များမှာ အလွန်ကျော်ကြားလှပါသည်။ ဝတ်မိုး ဝတ်မြေများ လှူတော်မူပါသည်။

## (၅)အနော်ရထာမင်းရဲ

ကျစွာမင်း၏ ညီတော်ဖြစ်၏။ **"မင်းရဲကြီး"**ဟူ၍လည်း အမည်တွင်ခဲ့ပါသည်။ မင်းရဲကြီးကျောင်းတော် တည်ဆောက်ကုသိုလ်ပြုခဲ့၏။

အနော်ရထာ မင်းရဲသည် သက္ကရာဇ် ၇၁၁ ခုနှစ်ပင် နန်းစံသက်(၇)လနှင့် နတ်ရွာစံခဲ့လေရာ စစ်ကိုင်းနန်းဆက်၌ နန်းသက်အတိုဆုံးဖြစ်သည်။

## (၆)ဆင်ဖြူရှင် တရုတ်ဖျား

အနော်ရထာမင်းရဲ၏ ညီတော်ဖြစ်သည်။ ဆင်ဖြူရှင်တရုတ်ဖျားမင်း(၇၁၁–၇၁၃)သည် နန်းတက်သည်နှင့် တစ်ပြိုင်တည်း "စံကားကျောင်း"တော်ကြီးကို ဆောက်လုပ် လှူဒါန်းပါ၏။

နန်းစည်းစိမ် (၂)နှစ်မျှမှာပင် နတ်ရွာစံပါသည်။

## (၇)သီဟပတေ့ မင်းပြောက်မင်း

သီဟပတေ့ခေါ် မင်းပြောက် (၇၁၃–၇၂၆)သည် ပုဂံတရုတ်ပြေးမင်း၏မိဖုရား ဖွားစော၏ မြေးအရင်းဖြစ်သည်။

နန်းတက်သောအခါ အသင်္ခယာစောယွမ်း၏သမီးတော် စိုးမင်းကိုယ်တော်ကြီးအား မိဖုရားမြှောက်၍ **သီဟပတေ့ဘွဲ့ ခံယူပြီး** နန်းတက်ခဲ့ခြင်း ဖြစ်သည်။

နန်းတက်ပြီး တစ်နှစ်အကြာ သက္ကရာဇ် ၇၁၄ ခုနှစ်၊ တပေါင်းလဆန်း(၁၁)ရက်၊ ကြာသပတေးနေ့တွင် **"မဟာစည်းခုံကြီးစေတီ"**



www.burmeseclassic.com

www.burmeseclassic.com

တည်ထားလေ၏။

သီဟပတေ့မင်းကြီး၏ တစ်ဦးတည်းသော အဂ္ဂမဟေသီ စိုးမင်းကိုယ်တော်ကြီးမှာ ဉာဏ်အမြော်အမြင်ကြီးမား၍ လောကီ, လောကုတ္တရာ ကျွမ်းကျင်နှံ့စပ်လေ၏။

မိဖုရားကြီး၏ ပထမအိမ်ထောင်မှာ **"တကောင်းမင်းရိုး သတိုးဆင်ထိန်း"** ဖြစ်သောကြောင့် **"သတိုးမင်းဆက် မပျက်စေရန် သားတော်ရာဟုလာခေါ် သတိုးမင်းဖျား"**အား ချီးမြှင့်သောအားဖြင့် **"တကောင်းမြို့စား"**အဖြစ် ထားရှိစေခဲ့နိုင်လေသည်။

သီဟပတေ့မင်းကြီးနှင့် စိုးမင်းကိုယ်တော်ကြီးတို့မှ သမီးတော် **"စောတော်ဦး"**ကို မွေးဖွားခဲ့၏။ ယခင်အိမ်ထောင်မှ ပါခဲ့သော သမီးတော်(၂)ပါးနှင့်အတူ သမီး(၃)ပါး ဖြစ်သည်။

ယင်းသမီးတော်များမှာ အင်းဝမင်းကြီး စွာစော်ကဲ၏ မိဖုရားများ ဖြစ်ကြလေ၏။

မဟာစည်းခုံကြီး စေတီတော် တည်ထားရန်အတွက် အမတ်ဝန်များ ပညာရှင်များနှင့် နှီးနှောတိုင်ပင်၍ ဇေယျာပူရ အရပ်ရှစ်မျက်နှာတွင် မြတ်စွာဘုရား၏ သာသနာတော် စည်ပင်စေရန် မြို့ရွာ(၁၅၀)ထက်မက အရပ်ရှစ်မျက်နှာ၌ စေတီတော်များ တည်ထားစေခဲ့၏။

စေတီများအတွက် သရီရဓာတ်တော်၊ မွေတော်၊ ရုပ်ပွားတော်များနှင့် စေတီများ တည်ထားစေရန် ဘုရင်နှင့် မိဖုရားကိုယ်စား သာသနာ



▲ ရွှေအင်းလယ်စေတီတော်၏ အောင်တံခွန်တိုင်အား ရွှေမြင်မိတောင် နောက်ခံပြင် မြင်တွေ့ရပုံ

တော်၏ အကျိုးစီးပွား များစိမ့်သောငှာ အမတ်ဝန်များက စီမံဆောင်ရွက်ကြရလေသည်။

ကုသိုလ်တော်များ

၁။ နန်းဦးမြို့သစ်အတွင်း **"ရွှေညောင်ပိုင်း"**စေတီ၊

၂။ ရေခါးရွာ ရေခါးအင်းအတွင်း **"ရွှေအင်းလယ်"**စေတီ၊

၃။ ရွာထောင်အတွင်း **"ဆုတောင်းပြည့်"**စေတီ၊

၄။ မင်းဝံတောင်မြောက်စွန်း၌တစ်ဆူ၊

၅။ မရှိခဏစေတီ၏ မြောက်ဘက် မင်းဝံတောင်တွင် တစ်ဆူ၊

၆။ နံကိုင်းတောင်ခြေ၌ တစ်ဆူ၊

၇။ မင်းရဲကျောင်း၌ တစ်ဆူ၊



www.burmeseclassic.com

www.burmeseclassic.com



ရေခါးအင်းကြီး၏ ကျွန်းကလေးပေါ်မှ "ရွှေအင်းလယ်စေတီ"အား ရွှေမြင်မိုရ်တောင်ပေါ်မှ ရှုမြင်ရပုံ

ရေခါးအင်းအစပ်မှ သားငါးသဲများအား တွေ့ရပုံ



၈။ ရွှာသာ...၌ တစ်ဆူ၊
၉။ စမွန်း၌ တစ်ဆူ

တို့အား တည်ထားစေခြင်း၊ ရှိနေဆဲ စေတီ, ကျောင်း, ကန်များအား ပြုပြင်မွမ်းမံခြင်း၊ စောင်းတန်း၊ တံတိုင်း စသည်များကို စောင့်ရှောက်ပြုလုပ်ရန် ကျွန်သီးများ ထားရှိခဲ့ကြောင်း ကျောက်စာတိုင် စိုက်ခဲ့လေသည်။

သီဟပတေ့မင်းကြီးကား သတ္တိရှိ၏။ သဒ္ဒါတရားနှင့် ပြည့်စုံခြင်းဂုဏ်နှင့် ညီညွတ်၏။ ဉာဏ်ပညာထက်မြက်သော အဂ္ဂမဟေသီ စိုးမင်းကိုယ်တော်ကြီးအား အထူးယုံကြည်ခြင်းရှိသည်ဖြစ်၍ အခြားသော မိဖုရားများကို ကောက်ယူခြင်း မရှိပါ။

မိဖုရားကြီး တစ်ဦးတည်းသာ ရှိခဲ့သော မင်းကြီး ဖြစ်လေသည်။

မင်းကြီးသည် **"ရှင်ပင်နန်းဦးစေတီ"**နှင့် **ရတနာပုံ မိဖုရားတို့၏** **"ရန်အောင်မြင်စေတီ"**တော်တို့ကို ပြုပြင် ဖြည့်စွက်မွမ်းမံခြင်းလည်း ကုသိုလ်ပြုခဲ့၏။

သမိုင်းဝင် ကိုး–ကိုးကုန်း အပါအဝင် **"နွားခြံကုန်းစေတီ"**ခေါ် **"ငါးမာန်အောင်မြင် သုံးလူ့ရှင်"** စေတီတော်ကိုလည်း မွမ်းမံပြင်ဆင် ထီးတော်အသစ် တင်လှူခဲ့၏။

အချို့သော ပညာရှင်များက



www.burmeseclassic.com

www.burmeseclassic.com





◄ ရွှေအင်းလယ်စေတီတော်၏
အောင်မောတ်ယူဂု ဌာန

ရွှေအင်းလယ်စေတီတော်မြတ်၏
ဝါယဗ္ဗထောင့်ဌာနမှ ခြင်္သေ့ရုပ်နှင့်
တောဝီလူးကြီး ►

"**မိဖုရား စိုးမင်းကိုယ်တော်ကြီး**"၏ ကုသိုလ်တော်စေတီဟုလည်း အမှတ်အသား ရှိခဲ့လေ၏။

မဟာစည်းခုံကြီး တည်ပြီးသောအခါ ယာမြေ၊ ထန်း၊ ကျွန်များကိုလည်း လှူခဲ့၏။

ယာမြေများ၌ နေထိုင်သူများအား စောင်းတန်း၊ တံတိုင်းမီးတားများ ပျက်ခဲ့သော် ပြုပြင်ရန် တာဝန်ပေးခဲ့၏။

"**ဗဒုံမင်းကြီး**"ကလည်း ထိုအလှူ ကုသိုလ်များ အစုအဖို့ အခွန်အကောက်များကို သာသနာတော်၏ ကျေးဇူးဖြစ်စေခြင်းငှာ ကျောက်စာကမ္ပည်းအသစ် ရေးထိုးထားခဲ့၏။

သီဟပတေ့မင်း၏ "**မဟာစည်းခုံကြီးစေတီ**"ကို မုံရွေးဆရာတော်ကြီးက "**ထာဝရဘုရားကြီး**" များ စာရင်း၌ မှတ်တမ်းတင်ခဲ့၏။

အရပ်ရှစ်မျက်နှာ သာသနာဖြန့်ကြက်ရန် စေတီများ၊ ရေကန်များ၊ နတ်ကွန်းကြီးများကိုပါ တည်ဆောက်ခဲ့၍ အချည်တည်တံ့ဖို့ ကျေးရွာများမှ လျောက်ပံတ်သူများကို ကျွဲ၊ နွား၊ ထန်း၊ မြေယာပေးပြီး သတ်မှတ်ခဲ့လေ၏။

ဒေသခံများမှ ယုံကြည်လေးစားရသော "**ဒေသခံနတ်ပတ္တိဒေဝါ**"များကိုလည်း မင်းမိန့်ဖြင့် စောင့်ရှောက်စေခြင်း ရှိခဲ့လေသည်။

နှစ်ပေါင်းရာချီ ပြောင်းလဲလာသောအခါ "**တိုင်းပြည်အုပ်ချုပ်သူ**"များသည်လည်း ခေတ်နှင့် လျော်ညီစွာ ပြုပြင်ပြောင်းလဲခြင်းများကို တွေ့မြင်နိုင်ကြလေ၏။

"**ရွှေအင်းလယ်စေတီ**" တည်ရှိရာ ရေခါးအင်းကြီးမှာ မြန်မာနိုင်ငံ



www.burmeseclassic.com

www.burmeseclassic.com





▲ လှပသာယာသော ရေခါးအင်းကြီးအား
ရွှေမြင်မိတောင်ကြီးနောက်ခံပြင့် တွေ့မြင်ရပုံ

◄ ရွှေအင်းလယ် ရုပ်ပွားတော်မြတ်အား လိုဏ်အတွင်း ဖူးမြင်ရပုံ

တစ်ဝန်းလုံးအတွင်း စစ်ကိုင်းတိုင်း ဒေသကြီးမှာ တည်ရှိသော **စိမ်းပြာရေညှိထွက်ရာ ဖြစ်လေသည်**။ မုံရွာမြို့နယ်ရှိ **တွင်းတောင်တို့မှာသာ** ထွက်ရှိကြောင်း သိရှိရပါသည်။

## လျှော်ကြီးနှင့် ရွှေအင်းလယ်

သက္ကရာဇ် ၁၃၁၇ ခုနှစ်၊ တန်ခူးလ (၁၉၅၆ ခုနှစ်၊ ဧပြီလ)ထဲတွင် ရေခါးအင်း၏ နောက်ဘက်ခြမ်းဖြစ်သော **''ရွှေအင်းလယ်စေတီ''** တည်ရှိရာ ကျွန်းကလေး၏ ပတ်ပတ်လည်မှ အခိုးအငွေ့များ ထူးထူးခြားခြား ထွက်ပေါ်ခဲ့လေသည်။

အင်းရေနှင့် ထိစပ်နေသော ကျွန်းကလေးနှင့် ရွှေအင်းလယ် စေတီတော်တစ်ဆူလုံးကို အခိုးအရောင်များက လွှမ်းခြုံသွားလေရာ စေတီတော်ကိုပင် ပျောက်ကွယ်သွားစေပါသည်။

ရှေးမီ လူကြီးသူမများက **''ရေပထ နဂါးကြီး နိုးထလာပြီ''**ဟု ပြောဆိုကြလေ၏။

နောက်နေ့များ၌လည်း ရေခါးအင်းကြီး၏ အနှံ့အပြားမှ အခိုးအငွေ့ တလူလူ ထွက်လာပြန်လေ၏။

ယင်းအခိုးအငွေ့များသည် **''ပုပ်အဲ့အဲ့ အနံ့ဆိုး''**အဖြစ် ပြောင်းလဲလွင့်ထုတ်လေတော့၏။ ရေခါး၊ ကျောက်တာ၊ စကျင် စသော ရွာများတိုင်အောင် မခံရပ်နိုင်လောက်အောင် စူးစူးဝါးဝါး ခံကြရသောကြောင့် ထိတ်လန့်တုန်လှုပ်ကြလေ၏။

ရေခါးရွာအနီး ရွှေမြင်မိတောင်နှင့် ရေခါးတောင်တို့မှာလည်း တောင်၏ နေရာအနှံ့အပြား၌ တောင်ခိုးတောင်ငွေ့များ ဆန်းကြယ်စွာ ပေါ်ထွက်ခဲ့ကြလေ၏။

**''ဂုဏ်နံ့သာ ဆရာတော်ကြီး''** မှ...

'အေးဟ... ဒါဆိုရင် လျှော်လှုပ်တတ်တယ်။ ငါခိုင်းတဲ့အတိုင်း လုပ်ထားကြ' ဟု မိန့်ကြားသောကြောင့် အိမ်ခါးပန်းများတွင် အကာအကွယ်ဂဏန်းများကို ထုံးနှင့်နနွင်း ဖျော်၍ လက်ခလယ်နှင့် ရေးဆွဲကြရလေ၏။ ထို့ပြင် လျှော်ဘေး ကာကွယ်သော ဂါထာများဖြင့် ရွတ်ဖတ်ကြရပါ၏။

တန်ခူး၊ ကဆုန်၊ နယုန် (၃)လ တိုင်အောင် ဘာမျှ မဖြစ်ပေါ်ခဲ့ဘဲ အေးချမ်းစွာ နေထိုင်ခဲ့ကြရလေ၏။ ဆရာတော်က **''ဂါထာများကို အားတိုင်း ရွတ်ကြ''**ဟု မြွက်ကြားသော်လည်း ထိုလျှော်ဆိုးကြီးသည် ဝါဆိုလဆန်း(၉)ရက်နေ့ ည(၉း၃၀) ခန့်တွင် **''အမေ့ကောက်၍ လှုပ်ချ''**လိုက်လေတော့၏။

စံချိန်တင် စစ်ကိုင်းလျှော်ကြီးသည်ကား စကေး(၆.၅)ရှိလေရာ လူ(၄၀)ခန့် ထိခိုက်ပြိုပိ သေဆုံးခဲ့ကြရလေသည်။

ရေခါးအင်းကြီးမှာလည်း [illegible]ိုင်း ဘောင်ဘင်ခတ်၍ အ[illegible]လယ်၌

 စာမျက်နှာ (၆၄) သို့

www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

နှလုံးရောဂါနဲ့ ပတ်သက်လာလျှင်

# တန်ခိုးရှင် နှလုံးအားတိုးဆေးကို တွေ့အောင်ရှာ

[တိုင်းရင်းဆေးပါးမှတ်ပုံတင်
ဓ၃၀၆ Y ၀၆၆၅၃
လိုင်စင်–၃/၂၀၀၄၊
တဆထလ (၁၂၅၁)]

မြောက်ဥက္ကလာပ မြို့နယ်၊ ရောက်တဲ့အခါ **"နှလုံးရောဂါနဲ့ ပတ်သက်လာရင် တန်ခိုးရှင် နှလုံးအားတိုးဆေးကိုတွေ့အောင် ရှာ"**ဆိုတဲ့ ဆိုင်းဘုတ်စာတန်းတစ်ခုကို စတွေ့စဉ်ကဖတ်ပြီး ပြုံးခဲ့မိပါတယ်။



အလေးအနက် မဘားမိရိုး အမှန်ပါ။ ဒါပေမယ့် ပန်းသတင်းလေညင်းဆောင်ဆိုသလို တန်ခိုးရှင် နှလုံးအားတိုးဆေးကို သောက်ပြီး၊ နှလုံးရောဂါ ဝေဒနာရှင်များ သက်သာပျောက်ကင်းသွားကြတဲ့ သတင်းကို တစ်ဆင့်စကားတစ်ဆင့်နားနဲ့ ကြားရဖန် များလာတဲ့အခါ စိတ်ဝင်တစား ရှိလာပါတယ်။

နှလုံးရောဂါအကြောင်းကိုလည်း သေသေချာချာ လေ့လာမိပြီး၊ အမြို့မြို့အနယ်နယ်မှာ ရှိတဲ့ နှလုံးရောဂါဝေဒနာရှင်များ သိရှိနိုင်ဖို့ အကျိုးမျှော် နှိုးဆော်တင်ပြလိုက်ပါတယ်။

ယနေ့ခေတ်တွင် အဖြစ်များသော ရောဂါများအနက် နှလုံးရောဂါလဲ အပါအဝင်ဖြစ်ပါတယ်။ နှလုံးဟာ ဟဒယဝတ္ထုရုပ် ဖြစ်ပါတယ်။ လူခန္ဓာကိုယ် ရင်၏ အတွင်းသားမြတ်နှစ်ခု အလယ် ပဒုမ္မာကြာငုံ သဏ္ဌာန်တည်ရှိပါတယ်။ လူခန္ဓာကိုယ် တည်ဆောက်မှုမှာ ဟဒယခေါ် နှလုံးဟာ အဓိကအကျဆုံး ဖြစ်ပါတယ်။

နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှ ကာလပတ်လုံး နေ့/ညမပြတ် အလုပ်လုပ်နေရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခု ဖြစ်ပါတယ်။ ခန္ဓာကိုယ်တစ်ခုလုံးမှာရှိတဲ့ လှည့်ပတ်နေတဲ့သွေးများကို သွေးဟောင်းက သွေးသစ်ဖြစ်အောင် ပြုလုပ်ပေးနေရပြီး၊ တစ်ကိုယ်လုံးရှိ သွေးကြောအားလုံးကို ပို့ဆောင်ဆက်သွယ်ပေးနေရတဲ့ စက်တစ်ခုဆိုရင် မမှားပါဘူး။

နှလုံးသွေး ပုံမှန်လည်ပတ်စေဖို့ အဓိက အချက်ကတော့ **ဝမ်းတွင်းမှာရှိတဲ့ လေ(ဝါယော)ဟာ အဓိကကျပါတယ်။** လေအားနည်းရင် သွေးအားပုံမှန်တွန်းမပို့နိုင်တဲ့အတွက် နှလုံးသွေးဟာ ပျစ်ခဲပြီး နှလုံးသွေးလည်ပတ်မှု အားနည်းလာပါတယ်။

အဲဒီအခါ **လေးဖက်နာ၊ လေငန်းလေဖြတ်ရောဂါများ** နောက်ဆက်တွဲ ဖြစ်ပွားလာနိုင်ပါတယ်။ ဒါကြောင့် နှလုံးရောဂါဟာ ဘယ်လောက် အရေးကြီးတယ်ဆိုတာ သိခွင့်ရခဲ့ပါတယ်။

နှလုံးတုန်ခြင်း၊ နှလုံးအောင့်ခြင်း၊ နှလုံးစူးခြင်း၊ မောခြင်း၊ ကျပ်ခြင်းတို့ဟာ သီတန္တဉဏှ ဝိရောဓိပစ္စယကြောင့် ဖြစ်လာရခြင်းပါ။ အချိုအဆိမ့် အဆီးအစေးများသော အစာအာဟာရများ လွန်ကျူးစွာ စားသုံးခြင်း၊ အရက်အမျိုးမျိုး၊ ဆေးလိပ်၊ စီးကရက်တို့ သောက်သုံးခြင်း၊ စိုးရိမ် ပူပန်မှုများခြင်း၊ ဖိမ်ခံမှုများခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်း၊ နေပူ မီးပူခံပြီး ရေချိုးခြင်း၊ ပန်ကာလေ၊ လေအေးစက်တို့တွင် နေထိုင်မှုများခြင်း စတဲ့ အကြောင်းအချက်များဟာ နှလုံးရောဂါ ဖြစ်ပွားလာရခြင်းရဲ့ အဓိကအချက်များ ဖြစ်ပါတယ်။

အဲဒီ နှလုံးရောဂါကို လျင်မြန်စွာ သက်သာပျောက်ကင်းစေတဲ့ ဆေးကတော့ တန်ခိုးရှင်နှလုံးအားတိုးဆေးပါပဲ။ ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေနိုင်တယ်ဆိုတော့ နှလုံးသွေးကြောကျဉ်းခြင်း/ကျယ်ခြင်း၊ နှလုံးခုန်နှုန်းမြန်ခြင်း၊ အသက်ရှူမဝခြင်း၊ အချိန်ပြည့် သွေးတိုးနေခြင်း၊ စိတ်ပင်ပန်းနွမ်းနယ်ခြင်း၊ ပြင်းထန်စွာ လှုပ်ရှားမှုကြောင့် မောပန်းခြင်း၊ အိပ်မပျော် စားမဝင်ခြင်း၊ သွေးအားနည်းခြင်း၊ ရင်တုန်မူးဝေခြင်း။

ကျောရင်ညှပ်အောင့်ခြင်း၊ လေထိုးလေအောင့်ခြင်း၊ နှလုံးစူး၍ အောင့်ခြင်း၊ မီးယပ်ထိမ်၊ မီးယပ်ကျန်၊ မီးယပ်ငုပ်ခြင်း စသည့် ရောဂါများအတွက် ရေလဲအမျိုးမျိုးဖြင့် သောက်သုံးနိုင်ပြီး ကလေးငယ်မှအစ ကျား/မ အရွယ်မရွေး သောက်သုံးပါက ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ အိပ်ပျော်စားဝင် အားအင်ပြည့်ဝပြီး လန်းဆန်းစေပါတယ်။ ဤဆေးကို နေ့စဉ် သောက်သုံးခြင်းဖြင့် ဘာကြောင့်မောမော အမောပြေစေပါတယ်။

အမြို့မြို့ အနယ်နယ်ရှိ နှလုံးရောဂါ ဝေဒနာရှင်များ အလွယ်တကူ ဝယ်ယူ သောက်သုံးနိုင်ရန် တန်ခိုးရှင်ဆေးတိုက်မှ မြန်မာပြည်တစ်ဝန်း ဖြန့်ချိ ရောင်းချလျက်ရှိကြောင်း မင်္ဂလာသတင်းကောင်း ပါးလိုက်ပါတယ်။

ပင်ရင်း
**တန်ခိုးရှင် ဆေးတိုက်**
အမှတ်–(၁၉၂)၊ ရော(ဂ)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း- ၀၉ ၈၆၃၅၂၂၅၊ ၀၉ ၂၅၀၀၁၅၀၈၇

မြှောင်းမြ မောင်ယဉ်တင့်



www.burmeseclassic.com

www.burmeseclassic.com




မဟာအောင်မြေ

ဇင်ကိုဦး
(ဂမ္ဘီရတောင်တန်း)

အလောင်းမင်းတရား ဦးအောင်ဇေယျ၏

# မဟာအောင်မြေ

"**ရတနာသိခ်**"ဆိုသော ရောဝတီမြစ်ကူးတံတားကြီးသည် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ကို ဆက်သွယ်ပေးထားသည်။

**တံတား၏ အရှေ့ဘက်ကမ်းမှာ မန္တလေးတိုင်းဒေသကြီး၊ ... မြို့ ရှိပြီး... တံတား၏ အနောက်ဘက်ကမ်းမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကျောက်မြောင်းမြို့ ရှိပါသည်။**

ကျောက်မြောင်းမြို့သို့ ရောက်တုန်းရောက်ခိုက်မှာ မဟာအောင်မြေရှိရာသို့ သွားရောက်ကြပါသည်။ "**မဟာအောင်မြေ မြတ်စွာဘုရား**"ဟူသော မုခ်ဝအတွင်းမှာ ဘုရားဂန္ဓကုဋိတိုက်တစ်ဆောင် ခိုင်ခိုင်မာမာ တွေ့ရှိရသည်။

ထို ဂန္ဓကုဋိတိုက်အတွင်း၌ ရုပ်ပွားတော်(၃)ဆူ

မဟာအောင်မြေ မြတ်စွာဘုရား၊ ဂန္ဓကုဋိတိုက်





www.burmeseclassic.com

www.burmeseclassic.com

ပူဇော်ခံထားရှိသည်။ (၂)ဆူမှာ ရှေးဟောင်းလက်ရာ ဖြစ်သည်။

အလယ်မှာ ရုပ်ပွားတော်ကြီးမှာ **"မဟာအောင်မြေ မြွတ်စွာဘုရား"** ဖြစ်ကြောင်း သိရသည်။ **အလောင်းမင်းတရား ဦးအောင်ဇေယျ ရေကြောင်းချီခါနီး ဤမြစ်ဆိပ်နေရာတွင်အောင်မြေနင်း ပူဇော်ကြောင်း** သိရသည်။

ဂန္ဓကုဋီတိုက်အနီးတွင် အရိပ်အာဝါသ အလွန်ကောင်းလှသော ညောင်ပင်ကြီးနှင့် အောင်မြေစေတီ ရှိသည်။ **"အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ မဟာအောင်မြေ"**ဟူ၍ ကျောက်စာတိုင်တွင် ဖော်ပြထားသည်။

ဤကျောက်မြောင်းဆိပ်မှသာ ရေကြောင်းချီ တပ်များ စတင် ထွက်ခွာကြရပြီး တိုက်ပွဲတိုင်း အောင်မြင်စေဖို့ ဤဆိပ်ကမ်းတွင် မြွတ်စွာဘုရားအား ပူဇော်ကန်တော့ကာ အောင်မြေနင်းကြရ၏။

ထို့ကြောင့် ဤနေရာတွင် အလောင်းမင်းတရား ဦးအောင်ဇေယျ၏ အောင်ခာတ်များ လွှမ်းပတ်တည်ရှိနေမည် ဖြစ်ပါသည်။

"မသိသူကျော်သွား၊ သိသူဖော်စား" ဆိုစကားအတိုင်း လောကီအောင်မြေအဖြစ် သိရှိသူများက "အောင်ခာတ်" ယူ၍ အောင်မြင်နိုင်ကြပါသည်။

လောကတွင် အောင်မြင်မှု ရရှိလိုသူတိုင်း တစ်ခါ တစ်ခေါက် သွားရောက်ကာ အောင်ခာတ် ရယူနိုင်ကြပါစေသတည်း။

**မင်းဏ္ဍဒ္ဒီ**
***(ဂမ္ဘီရတောင်တန်း)***



▲ အောင်မြေစေတီ

▼ ဂန္ဓကုဋီတိုက်အတွင်း သီတင်းသုံး ပူဇော်ခံထားသည့် ရှေးဟောင်း မဟာအောင်မြေဘုရားရုပ်ပွားတော်



▼ မဟာအောင်မြေရေဆိပ်မှနေ၍ ရတနာသိင်္ခ ဧရာဝတီမြစ်ကူးတံတားကြီးကို မြင်ရပုံ





www.burmeseclassic.com

www.burmeseclassic.com

# သွားကိုက်ပျောက်စေသည်

## မန္တန်တစ်ပုဒ်နှင့် အစီအရင်

ငယ်စဉ်ကတည်းက လောကီပညာ အစီအရင်များကို ဝါသနာထုံခဲ့သည်။ တစ်နေ့ ဦးလေးတစ်ယောက်က...

'ငါ့တူ...မင်းသိလားတော့ မသိဘူးကွာ၊ ငါ့မှာ သွားကိုက်ပျောက်တဲ့ မန္တန်တစ်ပုဒ်ရှိတယ်'

'ဟာ...ဦးလေးကလဲ မယုံပါဘူး။ ဦးလေးကို ဘယ်သူက ပေးလို့ သွားကိုက်ပျောက်တဲ့ မန္တန်ရတာလဲ'

'ဟေ...ငါ့တူကလဲ ကိုယ့်ဦးလေးကို အထင် တယ်သေးသကိုး။ ဒီလိုကွ... ငါ အောက်ပြည် ခရီးသွားရင်း ရခဲ့တာ'

'ဩော်...ဟုတ်လား'

'အေး...ငါးပါးသီလုံမှ၊ မန္တန်တွေ ထုံနေတဲ့သူမှ စွမ်းတာ၊ သာမန်လူဆိုရင်တော့ စွမ်းမှာ မဟုတ်ဘူးပေါ့'

'အင်းပါဗျာ... ပြောပြပါတော့ ဦးလေးရ'

ဦးလေးပြောပြသော သွားကိုက်ပျောက်မန္တန်မှာ **"ဉုံ"**တစ်လုံးတည်းသာ၊ သွားကိုက် မမန်းခင် **ဝါးခြမ်းကို အလုံးလေးတွေ လုပ်ပြီးရင် ဝါးထိပ်ဖျားကိုချွန်** စုစုပေါင်း ဝါးခြမ်း **အလုံး(၇)လုံး ပြည့်အောင်** ချောရမည်။ ဝါးခြမ်းအလုံးလေးများသည် အရှည်အတို မရှိစေရ၊ ညီတူညာတူ ဓားဖြင့် ဖြတ်ရမည်။ အရှည် တစ်ထွာဆို ရပါပြီ။

အသားပြား ခပ်သေးသေး တစ်ခုလိုပါမည်။ နောက် သွားကိုက်သည့် လူနာကို ပါးစပ်ဟခိုင်းပြီး ကိုက်သည့် သွားကို ဝါးခြမ်းအလုံးဖြင့် ထောက်ပြီး **"ဉုံ"**ဆို ရွတ်၍ အသားပြားခပ်သေးသေးဖြင့် ဝါးခြမ်းနောက်မြီးကနေ ရိုက်ပါ။ သတိအနေဖြင့် ထိုဝါးခြမ်းလုံးလေး ခုနစ်ခုကို တစ်ခုချင်း သွားကို ထောက်၍ အသားပြားခပ်သေးသေးဖြင့် ရိုက်ပါ။

ဝါးခြမ်းအလုံးလေး လူနာ သွားထောက်၊ အသားဖြင့် အရိုက်"ဉုံ" ဆိုပြီး ပါးစပ်အရွတ် အံခွင်တကျ ဖြစ်ရမည်။

ဝါးခြမ်းအလုံးလေး (၇)လုံး ထိုသို့ မန်းပြီး ညီတူညာတူ ဝါးခြမ်း အလုံးလေး ခုနစ်လုံးကို မီးဖိုထဲ ထည့်စိုက်ပါလေ။

ဝါးခြမ်းအလုံးလေး (၇)ခုလုံး ပြာဖြစ်သွားပါစေ။

အသုံးပြုသည့် မန္တန်မှာ **"ဉုံ" အက္ခရာ** တစ်လုံးတည်းသာ ဖြစ်သည်။

ဝါးခြမ်း အလုံးသေးသေးဖြစ်အောင် ဓားဖြင့် အချောသတ်ရမည်။ ဝါးခြမ်းအလုံး (၇)ခုစလုံး အရှည်အတို ညီရမည်။

ဝါးခြမ်းသည် သန့်သန့်ဖြစ်ရမည်။ အသားပြားဖြင့် အရိုက် "ဉုံ"ဆိုပြီး အရွတ် အံခွင်တကျဖြစ်ရမည်။

**မှတ်ချက်။ ။ သာသာလေး ရိုက်ပါ။**



ကျွန်ုပ်ကိုယ်တိုင် လူတော်တော်များများ ဤအစီအရင်ဖြင့် သွားကိုက်သူများ သွားကိုက်ဝေဒနာ ပျောက်ဖူးပါသည်။

မည်သည့် ကောင်းသည့် အလုပ်မဆို အကျင့်သီလ စရဏသည် အဓိကကျပါသည်။ နည်းစနစ်ကျမှသာ အစီအရင်တို့သည် စွမ်းပါသည်။

သွားကိုက်ဝေဒနာသည် အလွန်ခံရခက်သည့်ဝေဒနာ ဖြစ်သည်။

ထို့ကြောင့် ဤအစီအရင်လေးအား နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်သို့ ပို့ပေးလိုက်ပါတော့သည်။

**သွားကိုက်ဝေဒနာ ကင်းရှင်းကျန်းမာပါစေ ဆန္ဒပြုရင်း...**

**မနောဗေဒင်**
**(မြင်းမူမြို့၊ ပဲကူ)**



www.burmeseclassic.com

www.burmeseclassic.com

# ဆီးချိုသွေးချို ရောဂါရှင်များအတွက်

မင်းချမ်းမြေ့ (ပုသိမ်)



## ဆေးဖက်ဝင် အာဟာရ Diet ဟင်းလျာ စီမံနည်းများ[ ၅ ]

ဆီးချိုသွေးချိုရောဂါသမားများအတွက် စာရေးသူမှ ဆေးဖက်ဝင် Diet ဓာတ်စာ စားဖွယ်ရာတို့ကို ချက်ပြုတ်ဖန်တီးမှု နည်းစနစ်များကို တင်ဆက်ပေးရာတွင်…

ဆီးချိုသွေးချိုရောဂါအတွက် သွေးတွင်း သကြားဓာတ်ထိန်းညှိပေးရာတွင် သဘာဝထွက် လူသားတို့ နေ့စဉ်စားသုံးနေကြသော စားသုံးသီးနှံများထဲမှ ဆီးချိုရောဂါအတွက် အကျိုးပြု အာနိသင် သဘာဝတ္တိများ ကြွယ်ဝစွာ ပါဝင်နေသော စားသုံး သီးရွက်သီးနှံများကို **"ရောဂါလဲပျောက် လျှာလည်လောက်အောင်"** စားချင့်စဖွယ် ချက်ပြုဖန်တီးမှုအပိုင်းကို တင်ပြပါမယ်။

ထိုသို့ တင်ပြရာတွင် စားသုံးသီးနှံ တစ်မျိုးမှာ နှုတ်ခံတွင်း တွေ့အောင် ချက်ပြုတ်တဲ့ နည်းစနစ်များကို တတ်နိုင်သလောက် ကြိုးစားပြီး စုံလင်အောင် ရှာဖွေ၍ တင်ပြပေးရခြင်းမှာ…

"လူအမျိုးမျိုး စိတ်အထွေထွေ" ဆိုစကားလို ဆီးချိုရောဂါဒေဝနာရှင်များ မိမိတို့ အာရုံကျရာ စိတ်ဝင်စားစရာ ဆေးဖက်ဝင် ဟင်းလျာအမျိုးမျိုးတို့ကို ရွေးချယ်၍ စားသုံးနိုင်ရန်အတွက် ရည်ရွယ်၍ နည်းစနစ် စုံလင်အောင် တင်ပြပေးနေရခြင်း ဖြစ်ပါတယ်။

ယခုလဲ ဆီးချိုရောဂါအတွက် ဆေးဖက်ဝင်သော ခွေးတောက်ရွက် တစ်နေ့တစ်မျိုး မရိုးနိုင်အောင် တင်ပြရသော်…

### ၂။ ခွေးတောက်ရွက် ကြက်အရည်သောက် Soupဟင်း

ဤဟင်းလျာသည် အရက်စွဲ၍ အသည်းအားနည်းနေသူများ၊ အလုပ်ကြမ်း လုပ်ကိုင်ရ၍ ဒဏ်ပိ၊ အကြောအားနည်းနေသူများ၊ ဒူလာညောင်းကိုက် ဝေဒနာရှင်များနဲ့ ဆီးချိုရောဂါသမားများအတွက် ဆေးဖက်ဝင်အားဖြစ်စေတဲ့ဟင်းလျာ ဖြစ်ပါတယ်။

**ထိုဟင်းကို စီမံချက်ပြုတ်မယ်ဆိုရင်[ဆေးဖက်ဝင်ဟင်းလျာအနေနဲ့ ချက်မယ်ဆိုရင်]…**

ကြက်သားကို အိမ်ကြက်သား (မြန်မာကြက်သား)ကို သုံး၍ ချက်ပြုတ်မှသာ အစွမ်းအာနိသင် ရရှိပါမယ်။

*[အသားစားကြက်ကို မသုံးပါနဲ့]*

မြန်မာ့ အာဟာရဗေဒကျမ်းတစ်ဆူဖြစ်သော ဥတုဘောဇနသင်္ဂဟကျမ်းတွင် တောကြက်သား(အိမ်ကြက်)သည် ဆူဖြိုး၍ သြဇာဓာတ် ပြည့်ဝပြီး လေ,သည်းခြေကို နိုင်၏။

ခွန်အား ကုန်ခန်းသောအနာ၊ ပျို့အန် ဝမ်းပျက်နာ၊ ချမ်းဖျား တုန်ဖျား အဖျားနာစွဲပြီး နာလန်ထစ ရောဂါများအတွက် အထူးအကျိုးပြု၍ အားအင်ကို တစ်ခဏအတွင်း ပြည့်စေတယ်လို့ ညွှန်းဆိုထားပါတယ်။

**ခွေးတောက်ရွက်**ကလဲ မနုမရင့်(ငထွေရည်) အရွက်အညွှန့်ကို စားသုံးရပါမယ်။

<u>ပါဝင်ပစ္စည်းများ</u>

| | |
|---|---|
| ၁။ အိမ်ကြက်(မြန်မာကြက်) | ၃၀ ကျပ်သား |
| ၂။ ခွေးတောက်ရွက်(မနုမရင့်) | ၁ စည်း |
| ၃။ ချင်း | ၇ လွှာ |
| ၄။ ကြက်သွန်ဖြူ ဓားပြားရိုက်ပြီး | ၇ တက် |
| ၅။ ကြက်ရိုးပြုတ်ရည် | ၁ လီတာ |
| ၆။ ငရုတ်သီး,ကြက်သွန်ဖြူနီ တစ်စုံထောင်းစာ ***[အစပ်ကြိုက်ရင် ငရုတ်,ကြက်သွန် ထည့်၍ ဆီသတ်ပါ။]*** | |
| ၇။ အရသာမှုန့် | လိုသလောက် |



www.burmeseclassic.com

www.burmeseclassic.com

၈။ ငံပြာရည်အချိုရည် ၃/၄ ဇွန်း
၉။ ပဲဆီ ၃ ဇွန်း

ပါဝင်ပစ္စည်းများ ပြည့်စုံရင် ကြက်သားကို အရိုး၊ အသား ခွဲထုတ်ပြီး အသားကို ပါးပါးနဲ့ ခပ်ပြားပြား လှီးထားပြီး ဆားနနွင်းလူး၍ နှပ်ထားပါ။

ကျန်ကြက်ရိုးများကို ဆားနနွင်းနယ်ပြီး ရေနွေးဆူဆူ ထဲတွင် ထည့်၍ တစ်ဝက်ခန့်အထိပြုတ်ပြီး ကြက်ရိုး ပြုတ်ရည် အသင့်လုပ်ထားပါ။ *[၁–လီတာခန့် ရအောင် လုပ်ထားပါ။]*

ခွေးတောက်ရွက် မနုမရင့်(၁)စည်းကို သန့်စင် ဆေးကြောပြီး လက်(၁)လုံးခန့်အရွယ် ပါးပါးလှီးထားပါ။

ပြီးရင် အစပ်အရသာနဲ့ ကာလသားချက် ကြက် သောက်ဆမ်း အရသာမျိုး ကြိုက်လျှင် ငရုတ်သီး၊ ချင်း၊ ကြက်သွန်ဖြူနီထောင်းနဲ့ ဆီသတ်၍ ချက်ရပါမယ်။ *[အစပ်မကြိုက်ရင် ချင်းနဲ့ ကြက်သွန်ဖြူ(၂)မျိုးတည်း နဲ့သာ ဆီသတ်၍ ချက်ပါ။]*

ဆား၊ နနွင်းနယ်ပြီး နှပ်ထားတဲ့ ကြက်သား အသား များကို ငရုတ်၊ ကြက်သွန်ဖြူနီ၊ ချင်း ဆီသတ်၍ လိပ်လာ တဲ့အချိန်မှာ ကြက်သားများကို ထည့်၍ မွှေပေးပြီး လုံးရေခန်းတဲ့အထိ ဆီသတ်ပေးပါ။

ဟင်းတစ်အိုးစာ အနေတော် ငံပြာရည် ဟင်းခတ် အရသာမှုန့်တို့ကို တစ်ခါတည်း ခတ်ပေးပြီး ကြက်ရိုး ပြုတ်ရည်များကို လောင်းထည့်၍ ဆူပွက်လာတဲ့အထိ တည်ပါ။

ဟင်းရည်ဆူပွက်လာရင် နဂိုကတည်းက ကြက်သား ကို ပါးပါးလှီးထားလို့ ဟင်းရည်ဆူတာနဲ့ ကြက်သား ကျက်ပြီဖြစ်၍ ဒီအချိန်မှာ ခွေးတောက်ရွက် လှီးထား သည်များကို ဟင်းအိုးထဲသို့ ခတ်ထည့်လိုက်ပြီး ဟင်းအိုး ကို မီးဖိုပေါ်မှ ချလိုက်ပါ။

ခွေးတောက်ရွက် ထည့်ပြီးတာနဲ့ ဟင်းရည်အပူရှိန်နဲ့ မီးဖိုပေါ်ဆက်ပြီး တည်ထားရင် ခွေးတောက်ရွက်မှာပါတဲ့ အာနိသင်ဓာတ်များ လျော့နည်းသွားတတ်တာမို့ ဟင်း ရွက်ခတ်ပြီးတာနဲ့ တစ်ခါတည်း ဖိုပေါ်မှ ချလိုက်ပြီး…

ခွေးတောက်ရွက် ကြက်အရည်သောက် Soupဟင်း ကို စိတ်ကြိုက်သုံးဆောင်နိုင်ပါပြီ။

## ၃။ ခွေးတောက်ရွက်နဲ့ ကြက်ဥကြော်

ဤဟင်းလျာသည် အထူးအားဖြင့် ခါးနာ အကြော အားနည်းခြင်း၊ ပန်းအားနည်းခြင်းအတွက် အလွန် အကျိုးပြုပါတယ်။ **[ဆီးချိုရောဂါရှင် အမျိုးသားများ အများစုမှာပန်းအားနည်းခြင်း၊ ပန်းညှိုးခြင်းကို မလွဲ မသွေ ခံစားရတတ်ပါတယ်။]**

ဒါကြောင့် ဆီးချိုသမားများရဲ့ ဆေးဖက်ဝင် Diet ဟင်းလျာဖြစ်ပါတယ်။

ပါဝင်ပစ္စည်းများ

၁။ ခွေးတောက်ရွက်မနုမရင့် ၁ စည်း
၂။ အိမ်ကြက်ဥ(ဗမာကြက်ဥ) ၃ လုံး
၃။ ကြက်သွန်ဖြူ ၁၅ တက်
၄။ ငရုတ်ကောင်း ၁၅ စေ့
၅။ နှမ်းဆီစစ်စစ် ၃/၄ ဇွန်း

အားလုံး ပြည့်စုံပြီဆိုရင်…

▲ **ခွေးတောက်ရွက် မနုမရင့်(ဓေတွရည်) (၁)စည်းကို သန့်စင်ပြီး ပါးပါးရိုပ်ရိုပ် လှီးထားပါ။**

▲ **အိမ်ကြက်ဥ(ဗမာကြက်ဥ) (၃)လုံးကို ဖောက်ပြီး ဆား–အရသာမှုန့် သင့်ရုံခတ်ပြီး မွှေခေါက်ထားပါ။**

▲ **ကြက်သွန်ဖြူ(၁၅)တက်ကို ပါးပါးလှီးထားပြီး ငရုတ် ကောင်း(၁၅)စေ့ကို ခေါပြားရိုက်ထားပါ။**

ပြီးရင်…

ဒယ်အိုးတွင် နှမ်းဆီစစ်စစ်ကို ဆီအပူပေးပြီး ကြက် သွန်ဖြူ၊ ငရုတ်ကောင်းတို့ကို ထည့်၍ ဆီသတ်ပြီး ကြက်ဥ ကိုထည့်၍ ကြက်ဥ မခဲခင်မှာ ခွေးတောက်ရွက် ပါးပါး လှီးထားတာများကို အပေါ်မှ အုပ်ထည့်လိုက်ပြီး မီးအေး အေးနဲ့ အထက်အောက် လှန်ပေးပြီး ကြော်လိုက်ရင် ခွေးတောက်ရွက်ကြက်ဥကြော် ဟင်းလျာကို သုံးဆောင် နိုင်ပါပြီ။ ဤဟင်းလျာကို အမျိုးသားများ မကြာခဏ စားသုံးပေးရင် ယောက်ျားတံခွန်ထောင်လွှား အားရှိ၍ ကျန်းမာစေပါတယ်။

**[ရှေ့အပတ်တွင် ဆီးချိုရောဂါသမားများအတွက် Diet စားဖွယ်ရာ "ကြက်သံပရာပေါင်း ဟင်းလျာ" ကို တင်ပြပေးပါမည်။]**

*စားသမျှ ဆေးဖြစ်၍ ကျန်းမာကြပါစေ…*

**မင်းချမ်းမြေ့(ပုသိမ်)**



www.burmeseclassic.com

www.burmeseclassic.com

စာမျက်နှာ (၆၃)မှ အဆက်

ရေလုံးကြီးများ ပွင့်ထွက်ပေါ်ထွက်ခဲ့သည်ဟု ဆိုကြပါသည်။

ရေခါးအင်း၏-မြောက်ဘက်စွန်းမှ ရွှေအင်းလယ်စေတီကျွန်းတိုင်အောင် အက်ကွဲကြောင်းကြီး ဖြစ်သွားလေ၏။

ကျွန်းကလေး တစ်ကျွန်းလုံး ယိမ်းထိုးသွားခဲ့သော်လည်း "ရွှေအင်းလယ်စေတီ" မှာ ထိခိုက်ပြိုပျက်ပဲ့ကြွေခြင်း မဖြစ်ခဲ့၊ ထူးခြားလှပေစွ။

အနောက်ဘက်ကမ်းမှ ရွှေအင်းလယ်ကျွန်းသို့ ဆက်သွယ်ထားသော တံတားမှာမူ အင်းရေထဲသို့ ပြိုကျပျက်စီးသွားလေ၏။

ပြန်လည်ပြုပြင်မည့်သူ မရှိသောကြောင့် ရေနည်းပါးချိန်တွင် အင်းရေထဲမှ ဆင်းသက်၍ ရွှေအင်းလယ်စေတီသို့ တက်ရောက် ဖူးမြော်ကြရလေသည်။

နောင်အခါ၌ ရေခါးရွာသူအစ်ကို (၄)ဦးတို့မှ ဘုရားဝတ်ပြုရန် ဓမ္မာရုံ တည်ဆောက်ခြင်း၊ စေတီတော်ကို မွမ်းမံခြင်း၊ ထုံးသင်္ကန်းကပ်လှူခြင်းများ ပြုလုပ်ကြလေ၏။

စေတီတော်သို့ တက်ရောက်ရန် သစ်သား တံတားကလေးကိုလည်း ကိုယ်တိုင်ပင် ဆောက်လုပ်လှူဒါန်းကြလေ၏။

ဘုရားပွဲတော်ကိုလည်း ဆွေမျိုးစုများဖြင့် နှစ်စဉ် ကျင်းပကြပါသည်။

အလှူရှင်များကား **ဆရာဦးကျော်သန်း၊ ဦးမြင့်ဌေး၊ ဦးကျော်ဝင်း၊ ဦးမင်းမင်းနှင့် ဦးသန်းဇော်ထက်**တို့ မိသားစု ဖြစ်ပါသည်။

ရွှေအင်းလယ်စေတီ၏ ဉာဏ်



▲ ရေခါးအင်းကြီးအား မြောက်ဘက်တောင်ကုန်းမှ မြင်ရပုံ

▼ လှုတ်တိုင်မှ ခိုကိုးရာမဲ့ ကချွေများ နေထိုင်ရာ

လှုတ်တိုင်တံတားကလေးအား တွေ့မြင်ရပုံ



တော်မှာ (၁၈)ပေ ရှိပါမည်။

ခမ်းနားကြီးမားလှသော စေတီတော်ကြီး မဟုတ်မူ၍ လွန်စွာ ထူးခြားသော စေတီဖြစ်ခြင်းကြောင့် နှစ်ပေါင်း(၆၆၀)ကျော် တည်ရှိနေခြင်း ဖြစ်လေသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်ကြီးမှ အင်းတော်ကြီး **"ရွှေမဥ္ဇူစေတီ"**ကဲ့သို့ လည်းကောင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း အင်းလေးကန်မှ အလိုတော်ပေါက်စေတီ တည်ရှိနေသကဲ့သို့ တင့်တယ်ကြည်ညိုဖွယ် စေတီထူး ဖြစ်လေ၏။

### ပုံဟန်တော်

ရွှေအင်းလယ်စေတီ၏ မုခ်ဝက် ရေခါးအင်းအား မျက်နှာပြုထားသောကြောင့် ရွှေမြင်မိတောင်နှင့် ရွှေမြင်မိစေတီကို မျက်နှာချင်းဆိုင်ထားရှိဟန် ဖြစ်ပါသည်။

ဖိနပ်တော်အလျားမှာ ဉာဏ်တော်အတိုင်း (၁၈)ပေမျှ ရှိနေသည်။ အမြင့်မှာ (၁)ပေ (၆)လက်မ ဖြစ်၍ ပါပထောင့်များစေ့ခြင်သေ့ပုံ

www.burmeseclassic.com

(၄)ကောင်တို့က ဟန်ရေးပြနေလေ၏။

စေတီတော်၏ ပထမပစ္စယံထောင့်များတွင် **တောတောင်ဘီလူးကြီး(၄)ဦး**တို့က သန်လျက်တစ်လက်စီ ကိုင်ဆောင်ကာ ယာပခုံးထက် ထမ်း၍ ညာဒူးထောင်အသင့်အနေအထားဖြင့် စောင့်ကြပ်နေပုံဖြစ်သည်။

တောဘီလူးကြီး (၄)ဦးတို့မှာ **ရင်စည်းပဝါ အစိမ်းရောင်များစည်းနှောင်ထားခြင်းကြောင့်** တစ်မူထူး၍ နေပါသည်။

ဒုတိယနှင့်တတိယ ပစ္စယံများ၌ ရှိုရှင်းစွာ ထားရှိသောကြောင့် စေတီတော်အား ထင်ရှားပေါ်လွင်ရန် အထောက်အကူ ဖြစ်နေစေသည်။

ကြာပလ္လင်သုံးဆင့်၏ ပလ္လင်ထက်၌ ရွှေခေါင်းလောင်းတော်အား ရွှေခါးစည်းတော်ဖြင့် လောကီအကျိုးစီးပွား၊ လောကုတ္တရာ အကျိုးကို ဖော်ကျူးထားဟန် ဖြစ်လေ၏။

ရွှေဖောင်းရစ်တော်များကား လူ့ဘောင်လောက၏ လောဘ,ဒေါသ,မောဟ,မာန်မာနများ ကင်းပ၍ ငြိမ်းချမ်း အေးမြချမ်းသာစေဖို့ အထူးပြုထားသည့် မွန်မြတ်သန့်စင်သည့် သဘောကို ဆောင်ယူထားပါသည်။

**စေတီတော်၏ အား(၅)ပါး**

၁။ သီဟပတေ့ဘွဲ့ခံ မင်းပြောက်မင်းကြီး၏ "သာသနာတော် ဖြန့်ကြက်ရာ" အရေးပါသော စေတီယ ဌာနကောင်းဖြစ်ခြင်း။

၂။ စေတီတော်တည်ရှိရာ နေရာမြတ်အမှန်ဖြစ်ခြင်း။

၃။ ကောင်းသော ဘေးဘျမ်းမှ ကင်းဝေးသော အေးချမ်းရာဖြစ်ခြင်း။



▲ ရွှေအင်းလယ်စေတီတော်အနီးမှ သိုက်နန်းရှင်များ နေရာအား လှပစွာ တွေ့မြင်ရပုံ

▼ လှတ်တိုင်းမှတာဝင် ရွှေအင်းလယ်စေတီသို့အကူး လုပ်တိုင်းတံတားကလေး



၄။ ဘုန်းရှိရတ်များ၊ သိုက်စောင့်များ၏ ကူညီပံ့ပိုးစေသည့် ကျွန်းဖြစ်ခြင်း။

၅။ ဂန္ဓာရီပုဂ္ဂိုလ်များအတွက် သီလ,သမာဓိဆန်းစစ်နိုင်သော ဌာနကောင်းဖြစ်သည့်အတွက် အားငါးပါးနှင့် အကျိုးများစေမည့် စေတီတော် ဖြစ်ပါသည်။

အကြောင်းဆုံ၍ လမ်းကြုံလို့ဖြစ်စေ၊ ဘဝတက်လမ်း စခန်းဖြန့်လို၍ ဖြစ်စေ စိတ်ရှုပ်စိတ်ညစ်လို့စိတ်သစ် ပြင်လိုတယ်ဆိုပါလျှင် "ရွှေအင်းလယ်စေတီတော်" သို့ တစ်ခါတစ်ခေါက် လာရောက်စေဖို့ ဖိတ်ခေါ်လိုက်ရပါသည်။

***သက်ရှည်ကျန်းမာ အဝေရာ ဘေးမခ အေးမြချမ်းသာ ကြပါစေ...***

**အောင်ရွှေမြတ်**
***(စစ်ကိုင်းတောင်)***

ကိုးကားကျမ်းစာ

၁။ ရွှေမြင်မိဘုရားသမိုင်း၊
၂။ စည်းခုံကြီးစေတီ မှတ်တမ်း (ဦးမျိုးမြင့်)၊
၃။ သမြူးမြသောင်း၏ စစ်ကိုင်းဘုရားများ၊
၄။ စစ်ကိုင်း နှစ်(၇၀၀)မဂ္ဂဇင်း၊
၅။ မှန်နန်းရာဇဝင်။



www.burmeseclassic.com

▶ ကြော်ငြာ ဆောင်းပါး ◀

• မှတ်ပုံတင် - ၀၁၁၄၄/၀၁၀၇၃၆ လိုင်စင် ၇၂/၂၀၁၁၊ တဘဏ္ဍာလတိုး (၁၁၂) •

# နှလုံးရောဂါ ကင်းဝေးအောင်

# မုံရွာဆရာမိုး

အမှတ်တံဆိပ်

# အမောလုံ နှလုံးအားဆေးကိုဆောင်

" ဆရာကိုယဉ်တင့်နဲ့ တွေ့ချင်နေတာ အတော်ပဲ။ ခုတလော အသက်ရှူကျပ်ပြီး မောတယ်ဗျာ။ ညဘက်လည်း အိပ်မပျော်ဘူး။ တစ်ခါတစ်ရံ နှလုံးနေရာက အောင့်တယ်။ ကိုယဉ်တင့်က တိုင်းရင်းဆေး သုတေသီဆိုတော့ ကျွန်တော့်ရဲ့ ဝေဒနာကို ဆန်းစစ်ပါဦး "

" ကိုချစ်ဆွေ ခံစားနေရတာ နှလုံးရောဂါပါ။ နှလုံးရောဂါဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတအောင် နေထိုင်စားသောက်မှုမရှိတဲ့ အတွက် ဖြစ်ရတဲ့ရောဂါပါ။ အထူးသဖြင့် စိတ်ကြောင့် ဖြစ်ရတာများပါတယ်။ လောဘ၊ ဒေါသ၊ မောဟ လွန်ကဲတဲ့သူတွေ ပံရိဒေပမီးပောက်ပေောင်ပြီး၊ နှလုံးအိမ်ကို ပေောင်မြိုက်တဲ့အတွက် နှလုံးရောဂါဖြစ်စေတာပါ "

" နှလုံးရောဂါဟာ စိတ်ကြောင့်ဖြစ်ရတယ်ဆိုတာ လက်ခံပါတယ်။ ဆက်ပြောပါဦး "

" နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှကာလပတ်လုံး နေ့၊ ညမပြတ် အလုပ်လုပ်ရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခုပါ။ နှလုံးရောဂါ ခံစားနေရတာမသိဘဲ သန္ဓိပါတ်နှလုံးရောဂါဖြစ်လာပြီဆိုရင် ညဘက် အိပ်မပျော်ခြင်း၊ မူးခြင်း၊ မောခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပူခြင်း၊ အသက်ရှူကျပ်မောခြင်း၊ နှလုံးနေရာမှ အောင့်ခြင်း၊ ခြေဖျားလက်ဖျားအေးခြင်း၊ ဘယ်သူမှ စကားမပြောဘဲ စကားပြောသံကြားရခြင်း(စိတ်မှ ထင်မှတ်ခြင်း)၊ နှလုံးနေရာမှာ အပ်နဲ့ ဆွသလို နာကျင်ခြင်း၊ လက်သည်းခွံအရောင်မမှန်ခြင်း၊ လက်သည်းများပြာ နှမ်းလာခြင်း၊ အိပ်နေရင်း ကယောင်ကတမ်းပြောခြင်း၊ သွေးစမ်းကြည့်ပါက သွေးတိုးမမှန်ခြင်း၊ နှလုံးနေရာ အောင့်နေခြင်း၊ တစ်ကိုယ်လုံး အေးစက်နေခြင်း၊ လေးလံနေခြင်းစတဲ့ လက္ခဏာတွေ ဖြစ်တတ်တယ် ကိုချစ်ဆွေ "

" ကိုယဉ်တင့် ပြောခဲ့တဲ့ နှလုံးရောဂါလက္ခဏာတွေထဲက ကျွန်တော် ခံစား နေရတဲ့ အချက်သုံးမျိုးနဲ့ တူတယ်ဗျ။ ဒါဆို ဘာဆက်လုပ်ရမှာလဲ "

" ကိုချစ်ဆွေ ခံစားနေရတာ ဘယ်လောက်ကြာပြီလဲ။ ဖြစ်တာ မကြာသေးဘူးဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပြီး ရောဂါသက်ကြာရင်တော့ ဆေးရုံဆေးခန်းပြရမှာပေါ့ "

" ကျွန်တော် ခံစားနေရတာ ဆယ်ရက်၊ ဆယ့်ငါးရက်လောက်ပဲ ရှိသေးတယ် "

" ဒါဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပါတယ် "

" သက်သာပျောက်ကင်းဖို့ဆိုရင် ဘယ်ဆေးစားရင် ကောင်းမယ်ဆိုတာ ကိုယဉ်တင့် ညွှန်ပြပေးပါဦး "




" သမားတော်ကြီး မုံရွာဆရာမိုးကိုယ်တိုင် ကုသအောင်မြင်ခဲ့တဲ့ မုံရွာဆရာမိုး အမှတ်တံဆိပ် **အမောလုံနှလုံးအားဆေး** သောက်ရင် ကိုချစ်ဆွေ ခံစားနေရတဲ့ နှလုံးရောဂါဟာ အချိန်ကိုအတွင်း သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

" ဒါဆို မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးသောက်မယ်ဗျာ။ ဆေးအညွှန်းကို သိပါရစေ "

" ကဲ ကိုချစ်ဆွေ နားထောင် ပြောပြမယ်။ အညွှန်းက နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ ရင်ညွှန့်၌ စူး၍ အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးပိုးခြင်း၊ ကျောနှင့်ရင် ညှပ်အောင့်ခြင်း၊ နှလုံးပဲ့ခ်ရင်မှန်မောပန်းနွမ်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ်လှုပ်ရှားရုံဖြင့် မောပန်းခြင်း၊ ချွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းခြင်း မူးဝေခြင်း၊ စိတ်ဖိစီးမှုများ၍ အိပ်မပျော်၊ စားမဝင်၊ စိတ်မကြည်ခြင်း၊ အားအင်ကုန်ခမ်းစိတ်မရွှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်တယ်တဲ့ "

" ကိုယဉ်တင့် ညွှန်မှတော့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားတိုးဆေးဟာ ဆေးစွမ်းကောင်းတစ်လက်ဖြစ်တာ သေချာတယ်၊ သောက်မယ်ဗျာ။ အဲဒီဆေးကို ဘယ်ဆိုင်တွေမှာ ဝယ်ရင်ရနိုင်မှာလဲ "

" အဆီကျ၊ အကြောပြေ၊ ဆီး၊ ဝမ်း မှန်စေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံး ဝမ်းမှန်ဆေးဟာ တိုင်းသိပြည်ကျော်ဖြစ် ပြီးသားမို့ အထူးညွှန်းစရာမလိုတဲ့ ဆေးဖြစ်ပြီး ခုအသစ်တဖန် ထုတ်လုပ်လိုက်တဲ့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးကိုလည်း မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် ဝယ်ယူရရှိနိုင်ပါတယ်။ ကဲ ကိုချစ်ဆွေ ယုံယုံကြည်ကြည် သောက်ကြည့်လိုက်စမ်းပါ။ ခင်ဗျား ခံစားနေရတဲ့ နှလုံးရောဂါဝေဒနာဟာ သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံး ဖြန့်ချိပေးနေပါပြီ။

ပင်ရင်း

**မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊**

အမှတ်-(၅၂/၃၅၆)မောစီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊

ရန်ကုန်မြို့။ ဖုန်း၀၁-၆၉၁၀၇၉ ၊ ၀၉-၅၁၈၈၆၃၂

- - - - - - - - - - - - - - - - - - - -

**ဖြောင်းဖြ မောင်ယဉ်တင့်**



www.burmeseclassic.com

www.burmeseclassic.com



▲ နတ်ရေတွင်းကျောင်းမှ ဦးပဋ္ဌာန်းကြီး



▲ စာရေးသူအား တောင်ပေါ်မှ ဘုရားများကို လိုက်ပို့ပေးသော နတ်ရေတွင်းကျောင်းမှ ဦးပဋ္ဌာန်း



# အဝါရောင် မြွေကြီး

**ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်အတွင်းမှာ တည်ရှိသော နတ်ရေတွင်းကျောင်း၏အထက် တောင်ပေါ်တွင် ဘုရားနှစ်ဆူ တည်ရှိ၏။**

**အင်းဖိုအင်းမ ဆရာတော် ဦးခန္တီးမှ ဦးစီးတည်ထားခဲ့၏။ အပျို,လူပျိုများ၏** လုပ်အားဒါနဖြင့် တည်ထားခဲ့သောကြောင့် အပျိုလူပျိုဘုရားဟုလည်း အမည်တွင်၏။

ထိုဘုရားပျက်များကို မိုးညှင်းမြို့မှ ဒကာမတစ်ဦးက ပြန်လည် ပြုပြင်ခဲ့၏။

ထို ဘုရားဒကာမသည် ၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်နေ့တွင် နတ်ရေတွင်းကျောင်းကို ဉပုသ်စောင့်ရန် လာရောက်ခဲ့၏။

ထိုဒကာမကို ကျောင်းကို အရင်ရောက်နှင့်နေသော တူဖြစ်သူက ဓာတ်ပုံတစ်ပုံ အမှတ်တရ ရိုက်လိုက်၏။ ထိုဓာတ်ပုံသည် တော်သလင်းလရောက်မှ ပြန်လည်ကြည့်လိုက်သောအခါ ဓာတ်ပုံထဲတွင် မြွေတစ်ကောင်၏ပုံ ပေါ်နေ၏။

**ထိုဓာတ်ပုံကို ကူးယူသောအခါ ကွန်ပျူတာဖြင့် ထိုမြွေကို ဖယ်ထုတ်သော်လည်း ထုတ်၍ မရပေ။ လူပုံကိုတော့ ဖျက်ထုတ်၍ ရ၏။ ကွန်ပျူတာထဲတွင် မြွေ၏ အရိုးအဆစ်လေးများပါ ပေါ်လွင်ထင်ရှားနေ၏။**

ထိုအကြောင်းကို နတ်ရေတွင်းကျောင်းမှ ဦးနေ





www.burmeseclassic.com

www.burmeseclassic.com



ဘုရားအကာမနှင့် အဝါရောင်မြွေကြီး

ဦးပဥ္စင်း ဦးပညောဘာသကို လျှောက်ထားမိ၏။ ထိုအကြောင်းကို မလျှောက်ထားမီ ည(၁၂)နာရီခန့်ကပင် ထိုမြွေကြီးကို ဦးပညောဘာသကလည်း တွေ့ရှိလိုက်ရ၏။

မနက် ရေနွေးအိုးကျိုပြီး ဓာတ်ဘူးထဲ ရေနွေးဖြည့်သောအခါ ထိုအရောင် မြွေကလေးသည် ဓာတ်ဘူးပေါ် တက်လာသည်ကို တွေ့လိုက်ရပြန်၏။

ဘဝတွေ၏ ပဋ္ဌာန်းဆက်တွေသည် ဆန်းကြယ်၏။ ဘဝများစွာ ကျင်လည်ရာ သံသရာတွင် မတော်စပ်ခဲ့ဘူးသော ဆွေမျိုးဟူ၍ မရှိပေ။

ထိုမြွေနှင့် ထိုဒကာမသည် မောင်နှမတော်စပ်ကြခဲ့ဖူးပါသည်။

ထိုဦးပဥ္စင်းသည် ထိုဒကာမ မေးလျှောက်လာသော မေးခွန်းကို တိုက်ရိုက်ဖြေဆိုရန် ခက်နေသောကြောင့် ဘုရားထီးတင်ပွဲရက်တွင် ပွဲတင်ရန်နှင့် နောက်(၃)ရက်ရှိလျှင် ဆိုင်ရာက ဖြေလိမ့်မည်ဟုသာ အမိန့်ရှိလိုက်သည်။

(၃)ရက်အတွင်းမှာပင် ထိုဒကာမအား အိပ်မက်ထဲတွင် သံဃာတော်(၅)ပါး ဆွမ်းကပ်ရန် အိပ်မက်ပေးလာ၏။ ထိုဆွမ်းကပ်ပွဲနေ့မှာပင် နတ်ရေတွင်းကျောင်းနှင့် မနီးမဝေးမှ ဘုရား(၅)ဆူမှ ရှမ်းတိုင်းရင်းသားဒကာမများကလည်း ထူးထူးခြားခြား ရောက်ရှိလာခဲ့ပါသည်။

လက်အုပ်ချီထားသော လက်များသည် မြွေတစ်ကောင် လာသကဲ့သို့ ရောက်ရှိလာကြပါသည်။

**ဘုရားထီးတော် မတင်မီ တောင်အတက်လမ်းကို ဖယောင်းတိုင်မီး(အတက်ဝရီး၊ အဆက်မီး)ပူဇော်စရာ "အလယ်ဖယောင်းတိုင်မီး ငြိမ်းသောကြောင့် ဘုရားထီးတင်ပွဲနေ့တွင် ဒါးလယ်"မှ ဘုရားသည် ကြန့်ကြာမှု ဖြစ်ပေါ်ခဲ့ရပါ သည်။**

ထီးတော်တင်ပွဲနေ့တွင် စည်ကားလှသော လူအုပ်ထဲတွင် အစိမ်းရောင်ဝတ်စုံနှင့် လူအများထက် ထွားကျိုင်းနေသော လူတစ်ယောက်ကိုတော့ ထိုဦးပဥ္စင်းမှ လွဲ၍ မည်သူကမှ သတိမပြုမိလိုက်ကြတော့ပေ။

ထိုဦးပဥ္စင်းကြီးသည် ရွှေပေါ်ကျွန်းဆရာတော် သက်ရှိထင်ရှားရှိစဉ်ကတည်းက သွားရောက်၍ သက်သတ်လွတ်စားကာ သရဏဂုံပုတီးများကို စွဲမြဲစွာ ကျင့်ကြံအားထုတ်ခဲ့သူလည်း ဖြစ်နေပါတော့သည်။

**လွယ်ကောင်းအောင်**



F.10B. September, 2018.

www.burmeseclassic.com

www.burmeseclassic.com

သမုဒယနဲ့ ထွေးနေတဲ့ လူ့ဘဝရဲ့ အရေးဆိုတာ ပြုပြုသမျှ တစ်ခုကမှ မအေးတတ်ပါဘူး။ ဒါကြောင့် လုပ်သမျှ ဒုက္ခလို့ ပြောကြတာပေပဲ။

လူ့လောက ဘုံဓမ္မတာမှာ ကြုံလာဆုံလာသမျှဟာ လောကဓံရှစ်ပါးရဲ့ စက်ဝန်းအတွင်းမှာ စက်ကွင်း မလွတ်နိုင်ပါဘူး။

အကောင်းလေးခု အညံ့လေးခု တစ်ခုခုနဲ့တော့ ရင်ဆိုင်ကြုံတွေ့ရမြဲပါ။

ဥစ္စာကံစောင့်၊ အသက်ဉာဏ်စောင့်သတဲ့။ ကိုယ့်ဘဝ ရေးကို သတိသမ္ပဇဉ်နဲ့ ဉာဏ်ယှဉ်ပြီး ထိန်းကျောင်းပေး တတ်ရင် ကံမပွင့်ပေးသရင် ကံပွင့်လာမယ်။ ကံညံ့ရင် ကြိုတင်ပြင်ဆင် ပြုပြင်နိုင်မယ်။ ကံမကောင်း အကြောင်း မလှရင်လဲ ကံကောင်းပြီး အကြောင်းလှစေမယ် မဟုတ် ပါလား။

"**ဃရာဝါသော ဗဟုကိစ္စော**"တဲ့။ ကိစ္စများမြောင် လူတို့ဘောင်မှာ အဓိကကျတာကတော့ အိမ်ထောင်ရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး ဆိုတဲ့ အရေးတွေ ပါပဲ။

မျက်မှောက်ပြုနေတဲ့ ပစ္စုပ္ပန်ကာလမှာ ကိုယ့်ရဲ့ဘဝ ဟာ ဒီအရေးလမ်းကြောင်းတွေထဲက ဘယ်အရေး လမ်းကြောင်းမှာ ညံ့နေသလဲ။

ဒါ ကြိုတင်သိဖို့ အရေးကြီးတယ်လေ။ ဒီလို ကြိုတင် သိထားမှလဲ ပြုနိုင် ပြင်နိုင် လုပ်နိုင်ရမှာပေါ့။

အဲဒီ အရေးလမ်းကြောင်း လေးခုထဲက တစ်ခုခု ညံ့နေတာကို ရှာတွေ့ဖို့ ဒီနည်းလမ်းကို **မိုးကုတ်မြို့ ကျေးရူးရှင် မြို့ဦးလွင်ဆရာတော်က** စာရေးသူကို ကရုဏာရှေ့ထားပြီး မေတ္တာနဲ့ ပေးသနားခဲ့ပါတယ်။

စာရေးသူကလဲ အများပြည်သူတို့ ရစေဖို့ အကျိုး မျှော်ပြီး မျှဝေလိုက်ပါရစေ။

အခု စာရေးသူ တင်ပြမယ့်နည်းက ကိုယ့်ဘဝရဲ့ အညံ့လမ်းကြောင်း တွေ့အောင်ရှာပြီး ကြိုတင်ပြင်ဆင် ရောရှိတာ ပြင်ဆင်လို့ လွတ်အောင်ရှောင်နိုင်ဖို့ နည်းလမ်းပါ။

သဘောကတော့ သတိသမ္ပဇဉ်နဲ့ ဉာဏ်ယှဉ်လို့ ကံကိုပြင်တဲ့ သဘောပဲ။



မင်းရဲထွဋ်

သတိသမ္ပဇဉ်နဲ့ ဉာဏ်ယှဉ်လို့

# ကံပြင်ရအောင်

## အညံ့ကို တွေ့အောင်ရှာနည်း

မျက်မှောက်ပြုနေတဲ့ ပစ္စုပ္ပန်ကာလ ကိုယ့်ရဲ့ကံ (သို့မဟုတ်) ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး၊ အိမ်ထောင်ရေး ဆိုတဲ့ လမ်းကြောင်းလေးခုမှာ ဘယ်လမ်းကြောင်း ညံ့နေ၊ အားနည်းနေသလဲဆိုတာ ပထမ တွေ့ဖို့ သိရှိဖို့ လုပ်ရပါမယ်။

လုပ်ရမှာကတော့ ဘုရားလေးဆူကို ဦးတည် ရည်မှန်းပြီး ပူဇော်ရပါမယ်။

ဘုရားလေးဆူ ဆိုတာက ပွင့်တော်မူကုန်ပြီးသော ကကုသန်ဘုရား၊ ကောဏာဂုံဘုရား၊ ကဿပဘုရား၊ ဂေါတမဘုရားတို့ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဘုရားလေးဆူကို ပူဇော်ပွဲလုပ်ဖို့ လိုအပ်တာကတော့ သာသနာပွဲထိုးတဲ့အတိုင်း **အုန်း၊ ငှက်ပျောကန်တော့ပွဲလေးပွဲနဲ့ သာသနာ့အလံ လေးလက်ပါ။**

ဘုရားတစ်ဆူကို **ကန်တော့ပွဲတစ်ပွဲ သတ်မှတ်ပြဋ္ဌာန်းပြီး** ထားရမယ်။

ကကုသန်ဘုရား ပူဇော်တဲ့ ကန်တော့ပွဲကို **ကံလမ်းကြောင်း (သို့မဟုတ်) ကျန်းမာရေးလမ်းကြောင်း** အတွက် မှတ်သားထားပေါ့။

ဒီလိုပဲ **ကောဏာဂုံဘုရား ကန်တော့ပွဲကို စီးပွားရေးလမ်းကြောင်း၊**

**ကဿပဘုရား ကန်တော့ပွဲကို အိမ်ထောင်ရေးလမ်းကြောင်း၊**

**ဂေါတမဘုရား ကန်တော့ပွဲကို ပညာရေးလမ်းကြောင်း**ရယ်လို့ မှတ်သားထားရပါမယ်။

ကန်တော့ပွဲတွေ ပြင်ပြီးတာနဲ့ သီလတစ်မျိုးမျိုးကို ခံယူဆောက်တည်ပြီး ပန်း၊ ဆီမီး၊ အမွှေးတိုင်၊ ရေချမ်း၊ ဆွမ်းတို့ကို ဘုရားအသီးသီးမှာ ကပ်လှူပါ။

**ပြီးတော့မှ ဘုရားတစ်ဆူချင်းအလိုက် ပြင်ထားတဲ့ ကန်တော့ပွဲကို ကပ်လှူပူဇော်ပြီးတော့ ကိုယ့်ရဲ့ ညှိုးနေ တဲ့ လမ်းကြောင်းတစ်ခုခုကို သိသာအောင် ထင်ထင် ရှားရှား ပြတော်မူပါလို့ အဓိဋ္ဌာန်ပြု ဆုတောင်းပါ။**

တစ်ပတ်အတွင်းမှာပဲ ကိုယ့်ရဲ့ ဘယ်လမ်းကြောင်း ညှိုးနေတယ်ဆိုတာကို ဘုရားလေးဆူ ပူဇော်ထားတဲ့ ကန်တော့ပွဲ တစ်ခုချင်းရဲ့ အခြေအနေကို စောင့်ကြည့်ပါ။

**ဥပမာ နမူနာတစ်ခု ပြောရရင် ကံလမ်းကြောင်း (သို့မဟုတ်) ကျန်းမာရေးလမ်းကြောင်း ညှိုးနေရင် ကကုသန်ဘုရားကို ရည်မှန်းပူဇော်ထားတဲ့ ကန်တော့ပွဲမှာ ညှိုးနေတာ၊ ပျက်နေတာ၊ အလံလဲနေတာ ထူးထူးခြားခြား တစ်ခုခု တွေ့ပါမယ်။**

ဒီနမူနာအတိုင်း ကျန်တဲ့ ကန်တော့ပွဲ တစ်ခုခုရဲ့ ပွဲညှိုး ပွဲပျက် အလံလဲ စတဲ့ ထူးခြားမှု တစ်ခုခု ကြည့်ပြီး ဘယ်လမ်းကြောင်းတော့ ညှိုးနေပြီဆိုတာ သိရှိရမှာ ဖြစ်ပါတယ်။

---

ဉာဏ်ယှဉ်လို့ ကံပြင်ပါ

---

ကိုယ့်ရဲ့ဘဝလမ်းကြောင်း တစ်ခုခု ညှိုးနေတာ သိရပြီ ဆိုပါစို့။ ဘာလုပ်ရမလဲ။ တွေ့အောင်ရှာလို့ တွေ့မှတော့ လွတ်အောင်ရှောင်ဖို့ နည်းလမ်း ရှာရတော့မှာပေါ့။

သတိထားရမှာကတော့ သမ္မဒိဋ္ဌိ ဉာဏ်ယှဉ်လို့ အညှို့တွေ ကင်းပျောက်သွားအောင် ကံကို ပြင်ရတော့မှာပေါ့။

(က) **ကံလမ်းကြောင်း (သို့မဟုတ်) ကျန်းမာရေးလမ်းကြောင်း ညှိုးနေတာ** သိရပြီဆိုရင် လုပ်ရမှာကတော့ တခြား မဟုတ်ပါဘူး။

သီလဆောက်တည်ပြီး မကျိုးမပေါက် မကြားအောင် ထိန်းရပါမယ်။ အမြဲတမ်းကတော့ ငါးပါးသီလ လုံခြုံအောင် ထိန်းပါ။

အခါသင့် အခွင့်ကြုံတိုင်း ကိုးပါးသီလ၊ အာဇီဝဋ္ဌမကသီလ စတဲ့ သီလတွေကို အဓိဋ္ဌာန်ပြုပြီး ဆောက်တည်ပါ။

ကိုယ် ဆောက်တည်တဲ့ အဓိဋ္ဌာန် သီလ မပျက်ဖို့ အရေးကြီးပါတယ်။ ကိုယ် ဆောက်တည်တဲ့ သီလကို လဲ အဖန်ဖန် တလဲလဲ နှလုံးသွင်းရပါမယ်။

**သီလနုဿတိ** လုပ်တယ်လို့ ခေါ်ပါတယ်။ ဒီလို ဆောက်တည် အားထုတ်လိုက်တဲ့အတွက် **ညှိုးနေတဲ့ ကံတို့၊ ကျန်းမာရေးတို့** အားကောင်းလာမှာ မုချပါ။

(ခ) **စီးပွားရေးလမ်းကြောင်း ညှိုးပြီဆိုရင်တော့**

ကိုယ့်ရဲ့ ရှေးအတိတ် ဘဝအဆက်ဆက်က ဒါနပါရမီ နည်းခဲ့လို့ဆိုတာ သိထားရမယ်။

နောက်တစ်ခုက **"ဥစ္စာကံပေး၊ မရသေး၊ နှောင့်နှေးပျာပါ မရှိရာ"**ဆိုတဲ့ စကားကို လက်ကိုင်ထားရမယ်။

ဒါပေမယ့် ကံ၊ ဉာဏ်၊ ဝီရိယ ဆိုတဲ့ နေရာမှာ ကံမပေးလို့ ဆိုတာ တစ်ခုတည်းနဲ့ ကိုယ့်ဘက်က ဉာဏ်ယှဉ် စဉ်းစားလုပ်ရမှာတို့၊ ဝီရိယစိုက်ထုတ် လုပ်ဆောင်ရမှာတို့ကို လျှော့ပစ်လို့ မရဘူး။ လုံ့လ ဥဿာဟ ရှိနေရမှာပဲ။

**စီးပွားရေးလမ်းကြောင်း ပြင်ဖို့ကတော့ လှူရ တန်းရမယ်။ "မရှိလို့ မလှူ၊ မလှူလို့ မရှိ"ဆိုတာမျိုး မဖြစ်စေရဘူး။ ကိုယ့်အခြေအနေနဲ့ ကိုက်ညီတဲ့ အတိုင်းအတာအရ အလှူအတန်းပေးရမယ်။**

ပကာသနကို မကြည့်နဲ့။ ငွေကြေးတန်ဖိုး နည်းတာ၊



www.burmeseclassic.com

www.burmeseclassic.com

များတာက အမိက မကျဘူး။ စိတ်ထားတတ်ရင် မြတ်သတဲ့။ သဒ္ဓါတရားက ပဓာန ကျပါတယ်။

စေတနာသုံးတန် ပြဋ္ဌာန်းပြီး လှူပါ။ ဒီလို ကိုယ်လှူလိုက်တဲ့ ကုသိုလ်ကောင်းမှုကို အကြိမ်ကြိမ် အဖန်ဖန် နှလုံးသွင်းပါ။ **စာဂါနုဿတိ**ဖြစ်အောင် ပွားများရမယ်။

“**ဒါနတော ဘောဂဝန္တာ**”တဲ့။ စာဂသဒ္ဓါကြည်တဲ့ ဒါနပါရမီအဟုန်က ညှံ့နေတဲ့ စီးပွားရေးလမ်းကြောင်းကို ကောင်းလာအောင် ထောက်ပံ့ ထိန်းကျောင်းပေးမှာ မလွဲပါဘူး။

(ဂ) **အိမ်ထောင်ရေးလမ်းကြောင်း ညှံ့နေတာ သိရပြီဆိုရင်တော့** လုပ်ရမှာက မေတ္တာသုတ်ကို ရွတ်ဖတ်သရဇ္ဈာယ်ရမယ်။

မေတ္တာ နာနာပို့ပေးရမယ်။ မေတ္တာကမ္မဋ္ဌာန်း ထိုင်ရမယ်။ မေတ္တာဘာဝနာ ပွားရမယ်။ မေတ္တာအကျိုး (၁၁)မျိုး ရှိပါတယ်။

“အိပ်နိုးချမ်းသာ၊ ယုတ်မာမမက်၊ နှစ်သက်လူနတ်၊ စောင့်ကြပ်နတ်များ၊ ဆိပ်ကား မပြန့်တည်ကြည်၊ ရွှင်ကြည်မျက်နှာ၊ သေခါမမေ့၊ လားလေဗြဟ္မာ ဆယ့်တစ်ဖြာတည့်”တဲ့။

အဆိပ်အတောက်တွေကတော့ မာနထောင်လွှားတာ၊ ငြင်ငြိုတတ်တာ၊ ဝန်တိုတာ၊ မနာလိုတာ၊ ရန်လိုတာ၊ မျက်မုန်းကျိုးတာ၊ ကလဲ့စားချေလိုတာ၊ ဒေါသကြီးတာတွေပဲ။

အဲဒါတွေ နည်းနိုင်သမျှ နည်းအောင် လုပ်ရမယ်။ ပါးရှားနိုင်သမျှ ပါးရှားအောင် လုပ်ရမယ်။

တစ်ချိန်တည်းမှာပဲ သည်းခံစိတ်၊ ခွင့်လွှတ်စိတ်၊ နှိမ့်ချစိတ်၊ သဘောထားကြီးစိတ်၊ ဖော်ရွေစိတ် စတဲ့ စိတ်ကောင်းတွေ မွေးမြူပျိုးထောင်ပေးရမယ်။

မေတ္တာပို့ မေတ္တာပွားသလို ကရုဏာ ထားရမယ်။ မုဒိတာ ပွားရမယ်။ အမိက,ကတော့ ရိုင်းနေတဲ့စိတ်ကို ကောင်းတဲ့ အမူအကျင့်တွေနဲ့ ယဉ်လာအောင် လုပ်ပေးရမယ်။

မေတ္တာရဲ့ တန်ခိုးဟာ အိမ်ထောင်ရေးလမ်းကြောင်းကို ကောင်းလာစေမှာ အမှန်မလွဲပါဘူး။

(ဃ) **ပညာရေးလမ်းကြောင်း ညှံ့နေပြီ ဆိုရင်တော့** စိတ်လဲ တည်ငြိမ်ပြီး၊ ဉာဏ်လဲပွင့် ဉာဏ်လဲကောင်းလာပြီး သမာဓိရစေတဲ့ **သမထထိုင်တာ** လုပ်ရမယ်။



အဓိဋ္ဌာန်ထားပြီး ဂုဏ်တော်ကို ပုတီးစိပ်ရမယ်။ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်တွေကို ပုတီးစိပ်တဲ့အခါ ဂုဏ်တော်တစ်ပါးချင်းရဲ့ အနက်အဓိပ္ပာယ်ကို သိပြီး အာရုံထဲမှာ ပူဇော်ရင်း နိစ္စဘတ် ဝတ်မပျက် လုပ်ရပါမယ်။

ညှံ့နေတဲ့ ပညာရေးလမ်းကြောင်းဟာ အကောင်းဘက်ကို ပြောင်းလဲလာမှာ ဖြစ်ပါတယ်။

တကယ်တော့ ကိုယ့်ဘဝမှာ ဘာတွေပဲ ညှံ့ညှံ့ စိတ်ဓာတ်ခိုင်မာဖို့ အရေးကြီးတယ်။ ဘဝပေး အခြေအနေအတိုင်း ရင်ဆိုင်ရဲရမယ်။

စိတ်ဓာတ်ကျတာတို့၊ လက်မြှောက်ဆုတ်ခွာတာတို့၊ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲတို့ဆိုပြီး ငုံ့ခံနေတာတို့ မလုပ်သင့်ဘူး။

ကိုယ့်မှာ မှီခိုအားထားစရာ ရှိနေတယ်။ ဒါတွေက ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာတွေပဲပေါ့။ သရဏဂုံ ကိုယ်လုံးခြုံရင် အလုံးစုံကို ကျော်လွှား လွန်မြောက်နိုင်တယ်။

**ဒီတော့ ကိုယ့်မှာ ဘာညှံ့နေသလဲ တွေ့အောင် သိအောင် လုပ်ပေါ့။ တွေ့ပြီ သိပြီဆိုရင် သတိသမ္ပဇဉ် နဲ့ ဉာဏ်ယှဉ်လို့ ကံကို ပြင်ရမယ်လေ။**

ကံဆိုတာကလဲ ကိုယ့်ရဲ့အလုပ် မဟုတ်ပါလား။ ကိုယ်လုပ်တာ ကိုယ့်ရဲ့ကံဆိုတော့ ကိုယ့်ကံကို ကိုယ်ကပဲ ပြင်ရမှာပဲ။

**မင်းရဲထွဋ်**



www.burmeseclassic.com

www.burmeseclassic.com

ဘေးကင်းရန်ကင်း

# အဖြစ်တော်အင်း



ဤအင်းတော်မြတ်သည် ရောဂါ နာတာရှည် ဖျားနေသူများ၊ ဂြိုဟ်ကံနိမ့်နေသူများ၊ စုန်း၊နတ်မိစ္ဆာ ပြုစားခံရသူများ၊ ကလေးများ လိပ်ပြာမရှိ၍ ကြောက်လန့်သူများ၊ ခန္ဓာပျက်ခြင်း-ဓာတ်ပျက်ခြင်း ဖြစ်နေသူများ၊ ရောဂါရှာမတွေ့ မှိန်တွေနေသူများ၊ လူနာ ဆေးမမိသူများအတွက်…

ပျောက်ကင်းချမ်းသာစေရန် မေတ္တာစိတ် ရည်သန်၍ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ အင်းတော်မြတ်အား လှူဒါန်း ဒါန်ပြုလိုက်ပါသည်။ ယုံကြည်လျှင် ပတ္တမြား၊ မယုံကြည်လျှင် အလကား ဖြစ်ပေမည်။

အင်းချနည်းစနစ်အတိုင်း အင်းကွက်ကို ချပါ။

**အင်းဆန်သွင်းရန်မှာ…**

"ဆံသွယ် မြလေး ရှောင်ညစ် ကွေးနှင့်"

ပြထားသည့် အကွက်အတိုင်း အင်းဆန်သွင်းပါ။

- ❖ ၁-သင်္ချာမှ ထောင်လိုက် တစ်ကွက်ကျော် ၁၆-သင်္ချာ သွင်းပါ။
- ❖ ၂-သင်္ချာမှ ထောင်လိုက် တစ်ကွက်ကျော် ၁၅-သင်္ချာ သွင်းပါ။
- ❖ ၃-သင်္ချာမှ ထောင်လိုက် တစ်ကွက်ကျော် ၁၄-သင်္ချာ သွင်းပါ။
- ❖ ၄-သင်္ချာမှ ထောင်လိုက် တစ်ကွက်ကျော် ၁၃-သင်္ချာ သွင်းပါ။
- ❖ ၅-သင်္ချာမှ ထောင်လိုက် တစ်ကွက်ကျော် ၁၂-သင်္ချာ သွင်းပါ။
- ❖ ၆-သင်္ချာမှ ထောင်လိုက် တစ်ကွက်ကျော် ၁၁-သင်္ချာ သွင်းပါ။
- ❖ ၇-သင်္ချာမှ ထောင်လိုက် တစ်ကွက်ကျော် ၁၀-သင်္ချာ သွင်းပါ။
- ❖ ၈-သင်္ချာမှ ထောင်လိုက် တစ်ကွက်ကျော် ၉-သင်္ချာ သွင်းပါ။

* * * ⟶

ဤသို့သွင်းလျှင် အဖြစ်တော်အင်းကို ရရှိပေမည်။ အင်းတော်မြတ်ကို ဉာဏ်နှင့်ယှဉ်၍ သုံးပါ။ **မီးစာကို လူနာသက်စေ့ (ဝါ) ဂြိုဟ်နံစေ့ ကျီးချေကျစ်၍ စလောင်းခွက်ကြီးတွင် အင်းတော်မြတ်ကို အောက်ခံပြီး ဆီသန့်သန့် နှစ်ကျပ်သားထည့်၊ မီးစာထည့် ဆီလောင်းပြီး** မိမိမွေးနံဘုရားမှာ ပူဇော်လှူဒါန်းပါက လိုရာဆန္ဒ ပြည့်ဝပါလိမ့်မည်။

**မှတ်ချက်** ။ ။ **အင်းချနည်းစနစ်အတိုင်း ချရန်လိုပါသည်။ ပန္နက်ရိုက်၊ ပေါင်ခတ်၊ မျဉ်းသား၊ ဗီဇ္ဇုသွင်းခြင်းတို့ မိမိနှစ်သက်ရာ ဂါထာဖြင့် ဆိုနိုင်ပါသည်။**

*သုခီ အတ္တာနံ ပရိဟရန္တု၊*

ဆရာ ဦးထွန်းဖေ(ရပ်စောက်)
ဓာတ်ဗိန္ဒောယတြာဗေဒင်






www.burmeseclassic.com

www.burmeseclassic.com

# ပိုးကရင်လို့ခေါ်တော့ "ဝချယ်ဆွဲ"



▲ ဝချယ်ရွှဲ(ဝါးမင်း)

အဆစ်စိပ်တဲ့ ဝါးတစ်မျိုးကို မြို့ကြီးပြကြီးတွေမှာ အိမ်ရှေ့မျက်နှာစာ စိုက်ပျိုးထားတာ အတော်များများ တွေ့ရပါတယ်။

တချို့က ဘေးအန္တရာယ်ကင်းဖို့၊ တချို့က ရောဂါဆိုးတွေ ကာကွယ်ဖို့ တချို့က လာဘ်ပွင့်ကံကောင်းဖို့ အဆောင်သဘောမျိုး စိုက်ပျိုးကြတာပါ။

ပိုးကရင်ဘာသာစကားနဲ့ **"ဝချယ်ရွှဲ"**လို့ ခေါ်ပါ တယ်။ မြန်မာတွေက **"ဝါးမင်း"**လို့လဲ ခေါ်ကြတယ်။

**အရိုးကျိုးပေါင်းရောဂါ ရှိသူတွေက အဲဒီဝါးအရင်းပိုင်းကို တစ်ထွာလောက်ဖြတ်ပြီး ကျောက်ပျဉ်မှာ သနပ်ခါးသွေးသလို သွေးလိမ်းကြတယ်။**

မနက်,ည တစ်ပတ်ဆယ်ရက်လောက်မှန်မှန် လိမ်းရင် သက်သာပျောက်ကင်းတယ်လို့ ပြောကြပါတယ်။

ရောဂါရင့်ရင် တစ်လလောက် လိမ်းရတယ်။ အဲဒီ ဝါးရွက်ကို ပြုတ်ပြီးတော့လဲ သောက်ကြတယ်။

ဆိုင်ကယ်မှောက်,ကားမှောက် ယာဉ်တိုက်ခံရတဲ့ ထိခိုက်ရောင်ရမ်း ပွန်းပဲ့ အတွင်းကြေဒဏ်ရာတွေ၊ လက်ဖှေ့ထိုးလို့ရရှိတဲ့ ဖူးရောင်ပေါက်ပြဲ ဒဏ်ရာတွေအတွက် အဲဒီ "ဝချယ်ရွှဲ" ဝါးငါးပါးကို (ဝါးတစ်ပင်လုံး အမြစ်ပါအောင်တူးပြီး နုပ်နုပ်စဉ်း)တချို့ကို အိုးနဲ့ ပြုတ်ပြီး ခပ်နွေးနွေးချိုးပေးခြင်း၊

တချို့ကို ပေါင်းအိုးထဲထည့်ပြီး ချွေးပေါင်းခြင်း၊ တချို့ကိုတော့ ဆားခါးနည်းနည်းထည့်၊ ဆုံမှာ ထောင်းထုကာ ကြပ်ထုပ်ထဲ ထည့်ပြီးကြပ်ထုပ်ထိုးခြင်းတို့ဟာ ယူပစ်လိုက်သလို ချက်ချင်းသက်သာစေပြီး (၃,၄)ရက် တစ်ပတ်ဆိုရင် ပျောက်ကင်းပါတယ်။

အရေးကြုံရင် လက်တွေ့သုံးကြည့်ပါ။

**ရွှေနှင်းနှင်း**

**နံ့သာရောင်ခြည်ဂျာနယ်၊ ၇၉**

www.burmeseclassic.com

www.burmeseclassic.com

# ပျားတုပ် ပေါက်ဖတ်တုပ်ခံရလျှင်



'ရှလွမ်း...လွမ်း...လွမ်း'
'ဝီး...ဝီး...ဝီး'

ကျွန်တော်သည် ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလ(၃)ရက်နေ့ နံနက်ခင်းက ရှောက်ပင်၊ ကန်စွန်းပင်ကလေးများစိုက်အပြီး ငှက်ပျောပင်ရှိ ငှက်ပျောခြောက်လက်တစ်ခုကို ဓားဖြင့် ခုတ်ပိုင်းဖြတ်လိုက်ရာ ငှက်ပျောလက် ခုတ်ချသံနှင့်အတူ တဝီးဝီး အော်မြည်သံဖြင့် ပဆုပ်ဝါ ပျားကောင်များ ရုတ်တရက် ထွက်လာကာ ဘယ်ဘက်လက်မနှင့် လက်ညှိုးကြားကို ပဆုပ်ဝါ တစ်ကောင်က တုပ်သွားသဖြင့် နာကျင်စွာဖြင့် ကိုင်ထားသော ဓားကို လွှတ်ချလိုက်ရပါသည်။

လက်မနှင့် လက်ညှိုးကြားမှ ပျားရှိန်တက်၍ နာကျင်ရောင်ကိုင်းလာရာ ချက်ချင်းဆိုသလိုပင် မြေပြင်ပေါ်ရှိ ရေစပ်စပ်ထဲက ရွှံ့ညွန်ကို ညာလက်ဖြင့် ကော်၍ ပျားတုပ်ရာ လက်မနှင့် လက်ညှိုးကြားကို ရွှံ့များ အလျှင်အမြန် ကပ်အုံလိုက်ပါသည်။ ပြီးနောက် ကန်စွန်းရွက် ဆက်စိုက်နေပါသည်။

(၁၅)မိနစ်ခန့် ကြာသောအခါ လက်ညှိုးနှင့် လက်မကြားရှိ ပျားတုပ်ခံရသောနေရာမှာ တဖြည်းဖြည်း အနာသက်သာသွားပြီး နာရီဝက်ခန့် အကြာတွင် သက်သာပျောက်ကင်းသွားပါသည်။

ယခင်အခါများက ပျားတုပ်လျှင် ကြက်သွန်နီဥကို ထက်ပိုင်း,ပိုင်း၍ ပျားတုပ်သောနေရာကို အုံပေးရာ တစ်ညနှင့် တစ်ရက်ကြာမှ သက်သာပါသည်။

**ယခု ရွှံ့စေးမြေဖြင့် အုံပေးရာ နာရီဝက်ခန့်သာ ခံစားရပြီး ချက်ချင်း သက်သာ ပျောက်ကင်းသွားပါသည်။**

ထိုနည်းတူ လွန်ခဲ့သော မိုးရာသီကလည်း **ငှက်ပျောလက်ရှင်းရာ ငှက်ပျောရွက်တွင် ကပ်နေသော ပေါက်ဖတ်ဝါဝါနှင့် ထိမိ၍ ပေါက်ဖတ် တုပ်ခံခဲ့ရပါသည်။**

ပေါက်ဖတ် တုပ်ခံရလျှင် ခံရချင်း မြေပြင်ပေါ်ရှိ **မြေစေးဖြင့်ပင်** ပေါက်ဖတ်တုပ်သော လက်ချောင်းကို ရွှံ့အုံပေးရာ သက်သာ ပျောက်ကင်းဖူးပါသည်။

ထို့ကြောင့် သေးငယ်သော အဆိပ်ရှိ သတ္တဝါလေးများ ကိုက်ခံ(တုပ်ခံ)ရပါလျှင် **ရွှံ့မြေစေးဖြင့် အုံပေးပါက ပျောက်ကင်းကြောင်း လက်တွေ့သိရှိခဲ့ရသည်။**

ပေါက်ဖတ်နှင့် ပျားများ အကိုက်ခံ(တုပ်ခံ)ရပါက အနည်းဆုံး တစ်ည၊ တစ်ရက်ကြာမှ ပျောက်လေ့ ရှိပါသည်။

ကလေး ဝင်းသူ



www.burmeseclassic.com

www.burmeseclassic.com

# မြွေအမျိုးမျိုးနှင့်

နာ(၅)ပါးကုထုံး

ဧဝတာနာအောင်



တန်ခိုးကြီးသော ပျူနဂါးရုံဘုရား

ယေဘုယျအားဖြင့် မြွေပွေးကို (၃)မျိုး ခွဲခြားနိုင်ပါတယ်။

**၁။ အကွက်နည်းလွန်းသော အတိုမျိုး၊**

**၂။ အကွက်များလွန်းသော အရှည်မျိုး၊**

**၃။ သာမန်ရိုးရိုးမျိုး**

မြွေပွေးရဲ့ ဦးခေါင်းက အမြီးထိ အကွက်ကို ရေတွက်ကြည့်ပါ။ **(၁၉)ကွက်၊ (၂၀)ကွက် ဝန်းကျင်ရှိရင်** အကွက်နည်းတဲ့ အတိုမျိုးဖြစ်ပြီး **အဆိပ်ပြင်းထန်တယ်။**

မြွေပွေးရဲ့အကွက်ဟာ **(၃၀)** ကျော်ရင် အရှည်မျိုးဖြစ်တယ်။ **အဆိပ်ပြင်းထန်တာပဲ။**

မြွေပွေးဟာ (၂၄)ကွက်က (၂၇) ကွက်လောက် အတွင်းမှာရှိရင် **သာမန်ရိုးရိုး မြွေပွေးဖြစ်ပြီး အဆိပ်ပျော့တယ်။**

မြွေပွေးဟာ ဥပမာ...(၂၇)ကွက် ရှိရင် အဲဒါမြွေပွေး (၂၇)ကောင် ပေါက်တဲ့ မိသားစု။

(၂၃)ကွက်ရှိရင် (၂၃)ကောင် ပေါက်တဲ့ မိသားစုဆိုတာ သိရမယ်။

(၁)ကောင်ရရင် နောက်ထပ် အကောင် (၂၀)ကျော်ရှိသေးကြောင်း သတိရှိပါ။ မြွေပွေးဟာ မိသားစုအလိုက် ပေါက်တဲ့ ယာခင်းအနီးမှာပဲ နေကြတယ်။

မြွေဟောက်ကတော့ **ပါးပျဉ်း ထောင်ရင် လည်ပင်းက အရစ် အတန့်ကို ကြည့်ပါ။** (၁)တန့်၊



www.burmeseclassic.com

www.burmeseclassic.com



▲ တန့်ဆိုးကြီး နဂါးရုံဘုရား ရုပ်ပွားတော်များ

(၂)တန့်က (၉)တန့်၊ (၁၀)တန့်ထိ ရှိကြတယ်။ **အတန့်များလေ အဆိပ်ပြင်းလေးပဲ။**

**အရောင် နက်မှောင်နေရင် တောကြီးမြွေဟောက်လို့ ခေါ်တယ်။ ငန်းနက်လို့လဲ ခေါ်တယ်။ အကိုက်ခံရသူဟာ အရိုးပါ ကြွေကျနိုင်တယ်။**

အကိုက်ခံရပြီး သတ္တဝါကို မတွေ့ရဘူးဆိုရင် သိနိုင်တဲ့နည်း ရှိပါတယ်။

"ခဲတိနေရာ၊ အတန်ကြာသော်၊ ကိုက်ရာကိုမှန်း၊ လက်နှင့်စမ်းက၊ လွန်အေးမြသော်၊ မှတ်ကြ မြွေပွေး။ ခပ်နွေးနွေးသာ၊ အငွေ့လာမူ၊ မှတ်ယူ မြွေဟောက်။

ထိုနောက်တဘိမ်းယိမ်း၊ မြွေစိမ်းတက်တူ၊ ပင့်ကူကိုက်ချက်၊ ဆီမီးစက်ဟု၊ ဖားပြုပ်တစ်သွန်၊ ကင်းပုစွန်က၊ မြီးကျွံထိုးမြောက်၊ ကင်းမြီးကောက်မူ၊ ရှိန်ရှိန်ပူသည်၊ မှတ်ယူ သတိထားရန်တည်း"

မြွေဆိုး ကိုက်ခံရပြန်ရင်လဲ အဆိပ်တက်ပြီး စုနေတတ်တဲ့ နေရာကို ရှာဖွေတဲ့နည်း ရှိသေးတယ်။

"**အောင် ကျော် ဆံ လှ ပ သ တ...**

**ဖမိုး ဒူး ခါး ပါးစပ်မျှား ရင်သား မျက်ခုံး ထိပ်**"

'အောင်'

တနင်္ဂနွေနေ့မှာ မြွေကိုက်ရင် အဆိပ် ဖမိုးမှာ စုတယ်။

'ကျော်'

တနင်္လာနေ့မှာ မြွေကိုက်ရင် အဆိပ်ဟာ ဒူးမှာ စုတယ်။

'ဆံ'

အင်္ဂါနေ့မှာ မြွေကိုက်ရင် အဆိပ်ဟာ ခါးမှာ စုတယ်။

'လှ'

ဗုဒ္ဓဟူးနေ့မှာ မြွေကိုက်ရင် အဆိပ်ဟာ ပါးစပ်မှာ စုတယ်။

'ပ'

ကြာသပတေးနေ့မှာ မြွေကိုက်ရင် အဆိပ်ဟာ ရင်သားမှာ စုတယ်။

'သ'

သောကြာနေ့မှာ မြွေကိုက်ရင် အဆိပ်ဟာ မျက်ခုံးမှာ စုတယ်။

'တ'

စနေနေ့မှာ မြွေကိုက်ရင် အဆိပ်ဟာ ငယ်ထိပ်မှာ စုတယ်။

မြွေကိုက်ခံရတဲ့ လူနာဟာ အဆိပ်ပူ လက္ခဏာဖြစ်တဲ့ ဆီးပူခြင်း၊ ဆီးနီ့,ဝါပြီး နည်းခြင်း၊ [illegible] ဝမ်းသွားခြင်း၊ နှာခေါင်းသွေးယိုခြင်း၊





www.burmeseclassic.com

www.burmeseclassic.com



မျက်စိနီခြင်းတွေ ဖြစ်ရင် အစွမ်းဆုံး အဆိပ်ဖြေဆေးကတော့ **နာ(၅)ပါး ဆေး**ပါပဲ။ နာ(၅)ပါးဆိုတာ…

**၁။ နာဂမလေးပင် ပဋ္ဌါးပါး**
**၂။ နာဂထပင် ပဋ္ဌါးပါး**
**၃။ နာဂမောက်ပင် ပဋ္ဌါးပါး**
**၄။ နာဂသိန်ပင် ပဋ္ဌါးပါး**
**၅။ နာဂမှိုင်းပင် ပဋ္ဌါးပါး**

အဲဒါတွေကို အလေးချိန်တူ အမှုန့်ကြိတ်ထားတာပါ။ ငှက်ပျောစာသူငယ်ခေါင်းကိုပါ အလေးချိန်ဆတူထည့်နိုင်ရင် ပိုကောင်းပါတယ်။ အအေးသတ္တိ ပိုတာပေါ့။

အဲဒီ အပင်တွေဟာ တန်ဆောင်မုန်းလမှာ အသီးအပွင့်စုံတာမို့ အဲဒီလမှာ စုဆောင်းတာ အကောင်းဆုံးပါပဲ။

**နာဂမောက်ပင်ဟာ** စစ်ကိုင်းတောင် ပတ္တမြားစေတီ မြောက်ဘက်မှာ ပေါပေါများများ ပေါက်ကြတယ်။ ကျန်တဲ့(၄)မျိုးကတော့ **မင်းဝံတောင်၊ ရှင်မတောင်၊ ပုပ္ပါးတောင်၊ တံတားဦး တောင်တစ်လုံးတောင်**တွေမှာ ပေါများတယ်။

မြွေကိုက်ခံရသူကို ဆေးမပေးမီ အောက်ပါဂါထာ (၃၇)အုပ် မန်းပေးရမယ်။

ဥုံ…ဗုဒ္ဓံထွက် ဓမ္မံထွက် သံဃံထွက်၊
ဥုံ…ဗုဒ္ဓံဆင်း ဓမ္မံဆင်း သံဃံဆင်း၊
ဥုံ…ကပ္ပိယံဘန္တေ ကပ္ပိယံကရောဟိ၊
ဥုံ…မြွေနီ မြွေနက် သက်လည်း ဆရာသက်။

ဒီဂါထာကို တန်ခိုးကြီး နဂါးရုံဘုရားရှေ့မှာ ရွတ်ရပါမယ်။

အဲဒါ အဆိပ်ချဂါထာပဲ။ သီလစင်ကြယ်သူ မန်းရင် အဆိပ်ကျတယ်၊ အကိုက်ခံရတဲ့နေရာ အထက်မှာ **ထုံးမန်း(၃)ရစ် တားပေးပါ။** ရေ မတိုက်ရ၊ ရေ မထိရ၊ မအိပ်စေရ၊ တုံးလုံးမလဲစေရ၊ အစာ မကျွေးရ၊ ထိုင်နေရမယ်။

ဝမ်းမှန်ရင် နာ(၅)ပါးဆေးကို အုန်းရည်နဲ့ဖျော်တိုက်ပါ။ ဝမ်းချုပ်ရင် ဆားပြုတ်ရည်နဲ့ ဖျော်တိုက်ပါ။ ဒဏ်ရာမှာလဲ ဆေးမှုန့် ပွတ်လိမ်းပေးပါ။ သနံရည်ထွက်လျှင် အသက်ချမ်းသာမယ်။ သနံရည်မထွက်ဘဲ ကိုက်ရာမှာ ခြောက်၍နေလျှင် အဆိပ် ဝမ်းထဲဝင်ပြီ သိရမယ်။

ထိုအခါ နာ(၅)ပါးဆေး (၅)ပဲသား၊ ဆီ(၅)ပဲသား ဖျော်၍တိုက်ပါ။ ဝမ်းသက်လျှင် အဆိပ်ကျပြီ။ တစ်ရက် (၃)ကြိမ်၊ (၃)ရက် ဆက်တိုက်မှ စိတ်ချရတယ်။

**(တံတားဦး ချောင်းခွဲဆရာတော်၏ ကိုယ်တွေ့မှတ်တမ်းမှ ထုတ်နုတ်တင်ပြခြင်းဖြစ်ပါသည်။)**

**စေတနာအောင်**

စာမျက်နှာ (၈၅) မှအဆက်

**၄။ယုန်သားထောင်းကြော်**
❖ မန်ကျည်းရွက်သုပ်
❖ ပုစွန်ကျော်, ငရုတ်စိမ်းချက်ဟင်း
❖ မြင်းခွာရွက်ဟင်းခါး

**၅။အမဲသားနှပ်ဟင်း**
❖ ပဲ, ကုလားသီးစုံချဉ်ရည်ဟင်း
❖ သရက်သီးသနပ်
❖ မြင်းခွာရွက်သုပ်

**၆။ငါးခူစဉ်းကော ရဲယိုရွက်ကြော်**
❖ လဲလူရွက်, ငါးကင်ဟင်းချို
❖ အညာကုက္ကိုရွက်နုသုပ်
❖ ငါးငပိရည်ဖျော်, တို့စရာစုံ

**၇။ငါးရှဉ့်,ဝေ့ဝးသီး ဆီပြန်ချက်**
❖ ဒန့်သလွန်ရွက်, ငါးကျည်းကျပ်တိုက်ဟင်းချို
❖ ရခိုင်ငါးပိထောင်းစပ်စပ်
❖ ငှက်ပျောဖူးချဉ်သုပ်
❖ တို့စရာစုံ

ယခု ဖော်ပြခဲ့သော ဟင်းစပ်အစုံ [(၇)ရက် (၁)ပတ်စာ ဟင်းတွဲ]များသည် မိသားစုတိုင်း ဝါတွင်းကာလ ဝါဆိုဦး ကရကဋ်ရာသီချိန်ခါမှာ စား၍လည်း နှုတ်ခံတွင်းမြိန်စေပြီး မိသားစုကျန်းမာရေးအတွက်လည်း အထူးအကျိုးပြုစေသည့် ရာသီစာ နက္ခတ်ဓာတ်စာ စားဖွယ်ရာ ဆေးဖက်ဝင်ဟင်းလျာများ ဖြစ်ပါသည်။

**"မြန်မာ့ရိုးရာ နည်းမှုမှန် ကရကဋ်ရာသီခွင်အလိုက် ဓာတ်အကြိုက် နက္ခတ်ဓာတ်စာ စားဖွယ်ရာ"** များ ဖြစ်ပါသည်။

***စားသမျှ ဆေးဖက်ဝင်၍ သက်ရှည် ကျန်းမာကြပါစေ***

ဆရာ မင်းချမ်းသာ



www.burmeseclassic.com

www.burmeseclassic.com

(၁၂)လရာသီ နက္ခတ်ဓာတ်စာ [2018-July လအတွက်]



# ဝါဆိုလ

ကရကဋ်ရာသီ

# နက္ခတ်ဓာတ်စာ

## ဆောင်ရန်ရှောင်ရန် ဆေးဖက်ဝင် အစားအစာများ

သရာ မင်းချမ်းသာ

**"ဝါဆိုဝါခေါင် ရေဖောင်ဖောင်... မိကျောင်းဖွေးဖွေး မိုးအေးအေး"**ဟု လည်းကောင်း၊ **"ဝါဆိုဝါခေါင် ရေတွေကြီးလို့... သပြေသီးမှည့် ကောက်စို့ကွယ်"**ဟူ၍ လည်းကောင်း ရှေးပညာရှင်ကြီးများက ဝါတွင်းကာလ ဝါဆိုဦး အခါသမယကာလ၏ သဘာဝ ရာသီဥတု သရုပ်မှန်ကို ဖွဲ့ဆိုထားခဲ့ကြပါသည်။

**"ရာသီမသိ ပန်းနဲ့ညှိ"**ဆိုစကားလို ဝါဆိုလ ရာသီပန်းဖြစ်သော ပုန်းညက်ပန်းတို့ကလည်း လှိုင်လှိုင်ကြီး ပွင့်လာကြသလို... မိကျောင်းပန်းတို့ကလည်း ဖွေးဖွေးလှုပ် ချောင်းရိုးတစ်လျှောက် ဖူးပွင့်ဝေဆာ သာယာစိမ်းစိုလှသည့် သဘာဝရှုခင်းကို ဖန်တီးထားသည့် လရာသီဖြစ်ပေသည်။

ဝါဆိုလသည် သဘာဝ ဥတုရာသီ ဓာတ်သဘောတရား အလိုအားဖြင့် နွေကာလ ပူပြင်းမှု တေဇောဓာတ်လွန်ကဲပြီး မိုးဦးကာလ မုတ်သုံရာသီ အစမှာ ဝါယောဓာတ်ကပါ ဖက်ပြိုင်လာပြီး...

မိုးကျသည့် ဝါဆိုလမှာတော့ အအေးဓာတ် (အာပေါက) ဦးစီးလာပြီး အေးတစ်လှည့်ပူတစ်ခါ တေဇောနှင့် အာပေါ ဓာတ်ပြိုင် လွန်ဆွဲနေသည့်အခါသမယဆိုလျှင် မမှားပါ။

ဒါကြောင့် ဝါဆို(ဝါခေါင်)ဝါတွင်း အစကာလတွေမှာ **ပူလွန်း...အေးလွန်း...တက်လွန် ...သက်လွန်**ဆိုတဲ့ တစ်ဖက်လွန် အစာအာဟာရများကို စားသောက်ခြင်းကို သတိပြု၍ ရှောင်ကြဉ်ရပါမည်။



အကြောင်းမှာ မိုးရွာလျှင် အေးမြလာပြီး... နေ နေထွက်လာလျှင် ပူအိုက်ကြတာ စာရှုသူများ လက် တွေ့ သိမြင်နေကြရပေသည်။

သို့ပါ၍ နာတာရှည်ရောဂါ အခံရှိသူများအတွက်...

ရှောင်ရန် အစာများ

မျှစ်၊ မှို၊ တညင်းသီး၊ အင်ဥ၊ ကိုင်းဥ၊ ဆူးပုပ်ကြ ဥသျှစ်သီး၊ တမာရွက်၊ ပီလောပီနံဥ၊ ဖား၊ ကြွ စသည့် တွင်းအောင်းသား၊ မီးမြှိုက်သားများကို အထ ရှောင်ကြဉ်ပါ။

အအေးစာ,အပုပ်စာ ဖြစ်သည့် ဘဲသား၊ ရေကြက်၊ ဗျိုင်းသား၊ ရေစစ္စလီသား၊ လိပ်သား၊ ကွဲ

www.burmeseclassic.com

ကျွဲသားနှင့် ရေခဲစိမ်၊ အအေးခံထားသော အသားများကို ရှောင်ကြဉ်ရန် လိုအပ်ပါသည်။

ခန္ဓာကိုယ် ကျန်းမာရေးအတွက်
ဆေးဖက်ဝင် အကျိုးပြုသည့် ရာသီစာ
စားသုံးသင့်သည့် ဓာတ်စာအာဟာရများ

အသီးအနှံအနေဖြင့်...

ဒန့်သလွန်သီး၊ ဒန့်သလွန်ရွက်၊ မြင်းခွာရွက်၊ ပင်စိမ်းရွက်၊ ဇီရာရွက်၊ ပူစီနံရွက်၊ ပျဉ်းတော်သိမ်ရွက်၊ ကြာဟင်းညွန့်၊ ဂေါ်တခါးညွန့်၊ ဂေါ်တခါးသီး၊ ခွေးတောက်ရွက်...

မိုးသခွားသီး၊ ခဝဲသီး၊ ကင်ပွန်းချဉ်ရွက်၊ ချဉ်ပေါင်ရွက်၊ စပါးလင်၊ ချင်း၊ ပတဲကော၊ ငရုတ်သီးစိမ်း၊ ဟင်းမွှေးမဆလာနှင့် ဟင်းခတ်အမွှေးကြိုင်များ...

နံနံစေ့၊ နံနံပင်၊ အညာကုက္ကိုရွက်၊ ရှောက်ရွက်၊ ရဲယိုရွက်၊ ရဲယိုသီး၊ မိုးနံ့ရွက်၊ နွားလျှာကြီးရွက်၊ ဆူးပုပ်ကလေး၊ ကြိတ်မှန်ရွက်၊ ပိုးစာရွက်၊ သဘော်သီး၊ သဘော်ရွက်နု...

ပြည်ပန်းညို၊ ကြက်သဟင်းရွက်၊ လဲလူရွက်၊ ကြောင်ပန်းရွက် စသည် ဟင်းသီးဟင်းရွက်များကို စားသုံးရန် သင့်တော်ပြီး...

သား၊ငါးအနေဖြင့်...

ဆိတ်သား၊ သိုးသား၊ ဂျိ(ချေ)သား၊ ဆတ်သား၊ ချိုးသား၊ ခါသား၊ ယုန်သား၊ နွားသား၊ ကြက်သား၊ ငုံးသားနှင့် ငါးခူ၊ ငါးကျည်း၊ ငါးရံ့၊ ငါးရှဉ့်၊ ငါးမြင်း၊ ငါးတန်၊ ကကတစ်(ရေချို)...

ပုစွန်တုပ်၊ ပုစွန်ကျော့၊ ငါးကလေးပေါက် စသည်တို့သည် ဝါဆိုလ ကာလအတွက် ကျန်းမာရေးအတွက် ဆေးဖက်ဝင် ဓာတ်စာ အစာအာဟာရများ ဖြစ်ပါသည်။

အချိုပွဲ စားသုံးသီးနှံအနေဖြင့်...

သရက်သီး၊ မင်းကွတ်သီး၊ စပျစ်သီး၊ ကျွဲကောသီး၊ ပန်းသီး၊ ကတွတ်သီး၊ ကတွတ်ယို၊ သီးသီး၊ သီးယို၊ မာလကာသီး၊ သစ်တော်သီးတို့ဖြစ်ပြီး...



အချဉ်သီးအနေဖြင့်...

ဝှေးသီး(အချို၊ အချဉ်)၊ သံပရာသီး၊ မန်ကျည်းမှည့်၊ မရန်းသီး ဆားခြောက် စသည်တို့ကို စားသုံးနိုင်ပါသည်။

**အထူးသဖြင့် ဤဝါဆိုလတွင်** ဝမ်းနူး၊ ဝမ်းပျက်လွယ်သော အစာများ၊ ယင်နားစာများနှင့် နေ့ကျော်မသိုးထမင်း၊ မသိုးဟင်းများကို အထူးရှောင်ကြဉ်ပါ။

**[ဤကာလသည် ပူအိုက်စွတ်စိုမှု များခြင်းကြောင့် အစာအိမ်နှင့် အူလမ်းကြောင်းကို ဒုက္ခပေးတတ်သော ဘက်တီးရီးယားပိုးများ ပွားများ ပေါက်ဖွားလွယ်သည့်ရာသီ ဖြစ်ပါသည်။]**

ဝါဆိုလ(ကရကဋ်ရာသီ) အခါသမယတွင် မိသားစုတိုင်းအတွက် ကျန်းမာရေး အကျိုးပြု...

ဆေးဖက်ဝင်ဓာတ်စာ ဟင်းစပ်အတွဲများ

[၇-ရက်(၁)ပတ်စာ ဟင်းပွဲများ]

**၁။ ကြက်သားမဆလာ ဒိန်ချဉ်နှပ်ချက်ဟင်း**
- ❖ ချဉ်ပေါင်မှန်ရောင်ဟင်းချို
- ❖ ထောပတ်ထမင်း
- ❖ ဝှေးသီး၊ ငါးပိဆီကြော်နှင့် တို့စရာအစုံ၊ ဟင်းပွဲ

**၂။ ဆိတ်သားနှပ်ဟင်း**
- ❖ ပုစွန်၊ ကင်ပွန်းချဉ်၊ ငရုတ်စိမ်းချဉ်စပ် ဟင်းချို
- ❖ သရက်ချဉ်သုပ်
- ❖ ပုစွန်ခြောက် ဗာလချောင်ကြော်

**၃။ ပုစွန်တုပ် မဆလာဟင်း**
- ❖ ကြက်၊ ခွေးတောက်ဟင်းချို
- ❖ သခွားသီးသုပ်
- ❖ အညာငရုတ်သီးဆားထောင်း

**နဂ္ဂတ္ထုရောင်ခြည်မဂ္ဂဇင်း ၈၅** (စာမျက်နှာ (၈၃) သို့)

www.burmeseclassic.com

www.burmeseclassic.com

အာဏာတည်လျက် အလိုပြည့်စေသော

# တောင်ရွှေးအစီအရင်

ဂါမဏိဇော် (ဝိဇ္ဇာဓရ) စစ်ကိုင်း



တစ်နေ့သော ညနေစောင်းစောင်း အခါသမယတွင် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ပုံရိပ်ဆိုသူနှင့် ကျွန်ုပ်တို့ နှစ်ဦးသား စစ်ကိုင်းတောင်ခြေသို့ သွားကြလေသည်။

တောင်ခြေသို့ ရောက်ကြလျှင် တောင်မကြီးပေါ်သို့ မတက်ရောက်ဘဲ **တောင်ဘီလူးတောင်ကုန်း**ပေါ်သို့ တက်ကြရန် ပြင်ဆင်ကြလေ၏။

အဆိုပါ တောင်ဘီလူးတောင်ကုန်းကား သမိုင်းဝင် ဂမ္ဘီရတို့ဖြင့် ပြည့်နှက်နေသော တောင်ကုန်း ဖြစ်ပေ၏။

ထိုတောင်ကုန်း၏ အနီးတစ်ဝိုက်တွင်လည်း **ဘားမဲ့ဆရာတော် သီတင်းသုံးခဲ့သော ယုန်ဖြူတောင်နှင့် ယုံဖြူဘုရား** ရှိလေ၏။

ထို ယုံဖြူတောင်တစ်ဝိုက်တွင် မုဆိုးများ ပစ်ခွင်း၍ ထိမှန်ကြသော ငှက်ဖြစ်စေ၊ ယုန်,ဒရယ်ဖြစ်စေ မည်သည့် သားငှက်မဟူ ဒဏ်ရာတို့ဖြင့် ယုန်ဖြူဘုရား ပရိဝုဏ်အတွင်းသို့ ဝင်ရောက်၍ သွားကြလျှင်...

ဒဏ်ရာ ပျောက်ကင်းလျက် အသက်ရှင်သန် လွတ်မြောက်ကြရသည်မှာ ယနေ့ထက်တိုင်ပင် ဖြစ်လေသည်။

လူသူ အသိနည်းသော **ဂမ္ဘီရ အောင်မြေဌာန**တစ်ခုပင် ဖြစ်လေ၏။ ထိုယုန်ဖြူတောင်နှင့် တန်းလျက်ရှိသော **တောင်ဘီလူးတောင်**ပေါ်တွင် **ရှင်စောပုဘုရား** ရှိလေ၏။

မွန်ဘုရင်မကြီး ရှင်စောပုသည် မိမိအလိုဆန္ဒကို ပြည့်ဝစေရန် အဓိဋ္ဌာန်၍ တည်ခဲ့သော ဆုတောင်းပြည့်ဘုရားဖြစ်လေရကား...

နိုင်ငံရပ်ခြားသို့ ခရီးသွားလိုသူများ မိမိအခြေချ နေထိုင်လိုသော နေရာဌာန တည်မြဲစေရန် ရောက်ရှိ/ရရှိစေရန် ဆန္ဒရှိသူများသည် ထိုရှင်စောပုဘုရားတွင် အဓိဋ္ဌာန်ပြု၍ ဆုတောင်းခြင်း၊ လှူဒါန်းပူဇော်၍ ဆုတောင်းခြင်းများပြုလျှင် အလိုဆန္ဒပြည့်ဝစေသော ဆုတောင်းပြည့်စေတီတော် ဖြစ်လေ၏။

ထို ရှင်စောပုစေတီတော်သည်လည်း လူသိနည်းသော ဂမ္ဘီရဌာနတစ်ခု ဖြစ်လေသည်။

အခြားသော **မီးပေါက်ကြီးဘုရား၊ ခြသေ့်သုံးဆယ်(သားဆုပန်)ဘုရား** စသည် များစွာသော ဌာနများဖြင့် တည်ရှိနေသော ဂမ္ဘီရနယ်မြေပင် ဖြစ်လေသည်။

ကျွန်ုပ်တို့နှစ်ဦးကား တောင်ဘီလူးတောင်ကုန်း၏ အစွန်ဖျားတွင် ရွာလေးထပ်ကျောင်း အထက်၌ တည်ရှိသော မယ်ရွှေ,မယ်ငွေဘုရားသို့ သွားရောက် ဖူးမြင်လိုကြသဖြင့် ရှင်စောပုဘုရား အတက်လမ်းသို့ မရောက်မီတွင် တောလမ်းလျှိုမြောင်ကလေးမှ တက်ကြမည်ဖြစ်၍ အတက်လမ်းကလေးသို့ မော်ကြည့်လျက် ကျွန်ုပ်မှ...

'ပုံရိပ်ရေ... လမ်းအတက်က မတ်စောက်နေတယ်။ ပြီးတော့ ချုံနွယ်တွေလဲ ပိတ်တဲ့နေရာမှာ ပိတ်နေကြတယ်။ လမ်းကလဲ မကောင်းလှပေဘူး။

www.burmeseclassic.com

ဒီတော့ တို့အတွက် တောင်ဝှေး လိုတယ်ကွ။ တောင်တက်တောင်ဆင်းမှာ တောင်ဝှေးက အလွန်အကျိုးပြုတဲ့ အရာပေါ့ကွာ'

ဟု ပြောလျှင်...

'မခက်ပါဘူး ကိုဂိုကြီးရာ၊ ပုံရိပ်နေဆင်းရင် ချက်ချင်းမကြာ တောင်ဝှေး ရောက်လာစေရမယ်'

ဟု ပြောပြီး တောင်ခြေတောတစ်ဝိုက်တွင် ပေါက်နေသော အဝေရာပင်တို့မှ အလောတော် အကိုင်းနှစ်ခုကို ချိုးလျက်...

'ရော့...တောင်ဝှေး၊ မနှေးမမြန် တောရိပ်ကသိုဏ်းခံပြီး တောင်တော်အထိ တက်ကြစို့များ'

ဟု ဇာတ်သံနတ်သံဆန်ဆန် ပြောလျက် ကျွန်ုပ်အား တောင်ဝှေးကိုပေးကာ နှစ်ဦးသား လျှိုမြောင်အတက်လမ်းကို ဆူးရစ်ကိုင်းများ ကိုချလိုက်၊ မိုးနံကိုင်းများ ဖယ်လိုက် တိုးလိုက် ဝှေ့လိုက်ဖြင့် တက်ကြလေတော့သည်။

တောင်တက်လမ်း တစ်ဝက်ရောက်အရောက်တွင် အတန်သင့် ရှင်းလင်းသော နေရာတွင် ထိုင်လျက်-ခေတ္တ နားကြသောအခါ ကျွန်ုပ်မှ...

'ကိုဂိုကြီးပြောတာ မှန်တယ်ဗျ။ ကျွန်တော်တို့ ဒီတောင်ဝှေးတွေသာ မပါရင် ချုံတွေ ဖယ်ရ တိုးရနဲ့ တက်ဖို့ လွယ်လောက်ဘူး။ ပြီးတော့ တောင်ဝှေးလေးထောက်ပြီး တက်တော့ သိပ်ပြီးလဲ မပန်းဘူး'

ဟု ပြောလေ၏။

'ဒါပေါ့ ပုံရိပ်ရ... လောကမှာ ပညတ်ထားတဲ့ အရာတွေကွ သူတို့နောက်မှာ



အမြဲ တတ်သက်ပြီး အကျိုးအပြစ် ဖြစ်တတ်ကြတယ်ကွ။

မင်းသတိထားမိအောင် ငါ တစ်ခုပြောပြမယ်။ တို့ဗေဒင်ပညာရပ်ထဲက မိတ်ဖက်တွေ မင်းသိတယ်မို့လား...ရွတ်ပြစမ်းပါ'

'ဒါလောက်တော့ သိပါတယ်ဗျ။ **"အောင်ပ, ကုလား, ဆွေသား, တော်ရင်း, မိတ်ဖက်ချင်း"**တဲ့။ ပြီးတော့ **ဦးသာ, စိန်ပန်း**'

'ဟိုးထား... ပုံရိပ်၊ ဒါဆို ရပြီ၊ မင်းပြောတဲ့ **"အောင်ပ, ကုလား, ဆွေသား, တော်ရင်း"**ထဲမှာ အခု တို့ တောင်တက်လို့ အဆင်ပြေချောမွေ့အောင် အကူအညီ ယူခဲ့ရတဲ့ တောင်ဝှေးနဲ့ ဘယ်မိတ်ဖက် နံသင့်လဲ'

ဟု ကျွန်ုပ်မှ ဖြတ်၍မေးသောအခါ...

'သြော်...ဟုတ်ပြီ၊ တော်ရင်းဆိုတဲ့ **စနေ-ဗုဒ္ဓဟူး မိတ်ဖက်နံနှစ်ခုနဲ့ ပညတ်တူတဲ့ တောင်ဝှေး**ကို ပြောချင်တာမို့လား'

'သိပ်ဟုတ်တာပေါ့ ပုံရိပ်ရာ... ဒီတောင်ဝှေးဆိုတဲ့ ပညတ်ခတ်သက်က နယ်နယ်ရရ မဟုတ်ပေဘူး။ စီးပွားရေး လုပ်ကိုင်နေကြတဲ့ ကုမ္ပဏီဌာနတွေ, အလုပ်ရုံတွေမှာ အလုပ်သမား မမြဲတာ၊ အလုပ်သမား တော်လှန်ကြတာ စတဲ့ ဆန္ဒပြသတင်းတွေ တွေ့ရတယ်မို့လား'

ဟု ကျွန်ုပ်မှ ပြောလျှင်...

'အဲဒီ သတင်းတွေကတော့ မဖတ်ချင် မမြင်ချင်မှ အဆုံးပါပဲဗျာ။ ဒီလောက်ဆို ကျွန်တော် သဘောပေါက်ပြီ။ အလုပ်သမား အောက်လက်ငယ်သားတွေနဲ့ ပြဿနာ ကြုံတွေ့နေရသူတွေ တောင်ဝှေးကို ယတြာပြုကြရင် အဆင်ပြေကြမယ်ပေါ့...ဟုတ်တယ်မို့လား'

'မှန်ပါ့... ဒါတင် ဘယ်ကမလဲ ပုံရိပ်ရ... မိသားစုအတွင်းမှာ သားသမီးတွေ ထိန်းမရကြရင်၊ အသင်းအဖွဲ့အစည်းတွေမှာ အောက်လက်ငယ်သားတွေ ထိန်းသိမ်းလို့ မရကြရင်...

လက်ဖက်ရည်ဆိုင် အအေးဆိုင် စတဲ့ ဆိုင်ကနားတွေမှာ အလုပ်သမား မမြဲရင် စသဖြင့်ပေါ့ကွာ...

ဟောဒီ တောင်ဝှေးကို ကိုယ့်ရဲ့ နေ့နံသင့်တဲ့ အသားနဲ့ လုပ်ပြီး ယတြာအစီအရင်လုပ်ပြီး ဆောင်ထားတဲ့အခါ အောက်လက်ငယ်သားတွေနဲ့ အဆင်ပြေ ချောမွေ့ပြီး ကိုယ့်လိုရာခရီး ရောက်အောင် သူတို့က အကောင်းဆုံး ကူညီကြလိမ့်မယ်'

ဟု ကျွန်ုပ်မှ ပြောလျှင်...

'ဒါဖြင့်လဲ အချိန်စောသေးတယ်ဗျ၊ တောင်ပေါ်ကို ဖြည်းဖြည်းတက်



www.burmeseclassic.com

www.burmeseclassic.com

ကြတာပေါ့။ တောင်ဝှေးစီရင်တဲ့ ယတြာလေး လုပ်ပုံကို ပြောပြဦးမျာ။ တစ်ခါတည်း မှတ်ရအောင်'

ဟု ပုံရိပ်မှ တောင်းဆိုလေတော့သည်။

'ဒီလိုပုံရိပ်ရ… ကိုယ့်ရဲ့ မွေးနံ အသား တစ်ခုကို ရှာရမယ်။ ပြီးတော့ တောင်ဝှေး လုပ်မယ့် အသားက ရင့်ရမယ်။ ဖြောင့်ရမယ်။ အနေတော် ကိုင်ဆောင်လို့ ကောင်းတဲ့ အရွယ်အနေအထား ဖြစ်ရမယ်။

ရပြီဆိုတာနဲ့ အမြိတ္တစုတ်ရက်ကို ရွေးပြီး အဲဒီရက်မှာ တောင်ဝှေး လုပ်ရမယ်။ တောင်ဝှေး လုပ်ပြီးရင် တောင်ဝှေးထိပ် လက်ကိုင်တဲ့နေရာနားမှာ ဂါထာနှစ်ခုကို ထည့်ရမယ်။ ဂါထာကိုလဲ ငွေပြား,ကြေးပြား စသည်မှာ ရေးရမယ်'

ဟု ပြောပြီး အောက်ပါအတိုင်း အစီအရင် လုပ်ပုံကို တစ်ခုချင်း ရှင်းပြရလေတော့သည်။

### တောင်ဝှေးပြုလုပ်ရန် နံသင့်အသား

| | | |
|---|---|---|
| တနင်္ဂနွေသားသမီး | → | အုန်းသား၊ အင်သား၊ |
| တနင်္လာသားသမီး | → | ကံ့ကော်သား၊ ကုက္ကိုသား၊ |
| အင်္ဂါသားသမီး | → | ဆီး(ဇီး)သား၊ စောင်းလျားသား၊ |
| ဗုဒ္ဓဟူးသားသမီး | → | လင်းလွန်းသား၊ လက်ခုပ်သား၊ |
| ကြာသပတေးသားသမီး | → | ပိတောက်သား၊ ပျဉ်းကတိုးသား၊ |
| သောကြာသားသမီး | → | သီးသား၊ သံသတ်သား၊ |
| စနေသားသမီး | → | ထိန်သား၊ ထန်းသား |

စသော နံသင့်သစ်ကို ရွေးချယ်၍ ယူရမည်။



### အမြိတ္တာစုတ် ရက်ရွေးပုံ

"ဇက် ပူ။ နှစ် ဆင်။ သုံးတွင် ကျားထား။ လေးရက်ကား ကြွက်။ ငါးရက် နာဂ။ ခြောက်မှာ ဂဠုန်။ ဆန်းဆုတ်ကြုံမှတ်ကုန် အမြိတ္တ"

ဟူသော လင်္ကာအတိုင်း မည်သည့်လတွင်မဆို **လဆန်း(၁)ရက်၊ လဆုတ်(၁)ရက်တွင်** သောကြာနေ့ကြုံလျှင် အမြိတ္တစုတ်ရက်ဖြစ်၏။

- ▲ **လဆန်း/လဆုတ် (၂)ရက်**တွင် ဗုဒ္ဓဟူးနေ့ကြုံခြင်း၊
- ▲ **လဆန်း/လဆုတ် (၃)ရက်**တွင် တနင်္လာနေ့ကြုံခြင်း၊
- ▲ **လဆန်း/လဆုတ် (၄)ရက်**တွင် ကြာသပတေးကြုံခြင်း၊
- ▲ **လဆန်း/လဆုတ် (၅)ရက်**တွင် စနေနေ့ကြုံခြင်း၊
- ▲ **လဆန်း/လဆုတ် (၆)ရက်**တွင် တနင်္ဂနွေနေ့ကြုံခြင်း

ဖြစ်လျှင် အမြိတ္တစုတ်ရက် ဖြစ်ပါသည်။

### အစီအရင်တောင်ဝှေး ပြုလုပ်ရန်

အမြိတ္တစုတ်ရက်တွင် မိမိနံသင့် အသားကို သန့်ရှင်းချောမွေ့အောင် ပြုလျက် တောင်ဝှေးထိပ်တွင် အပေါက်ဖောက်ပြီး ဂါထာရေးထားသော ကြေးပြားနှစ်ခုကို ထည့်သွင်းရပါမည်။

### ဂါထာများ

**၁။ အတက်ဂါထာ**

"ဥုံ ပုဏ္ဏကာသာစ ယက္ခသ
ကုသသီဟ နာဒသာစ
ဝိသုကမ္မသာစ တယော
သဒ္ဒေါ အာဋာဝကာသာစ"

**၂။ အဆင်းဂါထာ**

"ဥုံ ဗုဒ္ဓစက္ကံဟိ သက္ကာသာအသနိ
နယနာဝုဓဝတ္တာ ဝေသာဝဏ္ဏာသာပိ
ဒုသံ အာဋာဝကာသာစ"

ထိုနှစ်ဂါထာကို ကြေးပြားနှစ်ချပ်တွင်ရေးလျက် လိပ်ပြီး တောင်ဝှေးထိပ်တွင် ထည့်ကာ သွတ်ထားရပ[ါ]မည်။ ထို့နောက် အထက်ပါ ဂါထာ မန္တန်နှစ်ပုဒ်နှင့် တောင်ဝှေးကို (၃၇) ခေါက်ရွတ်၍ သိဒ္ဓိတင်ရပါမည်။

အာဏာတည် တောင်ဝှေးဖြစ်၍ အတိုက်အခိုက်များ၊ အောက်လက် ငယ်သားများ၏ တော်လှန်မှုများကို သိမ်းအုပ်နိုင်နင်းလှုပါသည်။

**အသုံးပြုလိုသော အခ[ါ]** တောင်ဝှေးကို ယူလျက် အထက်ပ[ါ] ဂါထာနှစ်ပုဒ်ကို (၃၇)ခေါက် ရွတ်ဆ[ို] ပြီးလျှင် မိမိအနားကို ထားခြင်း ကိုင်ဆောင်ခြင်း ပြုလုပ်လျက် ပြော[ဆို]ဆိုလုပ်ကိုင်ကြပါလျှင် မိမိအာဏာ တည်လျက် အလိုဆန္ဒ ပြည့်[ဝ] အောင်မြင်ပါလိမ့်မည်။

**ဂါမဏိဇော်(ဝိဇ္ဇာဓရ)**
**စစ်ကိုင်း**



www.burmeseclassic.com

www.burmeseclassic.com

မြင်းမူမြို့မှ

# ရှင်ပင်သိမ်တော်ကြီး မြတ်စွာဘုရား

နှင့် ခေါင်းလောင်းစာနှင့် ပုဂ္ဂိုလ်ထူးများ၏ အောင်မြေနေရာထူးများ

ရေနံမြေ လွမ်းရီ

စစ်ကိုင်းတိုင်း ဒေသကြီး၊ **မြင်းမူမြို့၌ သိမ်တော်ကြီးဘုရား** ဟူ၍လည်းကောင်း... **သိမ်ဦးထွန့် စေဘုရား**ဟူ၍ လည်းကောင်း ထင်ရှားသည့် ရှေးဟောင်း ဘုရားစေတီတစ်ဆူ ရှိပါသည်။

ထိုဘုရားစေတီနှင့် ပတ်သက်၍ ရေးထိုးခဲ့သော ကျောက်စာမှာ ပုံ(၁)တွင် ပြထားသည့်အတိုင်း ဒါးတစ်ပိုင်းပြတ်ကာ ဖြစ်သလို ရိုက်ထုထားရခြင်း၊ စာများမှာ ဖတ်၍ မရအောင်ပင် ပျက်စီးနေခြင်းကြောင့် မည်သူသည် မည်သည့်ခုနှစ်သက္ကရာဇ်တွင် တည်ထားခဲ့ကြောင်း အမှတ်အသား မတွေ့ရတော့ပေ။

သိမ်တော်ကြီးကို **ရှင်အရဟံ သမုတ်တော်မူခဲ့သည်**ဟု ရှေးသူမတို့ အဆိုပြုခဲ့သည်ကို ထောက်ရှုခြင်းအားဖြင့် ပုဂံခေတ်တွင် တည်ထားကိုးကွယ်ခဲ့တော်မူခဲ့သော ဘုရားစေတီ ဖြစ်နိုင်သည်ဟု ယူဆရပါသည်။

[ယခု ပုံ(၂)တွင် ဖော်ပြထားသော သိမ်တော်မှာ



▲ သိမ်တော်ကြီးဘုရား



www.burmeseclassic.com

www.burmeseclassic.com



◆ (ပုံ-၂) သိမ်တော်ကြီးဘုရားမှ လက်ရှိသိမ်တော်



◆ (ပုံ-၁) သိမ်တော်ကြီးဘုရားကျောက်စာ

◆ သိမ်တော်ကြီးဘုရား
အဝင်မုခ်ဦးနှင့်
စေတီတော်များ



ယခင်ဘုံခုနစ်ဆင့်ရှိ ပြာသာဒ် သိမ်တော်ကြီး ပျက်စီးသွားသဖြင့် အသစ်တစ်ဖန် တည်ဆောက်ထားသော သိမ်တော်ဟု ဆိုပါသည်။ ပုံ(၃)တွင် ဖော်ပြထားသော သိမ်တွင်းရှိ တိုင်ကြီးမှာ ယခင် သိမ်ဟောင်းကြီးမှ တိုင်များအနက် တစ်ခုဖြစ်ပါသည်။ စာရေးသူ]

## သိမ်တော်ကြီးဘုရား၏ ထူးခြားချက်များ

▲ ရဟန္တာ သိမ်သမုတ်သော စေတီတော် ဖြစ်ခြင်း။

▲ မြို့လယ်တွင် ရပ်ကွက်နှင့် ထိစပ်မှုမရှိ သီးခြားတည်ရှိခြင်း။

▲ အရံစေတီတော် (၂၆)ဆူရှိခြင်း။





www.burmeseclassic.com

www.burmeseclassic.com





▲ (ပုံ-၃) သိမ်တော်တွင်းရှိ ရုပ်ပွားတော်နှင့် မူလသိမ်ဟောင်းမှ လက်ကျန်တိုင်များအနက် တိုင်(၁)လုံး

ကျောက်တိုင်ဆရာတော် သီတင်းသုံးတော်မူခဲ့သောစေတီ ▶



သိမ်တော်ကြီးမှ ခေါင်းလောင်းစာ

▲ တောင်တန်းသာသနာပြုဆရာတော် ဦးဥတ္တမသာရ ရွှေပေါ်ကျွန်း ဆရာတော်၊ ပရိတ်ချည်ဆရာတော်နှင့် ကျောက်တိုင်ဆရာတော်တို့ ကြွရောက်ကာ သာသနာပြုခြင်း။

▲ နဝင်းသုံးချက်မိခြင်း၊

(၁) သိမ်(ဂြိုဟ်သက်-၂၁)+ကြီး(ဂြိုဟ်သက်-၁၅)=၃၆(၃+၆)= ၉

(၂) မြို့(ရုပ်သက်-၅)+လယ်(ရုပ်သက်-၄) = ၉

(၃) ပရိဝုဏ်အတွင်း စေတီတော်(၂၇)ဆူရှိခြင်း(၂+၇) = ၉

ဤသို့ ထူးခြားချက်တို့ဖြင့် ပြည့်စုံတော်မူသော သိမ်ဦးထွင့်စောဘုရားတွင် ဘုရားဖူးသူ၊ အဓိဋ္ဌာန်ဝင်သူတို့ဖြင့် စည်ကားလျက် ရှိပါသည်။

ဆိုရသော် ဗုဒ္ဓပူဇနိယပွဲတော်ရက်ဖြစ်သော တပေါင်းလပြည့်နေ့ ဆွမ်းဆန်စိမ်း လောင်းလှူပွဲတွင် အထူး စည်ကားသိုက်မြိုက်ကြောင်း သိရသည်။

စေတီပုထိုးရှိလျှင် ခေါင်းလောင်းစင်နှင့် ခေါင်းလောင်းများ ရှိမြဲဖြစ်သည်။ ဒါနပြုသူတို့သည် တစ်စုံတစ်ရာ လှူဒါန်းပြီးပါက အမျှဝေပြီး ခေါင်းလောင်းထိုးကြပါသည်။

**အပါယ်တုံသား ပြိတ္တာတို့သည် အမျှဝေသံ၊ ခေါင်းလောင်းထိုးသံကြား၍ သာဓုခေါ်ဆိုနိုင်ပါက ကျွတ်တမ်းဝင်နိုင်သည် ဟူသော အယူအဆမှာ ဗုဒ္ဓ ဘာသာဝင်တို့၏ ခိုင်မာသော ယုံကြည်ချက်ဖြစ်သည်။**

အထက်ခေါင်းစဉ်ပါ ခေါင်းလောင်းစာသည် သိမ်၏



www.burmeseclassic.com

www.burmeseclassic.com






▲သိမ်၏အရှေ့ဘက်ရှိ ခေါင်းလောင်း (၂)လုံးမှ တောင်ဘက်အလုံး

◀ သိမ်တော်ကြီးဘုရား ကုန်းပေါ်မှ ရှုမျှော်ကြည့်မြင်ရသော ဆရာတော်ကြီးကျောင်းမှ အောင်သိဒ္ဓိပထမံကျော်သူစေတီတော်

အရှေ့ဘက်တွင်ရှိ ခေါင်းလောင်းစင်တွင် ချိတ်ဆွဲထား သော ခေါင်းလောင်းနှစ်လုံးအနက် တောင်ဘက်မှ ခေါင်းလောင်းတွင် ရေးထိုးထားခြင်းဖြစ်သည်။ ခေါင်း လောင်းစာမူရင်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

"လက္ခဏာသဿ ကောဇြာံ ပုဏ္ဏမိတိက္ကန္တေ စန္ဒရာ ဥဒြိဝသေ သူရိယဇေနောရထာ၊ ဂဏ္ဍောယံ သိဒ္ဓိတ္တာဒိန္နော၊ ဘမာခသုဒ္ဓကံ သေဟိ၊ စေတီယင်္ဂဏေဓပေတွာ၊ ပုံညကတံတဿမယံ၊ ဖလံ ဘာရက္ခ၊ ဒေဝတာ မာတာပိတ၊ စရိယာစ၊ ဘောဂသာမိညာ တကာဒိ၊ ပါဏိဘမှေဟိ လဗ္ဘန္တု၊ လက္ခဏဿ သဟ ဿကေ၊ ကောဇာသကြင် ၁၁၂၃-ခု ရောက်သော၊ ဩဝံပုဏ္ဏမိတိက္ကန္တေ၊ ဝါခေါင်လပြည့်ကျော် ၂ ရက် ဖြစ်သော စန္ဒရာဥါဏဒိဝ- - အရုဏ်တက်သောအခါ နိုက်၊ သူရိယဇေယျနောရထာ၊ နေမျိုးဇေယျ နောရထာ အမတ်သည် ဘမာကသုဒ္ဓကံ သေတိ အချိန် ၂၅၀ ရှိသော ကြေးဝင်တုံဖြင့် ဘယံဃဏ္ဍော၊ ဤခေါင်းလောင်းကို၊ သိဒ္ဓိတ္တာသွန်း၍၊ စေတီယင်္ဂဏေ သိမ်ဦး ထွတ်စော အမည်ရှိသော၊ စေတီတော်အပြင်နိုက်၊ ဓပေတွာသွဲထား၍ ဒိန္နောလှူအပ်၏။

**ယံ ပုညံ** အကြင်ကောင်းမှုကို၊ **မယံ** အကျွန်ုပ်တို့ သမီး မောင်နှံ သားသမီးတစုတို့သည်၊ **ကတံ** ပြုအပ်ပြီ **တဿ ပုညဿ** ထိုကောင်းမှု၏၊ **ဖလံ** အကျိုးတိုးနော အကျွန်ုပ်တို့ ၏၊ **ဘာရက္ခဒေဝတာ** ကိုယ်စောင့်နတ်တို့သည်လည်းကောင်း၊ **မာတာပီတာစ** မိခင်ဘခင်တို့သည်လည်းကောင်း၊ **အာစိ ရိယာစ** ဆရာမြတ်တို့သည်လည်းကောင်း၊ **ဘောဂသာမိစ** စည်းစိမ်အသက် သိခင်ဖြစ်သော အသျှင် ၉ ကရင်၊ အရှင်မိဖုရား တို့သည်လည်းကောင်း၊ **ညာတကာဒိ** အဆွေအမျိုးသားချင်း



www.burmeseclassic.com

www.burmeseclassic.com



လာင်း
လုံး
နဲ
မှ
တီတော်

ဖြစ်သော
က်သောအခါ
နေမျိုးဇေယျ
ာကာသုဒ္ဓကံ
ပြစ်ထုပ်ဖြင့်
လောင်းကိုဝ်
ထာ သိမ်ပြီး
ကွာသွဲ့ထား၍

ပ်တိုင် သမီး
ပြီ **တသ**
အကျွန်ုပ်တို့
ည်းကောင်း၊
င်း၊ **အာစ်**
**ာဂသာပီစ**
အရှင်မြတ်ဘုရား
မြိုးသားချင်း





▲ တောင်ဘက်ခေါင်းလောင်း
တစ်ခြမ်းပုံနှင့်
ခေါင်းလောင်းစာ

◀ သိမ်တော်ကြီးဘုရားကုန်းပေါ်မှ
စေတီတော်များ

▼ ၁၃၇၉ ခုနှစ်၊
တပေါင်းလပြည့်နေ့တွင်
ဆွမ်းဆန်စိမ်း
လောင်းလှူနေပုံ

စသော ဘုံသုံးပါးနိုက် ကြင်လည်ကုန်သော၊ **ပါထိစ** အသက်ရှိသော သတ္တဝါအပေါင်းတို့သည်လည်းကောင်း၊ **အမေ့ဟိ**တိုင့်နှင့်၊ **သဗ်** အမျှ၊ **လဒ္ဓယ္ယု်** ရစေကုန်သတည်း။

**ယာတ** အကြင်မျှလောက်၊ **မယံ** အကျွန်ုပ်တို့သည် နိဗ္ဗန်ကိုဝ်**လဒ္ဓာ** မရကုန်သောတာဝ ထိုဝ်မျှလေါသောကာလနိုက်၊ **အယံ** **ဘထဝီ** ဤမြေကြီးသည် သတ္တဝါတို့၏ သတိ,သက်သေသ်**ဿာတု** ဖြစ်ပါစေသတည်း”*[မူလသတ်ပုံအတိုင်း]*

**ခေါင်းလောင်းစာ ကောက်နုတ်ချက်အရ...**

နေမျိုးဇေယျနော်ရထာ အမတ်သည် သက္ကရာဇ် ၁၁၂၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော်(၂)ရက် အရုဏ်တက်ချိန်တွင် ကြေးပိဿာချိန်(၂၅၀)ရှိသော ခေါင်း





www.burmeseclassic.com

www.burmeseclassic.com



သိမ်တော်ကြီးဘုရား ဗိန္ဓာတော်မှ
မူလ ဘုရားအုတ္တ္တ.တော်



သိမ်၏အရှေ့ဘက်ရှိ
ခေါင်းလောင်း(၂)လုံး

လောင်းကို သွန်းလုပ်ကာ သိမ်ဦးထွဋ်စောစေတီတော်တွင် လှူဒါန်းခဲ့ကြောင်း... နိဗ္ဗာန်မရမီစပ်ကြား ဤသို့ လှူဒါန်းခဲ့သည်ကို မဟာပထဝီမြေကြီးကို သက်သေတည်ကြောင်း...

အကျွန်ုပ်တို့ သမီးမောင်နှံနှင့်တကွ သားသမီးတစ်စုတို့ ပြုရသော ဤကောင်းမှုအဖို့ဘာဂကို ကိုယ်စောင့်နတ်တို့သည်လည်းကောင်း၊ **မာတာပီတာစ**–အမိအဖတို့သည်လည်းကောင်း၊ **အာစရိယ**–ဆရာမြတ်တို့သည်လည်းကောင်း...

**ဘောဂသာမိစ**–အသက်သခင် ကျေးဇူးရှင်ဖြစ်သော အရှင်မင်းကြောရာဇ် အရှင်မိဖုရားတို့သည်လည်းကောင်း၊ **ဉာတကာနဉ္စ**–ဆွေမျိုးသားချင်းများနှင့်တကွ သက်ရှိသတ္တဝါအပေါင်းတို့သည်လည်းကောင်း ငါတို့နှင့်တကွ အမျှရကြစေကုန်သတည်းဟု ရေးထိုးထားကြောင်း သိရသည်။

စာကြွင်း ။ ။ ရပ်ကွက်တွင် မပါဝင်သော သီးခြာ
မြို့လယ်ဘုရား ဖြစ်သဖြင့် ဗုဒ္ဓပူဇနီယပွဲတော်တွင်
အယုတ်အလတ် အမြတ်မရွေး ဒါနပြုလိုသူမျာ
လာရောက်၍ ဆွမ်းဆန်စိမ်း လောင်းလှူနိုင်သော
ပွဲတော် ဖြစ်ပါသည်။

ရေနံမြေ လွမ်းစု

[ဤဆောင်းပါး ဖြစ်မြောက်ရန် အကူအညီပေးခဲ
ကြသော သိမ်တော်ကြီးဘုရား ဂေါပကအဖွဲ့ဝင်မျာ
ဖြစ်ကြသည့် ဦးစန်း၊ ဦးတင်မိုး၊ ဦးငွေဝင်းနှင့်တက
ဂေါပကအဖွဲ့ဝင်အားလုံးအား အထူးပင် ကျေးဇူး
ရှိပါသည်။]



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလအတွင်း





## ဆုကြီးများ ဆွတ်ခူးနိုင်ဖို့



ထက်မင်းကျော်စွာ

| မွေးလ | ဂဏန်း | အရောင် | အရုပ် | လာဘ်ပွင့်နေ့ | အရသာ | ကျောက်မျက် | စပ်တူထိုးလျှင် | ရှောင်ရန် |
|---|---|---|---|---|---|---|---|---|
| မိဿရာသီဖွား မတ်(၂၁) မှ ဧပြီ(၂၀) | ၆ | ပြာ | အရှေ့တောင် | စနေ | ချဉ် | စိန် | အင်္ဂါ | စနေ |
| ပြိဿရာသီဖွား ဧပြီ(၂၁) မှ မေ(၂၀) | ၃ | ပန်း | တောင် | တနင်္လာ | ခါး | သန္တာ | သောကြာ | တနင်္ဂနွေ |
| မေထုန်ရာသီဖွား မေ(၂၁) မှ ဇွန်(၂၀) | ၉ | ဖြူ | အနောက်မြောက် | အင်္ဂါ | ငန် | ကြောင် | ဗုဒ္ဓဟူး | ကြာသပတေး |
| ကရကဋ်ရာသီဖွား ဇွန်(၂၁) မှ ဇူလိုင်(၂၁) | ၇ | နက် | အနောက် | သောကြာ | ဖန် | နီလာ | ဗုဒ္ဓဟူး | သောကြာ |
| သိဟ်ရာသီဖွား ဇူလိုင်(၂၂) မှ ဩဂုတ်(၂၁) | ၀ | နက် | အနောက် | သောကြာ | ဖန် | နီလာ | ဗုဒ္ဓဟူး | သောကြာ |
| ကန်ရာသီဖွား ဩဂုတ်(၂၂) မှ စက်တင်ဘာ(၂၁) | ၅ | ဝါ | အရှေ့မြောက် | ဗုဒ္ဓဟူး | ချိုဆိမ့် | ဥဿဖရား | တနင်္ဂနွေ | တနင်္လာ |
| တူရာသီဖွား စက်တင်ဘာ(၂၂) မှ အောက်တိုဘာ(၂၂) | ၃ | ပန်း | တောင် | တနင်္လာ | ခါး | သန္တာ | သောကြာ | တနင်္ဂနွေ |
| ဗြိစ္ဆာရာသီဖွား အောက်တိုဘာ(၂၃) မှ နိုဝင်ဘာ(၂၁) | ၆ | ပြာ | အရှေ့တောင် | စနေ | ချဉ် | စိန် | အင်္ဂါ | စနေ |
| ဓနုရာသီဖွား နိုဝင်ဘာ(၂၂) မှ ဒီဇင်ဘာ(၂၀) | ၈ | ပြောက်ကျား | အနောက်တောင် | ကြာသပတေး | ပုပ်သိုး | ဂေါမိတ် | စနေ | ဗုဒ္ဓဟူး |
| မကာရရာသီဖွား ဒီဇင်ဘာ(၂၁) မှ ဇန်နဝါရီ(၁၉) | ၂ | ဖြူ | အနောက်မြောက် | အင်္ဂါ | ငန် | ပုလဲ | ဗုဒ္ဓဟူး | ကြာသပတေး |
| ကုံရာသီဖွား ဇန်နဝါရီ(၂၀) မှ ဖေဖော်ဝါရီ(၁၈) | ၁ | နီ | ရှေ့ | ဗုဒ္ဓဟူး | စပ် | ပတ္တမြား | ကြာသပတေး | အင်္ဂါ |
| မိန်ရာသီဖွား ဖေဖော်ဝါရီ(၁၉) မှ မတ်(၂၀) | ၄ | စိမ်း | မြောက် | တနင်္ဂနွေ | ရောနှော | မြ | တနင်္လာ | ဗုဒ္ဓဟူး |



www.burmeseclassic.com

www.burmeseclassic.com

စက်တင်ဘာလ(၁)ရက်နေ့တွင် ဖွင့်လှစ်မည့် ထီဖွင့်ပွဲတွင် ဆုကြီးများနှင့် နီးစပ်ကံထူးနိုင်ကြစေရန် **၂၊ ၃၊ ၆၊ ၇** ဂဏန်းခြေများကို အဓိကထား၍ ရွေးချယ်ပါ။

အလုံးတူ အပူးအထပ်များ အလိုရှိပါက ယင်းဂဏန်းလေးလုံးအနက် (၂)လုံးနှင့်အထက်ပါဝင်သော ထီလက်မှတ်ကို ရွေးချယ်ကံစမ်းပါ။ တွဲဖက်သင့်သောလက္ခဏာများကား **"ဏ၊ ပ၊ ရ၊ အ"**တို့ ဖြစ်ကြသည်။

ဤလတွင် ထီဆုကြီးများနှင့် နီးစပ်သူများမှာ **ဗုဒ္ဓဟူးသားသမီးတို့** ဖြစ်ကြသည်။ **တနင်္ဂနွေသားသမီးများ**လည်း အတန်အသင့် ကြီးမားသောဆုများကို မျှော်လင့်နိုင်ကြသည်။

**မိမိတို့မွေးလရာသီအလိုက် ကံအခွင့်အလမ်းကို အသုံးပြုလိုပါက ဇယားတွင် ကြည့်ပါ။**

* * *

**ဥပမာ ။ ။ မိဿရာသီ(မတ်လ ၂၁–ရက် မှ ဧပြီလ ၂၀ရက်အတွင်းမွေးသူ)တို့သည်** (၆)ဂဏန်း၊ အပြာရောင်၊ အရှေ့တောင်ထောင့်အရပ်၊ စနေနေ့၊ ချဉ်သောအရသာ၊ စိန်ကျောက်မျက်တို့က ကံလာဘ်ပွင့်လင်းစေပါမည်။ ထီစပ်တူထိုးလိုပါက အင်္ဂါသားသမီးတို့နှင့် စုစပ်ထိုးနိုင်သည်။ စနေသားသမီးတို့နှင့် ရှယ်ယာ မပြုလုပ်သင့်ပါ။

**ဆိုင်တည်ရာဌာနအနေဖြင့်**...

လေကောင်းလေသန့် ရသောနေရာ၊ ကုန်းကမူထိပ်၊ ရေကန်ကျယ်အနီး၊ တရားရုံးအနီး စသည်တို့၌ ဖွင့်လှစ်ထားသော ထီလက်မှတ်အရောင်းဆိုင်များ၊ စက်ဘီး၊ တွန်းလှည်း၊ ကား စသည်ဖြင့် လှည့်လည်ရောင်းချသော ရွေ့လျားထီဆိုင်များက ဆုကြီးများ ဆွတ်ခူးပေးနိုင်ပါမည်။ ဆိုင်မျက်နှာစာတွင် အပြာရောင် လွှမ်းမိုးတန်ဆာဆင်ထားသော ဆိုင်များလည်း ကံကောင်းနိုင်ကြသည်။

**ထီကံမြှင့်ယတြာ ပြုလိုပါက**...

ထီထိုးမည့်နေ့တွင် ဖြူဖျော့သောအရောင်ကို အောက်ပိုင်း၌ ဆင်မြန်း၍ အစိမ်းရောင်ကို အထက်ပိုင်း၌ ဆင်ကာ ကံစမ်းပါလေ။

***သိန်းရာထောင်သောင်း***

***ထီဆုကြီးများ ဆွတ်ခူးနိုင်ကြပါစေ။***

**ထက်မင်းကျော်စွာ**

---



မွေးမြူရေးဝက်ခြံများတွင်

# ဝက်ချေး (ဝက်ချီး)

တစ်နေရာတည်း စုပုံနေလိုလျှင်

တောနေလူတန်းစား (၇၀)ရာခိုင်နှုန်းတွင် များသောအားဖြင့် စိုက်ပျိုးရေးလုပ်ကိုင်ကြပြီး မွေးမြူရေးပါ တွဲဖက်၍ ဝက်များပါ တစ်နိုင်တစ်ပိုင် ဝက်ခြံတွင် မွေးမြူကြပါသည်။ ဝက်များမွေးမြူရာတွင် အသားထုတ်ဝက်ဖြစ်စေ၊ အသားကျွ(မျိုးသား) မွေးသည်ဖြစ်စေ ခြံခတ်၍ မွေးကြရာ တောနယ်များတွင် အများဆုံး မွေးမြူလျက် ရှိကြပါသည်။

ခြံခတ်၍ မွေးမြူရာတွင်လည်းကောင်း၊ အဆောက်အအုံဆောက်၍ မွေးမြူရာတွင်လည်းကောင်း မွေးမြူသည့် ဝက်များ ဝက်ချေး(ဝက်ချီး) စုပုံ၍နေလိုသည့်ဘက်တွင် ပထမဦးစွာ အဆောက်အအုံတိုင်(သို့မဟုတ်) ခြံတိုင် စိုက်မည့်နေရာတွင် ကျင်းတူး၍ စိုက်ကြပါသည်။

**ထိုသို့ စိုက်၍ ကျင်းတူး၊ တိုင်စိုက်သည့်နေရာတွင် မွေးမြူထားသော ဝက်များအားလုံး ယင်းနေရာတွင်သာ ရောက်၍ ဝက်ချေး(ဝက်ချီး)များ စွန့်ပစ်ကြပါသည်။**

မိမိ ဝက်ချေး(ဝက်ချီး) ယိုလိုသော စွန့်လိုသော ထောင့်နေရာ ကျင်းတူး တိုင်စိုက်ရပါသည်။

**ဥပမာ–ထောင့်နေရာ အရှေ့မြောက်ထောင့်ဆိုလျှင် တနင်္ဂနွေထောင့်တွင် စ,၍ တူးရပါမည်။ အနောက်တောင်ထောင့်ဆိုလျှင် စနေထောင့်တွင် ကျင်းတူး၍ တိုင်စိုက်ရပါမည်။** စာရေးသူသည် အသက်(၂၀)ဝန်းကျင်က ဝက်မွေးမြူရေး အများအပြား လုပ်ကိုင်ခဲ့ရာ လက်တွေ့ ဖြစ်ပါသောကြောင့် ရေးသားဖြန့်ဝေလိုက်ပါသည်။

ရေစကြို မင်းသောင်း



www.burmeseclassic.com

www.burmeseclassic.com

# စီးပွားလာဘ်ရွှင် သစ်နွယ်ဝင်

ဝေယျာအောင်

မြန်မာ့ တောင်ကြီးသေလာ တောကြီးဟေမဝါတို့ရှိ သစ်ပင်ကြီးများတွင် သဘာဝအလျောက် တွယ်ကပ် ပေါက်နေသေည့် နွယ်ပင်များမှ နွယ်ဝင်ခေါ် သစ်ကွင်းထိုးများ အကြောင်းကို နက္ခတ္တရောင်ခြည် မဂ္ဂဇင်းတွင် ဖော်ပြသည့် ဆောင်းပါးများကို ဖတ်ရှုရပါသည်။

သို့နှင့် နွယ်ဝင်ကို ဆောင်ခွင့်ရသူတို့၏ ခံစား ကြုံတွေ့ရသည့် ထူးခြားဖြစ်စဉ်များအကြောင်းကို စိတ်ဝင်စားမိ၍ လေ့လာခဲ့ပါသည်။

**ပုံ(၁)တွင် ဖော်ပြထားသည့်** နွယ်ဝင်မှာ **ရခိုင်ပြည်နယ်၊ ရခိုင်ရိုးမ ကားလမ်းပေါ်ရှိ ပန်းတောင်းမြို့နှင့် တောင်ကုတ်မြို့အကြား ညောင်ကျိုးကျေးရွာ ကားစခန်း၊ ရဲဘော်ကြီးထမင်းဆိုင်တွင် တွေ့ရှိ**ခြင်း ဖြစ်ပါသည်။

နွယ်သည် အင်္ဂလိပ်အက္ခရာ ရှစ်ပုံသဏ္ဍာန်ရှိသည်။ သစ်ကိုင်းနွယ်၏ လုံးပတ်မှာ လက်ညှိုးလုံးခန့်ရှိသည်။ ရဲဘော်ကြီးထမင်းဆိုင် ပိုင်ရှင်သည် တပ်မတော်မှ တပ်ကြပ်ရာထူးဖြင့် အငြိမ်းစားယူခဲ့ပြီး ရေကြည်ရာ မြက်နုရာ ဖနီးသည်၏ ဇာတိရပ်ရွာနှင့် မနီးမဝေး ညောင်ကျိုး ကားစခန်းတွင် စားသောက်ဆိုင် ဖွင့်လှစ် ရောင်းချသည်။

ယခင် စားသောက်ဆိုင်ကြီးများ၏ အခင်းအကျင်း၊ ရောင်းချသည့် စားဖွယ်များကို မမှီခြင်းနှင့် မိတ်သစ်ဆွေသစ် နည်းပါးခြင်းတို့ကြောင့် အရောင်းရပါးသည်၊ မယှဉ်ပြိုင်နိုင်ပါဟု ပြောပြပါသည်။



ပုံ(၁)ရခိုင်ပြည်နယ်
ရခိုင်ရိုးမတောကြီးသေမှ နွယ်ဝင်
(ရဲဘော်ကြီးထမင်းဆိုင်
ညောင်ကျိုးကားစခန်း)

တစ်နေ့သောအခါ ထမင်းဆိုင်သို့ ဆတ်သား၊ ချေ(ဂျီ)သား၊ တောဝက်သား စသည့် အသားများ ဖောက်သည် လာသွင်းသည့် တောတွင်းမုဆိုးတစ်ဦးမှ ရခိုင်ရိုးမ အလယ် **နေပူတောင်နှင့် မိုးထိတောင် အကြား နေပြောက်မထိုးသည့် သစ်တောကြီးအတွင်းမှ ရသည့် နွယ်ဝင်**ကို ရဲဘော်ကြီးအား ပြသ၍ လက်ဆောင်အဖြစ် ပေးခဲ့သည်။

ရဲဘော်ကြီးမှ တရိုတသေ အမွှေးနံ့သာတို့ဖြင့် သင့်တင့်လျောက်ပတ်စွာ ထားပြီး ဘုရားစင်အောက်ဘက်တွင် ချိတ်ဆွဲ၍ ဘုရားအား ပူဇော်ထားသည်။ စီးပွားလာဘ်လာဘရွှင်စေရန်၊ ဈေးရောင်းကောင်းစေရန် ဆုတောင်းခဲ့သည်ဟူ၍လည်း ပြောပါသည်။

နှစ်ပင်မကူး လမကြာတွင် ရဲဘော်ကြီး၏ ထမင်းဆိုင်သည် ပန်းတောင်း၊ တောင်ကုတ်ကားလမ်း ညောင်ကျိုးစခန်းတွင် အများဆိုင်များထက် ပိုမို ရောင်းရလာ၍ စီးပွား ဖွံ့ဖြိုးတိုးတက်လာသည်။ အပေါင်းအသင်း မိတ်ကောင်းဆွေကောင်းများ တိုးပွားလာရသည်ဟု ပြောပြပါသည်။

**ပုံ(၂)တွင် ဖော်ပြထားသည့် နွယ်ဝင်မှာ တနင်္သာရီရိုးမ တောင်တန်းကြီး၏ တနင်္သာရီမြို့နယ်၊ ဖိုးကွမ်းတောင်တန်း၊ သစ်တောကြီးအတွင်းမှ** ရရှိခဲ့ခြင်းဖြစ်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com

နွယ်ဝင်၏ အပင်လုံးပတ်သည် ညိုဆိုင် ပေါင်လုံးခန့်ရှိပါသည်။ ကမ် ဗလိုင်နွယ်ဟု ခေါ်သည်။ ဦးကျော်ဝင်းသည် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်တစ်ဦး ဖြစ်သည့်အားလျော်စွာ လောကီအစီအရင် အဆောင်လက်ဖွဲ့ တို့အကြောင်းတို့ တီးမိခေါက်မိ ယုံကြည်လိုက်နာ ဆောင်ရွက်နေသူတစ်ဦး ဖြစ်သည်။

စာရေးသူအား နွယ်ဝင်ကို ပြသ၍ သူရရှိ၍ စီးပွားရေး အဆောင် ကောင်းအဖြစ် ယုံကြည်အားထား ဆောင်ရွက်နေသည်မှာ တစ်နှစ်ခန့် ရှိပါပြီ။ စီးပွားရေး တစ်ဟုန်ထိုး တိုးတက်မှု မထူးခြားသေးပါကြောင်း ပြောပါသည်။

ဦးကျော်ဝင်းမှာ ကုန်မျိုးစုံနှင့် ဆေးဆိုင်၊ သစ်စက်ပိုင်ရှင် သစ်ကုန်သည်တစ်ဦးဖြစ်၍ ဒေသ အလျောက် စီးပွားရေး ပြေလည်သူ တစ်ဦးဖြစ်ပေရာ ခေတ်နှင့်အညီ အမှီလိုက်၍ ကြွယ်ပိုးကြွယ်ဝ ဖြစ် မလာသေးသည်ကို အားမလို အားမရ ပြောပြခြင်း ဖြစ်ပါသည်။

စာရေးသူမှာ နွယ်ဝင်သည် အဆောင်ကောင်း စီးပွားရေး ဝင်ငွေ တိုးစေမည့် လာဘ်လာဘ ရရှိစေရန် အကျိုးပေးနိုင်ပါကြောင်း၊ သို့သော် ဒေသအခြေအနေအရ စီးပွားရေး လုပ်ငန်းတိုးတက်မှု အတိုင်းအတာ သည် ထိန်းချုပ်ကန့်သတ်မှု များ ရှိနေပါကြောင်း…

တစ်ခုပြောနိုင်တာက သူများတွေ သစ်လုပ်ငန်း၊ ကွမ်းသီးလုပ်ငန်း၊ အရောင်းအဝယ် လုပ်ငန်းတွေ ခင်ဗျားနည်းတူ လုပ်ကြတယ်၊ ယှဉ်ကြည့်လိုက်ရင် သူများ အရှုံးပေါ်ပေမယ့် ခင်ဗျားအတွက် နစ်နစ်နာနာ မဆုံးရှုံးဘူး၊ အမြတ်အစွန်း ရတယ် ထားဦး သူများထက် ခင်ဗျား ပို အကျိုးရှိတယ်၊ ဒါဟာ လက်တွေ့ အကျိုးပါပဲ။



▲ ပုံ (၂) တနင်္သာရီရိုးမ တောအတွင်းမှ ရခဲ့သည့် နွယ်ဝင်

တနင်္သာရီမြို့လို လမ်းပန်းဆက် သွယ်ရေးလဲ မဖွံ့ဖြိုး၊ ဒေသကလဲ မကျယ်ပြန့်ဆိုတော့ ကံပေးသမျှ သာ ရောင့်ရဲရပြီး သင်တင့်လျောက် ပတ်တာပဲ ကြီးပွားမယ်လို့ ယေဘုယျဆိုရမှာပဲ။

တစ်ခုတော့ အကြံပေးခဲ့ပါမယ်။ မိမိအတွက် စီးပွားလာဘ်လာဘ အဆောင်ကောင်းသဖွယ် ဆောင်တဲ့ **နွယ်ဝင်ကို မိမိရဲ့ ဘုရှိအရပ်မှာ မထားသင့်ဘူး။ နေ့နံသင့် ပရိဝါရ အရပ်မှာ ထားပြီး သင့်တင့်ကောင်း မွန်တဲ့ သန့်ရှင်းအောင်နေမှု၊ အမွှေး နံ့သာဖျန်းပြီး ဘုရားကိုလှူ ပူဇော် မှုတွေ လုပ်ပါ။** မကြာခင် အကျိုး ထူး ပေးနိုင်မည်ဟု စာရေးသူ အယူ အဆကို ပြောကြားခဲ့ပါသည်။

**ဇေယျာအောင်**

F.13B. September, 2018.



www.burmeseclassic.com

www.burmeseclassic.com

# သူတို့ကိုးသော
# ပြုနှင့်တော်

ရဲမျိုးသူ
(ဗောဓိမြိုင်)



အောင်မြင်သူအပေါင်းက အောင်ခတ်ကို မျှော်လင့်ကြကုန်၏။ ကြိုတင်မမျှော်လင့်ဘဲ ဝမ်းသာအားရ ပစ္စည်းဆန်းတစ်ခုကို ရခဲ့ဖူးပါသည်။

ထိုပစ္စည်းကား ခြအမြုတေသာ ဖြစ်ပါသည်။ ထူးခြားသော မြေပေါ်တွင် အခြေတည် ဖြစ်ထွန်းတတ်ခြင်းသာ ဖြစ်သည်။

## ထူးခြားသော ရွှေသံမြေ

မဟာမြိုင်တောမှ **ပုဂ္ဂိုလ်ရှင်ကြီး ဦးကောဝိဒမှ** ရွှေသံမြေနှင့် ပတ်သက်သော စိတ်ဝင်စားဖွယ်သူ၏ အင်္ဂါရတ်မှတ်တမ်းများအရ ပြောပြပါသည်။

**ရွှေသံမြေသည် သေးအနံ့ခတ်ပါသော ညြှုအာမြေဖြစ်ကြောင်း၊ ထိုမြေ၏ အရောင်အသွေးမှာ နီညိုရောင် ဖြစ်ကြောင်း၊ နဂါးနီတိုက်ဟုခေါ်သော မြေနီမြေလည်း ဖြစ်ကြောင်း၊ ရှေးလူတို့ အာဟာရပြုသော မြေသင်းအနံ့ ခွန်အားကိုသန်စေသည့်မြေမြတ်လည်း ဖြစ်ကြောင်း မိန့်မှာဖူးလေသည်။**

ထိုမြေရှိရာ အရပ်အား အတိအကျ လမ်းညွှန်ပြခြင်း မရှိသော်လည်း **မြန်မာနိုင်ငံ၏ အရှေ့မြောက်အရပ်တွင် ထိုမြေ ရှိကြောင်းနှင့်** ထိုမြေသည် သံခတ်ကို အမြန်ဆုံး ခွေးမြည့်ပျက်စီးစေသော သတ္တိရှိသည်ဟု ဆိုပါသည်။

## ရွှေသံမြေ ရှာပုံတော်

'မြန်မာနိုင်ငံရဲ့ အရှေ့မြောက်ဘက် တရုတ်နယ်စပ်ဖြစ်တဲ့ လောက်ကိုင်မြို့ရှိ မြေတွေဟာ သတ္တုကြောတွေနဲ့ ဆက်စပ်နေတဲ့ သတ္တုမြေတွေပဲ။ ခင်ဗျား စိတ်ဝင်စားရင် သွားပေါ့'

ဟု ဆိုသဖြင့် လားရှိုးမြို့မှ တစ်ဆင့် ကွမ်းလုံ၊ ချင်းရွှေဟော်၊ လောက်ကိုင်သို့ အမှန်ပင် သွားရောက်ခဲ့ပါသည်။

လောက်ကိုင်မြို့ မန်ချူးကျောင်းတွင် တည်းခိုရင်း မိမိ သိလိုတွေ့လိုသော ရွှေသံမြေကို လေ့လာစုံစမ်းမိလေသည်။

လောက်ကိုင်မြို့တွင် တစ်ပတ်ကြာမျှ နေထိုင်ပြီးနောက် ဘုန်းကြီးကျောင်းသို့ သန့်ရှင်းရေး လာရောက်လုပ်ကိုင် ကုသိုလ်ယူသော တပ်မတော်သားတစ်ဦးနှင့် ရင်းနှီးခင်မင်ရာက ထိုစစ်သည်၏ အလည်ခေါ်ဆောင်မှုကြောင့် တောင်ကုန်းလေးပေါ် တည်ဆောက်ထားသော စစ်တပ်အတွင်း ရောက်ရှိခဲ့လေသည်။

ဒီနေရာကို့-ကိုးကန့်လို "**နှလီ**" ဟု ခေါ်ကြောင်း ပြောပြီး စစ်တပ်



www.burmeseclassic.com

www.burmeseclassic.com

တည်စက မြေထိုးစက်များဖြင့် မြေများကို ထိုးကာ မြေပြင်ထားသဖြင့် မြေသား ဖြစ်တည်မှုမှာ အလွှာလိုက် အဆင့်ဆင့် အသွင်ပြောင်းလဲနေသည်ကို သတိပြုမိလေသည်။

ထိုဆရာအား…

'ဒီမြေက ဘာထူးခြားမှုရှိလဲ'

ဟု မေးမိရာ **ဘာမှတော့ မထူးကြောင်း၊ အရင်ကာလ ခြံ အလွန်ပေါကြောင်းနှင့် သတိထားမိသလောက် သံပစ္စည်းများ ချထားပါက အမြန်ဆုံး ဆွေးသွားတတ်တာကိုတော့ သတိပြုမိကြောင်း**သူသိသမျှ ရှင်းပြလေသည်။

စစ်တပ်အတွင်းမှ စိတ်ဝင်စားဖွယ် မြေအနည်းငယ်ကို အိတ်ငယ်လေးဖြင့် တောင်းယူကာ မန်ချူး ဘုန်းကြီးကျောင်းသို့ ပြန်လာခဲ့ပါသည်။ ဘုန်းကြီးကျောင်းတွင် မြေကြီးများအား ရေဖြင့် ရွှေကျင်သလို ကျင်ယူပြီးနောက် မြေကြီးအနှစ်ကို ရယူလိုက်လေသည်။

ရေဖြင့် အဆင့်ဆင့် ကျင်ယူသော မြေကြီးအနှစ်မှာ စိတ်ဝင်စားဖွယ် ဖြစ်လေသည်။ စမ်းသပ်လိုသော စိတ်ဖြင့် ဆရာတော်ကြီးထံ ခွင့်ပြုချက်တောင်း၍ မော်တာဖိုလေး ဆင်လိုက်တော့သည်။

ဆရာရှင်ဦးကောဝိဒ မိန့်မှာခဲ့သည်က…

'မင်း ရွှေသံမြေ (သို့မဟုတ်) ရွှေသံပြဒါး (သို့မဟုတ်) မြေနီပြဒါးကို ရရင် သံဒယ်လေးပေါ် တင်ပြီး မီးအေးလေးနဲ့ ပေးတွေ့သူခုနှိပြီး ပြေးလိမ့်မယ်'

ဆိုသည်ကို သတိရ၍ စမ်းသပ်ကြည့်ရာ ပြဒါးနီမြေမှာ အမှန်ပင်



ခုန်ကာ ပြေးခြင်းရှိလေသည်။

တစ်ဖန်…

'ဖိုသည်လုံ၊ လုံသည်ဖို ဆိုရင် မင်းကြားဖူးမှာ မဟုတ်ဘူး။ ပြဒါးနီ မြေရှင် မင်းစမ်းကြည့်နိုင်တာက ပွလောဟာ သတ္တုကို အကွဲအစပ်မရှိ တစ်သားတည်း စပ်နိုင်ပြန်တယ် ဒကာ'

ဟု ဆိုထားပြန်လေသည်။

ထို့ကြောင့် ထမင်းချက်သော မီးသွေးဖို၏ အတွင်းနံရံများကို ရွှေသံမြေဖြင့် လိမ်းကျံပြီး ဖိုလုံကြီးသဖွယ် ဆောင်ရွက်လျက် နေလှန်းလိုက်ပြီး **သံ, ကြေး, ငွေ, ခဲ, သွပ် သတ္တုငါးပါး** ကို ထည့်ကာ အပေါ်တွင် မီးသွေး တင်၍ မော်တာလေးဖြင့် မီးအပူပြင်းပြင်းပေးလိုက်တော့သည်။

စိတ်ကြိုက် မီးပြင်းပေးပြီးနောက် အအေးခံ၍ ဖိုခွင်အတွင်း ဓာတ်ငါးပါးအားကြည့်ရာ သတ္တုငါးပါး အလေးချိန် လျော့သွားသော်လည်း စနစ်တကျ တွဲဆက်သွားကြောင်း တွေ့ရတော့သည်။

ထို့နောက် ဖိုခွင်အား တစ်ဆ
မွမ်းမံထားသော မြေကြီးများအာ
သံလိုက်နှင့် ထိလိုက်သောအ
သံများ လိုက်နေပါတော့သည်။

ခြတို့မျိုးမှန်

ခြသံနှင့်ကာလပ်လုံး(ခြအမြုတေ)

လောက်ကိုင်မြို့ ဝန်းကျင်
ရန်လုံကျိုင်းရွာဘက် တောင်
နောင်ဘုရားသို့ သွားရောက်
ဖူးမြော်ရင်း စိတ်ဝင်စားဖွယ် မြေသာ
များ ဖြစ်တည်နေမှုနှင့် မြေသားများ
အဆင့်ဆင့် ပြောင်းလဲရာက
ကျောက်သားအသွင် ပြောင်းနေ
အား လေ့လာရင်း ထူးဆန်းသော
ခြအုံသဏ္ဍာန် ကျောက်သားများ
အား စူးစမ်းရှာဖွေမိရာ **အဆင့်ဆင့်**
**အထပ်ထပ် ခြအုံ ပုံမပျက်ဘဲ**
**ခြသံများနှင့် ညိုညစ်ညစ် အရစ်ရစ်**
**ထနေသော ငုံးဥထက် ကြီးသည့်**
**ကျောက်သားအသွင်** ...
**တစ်လုံး**ကို ရှာဖွေရရှိလိုက်ပါသည်



www.burmeseclassic.com

www.burmeseclassic.com

### သူနှစ်မြိုက်သော ရွှေဆီ

ဆရာရှင်ကောဝိဒ၏ မဟာမြိုင်တောသို့ ရောက်ခဲ့စဉ် မိန့်သည်က...

'ခြအမြုတေလို့ ဆိုပေမယ့် ကလပ်လုံးလို့ခေါ်တယ်။ ပုဂ္ဂိုလ်ကြီးတွေကတော့ ကလပ်ကြီးလို့ အားပါးတရ ခေါ်ကြတယ်။ အသုံး သိသူအတွက် တန်ဖိုး မဖြတ်နိုင်ဘူး။

ဘာမှ မလုပ်တတ်တဲ့သူရဲ့ လက်ထဲရောက်ရင် သိဒ္ဓိဝင်တယ် လာဘ်ရွှင်တာလောက်နဲ့ ပြီးတာပေါ့ကွာ။ ပြောချင်တာက ဒါ...ပြဒါးရှင်လုံးဆိုပြီး မသုံးတတ်သူ ပေးကြည့်၊ ဘာမှ မဖြစ်လာဘူးလို့ ပြောချင်တာ။

ဒီတော့ ပစ္စည်းကို စွမ်းအောင် အသုံးဝင်အောင် လုပ်ရတာက လူပဲ ဒကာ။ လူကလဲ လုပ်တတ်ရုံနဲ့ မပြီးဘူး ကြိုးစားလေ့ကျင့်မှု မဖြစ်မနေ ပါရတယ်။

ပြောပြမယ်... ကလပ်လုံးဟာ ဆေးဒန်းမြေကို အခြေတည်တဲ့ ပြဒါးကောင်ခေါ် ခြကောင်တွေရဲ့ အမြတ်တနိုး သဘာဝတရားကဖြစ်တဲ့ ပစ္စည်းဆန်းပဲ။ ခြအုံတစ်သောင်းမှာလဲ တစ်လုံး မဖြစ်ဘူး။ ဖြစ်ခဲလှတယ်။

ရွှေဆီကို စားတယ်လို့မှတ် ရွှေကျွေးမယ်ဆိုရင် အခေါက်စစ်မှ ဖြစ်မယ်။ ဒီတော့ လူက ဉာဏ်သုံးရတယ်။ ရွှေဆိုင်းကို ဒီအတိုင်း ကျွေးကြည့်၊ ကျွေးတတ်ရင် စားတယ်။ မကျွေးတတ်ရင် မစားဘူး'

### ရွှေစားသည်ကို လက်တွေ့မြင်

ဆရာရှင် ညွှန်ကြားသည်မှာ...

**'ခြအမြုတေဥသည် ရွှေဆိုင်းများ ကပ်နေလိမ့်မယ်။ ဒါ့ပြင်**



**ခါတ်တွေ အစာ စားပြီးရင် အစားချက်တာဟာ အပူပဲ ဒကာ။**

ဒီတော့ ဒီအလုံးကြီးကို ဖိုမီးထဲ ထည့်လိုက်ရင် ကွဲချင် ကွဲသွားတတ်တယ်။ မကွဲအောင် သင့်လျော်တဲ့ လုံထဲ ထည့်ပြီးရင် (၄၉)ရက်တိတိ နေ့တိုင်း...နေ့တိုင်း ဖယောင်းတိုင်လေးတစ်တိုင် လုံအောက်က အပူပေးပြီးရင် ဒီတိုင်းသာ ထားလိုက်တော့ မင်းတွေ့ပါလိမ့်မယ် ဒကာ၊ ရွှေရောင်ကနေ ပြဒါးပြာနုရောင်အလိုလို ပြောင်းသွားလိမ့်မယ်ဆိုတာကို အဲဒါ ဖိုထိုးစရာ၊ လုံခွဲစရာ၊ မီးအပူခံစရာ မလိုတဲ့ **ရွှေပြာအစစ်ပါပဲဒကာ။**

အချို့လူတွေ ပြောသလို ဒီအမြုတေဟာ အော်တယ်၊ နေရာရွှေ့တယ်၊ တောက်ခေါက်တာလဲ မရှိပါဘူး။ ပြဒါးလဲ မငုပ်ပါဘူးကွယ် ဒီတော့နိုင်သမျှလေး စမ်းကြည့်ပေါ့။ အဖြေတစ်ခုကို ပေးလိုက်ပါဦးမယ်။

ဝိဇ္ဇာဓရလမ်းစဉ် ရှာန်ကသိုဏ်း ကျင့်ကြံနေသူရဲ့ လျှာဖျားနဲ့ ရွှေဆိုင်းကျွေးပြီး အဖြူရောင်ပြာနု အသွင်ပြောင်းသွားချိန် ကလပ်လုံးရဲ့ အခြေ ဖင်နေရာလေးကို တို့ကြည့်ရင်း ထိုကသိုဏ်းရှင်ရဲ့ စိတ်စက်ကြီးလည်ပတ်ခြင်းဟာ ထွက်ရပ်ကိစ္စ ပြီးမြောက်စေဖို့ နိဒါန်းပါပဲ ဒကာ'

### သူတို့အပြုံး ပြာနုတော်သုံး

ဆရာရှင်က...

'ဒီခြအမြုတေလုံးဟာ သာမန်လူတွေအတွက် စိတ်စွဲလမ်းမှုကြောင့် လာဘ်ရွှင်တာတို့၊ သိဒ္ဓိဝင်တယ် ဆိုတာလောက်ပါပဲ။ စိတ်ဝင်စားဖို့လဲ နည်းပါးလှတယ် ဒကာ။

သို့ပေမယ့် ဝိဇ္ဇာလမ်းစဉ်ကို ကြိုးစားကျင့်ကြံ အားထုတ်သူအတွက်တော့ ဒီခြအမြုတေလုံးဟာ ပြည်တန်ပတ္တမြားထက် ပိုမိုပြီး တန်ဖိုးကြီးမား စိတ်တန်ခိုးစွမ်းအားထူးကိုရစေကာ ကိစ္စပြီးမြောက်ထွက်ရပ် ပေါက်အောင် ဖိုမထိုးဘဲ ပြာနုတော်ကို သုံးခွင့်ရစေအောင် ရွှေဆီစားပြီးတိုင်း ပြာနုတော်အဖြစ် ပြောင်းလဲ လုပ်ဆောင်နိုင်တဲ့ စက်တစ်ခုပါပဲ ဒကာ။

ဒါကြောင့် ဒီခြအမြုတေဟာ လက်ရှိဝိဇ္ဇာပုဂ္ဂိုလ်များနဲ့ ဝိဇ္ဇာဖြစ်ရေး စိတ်ကျင့်စဉ်ကို ကျင့်ကြံသူတို့အတွက်တော့ အလွန်အင်မတန်မှ လိုအပ်ပါတဲ့ ပြာနုတော်ပါပဲကွယ်'

***ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ကြီးအား အာရုံဖြင့် ဦးခိုက်လျက်...***

**ရဲမျိုးသူ(ဗောဓိမြိုင်)**



www.burmeseclassic.com

www.burmeseclassic.com

# ရှားစောင်းလက်ပပ်

လျှို့ဝှက်ချက်




မတွေ့ရတာ တစ်နှစ်ကျော်ကြာပြီ ဖြစ်သည့် ကိုကျော်မြသိန်းနှင့် ကျွန်တော် တွေ့လိုက်ရတော့ အတော့်ကိုပင် အံ့သြကြီးစွာ ဖြစ်ရပါသည်။

ကိုကျော်မြသိန်းမှာ ပြီးခဲ့သည့်နှစ် ကျွန်တော်နှင့် တွေ့စဉ်ကနှင့်မတူ။ အပြောင်းလဲကြီး ပြောင်းလဲ၍ နေပါသည်။ သူ့မှာ အစာအိမ်ရောဂါ နှစ်ချီ ခံစားနေရတော့ အင်္ဂပါ အရေတင်။ ယခုမူ ဝဝဖြိုးဖြိုး စိုစို ပြည်ပြည့်နှင့် ဗိုက်တောင် ခပ်ရွှဲရွှဲ ဖြစ်၍ပင် နေပါသည်။

ကိုကျော်မြသိန်း အသက်မှာ (၅၀) ကျော်စပြုကာ ရှိသေးသည်။ ခေါင်းက ဆံပင်တွေကတော့ ပြောင်၍နေပြီဖြစ်သည်။ သူတို့မျိုးရိုးက ယောက်ျားတိုင်း အသက်အနည်းငယ် ရောက်ပြီဆိုလျှင် ခေါင်းက ဆံပင်တွေ ကျွတ်ပြီး ပြောင်လာသည်။

အစာအိမ်ရောဂါ ဖြစ်နေသည့် ကိုကျော်မြသိန်းကတော့ အနောက်တိုင်း အစာအိမ် ပျောက်ဆေးတွေ သောက်ရလွန်း၍ ထင်သည်... သူ့ခေါင်းက ဆံပင်တွေ ပြောင်ရုံတင် မဟုတ် ရှိနေသည့် ဆံပင်တွေကလည်း ပြောင်းဖူးမွေးကဲ့သို့ နီကျင်ကျင် မှုန်ကပ်ကပ်။

ယခုမူ ငယ်စဉ်က သူ့ခေါင်းမှာ ကျွန်တော် မမြင်တွေ့ခဲ့ဘူးသော ထူထဲနက်မှောင်နေသည့် ဆံပင်တွေကို မြင်တွေ့နေရတော့...

'ချစ်...ခွေးကြီးကို မြင်လိုက်ရတာ မင်းသားလိုပါလားဗျ'

'ဟာ...ခင်ဗျားကတော့ ပြောပြီ'

ခြေဆုံးခေါင်းဆုံးကြည့် ပြောလိုက်သည့် စကားအဓိပ္ပာယ် ဘာကို ရည်ရွယ်ပြောနေသည်ဆိုတာ သူသိပါသည်။

'ကျန်းမာရေး ကောင်းသွားပြီပဲ'

'ဟုတ်တယ်ဗျာ'

'အသားအရေတွေလဲ စိုပြည်လို့၊ ဘာဆေးကောင်းတွေနဲ့ တွေ့ပြီး ကောင်းသွားတယ်ဆိုတာ လင်းပါ ဗျ'

'ထိုင်ပါဦးဗျာ... ရေနွေးကြ သောက်ပါဦး၊ ခင်ဗျား လာမယ် လို့ အဆင်သင့် လုပ်ထားတာ'

ကိုကျော်မြသိန်း ပေးလာသ ရေနွေးကြမ်းခွက်ကို ယူသောက်ရ က...

'အိမ်သားတွေ မမြင်ပါလား'

'စပျစ်ခြံ သွားကြလေရဲ့၊ ခင်ဗျ လာမယ်ဆိုလို့ ကျွန်တော် စောင့် တာလေ'

'ကျွန်တော့်ကြောင့် ခင် အလုပ်ပျက်သွားပြီ'

'ခင်ဗျားတောင် အလုပ်ပျက်ခံ



www.burmeseclassic.com

www.burmeseclassic.com

လာသေးတာပဲဗျာ။ စကားတွေ မစိမ်းစမ်းပါနဲ့၊ အချင်းချင်းတွေကို။ အားဆေးနေပြီးမှ ပြန်ပေါ့။ နေ့လယ် စာလဲ အားလုံး အဆင်သင့်လုပ် ထားပြီးသားနော်'

'ဟုတ်ပါပြီဗျာ'

ယခင်က ကိုကျော်မြသိန်းနှင့် ကျွန်တော်က သစ်တောထွက်ကုန် များ ထုတ်လုပ်သော ကုမ္ပဏီတွင် ဆယ်စုနှစ် တစ်ခုကျော် အတူ တက်တွဲ လုပ်ကိုင်ခဲ့ကြသူတွေ ဖြစ်သည်။ ကုမ္ပဏီက အလုပ်ထွက် ကြပြီးနောက် သူနှင့်ကျွန်တော် တစ်နေရာစီ ဖြစ်သွားကြသည်။

လွန်ခဲ့သည့် တစ်နှစ်ကျော် သူ အစာအိမ်ရောဂါ ဖြစ်နေတော့ ကျွန်တော် တစ်ခေါက် ရောက်ခဲ့ သည်။ ဒီကြားထဲ မရောက်ဖြစ်ပေ မယ့် လူကြုံနှင့် ကိုကျော်မြသိန်း၏ ကျန်းမာရေး အခြေအနေကို သိနေရ သည်မို့ မရောက်ဖြစ်ပါ။

ယခင်က အသားအရေ မဟုတ် တော့သည့် ကိုကျော်မြသိန်း၏ အစာအိမ်ရောဂါ ပျောက်ဆေးကို ကျွန်တော် သိချင်နေသည်မို့…

'ခင်ဗျား အစာအိမ်ရောဂါက အနောက်တိုင်းဆေးနဲ့လား၊ တိုင်း ရင်းဆေးနဲ့ ပျောက်တာလား'

'တိုင်းရင်းဆေးနဲ့ပါ'

'ဆေးနည်းပြောဗျာ'

'တခြား မဟုတ်ပါဘူးဗျာ၊ ရှားစောင်း လက်ပပ်(တစောင်းလက်ပပ်) စားတာနဲ့ ပျောက်သွားတာပါ'

'ပျောက်ချင်တော့လဲ လွယ်လွယ် လေး။ ခင်ဗျား အစာအိမ်ရောဂါ



ဖြစ်စက ဒီဆေး သိရင် ငွေကုန်ကြေး ကျလဲ ရှိမှာမဟုတ်ဘူး။ စောစော စီးစီးပဲ ပျောက်မှာ။ ဘယ်သူက ပေးလိုက်တဲ့ ဆေးနည်းလဲ'

'ခင်ဗျားဆရာကြီး ဦးမင်းဖြူ ပေး တဲ့ ဆေးနည်းလေ။ ဆေးနည်း ရ လိုက်တာက ဒီလိုဗျ… ကျွန်တော် အစာအိမ်ရောဂါ ဖြစ်နေတာ လ,တွေ့ချီ ကြာလာတော့ ခင်ဗျား သိတဲ့အတိုင်း အရိုးပေါ် အရေတင် ဖြစ်နေတယ်။

မိသားစုတွေက ဗေဒင်လေး ဘာလေးမေး တွက်ချက်ကြည့်၊ ယတြာချေသင့် ချေရအောင်ဆိုပြီး ဆရာကြီးဆီခေါ် ဗေဒင်ကြည့်တာ ပေါ့ဗျာ။

ဆရာကြီးက ဗေဒင်တွက် ယတြာ ပေးပြီးတော့ ပြောတယ်။ **"မင်း အစာအိမ်ရောဂါကို ရှားစောင်း လက်ပပ် အပြားကြီးကြီး တစ်နေ့ တစ်ကြိမ် လနဲ့ချီ စားပေးရင် ပျောက်တယ်"** လို့ ပြောလိုက်တယ်။

ဒါနဲ့ ကျွန်တော်လဲ ဆရာကြီးပြော တဲ့ ရှားစောင်းလက်ပပ်ကို နေ့စဉ် စားဖြစ်ခဲ့တယ်။ ဖြစ်နေတဲ့ အစာအိမ် ရောဂါလဲ တစ်နေ့တခြား သက်သာ လာတာမို့ ဂရုတစိုက်နဲ့ ရက်မပျက် စားလာတာ (၃)လလောက်ရှိတော့ အစာအိမ်ရောဂါ ပျောက်သွားရော ဗျ'

'ရှားစောင်းလက်ပပ်ကို သကြား နဲ့ စားတာလား၊ ကျွန်တော် ကြားဖူး ထားတာက သကြားနဲ့ စားတယ် ဆိုလို့'

'သကြားနဲ့ စားရင် ရပေမယ့် ကျွန်တော့် မှာ သွေးတိုးရှိတော့ ဆီးချိုဘက် ရောက် သွားမှာစိုးလို့ သကြားမထည့်တဲ့ ဒီအတိုင်း စားတာလေ'

'ရှားစောင်းလက်ပပ် အနံ့က အတော်ပြင်းတယ်နော့၊ ပြီးတော့ ခါးတယ်လို့ ပြောတယ်။ ဘယ်လို စားလဲဗျ'

'ရှားစောင်းလက်ပပ် အနံ့ပြင်းတာ,ခါးတာ ဟုတ်တယ်ဗျ။ ရှားစောင်းလက်ပပ်အပင် က ယူတော့မယ်ဆိုရင် ဓားနဲ့ အပင်က လှီးဖြတ်ယူ။

ဓားနဲ့ လှီးဖြတ်ယူလိုက်တော့ အစေး တွေ ထွက်ကျလာတယ်။ ထွက်ကျလာ တဲ့ အစေးက အနံ့ပြင်းတာ,ခါးတာတွေ။ အဲဒီအစေးထဲမှာ ပါသွားတယ်လေ။

အခွံခွာ အတွင်းက **"ဂျယ်"** **အသားကို ခြစ်ယူ၊ စားလိုက်ပြီ။**



www.burmeseclassic.com

www.burmeseclassic.com

နံလဲ မနံတော့ဘူး။ ခါးလဲ မခါးတော့ဘူး'

ရှားစောင်းလက်ပပ်ဆေး စားနည်းကို ကိုကျော်မြသိန်းက ထိုကဲ့သို့ ပြောပြလေသည်။ ရှားစောင်းလက်ပပ်ဆေး စားနည်းသိရပြီဆိုတော့ နောက်ထပ် ကျွန်တော် သိချင်တာ ရှိသေးသည်မို့ ကိုကျော်မြသိန်းကို…

'နောက်ထပ် သိချင်တာ မေးဦးမယ်ဗျ'

'မေးတာလဲ မေးပါ ဆရာသမားရယ်…လက်ဖက်သုပ် စားပါဦး။ ဖြေနိုင်ရင် ဖြေမှာပေါ့။ ရော့…ရေနွေးကြမ်းသောက်ဦး'

'ဟုတ်ပါပြီ။ သိချင်တာတွေ သိပြီးမှ အေးအေးဆေးဆေး စားမယ်၊ သောက်မယ်ဗျာ။ ဒါနဲ့ ခင်ဗျားခေါင်းက ဆံပင်တွေဟာ အတုတွေတော့ မဟုတ်ပါဘူးနော်'

'ဟဲ…ဟဲ…ခင်ဗျား ဒီမေးခွန်း မေးလာမယ်ဆိုတာ ကြိုသိပြီးသားပါဗျာ။ ကျွန်တော့်ခေါင်းက ဆံပင်တွေဟာ အတုမဟုတ်ပါဘူး။ အတုတပ် ဟန်ဆောင်ရမယ့် အရွယ်လဲ မဟုတ်တော့ပါဘူး။ အစစ်တွေဗျ'

'ဟုတ်ပြီ။ အဲဒီ **အစစ်တွေ ပြန်ပေါက်လာအောင် ဘယ်လို ဆေးစွမ်းကောင်းနဲ့** တွေ့လို့ဆိုတာ သိပ်သိချင်နေတာဗျ'

'အဲဒါလဲ တခြားဆေး မဟုတ်ပါဘူး ဆရာသမားရယ်၊ ရှားစောင်းလက်ပပ် စားတာနဲ့ပဲ ကျွန်တော့်ဆံပင်တွေ ပြန်ပေါက်လာခဲ့တာပါ'

'တကယ်ကြီးပေါ့'

'တကယ်ပြောတာဗျ။ အစကတော့ ကျွန်တော်လဲ မသိပါဘူး။ ရှားစောင်းလက်ပပ်စားတာ (၃)လလောက်တော့ အစာအိမ်ရောဂါကလဲ ပျောက်သွားပြီ၊ မိသားစု ကျွန်တော့်ခေါင်းက ဆံပင်တွေကို သတိထားမိလာပြီး ပြောပြလို့ သိတာလေ။

ခေါင်းကို ရေလောင်းချိုးတော့ အတော်နဲ့ ခေါင်းရေ မစိုတာတော့ သတိထားမိသားဗျ။ မှန်လဲ မကြည့်မိဘူးလေ။

ရှားစောင်းလက်ပပ်စားလို့ ခံစားနေရတဲ့ အစာအိမ်ရောဂါလဲ ပျောက်သွားတယ်။ အသက်အရွယ်နဲ့ ရောဂါကြောင့် ဆုံးရှုံးသွားခဲ့ရတဲ့ ဆံပင်တွေလဲ ရှားစောင်းလက်ပပ်စားလို့ပဲ ပြန်လည် ပိုင်ဆိုင်ရတယ်ဆိုတာ သိလိုက်ရတော့ ရှားစောင်းဆေးကို တစ်နှစ်ကျော်ထိ ဆက်စားလိုက်တော့ ခု ခင်ဗျားမြင်တဲ့အတိုင်းပဲပျို့။

ဒါပေမယ့်ဗျ၊ ရှားစောင်းလက်ပပ် စားမယ်ဆိုရင် **တစ်ခုတော့ သတိဗို့**လိုတယ်'

'ဆိုစမ်းပါဦး၊ ဘာတွေ သိထားရမယ်ဆိုတာ'



'ဒီလိုဗျ ရှားစောင်းလက်ပပ်က လူကို ဝဖြိုးစေတယ်လေ။ အဝလွန်နေသူတွေ ဆိုရင်တော့ စားမယ်ဆို စဉ်းစားသင့်တယ်ဗျ။

ဘာလို့ဆို အရင်က ကျွန်တော့်ကို ခင်ဗျားမြင်တဲ့အတိုင်းလဲ အစာအိမ်ရော ကြောင့် အရိုးပေါ် အရေတင် ကျွန်တော် ခုဆို အသားအရေတွေ စိုပြည် ပြည့်ဖြိ ပြီး ဗိုက်မှာ အဆီတက် ဗိုက်ပူလာတယ် လေဗျာ။ ဒါကြောင့်…'

ဟု ကိုကျော်မြသိန်းက သူ့ အစာ အိမ်ရောဂါနှင့် ဆံပင်ပြန်ပေါက်လာ ရခြင်းအကြောင်း ရှားစောင်းလက်ပပ် ၏ လျှို့ဝှက်ချက်ကို ထိုကဲ့သို့ ပြောပြ ပါလေသည်။

**အေးချမ်းအောင်**
**(ရမည်းသင်း)**



www.burmeseclassic.com

www.burmeseclassic.com

ညောင်တုန်း ပါဠိတက္ကသိုလ်ကျောင်းတိုက် စာချနာယက လှုရတနာဆရာတော်

# ဘဒ္ဒန္တနာရဒါဘိဝံသ

ချီးမြှင့်သော ပဋ္ဌာန်း ၂၄ ပစ္စည်း အနုလုံပဋိလုံ ရွတ်ပွားပူဇော်နည်း

ဦးထွန်းအောင်ကျော်



▲ လှုရတနာဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသ

ရန်ကုန်တိုင်းဒေသကြီး၊ **ဗဟန်း မြို့နယ်၊ ညောင်တုန်းပါဠိ တက္ကသိုလ်ကျောင်းတိုက် စာချ နာယက ဆရာတော် လှုရတနာ ကျောင်း အဆောင်မှူး၊ လှုရတနာ ဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသ** မှာ ကျင့်စဉ် စရဏများကို စာဝါပို့ချ ခြင်း တစ်ဖက်ဖြင့် ကြိုးစား အားထုတ် နေသော ဆရာတော်တစ်ပါး ဖြစ် သည်။

ထို့ပြင် တပည့်များကိုလည်း ပါဠိ တော် သင်တန်းများကို စဉ်ဆက် မပြတ် ပို့ချနေရာ ပြီးခဲ့သောလက **"ပဋ္ဌာန်းတရားတန်ခိုး ချမ်းမြတ်နိုး"** သင်တန်းကို လှုရတနာကျောင်း ဒုတိယထပ်တွင် ပို့ချတော်မူပါ သည်။

အဆိုပါ သင်တန်းတွင် သင်တန်း သား,သင်တန်းသူ (၁၀၀)ဦးကျော် ထိုဝင်တာစား ပဋ္ဌာန်းတရားများကို သူများ တက်ရောက်ခဲ့ကြသည်။

လှုရတနာ ဆရာတော်က သင်တန်းကာလတွင် ပဋ္ဌာန်း ၂၄ ပစ္စည်း အနုလုံပဋိလုံ ရွတ်ပွားနည်း၊ **ပဋ္ဌာန်းဂုဏ်တော် တွဲစပ်ပူဇော် နည်း၊ မဟာပဋ္ဌာနစက်ပရိတ် တော်၊ ပဋ္ဌာန်းစည်းချ မေတ္တာပွား များ ပို့သနည်း**များကို လက်တွေ့



www.burmeseclassic.com

www.burmeseclassic.com



မိန့်ကြား ရွတ်ပွား ပို့ချပေးတော်မူသည်။

ထို ပဋ္ဌာန်းတန်ခိုး ချစ်မြတ်နိုး သင်တန်းဆင်းပွဲတွင် လုရတနာ ဆရာတော်က အကျိုးပေး ထက်သန်သော ပဋ္ဌာန်း ၂၄ ပစ္စည်း အနုလုံ ပဋိလုံ ရွတ်ပွားပူဇော်ကြရန် မိန့်မှာတော်မူသည်။

ထို ပဋ္ဌာန်းရွတ်ပွား ပူဇော်နည်းမှာ ရှည်လျားသလောက် ကောင်းကျိုးပေး ထက်သန်သော နည်းကောင်းဖြစ်ကြောင်း၊ ဆရာတော်မှာလည်း နေ့စဉ် ပဋ္ဌာန်း အနုလုံပဋိလုံ ပွားများကြောင်း၊ ယုံယုံကြည်ကြည် သရဏဂုံ တည်ကာ ရွတ်ဆိုကြည်ညို အဓိဋ္ဌာန်ဝင်ကြပါက လောကီရေး လောကုတ္တရာ နှစ်ဖြာလုံးတွင် ကောင်းကျိုးတရား များစွာကို ရရှိစေနိုင်ကြောင်း၊ **မန္တလေးမြို့ မစိုးရိမ်တိုက် ပိဋကနယူပဒေသ ဆရာတော် ဘဒ္ဒန္တကောဝိဒါဘိဝံသမှ** အဆိုပါ ပဋ္ဌာန်း ၂၄ ပစ္စည်း အနုလုံ ပဋိလုံကို အမြဲရွတ်ပွား ပူဇော်သဖြင့် ကောင်းကျိုးပေး ထက်သန်မှုများကို ရရှိခံစားရကြောင်း မိန့်ကြားတော်မူပါသည်။

သို့ပါ၍ ကောင်းကျိုးတရား တိုးပွား ရရှိလိုကြသူများ ပွားများနိုင်ကြစေရန်အတွက် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှတစ်ဆင့် တင်ပြပေးလိုက်ရခြင်း ဖြစ်ပါသည်။

---

မန္တလေးမြို့ မစိုးရိမ်တိုက်

ပိဋကနယူပဒေသ ဆရာတော်

ဘဒ္ဒန္တကောဝိဒါဘိဝံသ၏

အကျိုးပေးထက်သန်သော ပဋ္ဌာန်း

၂၄ ပစ္စည်း အနုလုံပဋိလုံ ရွတ်ဖတ်

ပူဇော်နည်း

---

၁။ ဟေတုပစ္စယော
၂။ အာရမ္မဏပစ္စယော
၃။ အဓိပတိပစ္စယော
၄။ အနန္တရပစ္စယော
၅။ သမနန္တရပစ္စယော
၆။ သဟဇာတပစ္စယော
၇။ အညမညပစ္စယော
၈။ နိဿယပစ္စယော
၉။ ဥပနိဿယပစ္စယော
၁၀။ ပုရေဇာတပစ္စယော
၁၁။ ပစ္ဆာဇာတပစ္စယော
၁၂။ အာသေဝနပစ္စယော
၁၃။ ကမ္မပစ္စယော
၁၄။ ဝိပါကပစ္စယော
၁၅။ အာဟာရပစ္စယော
၁၆။ ဣန္ဒြိယပစ္စယော
၁၇။ ဈာနပစ္စယော
၁၈။ မဂ္ဂပစ္စယော
၁၉။ သမ္ပယုတ္တပစ္စယော
၂၀။ ဝိပ္ပယုတ္တပစ္စယော
၂၁။ အတ္ထိပစ္စယော
၂၂။ နတ္ထိပစ္စယော
၂၃။ ဝိဂတပစ္စယော
၂၄။ အဝိဂတပစ္စယောတိ

(က)

၁။ ဟေတုပစ္စယော
၂။ အာရမ္မဏပစ္စယော
၂။ အာရမ္မဏပစ္စယော
၁။ ဟေတုပစ္စယော

(ခ)

၁။ ဟေတုပစ္စယော
၂။ အာရမ္မဏပစ္စယော
၃။ အဓိပတိပစ္စယော
၃။ အဓိပတိပစ္စယော
၂။ အာရမ္မဏပစ္စယော
၁။ ဟေတုပစ္စယော

(ဂ)

၁။ ဟေတုပစ္စယော
၂။ အာရမ္မဏပစ္စယော
၃။ အဓိပတိပစ္စယော
၄။ အနန္တရပစ္စယော
၄။ အနန္တရပစ္စယော
၃။ အဓိပတိပစ္စယော
၂။ အာရမ္မဏပစ္စယော
၁။ ဟေတုပစ္စယော

(ဃ)

၁။ ဟေတုပစ္စယော
၂။ အာရမ္မဏပစ္စယော
၃။ အဓိပတိပစ္စယော
၄။ အနန္တရပစ္စယော
၅။ သမနန္တရပစ္စယော
၅။ သမနန္တရပစ္စယော
၄။ အနန္တရပစ္စယော
၃။ အဓိပတိပစ္စယော
၂။ အာရမ္မဏပစ္စယော
၁။ ဟေတုပစ္စယော

(င)

၁။ ဟေတုပစ္စယော



www.burmeseclassic.com

www.burmeseclassic.com

၂။ အာရမ္မဏပစ္စယော
၃။ အဓိပတိပစ္စယော
၄။ အနန္တရပစ္စယော
၅။ သမနန္တရပစ္စယော
၆။ သဟဇာတပစ္စယော
၆။ သဟဇာတပစ္စယော
၅။ သမနန္တရပစ္စယော
၄။ အနန္တရပစ္စယော
၃။ အဓိပတိပစ္စယော
၂။ အာရမ္မဏပစ္စယော
၁။ ဟေတုပစ္စယော

(စ)

၁။ ဟေတုပစ္စယော
၂။ အာရမ္မဏပစ္စယော
၃။ အဓိပတိပစ္စယော
၄။ အနန္တရပစ္စယော
၅။ သမနန္တရပစ္စယော
၆။ သဟဇာတပစ္စယော
၇။ အညမညပစ္စယော
၇။ အညမညပစ္စယော
၆။ သဟဇာတပစ္စယော
၅။ သမနန္တရပစ္စယော
၄။ အနန္တရပစ္စယော
၃။ အဓိပတိပစ္စယော
၂။ အာရမ္မဏပစ္စယော
၁။ ဟေတုပစ္စယော

(ဆ)

၁။ ဟေတုပစ္စယော
၂။ အာရမ္မဏပစ္စယော
၃။ အဓိပတိပစ္စယော
၄။ အနန္တရပစ္စယော
၅။ သမနန္တရပစ္စယော
၆။ သဟဇာတပစ္စယော
၇။ အညမညပစ္စယော
၈။ နိဿယပစ္စယော



၈။ နိဿယပစ္စယော
၇။ အညမညပစ္စယော
၆။ သဟဇာတပစ္စယော
၅။ သမနန္တရပစ္စယော
၄။ အနန္တရပစ္စယော
၃။ အဓိပတိပစ္စယော
၂။ အာရမ္မဏပစ္စယော
၁။ ဟေတုပစ္စယော

(ဇ)

၁။ ဟေတုပစ္စယော
၂။ အာရမ္မဏပစ္စယော
၃။ အဓိပတိပစ္စယော
၄။ အနန္တရပစ္စယော
၅။ သမနန္တရပစ္စယော
၆။ သဟဇာတပစ္စယော
၇။ အညမညပစ္စယော
၈။ နိဿယပစ္စယော
၉။ ဥပနိဿယပစ္စယော
၉။ ဥပနိဿယပစ္စယော
၈။ နိဿယပစ္စယော
၇။ အညမညပစ္စယော
၆။ သဟဇာတပစ္စယော
၅။ သမနန္တရပစ္စယော
၄။ အနန္တရပစ္စယော
၃။ အဓိပတိပစ္စယော
၂။ အာရမ္မဏပစ္စယော
၁။ ဟေတုပစ္စယော

(ဈ)

၁။ ဟေတုပစ္စယော
၂။ အာရမ္မဏပစ္စယော
၃။ အဓိပတိပစ္စယော
၄။ အနန္တရပစ္စယော
၅။ သမနန္တရပစ္စယော
၆။ သဟဇာတပစ္စယော
၇။ အညမညပစ္စယော
၈။ နိဿယပစ္စယော
၉။ ဥပနိဿယပစ္စယော
၁၀။ ပုရေဇာတပစ္စယော
၁၀။ ပုရေဇာတပစ္စယော
၉။ ဥပနိဿယပစ္စယော
၈။ နိဿယပစ္စယော
၇။ အညမညပစ္စယော
၆။ သဟဇာတပစ္စယော
၅။ သမနန္တရပစ္စယော
၄။ အနန္တရပစ္စယော
၃။ အဓိပတိပစ္စယော
၂။ အာရမ္မဏပစ္စယော
၁။ ဟေတုပစ္စယော

(ည)

၁။ ဟေတုပစ္စယော
၂။ အာရမ္မဏပစ္စယော
၃။ အဓိပတိပစ္စယော
၄။ အနန္တရပစ္စယော
၅။ သမနန္တရပစ္စယော
၆။ သဟဇာတပစ္စယော
၇။ အညမညပစ္စယော



www.burmeseclassic.com

www.burmeseclassic.com

၈။ နိဿယပစ္စယော
၉။ ဥပနိဿယပစ္စယော
၁၀။ ပုရေဇာတပစ္စယော
၁၁။ ပစ္ဆာဇာတပစ္စယော

---

၁၁။ ပစ္ဆာဇာတပစ္စယော
၁၀။ ပုရေဇာတပစ္စယော
၉။ ဥပနိဿယပစ္စယော
၈။ နိဿယပစ္စယော
၇။ အညမညပစ္စယော
၆။ သဟဇာတပစ္စယော
၅။ သမနန္တရပစ္စယော
၄။ အနန္တရပစ္စယော
၃။ အဓိပတိပစ္စယော
၂။ အာရမ္မဏပစ္စယော
၁။ ဟေတုပစ္စယော

(၄)

၁။ ဟေတုပစ္စယော
၂။ အာရမ္မဏပစ္စယော
၃။ အဓိပတိပစ္စယော
၄။ အနန္တရပစ္စယော
၅။ သမနန္တရပစ္စယော
၆။ သဟဇာတပစ္စယော
၇။ အညမညပစ္စယော
၈။ နိဿယပစ္စယော
၉။ ဥပနိဿယပစ္စယော
၁၀။ ပုရေဇာတပစ္စယော
၁၁။ ပစ္ဆာဇာတပစ္စယော
၁၂။ အာသေဝနပစ္စယော

---

၁၂။ အာသေဝနပစ္စယော
၁၁။ ပစ္ဆာဇာတပစ္စယော
၁၀။ ပုရေဇာတပစ္စယော
၉။ ဥပနိဿယပစ္စယော
၈။ နိဿယပစ္စယော
၇။ အညမညပစ္စယော
၆။ သဟဇာတပစ္စယော



၅။ သမနန္တရပစ္စယော
၄။ အနန္တရပစ္စယော
၃။ အဓိပတိပစ္စယော
၂။ အာရမ္မဏပစ္စယော
၁။ ဟေတုပစ္စယော

(၅)

၁။ ဟေတုပစ္စယော
၂။ အာရမ္မဏပစ္စယော
၃။ အဓိပတိပစ္စယော
၄။ အနန္တရပစ္စယော
၅။ သမနန္တရပစ္စယော
၆။ သဟဇာတပစ္စယော
၇။ အညမညပစ္စယော
၈။ နိဿယပစ္စယော
၉။ ဥပနိဿယပစ္စယော
၁၀။ ပုရေဇာတပစ္စယော
၁၁။ ပစ္ဆာဇာတပစ္စယော
၁၂။ အာသေဝနပစ္စယော
၁၃။ ကမ္မပစ္စယော

---

၁၃။ ကမ္မပစ္စယော
၁၂။ အာသေဝနပစ္စယော
၁၁။ ပစ္ဆာဇာတပစ္စယော
၁၀။ ပုရေဇာတပစ္စယော
၉။ ဥပနိဿယပစ္စယော
၈။ နိဿယပစ္စယော
၇။ အညမညပစ္စယော
၆။ သဟဇာတပစ္စယော
၅။ သမနန္တရပစ္စယော
၄။ အနန္တရပစ္စယော
၃။ အဓိပတိပစ္စယော
၂။ အာရမ္မဏပစ္စယော
၁။ ဟေတုပစ္စယော

(၆)

၁။ ဟေတုပစ္စယော
၂။ အာရမ္မဏပစ္စယော
၃။ အဓိပတိပစ္စယော
၄။ အနန္တရပစ္စယော
၅။ သမနန္တရပစ္စယော
၆။ သဟဇာတပစ္စယော
၇။ အညမညပစ္စယော
၈။ နိဿယပစ္စယော
၉။ ဥပနိဿယပစ္စယော
၁၀။ ပုရေဇာတပစ္စယော
၁၁။ ပစ္ဆာဇာတပစ္စယော
၁၂။ အာသေဝနပစ္စယော
၁၃။ ကမ္မပစ္စယော
၁၄။ ဝိပါကပစ္စယော

---

၁၄။ ဝိပါကပစ္စယော
၁၃။ ကမ္မပစ္စယော
၁၂။ အာသေဝနပစ္စယော
၁၁။ ပစ္ဆာဇာတပစ္စယော
၁၀။ ပုရေဇာတပစ္စယော
၉။ ဥပနိဿယပစ္စယော
၈။ နိဿယပစ္စယော
၇။ အညမညပစ္စယော
၆။ သဟဇာတပစ္စယော



www.burmeseclassic.com

www.burmeseclassic.com

၅။ သမနန္တရပစ္စယော
၄။ အနန္တရပစ္စယော
၃။ အဓိပတိပစ္စယော
၂။ အာရမ္မဏပစ္စယော
၁။ ဟေတုပစ္စယော

(ဎ)

၁။ ဟေတုပစ္စယော
၂။ အာရမ္မဏပစ္စယော
၃။ အဓိပတိပစ္စယော
၄။ အနန္တရပစ္စယော
၅။ သမနန္တရပစ္စယော
၆။ သဟဇာတပစ္စယော
၇။ အညမညပစ္စယော
၈။ နိဿယပစ္စယော
၉။ ဥပနိဿယပစ္စယော
၁၀။ ပုရေဇာတပစ္စယော
၁၁။ ပစ္ဆာဇာတပစ္စယော
၁၂။ အာသေဝနပစ္စယော
၁၃။ ကမ္မပစ္စယော
၁၄။ ဝိပါကပစ္စယော
၁၅။ အာဟာရပစ္စယော

---

၁၅။ အာဟာရပစ္စယော
၁၄။ ဝိပါကပစ္စယော
၁၃။ ကမ္မပစ္စယော
၁၂။ အာသေဝနပစ္စယော
၁၁။ ပစ္ဆာဇာတပစ္စယော
၁၀။ ပုရေဇာတပစ္စယော
၉။ ဥပနိဿယပစ္စယော
၈။ နိဿယပစ္စယော
၇။ အညမညပစ္စယော
၆။ သဟဇာတပစ္စယော
၅။ သမနန္တရပစ္စယော
၄။ အနန္တရပစ္စယော
၃။ အဓိပတိပစ္စယော
၂။ အာရမ္မဏပစ္စယော



၁။ ဟေတုပစ္စယော

(ဏ)

၁။ ဟေတုပစ္စယော
၂။ အာရမ္မဏပစ္စယော
၃။ အဓိပတိပစ္စယော
၄။ အနန္တရပစ္စယော
၅။ သမနန္တရပစ္စယော
၆။ သဟဇာတပစ္စယော
၇။ အညမညပစ္စယော
၈။ နိဿယပစ္စယော
၉။ ဥပနိဿယပစ္စယော
၁၀။ ပုရေဇာတပစ္စယော
၁၁။ ပစ္ဆာဇာတပစ္စယော
၁၂။ အာသေဝနပစ္စယော
၁၃။ ကမ္မပစ္စယော
၁၄။ ဝိပါကပစ္စယော
၁၅။ အာဟာရပစ္စယော
၁၆။ ဣန္ဒြိယပစ္စယော

---

၁၆။ ဣန္ဒြိယပစ္စယော
၁၅။ အာဟာရပစ္စယော
၁၄။ ဝိပါကပစ္စယော
၁၃။ ကမ္မပစ္စယော
၁၂။ အာသေဝနပစ္စယော
၁၁။ ပစ္ဆာဇာတပစ္စယော
၁၀။ ပုရေဇာတပစ္စယော
၉။ ဥပနိဿယပစ္စယော
၈။ နိဿယပစ္စယော
၇။ အညမညပစ္စယော
၆။ သဟဇာတပစ္စယော
၅။ သမနန္တရပစ္စယော
၄။ အနန္တရပစ္စယော
၃။ အဓိပတိပစ္စယော
၂။ အာရမ္မဏပစ္စယော
၁။ ဟေတုပစ္စယော

(တ)

၁။ ဟေတုပစ္စယော
၂။ အာရမ္မဏပစ္စယော
၃။ အဓိပတိပစ္စယော
၄။ အနန္တရပစ္စယော
၅။ သမနန္တရပစ္စယော
၆။ သဟဇာတပစ္စယော
၇။ အညမညပစ္စယော
၈။ နိဿယပစ္စယော
၉။ ဥပနိဿယပစ္စယော
၁၀။ ပုရေဇာတပစ္စယော
၁၁။ ပစ္ဆာဇာတပစ္စယော
၁၂။ အာသေဝနပစ္စယော
၁၃။ ကမ္မပစ္စယော
၁၄။ ဝိပါကပစ္စယော
၁၅။ အာဟာရပစ္စယော
၁၆။ ဣန္ဒြိယပစ္စယော
၁၇။ ဈာနပစ္စယော

---

၁၇။ ဈာနပစ္စယော
၁၆။ ဣန္ဒြိယပစ္စယော
၁၅။ အာဟာရပစ္စယော
၁၄။ ဝိပါကပစ္စယော



www.burmeseclassic.com

www.burmeseclassic.com

၁၃။ ကမ္မပစ္စယော
၁၂။ အာသေဝနပစ္စယော
၁၁။ ပစ္ဆာဇာတပစ္စယော
၁၀။ ပုရေဇာတပစ္စယော
၉။ ဥပနိဿယပစ္စယော
၈။ နိဿယပစ္စယော
၇။ အညမညပစ္စယော
၆။ သဟဇာတပစ္စယော
၅။ သမနန္တရပစ္စယော
၄။ အနန္တရပစ္စယော
၃။ အဓိပတိပစ္စယော
၂။ အာရမ္မဏပစ္စယော
၁။ ဟေတုပစ္စယော

(ခ)

၁။ ဟေတုပစ္စယော
၂။ အာရမ္မဏပစ္စယော
၃။ အဓိပတိပစ္စယော
၄။ အနန္တရပစ္စယော
၅။ သမနန္တရပစ္စယော
၆။ သဟဇာတပစ္စယော
၇။ အညမညပစ္စယော
၈။ နိဿယပစ္စယော
၉။ ဥပနိဿယပစ္စယော
၁၀။ ပုရေဇာတပစ္စယော
၁၁။ ပစ္ဆာဇာတပစ္စယော
၁၂။ အာသေဝနပစ္စယော
၁၃။ ကမ္မပစ္စယော
၁၄။ ဝိပါကပစ္စယော
၁၅။ အာဟာရပစ္စယော
၁၆။ ဣန္ဒြိယပစ္စယော
၁၇။ ဈာနပစ္စယော
၁၈။ မဂ္ဂပစ္စယော
၁၉။ သမ္ပယုတ္တပစ္စယော
၂၀။ ဝိပ္ပယုတ္တပစ္စယော

---

၂၀။ ဝိပ္ပယုတ္တပစ္စယော



၁၉။ သမ္ပယုတ္တပစ္စယော
၁၈။ မဂ္ဂပစ္စယော
၁၇။ ဈာနပစ္စယော
၁၆။ ဣန္ဒြိယပစ္စယော
၁၅။ အာဟာရပစ္စယော
၁၄။ ဝိပါကပစ္စယော
၁၃။ ကမ္မပစ္စယော
၁၂။ အာသေဝနပစ္စယော
၁၁။ ပစ္ဆာဇာတပစ္စယော
၁၀။ ပုရေဇာတပစ္စယော
၉။ ဥပနိဿယပစ္စယော
၈။ နိဿယပစ္စယော
၇။ အညမညပစ္စယော
၆။ သဟဇာတပစ္စယော
၅။ သမနန္တရပစ္စယော
၄။ အနန္တရပစ္စယော
၃။ အဓိပတိပစ္စယော
၂။ အာရမ္မဏပစ္စယော
၁။ ဟေတုပစ္စယော

(န)

၁။ ဟေတုပစ္စယော
၂။ အာရမ္မဏပစ္စယော
၃။ အဓိပတိပစ္စယော
၄။ အနန္တရပစ္စယော
၅။ သမနန္တရပစ္စယော
၆။ သဟဇာတပစ္စယော
၇။ အညမညပစ္စယော
၈။ နိဿယပစ္စယော
၉။ ဥပနိဿယပစ္စယော
၁၀။ ပုရေဇာတပစ္စယော
၁၁။ ပစ္ဆာဇာတပစ္စယော
၁၂။ အာသေဝနပစ္စယော
၁၃။ ကမ္မပစ္စယော
၁၄။ ဝိပါကပစ္စယော
၁၅။ အာဟာရပစ္စယော
၁၆။ ဣန္ဒြိယပစ္စယော
၁၇။ ဈာနပစ္စယော
၁၈။ မဂ္ဂပစ္စယော
၁၉။ သမ္ပယုတ္တပစ္စယော
၂၀။ ဝိပ္ပယုတ္တပစ္စယော
၂၁။ အတ္ထိပစ္စယော

---

၂၁။ အတ္ထိပစ္စယော
၂၀။ ဝိပ္ပယုတ္တပစ္စယော
၁၉။ သမ္ပယုတ္တပစ္စယော
၁၈။ မဂ္ဂပစ္စယော
၁၇။ ဈာနပစ္စယော
၁၆။ ဣန္ဒြိယပစ္စယော
၁၅။ အာဟာရပစ္စယော
၁၄။ ဝိပါကပစ္စယော
၁၃။ ကမ္မပစ္စယော
၁၂။ အာသေဝနပစ္စယော
၁၁။ ပစ္ဆာဇာတပစ္စယော
၁၀။ ပုရေဇာတပစ္စယော
၉။ ဥပနိဿယပစ္စယော
၈။ နိဿယပစ္စယော
၇။ အညမညပစ္စယော



www.burmeseclassic.com

www.burmeseclassic.com

၆။ သဟဇာတပစ္စယော
၅။ သမနန္တရပစ္စယော
၄။ အနန္တရပစ္စယော
၃။ အဓိပတိပစ္စယော
၂။ အာရမ္မဏပစ္စယော
၁။ ဟေတုပစ္စယော

(ခ)

၁။ ဟေတုပစ္စယော
၂။ အာရမ္မဏပစ္စယော
၃။ အဓိပတိပစ္စယော
၄။ အနန္တရပစ္စယော
၅။ သမနန္တရပစ္စယော
၆။ သဟဇာတပစ္စယော
၇။ အညမညပစ္စယော
၈။ နိဿယပစ္စယော
၉။ ဥပနိဿယပစ္စယော
၁၀။ ပုရေဇာတပစ္စယော
၁၁။ ပစ္ဆာဇာတပစ္စယော
၁၂။ အာသေဝနပစ္စယော
၁၃။ ကမ္မပစ္စယော
၁၄။ ဝိပါကပစ္စယော
၁၅။ အာဟာရပစ္စယော
၁၆။ ဣန္ဒြိယပစ္စယော
၁၇။ ဈာနပစ္စယော
၁၈။ မဂ္ဂပစ္စယော
၁၉။ သမ္ပယုတ္တပစ္စယော
၂၀။ ဝိပ္ပယုတ္တပစ္စယော
၂၁။ အတ္ထိပစ္စယော
၂၂။ နတ္ထိပစ္စယော

၂၂။ နတ္ထိပစ္စယော
၂၁။ အတ္ထိပစ္စယော
၂၀။ ဝိပ္ပယုတ္တပစ္စယော
၁၉။ သမ္ပယုတ္တပစ္စယော
၁၈။ မဂ္ဂပစ္စယော
၁၇။ ဈာနပစ္စယော
၁၆။ ဣန္ဒြိယပစ္စယော



၁၅။ အာဟာရပစ္စယော
၁၄။ ဝိပါကပစ္စယော
၁၃။ ကမ္မပစ္စယော
၁၂။ အာသေဝနပစ္စယော
၁၁။ ပစ္ဆာဇာတပစ္စယော
၁၀။ ပုရေဇာတပစ္စယော
၉။ ဥပနိဿယပစ္စယော
၈။ နိဿယပစ္စယော
၇။ အညမညပစ္စယော
၆။ သဟဇာတပစ္စယော
၅။ သမနန္တရပစ္စယော
၄။ အနန္တရပစ္စယော
၃။ အဓိပတိပစ္စယော
၂။ အာရမ္မဏပစ္စယော
၁။ ဟေတုပစ္စယော

(ဃ)

၁။ ဟေတုပစ္စယော
၂။ အာရမ္မဏပစ္စယော
၃။ အဓိပတိပစ္စယော
၄။ အနန္တရပစ္စယော
၅။ သမနန္တရပစ္စယော
၆။ သဟဇာတပစ္စယော
၇။ အညမညပစ္စယော
၈။ နိဿယပစ္စယော
၉။ ဥပနိဿယပစ္စယော
၁၀။ ပုရေဇာတပစ္စယော
၁၁။ ပစ္ဆာဇာတပစ္စယော
၁၂။ အာသေဝနပစ္စယော
၁၃။ ကမ္မပစ္စယော
၁၄။ ဝိပါကပစ္စယော
၁၅။ အာဟာရပစ္စယော
၁၆။ ဣန္ဒြိယပစ္စယော
၁၇။ ဈာနပစ္စယော
၁၈။ မဂ္ဂပစ္စယော
၁၉။ သမ္ပယုတ္တပစ္စယော
၂၀။ ဝိပ္ပယုတ္တပစ္စယော
၂၁။ အတ္ထိပစ္စယော
၂၂။ နတ္ထိပစ္စယော
၂၃။ ဝိဂတပစ္စယော

၂၃။ ဝိဂတပစ္စယော
၂၂။ နတ္ထိပစ္စယော
၂၁။ အတ္ထိပစ္စယော
၂၀။ ဝိပ္ပယုတ္တပစ္စယော
၁၉။ သမ္ပယုတ္တပစ္စယော
၁၈။ မဂ္ဂပစ္စယော
၁၇။ ဈာနပစ္စယော
၁၆။ ဣန္ဒြိယပစ္စယော
၁၅။ အာဟာရပစ္စယော
၁၄။ ဝိပါကပစ္စယော
၁၃။ ကမ္မပစ္စယော
၁၂။ အာသေဝနပစ္စယော
၁၁။ ပစ္ဆာဇာတပစ္စယော
၁၀။ ပုရေဇာတပစ္စယော
၉။ ဥပနိဿယပစ္စယော
၈။ နိဿယပစ္စယော
၇။ အညမညပစ္စယော
၆။ သဟဇာတပစ္စယော
၅။ သမနန္တရပစ္စယော



www.burmeseclassic.com

www.burmeseclassic.com



၄။ အနန္တရပစ္စယော
၃။ အဓိပတိပစ္စယော
၂။ အာရမ္မဏပစ္စယော
၁။ ဟေတုပစ္စယော

(ဗ)

၁။ ဟေတုပစ္စယော
၂။ အာရမ္မဏပစ္စယော
၃။ အဓိပတိပစ္စယော
၄။ အနန္တရပစ္စယော
၅။ သမနန္တရပစ္စယော
၆။ သဟဇာတပစ္စယော
၇။ အညမညပစ္စယော
၈။ နိဿယပစ္စယော
၉။ ဥပနိဿယပစ္စယော
၁၀။ ပုရေဇာတပစ္စယော
၁၁။ ပစ္ဆာဇာတပစ္စယော
၁၂။ အာသေဝနပစ္စယော
၁၃။ ကမ္မပစ္စယော
၁၄။ ဝိပါကပစ္စယော
၁၅။ အာဟာရပစ္စယော
၁၆။ ဣန္ဒြိယပစ္စယော
၁၇။ ဈာနပစ္စယော
၁၈။ မဂ္ဂပစ္စယော
၁၉။ သမ္ပယုတ္တပစ္စယော
၂၀။ ဝိပ္ပယုတ္တပစ္စယော
၂၁။ အတ္ထိပစ္စယော
၂၂။ နတ္ထိပစ္စယော
၂၃။ ဝိဂတပစ္စယော
၂၄။ အဝိဂတပစ္စယောတိ
၂၄။ အဝိဂတပစ္စယောတိ
၂၃။ ဝိဂတပစ္စယော
၂၂။ နတ္ထိပစ္စယော
၂၁။ အတ္ထိပစ္စယော
၂၀။ ဝိပ္ပယုတ္တပစ္စယော
၁၉။ သမ္ပယုတ္တပစ္စယော
၁၈။ မဂ္ဂပစ္စယော
၁၇။ ဈာနပစ္စယော
၁၆။ ဣန္ဒြိယပစ္စယော
၁၅။ အာဟာရပစ္စယော
၁၄။ ဝိပါကပစ္စယော
၁၃။ ကမ္မပစ္စယော
၁၂။ အာသေဝနပစ္စယော
၁၁။ ပစ္ဆာဇာတပစ္စယော
၁၀။ ပုရေဇာတပစ္စယော
၉။ ဥပနိဿယပစ္စယော
၈။ နိဿယပစ္စယော
၇။ အညမညပစ္စယော
၆။ သဟဇာတပစ္စယော
၅။ သမနန္တရပစ္စယော
၄။ အနန္တရပစ္စယော
၃။ အဓိပတိပစ္စယော
၂။ အာရမ္မဏပစ္စယော
၁။ ဟေတုပစ္စယော

(ဘ)

၁။ ဟေတုပစ္စယော
၂။ အာရမ္မဏပစ္စယော
၃။ အဓိပတိပစ္စယော
၄။ အနန္တရပစ္စယော
၅။ သမနန္တရပစ္စယော
၆။ သဟဇာတပစ္စယော
၇။ အညမညပစ္စယော
၈။ နိဿယပစ္စယော
၉။ ဥပနိဿယပစ္စယော
၁၀။ ပုရေဇာတပစ္စယော
၁၁။ ပစ္ဆာဇာတပစ္စယော
၁၂။ အာသေဝနပစ္စယော
၁၃။ ကမ္မပစ္စယော
၁၄။ ဝိပါကပစ္စယော
၁၅။ အာဟာရပစ္စယော
၁၆။ ဣန္ဒြိယပစ္စယော
၁၇။ ဈာနပစ္စယော
၁၈။ မဂ္ဂပစ္စယော
၁၉။ သမ္ပယုတ္တပစ္စယော
၂၀။ ဝိပ္ပယုတ္တပစ္စယော
၂၁။ အတ္ထိပစ္စယော
၂၂။ နတ္ထိပစ္စယော
၂၃။ ဝိဂတပစ္စယော
၂၄။ အဝိဂတပစ္စယောတိ။

**ဦးထွန်းအောင်ကျော်**

www.burmeseclassic.com


အဘယသုခဆေးတိုက်



ကျန်းမာခြင်းသည်လာဘ်တစ်ပါး

# ဦးအောင်မြင့်
# လူပျိုတော်ပတ္တမြား

တဆထလ-၁၁/၂၀၀၅၊ တိုး(၁၈၇)
ယာယီတိုင်ရင်းဆေးဝါးမှတ်ပုံတင်အမှတ် - ၀၅၁၀ YR ၀၀၀၇၉၂

သွေးဆေးမှုန့်၊ သွေးဆေးအဆီ

လေသက်ဆေး၊ လျက်ဆား၊ နန်းတွင်းလျှာပွတ်ဆေး

သည့်ခြေဆေး၊ အကြောဆီးဆေး

ဖုန်း ၀၁-၅၄၁၃၁၆
၀၁-၇၀၁၄၇၃
၀၁-၅၅၉၅၅၉
၀၁-၅၄၉၀၀၃

ဒီဇိုင်း - မောင်မောင်လှမြင့် © ၂၀၀၀


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



◆ မုတ္တမမြို့
ကျိုက်ကလော့ကလွန်ဗွန်စေတီ

ဇော်ဝေ (LL.B)

ဘွဲ့မည်တူ

# ကျိုက်ကလွန်ဗွန်စေတီများသို့

အစိဋ္ဌာန်ခရီး

မွန်ပြည်နယ်ရှိ မုတ္တမတောင်တန်းပေါ်ကို ကားတက်လမ်း ရှိပါတယ်။ အဲဒီတောင်ပေါ်မှာ **"ကျိုက်ကလော့ကလွန်ဗွန်"**စေတီတော် တည်ရှိပါတယ်။

မုတ္တမ(၁၆)ဌာန ဘုရားသမိုင်းမှာတော့ **ဘီလူးတစ်ရာဖက်ဘုရား** **(ကျိုက်ကလွန်ဗွန်)**လို့ ဘွဲ့အမည်ရေးထားတယ်။

နိုင်ပန်းလှရဲ့ ရာဇဝိရာဇ်အရေးတော်ပုံကျမ်းအရဆိုရင် **သက္ကရာဇ် ၅၁၃ ခုနှစ်**မှာ မုတ္တမမြို့ကို ဖင်းမယ်သားတွေ ဝိုင်းရံလုပ်ကြံစဉ် ဆင်ဖြူတော်အကူအညီနဲ့ အနိုင်ရရှိခဲ့တယ်။ သီဟိုဠ်(သီရိလင်္ကာ)မင်းထံကလဲ ဗုဒ္ဓသရီရဓာတ်တော်များ လက်ခံရရှိခဲ့တယ်။

ဆင်ဖြူတော် အောင်သံပေး ဟစ်ကြွေးခဲ့တဲ့ တောင်ထိပ်မှာ အောင်မြေစေတီတစ်ဆူ တည်ထားပြီး သီဟိုဠ်မင်းထံက ရရှိထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



စစ်တောင်းမြို့ ဆံတော်ရှင် ကျိုက္ကလွန်ပွန်းစေတီ

ဘုရား သရီရဓာတ်တော်များကို ဌာပနာခဲ့တယ်။ ဘုရားစေတီရဲ့ ဘွဲ့တော်မှာ"**ကျိုက်ကလွန်ပွန်ဇနာ**" ဖြစ်ပါတယ်။

"**ကလွန်ပွန်**"ဆိုတာ မြန်မာလို "**အလံတစ်ရာ**"လို့ အဓိပ္ပာယ်ရှိပါတယ်။"**ဇနာ**"ဆိုတာ"**အောင်မြင်ခြင်း**"လို့ အဓိပ္ပာယ်ရှိတယ်။

ဖိနပ်တော် **အလံတစ်ရာရှိတဲ့ ကြီးမားသော ဘုရားကြီး ဖြစ်ခဲ့ပါတယ်**။ ခေတ်အဆက်ဆက် ပြိုကျပျက်စီးခဲ့တဲ့ ဘုရားကို ယခုအခါ ပြန်ပြင်ထားတာ ဖူးမြင်ခဲ့ရတယ်။

ရှေးအခေါ် သစ်တောင်းမြို့၊ ယခုအခေါ် စစ်တောင်းရွာ၊ ယခု စစ်တောင်းမြစ်ကူးတံတား တောင်ဘက်ထိပ် တောင်ကုန်းပေါ်မှာလဲ "**ကျိုက္ကလွန်ပွန်း**"ဆိုတဲ့ ဘွဲ့အမည်နဲ့ စေတီကြီးတစ်ဆူ ရှိပါတယ်။

ဘုရားသမိုင်းအရ မြတ်စွာဘုရားရဲ့ ဆံတော်,သွားတော်ဓာတ်တွေ ဌာပနာပြီး ကုန်သည်သူဌေးကြီးလေးဦး စုပေါင်းဒကာခံပြီး တည်ထားကြောင်း သိရပါတယ်။

ပေစာ အထောက်အထားအရ ဆိုရင် သာကေတမင်း ဒကာခံကြောင်း တွေ့ရှိရပါတယ်။

ဖိနပ်တော် အလံတစ်ရာရှိမှာ သေချာပါတယ်။ ကြီးမားတဲ့ စေတီကြီးတစ်ဆူပါ။

ယခုအခါ စတီးရွှေဝါရောင် ကပ်လှူပူဇော်ထားလို့ အလွန် သပ္ပာယ်လှပါတယ်။

ရန်ကုန်ဘက်က ကျိုက်ထီးရိုးဘုရားကို သွားဖူးတဲ့အခါ စစ်တောင်းတံတားရောက်ခါနီး အဝေးက ထီးထီးမားမားကြီး ဖူးမြင်ရပါတယ်။

ရင်ပြင်တော်မှာလဲ ကြွေပြားအပြည့်ခင်းထားလို့ ရင်ပြင်ကို လှည့်ပတ်လျှောက်ပြီး ဖူးလို့လဲ ရပါတယ်။ တိတ်ဆိတ်ငြိမ်သက်တဲ့ ပတ်ဝန်းကျင်ရှိတာမို့ အဓိဋ္ဌာန်ဝင်ဖို့ နေရာထူးတစ်ခု ဖြစ်ပါတယ်။

**ပဲခူးမြို့မှာလဲ ကျိုက်ကလွန်ပွန်း**





www.burmeseclassic.com

www.burmeseclassic.com



ပဲခူးမြို့ ကျိုက်ကလွန်ပွန်း

**ဘွဲ့အမည်ရှိတဲ့ စေတီတော်တစ်ဆူ ရှိပါတယ်။** သက္ကရာဇ် ၄၀၇ ခုနှစ်က ပဲခူးဘုရင် တိဿမင်းနဲ့ မိဖုရား သုဘဒ္ဒါတို့ ဦးဆောင်တည်ထားခဲ့ ကြောင်း သိရတယ်။

ရှေးတုန်းက မြို့ထိပ် သင်္ဘော ဆိပ်မှာရှိလို့ သင်္ဘောဘုရားလို့ ခေါ်ကြတယ်။

မွန်ဘုရင်၊ ဗညားဦး၊ ဓမ္မစေတီ မင်းတို့ လက်ထက်မှာ ပြန်လည် ပြုပြင် တည်ထားခဲ့တယ်။ လျောင်းသား ခဏခဏကြုံလို့ ပြိုကျပျက်စီးမှုကို ဘုရင့်နောင်မင်းတရားကြီးက ၁၅၆၆ ခုနှစ်မှာ ပြန်လည်ပြုပြင် ထီးတော်တင်ပေးခဲ့တယ်။

အင်မတန်ကြီးမားတဲ့ ဘုရားကြီး ပါ။ ရှေးအခါက လူ(၁၀၀)ဝိုင်းဖက် ရလောက်အောင် ဖိနပ်တော် အလံ တစ်ရာ ရှိခဲ့မှာပါ။

လျောင်ဒဏ် ထပ်သင့်ပြီး ပြိုကျ ပျက်စီးနေတဲ့ အနေအထားမှာ တောင် အတော်ကြီးကျယ်နေပါ သေးတယ်။

အခုအခါ ပြန်လည် ပြုပြင်ဖို့ ကြိုးစားနေကြတာ ကြာပြီ။ အုတ်ပုံ ကြီးထိပ်မှာ စေတီငယ်လေးတစ်ဆူ ပေါက်ထားရုံလောက်သာ တတ်နိုင် ပါသေးတယ်။ **ပါရမီရှင်ပုဂ္ဂိုလ်ထူး များကို စောင့်မျှော်နေဆဲပါ။**

စေတီတော်ကြီးတစ်ဆူလုံး ပြုပြင် တည်ထား အောင်မြင်ပြီးစီးတာကို ကျွန်ုပ် မသေခင် မြင်ဖူးချင်ပါတယ်။

အခုတော့ ကျိုက်ကလွန်ပွန်းဘုရား ကြီးတည်နေရာဟာ သင်္ဘောဆိပ် မဟုတ်တော့ဘူး။ ပင်လယ်ရေ နောက်ဆုတ်သွားလို့ ရေနဲ့ဝေးပြီး မြို့ခွန်ကုန်းခေါင်ခေါင် ဖြစ်နေပြီ။

**ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့မှာလဲ ကျိုက်ကလွန်းပွန်း ခေါ်တဲ့ စေတီတော်ကြီးတစ်ဆူ ရှိပါတယ်။** သာသနာသက္ကရာဇ် ၄၉၀ ပြည့်နှစ်မှာ ပဲခူးဘုရင် ဓနုသင်္ဂဟမင်းက ယခင် ရဟန္တာ(၂)ပါး တည်ထားတဲ့ စေတီငယ်ကို ပြန် လည်ပြုပြင်တည်ထားကြောင်း သိရ တယ်။



www.burmeseclassic.com

www.burmeseclassic.com



◆ နေပြည်တော် ကျိုက်ကလွန်ဖွန်းစေတီ

**နေ့ဘက်မှာ လူသားများတည်ပြီး ညဘက်မှာ ဘီလူးများတည်ကြောင်း၊ ဘီလူးတစ်ရာတိတိ ပါဝင် ခဲ့လို့ ဘီလူး တစ်ရာဖက်ဘုရားလို့ အဓိပ္ပာယ်ရှိတဲ့ ကျိုက်လွန်ဖွန်းဘွဲ့ အမည်ပေးကြောင်း သိရပါတယ်။**

သာသနာ သက္ကရာဇ် ၇၀၀ ပြည့်နှစ်ခန့်က ပုသိမ်ထီးနန်းက ဥမ္မာဒန္တီ မင်းသမီးဟာ အပျိုစင်ဘဝနဲ့ ကျိုက်ကလွန်ဖွန်း ဘုရားကြီးကို တတိယအကြိမ် ပြုပြင်ခဲ့ကြောင်း သိရတယ်။

ခေတ်အဆက်ဆက် ပြုပြင်တည်ထားခဲ့ကြလို့ အတော်ကြီးမား ခံ့ထည်နေပါတယ်။

နေပြည်တော် ကျိုက်ကလွန်ဖွန်းဘုရားကြီးဟာ ခံ့ညားထည်ဝါ သပ္ပာယ်လှပါတယ်။ နေ့စဉ် အနယ်နယ် အရပ်ရပ်က ဘုရားဖူးကားတွေနဲ့ စည်ကားတဲ့ သာသနာ့ပရိဝုဏ် တစ်ခု ဖြစ်နေပါပြီ။

ဒီဘုရားကြီးကလဲ အလွန်ကြီးမားပါတယ်။ စ,တည်ထားကတည်းက ဖိနပ်တော်ပတ်လည် **လူတစ်ရာဖက် (အလံတစ်ရာ)ရှိလို့** ကျိုက်ကလွန်ဖွန်ဆိုပြီး မွန်တိုင်းရင်းသားတွေက ဘွဲ့အမည်ပေးခဲ့တာ ဖြစ်မှာပါ။ (**ကျိုက်**=ဘုရား၊ **ကလွန်ဖွန်**= အလံတစ်ရာ)

ဘွဲ့အမည်တူ ကျိုက်က္ကလွန်ဖွန် ဘုရားစေတီတော်(၄)ဆူကို တစ်ခါ တစ်ခါက် ဖူးမြော် အဓိဋ္ဌာန်ဝင်ကြည့်စေချင်ပါတယ်။

ဖိနပ်တော်အလံတစ်ရာ ရှိအောင် ကြီးကျယ်တဲ့ ဘုရားစေတီတော်ကြီးတွေကို တည်ထားခဲ့ကြတဲ့ ရှေးဘိုးဘေးဘီဘင်တွေရဲ့ စိတ်ဓာတ်ကို အားကျစေချင်လို့ပါ။

***စေတနာမှန်လျှင် ကံကောင်းမည်။***

**အောင်ဇ** ***(LL.B)***

www.burmeseclassic.com



# ဆေးဒန်းတက်လမ်း

ဝိဇ္ဇာမဟာဒွိ
ဆရာဦးသန်းမြင့်
(တိုင်းရင်းဆေး)

တကောင်းမြို့တွင် တစ်ချိန်က နာမည်ကြီးပြီး အဂ္ဂိရတ်ပညာရပ်တွင် ကျော်စောသော ဆရာတော်မှာသံလက်သီးဆရာတော်ဖြစ်သည်။ ဟင်းမသိုးဆရာတော် ဟူ၍လည်း နာမည်ကြီး၏။

နွေခေါင်ခေါင်တွင် ပဲဟင်းအိုးထဲသို့ ဓာတ်လုံးကို ခဏစိမ်ထားခြင်းဖြင့် ယနေ့အဖို့ ပဲဟင်းမသိုးတော့ပါ။

ဆရာတော်ကျောင်း တစ်ဝိုက်နှင့် ရွှေစည်းခုံဘုရားကြီး အနီးတစ်ဝိုက်ရှိ ချုံနွယ်ပိတ်ပေါင်းနှင့် မြက်အမှိုက်သရိုက်များကို တကောင်းမြို့ထဲမှ ဒါယကာ၊ ဒါယိကာမများမှ သန့်ရှင်းရေး လုပ်အားဒါန ပြုသူများကို ဆရာတော်မှ သက်သတ်လွတ်ထမင်းကျွေးပါသည်။ ပဲကြီးဟင်းနှင့် ပဲငါးပိ၊ ငှက်ပျောအူ တို့စရာတို့ဖြစ်သည်။

ပဲဟင်းမှာ ဆရာတော်၏ဓာတ်လုံးစိမ်ထားခြင်းကြောင့် ဘယ်ရာသီ ဘယ်အခါမှ မသိုးပါ။ ထို့ကြောင့်လည်း ဟင်းမသိုးဆရာတော်ဟု ခေါ်ဝေါ်သမုတ်ကြခြင်း ဖြစ်ပါသည်။

**၁၉၅၉ခုနှစ်** စစ်ဆင်ရေး တစ်ခုတွင် စာရေးသူမှာ ငှက်ဖျားရောဂါစွဲကပ်သဖြင့် ရှေ့တန်းမှ နောက်တန်း တပ်စခန်းချရာ တကောင်းမြို့တွင် ငှက်ဖျားရောဂါကုသရင်းအနားယူရပါသည်။

ထိုအချိန်တွင် ဆရာတော်၏ ကပ္ပိယဖြစ်သော ဦးအောင်ဘမှ စာရေးသူအား ဆရာတော်ကျောင်းသို့ ခေါ်သွားသဖြင့် ဆရာတော်နှင့် သိရှိရပြီး ရင်းနှီးပါသည်။

စာရေးသူမှလည်း ဆရာတော်



www.burmeseclassic.com

www.burmeseclassic.com

အား တတ်နိုင်သမျှ ဝတ်ကြီး ဝတ်ငယ်တို့ကို ပြုစုသဖြင့် တပည့်တစ်ယောက်ကဲ့သို့ သတ်မှတ်ပါသည်။

စာရေးသူမှာ ဆရာတော်ထံတွင် ကပ္ပလက်ာရကျမ်းနှင့် အာဒိကပ္ပဒွါဒသိမ်ကျမ်းတို့ကိုသင်ယူပြီး နောက်ဆုံးတွင် ဆရာတော်ထံ အဂ္ဂိရတ်ပညာရပ်ကို မေးမြန်းလျှောက်ထားရာ ဆရာတော်မှ...

'ဟေ့...ဒကာ အဂ္ဂိရတ်ပညာရပ်ဆိုတာ လွယ်တာမဟုတ်ဘူး။ ဟိုဟိုဒီဒီ လျှောက်လုပ်နေရင် ဝွေကုန်လူပန်းဖြစ်ရုံပဲ။ ဘာမှလဲ ဖြစ်မှာမဟုတ်ဘူး။ လုပ်မယ့်လုပ် ဖြစ်မြောက်တာကိုလုပ်ကွ။ မဖြစ်မြောက်တာ မလုပ်နဲ့။

မင်း ဝါသနာပါလို့ လုပ်ချင်သပဆိုရင် ဟောဒီမှာ ဆေးဒန်းတက်လမ်း ရှိတယ်။ အဲဒါပဲ ကူးယူသွား။ မင်းဖတ်ကြည့်၊ မရှင်းတာ, မသိတာရှိရင် ငါ့ကိုမေး။ ရမ်းမလုပ်နဲ့။ စာကို အရင်သဘောပေါက်အောင်ဖတ်။ အဂ္ဂိရတ်ကို စိတ်နဲ့အရင်ထိုး။ နောက်မှ လက်တွေ့ထိုး'

ဟု မိန့်ကြားပြီး ဆရာတော်မှ လက်ရေးမူမှတ်စုစာအုပ်ကို ပေးသဖြင့် စာရေးသူ ကူးယူခဲ့ပါသည်။

စာရေးသူ အမှန်အတိုင်း ဝန်ခံရလျှင် ထိုဆေးဒန်းတက်လမ်းကို လက်တွေ့မလုပ်ရသေးပါ။ဓာတ်ကြီးလမ်းကို လမ်းရှည်သည်ဟု စိတ်ဝင်စားခြင်းမရှိဘဲ ဆူလွယ်နပ်လွယ်စားလမ်း၊ ရိက္ခာထောက်လမ်းတွေကို အများအပြား လုပ်ခဲ့ပြီး ဆရာတော်ပေးသော ထိုနည်းကို မလုပ်ရခြင်း ဖြစ်ပါသည်။



ထို့ကြောင့် အဂ္ဂိရတ်ဝါသနာရှင်များနှင့် သုတေသီများ လက်တွေ့ပြုလုပ်နိုင်ရန်လည်းကောင်း၊ စာဖတ်ပရိသတ်များ ပညာဗဟုသုတဖြစ်စေခြင်း အကျိုးငှာ လည်းကောင်း နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ ဆရာတော်၏ ဆေးဒန်းတက်လမ်းကို မူရင်းအတိုင်း ဖော်ပြလိုက်ပါသည်။

### ဆေးဒန်းတက်လမ်း

၁။ အုန်းသီးဆန် ( ၁၀ )ကျပ်
၂။ မြေပဲဆန် ( ၁၀ )ကျပ်
၃။ နှမ်းစေ့ ( ၁၀ )ကျပ်
၄။ ဆေးဒန်း ( ၁၀ )ကျပ်

အားလုံး ပေါင်းစပ်၍ ညက်စွာကြိတ်ပြီးလျှင် ကြွေပန်းကန် တစ်လုံးတွင်ကပ်။ နောက်ထပ် ကြွေပန်းကန် တစ်လုံးအုပ်၍ ကော်ဖြင့် ဖော်လုံစွာမံ **(ကော်ဆေးကား မဖောက်ထုံး တစ်ပိဿာ၊ ရှားစောင်းလက်ပပ် တစ်ပိဿာ ယင်းနှစ်ပါး ညက်စွာပြု ကော်ဆေးဖြစ်၏။)**

နေလှန်း ခြောက်သောအခါ ထင်းလှည်းတစ်စီးတိုက် ကုန်အောင်ဖုတ် **(ဖုတ်နည်းကား ဆေးဒန်းကပ်ထားသောပန်းကန်ကို အပေါ်ကထား၊ အဖုံးပန်းကန်ကိုအောက်ကထား၍ ထင်းကို တောင်ဆုံ ခန့် ဖြတ်၍ ထောင်ပြီးဖုတ်ပါ။)** သတ္တုရ၏။ ဖုတ်သောအခါ မီးပြင်း စေ။

### ပထမ ချုပ်ရန်ဆေး

၁။ ယမ်းစိမ်း ( ၁ )ကျပ်
၂။ လက်ချား ( ၂ )ကျပ်
၃။ ဇဝက်သာ ( ၂ )ကျပ်

ယင်းဆေးသုံးပါးကို ကြိတ်၍ ဒယ်အိုးတွင် နွားကျင်ငယ်ရည်နှ ချက်။ နိုလျှင်ချ။ ယင်းဆေးနှ ဆေးဒန်းသတ္တုကို လုံစောက်ကြီး ကြီးတွင် အထက်အောက် နှိုး၍ ဖော်မံပြီး မီးလျှံမှစ၍ မီးပြင်းလုံခိုင် သရွေ့ထိုးပါ။

### ဒုတိယ ချုပ်ရန်ဆေး

၁။ ယမ်းစိမ်း ( ၃ )ကျပ်
၂။ လက်ချား ( ၂ )ကျပ်
၃။ ဆား ( ၂ )ကျပ်
၄။ ပရုတ် ( ၁ )ကျပ်

ယင်းဆေးလေးပါးကို ပထမနည်း အတိုင်း **နွားကျင်ငယ်ရည်နှင့် နိ အောင်ချက်ပါ။** ယင်းဆေးကို သုံးပုံ ပုံ၍ တစ်ပုံလျှင် တစ်လုံကျ ဆေးဒန်း သတ္တုကို အထက်အောက်နှိုး၍ သုံးလုံ ထိုးပါ။

ယင်းနောက် နှမ်းဆီ၊ ဝက်ဆီ ထောပတ်၊ ဆိတ်နို့ ယင်းလေးပါး ခံရည်တွင် တစ်မျိုးလျှင် (၇)ကြိမ်စီ အလင်းကျို၍ ခံရည်လောင်းလေ။ အပြင်းအပျော့ ရောက်၏။

### တတိယ အရောင်ဖော်ဆေး

၁။ ထမင်းခြောက် ( ၁ )ကျပ်
၂။ သံပရာမြစ် ( ၁ )ကျပ်

၃။ ကြက်ဆူးရိုးနီမြစ် ( ၁ )ကျပ်
၄။ ကြက်ဆူရိုးနီအစေ့ ( ၁ )ကျပ်
၅။ ကုက္ကိုအမြစ် ( ၁ )ကျပ်
၆။ ကုက္ကိုအခေါက် ( ၁ )ကျပ်
၇။ ကောက်ညှင်းငချိပ်ဆန် ( ၁ )ကျပ်

ယင်းဆေး(၇)ပါး အမှုန့်ပြု၍ ဆေးဒန်းသတ္တုပြင်းနှင့် အထက်အောက် နှီးပြီး လုံပိတ်(၇)လုံထိုးလေ။ ကြယ်ရောင်လရောင် ထွက်၏။ *(ယင်း တတိယဆေးသည် ဆေးရင်းဖြစ်၏)*

---

စတုတ္ထ ကြိုးဖော်ဆေး

---

၁။ ဆေးရင်း ( ၁ )ကျပ်
၂။ ဇာတိပ္ဖိုလ်သီး ( ၁ )ကျပ်
၃။ ကန့်ချုပ်နီ ( ၁ )ကျပ်
၄။ ပေါက်ပွင့် ( ၁ )ကျပ်
၅။ သဘော်ဖိုမြစ် ( ၁ )ကျပ်

ယင်းဆေး(၅)ပါး အမှုန့်ပြု၍ အထက်အောက်နှီးပြီးလျှင် လုံပိတ်နာနာထိုး ကြိုးပေါ်၏။ **သိဒ္ဓိလေးပါးပြီး၏။**

---

ပဥ္စမ ရုပ်ဖော်ဆေး

---

၁။ ဆေးရင်း ( ၁ )ကျပ်
၂။ ငုရွှေခေါက် ( ၁ )ကျပ်
၃။ ညောင်ချဉ်ခေါက် ( ၁ )ကျပ်
၄။ ကုက္ကိုခေါက် ( ၁ )ကျပ်
၅။ သရက်ခေါက် ( ၁ )ကျပ်
၆။ ကြက်ဆူရိုးနီစေ့ ( ၁ )ကျပ်

ယင်းဆေး(၆)ပါး အမှုန့်ပြု၍ **ဆေးဒန်းသတ္တုကို အထက်အောက်ခံ၍ လုံပိတ်နာနာထိုး လိပ်ရုပ်ပေါ်၏။** သိဒ္ဓိ(၇)ပါး ပြီး၏။

၁။ ဆေးရင်း ( ၁ )ကျပ်
၂။ သပြေချဉ်မြစ် ( ၁ )ကျပ်



၃။ ထန်းမြစ် ( ၁ )ကျပ်
၄။ နန်းလုံးကြိုင်မြစ် ( ၁ )ကျပ်

ယင်းဆေး(၄)ပါး အမှုန့်ပြု၍ အထက်နည်းအတိုင်းထိုး **ကျားဦးခေါင်းရုပ်ပေါ်၏။** သိဒ္ဓိ(၁၀)ပါး ပြီး၏။

---

ဆဋ္ဌမ ဝဲ,ယာ ဖောက်နည်း

---

ယင်းဓာတ်လုံးကို **ဆေးဒန်းအစိမ်း (၅)ကျပ်သားကို** အမှုန့်ပြု၍မံ၊ လုံသွင်းဖော်သုံးထပ်မံ၊ မီးပြင်းထိုး၊ မံသော ဆေးဒန်းပြာကျ၏။ ဓာတ်လုံး ပကတိအတိုင်း နေ၏။

ယင်းပြာကို ပျားရည်တစ်ပိဿာတွင် တစ်ရွေးပစ်၍စား အာယုပေါက်၏။

ယင်းပြာ (၁)ကျပ်၊ ဘော်(၁)ကျပ်၊ သံနု(၁)ကျပ်၊ သုတ(၁)ကျပ် လုံပိတ်မီးပြင်းထိုး ပြာနုကျ၏။ နာ(၁၀)ကျပ်တွင် တစ်ရွေးပစ် (ဝဲ)ဖြစ်၏။

**(ယာ)ကိုလိုသော်** ဆေးဒန်းပြာ (၁)ကျပ်၊ သွပ်ဖြူ(၁)ကျပ်၊ သံနု(၁)ကျပ်၊ သုဝဏ္ဏ(၁)ကျပ် လုံပိတ်မီးပြင်းထိုး ပြာနုကျ၏။ ဒန်(၁၀)ကျပ်တွင် တစ်ရွေးပစ် ဇမ္ဗူရာဇ် (ယာ)ဖြစ်၏။

---

သတ္တမ အာသမ္ဘိန္နဆေး

---

ချိုးသီး၊ ကလောသီး၊ ဇာသီး၊ ဇာပွင့်၊ လေးညှင်း၊ ကွက္ကရာ အမျိုးစု၍ အမှုန့်ပြုပြီးလျှင် ပျားရည်နှင့်တော၊ လုံမှာသုတ်၊ ဓာတ်လုံးဘည့်ဖော်မံပြီးလျှင် မီးပြင်း နာနာထိုး အာသမ္ဘိန္နဆိုက်၏။ **(အာသမ္ဘိန္နဆိုက်အောင်ယင်းဆေးနှင့်အကြိမ်ကြိမ်ထိုးပါလေ)**

ယင်းဓာတ်လုံးကို သိလိုမူ နာကိုဒယ်အိုးနှင့်ကျို၍ အရည်ဖြစ်လျှင် ဓာတ်လုံးကိုထည့်၊ ပထမ ငုတ်၏။ နောက်ပေါ်လာ၏။ ညှပ်နှင့်သော်လည်းကောင်း၊ ဖွန်းနှင့်သော်လည်းကောင်း ဆယ်၍ယူထားလေ။ နာသည် အပြီးသို့ရောက်၏။ ဓာတ်လုံးကို ပျားရည်နှင့်စိမ်သောက် အာယုပေါက်၏။ **(ဓာတ်လုံးကို ဆင်စွယ်ကြုတ်နှင့် ဆောင်လေ)**

***ဆင်းရဲကင်းပျောက် ချမ်းသာရောက်ကြပါစေ။***

**ဝိဇ္ဇာမဟိဒ္ဓိ ဆရာဦးသန်းမြင့်**
***(တိုင်းရင်းဆေး)***



www.burmeseclassic.com

www.burmeseclassic.com

# လည်ပင်းမှ အဖုအကျိတ် ကုနည်း





ငွေကုန်လူပန်းခြင်း မဖြစ်စေဘဲ ကိုမော ်သိမ်း ပြော၍ပြသော ဤ ဆေးနည်းကို ရောဂါဝေဒနာ ခံစား နေရသူများအား တစ်ဆင့် လက်ဆင့်ကမ်း၍ မျှဝေ ပေးလိုက်ရပါသည်။

လက်တွေ့ကုထုံး ဆေးနည်းဖြင့် ကု၍ ပျောက်သွားသူ ပြောပြပေးသော ကိုမောင်သိမ်းအား ဂါရဝပြု လျက်ဖြင့်...

***ကျန်းမာခြင်းနှင့် ပြည့်စုံပါစေ။***

**ချောင်းနက်သား**

စာရေးသူ၏ ဦးဝမ်းကွဲ တော်စပ်သူ ကိုမောင်သိမ်း အိမ်ကို အလည်ရောက်ရှိ၍ သွားပါသည်။ ဦးတော်မောင်၏ မိသားစုနှင့် စကားလက်ဆုံကျနေရာမှ ဦးတော်မောင်၏ လည်ပင်းကို အမှတ်မထင် ကြည့်မိရာ နှစ်ရှည်လများ ဝေဒနာ ခံစားနေရသည့် ဦးတော်မောင် လည်ပင်းမှ အပူကျိတ်ခေါ် လည်ပင်းတစ်ဖက်တစ်ချက်မှ အဖုကြီးများမရှိတော့ကြောင်း တွေ့ရှိရပါသည်။

ဦးတော်မောင်အား အကျိုးအကြောင်းကို မေးမြန်းကြည့်ရာ ငွေကုန်လူပန်းဖြစ်ပြီး၊ သေချင် သေပါစေတော့ဆိုပြီး၊ ငုတ်တုတ်ခံ လည်စင်းပြီးနေရာမှ ဆရာတော်တစ်ပါးနှင့် တွေ့ရာမှ ဆေးနည်းကောင်းတစ်လက် ပေးခဲ့၍ ဦးတော်မောင်၏ လည်ပင်းမှာရှိသည့် အဖုအကျိတ်များ ပျောက်ကင်းသွား၍ ဦးတော်မောင်အပါအဝင် မိသားစုဆွေမျိုးအားလုံး ဝမ်းသာနေကြပါသည်။ လက်ဆင့်ကမ်း၍ ဦးတော်မောင်လို ဖြစ်နေကြသော ရောဂါဝေဒနာရှင်များကို အခမဲ့ကုသပေးခဲ့ရာတွင်လည်း ပျောက်ကင်းကြ၍ ကျန်းမာပျော်ရွှင်လျက် ဦးတော်မောင်အား ကျေးဇူးတင်နေကြပါသည်။

ကိုမောင်သိမ်းက ဆက်လက်၍ ဆေးနည်းသုံးစွဲပုံကိုလည်း အောက်ပါအတိုင်း လည်ပင်းမှာ ဖြစ်တတ်သော ဝေဒနာရှင်များအတွက် စေတနာထားလို့ နည်းကောင်းလေးကို ဖော်ပြပေးလိုက်ပါသည်။

၁။ ဇာတိပွဲလ်သီး
၂။ ဩဇာသီးခြောက်
၃။ လက်ပံပင်မှဆူး

ယင်း(၃)မျိုးကို အမှုန့်ယူပြီး ကျောက်ပျဉ်ပေါ်မှာ ဆန်ဆေးရည်နှင့် သွေးပြီး လိမ်းပေးရမှာ ဖြစ်ပါသည်။

တစ်နေ့ တစ်ကြိမ်၊ နှစ်ကြိမ်ထက် မနည်း နေ့စဉ် ဂရုတစိုက် လိမ်းပေးသွားပါက မကြာခင်အတွင်းမှာ ငွေကုန်သက်သာစွာနှင့် ပျောက်ကင်းကြောင်း တွေ့ရှိလာပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

# လက္ခဏာပဟေဠိ

အဖြေညှိကြစို့

ဆရာကြီးဦးအောင်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

ဉာ

ယခုလအတွက် ဖော်ပြပေးလိုက်သော ဉာလက်ဖဝါးပုံစံပိုင်ရှင်မှာ အသက်(၃၇)နှစ်အရွယ် အမျိုးသားတစ်ဦးဖြစ်ပါသည်။

လက်ဖဝါးပြင်နှင့်လက်ချောင်းများကို သေချာစစ်ဆေးကြည့်ရှုပြီးလျှင် လက္ခဏာပဟေဠိမေးခွန်းများကို ဖြေကြည့်ပါ။

မိမိတို့၏ အဖြေများကို အကြောင်းပြချက်နှင့်တကွ သီးခြားစာရွက်လွတ်တွင် ရေးမှတ်ပြီးမှ လက္ခဏာပဟေဠိ အဖြေများနှင့် သို့နှိုင်းကြည့်ပါက လက္ခဏာပညာသုတ ပိုမို တိုးတက်နိုင်ပါသည်။




လက္ခဏာပဟေဠိမေးခွန်းများ

၁။ ကိုယ်ပိုင်စီးပွားရေးလုပ်သူလား/ ဝန်ထမ်းလုပ်သူလား။

၂။ စပ်တူလုပ်သူလား၊ တစ်ဦးတည်းလုပ်သူလား၊ အရာရှိလား၊ အခြားအဆင့် လက်အောက်ဝန်ထမ်းလား။

၃။ ငွေကြေးပစ္စည်းဥစ္စာ ချမ်းသာပြည့်စုံမလား/ ဆင်းရဲနွမ်းပါးမလား။

ပဟေဠိအဖြေများကို စာမျက်နှာ(၁၂၈)တွင် ကြည့်ရှုပါရန်



www.burmeseclassic.com

www.burmeseclassic.com

# ထီနှင့် ကံစမ်းမဲများ ပေါက်စေဖို့

ဝေဖြိုးမောင်

လောကကြီးတွင် ပုထုဇဉ်လူသားတိုင်း စီးပွားဥစ္စာ ကြွယ်ဝချမ်းသာလိုကြ၏။ လူတချို့က သမ္မာအာဇီဝနည်း၊ တချို့က ဝိသမလောဘနည်းများနှင့် ရှာဖွေနေကြသကဲ့သို့ တချို့ကလည်း ထီပေါက်စေဖို့ နည်းအမျိုးမျိုးနှင့် ရှာဖွေ ကြံဆနေကြပါသည်။

နေ့တစ်နေ့တွင် စာရေးသူသည် **ရွှေဘုန်းပွင့် ဆရာတော်ဦးဝါရိန္ဒအား** သွားရောက် ဖူးမြင်ရာတွင် ထီ,ကံစမ်းမဲအကြောင်းများနှင့် ဆက်စပ်၍ ဆရာတော်ကြီးအား လျှောက်ထားမိခဲ့ပါသည်။

ဆရာတော်ကြီးက ထီနှင့် ကံစမ်းမဲများ ပေါက်စေရန် အဓိဋ္ဌာန်နှင့် ရွတ်ပွားရမည့် ဂါထာကိုပါ ချီးမြှင့်လိုက်သဖြင့် စာဖတ်သူများ အကျိုးငှာ ရေးသားတင်ပြလိုက်ရပါသည်။

ဆရာတော်ကြီးက…



▲ ပြောဆိုမိန့်ကြားသော ရွှေဘုန်းပွင့် ဆရာတော်ဦးဝါရိန္ဒ

**အဓိဋ္ဌာန်ရက် တစ်နှစ်အတွင်း**
**ထီကံစမ်းမဲ ဒါမှမဟုတ် ထီပေါက်သလို**
**ငွေတွေ အစုလိုက်အပြုံလိုက် ရစေတတ်တယ် . . .**



www.burmeseclassic.com

www.burmeseclassic.com

'ပုဗ္ဗာဘုရားရှင် လက်ထက်တော်ကတည်းက စာရေးတံမဲဆိုတာ ရှိခဲ့တယ်။ ဒီစာရေးတံမဲပွဲမှာတော့ "ကုဏ္ဍာမာန" ဆိုတဲ့ ရဟန်းကြီးက နှစ်စဉ် ပထမဆုချည်းပဲ ပေါက်ခဲ့တယ်တဲ့။

အဲဒီရဟန်းကြီးကို ချီးကျူးပူဇော်ခဲ့တဲ့ ဂါထာလဲ ရှိတယ်။ အဲဒီဂါထာက "အောင်ဆုပန်အဓိဋ္ဌာန်" ဂါထာလို့ ခေါ်တယ်။

**ဒီဂါထာကို နေ့စဉ်မှန်မှန် ရွတ်သရမယ်။ ဒီဂါထာနဲ့ပဲ တစ်နေ့ကို ပုတီး(၃)ပတ်ရအောင် မှန်မှန်စိပ်ပေးမယ်။ ဝတ်လဲ မပျက်ဘူးဆိုရင် အဓိဋ္ဌာန်ရက် တစ်နှစ်အတွင်း ထီးတံမဲမဲ ဒါမှမဟုတ် ထီပေါက်သလို ငွေတွေ အရအပြုံလိုက် ရစေတတ်တယ်။**

ဆောင်ရွက်ရမှာက...

မိမိနေအိမ် **ဘုရားဆောင်မှာ** ဒါမှမဟုတ် **ဘုရားစေတီတစ်ဆူဆူမှာ ငါးပါးသီလ ခံယူဆောက်တည်ရမယ်။** ပြီးရင် ဒီဂါထာတော်ကို **နံနက်(၉)ခေါက်၊ ည(၉)ခေါက် ရွတ်ဆိုရမယ်။** ပုတီးလဲ (၃)ပတ်ပြည့်အောင် စိပ်ပေးရမယ်။ အဲဒီလို ပတ်ထား ဆောင်ရွက်တဲ့နေ့မှာ ထီထိုးရမယ်။ ဆောင်ရွက်ရမှာက ဒီလောက်ပါပဲ'

---

အောင်ဆုပန် အဓိဋ္ဌာန်

ဂါထာတော်

---

တေ ဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ
ဘိက္ခူနံ ပထမံ သလာကံ
ဂဏှန္တာနံ ယဒိဒံ ကုဏ္ဍ ဓာနော
တေန သစ္စဝဇ္ဇေန ဖုဿု မေ ဟောတု။



ခက်ခဲသော ပါဠိအသံထွက်

| | | |
|---|---|---|
| **တေဒဂ္ဂံ** | = | အေတဒက်ဂံ |
| **ဘိက္ခဝေ** | = | ဘိတ်ခဝေ |
| **ဘိက္ခူနံ** | = | ဘိတ်ခူနံ |
| **ဂဏှန္တာနံ** | = | ဂန်နန်တာနံ |
| **ကုဏ္ဍ** | = | ကုန်တ |
| **တေန** | = | အေတေန |
| **သစ္စဝဇ္ဇေန** | = | သစ်စဝဇ်ဇေန |
| **ဝေံ** | = | အေဝံ |

အနက်

**ဘိက္ခဝေ၊** ရဟန်းတို့။ **ပထမံ၊** ရှေးဦးစွာ။ **သလာကံ၊** စာရေးတံမဲကို။ **ဂဏှန္တာနံ၊** ယူကြကုန်သော။ **ဘိက္ခူနံ၊** ရဟန်းတို့တွင်။ **ယဒိဒံ = ယောအယံ ကုဏ္ဍဓာနော၊** အကြင်ကုဏ္ဍဓာနမထေရ်သည်။ **(အတ္ထိ)၊** ရှိ၏။ **တေ=သော ကုဏ္ဍဓာနော၊** ထိုကုဏ္ဍဓာနမထေရ်သည်။ **မမ၊** ငါဘုရား၏။ **သာဝကာနံ၊** တပည့်အပေါင်းတို့တွင်။ **အဂ္ဂံ=အဂ္ဂေါ၊** အမြတ်ဆုံးဖြစ်ပါပေ၏။ **တေန သစ္စဝဇ္ဇေန၊** ဤမှန်သော စကားကို ဆိုရခြင်းကြောင့်။ **မေ၊** အကျွန်ုပ်အား။ **ဝေံ၊** ဤ(စာရေးတံ ပထမဆုကို ရရှိသူ အရှင်ကုဏ္ဍဓာန မထေရ်နှင့် အလားတူ။ **ဟောတု၊** ဖြစ်ပါစေသတည်း။

***[ဤဂါထာတော် ပါဠိအနက်ကို နဂါးရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသီဟ(သာသနဓဇ ဓမ္မာစရိယ)မှ ပြန်ဆိုပေးပါသည်။]***

ဆရာတော်ကြီး မိန့်ကြားသည့်အတိုင်း ဖော်ပြလိုက်ပါသည်။

ခုနစ်ရက် သားသမီးအပေါင်း ထီဆုကြီးများ ပိုင်ဆိုင်၍ ကျန်းမာချမ်းသာကြစေရန် ရည်သန်လျက်...။

**ဝေဖြိုးမောင်**



www.burmeseclassic.com

www.burmeseclassic.com

ကျွဲနွား နာတာရှည်

# ချောင်းဆိုးရောဂါ





ဝေသိန်း (ဘီ/မွေး/ဇာ)

ပြီးခဲ့တဲ့ မိုးတွင်းတုန်းက ကျွန်တော် ရမည်းသင်းမြို့နယ်ထဲက ကန့်ဘဲ့ဆိုတဲ့ ရွာကြီးကိုသွားပြီး ဝက်အကောင်(၂၀) သင်းကွပ်ခဲ့ရတယ်။ အပြန်ကျတော့ မိုးမိပါလေရော၊ တစ်ကိုယ်လုံး စိုရွှဲသွားတာပဲ။

အပြန်မှာ သင်ပန်းကုန်းရွာနား ရောက်တော့ မိတ်ဆွေတစ်ယောက်က "**သူ့ဝက် အစာမစားလို့ ဝင်ကြည့်ပါဦး**"ဆိုတာနဲ့ ဆေးကုခဲ့ရသေးတယ်။

မိုးတွေကလဲ သည်းနေတော့ နားဦးမယ်ဆိုပြီး တစ်နာရီလောက်နေလိုက်တာ မိုးကလဲ မစဲဘူး။

ဒါနဲ့ မထူးဘူးဆိုပြီး မိုးရွာနေတဲ့ကြားထဲမှာပဲ အိမ်ရောက်အောင် ပြန်ခဲ့တယ်။

အိမ်ရောက်တော့ အဝတ်လဲပြီး ဆေးသောက်လိုက်တယ်၊ နွေးနွေးထွေးထွေး နေလိုက်တယ်ပေါ့။

ဒါပေမယ့် မရပါဘူး။ ညကျတော့ အိပ်ရာထဲမှာ ချောင်းဆိုးတော့တာပဲ။ ဖျားတော့ မဖျားပါဘူး။ အအေးပတ်သွားတာပေါ့။

ကျွန်တော် ကိုယ့်ကိုယ်ကို ဂရုတစိုက်နေတာတောင် ချောင်းဆိုးဖြစ်အောင် ဆိုးသေးတယ်။

နောက်တစ်နေ့ နံနက်ကျတော့ **အင်းဖင်းဆိုတဲ့ရွာက မြို့နဲ့ (၂)မိုင်**လောက်ဝေးတယ်။ "**နွား နေမကောင်းလို့**"ဆိုပြီး လာခေါ်လို့ ကျွန်တော် ဆိုင်ကယ်စီးပြီး လိုက်သွားပါတယ်။

ရွာထဲက ဦးမောင်းတို့အိမ် ရောက်တော့ ကျွန်တော်က ချောင်းဆိုးပြီ။ မနေ့က အအေးမိတယ်၊ အခုလဲ ဆိုင်ကယ်စီးလာတော့ ရင်ဘတ်ကို လေတိုးပြီး အအေးပတ် ချောင်းဆိုးပြီပေါ့။

အိမ်ထဲ ဝင်ကာ ရှိသေးတယ်။ "**ဆရာလဲ အိမ်က နွားကြီးလို ချောင်းဆိုးနေတာကို**"တဲ့။

မနေ့က သူ့နွားကို မိုးရွာထဲမှာ ခိုင်းလိုက်မိလို့ အအေးပတ်ပြီး ချောင်းဆိုးတာ ထင်တယ်တဲ့။ **စားမြို့လဲ မပြန်ဘူးတဲ့၊ အစာလဲ မစားဘူးတဲ့၊ ဆီးဝမ်းတော့ သွားတယ်**။ ဒါပေမယ့် ဝမ်းက နည်းနည်းချုပ်တယ်၊ မာနေသတဲ့။

ဒါနဲ့ကျွန်တော် စမ်းသပ်ကြည့်လိုက်တော့ နွားက **အဆုတ်ရောင်ပြီး ဖျားနေပြီ၊ လေပြွန်လဲ ရောင်နေပြီ**၊ စမ်းသပ်နေတုန်းမှာပဲ ချောင်းတွေ အဆက်မပြတ်ဆိုးတာ တွေ့ရတယ်။ အသက်ရှူသံကလဲ ပြင်းတယ်၊ ချောင်းဆိုးပြီးတော့ နွားက မောနေပြီ။

'ဦးမောင်းရေ... ခင်ဗျားနွားတော့ မိုးမိလို့ အအေးပတ်ပြီ အဆုတ်ရောင်လို့ ဖျားနေပြီ'

လို့ ပြောပြောဆိုဆို **အာနိုက်ကြည့်တော့ ပါးစပ်က ပူနေပါပြီ**။

သေချာပြီပေါ့ဗျာ။ ကျွန်တော်ပြောသလို ဖြစ်တာပါပဲ၊ လူတွေ စနစ်တကျနေတာတောင် ဖြစ်သေးတာပဲ၊ အကျီမရှိတဲ့နွား ပိုဆိုးတာပေါ့။

တစ်ခုတော့ ရှိတယ်။ မိုးမိတဲ့ နွားတိုင်းတော့ မဖျားဘူး၊ ချောင်းမဆိုးဘူး။ ကိုယ်ခံစွမ်းအား ကောင်းတာ၊ မကောင်းတာ ကွာသေးတာကိုး။

လူတွေလဲ ဒီလိုပါပဲ။ လူ(၃)ယောက် မိုးမိရင်(၃)ယောက်လုံး မဖျားပါဘူး၊ ချောင်းမဆိုးပါဘူး၊ ကိုယ်ခံ

www.burmeseclassic.com

www.burmeseclassic.com



စွမ်းအား ညံ့တဲ့သူပဲ ဖြစ်တာပါ။

ဒါနဲ့ ကျွန်တော် ဖေက်သာ တစ်ကျပ်သားကို ရေ တစ်ပုလင်းနဲ့ ဖျော်တိုက်လိုက်တယ်။ နေ့လယ် တစ်ခွက်၊ ညတစ်ခွက် တိုက်ဖို့လဲ ဆေးပေးခဲ့ပါတယ်။

ဒီဆေးနဲ့ တစ်နာရီခြားပြီး **ချင်း(၅)ကျပ်သားကို ရေ(၃)ပုလင်းနဲ့ သုံးခွက် တစ်ခွက်တင် ကျိုပြီး တိုက်ဖို့လဲ** မှာခဲ့ပါတယ်။

နွားကို နွေးနွေးထွေးထွေး ထားရမယ်။ လေတိုက် မခံရဘူး။ ရေနွေး ပွက်ပွက်ဆူကို ဇလုံထဲ ထည့်ပြီး ပရုတ်ဆီ လက်တစ်ကော်လောက်နဲ့ ဖျော်ပြီး တက်လာတဲ့ အငွေ့ကို နွားကြီးကို ရှူခိုင်းခဲ့တယ်။ **နနွင်းမှိုင်း မလုပ်ပါနဲ့လို့ အထပ်ထပ် မှာခဲ့ရတယ်။**

ရွာထဲမှာက ဘာဖြစ်ဖြစ် အရင်ဆုံးလုပ်တာက နနွင်း မှိုင်းပဲ။ မီးကျီးခဲထဲကို နနွင်းမှုန့်ဖြူးပြီး နွားကို ပုဆိုးအုပ်ပြီး ရှူခိုင်းတာပါ။ ချောင်းဆိုးတဲ့နွား မီးခိုးမွှန်တော့ ပိုဆိုး တာပေါ့။

သူတို့ရွာက တိုဟူးလုပ်တယ်၊ နာမည်ကြီးပေါ့။ အင်းဇုင်းတိုဟူးဆိုရင် ရန်ကုန်မှာ လူသိများပါတယ်။

(၂)ရက်လောက်ကြာတော့ တိုဟူးလာပို့တဲ့ ဦးမောင်းနဲ့ ဈေးထဲမှာ တွေ့ပါတယ်။

'ဆရာရေ... နွားကြီး ချောင်းဆိုးပျောက်လို့ အစာတွေစားနေပြီတဲ့ ဆရာကော ချောင်းဆိုးသေးလား'

တဲ့။ "ကျွန်တော်လဲ ပျောက်သွားပါပြီ"

လို့ ပြောလိုက်တယ်။

ကျွန်တော်ကတော့ **ကွမ်းရွက်ထဲ လျက်ဆား ထည့်ပြီး ငုံထားလိုက်တယ်။** (၂)ရက်လောက်နေတော့ ကောင်းသွားတာပါပဲ။ မြန်မာ့တိုင်းရင်းဆေးရဲ့ အစွမ်း တွေပေါ့။

**ငွေသိန်း(တိ/မွေး/ကု)**

စာမျက်နှာ (၁၂၆)မှ အဆက်

အခါတွင်...

* * *

| | | |
|---|---|---|
| | ၆ | |
| ၁ | ၄ | ၀ |
| ၅ | ၂ | ၃ |

❑ **တနင်္ဂနွေဂြိုဟ်ခုံတွင် ရှပ်ယှက်ခတ်ပြီး နေတာကို တွေ့ရတယ်။(က)**

ဒါဆိုရင် အိမ်ထောင်ရေးသောက ကြုံမယ်၊ နာမည်ပျက်၊ ဂုဏ်သိက္ခာကျရာ အကြောင်းတွေ ကြုံနိုင်တာပေါ့။ အိမ်ထောင်ဆက် များသွားနိုင်တယ်။

❑ **အသက်လမ်းနဲ့ ကံလမ်း နီးကပ်နေတယ်။ (ခ)**

ဒါက သံယောဇဉ်ကြီးခြင်း၊ စွဲမိစွဲရာ နှုတ်တိုးတတ်ခြင်းတွေပါပဲ။

❑ **သောကြာဂြိုဟ်ခုံမှာ ရာဇမတ်ကွက်တွေနဲ့ ရှုပ်နေတယ်။ (ဂ)**

ဒါကတော့ အချစ်ရေးမှာ ရှုပ်ထွေးတတ်မယ်၊ ကြုံမယ်။

❑ **နှလုံးလမ်းကြောင်း ပုံသဏ္ဍာန်မမှန်ပါဘူး။ (ဃ)**

ဒီတော့ နှလုံးသားရေးရာ ကိစ္စတွေမှာ သောကတွေနဲ့ ကြုံမယ်ပေါ့။

❑ **နှလုံးလမ်းကြောင်းထိပ်မှာ မျဉ်းတစ်ကြောင်းက ဖြတ်ပိတ်ထားတယ်။ (င)**

ဒါက နှလုံးသားကိစ္စတွေမှာ တားဆီးမှုတွေ ပိတ်ပင်မှုတွေကြောင့် အချစ်ကိစ္စ ပျက်ယွင်းရ၊ နာမည်ပျက်ရ ဖြစ်တတ်တယ်။ အပျိုရည် ပျက်တတ်တယ်။

❑ **လက်သန်း လက်ဝါးပြင်ဘက်ကို ယိမ်းနေတယ်။ (စ)**

ဒါက ချုပ်ချယ်မှုကို မကြိုက်၊ လွတ်လပ်မှုကို နှစ်ခြိုက်တဲ့ စိတ်ပါပဲ။

ကဲ...ဒီတော့ မိန်းမပျိုများ မိမိရဲ့ လက္ခဏာကို ကြည့်ပြီး ဆင်ခြင်နိုင်ဖို့၊ သတိပြုနိုင်ဖို့ တင်ပြပေးလိုက်ရခြင်း ပါပဲ။

***ပရံ ရက္ခန္တော အတ္တာနံ ရက္ခတိ***

ဦးသော်ခင် (*ဟသ်ာတ*)

နက္ခတ္တရောင်ခြည်
မဂ္ဂဇင်း
နှင့်
ဆက်သွယ်
နိုင်သော
ဖုန်းနံပါတ်များ
၀၉-၇၇၆၃၄၉၇၈၅
၀၉-၄၄၃၂၅၇၂၂၆



www.burmeseclassic.com

www.burmeseclassic.com

သိသင့်စရာ လက္ခဏာ

ဦးသော်ခင် (တာသိဂုတ)

ယခု ဖော်ပြထားတဲ့ လက္ခဏာရှင်ဟာ အသက်အားဖြင့် (၁၇)နှစ်ခန့်သာ ရှိသေးသည့် ကျောင်းသူတစ်ဦးရဲ့ လက္ခဏာပဲ ဖြစ်ပါတယ်။

သူသည် **(၁၅)ရက်နေ့ဖွား ဖြစ်သဖြင့်** အိုးအိမ်ကို တွယ်တာခြင်း၊ အနုပညာ ဝါသနာထုံခြင်း၊ ကာမဂုဏ်အပျော်အပါး လိုက်စားတတ်ခြင်း၊ လွတ်လပ်မှုကို မြတ်နိုးခြင်း၊ လူမှုဝန်ထမ်း စိတ်ရှိခြင်း၊ အာဝဇ္ဇန်းကောင်းခြင်း စသည့် သဘောတရားများ ရှိနေတတ်ပါတယ်။

တစ်ဖန် **မွေးသက္ကရာဇ်အရ (၂) ကြွင်း မဟာဘုတ် ဖြစ်နေပါတယ်။** ပုတိ၌ ခင်ပွန်းဂြိုဟ် ၃ဂ်ါ ရှိနေ၍ သူမရဲ့ လက္ခဏာကို ကြည့်ဖြစ်သွားခဲ့ရခြင်းပါပဲ။

သူမရဲ့ လက္ခဏာကို ကြည့်မိသော






စာမျက်နှာ (၁၂၅) သို့

www.burmeseclassic.com

မိမိဝန်းကျင်ရှိ

# အနိုင်ဓာတ်များ



## မြွေဟောက်မှုတ်ခံရသော်

ကျွန်တော်သည် မိမိပတ်ဝန်းကျင် လက်တစ်ကမ်းတွင် ထူးဆန်း ကျောက်များကို ရှာဖွေ၍ တန်ဖိုးထား သိမ်းဆည်းထားတတ်ပါသည်။

ကျွန်တော့်ဝန်းကျင် တစ်နေရာတွင် **မကျီးစုရွာလေးတစ်ရွာ** ရှိပါသည်။ ထိုရွာလေး၏ဘေးတွင် ဒေသအခေါ် **ကျောက်စိမ်းပြာ(လမ်းခင်းကျောက်)** ကျောက်ကြောကြီး တစ်ခု ရှိပါသည်။ ယခင်က ကတ္တရာလမ်းခင်းကျောက်များကို ထိုရွာလေးသို့ သွားရောက် ဝယ်ယူရသည်ဟု သိရပါသည်။

ရွာမှ ထိုကျောက်ကြောစိမ်းပြာကြီးကို ဖောက်၍ ရေတွင်းတူးကြပါသည်။ ကျောက်ကြောကြီးသည် အလွန်မာကျောသဖြင့် သံတူးရွင်းဖြင့် ထိလျှင် တကျွင်ကျွင် အသံထွက်ပါသည်။ မီးအုံး၍ ကျောက်ကြောကို ခွဲရသည်ဟု သိရပါသည်။ အနက် ရှစ်တောင်ခန့် တူးမိလျှင် ငံမွှေ့စမ်းရေ ထွက်ပါသည်။

ထို ကျောက်စိမ်းပြာအကြောကြီးကို ဖောက်ထွင်း၍ ရေတွင်းတူးသောအခါ အတောင် သုံး,လေးတောင်မျှ တူးမိလျှင် **ကျောက်မီးသွေးအရောင်ကဲ့သို့ မည်းမည်းကျောက်အစလေးများသည် တွင်းကြီးစာနှင့်အတူ ပါ၍လာတတ်ပါသည်။**

ထို **ကျောက်အမည်းစလေးများကို အသေအချာကြည့်ပါက တချို့ကျောက်စလေးများတွင် ရွှေရောင်သားတစ်လေးများ၊ အချို့တွင် ငွေ ရောင်သားတစ်လေးများ ပွင့်နေ သည်ကို တွေ့ရှိရပါသည်။**

ထိုကျောက်လေးများသည် သီတဝေဖောလွန်ကျောက်များ ဖြစ်သဖြင့် တစ်နေ့ အသုံးတည့်လိမ့်မည်ဟုထင်၍ ကျွန်တော် ရေစိမ်၍ (မူလကိန်းရာ သဘာဝတူစေရန်) သိမ်းဆည်းထားပါသည်။

တစ်နေ့သော နွေကာလ ညဦးပိုင်းအချိန်တွင် ကျွန်တော်တို့ရပ်ကွက် အနောက်ဖျားတွင် နေထိုင်သော ကိုမောင်တုပ် တစ်ယောက် လက်ကောက်ဝတ်ခန့်ရှိသော မြွေဟောက်တစ်ကောင် ကြက်ခြံထဲမှ ကြက်သားအမိ တစ်အုပ်အား ဝင်ဆွဲစဉ် မှိန်းခွဖြင့် ထောက်လိုက်ရာ အမြီးရင်းထောက်မိ၍ မြွေဟောက် ပါးပျဉ်းထပြီး မှုတ်ခြင်းကို ခံရပါတော့သည်။

ကိုမောင်တုပ်ညီ ကိုကျော်တင့်သည် ကျွန်တော်မှ **ထို ရွှေရောင်, ငွေရောင် ကျောက်သားတစ် အပွင့်လေးများဖြင့် မြွေကိုက်နာ၊ ခွေးရူးကိုက်နာတို့ကို** စမ်းသပ်နေကြောင်း သိရှိပါသဖြင့် ကျွန်တော့်အား လာခေါ်ပါတော့သည်။

ကျွန်တော် သွားကြည့်သောအခါ ကိုမောင်တုပ်သည် ညဦးပိုင်း လျှပ်စစ်မီးများ ဖွင့်ထားသော်လည်း ဘာမှ မမြင်ရတော့ပါ။

**မြွေဟောက်၏ အာခံတွင်းမှ အပြာရောင် တလက်လက်တောက်နေသော အဆိုးများဖြင့် မှုတ်တာကို ခံရသည်ဟု ကျွန်တော့်အား ပြောပြပါသည်။**

ကျွန်တော်လည်း အသင့်ပါလာသော ရွှေရောင်သားတစ်ပါ ကျောက်ခဲ အမည်းတုံးလေးအား ကျောက်ပျဉ်တွင် ရေနွေးကြမ်းပန်းကန်(ဘဲဥပန်းကန်) တစ်ဝက်သာသာခန့်ရအောင် သွေး၍ ကိုမောင်တုပ်အား တိုက်လိုက်ပါသည်။ ဆေးရောင်သည် မည်းနေပါသည်။

ထိုဆေးကိုသောက်ပြီး မကြာမတင်အချိန်တွင် ကိုမောင်တုပ် အိပ်ပျော်သွားပါသည်။

ကျွန်တော်လည်း ကိုမောင်တုပ်အား စိတ်မချ၍ မိုးလင်းလျှင် လင်းချင်း သွားကြည့်ရာ ညက ဆီးများ သုံး,လေးကြိမ်ခန့် သွားရကြောင်း၊ တဖြည်းဖြည်း မျက်စိ အမြင်ကြည်လင်လာကြောင်း ပြောပြပါသည်။

ကိုမောင်တုပ်၏ မျက်စိအား အသေအချာကြည့်ရာ မျက်သားများ ဖွေးနေသည်ကို တွေ့ရပါသည်။

**[မှတ်ချက် ။ ။ မြွေဟောက်အမှုတ်ခံရသောသူအား အမည်နာမလွှဲ၍ ရေးသားတင်ပြပါသည်။ ယခုတိုင် အသက်(၇၀)ကျော်ပြီး အသက်ထင်ရှား ရှိပါသည်။]**

**အောင်လှသန်း(မင်းဘူး)**

နှလုံးလှရောင်ခြည်မဂ္ဂဇင်း-၁၂၅

www.burmeseclassic.com

www.burmeseclassic.com

စာမျက်နှာ ( ၁၂၁ )မှ အဆက်

**လက္ခဏာပဗောဓိ အဓြေများ**

**၁။ ဝန်ထမ်းလုပ်သူသာ ဖြစ်သည်။**

အဘယ်ကြောင့်ဆိုသော် ဦးခေါင်းလမ်းကြောင်း အဖျားနှင့် အသက်လမ်းကြောင်းအဖျား (၁)စင်တီ ကျော်ပူးပြီး ဦးခေါင်းလမ်းကြောင်းက တနင်္လာဂြိုဟ် ကွက်ဘက်သို့ ကွေးဆင်းသဖြင့်၊ မစွန့်စားရဲသူဖြစ်သည်။

ကိုယ်ပိုင်လုပ်ငန်းကို လုပ်ကိုင်ရန် စဉ်းစားမည် မဟုတ်ပေ။ **"ဃ"အက္ခရာနှင့်** ညွှန်ပြထားသည်။

* * *




**၂။ဝန်ထမ်းအရာရှိအဆင့်ဖြစ်သည်။**

အဘယ်ကြောင့်ဆိုသော် လက်ဖဝါးရှည် လက်ချောင်းတို တေဇောလက်ဖဝါး အမျိုးအစား ဖြစ်သည့်ပြင် လက်ညှိုးလက်ချောင်းထိပ်မှာ ခရုပတ်ဗွေရှိခြင်း။ **"က" အက္ခရာ။** ဆော်လမွန်ကွင်းရှိခြင်း။ **"ခ"အက္ခရာနှင့်** ရည်မှန်းချက်လမ်း ကောင်းမွန်ခြင်း။ **"ဂ"အက္ခရာ** တို့ကြောင့် ဖြစ်သည်။

* * *

**၃။ ငွေကြေးဥစ္စာ ချမ်းသာ ပြည့်စုံမည်။**

အဘယ်ကြောင့်ဆိုသော် လက်မ ဒုတိယဆစ်တွင် စပါးစေ့ပုံပါခြင်း။ **"င"အက္ခရာ** အသက်လမ်း ကြောင်းမှာ ရတနာဘဏ်တိုက် လမ်းရှိခြင်း။ **"စ"အက္ခရာနှင့်** အသက်လမ်းကြောင်းအောက်ခြေမှာ **ငါးကြင်းမြီး မင်္ဂလာအခြံအရံရှိခြင်း။ "ဆ"အက္ခရာ**တို့ကြောင့် ဖြစ်သည်။

* * *







**(လက္ခဏာပညာသုတ တိုးပွားကြပါစေ။)**

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

**ဆရာကြီး ဦးအောင်မြိုင်**
*(ဥပဒေဘွဲ့)*
**လက္ခဏာဗေဒင်ပညာသုတေသီ**



www.burmeseclassic.com

www.burmeseclassic.com

သုနာပြုဘုရားရှင် အလိုကျ ဆေးပဋ္ဌာန်းပွဲကြီးနှင့် ကုသိုလ်တော်များ စုဝေးရာ

# ဆံတော်ရှင် ကျိုက်သုတ် စေတီတော်မြတ်ကြီး (၁)

ခင်ခင်ဝင်း
(မော်ရဝတီ)



▲ ဆံတော်ရှင် ကျိုက်သုတ်စေတီတော်မြတ်ကြီး

## သုနာပြုဘုရား

- ကိုယ်ရိပ်သဏ္ဌာန်၊ ညီအာနန်နှင့် မြတ်မွန်ထွတ်ထား၊ တို့ဘုရားသည် တစ်ပါးသော်ခါ၊ ဒေသစာဖြင့် တိုက်တာလှည့်၍ ကြည့်သတည်း။
- ကျီးသံသဲသဲ၊ ယင်မည်းမည်းနှင့် ပြာမွဲညစ်ရောင်၊ ကျောင်းတစ်ဆောင်ကို ဘုန်းခေါင်ဘုရား၊ ဝင်၍သွားသော် သနားစဖွယ်၊ ကျောင်းအလယ်၌ ကျင်ငယ်ကျင်ကြီး၊ တင်းကျမ်းစီးလျက် ကိုယ်ထီးလျောင်းရှာ၊ ထေရ်သုနာကို မြတ်စွာတွေ့ရပါသတည်း။
- အမိသည်သား၊ ပြုသောလားသို့ ဘုရားမြတ်မွန်၊ ညီအာနန်ကို ချိုးရန်ရေကောင်း၊ ဆောင်ပါတောင်းလျက် သွန်းလောင်းသုတ်သင်၊ ပြီးစီးလျှင်မူ ခေါင်းတွင်ဘုရား၊ လက်တော်ထား၍ သီတွားခြေက၊ ပြိုင်တူမလျက် မြတ်လှုံ့နေရာ၊ ညောင်စောင်းသာတွင် ကောင်းစွာအိပ်စေ၊ တင်သတည်း။
- ထို့နောက်ရှင်တော်၊ စည်းဝေးခေါ်၍ မြွက်ဖော်စကား၊ မိန့်တော်ကြား၏။ ပိခြားဖဝေ၊ တစ်ရပ်ကျေးတွင် ချိုအေးကြည်သာ၊ တရားရှာသည် များစွာအပေါင်း၊ ရဟန်းကောင်းတို့ သံ့ပျောင်းကြည်ဖြူ၊ နာသောသူကို ငါတူကြင်နာ၊ ပြုစုပါက မြတ်ရာရောက်လိမ့်ကေန်တည်း။

*မဟာဝါပါဠိတော်*

မင်းသုဝဏ်(၁၉၆၂)



www.burmeseclassic.com

www.burmeseclassic.com





▲ ရသေ့ညီနောင်တို့သည် မိမိတို့ထံမှ ဆံတော်များကို မွတ်မလုမ်မင်းကြီးအား စေတီတည်ရန် ပေးအပ်နေပုံ

◀ မြတ်စွာဘုရားရှင်အား ပူဇော်၍ အဝိတနှင့် အဝိနရသေ့ ညီနောင်တို့သည် ဘုရားရှင်၏ ဆံတော်များ တစ်ဆူစီပေးသနားခြင်း ခံယူနေပုံ

မော်လမြိုင်မြို့၏ မြို့လယ်ကောင်တွင် ကိန်းဝပ်စံပယ်တော်မူသော ဆံတော်ရှင် ကျိုက်သုတ်စေတီတော်မြတ် ဆေးပဋ္ဌာန်း ပူဇော်ပွဲသို့ နှစ်စဉ်မပျက်ပင် ကျွန်မ သွားရောက်ဆေးလှူမြဲ ဖြစ်ပါသည်။

ရှေးအစဉ်အဆက် သူတော်ကောင်းကြီးများ၊ ဆရာတော်ကြီးများက အမြော်အမြင်ကြီးစွာ လမ်းညွှန်မှုဖြင့် ကျင်းပခဲ့သည်မှာ **ယခုနှစ်သည် (၁၃၂)ကြိမ်မြောက်သို့** တိုင်ခဲ့ပေပြီ။

ဆံတော်ရှင် ကျိုက်သုတ်စေတီမြတ်ကြီး၏ တောင်ဘက်မုခ်ဝမှ ဝင်လိုက်သည်နှင့် ဆေးပဋ္ဌာန်းပူဇော်ပွဲ စာတန်းနှင့်အတူ မုခ်ဝတွင် ဆေးထိုးကွင်းမင်ကြောင် ခါးထိထိုးထားသောကျားကျားလျားလျားနှင့်...

မြန်မာ့ရိုးရာ အင်းကွက်များ ရင်ဘတ်,လက်မောင်းမှာ ထိုးလျက် သျှောင်တစောင်း ဆံပင်ထုံး၊ နှုတ်ခမ်းမွေးတို့နှင့် ခြသေ့်ကို ပခုံးထမ်းပုံ မုခ်ဝအဝင်မှာ ထူးထူးခြားခြား တွေ့ရသည်။ ပုံစံ **ထူးခြားသော မုခ်ဝရုပ်တု ဖြစ်ပါသည်။**

ကုန်းတော်ပေါ်သို့ လှေကားလေး အနည်းငယ် တက်လိုက်သော် ဂေါပကရုံးရှေ့တွင် ဂိလာန ရဟန်းကို ဘုရားရှင်နှင့် ညီတော်အာနန္ဒာတို့ ပြုစုသန့်ရှင်းပေးနေတော်မူဟန် ပန်းချီကားချပ် ချိတ်ဆွဲထားသည်။

သည်နှစ် ဆေးပဋ္ဌာန်းပူဇော်ပွဲ အလှူရှင်စာရင်း စာအုပ်ကြီး၏ မျက်နှာဖုံးက ဤပန်းချီကား ဖြစ်ပါသည်။ ထိုစာအုပ်ကို အလှူရှင်များအား ဝေငှပါသည်။

ထို့ကြောင့် ဆရာကြီး မင်းသုဝဏ်၏ ၁၉၆၂ခုနှစ်တွင် ရေးသားပူဇော်ခဲ့သော **သူနာပြုဘုရား ကဗျာလေးနှင့် ထိုပန်းချီကားကို** တွဲဖက်၍ ကျွန်မ ဂုဏ်ပြု ဖော်ပြရေးသားနိဒါန်းပြုလိုက်ရပါသည်။

ထိုပန်းချီမှာ ၁၃၇၄ ခုနှစ်၊ နတ်တော်လထုတ် မြတ်ရွှေတိဂုံ ဓမ္မစာစောင်အတွဲ(၁) အမှတ်(၁၀) စာအုပ်ကို ဝယ်ဖတ်စဉ် စာမျက်နှာ(၁၆)၌ဆရာကြီး မင်းသုဝဏ်၏ **"သူနာပြုဘုရား"** ကဗျာတွင် ဖော်ပြထားသော ပန်းချီနှင့် တစ်ထပ်တည်း တူနေပါသည်။

ဆရာကြီး၏ ကဗျာကိုပါ ကျွန်မက နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာချစ်သူများ ဒါနသုတများ ပွားများပါစေခြင်းငှာ ကူးယူဖော်ပြပေးလိုက်ရပါသည်။ **ဆေးပဋ္ဌာန်းပူဇော်ပွဲက မော်လမြိုင်တစ်မြို့သာ ရှိ၏။**

ယခင်နှစ်များက သူနာပြုဘုရားပန်းချီပုံကိုလည်း ဖော်ပြပေးလိုက်ပါသည်။

သမိုင်းဝင် ကျိုက်သုတ်ဆံတော်ရှင်
စေတီတော်သမိုင်း

မဟာသက္ကရာဇ် [illegible]၁၁ ခုနှစ်



www.burmeseclassic.com

www.burmeseclassic.com





◆ သုဓမ္မာကြီး ဦးသုတ်က
စေတီတည်ပြီးမှိန်
ရထားညီနောင်၊ မင်းမိဖုရား၊
တိုင်းသူပြည်သားများသည်
ကျိုက်သုတ်စေတီတော်အား
ဝမ်းသာကြည်နူးစွာ ပူဇော်နေကြပုံ

ထောင်ဘက်ဝတ်တန်ဆောင်းက
ဘုရားကြီး ◆

ဂိမ္မမန္တ္တဥတု တန်ခူးလအခါ မြတ်စွာဘုရား ရှင်ဗုဒ္ဓဂေါတမသည် ဂဝမ္ပတိရဟန္တာမထေရ်မြတ်၏ ပင့်ဖိတ်ချက်အရ ရာမညမွန်တို့ဒေသ သုဝဏ္ဏဘူမိသို့ တပည့်ရဟန္တာများခြံရံကာ ဒေသစာရီ ကြွချီတော်မူခဲ့လေသည်။

သုဝဏ္ဏဘူမိ သထုံပြည်သည် နောင်တော်ဘုရားများ ဖြစ်သော ကကုသန်၊ ကောဏာဂုံ၊ ကဿပစသည့် ရှေးဘုရားသုံးဆူတို့၏ မွေသရီဓာတ်တော်များနှင့် သာသနာတော်ကိုလည်း ထားခဲ့တော်မူသဖြင့် ဂေါတမ ရှင်တော်မြတ်ဘုရား၏ မွေသရီဓာတ်တော်များနှင့် သာသနာတော်ကိုလည်း ထားခဲ့ပေးရန် ဖြစ်ပါသည်။

သူရိယစန္ဒာမင်းသည် မြတ်စွာဘုရားရှင် သုဝဏ္ဏဘူမိသို့ ရောက်တော်မူသောအခါ ဇေတဝန်ကျောင်းတော်ကြီးကို ဆောက်လုပ် လှူဒါန်းတော်မူသည်။

မြတ်စွာဘုရားရှင်သည် နေ့ညမပြတ် တရားရေအေးကို တိုက်ကျွေးတော်မူပါသည်။ များစွာသော ရသေ့သူတော်စင် လူပရိသတ်အပေါင်းတို့ ပူဇော်ကြသည်။

လောကီစျာန်ဘိညာဉ် ရသော ရသေ့များက ထာဝရ ကိုးကွယ်ရန် ဘုရားရှင်ကိုယ်စား ပူဇနီယဝတ္ထုပစ္စည်းများ တောင်းခံကြသော် ဤ သုဝဏ္ဏဘူမိရာမညတိုင်းတွင် သာသနာတော် အရှည်တည်တံ့ထွန်းတောက်တော်မူသည်ကို မြင်တော်မူ၍ ဦးစွာ ရသေ့ကြီး(၆)ဦးတို့အား ဆံတော်ဓာတ်မြတ် တစ်ဆူစီ ချီးမြှင့် ပေးသနားတော်မူခဲ့လေသည်။

ဒုတိယ .. ရောက်လာကြသော **ရသေ့(၆)ပါးတို့အားလည်း တရား**



www.burmeseclassic.com

www.burmeseclassic.com



▲ တောင်ဘက်မုခ် ဝတ်တန်ဆောင်းမှ ဘုရားများ



▲ အနောက်ဘက်မုခ်မှ
လျောင်းတော်ဘုရားစေတီကြီး
အနီးကပ်မှမြင်ရပုံ



◀ မွန်တိုင်းရင်းသူ ပန်းသီအပွဲ့မှ
ပူဇော်ထားသော ပန်းစေတီများ

▼ နောက်ဘက်မုခ်မှ လှုံ့ပွဲတော်နှစ်ဦး၊ နဂါးနှစ်ကောင်
ထူးဆန်းသော ကြေးပေါင်းလောင်းကြီး



▼ တောင်ဘက်မုခ် မွန်တိုင်းရင်းသူ
သက်ကြီးပန်းသီအပွဲ့ ပန်းသီနေကြပုံနှင့်
ဘုရားသို့ ပန်းစေတီ
ပူဇော်ထားပုံများ(၈)ပုံ





www.burmeseclassic.com

www.burmeseclassic.com





▲ အနောက်ဘက်မှန်မှ ကိုးနဝင်းဆုတောင်းပြည့် မျက်ရှင်တော်ဘုရား

◀ တောင်ဘက်မှန်ဝကို လမ်းပေါ်ကမြင်ရပုံ ဆေးပဌာန်းပူဇော်ပွဲနေ့

▼ ကိုးနဝင်းဆုတောင်းပြည့် မျက်ရှင်တော် ကိန်းဝပ်ရာတန်ဆောင်း



ခမ္မများ ဟောကြား၍ **ဆံတော်တစ်ဆူစီ** ပေးသနားတော်မူပါသည်။

ထို့နောက် **နတ်ဘီလူးကြီးများ**ကိုလည်း **ဆံတော်တစ်ဆူစီ** ပေးသနားတော်မူလေသည်။

သူရိယစန္ဒာမင်းကြီး၏ တောင်းပန်မှုကြောင့် မြတ်စွာဘုရားရှင်သည် **သထုံရွှေစာရံစေတီ**တွင် တည်ထားကိုးကွယ်ရန် **သွားတော်ဓာတ်လေးဆူ**ကို လက်တော်ဖြင့် သုံးသပ်သော် အလိုအလျောက် ကျွတ်ကျလာစေသော သွားတော်ဓာတ်မြတ်ကို ရွှေပန်းတောင်းနှင့် ခံယူစေကာ ပေးသနားတော်မူခဲ့ပါသည်။

ထို့နောက် မြတ်စွာဘုရား၏ အာခံတွင်းမှ သွားတော်လေးဆယ်တို့သည် ပြကတေ့အတိုင်း ပြန်တည်တော်မူလေသတည်း။

## မုတ္တမမြို့သို့ ဘုရားရှင် ဒေသစာရီ ကြွတော်မူလာခြင်း

ထိုမှ မြတ်စွာဘုရားရှင် မုတ္တမမြို့သို့ ကြွရောက်၍ ဝေနေယျတို့အား တရားရေအေး တိုက်ကျွေးတော်မူသောအခါ မုတ္တမမြို့နှင့် အနီးအနားရှိ ရသေ့ကြီးများနှင့် လူပရိသတ်အပေါင်း များစွာတို့ လာရောက်ပူဇော်ကြသည်။

ထိုသို့ မြတ်စွာဘုရားရှင် မုတ္တမမြို့သို့ ကြွရောက်လာစဉ် မုတ္တမမြို့၏ တစ်ဖက်ကမ်းမှာရှိသော မော်လမြိုင်ရှေးအခေါ် ဒုင်မွတ်မဲလုမ်မြို့မှ **အဇိန**နှင့်**အဇိတ သူတော်စင် ရသေ့ ညီနောင်**တို့သည်လည်း မြတ်စွာဘုရားရှင်အား သွားရောက် ပူဇော်ကြပါသည်။

သူတော်စင် ရသေ့ညီနောင်တို့သည် မြတ်စွာဘုရား၏ တရားဓမ္မတို့ကို နာယူပြီး ဘုရားရှင်ကိုယ်စားကိုးကွယ်ရန် ဗုဒ္ဓ၏ ပုဗ္ဗနိယ ဝတ္ထုပစ္စည်းကို လျှောက်ထားတောင်းခံကြကုန်သည်။

မြတ်စွာဘုရားရှင်သည် ရာမည တိုင်းဒေသတွင် သာသနာတော်



www.burmeseclassic.com

www.burmeseclassic.com



▲ မျက်ရှင်တော်ဘုရားအား အနီးကပ်ယူရပုံ

▼ အနောက်ဘက်မုခ်မှ ငါးကြီးအသွင်ရှိ ဝ–ကွင်းပုံ ထုံကျူးသက္ကာန် ပုရိုလ်စုံ ဘုတောင်းလာတ်ဝင် နေရာထူး အနီးကပ်မြင်ကွင်း



အရှည်တာညီ့ ထွန်းကားပွင့်လန်းမည်ကို မြင်တော်မူ၍ ဆံတော်ရှင် တစ်ဆူစီ ပေးသနားတော်မူခဲ့လေသည်။

ထိုအချိန်တွင် **ဒုင်မွတ်မဲလုံမြို့ (မော်လမြိုင်မြို့)**ကို အုပ်စိုးတော်မူသော မွတ်မလုမ် မင်းကြီးအား ရသေ့ညီနောင်တို့သည် မြတ်စွာဘုရားရှင် ပေးသနား၍ မိမိတို့ ရရှိလာသော ဆံတော်ရှင်မြတ်တို့ကို ပေးအပ်တော်မူလေသည်။

မွတ်မလုမ်မင်းကြီးသည် **သူဌေးကြီး ဦးသောက်ဝဏ္ဏ(ခေါ်)ဦးသုတ်အား** ဆံတော်ရှင်ဓာတ်များအား ဌာပနာ၍ စေတီ တည်ထားကိုးကွယ်ရန် ပေးအပ်တော်မူလေသည်။

သူဌေးကြီး ဦးသောက်ဝဏ္ဏ(ခေါ်) ဦးသုတ်သည် မြတ်စွာဘုရားရှင်၏ ဆံတော်ရှင်များကို ဌာပနာ၍ စေတီတော် တည်ထားတော်မူလေသည်။

စေတီ တည်ထားပြီးစီးသွားသောအခါ ရသေ့သူတော်စင် ညီနောင်နှစ်ပါးနှင့် မွတ်မလုမ်မင်း မိဖုရား အမတ်ဝန်များ၊ တိုင်းသူပြည်သားများ ပျော်ရွှင်ကြည်နူး ဝမ်းသာနေကြပုံများကို ပန်းချီဖြင့် သရုပ်ဖော်ပြသထားပုံများကို မှတ်တမ်းဓာတ်ပုံများ ရိုက်ကူး၍ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာချစ်သူများအား တင်ပြလိုက်ရပါသည်။

**ကျိုက်** = ဘုရား

**စွပ်** = ဆံတော်

"**ကျိုပ်စွပ်စေတီ**"ဟု မွန်ဘာသာဖြင့် မှည့်ခေါ်ရာမှ "**ကျိုက်သုတ်စေတီ**" ဖြစ်ပေါ်လာသည်ဟု ဖော်ပြထားပါသည်။ **သူဌေးကြီး**



www.burmeseclassic.com

www.burmeseclassic.com

**ဦးသုတ်** အမည်လည်း ပါဝင်နေသည်ဟု သတိပြုမိပါသည်။

မွန်ဘုရင် မနောဖိန လက်ထက်တော်တွင် ငွေကျပ်သိန်းပေါင်းလေးဆယ်ကျော် အကုန်အကျခံ၍ စေတီတော်၏ ဉာဏ်တော်ကို အတောင်ရှစ်ဆယ် အမြင့်အထိ မြှင့်လည် ပြုပြင်မွမ်းမံခဲ့သည်။

ကျိုက်သုတ်ဆံတော်ရှင် စေတီတော်သည် မြတ်စွာဘုရားရှင်၏ ဆံတော်ဓာတ်အစစ်များ ဌာပနာထားသဖြင့် တန်ခိုးကြီးသည်။ ဆုတောင်းပြည့်သည်။

**မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မရမ်းကုန်းရပ်၊ ဇဟိုလမ်းမကြီးနှင့် ကျိုက်သုတ်ဘုရားလမ်းထောင့်တွင် တည်ရှိသည်။**

စေတီတော်ကြီးကို ဝန်းရံထားသော ဝတ်တန်ဆောင်း အသီးသီးတို့တွင်လည်း ဘုရားရှင်များအား ကြည်ညိုစွာ ဖူးတွေ့ရမှာ ဖြစ်ပါသည်။

**ဒေါ်စာဥဝတ် (ခေါ်) အရှေ့ဘက်ဝတ်၊ ဦးရွှေဘင်ဝတ် (ခေါ်) အဂ်ါဝတ် တောင်ဘက်ဝတ်တွင်** ပန်းသီအဖွဲ့နှင့် ဂေါပကရုံးခန်း၊ ဆေးပဒ္ဒါန်းပွဲနှင့် အလှူအခမ်းအနားများ ကျင်းပရာ ဓမ္မာရုံကြီး၊ သောကြာတန်ဆောင်းမှ လျောင်းတော်မူဘုရားကြီး၊

**တနင်္ဂနွေထောင့်ရှေ့တွင်** ပန်းပေါင်း စူဠာမုနိဆုတောင်းပြည့်ဘုရား၊ နဂါးရုံဘုရား၊ ကိုးနဝင်းဘုရားဝတ်၊ ဘုရားငါးဆူဝတ်၊ ခြေတော်ရာ၊

သီဟိုဠ်ကျွန်း(သီရိလင်္ကာ)မှ ပင့်လာသော ဗောဓိညောင်ပင်နှင့် ဘုရားတန်ဆောင်းများ၏ ပုံတော်



အနောက်ဘက်မုခ်ဝမှ ငါးကြီးအမြီးမျှ ဝ-ကွင်းပုံ ထုံကူးသဏ္ဍာန် ပုဂ္ဂိုလ်ရုံ ဆုတောင်းလာဘ်ဝင် အထေးမြင်ကွင်း

များကို ဓာတ်ပုံဖြင့် ဖော်ပြလိုက်ပါသည်။ ကျိုက်သုတ်စေတီတော်၏ အနောက်ဘက်မုခ်ဝ လက်ဝဲလက်ယာရှိ **တံခွန်တိုင်သည် ထိပ်တွင် စေတီပေါက်ထားသည်။**

အလယ်တွင် နဂါးများ ရစ်ပတ်လေးထောင့်ကွက် ရက်ထားသည်။ အောက်တွင် **ပုဂ္ဂိုလ်ဖော်ကျီ နတ်ဘီလူး အထူးထူးသော ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တို့၏** ပုံတော်များ ရုပ်ကြွထုထားသည်။

**အောက်ဆုံးတွင် ငါးကြီးအမြီးကို မျှိုချထုံကူးနေပုံ၊ ဝ,လုံးကွင်းကြီးဖြင့် အခြေတည်ထားပါသည်။** ထိုနေရာတွင် အလင်းတိုင်,အမွှေးတိုင်များ ထွန်း၍ ဆုတောင်းပူဇော်ထားသည်။ ပုံစံတူ ထိုတိုင်ကြီးနှစ်လုံးက လက်ဝဲ,လက်ယာ ထောင့်တွင် တစ်တိုင်စီ ထုလုပ်ပူဇော်ထားသည်။

လာဘ်ရွှင်စေခြင်း၊ ပုဂ္ဂိုလ်အစုံတို့၏ မေတ္တာဓာတ် ခံယူ၍ လိုသောဆုကို ပြည့်စေသည်ဟု ထင်ပေါ်ကျော်ကြားပါသည်။

ထိုတံခွန်တိုင်အနီးတွင် ကြည်ညို



www.burmeseclassic.com

www.burmeseclassic.com





▲ ဆေးဆဋ္ဌာန်းပူဇော်ပွဲ အလှူရှင်များစာအုပ်ကြီး မျက်နှာဖုံးပန်းချီ သုနာပြု
ဘုရား ယခုနှစ် ဆရာကြီးမင်းသုဝဏ်ကဗျာမှ ပုံတော်

တောင်ဘက်မုခ် ဂေါပကရုံးခန်းရှေ့ သုနာပြုဘုရား ပန်းချီပုံဟောင်း ▶

စရာ နဂါးရုံဘုရားကြီး တည်ထားပါသည်။ တိုင်ထိပ်တွင် ဟင်္သာရုပ်ဖြင့် တံခွန်တိုင်တစ်ခုလည်း ရှိပါသည်။ တစ်ဖက် တံခွန်တိုင်အနီးမှာကား **ဗြိုဟ်ရှစ်ခွင် ဘုရားစေတီများ** တည်ထားပါသည်။ မိမိ အလိုရှိရာ ဘက်သို့ သွားရောက် ပူဇော် ဆုတောင်းနိုင်ပါသည်။

အနောက်ဘက်ရင်ပြင်ရှိ ခေါင်းလောင်းကြီးထိပ် ရုပ်တုမှာ လူပုံတော်နှစ်ဦးနှင့် နဂါးနှစ်ကောင် ကြေးသွန်းထားပုံ မြင်ကွင်းဆန်းဖြစ်သည်။

အနောက်တောင်ဘက် ရင်ပြင်တွင် **ကျိုက်သုတ်ဘိုးဘိုးကြီးနန်း၊ ခြေတော်ရာစေတီ တန်ဆောင်း၊ ဗောဓိညောင်ပင်နှင့် ဘုရားတန်ဆောင်းများ၊ ရှင်သီဝလိ၊ ရှင်ဥပဂုတ္တ မထေရ်မြတ်တို့တွင်** လိုရာ ဆုတောင်းပြည့်ပါသည်။

**တောင်ဘက်မုခ်မှ ပန်းသီအဖွဲ့**သည် တောင်ဘက်ဝတ်တန်ဆောင်းတွင် ဥပုသ်နေ့တိုင်း ပန်းသီ၍ တင်လှူကြပါသည်။

**အသက်(၉၀)အရွယ်ရှိ ဒေါ်ခင်စီက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ပန်းသီအဖွဲ့သည် ဘဝငြိမ်းချမ်းနေသော မွန်တိုင်းရင်းသူ အမျိုးသမီးကြီးများနှင့် ဖွဲ့စည်းထားသည်မှာ မိတဘိုးဘွားများ လက်ထက် ကတည်းက လက်ဆင့်ကမ်းအဖွဲ့ ဖြစ်ပါသည်။**

ရှေးအစဉ်အလာမပျက် ရှစ်ရက်လပြည့် လကွယ်နေ့တိုင်း မည်မျှ ဝေးပါစေ နံနက်(၇)နာရီအရောက် လာကြ၍ မိမိတို့အိမ်မှ ခူးလာသော ပန်းများ၊ အရွက်များ၊ အမျိုးသားများ ကလည်း ကိုယ်တိုင်ခူးလာခြင်း၊ အိမ်သူများ ခူးပေးလိုက်ခြင်းကို လာပို့ပေးကြပါသည်။

စံပယ်၊ ခေါင်ရန်း၊ ပုဏ္ဏရိတ်နီဝါ ရောင်စုံ၊ နှင်းဆီ၊ ဇလတ်၊ သရက်ထည်ပန်းငယ်များ၊ ရွက်လှအရွက် စသည်တို့ကို ပန်းစိုက်အပေါက် ကလေးများထဲသို့ စိတ်ရှည်စွာ အကွက်ဖော် ပန်းသီစိုက်ကြပါသည်။

အနုပညာဆန်သော စိတ်တည်ငြိမ်မှု သမာဓိ ထူထောင်၍ စိတ်ကို ကုသိုလ်ဒါန ဘုရားပူဇော်ရန် ငြိမ်၍ နှစ်ထားကာ ကုသိုလ်တွေ ပြုနေကြ သည်ကိုလည်း မှတ်တမ်းပြု တင်ပြ လိုက်ပါသည်။

မော်လမြိုင် ကျိုက်သုတ်စေတီ တော်ကြီးတွင် ဥပုသ်နေ့တိုင်း တောင်ဘက်မုခ်၌ ပန်းစေတီ ပန်းသီ ပွဲရှိပါသဖြင့် ကိုယ်တိုင်ပါဝင် ပန်းသီ ပန်းစေတီ တည်နိုင်သလို ပန်းများ သွားပို့၍လည်း ကုသိုလ်ယူနိုင်ပါ သည်။

လက်ဖက်ရည်,မုန့်တို့ဖြင့် ဧည့်ခံ ပါသည်။ ရှေးက ဆုတောင်းပြည့် သော ပန်းစေတီသီချင်းလေးကို အသက်ကြီးသူများ သတိရစေ ကုသိုလ်ရစေရန် ရည်သန်လိုက်ရပါ သည်ရှင်။

ရွှေလ ဆက်ဖတ်ပါရန်

**ခင်ခင်ဝင်း(မောရဝတီ)**



www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ကျန်းမာပါစေ တိုင်းရင်းဆေးကုခန်းမှ

# ဆရာမကြီး ဒေါ်လှသိန်း (တဆ-၀၂၆၁၄)

ပြောပြသော သက်ရှည်ကျန်းမာ နည်းစုံစွာ

မြောင်းမြ မောင်ဟိန်းဝင်း



▲ ဆရာမကြီးဒေါ်လှသိန်း(တဆ-၀၂၆၁၄)

ခရစ်နှစ် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း သုတေသန ပညာရှင်များက လူ့သက်တမ်းကို (၇၅)နှစ် သတ်မှတ်ကြပါတယ်။ ကျန်းမာရေး အသိ၊ ကျန်းမာရေးသတိ ရှိသူများဟာ အသက် (၈၀)၊ (၉၀)၊ (၁၀၀) အထိပင် နေထိုင်နိုင်သွားကြသူတွေလဲ ရှိပါတယ်။

တောင်ဥက္ကလာပ မြို့နယ်ကို ရောက်တဲ့အခါ **ကျန်းမာပြီး အသက်ရှည်တဲ့ ဆရာမကြီး ဒေါ်လှသိန်း**နဲ့ သက်ရှည်ကျန်းမာနည်းများကို တွေ့ဆုံဆွေးနွေး မေးမြန်းခဲ့ပါတယ်။ ဆရာမကြီး ဒေါ်လှသိန်းနဲ့ တွေ့ဆုံ ဆွေးနွေး မေးမြန်းခဲ့သမျှ ပြန်လည်တင်ပြ လိုက်ပါတယ်။

▲ **'ဆရာမကြီးခင်ဗျာ... သက်ရှည်ကျန်းမာခြင်းရဲ့ အဓိကအချက်များကို သိပါရစေ'**

○ 'သက်ရှည်ကျန်းမာခြင်းရဲ့ အဓိကအချက်ကတော့ တိုင်းရင်းဆေးပညာဒေသနာ နည်းအရ ပြောရင် **ကံ,စိတ်,ဥတု,အာဟာရ** ဆိုတဲ့ **သမုဋ္ဌာန်တရားလေးပါး** ညီညွတ်မျှတ နေထိုင်စားသောက်သူများဟာ အသက်ရှည်ခြင်း၊ ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါတယ်'

▲ **'ဆရာမကြီးအနေနဲ့ ခုလို အသက်(၇၆)နှစ်အထိ သက်ရှည်ကျန်းမာစွာ နေထိုင်စားသောက်ပုံများကို ပြောပြပေးပါဦး'**

○ 'ဆရာမကြီး ခုလို ကျန်းမာပြီး အသက်ရှည်တာက ရှေးက ဆေးဆရာကြီးများ ပြောဆိုခဲ့တဲ့ ဆောင်ပုဒ်အတိုင်း လိုက်နာကျင့်ကြံ စားသောက်လို့ ဖြစ်ပါတယ်။ အဲဒီဆောင်ပုဒ်က...

"ကြောင်လိုစား၊ နွားလိုသောက်၊ မျောက်လိုနေ"

ဆိုတဲ့ ဆောင်ပုဒ်ပါ။ ဆောင်ပုဒ်ရဲ့ **အဓိပ္ပာယ်ကတော့** ကြောင်လို သင့်တင့်ရုံစားပြီး၊ တစ်နေ့တာအတွက် ရေကို လုံလောက်အောင် နွားတစ်ကောင် သောက်သလို များများသောက်ပြီး၊ မျောက်လို လှုပ်လှုပ်ရှားရှား နေပါဆိုတဲ့ သဘောပါ။



www.burmeseclassic.com

www.burmeseclassic.com

**အသက်ရှည်ချင်ရင်**
**ဆင်စီး**
**ဖုံတီး**
**ပန်းတစ်ရာ**
**ပန်ပါ**
**ဆိုတဲ့**
**ဆောင်ပုဒ်က . . .**

ဆရာမကြီးအနေနဲ့ မနက်စာနဲ့ နေ့လယ်စာကို သင့်တင့်ရုံစားပြီး ညစာကို လျှော့စားပါတယ်။ ရေကို နွေရာသီဆိုရင် (၂)လီတာအထိ သောက်ပါတယ်။ ရေခဲရည် လုံးဝ မသောက်ပါဘူး။ ရေနွေးကြမ်းကို မနက်,နေ့လယ်,ညနေ တစ်ခွက်စီ သောက်ပါတယ်။

ကိုယ်လက်လှုပ်ရှားမှုအနေနဲ့ မနက်ပိုင်းမှာ ဂမုန်းပင်၊ ပန်းပင်၊ သီးပင်တွေကို ရေလောင်းပေါင်းသင်ခြင်းမျိုးနဲ့ လှုပ်လှုပ်ရှားရှား နေ့စဉ် လုပ်ဆောင်ပါတယ်'

▲**'ဆရာမကြီးအနေနဲ့ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ ကင်းရှင်းတာ ဘယ်လို ဆေးတွေစားပြီး...ဘယ်လို အစားအစာတွေ ရှောင်ကြဉ်တယ်ဆိုတာ ဆက်ပြီး ပြောပြပေးပါဦး'**

○'ဆရာမကြီးအနေနဲ့ အသက်(၄၀)ကစပြီး **ဆင်တုံးမနွယ်ရယ်၊ ဘုမ္မရာဇာရယ်၊ ပျားရည်ရယ်၊** သုံးမျိုး ရောစပ်ပြီး နေ့စဉ် စားသုံးပါတယ်။

ရှေးက ဆေးဆရာကြီးများ ဆုံးမခဲ့တဲ့ ဆောင်ပုဒ် ရှိပါတယ်။ အသက်ရှည်ချင်ရင် **"ဆင်စီး၊ ဖုံတီး၊ ပန်းတစ်ရာပန်ပါ"**ဆိုတဲ့ ဆောင်ပုဒ်က အထက်မှာ ဆရာမကြီး စားနေတဲ့ ဆေးသုံးမျိုးကို ရည်ညွှန်းပြောဆိုခဲ့တာ ဖြစ်ပါတယ်။ **အငန်နဲ့အချို လွန်ကဲတဲ့ အစားအစာများကို ရှောင်ကြဉ်ပါတယ်'**

▲**'နွေ-မိုး-ဆောင်း ရာသီတွေမှာ ကျန်းမာစေနိုင်တဲ့ ဆောင်ပုဒ်များရှိရင် သိပါရစေ'**

○'နွေ-မိုး-ဆောင်း ရာသီဥတုသုံးပါးအတွက် ကျန်းမာရေးဆောင်ပုဒ် ရှိပါတယ်။ အဲဒီဆောင်ပုဒ်က...

"နွေ...အီ၊ မိုး...ချိုး(ချေး)၊ ဆောင်း...ဆီး"ဆိုတဲ့ ဆောင်ပုဒ်ပါ။

အဲဒီဆောင်ပုဒ်နဲ့ အဓိပ္ပာယ်ကတော့ နွေရာသီမှာ **လေမချုပ်စေဖို့** အထူး ဂရုစိုက်ရပါမယ်။

**မိုးရာသီမှာ** ဝမ်းမချုပ်စေဖို့ အထူးဂရုစိုက်ရပါမယ်။ **ဆောင်းရာသီမှာ** ဆီးမချုပ်စေဖို့ အထူးဂရုစိုက်ရပါမယ်။

အဲဒီသုံးမျိုး သုံးရာသီမှာ လိုက်နာကျင့်ကြံမှု မရှိရင် ရောဂါ တစ်မျိုးမဟုတ် တစ်မျိုး ဝင်လာနိုင်ပါတယ်။ အထူးသဖြင့် နေ့စဉ် **ဆီး၊ ဝမ်း၊ လေ မှန်အောင်** နေထိုင်ကျင့်ကြံဖို့ လိုပါတယ်'

▲**'သွေးတိုးရောဂါ၊ ဆီးချိုရောဂါရှိသူတွေ၊ လေဖြတ်တာတွေ၊ လေငန်းရောဂါဖြစ်တာတွေကို တွေ့ရှိနေရပါတယ်။ လေဖြတ်၊ လေငန်းရောဂါ မဖြစ်အောင် ဘယ်ဆေးစားပြီး ကြိုတင်ကာကွယ်နိုင်ပါသလဲ'**

○'သွေးတိုးရောဂါ၊ ဆီးချိုရောဂါ ရှိနေပြီဆိုတာ သိရင် **တိုင်းရင်းဆေးအမှတ်(၂၇) ပြည်လုံးချမ်းသာဆေးကြီးကို** နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ်၊ တစ်နေ့(၂)ကြိမ် တစ်ကြိမ်ကို လက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့် ရေနွေးနဲ့ သောက်ပါ။ လေဖြတ်၊ လေငန်းရောဂါ ကြိုတင်ကာကွယ်နိုင်ပါတယ်'

▲**'ဆရာမကြီးတို့ မိသားစု နေ့စဉ် စားသောက် ကျင့်ကြံနည်းများကို သိပါရစေ'**

○'ဆရာမကြီးအနေနဲ့ ခြေလေးချောင်းသားကို ငယ်စဉ်ကတည်းကမှစပြီး ရာသက်ပန် ရှောင်ကြဉ်ခဲ့ပါတယ်။ သားသမီး၊ မြေးမိသားစုကိုတော့ တစ်ပတ်မှာ အသား နှစ်ရက်ကျွေးပါတယ်။ ကျန်တဲ့ (၅)ရက်မှာ ငါး,ပုစွန် သင့်လျော်သလို စားသောက်စေပါတယ်။

အထူးသဖြင့် **ငါးတန်၊ ငါးမြင်း၊ ဝမ်းတွင်းကလီစာများကို** အထူးရှောင်ကြဉ်စေပါတယ်။

အသီးအရွက် တစ်မျိုးမျိုးပါအောင် နေ့စဉ် ချက်ပြုတ်စားသောက်ပြီး၊ ချဉ်ရည်ဟင်းဖြစ်စေ၊ ဟင်းချိုဖြစ်စေ တစ်မျိုးမျိုးပါအောင် ချက်ပါတယ်။

ဟင်းချက်တဲ့အခါ ငံပြာရည်ကောင်းကောင်း သုံးပါတယ်။ **အချိုမှုန့် လုံးဝ မထည့်ပါဘူး။ အငန်ကိုလဲ လျှော့စားပါတယ်။** အငန်နဲ့အချို လျှော့စားခြင်းဟာ ရောဂါအမျိုးမျိုးကို ကြိုတင် ကာကွယ်ရာ ရောက်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com

▲**'ဆရာမကြီး လက်ရှိ သုံးစွဲနေတဲ့ သက်ရှည်ကျန်းမာဆေးရှိရင် သိပါရစေ'**

○'အသက်(၅၀)နှစ်မှစပြီး သုံးစွဲနေတဲ့ သက်ရှည်ကျန်းမာဆေး(မြန်မာဆေး) ရှိပါတယ်။

အဲဒီဆေးကတော့ **ဝါဠုကာအချဉ် (၂)ကျပ်သားနဲ့ ပျားရည်စစ်စစ် တစ်ပုလင်း သမအောင် ရောစပ်ပြီး နေ့စဉ် စတီးဇွန်း(ဟင်းစားဇွန်း) တစ်ဇွန်း ရေကျက်အေးနဲ့ သောက်ပါတယ်။**

လေငန်း,လေဖြတ် ရောဂါကို ကြိုတင်ကာကွယ်နိုင်သလို ကိုယ်ခံအားပြည့်ပြီး သက်ရှည်ကျန်းမာစေတဲ့ဆေးပါ။

အဲဒီဆေးနည်းကို **လယ်တီဆရာတော်ကြီးထံက လက်ဆင့်ကမ်းလာတဲ့ ဆေးနည်းဖြစ်ပါတယ်။ ဝါဠုကာယန္တရားကို ဆရာကြီး(ဦးဝင်းလေး) ကိုယ်တိုင် ဖုတ်ခဲ့သလို၊ လက်ရှိ ဆရာမကြီးနဲ့ ဆေးခန်းအတူထိုင်တဲ့ ဆရာဦးသီဟလဲ ဝါဠုကာယန္တရား ဖုတ်တတ်ပါတယ်'**

▲**'ဆရာမကြီးရဲ့ တိုင်းရင်းဆေးအမွေခံ မျိုးဆက်သစ်များရှိရင် သိပါရစေ'**

○'ဆရာဦးဝင်းသူ(တဆ-၀၃၁၀၈) (တိုင်းရင်းဆေးဒီပလိုမာ-မန္တလေး)၊ ဆရာဦးသီဟ(တဆ-၀၃၉၈၀)၊ ဆရာမဒေါ်မဠူ(တဆ-၀၃၈၉၁) (၂၀၀၁-တိုင်းရင်းဆေး တစ်နှစ်သင်တန်းဆင်း)တို့ဟာ တိုင်းရင်းဆေးအမွေခံမျိုးဆက်သစ်များ ဖြစ်ပါတယ်'

▲**'ခုလို သိလိုသမျှ ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ဆရာမကြီး'**

ဆရာမကြီး ဒေါ်လှသိန်းနဲ့ တွေ့ဆုံဆက်သွယ်နိုင်တဲ့ လိပ်စာကတော့...

ဆ[illegible]ကြီး ဒေါ်လှသိန်း
**ကျန်းမာပါစေ တိုင်းရင်းဆေးကုခန်း**
အမှတ်(၈၂)၊ ဇေယျာလမ်း (၁၀)ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၇၃၀၈၅၄၄၀၊ ၀၉ ၇၃၀၂၉၉၃၀၊ ၀၉ ၄၂၀၀၆၆၃၉၈

**မြောင်းမြ မောင်ယဉ်တင့်**

စာမျက်နှာ (၁၄၁)မှ အဆက်

ခုနှစ်၊ တော်သလင်းလ၊ **ကြာသပတေးဖြစ်၍** မူလမဟာဘုတ်ခွင်၊ နာမက္ခရတိုင်စဉ်နှင့် ဝုဒ္ဓိစဉ် ချကြည့်ပါက အောက်ပါအတိုင်း တွေ့ရသည်။

* * *[နံပါတ်-၃]

**ကြာသပတေး အဓိပတိဌာနဖွားကို ကြာသပတေးအစ အင်္ဂါဆုံး နာမည်ပေးထားသဖြင့် ဣန္ဒ+ဣန္ဒ နာမည်ဖြစ်သော်**လည်း နာမက္ခရတိုင်စဉ်များ ဝုဒ္ဓိများ ဖြစ်နေသည်။ သုံးလုံးတွဲ လက်မှတ်မထိုးသင့်ပါ။

ဤနာမည်တွင် နာမည်နောက်ဆုံးစာလုံး "စိုး" သည် သိုက်ဌာနတွင်ရှိသော အင်္ဂါနံ၊ အဖြူရောင်နှစ်သက်၊ ဖိုအက္ခရာဖြစ်၍ လက်မှတ်ရွေးထိုးရန် **သင့်တော်သော စာလုံး ဖြစ်ပါသည်။**

* * *



▲ပစ်တိုင်းထောင်ပုံ ငွေအိတ်သကော်တကြီးကြီး ဆွဲပါ။

▲လက်မှတ်အောက်က မျဉ်းမသားရပါ။

**[ဤတစ်လ ဤမျှနှင့်သာကျေနပ်နိုင်ကြပါစေ။]**

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

ဆရာကြီး ဦးအောင်မြိုင်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

**မည်သူမဆို ပါဝင်ရေးသား နိုင်ပါသည်...**

စာမူပို့လိုက...
ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၁၀ (ပထမထပ်)
၂၉-လမ်း (အထက်)
ပန်းဘဲတန်းစာတိုက်၊
ရန်ကုန်မြို့။ ဖုန်း-
၀၉-၇၃၁၃၄၉၇၈၈
၀၉-၄၄၃၂၉၃၁၆



www.burmeseclassic.com

www.burmeseclassic.com

စိတ်ဝင်စားဖွယ်ကောင်းသော

# ထိုးမြဲလက်မှတ်များအကြောင်း

ဆရာကြီးဦးအောင်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

၁။ * * *



ယခုလအတွက် **နံပါတ်(၁) နေရာမှာ** ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ်ပုံစံပိုင်ရှင်မှာ အသက်(၃၈)နှစ်ခန့်ရှိ အမျိုးသမီးတစ်ဦး ဖြစ်ပါသည်။

**"ယဥ်မင်းအေး"** ဆိုသော နာမည်(၃)လုံးအနက် ရှေ့(၂)လုံးကို အင်္ဂလိပ်အက္ခရာများဖြင့် လက်မှတ်ရွေးထိုးထားခြင်း ဖြစ်ပါသည်။

·ထိုးမြဲလက်မှတ် ဘယ်စောင်းနေခြင်း၊ အညွန့်ရှည်လွန်းခြင်းတို့မှာ မကောင်းပါ။

မြန်မာလို မွေးသက္ကရာဇ်မှာ **၁၃၄၂ ခုနှစ်၊ တန်ဆောင်မုန်းလ၊ ဗုဒ္ဓဟူးဖြစ်၍ မူလမဟာဘုတ်ခွင် နာမက္ခရ၊ ဝုဒ္ဓိစဥ်**တို့ ချကြည့်လျှင် အောက်ပါအတိုင်း တွေ့ရှိရသည်။

* * **[နံပါတ်-၁]***

ဗုဒ္ဓဟူး အထွန်းဖွားကို ဗုဒ္ဓဟူး+ကြာသပတေး+တနင်္ဂနွေ= **အထွန်း+ဘင်္ဂ+မရဏ = ကျဥ္စ+အနိဋ္ဌ+** **အနိဋ္ဌ နာမည်** ပေးထား၍ အလွန်ညံ့ပါသည်။ **အထွန်း+ဘင်္ဂ** ဖြစ်သည့် နာမည်(၂)လုံးတွဲ **"ယဥ်မင်း"** ကို လက်မှတ် ရွေးထိုးထားခြင်းမှာ အလွန်မှားပါသည်။

**ဘဝတစ်လျှောက်လုံးမှာ ပညာရေး၊ စီးပွားရေးများ လုံးဝ မကောင်းပါ။ သားသမီးရေး ဒုက္ခသောကကြောင့် မကြာခဏ ကြုံရမည်။**

ဤနာမည်တွင် **ထိပ်ဆုံးစာလုံး "ယဥ်"** ဗုဒ္ဓဟူးနံသင့် **အက္ခရာစာလုံး အထွန်းဌာန**ကိုသာ လက်မှတ်ရွေးထိုးသင့်ပါသည်။

* * *





**အောက်ခြေပြား ငွေအိတ်ပုံ တည့်တည့်လှလှ ကြီးကြီးဆွဲ၍ အညွှန့်နေရာမှာ ပွင့်ဖတ်(၄)ခု** ပါသော ပန်းပွင့်ပုံထည့်ရမည်။ လက်မှတ်အောက်က မျဉ်းမသားသင့်ပေ။

၂။ * * *



ယခုလအတွက် **နံပါတ်(၂) နေရာမှာ** ဖော်ပြပေးလိုက်သော






www.burmeseclassic.com

www.burmeseclassic.com

ထိုးမြဲလက်မှတ်ပုံစံ ပိုင်ရှင်မှာ အသက်(၂၈)နှစ်ခန့်ရှိ အမျိုးသမီး တစ်ဦး ဖြစ်ပါသည်။

"**ဆွေမြတ်ဦး**"ဆိုသည့် နာမည် (၃)လုံးထဲမှ အလယ်စာလုံး "**မြတ်**"ကို လက်မှတ်ရွေးထိုးထား ခြင်း ဖြစ်ပါသည်။

**ထိုမြဲလက်မှတ်ပုံသဏ္ဌာန်မကောင်း ပါ။ ခွက်ဖောက်၊ အောက်ပြိုင်၊ နောက်ပိတ်ဖြစ်၍ ငွေမမြဲခြင်း၊ အိမ်ထောင်ရေးမှာ အပြိုင်ပေါ်ခြင်း၊ အိမ်ထောင်ပျက်၊ စီးပွားပျက်၊ အလုပ်ပြုတ် ဖြစ်ခြင်းမျိုး ကြုံရတတ်သည်။**

အသားဖြူသူလည်း ဖြစ်၍ "**မြတ်**"ကို လက်မှတ်ရွေးထိုးခြင်း များပါသည်။ "**မြတ်**"မှာ အမည်းရောင် နှစ်သက်သော စာလုံးဖြစ်ပါသည်။

သူမ၏ မွေးသက္ကရာဇ်မှာ **၁၃၅၂ ခုနှစ်၊ ကဆုန်လ၊ အင်္ဂါသမီး**ဖြစ်၍ မူလမဟာဘုတ်ခွင်၊ နာမက္ခရတိုင်၊ ဝုဒ္ဓိစဉ်တို့ ချကြည့်လျှင် အောက်ပါ အတိုင်း တွေ့ရသည်။

* * *[နံပါတ်-၂]







အင်္ဂါ သိုက်ဖွားကို **အင်္ဂါစ၊ ကြာသပတေးလယ်၊ တနင်္ဂနွေ ဆုံး သိုက်+အဓိပတိ+ဘင်္ဂ** နာမည် ပေးထားသဖြင့် အလွန်ညံ့ပါသည်။ အပဲလုပ်လုပ် အစကောင်း၍ အနှောင်းပျက်တတ်သည်။

**ဣဋ္ဌ+အနိဋ္ဌ** နာမက္ခရတိုင်စဉ် အား ဝုဒ္ဓိများဖြစ်၍ ဤနာမည် သုံးသင့်ပါ။ လက်မှတ်ရွေးထိုးထား သော "**မြတ်**" ကြာသပတေးနံမှာ အဓိပတိဌာနဖြစ်၍ လက်မှတ်ပိုင်ရှင် စီးပွားရေး သားသမီးရေးအတွက် ပူပန်သောက များရတတ်သည်။

ဤနာမည်တွင် သိုက်ဌာနရှိ နာမည်အစစာလုံး အင်္ဂါနံ "**ဆွေ**" တစ်လုံးတည်းသာ လက်မှတ်ရွေး ထိုးသင့်ပါသည်။

* * *



▲ ပစ်တိုင်းထောင်ပုံ ငွေအိတ်သဏ္ဍာန်တ ကြီးကြီးလုလု တည့်တည့်ဆွဲပါ။
▲ အညွှန့်နေရာမှာ ပွင့်ဖတ်(၃)ခု ပါသော ပန်းပွင့်ပုံထည့်ပါ။
▲ လက်မှတ်အောက်က မျဉ်းမသားရပါ။

၃။ * * * ⟶

ယခုလအတွက် **နံပါတ်(၃) နေရာမှာ** ဖော်ပြပေးလိုက်သော ထိုးမြဲလက်မှတ် ပုံစံပိုင်ရှင်မှာ အသက် (၃၅)နှစ်ခန့်ရှိ အမျိုးသား တစ်ဦး ဖြစ်ပါသည်။

"**မျိုးမောင်စိုး**"ဆိုသော နာမည် (၃)လုံးတွဲကို အင်္ဂလိပ်အက္ခရာဖြင့် လက်မှတ် ရွေးထိုးထားခြင်းဖြစ် ကြောင်း ပြောပြသည်။

**ထိုမြဲလက်မှတ် ပုံသဏ္ဌာန်က အိမ်ထောင်ရေး ဖောက်ပြန်ရှုပ်ထွေး တတ်သော အသည်းပုံနှင့် အပေါင်း လက္ခဏာပုံ ပါရှိသည်။**

အသားဖြူသူဖြစ်၍ အမည်းရောင် နှစ်သက်သော "**မျိုးမောင်**" နှစ်လုံးတွဲထိပ်မှာထားသော နာမည် ဖြစ်ခြင်းကြောင့် အိမ်ထောင်ရေး ရှုပ်ထွေးရန်မှာ သေချာနေသည်။

သူ၏ **မွေးသက္ကရာဇ်မှာ ၁၃၄၅**





www.burmeseclassic.com

www.burmeseclassic.com



# ဂန္ဓမာပြစ်မှု

မျိုးတင့်
(ညောင်လေးပင်)

## ရွှေဖြစ်ခြင်း

တစ်နေ့သည်၌ မဟာမြိုင်တောပလ္လင်တောင်တွင် သီတင်းသုံးနေသော "**ဘိုးသိပ္ပ**"ဆိုသည့် ဦးရသေ့ကြီးသည် ဒေါက်ခြာကြီးကို ဆောင်းရင်း ကြေးစည် တံနောင်နောင်ထုကာ ဆွမ်းဆန်စိမ်း အလှူခံနေခဲ့လေသည်။

နေရာကား မဟာမြိုင်တောကြီး၏ အစပ်တစ်နေရာဖြစ်သော "**သက်ကယ်ကျင်း**" ဆိုသော ရွာကလေး ဖြစ်လေသည်။

ရသေ့ကြီးသည် မဟာမြိုင်တောပလ္လင်တောင်တွင် သီတင်းသုံးခဲ့သည်မှာ ကာလအတန်ကြာခဲ့လေပြီ။ တစ်ခါတစ်ရံမှသာ မဟာမြိုင်တောခြေရှိ ရွာကလေးများဆီသို့ ရောက်လာတတ်ပြီး ရိက္ခာအတွက် ဆွမ်းဆန်းစိမ်းကို အလှူခံတတ်ပါသည်။

ရသေ့ကြီးသည် တစ်ပါး... နေလျက် သမထတရား အ... ခြင်း အဂ္ဂိရတ်ထိုးခြင်း...ကို ပြု...



www.burmeseclassic.com

www.burmeseclassic.com

သည်။

အလှူခံသောအခါတွင် ကြေးစည်ကို ထုရင်း ရောက်တတ်ရာရာ သီချင်းတဘောင်များကို တောင်စဉ်ရေမရ ရွတ်ဆိုတတ်သောကြောင့် ရသေ့ကြီး ရောက်လာလျှင် ကလေးများ ဝိုင်းရံရောက်လာသောကြောင့် ညံကားနေတတ်လေသည်။

'ဘိုးရသေ့က ကြေးစည်ကလေး နှောင်ဒူဝေ၊ ဆွမ်းဆန်လောင်းကြ မောင်တို့ရေ...
အဖေအမေကို မသေခင် လုပ်ကျွေးကြ၊ ဘိုးရသေ့ကိုလဲ-ဆန်လှူကြ...
ဖြစ်တဲ့လူတွေ ရွှေဖြစ်အောင် မ,မယ်လေ၊ နှမာမြစ်တွေ စုကြဟေ့...'

ဟု အော်ဟစ်သီဆိုလေသည်။

ဘာအဓိပ္ပာယ်မှန်း မသိရသော ရသေ့ကြီး၏ သီချင်းသံကြောင့် ရှသူရွာသားများနှင့် ကလေးငယ်များသည် ကြည့်တိကြောင်တိနှင့် ဝိုင်းကြည့်နေကြပြီး အချို့က "**ကန်တော့ဆွမ်းပါ**"ဟု ပြောကြသည်။

အချို့သော လူများကမူ တတ်နိုင်သမျှ လက်ဖက်ရည် အကြမ်းခွက်ကန်တစ်လုံး (သို့မဟုတ်) နို့ဆီဘူးတစ်လုံးစာမျှ ဆန်ကို လောင်းကြလေသည်။

ဘိုးရသေ့သည် ကန်တော့ဆွမ်းလောင်းသူရော၊ ဆန်လောင်းသူများကိုပါ "**ချမ်းသာကြပါစေ၊ ဆင်းရဲခြင်းမှ ကင်းလွတ်ကြပါစေဗျာ**" ဟူသော ဆုကိုပေးကာ ကြေးစည်ကို ခပ်နာနာလေး ထုနှက်လေသည်။

သက်ကယ်ကျင်းရွာ၏ ရွာလယ်ပိုင်းတွင် ဖိုးအောင်ဆိုသော လူငယ်တစ်ယောက်ရှိသည်။ သူသည် မိဘနှစ်ပါးကို လုပ်ကျွေးပြုစုနေသူ ဖြစ်သည်။ အိမ်ထောင်မပြုဘဲ လူပျိုကြီး ဘဝနှင့် နေသည်။

သူ၏ အိမ်ရှေ့တွင် ဂန္ဓမာပန်းများကို စိုက်ပျိုးထားသည်။ ပွင့်လာသောပန်းများကို ဘုရားရှင်နှင့် ဘုန်းတော်ကြီးကျောင်းများကို လှူဒါန်းပြီး ဘုရား ညောင်ရေအိုးပန်းအဖြစ်လည်း ရောင်းချ၍ အသက်မွေးဝမ်းကျောင်းလေသည်။

ဘုရားတရား ကြည်ညို၍ သီလမြဲသောကြောင့် မောင်ဖိုးအောင်ကို ရွာသားများက ချစ်ခင်ကြလေသည်။

ဘိုးရသေ့ကြီးသည် မောင်ဖိုးအောင်တို့အိမ်ရှေ့သို့ ရောက်သောအခါ အထက်၌ ဖော်ပြခဲ့သော တဘောင် သီချင်းကို (၃)ကြိမ်တိုင်တိုင် ထပ်ကာထပ်ကာ ရွတ်ဆိုရင်း ကြေးစည်ကို တနောင်နောင် အသံမြည်အောင် ပြင်းစွာထုလေသည်။

ထူးခြားစွာ ပြုမူနေသော ရသေ့ကြီးကို တွေ့ရသော မောင်ဖိုးအောင်သည် ရသေ့ကြီးကို အိမ်တွင်းသို့ အပန်းဖြေ အနားယူရန် ဖိတ်ကြားပြီး နံနက်စာ ဆွမ်းကို သစ်သီးသစ်ရွက် (ခြံထွက်များ)နှင့် ဖွယ်ဖွယ်ရာရာ ချက်ပြုတ်၍ လှူဒါန်း ဆက်ကပ်လေသည်။

ထိုသို့ ဆွမ်းကပ်ရန် ချက်ပြုတ်နေစဉ် ရသေ့ကြီးသည် အိမ်ဦးခန်း ဘုရားဆောင်တွင် ကျယ်လောင်စွာ ဘုရားဝတ်တက်နေပြီး ပရိတ်ပဋ္ဌာန်းများကို ပူဇော်ရွတ်ဖတ်နေခဲ့သည်။ ဘုရားရှိခိုးပြီးသော်...

'အောင်ထူးဆန်း၊ မန်သိုက်ဝင်၊ လူထိပ်မိုး၊ ဟိုးဟိုးကျော်၊ ကျော်ဝမ်းတစ်၊ ဘက်မရှောင်၊ ခေါင်ဘုန်းကြီး၊ မန်းအိန္ဒရာဇာ၊ တစ်ရာ့တစ်ပါး လူမျိုးခြားတို့ မငြင်းမဆန်၊ မခံမဝံ့၊ လွန်ကြောက်ရွံ့၍ လက်ရုံးတန်းကာ အောင်ပါစေသော၊ အောင်စေသော၊ အောင်ကြပါစေသောဝ်'

ဟူ၍ ပြင်းထန်သော လေသံဖြင့် ဌာန်ကရိုဏ်းကျစွာ ဟိုကျော်ဒီခွ ရွတ်ဆိုလေသည်။

ကြေးစည်ကိုလည်း အဆက်မပြတ် ထုနှက်၍ ကုသိုလ်ဆက် အောင်ခေတ်သက် သွန်းလောင်းလေသည်။

ဆွမ်းပွဲပြင်၍ ဆက်ကပ်ပြီးသော် မောင်ဖိုးအောင်က...

'ဘိုးရသေ့ရယ်... ကျွန်တော်တို့ ရွာမှာ သားငါး ရုတ်တရက် ဝယ်လို့မရတာကြောင့် ရသမျှ ခြံထွက် အသီးအရွက်များနဲ့သာ စီမံ ဆက်ကပ်ရပါတယ်ခင်ဗျား၊ မပြည့်စုံတာကို ခွင့်လွှတ်ပါ ဘိုးရသေ့ရယ်'

ဟူ၍ ရိုသေစွာ ပြောပြလေသည်။

'ငါ့မြေးရယ်... အဘိုးက မောင်ရင်လေး ကြက်သားတွေနဲ့ ချက်ကျွေးလဲ မစားပါဘူးဗျာ၊ ပါးစပ်ဆိုတဲ့ သားကောင်ပေါင်းစုံ မြှုပ်နှံတဲ့ သင်္ချိုင်းမြေကို အဘိုးက မေတ္တာခံတတ် ပို့လွှတ်နေသူမို့ အစွန်းအထင်း အပေအကျံ မရှိစေပါဘူးဗျာ။

ငါ့သား ချက်ပြုတ်လှူဒါန်းတဲ့ အာဟာရများဟာ အဘိုးအတွက်



www.burmeseclassic.com

www.burmeseclassic.com

အလွန် သန့်ရှင်းမွန်မြတ်တဲ့ နတ်သုဓာတွေပါပဲ။ သာဓုဗျာ…သာဓု… သာဓု မိဘလုပ်ကျွေးတဲ့ ငါ့မြေးကို အနေချောင်ဖို့ သေချာအောင် ရွှေလုပ်တဲ့နည်း ပေးခဲ့မယ်ဗျှ'

ဟု ထူးဆန်းစွာ ဆိုလေသည်။

ရသေ့ကြီး ဦးသိပ္ပသည် ဆွမ်းစားပြီးသည်နှင့် အိမ်ရှေ့၌ စိုက်ပျိုးထားသော မောင်ဖိုးအောင်၏ ဂန္ဓမာပန်းအချို့ကို နုတ်ယူစေပါသည်။ အမြစ်များကို ဖြတ်ယူစေ၍ ရေကို စင်ကြယ်အောင် အထပ်ထပ် ဆေးကြောစေသည်။

ထိုအမြစ်များကို ထုထောင်းကာ စဥ့်အိုးငယ်တွင် စိမ်ထားစေပါသည်။ ရသေ့ကြီးသည် သူ့တွင် ပါလာသော ဓာတ်ဆေးတစ်မျိုးကို စဥ့်အိုးထဲသို့ သွန်ချလိုက်လေသည်။

ထိုသွန်ချလိုက်သော ဓာတ်ဆေးဆိုသည်မှာ **ဆားပွင့်**များသာ ဖြစ်လေသည်။ ပြီးသော် အကြိမ်ကြိမ်ဝါးခြမ်းတုတ်ချောင်းနှင့် မွှေနှောက်ခိုင်းလေသည်။ ရသေ့ကြီး လုပ်ခိုင်းသမျှကို မောင်ဖိုးအောင် ပြုလုပ်နေသည်။

စိတ်ဝင်စားသော ရွာသားများက ဝိုင်းကြည့်ပြီး တီးတိုးတီးတိုးနှင့် ဝေဖန်ကြလေသည်။ **"ရသေ့ရူးနဲ့ ဓာတ်ရူး တွေ့ကြပြီ"**ဟု ပြောဆိုဝေဖန်ကြလေသည်။

ရသေ့ကြီးသည် လိုအပ်သမျှ ခိုင်းစေညွှန်ပြပြီးသော် သူ၏ အဆောင်တန်ဆာများကို ယူဆောင်၍ ကြေးစည်ကို တနောင်နောင် ထုနှက်ကာ ထွက်ခွာသွားခဲ့လေတော့သည်။

နောက်တစ်နေ့ နံနက်ခင်းတွင် ထွက်ပြူလာသော နေမင်း၏ အလင်းရောင်နှင့်အတူ သက်ကယ်ကျင်းရွာကလေးတွင် အံ့ဖွယ်ကောင်းသော သတင်းတစ်ရပ် ထွက်ပေါ်ခဲ့လေသည်။

မောင်ဖိုးအောင်သည် စဥ့်အိုးငယ်ကို ဖွင့်ကြည့်လိုက်သောအခါ ဖိတ်ဖိတ်လက်လက် တောက်ပနေသော ပျစ်ခွဲဝင်းဝါသည့် ရွှေရည်များကို တွေ့ရလေသည်။

ရွာဦး ဆရာတော်ကျောင်းမှ အဂ္ဂိရတ်ထိုးသော ဦးသူတော်ကြီးကို ခေါ်ယူပြသရာ ရွှေရည်များဖြစ်ကြောင်း ပြောပြပြီး ဦးသူတော်ကြီးက လုံတွင် ထည့်ပြီး ဖိုခွင်တင်ကာ ခဲပေးခဲ့လေသည်။

အလွန် အရည်အသွေးကောင်းသော ရွှေစင်(၁)ပိဿာကို ရရှိခဲ့ပါလေသည်။

ထိုဖြစ်စဥ်ကို သိသော ရွာသူရွာသားများသည် လောဘတက်ပြီး ဂန္ဓာမာပန်းခင်းမှ ပန်းများကို ဝယ်ယူပြီး အမြစ်များကို ခုတ်ဖြတ်ဆေးကြောကာ စဥ့်အိုးတွင် ထုထောင်း၍ ဆားထည့်ကာ စိမ်ထားကြလေသည်။

နောက်တစ်နေ့တွင် စဥ့်အိုးကို ဖွင့်ကြည့်ကြရာ ရွှေရည်များကို မတွေ့ကြရဘဲ ဂန္ဓမာမြစ် ဆားစိမ်ရည်များကိုသာ တွေ့ရှိကြရလေသည်။

ထိုဖြစ်စဥ်မှာ တစ်ခါက ကြုံခဲ့ဖူးသော ဖြစ်ရပ်မှန်ဓာတ်လမ်း တစ်ပုဒ်သာ ဖြစ်လေသည်။ မောင်ဖိုးအောင်သည် ကွယ်လွန်သွားသော မိဘများကို ရည်စူးပြီး ကိုးနဝင်းစေတီကို ရွာဦးကျောင်းတွင် တည်ထားပြီး ဘုန်းတော်ကြီး ကျောင်းကိုလည်း နှစ်ထပ် အုတ်ကျောင်းအဖြစ် လှူဒါန်းခဲ့ပါသည်။

**ရသေ့ကြီးဦးသိပ္ပဆိုသူမှာ ဝိဇ္ဇာမိုရ် ဦးကောဝိဒဆိုသော ငါဖြစ်ကြောင်း သင်သည် ဝိဇ္ဇာဓရမှတ်တမ်းတွင် ရေးသားထားပါလေ။**

အရေးကြီးသည်မှာ ဝိဇ္ဇာတို့အသိနှင့် ဝိဇ္ဇာတို့၏ ရှုမြင်ပုံအကြောင်းသာ ဖြစ်သည်။ ဝိဇ္ဇာဆိုရာတွင် အယူ မြဲစင်သော သမ္မာဒိဋ္ဌိဝိဇ္ဇာနှင့် အယူမှားသော မိစ္ဆာဒိဋ္ဌိဝိဇ္ဇာများ ရှိကြသည်။ သမ္မာဒိဋ္ဌိအယူရှိသော ဝိဇ္ဇာတို့သည်ဘုရားရှင်၏ သာသနာတော်ကို စောင့်ရှောက်ကြသည်။ မြဲစင်သောစိတ်ထားရှိသူကို ကူညီမှုသာ ရှေးဖြစ်သည်။

အသိမရှိသော လူ့ဘောလတို့က ဆားကို ဆားဟုသာ သိနိုင်ကြသည်။ မဟာမြိုင်တော ပလွှင်တောင်အနီးက ထုတ်ယူရသော "ဝက်ပ်ဆား" အကြောင်းကို ဉာဏ်မျက်စိမရှိသဖြင့် မသိကြကုန်။ စင်စစ်တွင် "ရွှေဖြစ်စေသော ဆားကား ဝက်ပါဆား" သာတည်း။

အထက်ပါ မှတ်တမ်းကို သစ္စာပလသည် သူ၏ လျှို့ဝှက်သော ဝိဇ္ဇာဓရ မှတ်တမ်းတွင် ရေးသားထားခဲ့သည်ဖြစ်၍ **"ဂန္ဓမာ အမြစ်မှ ရွှေဖြစ်ခြင်း"**အကြောင်းကို ဗဟုသုတ လိုလားသူတို့ လေ့လာ သိရှိနိုင်ရန် တင်ပြလိုက်ပါသည်။

**မေတ္တာရည်လျက်…**

**မျိုးတင့်(ညောင်လေးပင်)**



www.burmeseclassic.com

www.burmeseclassic.com

ထူးခြားသောရောင်စုံ နှင်းဆီပန်းပင်(သို့မဟုတ်)

# ရိုးတံတစ်ခုတည်းကနေ နှင်းဆီနှစ်ရောင်ပွင့်

သာထက်မြတ် (မကွေး)

တစ်နေ့သော အခါသမယတွင် ကျွန်တော်သည် အများတကာ နည်းတူ ဖေ့ဘုတ်အသုံးပြုလျက် ရှိပေသည်။

ထိုသို့ အသုံးပြုနေစဉ် ကျွန်တော် နှင့် မောင်နှမသဖွယ် ခင်မင် ရင်းနှီးရသည့် ကချင်ပြည်နယ်၊ ဖားကန့်ရှိ အစ်မ ဒေါ်ယဉ်မင်းသက် ၏ ပို့စ်တစ်ခုက တက်လာသည်။

သူမ တင်ထားသည့် ပို့စ်တွင် **၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်(၃၁-၃-၂၀၁၈)** စနေနေ့၌ **ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ဆိုးခင်းအုပ်စု၊ လယ်ပြင်ကျေးရွာ၊ ဓမ္မရိပ်သာကျောင်းရှိဖန်ခါးဆောင် ခင်ပြင်ပေါ်က ပန်းအိုးကလေး ထဲမှ နှင်းဆီပင် တစ်ပင်သည် ထူးဆန်းစွာ ပွင့်ဖူးနေကြောင်း** သိရှိရပေသည်။



▲ နှင်းဆီနှစ်ထပ်မှ အပေါ်မှ နှင်းဆီ ဖူးပွင့်လာပုံ

ပုံတွင် ဖော်ပြထားသော နှင်းဆီပင်သည် ရိုးတံတစ်ချောင်းတည်းကနေ အဖြူရောင်အပွင့်တစ်ပွင့်ကို ပွင့်ပြီးနောက် ထိုအဖြူရောင် နှင်းဆီပေါ်ကနေ အဝါရောင်အပွင့် တစ်ပွင့် ထပ်မံပွင့်လျက် ရှိ၏။

ထို့ကြောင့် ကျွန်တော်သည် အစ်မယဉ်မင်းသက်ကို ရိုသေစွာ



www.burmeseclassic.com

www.burmeseclassic.com



◆ နှင်းဆီနှစ်ထပ်မှ အပေါ်မှ နှင်းဆီအပွးဘာဝ



◆ နှင်းဆီနှစ်ထပ်မှ အပေါ်မှ နှင်းဆီအငုံဘာဝ

ခွင့်တောင်း၍ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ ဖော်ပြနိုင်ရန် **Messenger**မှ ပုံများ ပို့ပေးစေဖို့ ပြောပြခဲ့ သည်။

မကြာမီမှာပင် အစ်မက ရှုထောင့် အမျိုးမျိုးကနေသူမ ကိုယ်တိုင်ရိုက်ကူးထားသော ဓာတ်ပုံများ ပို့ပေးလာသည်။

ကျွန်တော်သည် အစ်မယဉ်မင်းသက် ပို့ပေးလာသည့် ဓာတ်ပုံများကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်ကြီးထံသို့ မျှဝေတင်ပြပေးလိုက်ပါသည်။

အဘယ်အကြောင်းရှိသည်၊ အဘယ်အကျိုးရှိသည်ကို တပ်အပ် မပြောဆိုနိုင်သော်ငြားလည်း မြန်မာ့ရိုးရာ ဗေဒင်ပညာရပ်ကနေ ကြည့်မည်ဆိုပါက အောက်ပါအတိုင်း လေ့လာတွေ့ရှိရသည်။ ထူးခြားသည်ကတော့ အမှန်ထူးခြားနေပေသည်။

**နှင်း + ဆီ**

၇ + ၃ = ၁၀

**စနေဂြိုဟ်သက်** = ၁၀ နှစ်

ထို့ကြောင့် **နှင်းဆီ** နှစ်ပွင့် ထပ်ဆင့်ပွင့်နေသဖြင့်…

**နှင်း + ဆီ + နှင်းဆီ** = ၁၀ + ၁၀ = ၂၀

စုစုပေါင်း (၃၀) ရ၏။

(၃၀)ဂဏန်းသည် ဂဏန်းဗေဒင်ပညာရပ်တွင် အကောင်းဖြစ်၏။ သစ္စာတရား၊ အကြင်နာတရား၊ တိကျပြတ်သားခြင်း၊ စိတ်ဝင်စားခြင်း၊ လက်တွေ့လုပ်ကိုင်တတ်ခြင်း ဟူသည့် ဂုဏ်သတ္တိများကို ပေးစွမ်းနိုင်မှု အင်အားကြီးမားလှပေသည်။

ထို့ကြောင့်ပင် ဓမ္မရိပ်သာကျောင်းအနေဖြင့် **ကျောင်းထိုင်ဆရာတော်ကြီး အရှင်ဘဒ္ဒန္တသုဇန၏ မေတ္တာရိပ်အောက်တွင် ဆတက်ထမ်းပိုး နိဗ္ဗာန်မဂ်ဖိုလ်သို့ ဝင်ရောက်နိုင်မည့် ပုဂ္ဂိုလ်ထူးများ ပေါ်ထွန်း**လာတော့မည် ဖြစ်ပါကြောင်း…

ဤဆောင်းပါးဖြစ်မြောက်အောင် ကူညီပေးခဲ့သော အစ်မယဉ်မင်းသက်ကို ကျေးဇူးအထူးတင်ရှိပါသည်။

***ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရီ***

**သာထက်ဇော်(မကွေး)**





www.burmeseclassic.com

www.burmeseclassic.com

သိုင်းပညာရှင်

# ဆရာကြီးမင်းယက္ခ

(တိုက်ပွဲဝင်သိုင်း) ၏

# ဘဝအတွေ့အကြုံများ

(ဒုတိယပိုင်း) [အမှတ်-၉]

ယခင်လမှ အဆက်

## ၁၇။ ချိုင်းထုတ်လက်ပူးဓား

**အသင့်ပြင်** ။ ။ ၁-တွင် ညာခြေ၊ ၂-တွင် ဘယ်ခြေ ခင်းထားပါ။

(ခ)




(က)

### လှုပ်ရှားမှုအဆင့်ဆင့်

၁။ ၁-မှ ညာခြေကို ၃-သို့ တက်၊ ညာဓားပိုင်းခုတ်။(**ဓားကို နောက်သို့ ရောက်အောင် ခုတ်ပါ။**) ညာဒူးညွှတ်၍ ရှေ့သို့ ယို့ထားပါ။

၂။ ဘယ်ဓားကို ညာလက်ပေါ်မှ ကျော်ကာ **တွက်စလွယ်ဓားခုတ်**။

၃။ ဘယ်ဓားကို ရှေ့သို့ **ပက်ခုတ်**။

၄။ ညာဓားကို **တွက်ဓားခုတ်**။

၅။ ၂-မှ ဘယ်ခြေကို ၄-သို့တက်၊ ဘယ်ဓားပိုင်းခုတ်။ (**ဓားကို နောက်သို့ ရောက်အောင် ခုတ်ပါ။**) ဘယ်ဒူးညွှတ်၍ ရှေ့သို့ ယို့ထားပါ။

၆။ ညာဓားကို ဘယ်လက်အပေါ်မှ ကျော်ကာ **တွက်စလွယ်ဓားခုတ်**။

၇။ ညာဓားကို ရှေ့သို့ **ပက်ခုတ်**။

၈။ ဘယ်ဓား **တွက်ဓားခုတ်**။






## ၁၈။ ရှေ့ဖြီး-နောက်ဖြီးဓား

(ခ)




(က)



www.burmeseclassic.com

www.burmeseclassic.com

ရှေ့ပိုင်းက **"ဖြီးဓား"**အကြောင်းကို အနည်းငယ် တင်ပြခဲ့ပြီးပါပြီ။ ရှမ်းကြီးဓားသိုင်း၏ အခြေခံ မူလဓားမှာ **"ဖြီးဓား"** နှင့် **"ပင့်ဓား"** **(ပင့်စလွယ်ဓား၊ ပက်စလွယ်ဓားကိုပင် "ပင့်ဓား"ဟု ခေါ်ခြင်းပင်ဖြစ်ပါသည်။)**

ဖြီးဓားတစ်ချက် နောက်တွင် ပင့်ဓားနှစ်ချက် လိုက်သောကြောင့် **"နှစ်ချက်နောက်လိုက်ဓား"**ဟု ခေါ်ကြောင်း အထက်တွင် တင်ပြခဲ့ပြီးလေပြီ။

ရှမ်းကြီးဓားသိုင်းတွင် **"နှစ်ချက်နောက်လိုက်ဓား"(ဖြီးဓားတစ်ချက်၊ ပင့်ဓားနှစ်ချက်)**ကို အိုးစည်ဗိုင်းနှင့်တွဲဖက် က,သည့်အခါတွင် အသုံးပြုသလို **"အတိုက်ဓား"**အဖြစ်လည်း အသုံးပြုလေ့ ရှိပါသည်။

**"ဖြီးဓား"**သည် တစ်ဖက်လူ၏ တိုက်ချက်ကို ကာကွယ်ပြီး ပင့်ဓားနှစ်ချက်သည် တစ်ဖက်လူကို ခုခံတိုက်ခိုက်လိုက်ခြင်းပင် ဖြစ်သည်။

တစ်ခါတစ်ရံ **"ဖြီးဓား"** မသွားမီ **"ပက်ဓား"**ဖြင့် စတင် ကာကွယ်ခြင်း (သို့မဟုတ်) တိုက်ခိုက်တတ်ပါသည်။

**ဥပမာ** ရှေ့မှ ရန်သူကို ညာပက်ဓားဖြင့် စတင်တိုက်ခိုက်လိုက်ပြီး ဓားကို ခေါင်းနောက်သို့ ဖြီးဓားဖြင့် ဖြီးချကာ ညာပင့်စလွယ်ဓားဖြင့် ဆက်တိုက် တိုက်ခိုက်လိုက်ခြင်းပင် ဖြစ်သည်။

နောက်တစ်နည်းမှာ ရှေ့ရန်သူကို ပက်ဓားသွင်းလိုက်ကာ ဓားကို ခေါင်းနောက်သို့ ဖြီးချကာ ပိုင်း



စလွယ်ဓား ခုတ်ခြင်းဖြင့် စတင်တိုက်ခိုက်နိုင်ပါသည်။

ပို၍မြန်ပြီး တစ်ဖက်ရန်သူ၏**(တန်ပြန်တိုက်ချက်၊ counter attack)** မလုပ်နိုင်စေရန် **"ဓားမြန်နည်း"**မှာ တစ်ဖက်လူက ပိုင်းစလွယ်ဓားဖြင့် ခုတ်လိုက်သည့်အခါတွင် **"ဖြီးဓား"** (သို့မဟုတ်)**"ပက်ဓား"**ဖြင့် ခံ၍ ခေါင်းနောက်သို့ နောက်ဖြီးဓားဖြင့် ဖြီးမသွားဘဲ ရုတ်တရက် **"မိုးဓား"** ဖြင့် ခေါင်းကို ခုတ်ချလိုက်ခြင်းပင် ဖြစ်သည်။

ယင်းဓားချက်ကို **အယဉ်ရိုက်**(ဝါ) **အယဉ်ခုတ်** (ဝါ) **ပညာသည်ခုတ်** ဟု ခေါ်သည်။ လက်တွေ့လုပ်ကြည့်ပါ။ စက္ကန့်ပိုင်းအတွင်း ခုခံတိုက်ခိုက်နိုင်သည်ဟု တွေ့ရပါလိမ့်မည်။

သိုင်းပညာတွင် လက်တွေ့နှင့် သဘောတရားကို ယှဉ်တွဲလုပ်ဆောင်နိုင်မှ အန္တရာယ်ကင်း ဘေးရှင်းမည် ဖြစ်သည်။

သဘောတရားများကို ဖွင့်ထုတ်တင်ပြသည့်အခါတွင် ရရှိအောင် ယူတတ်ပါစေ။

ပညာပိုင်းဆိုင်ရာ သဘောတရားများကို အပေါ်ယံကြော မဖတ်ပါနှင့်။ အတွင်းရောက်အောင် သဘောပေါက်အောင် ဆိုလိုရင်းကို နားလည်အောင် စိတ်ဝင်တစား ဖတ်ပါ။ လေ့လာပါ။

(က) ရှေ့ဖြီးဓား



(က)

**"ရှေ့ဖြီးဓား"**ဆိုသည်မှာ ဓားကို ခေါင်းဖြီးသကဲ့သို့ **(ခေါင်းအနောက်မှ အရှေ့သို့)** ဖြီးချလိုက်ခြင်းကို ရှေ့ဖြီးဓားဟု ခေါ်သည်။ ပမာအားဖြင့်...

၁–တွင် ဘယ်ခြေ၊ ၂–တွင် ညာခြေရှိရိုက် အရှေ့ဘက်(ခ–ဘက်သို့) မျက်နှာမူထားစဉ် ခ–ဘက်မှ ရန်သူက ဓားဖြင့် ခုတ်လိုက်လျှင်...

၁–မှ ဘယ်ခြေကို ၃–သို့ ဆုတ်၍ ညာဓားကို ညာဘေးမှ နောက်သို့ လက်ပြန်ထိုးလိုက်ကာ လက်ပြန်ထိုးလိုက်သော အရှိန်ဖြင့် ညာဓားကို ခေါင်းနောက်ဘက်မှ ရှေ့ဘက်သို့ ခေါင်းဖြီးသလို ဖြီးချလိုက်လျှင် ရန်သူမိုးခုတ်ဓားကို ခေါင်းရှေ့ဘက်



www.burmeseclassic.com

www.burmeseclassic.com

တွင် ကန့်လန့်ခံ၍ ကာထားသကဲ့သို့ ဖြစ်နေလိမ့်မည်။

ရန်သူက ဘယ်ဓားဖြင့် မိုးခုတ်လိုက်လျှင် ၂–မှ ညာခြေကို ၄–သို့ ဆုတ်၍ ဘယ်ဓားကို ဘယ်ဘေးမှ နောက်သို့ လက်ပြန်ထိုးလိုက်ကာ လက်ပြန်ထိုးလိုက်သော အရှိန်ဖြင့် ဘယ်ဓားကို ခေါင်းနောက်ဘက်မှ ရှေ့ဘက်သို့ ခေါင်းဖြီးသလို ဖြီးချလိုက်လျှင်...

ရန်သူ့မိုးခုတ်ဓားကို ခေါင်းရှေ့ဘက်တွင် ကန့်လန့်ခံ၍ ကာထားသကဲ့သို့ ဖြစ်နေလိမ့်မည်။

(ခ) နောက်ဖြီးဓား

(ခ)




(က)

"နောက်ဖြီးဓား" ဆိုသည်မှာ ဓားကို ခေါင်းဖြီးသကဲ့သို့ **(ခေါင်းအရှေ့မှ အနောက်သို့)** ဖြီးချလိုက်ခြင်းကို **"နောက်ဖြီးဓား"**ဟု ခေါ်ပါသည်။

ပမာအားဖြင့် ၁–တွင် ညာခြေ၊ ၂–တွင် ဘယ်ခြေရှိခိုက်၊ အရှေ့ဘက်**(ခ–ဘက်သို့)** မျက်နှာမူထားစဉ် ခ–ဘက်မှ ရန်သူက မိုးဓားဖြင့် ခုတ်လိုက်လျှင် မိမိက ခြေမတက် မဆုတ်ဘဲ ဓားကို မျက်နှာရှေ့မှ ခေါင်းကိုကျော်၍ ခေါင်းဖြီးသလို ဖြီးချလိုက်လျှင် ရန်သူ့ဓားချက်ကို ခေါင်းအပေါ်ဘက်တွင် ကန့်လန့်ခံ၍ ကာထားသကဲ့သို့ ဖြစ်နေလိမ့်မည်။

ခြေတက်၍ ခုခံမည်ဆိုလျှင် ၁–မှ ညာခြေကို ၃–သို့ တက်ကာ ရန်သူ့မိုးဓားချက် (သို့မဟုတ်) ပိုင်းစလွယ်ဓားချက်ကို နောက်ဖြီးဓားဖြင့် ခုခံကာကွယ်လိုက်လျှင် မိမိ၏ ဦးခေါင်းပိုင်းနှင့် ဘယ်ခြမ်းကို ကာထားပြီးသား ဖြစ်လိမ့်မည်။

**ရန်သူ၏ မိုးဓား(သို့မဟုတ်)တွက်စလွယ်ဓားကို ခုခံကာကွယ်မည်ဆိုလျှင် ၂–မှ ဘယ်ခြေကို ၄–သို့** တက်ကာ ရန်သူ့ဓားချက်ကို ဘယ်နောက်ဖြီးဓားဖြင့် ခုခံကာကွယ်လိုက်လျှင် မိမိ၏ ဦးခေါင်းပိုင်းနှင့် ညာခြေကို ကာထားပြီးသား ဖြစ်လိမ့်မည်။

ဓားကစားရာတွင် ရှေ့ဖြီး နောက်ဖြီးဓားကို ရောယှက် ကစားလေ့ ရှိကြသည်။

၁၉။ ယိုးဒယား ထီးကာမ

* * *



သင်တို့ **"ဆီမီးခွက်"**အကကို မြင်ဖူးပေလိမ့်မည်။ ယိုးဒယား ထီးကာမ ဆိုသည်မှာ ဆီမီးခွက် အစားစားကို လက်ပြန်ကိုင်၍ **(မောင်းဝှက်ကိုင်နည်း၊ မောင်းကပ်ကိုင်နည်း၊ ဓားပြန်ကိုင်နည်း၊ ယွန်းဓားကိုင်နည်း၊ ကထာဓားကိုင်နည်း)**ဟူ၍လည်း ခေါ်ကြပါသေးသည်။

ဓားရှည်ကို ဓားမြှောင်ကိုင်သကဲ့သို့ ဓားဦးကို အောက်စိုက်ရာမှ လက်ဖျံနောက်ဘက်တွင် ဓားဦးထောင်လျက် လက်ဖျံနှင့်ကပ်လျက် ကိုင်သောနည်းပင် ဖြစ်သည်။

ယင်းအနေအထားမှ ဓားကို ချိုင်းအောက်မှ ထုတ်ကာ ခေါင်းပေါ်မှ ကျော်ရသည်။

ဘယ်ဓားနှင့် ညာဓားကို အပြိုင်ပြုလုပ်ရပါသည်။ ညာဓားက ချိုင်းအောက်တွင် ရှိလျှင် ဘယ်ဓားက ခေါင်းပေါ်မှာ အပြိုင်ရှိနေရသည်။ ဘယ်ဓားက ချိုင်းအောက်တွင်ရှိလျှင် ညာဓားက ခေါင်းပေါ်မှာ အပြိုင်ရှိနေရသည်။

**"ယိုးဒယား ထီးကာမဓား"**ကို စာဖြင့် ရေးရလျှင် စာဖတ်သူ သဘောပေါက်မည် မဟုတ်။

ယင်းဓားနည်းကို တတ်မြောက်သော သိုင်းဆရာတစ်ယောက်ယောက်ထံတွင် လက်တွေ့ သင်ယူလေ့ကျင့်ပါ။

၂၀။ စုံဓား

ရှမ်းကြီးဓားသိုင်းတွင် စုံဓားသည် **"ဟင်္သာလည်ယှက်ဓား"**နှင့်ဆင်သည်။ သို့သော် ဓားထားပုံ အနေ



www.burmeseclassic.com

www.burmeseclassic.com

အထားချင်း ကွာခြားသည်။

စုံဓား(၄-ကွက်)၂-မျက်နှာ

(အပေါ်စလွယ်ဓား)

(ခြေတိုက်ဖြင့် ကစားခြင်း)




**အသင့်ပြင်** ။ ။ ဓား ၂-လက်ကို ညာဒူးရှေ့တွင် အသွားပက်လက်ထား၍ ကိုင်ကာ၊ ၁-တွင် ဘယ်ခြေ၊ ၂-တွင် ညာခြေ **(၂-ကွက် ကန့်လန့်)**ခင်းထားပါ။

လှုပ်ရှားမှုအဆင့်ဆင့်

၁။ ၂-မှ ညာခြေ ၃-သို့ တက်၊ စုံစလွယ်ဓား **(ဘယ်ဓားရှေ့၊ တွက်စလွယ်ဓား၊ ညာဓားနောက်၊ ပိုင်းစလွယ်ဓား)** ခုတ်။

၂။ ညာဓားရှေ့ တွက်စလွယ်ဓား၊ ဘယ်ဓားနောက်ပိုင်း စလွယ်ဓား ခုတ်။

၃။ ၃-မှ ညာခြေ ၂-သို့ ပြန်ဆုတ်၊ **(ဘယ်ဓားရှေ့ တွက်စလွယ်ဓား၊ ညာဓားနောက် ပိုင်းစလွယ်ဓား)**ခုတ်။

၄။ ၁-မှ ဘယ်ခြေ ၄-သို့တက် **(ညာဓားရှေ့ တွက်စလွယ်ဓား၊ ဘယ်ဓားနောက် ပိုင်းစလွယ်ဓား)**ခုတ်။

၅။ ဘယ်ဓားရှေ့ တွက်စလွယ်ဓား၊ ညာဓားနောက် ပိုင်းစလွယ်ဓား ခုတ်။



၆။ ၄-မှ ဘယ်ခြေ ၁-သို့ပြန်ဆုတ်၊ **(ညာဓားရှေ့ တွက်စလွယ်ဓား၊ ဘယ်ဓားနောက် ပိုင်းစလွယ်ဓား)** ခုတ်။

၇။ ၂-မှ ညာခြေ ၃-သို့တက် စုံစလွယ်ဓား **(ဘယ်ဓားရှေ့ တွက်စလွယ်ဓား၊ ညာဓားနောက် ပိုင်းစလွယ်ဓား)**ခုတ်။

၈။ ညာဓား ရှေ့တွက်စလွယ်ဓား၊ ဘယ်ဓားနောက် ပိုင်းစလွယ်ဓားခုတ်။

၉။ ဘယ်ဓားရှေ့ တွက်စလွယ်ဓား၊ ညာဓားနောက်ပိုင်း စလွယ်ဓားကို နောက်ဘက် **(က-ဘက်)** သို့ ရောက်အောင် ဘယ်ဘက်မှ လှည့်ခုတ်။ **(မျက်နှာကို က-ဘက်သို့ လှည့်ထားရမည်။)**

၁၀။ ၁-မှ ဘယ်ခြေကို ၄-သို့ ဆုတ် ညာဓားရှေ့ တွက်စလွယ်ဓား၊ ဘယ်ဓား ပိုင်းစလွယ်ခုတ်။

**[စုံဓား၊ အပေါ်စလွယ်ဓားဖြင့် တစ်မျက်နှာပြီး၏။ က-ဘက်သို့ မျက်နှာမူလျက် အသင့်ဖြစ်နေမည်။**

**ယခု နံပါတ်စဉ်အတိုင်း ဆက်ကစားလျှင် မူလနေရာသို့ ပြန်ရောက်၏။ မူလနေရာသို့ ပြန်ရောက်မှ စုံဓား ၂-မျက်နှာ ကစားကွက်ပြီး၏။]**

စုံဓား(၄-ကွက်)၂-မျက်နှာ

(အောက်စလွယ်ဓား)

ခြေခွင်မြှောက်၍ ကစားခြင်း




**အသင့်ပြင်** ။ ။ ဓား ၂-လက်ကို ညာဒူးရှေ့တွင် အသွားကို ဖှောက်၍ ကိုင်ကာ၊ ၁-တွင် ဘယ်ခြေ၊ ၂-တွင် ညာခြေ **(၂-ကွက်ကန့်လန့်)** ခင်းထားပါ။

လှုပ်ရှားမှုအဆင့်ဆင့်

၁။ ၂-ရှိ ညာခြေကို ခြေခွင်မြှောက်၊ စုံဓား အောက်စလွယ်၊ **(ညာဘက်မှ ဘယ်ဘက်သို့)** ဘယ်ဓားကို ရှေ့ပက်စလွယ်၊ ညာဓားနောက် ပင့်စလွယ် တစ်ပြိုက်နက် ခုတ်ပါ။

၂။ ညာခြေကို ၃-တွင် ချ၍ စုံဓား အောက်စလွယ် **(ဘယ်ဘက်မှ ညာဘက်သို့)** ညာဓားရှေ့ ပက်စလွယ်၊ ဘယ်ဓားနောက်

www.burmeseclassic.com

www.burmeseclassic.com

ပင့်စလွယ်) တစ်ပြိုင်နက်ခုတ်။

၃။ ဘယ်ဓား ညာဓားကို နောက်ဖြီးဓားဖြင့် ခေါင်းပေါ်တွင် မြှောက်ထားသည့်အခါ ညာခြေကို ခြေခွင် မြှောက်ထားပါ။

၄။ ညာခြေကို ၂-တွင်ချ၊ စုံဓားအောက်စလွယ် **(ညာဘက်မှ ဘယ်ဘက်သို့)** ဘယ်ဓားရှေ့ပက်စလွယ်၊ ညာဓားနောက်ပင့်စလွယ် တစ်ပြိုင်နက်ခုတ်ပါ။

၅။ ၁-ရှိ ဘယ်ခြေကို ခြေခွင်မြှောက်၊ စုံဓားအောက်စလွယ်၊ **(ဘယ်ဘက်မှ ညာဘက်သို့)** ညာဓားရှေ့ပက်စလွယ်၊ ဘယ်ဓားနောက် ပင့်စလွယ်ဓား တစ်ပြိုင်နက်ခုတ်။

၆။ ဘယ်ခြေကို ၄-တွင်ချ၍ စုံဓားအောက်စလွယ် (ဘယ်ဓားရှေ့ပက်စလွယ်၊ ညာဓားနောက်ပင့်စလွယ် တစ်ပြိုင်နက်ခုတ်ပါ။

၇။ ညာဓား ဘယ်ဓားကို နောက်ဖြီးဓားဖြင့် ခေါင်းပေါ်တွင် မြှောက်ထားသည့်အခါ ဘယ်ခြေကို ခြေခွင်မြှောက်ထားပါ။

၈။ ဘယ်ခြေကို ၁-တွင်ချ စုံဓားအောက်စလွယ် **(ညာဓားရှေ့ပက်စလွယ်၊ ဘယ်ဓားနောက် ပင့်စလွယ်ဓား၊ ဘယ်ဘက်မှ ညာဘက်သို့)** ခုတ်။

၉။ ၂-ရှိညာခြေကို ခြေခွင်မြှောက် စုံဓားအောက်စလွယ် **(ညာဘက်မှ ဘယ်ဘက်သို့၊ ဘယ်ဓားရှေ့ ပက်စလွယ်၊ ညာဓားနောက် ပင့်စလွယ် တစ်ပြိုင်နက်)**ခုတ်ပါ။

၁၀။ ညာခြေကို ၃-တွင်ချ စုံဓားအောက်စလွယ် **(ဘယ်ဘက်မှ ညာဘက်သို့)** ညာဓားရှေ့ပက်စလွယ်၊ ဘယ်ဓားနောက်ပင့်စလွယ် တစ်ပြိုင်နက်ခုတ်။

၁၁။ ဘယ်ဓား ညာဓားတို့ကို နောက်ဖြီးဓားဖြင့် ခေါင်းပေါ်တွင်' မြှောက်ထားသည့်အခါ ဘယ်ခြေကို ခြေခွင်မြှောက်ထားပါ။

မျက်နှာကို နောက်ဘက်**(က-ဘက်သို့)**ဘယ်ဘက်မှ လှည့်ကြည့်ထားပါ။

၁၂။ ဘယ်ခြေကို ၄-တွင်ချ စုံဓားအောက်စလွယ် **(ဘယ်ဓားရှေ့ပက်စလွယ်၊ ညာဓားနောက်ပင့်စလွယ်- ညာဘက်မှ ဘက်ဘယ်သို့ တစ်ပြိုင်နက်)** ခုတ်ပါ။

၁၃။ ဘယ်ဘက်မှ ညာဘက်သို့ စုံဓားအောက်စလွယ် **(ညာဓားရှေ့ ပက်စလွယ်၊ ဘယ်ဓားနောက် ပင့်စလွယ်)**ခုတ်။

ညာဘက်သို့ညာဒူးညွတ်ထားပါ။ စုံဓား**(အောက်စလွယ်)** ၄-ကွက် ၁-မျက်နှာ ပြီး၏။

အထက်ပါ နံပါတ်စဉ်အတိုင်း ဆက်ကစားသွားပါက မူလနေရာသို့ ပြန်ရောက်မည်။

ရှေ့လ ဆက်ဖတ်ပါရန်

ဆရာကြီးမင်းယက္ခ
(တိုက်ပွဲဝင်)


**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**

**ဖတ်ရှုလိုသူများသို့...**

စာတိုက်ရှိသော
မည်သည့်ဒေသတွင်
နေထိုင်သူများဖြစ်စေ၊
နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို
လပေးဖတ်ရှုလိုပါက
စာဖတ်သူများလက်ဝယ်သို့
EXPRESSဝန်ဆောင်မှု
စနစ်ဖြင့် အမြန်ဆုံး
အရောက်
ပို့ဆောင်ပေးပါမည်။
စာအုပ်ရောက်
ရွေးယူစနစ်ဖြင့်
တစ်လလျှင် ၂၈၀၀ိ/ကျပ်
(နှစ်ထောင့်ရှစ်ရာကျပ်နှုန်း)
ကျသင့်ပါသည်။
လပေးဖတ်ရှုလိုသူများ
အောက်ပါလိပ်စာသို့
အကြောင်းကြား
မှာကြားနိုင်ပါသည်။

[မှတ်ချက် ။ ။ လေယာဉ်ပျံနှင့်သာ ပို့ခွင့်ရသောဒေသများသို့ ပို့ခဲ့ရလျှင် တစ်အုပ်ကို၃၈၀၀ိ -ကျပ် ကျသင့်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။]

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**
အမှတ် ၂၁၀-ပထမထပ်၊
၂၉-လမ်း(အထက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း
၀၉-၇၇၆၃၄၉၇၈၅
၀၉-၄၄၃၂၅၇၂၂


BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

# လေငန်း၊ လေဖြတ်

**စောင်းရွဲ့ကုထုံး**



လေငန်း,လေဖြတ် ဖြစ်ရခြင်း၏ အဓိက အကြောင်းအချက်မှာ ပြည့်ဝဆီများ အစားများပြီး ကိုယ်လက်လှုပ်ရှားမှု နည်းပါးမှုကြောင့်ဟု ဆိုနိုင်ပါသည်။

သို့အတွက် ဆီကို လျှော့စားခြင်းသည် မများသော ကာကွယ်နည်းဖြစ်ပြီး "ဆီကိုရှောင် အိုတောင် မဆင်းရဲ"ဟု မှတ်ယူသင့်ပါသည်။ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းလုပ်ခြင်းသည် တင်ကြို ကာကွယ်ပြီးဖြစ်ပါသည်။

လေငန်းဖမ်း၍ လေဖြတ်ဖြစ်လျှင် ခန္ဓာကိုယ်အစိတ်အပိုင်း အင်္ဂါတစ်ခုခုစောင်းရွဲ့ခြင်း၊ မျက်နှာစောင်းရွဲ့သွားခြင်းများ အချို့ ကြုံရတတ်, ဖြစ်ရတတ်ပါသည်။

ထိုကဲ့သို့ လေငန်း,လေဖြတ်ဖြစ်၍ စောင်းရွဲ့ခြင်းကုထုံးကို **နတ်မောက်မြို့နယ်၊ စည်သာရွာမှ တိုင်းရင်းဆေးဆရာကြီး ဦးပေါက်စနှင့် မကွေးမြို့နယ်၊ ညောင်ပင်သာမှ တိုင်းရင်းဆေးဆရာကြီး ဦးညွန့်ဟန်တို့ထံမှ** လေ့လာ မေးမြန်း မှတ်သားထားသည်များ ပေါင်းစပ်၍ ဗဟုသုတ မှတ်ဖွယ် စာစီပြုရေးသားတင်ပြလိုပါသည်။

**အရွက်စားရသော မြန်မာကုက္ကိုပင် (တချို့လည်း အညာကုက္ကိုဟု ခေါ်သည်)မှ အခေါက်ကို ခွာယူပြီး နုပ်နုပ်**စဉ်းကာ နေရိပ်တွင် သူ့သဘာဝအလျောက် ခြောက်သွေ့ပါစေ။ ခြောက်သွေ့ပြီဆိုမှ ပေါင်ဒါသားကျအောင်၊ မှုန့်ညက်အောင်ပြုပြီး ဖန်ဘူးနှင့်ဆောင် သိမ်းထားရပါမည်။

အထက်ပါ **ကုက္ကိုခေါက်အမှုန့်တစ်ပဲသားကို ထောပတ် သုံးကျပ်သားနှင့် ကြေးဖွန်းကြီးကြီးတွင် ထည့်၍ အနည်းငယ် ပူနွေးအောင် ပြု၍ လျက်ပါ။**

တစ်လခန့် မှိုဝဲပေးရမည်ဖြစ်ပြီး ထမင်းဟင်း အစာမစားရ။ အစာဖြတ်ထားရမည်။ လူနာမှာ မခံမရပ်နိုင်အောင် ပူလောင်လျှင် ပျားရည်ကို ရေနှင့်ချက်ပြီး သောက်ရမည်။ ခိုသားကို မဆလာထည့်၍ ကြော်ကျွေးပေးပါ။

စောင်းရွဲ့နေခြင်းအတွက် ကုက္ကိုစေ့ကို ဆီကြော်တ်ပါ။ သို့မဟုတ် ကုက္ကိုပဥ္စငါးပါးကို ဆီချက်ပါ။ ဆီချက်ပုံမှာ...

ကုက္ကိုပဥ္စငါးပါး အရွက်၊ အခေါက်၊ အမြစ်၊ အပွင့်၊ အသီးတို့ကို ဆတူယူ၍ ရေဖြင့် လေးခွက် တစ်ခွက်တင်ကျန်အောင် ပြုတ်ပါ။ ထိုပြုတ်ရည်ကို စစ်ယူပြီး နှမ်းဆီ (ပြုတ်ရည်၏တစ်ဝက်)ထည့်၍ ရေခန်းသည်အထိ ချက်ပါ။

အထက်ပါဆီဖြင့် လူနာကို လေမတိုးနိုင်သောနေရာတွင် နေစေပြီး စောင်းရွဲ့သော အစိတ်အပိုင်းကို ဆီစိမ့်ဝင်အောင် **ဖိပွတ်ဆွဲလိမ်းပေးပြီး** ဖြည်းဖြည်းချင်း ဆွဲတည့်သွားပါ။

ဆေးလိမ်းပြီးလျှင် လူနာကို လေတိုက်ရာတွင် လုံးဝမထားရ မသွားရပါ။ အနည်းဆုံး ဆေးလိမ်းပြီး တစ်နာရီ၊ နှစ်နာရီခန့်ရှိမှ အပြင်ထွက်ရမည်။

တစ်လ,နှစ်လခန့် ဂရုစိုက် ကုသပေးလျှင် ကောင်းစွာ လမ်းလျှောက်နိုင်ပြီး စောင်းရွဲ့နေသည်များ ပြန်လည် တည့်သွားပါမည်။

ရှေးမြန်မာ တိုင်းရင်းဆေးဆရာကြီး ဦးပေါက်စနှင့် ဦးညွန့်ဟန်တို့ ရှေးအစဉ်အဆက် အသုံးပြုခဲ့သော ပညာများဖြစ်ပြီး တိမ်ကောပပျောက်မှု မရှိစေရန် တင်ပြအပ်ပါသည်။

*ကျန်းမာ ချမ်းသာကြပါစေ။*

**နတ်မောက် လှမြင့်သန်း**

www.burmeseclassic.com

www.burmeseclassic.com

စီးပွားလည်းပျက် အသက်ဆုံးမှု

# အလုံးစုံကင်းပျောက်စေဖို့

အုံကြွယ်

'လာကြပါဗျာ၊ ကိုဟိန်းအောင်နဲ့ မောင်ဆန်းလင်းတို့ ထိုင်ကြဟေ့။ မောင်ဆန်းလင်းက ဘယ်တုန်းက ရောက်နေတာလဲကွ။

ဟန်ကျသကွာ... ရေစကြိုက မောင်သန်းစိုးလဲ အစောလေးကပဲ ရောက်လာလို့ စကားထိုင်ပြောနေကြတယ်လေ။ ဆွေမျိုးစု စုံစုံလင်လင် တွေ့ရတော့ ဝမ်းသာတယ်ကွာ'



'ဟုတ်ကဲ့...ကျွန်တော်လဲ မြိုင်ကနေ မနက်စောစောပဲ ထွက်လာတာပါ။ သမီးကို အဆောင်မှာ ထားပြီးလို့ ဦးဟိန်းအောင်ကို ဝင်ခေါ်ကာ ဒီကို လာခဲ့ကြတာပါ။

ဦးသိန်း နေမကောင်းဘူးကြားလို့ အတော်များ ဖြစ်နေသလားဆိုပြီး စိတ်ပူနေခဲ့တာပါ ခင်ဗျ။ အခုတော့ ထုထုထောင်ထောင် ကျန်းကျန်းမာမာ တွေ့ရလို့ စိတ်အေးရပါပြီ'

'အေးကွာ အထူးအထွေဖျားတာ ...တာ မဟုတ်ပါဘူး။ အသက် ...လေးရလာတော့ ခံနိုင်ရည်အား ...ည်းလာလို့ အာဂန္တု အဖျားလေး ...ာက်ဖြစ်တာပါလေ။ အခုတော့ ...ောင်သန်းစိုးတို့လင်မယားက ကုသ ...ပေးကြလို့ နေကောင်း ကျန်းမာ ...ာ'

နေက်ခင်း (၉)နာရီကျော်သာရှိ ...းသော်လည်း ပခုက္ကူမြို့၏ ...ချိန်က အတော်အတန် ပြင်းလျက် ရှိပေပြီ။ ဗုဒ္ဓကုန်းရပ်ရှိ ဦးမောင်သိန်း၏ အိမ်ဂေဟာတွင် ညီအစ်ကိုတော်လေးဦးတို့ ဆုံတွေ့နေကြခြင်း ဖြစ်သည်။

'အေးဗျာ...ဒီနှစ်ထဲမှာ ရာသီဥတုကလဲ ပြင်းတာကြောင့် ဦးမောင်သိန်း မကြာခဏဆိုသလို ဖျားနေတာ တွေ့ရတယ်ဗျ။ ဆောင်းကာလ တုန်းကလဲ အေးချက်က ကမ်းကုန် ပါပဲ။

အခုလို ဆောင်းအကုန် နွေအကူး မှာတောင် အပူချိန်က (၃၈)စင်တီဂရိတ် ရောက်နေတော့ ကျွန်တော်တို့လို အသက်(၆၀)ကျော် (၇၀)တမ်း သက်ကြီးရွယ်အိုတွေ ကျန်းမာရေးကို အထူး ဂရုစိုက်ကြရမှာပဲဗျ'

အသက် (၆၇)နှစ်အရွယ်၊ တစ်ကြိမ်မျှ ကြီးကြီးကျယ်ကျယ် ဖျားနာမှုမရှိသည့် ဦးဟိန်းအောင်က ရာသီဥတုကို နှိုင်းချိန်ကာ ပြောလာခဲ့သည်။

'အေးဗျ ကျုပ်အသက်လဲ (၇၀) ကျော်ပြီဆိုတော့ သွားလာနေထိုင်တာကအစ လေးလံ ထိုင်းမှိုင်းလာတယ်လေ။ အစားအသောက်၊ အနေအထိုင်ကို အထူးဆင်ခြင်နိုင်မှ တော်ကာကျတာပါ။

မောင်သန်းစိုးနဲ့ မောင်ဆန်းလင်းတို့လဲ ကျန်းမာရေးကို ဂရုစိုက်ကြကွ။ မင်းတို့က အသက်(၄၀)ကျော်သာရှိသေးတာဆိုပြီး ပေါ့ပေါ့ဆဆ မနေကြနဲ့နော်။ အသက်ကို ဉာဏ်စောင့်တယ်လို့ ဆိုထားတယ် မဟုတ်လား'

'ဟုတ်ကဲ့ပါ ဦးသိန်းခင်ဗျား... အသက်ကို ဉာဏ်စောင့်တယ် ဆိုတာမို့ အခုလို လူကြီးတွေနဲ့ ဆုံတုန်း သိလိုတာများ မေးပါရစေနော်။

ကျွန်တော်တို့ မြန်မာဓလေ့ ထုံးတမ်းစဉ်လာအရ အသက်ရှည် ကျန်းမာစေဖို့ နည်းလမ်းများရှိသလို စည်းစိမ်ဥစ္စာ ပျက်သုဉ်း အသက်ပါ ဆုံးရှုံးစေနိုင်မယ့် အခြေအနေများကို ရောက်ရှိစေနိုင်တဲ့ အချိန်အခါများကို ကြိုတင်သိရှိ ရှောင်ရှားနိုင်ဖို့ အနေအထားတွေ ရှိမရှိ ရှင်းပြပါဦး ခင်ဗျ'



www.burmeseclassic.com

www.burmeseclassic.com

မောင်သန်းစိုးက မေးလာတော့ လူကြီးနှစ်ယောက် တစ်ယောက်ကို တစ်ယောက် ပြုံးတူကြည့်မိကြသည်။ စကားသွက်သည့် ဦးဟိန်းအောင်က…

'ကဲ…ဦးမောင်သိန်းကပဲ လူလတ်ပိုင်းအရွယ် အသိမကြွယ်သေးတဲ့ လူမိုက်နှစ်ယောက်ကို ခင်ဗျားသိထားသမျှ ရှင်းပြလိုက်ပါဦးဗျာ'

ဟု အစထောင်ပေးခဲ့သည်။

ဦးမောင်သိန်းက ရေနွေးကြမ်းတစ်ခွက်သောက်၍ ချောင်းတစ်ချက်ဟန်ကာ စကားကို စခဲ့ပါသည်။

'တို့များ မြန်မာမှုနယ်ပယ်မှာ စီးပွားပျက် အသက်ဆုံးစေနိုင်တဲ့ အချိန်အခါမျိုးတွေကို ကြိုတင်သိရှိနိုင်တဲ့ လောကီရေးရာ ဗေဒင်ကိန်းခန်းတွေ ရှိခဲ့တာပဲလေ။

ဦးသိန်း သိထားတဲ့ တွက်ချက်နည်းလေးတစ်ခု ရှိတယ်ကွ။ ရှေးလူကြီးသူမတွေ လက်ဆင့်ကမ်းထားခဲ့တာပေါ့။ မှတ်သားလို့ လွယ်အောင် လင်္ကာလေးနဲ့ စီစဉ်ထားခဲ့ကြတယ်။ ကဲ…မင်းတို့ မှတ်နိုင်လောက်အောင် ပြောပြမယ်နော်။

<u>စီးပွားပြုန်း အသက်ဆုံးနိုင်တဲ့ အချိန်</u>

သက်ကိုတည်ထား၊ ရောပြားမွေးနံ၊ မြှောက်ရန်သုံးဖြစ်၊ ရလစ်ပေါင်းခြင်း၊ ကိုးနှင့်ကျင်းစား၊ အကြွင်းကားရှေ၊ သုညနှင့်ခြောက်၊ ကျရောက်လေငြား၊ စီးပွားလည်းပြုန်း၊ အသက်ဆုံးတတ်၊ မှတ်ကြပါလေ သဟာဆွေ။

**တွက်ချက်ပုံကတော့ကွာ…**

**သက်ဆိုင်သူရဲ့ ရောက်ရှိဆဲ**



**အသက်ကိုတည်၊ မွေးနံဂြိုဟ်သက်နဲ့ပေါင်း၊ သုံးဂဏန်းနဲ့မြှောက်၊ ရတဲ့ရလဒ်ကို ကိုးဂဏန်းနဲ့စားရမယ်တဲ့ဗျား။**

စားလို့ရတဲ့ ရလဒ်ကို မယူဘဲ အကြွင်းဂဏန်းဟာ သုည(၀)နဲ့ ခြောက်(၆)ရမယ်ဆိုတော့ အဲဒီနှစ်ဟာ သက်ဆိုင်သူအတွက် ကံဆိုးတဲ့နှစ်၊ တစ်နည်းအားဖြင့် စီးပွားပျက် အသက်ဆုံးတတ်တဲ့နှစ်လို့ ဆိုထားတာပေါ့ကွယ်။

ကဲ… နမူနာတွက်ကြည့်ကြရအောင်နော်။ ဦးသိန်းကိုပဲ တွက်ကြည့်စို့…

အခုရောက်သက်က (၇၁)နှစ်၊ ကြာသပတေးသား မောင်သိန်းမို့ မွေးနံဂြိုဟ်သက်က (၁၉)။ အဲဒီနှစ်ခုကို ပေါင်းတော့ (၉၀)ရတယ်။ တစ်ခါ (၃) နဲ့မြှောက်တော့ (၂၇၀)ရတာမို့ (၉)နဲ့စားရင် **အကြွင်းက သုည(၀) ရတာ**ကြောင့် ကျန်းမာရေးညံ့တဲ့နှစ်ပေါ့ကွာ။

စီးပွားရေးတော့ ပင်စင်စားဖြစ်လို့ ဘာမှ ပျက်သုဉ်းစရာ မရှိပါဘူး။ ဒီနှစ်ထဲမှာ ချူချာနိုင်တာကို ကြိုတင်သိထားလို့ ဆင်ခြင်နေထိုင်ခဲ့ပေမယ့် အဖျားခတ်တာကြောင့် မကြာခဏ နာမကျန်း ဖြစ်ရတာပါပဲကွာ'

ဦးမောင်သိန်းက သူ၏ အနေအထားကို ဥပမာပေးကာ ကိုယ်တွေ့ လင်္ကာလေး၏ မှန်ကန်မှုကို သက်သေပြပေးခဲ့သည်။

'မင်းတို့ ဦးသိန်းရဲ့ အတွေ့အကြုံကို ရှင်းပြပြီးတဲ့နောက် ဒီတစ်ခါ ဦးဟိန်းအောင်ရဲ့ အလှည့်ပေါ့ကွာ။ ဒါကလဲ ရှေးထုံးစဉ်လာ မှတ်သားနာယူလာခဲ့တဲ့ **"သက်ပုန်းအရပ်၊ မသွားအပ်၊ သိမှတ်ပါလေ၊ ဇီဝိန်ခြွေတတ်"**ဆိုတဲ့ လင်္ကာလေး အကြောင်းပဲကွ။

အဓိက ဆိုချင်တာကတော့ အသက်အန္တရာယ်ရှိလို့ မသွားသင့်တဲ့ အရပ်ကို ပြောတာပေါ့။ မင်းတို့ နားလည်အောင် **"သက်ပုန်း"** ဆိုတာကို အရင်ရှင်းပြမယ်နော်။ **"သက်ပုန်း"** ဆိုတာက **သက်ဆိုင်သူ ပုဂ္ဂိုလ်ရဲ့ မွေးနံဂဏန်းထဲကနေ (၁)ကိုနုတ်ပြီး၊ ရောက်ဆဲ အသက်နဲ့ပေါင်း။ ပေါင်းလို့ရလဒ်ဂဏန်းကို ခုနစ်(၇)နဲ့စား၊ နောက် ရလာတဲ့ အကြွင်းဂဏန်းကို "သက်ပုန်း"**လို့ ခေါ်တာပါပဲ။

ဥပမာအားဖြင့်ကွာ အခုနက နမူနာပြခဲ့တဲ့ ဦးမောင်သိန်းကိုပဲ တွက်ကြည့်ကြရအောင်နော်။ သူက ကြာသပတေးသားဆိုတော့ **မွေးနံဂဏန်းက (၅)ဖြစ်လို့ (၁)ကို နုတ်ရင် (၄)ကျန်မယ်။**

သူ့ရဲ့ ရောက်ဆဲအသက် (၇၁)နဲ့ ပေါင်းရင် ရလဒ်(၇၅)ရမယ်ကွာ။

ဒါကို (၇)နဲ့စားရင် အကြွင်းက (၅)ရတယ် မဟုတ်လား။ ဒီတော့ အဲနှစ်မှာ ဦးမောင်သိန်းရဲ့ **သက်ပုန်းဂဏန်း**ဟာ (၅)ဖြစ်တယ်။ တစ်နည်းအားဖြင့် ကြာသပတေးနံ ဖြစ်တာပေါ့။





www.burmeseclassic.com

www.burmeseclassic.com

ဒါကြောင့် ဦးမောင်သိန်းအနေနဲ့ ဒီနှစ်ထဲမှာ မွေးနံ့ "**ကြာသပတေး**" အစ သက်ပုန်းဖြစ်တဲ့ "**ကြာသပတေး**"အဆုံးရှိတဲ့ မြို့,ရွာ,ဒေသ, အရပ်တွေကို အန္တရာယ်ရှိတဲ့ အရပ်တွေမို့ "**မသွားမလာအပ်ဘူး**"လို့ မှတ်ကြရမယ်ကွ။

အဲဒီအရပ်တွေကတော့ ဥပမာ "**မြောင်းမြ**"၊ "**ပြင်ဦးလွင်၊ မော်လမြိုင်**"၊ "**မြိုင်မြို့**"စတဲ့ မြို့ရွာဒေသတွေကို မသွားမလာဖို့ လိုမှာပေါ့။ ကဲ...ဦးမောင်သိန်းလဲ မှတ်ထားပါဗျား'

'ကျွန်တော့်အနေနဲ့ ဆိုရင်ကော ဒီနှစ်ထဲမှာ ဘယ်အရပ်ဒေသတွေကို သွားရင် အသက်အန္တရာယ် စိုးရိမ်ရတယ်ဆိုတာ တွက်ပေးပါဦးခင်ဗျ'

မွေးနံ သက်ပုန်းအကြောင်း ရှင်းပြနေသူ ဦးဟိန်းအောင် စကားအဆုံးတွင် ခရီးမကြာခဏ ထွက်ဘတ်သော မောင်သန်းစိုးက အမေးစကားဆိုခဲ့သည်။

'ဒါက လွယ်ပါတယ်ကွာ။ အခုရောက်ဆဲ မင်းရဲ့ အသက်ရယ်၊ မွေးနေ့ရယ် သိရင် ရပြီလေ'

'ဟုတ်ကဲ့ ကျွန်တော်က သောကြာသား၊ အသက်က (၄၇)နှစ်ပါ ခင်ဗျ'

'သောကြာရဲ့ မွေးနံ့ဂဏန်းက (၆)ကွာ၊ (၁)ကို နုတ်တော့ (၅)ရမယ်။ အသက်က (၄၇)ကိုပေါင်းတော့ ပေါင်းခြင်းရလဒ် (၅၂) ဖြစ်တာကြောင့် ဒါကို (၇)နဲ့စားရင် အကြွင်း(၃)ရတယ်နော်။

အေး...ဒီနှစ်ထဲမှာ မောင်သန်းစိုးအနေနဲ့ မွေးနံ့ဂဏန်း(၆)အစ၊ သက်ပုန်းဂဏန်း



(၃)အဆုံးရတဲ့ အင်္ဂါနံ့အရပ်ဒေသတွေကို သွားလာခြင်းက ရှောင်ရမယ်။ ဥပမာ သောကြာနံ့အစ၊ အင်္ဂါနံ့ဆုံးတဲ့ "သာစည်"၊ "သုံး ဆယ်"၊ "ဟံဇား" စတဲ့ အရပ်ဒေသ မြို့ရွာတွေ မသွားမလာဖို့ လိုမယ်ကွ'

'မှတ်သားလောက်ပါတယ် ခင်ဗျာ။ နှစ်စဉ်လဲ ဂရုတစိုက် တွက်ချက်စိစစ် ရှောင်ရှားသွားပါမယ် ခင်ဗျာ။ ကျေးဇူးလဲတင်ပါတယ် ဦးဟိန်းအောင်ရယ်'

'အခုဆိုရင် စီးပွားပျက်၊ အသက်ဆုံးတတ်တဲ့ အချိန်အခါတွေရယ်၊ အသက်အန္တရာယ် ရှိတတ်လို့ မသွားအပ်တဲ့ အရပ်ဒေသတွေရယ် အကြောင်း သိရပါပြီခင်ဗျ။

အကယ်၍ မဖြစ်မနေ လုပ်ကိုင်သွားလာ ဆောင်ရွက်ရန်များရှိလာမယ်ဆိုရင် ဘယ်လိုများ လုပ်ဆောင်လို့ ရနိုင်တယ်ဆိုတဲ့ အဆောင်ကောင်းတွေ၊ ယတြာတွေ ရှိမယ်ဆိုရင်လဲ ရှင်းပြပေးပါဦးနော်'

ဦးဟိန်းအောင်နှင့် မောင်သန်းစိုးတို့၏ အတိုင်အဖောက် ဆွေးနွေးမှုကို နားထောင်ရင်း မောင်ဆန်းလင်းက သူသိလိုသည်ကို မေးမြန်းခဲ့သည်။

'ကဲ...လုပ်ဗျာ၊ ဦးမောင်သိန်းက တရားသမားဆိုတော့ ဘုရားယတြာလေးများရှိရင် ချီးမြှင့်လိုက်ပါဦးဗျာ'

စကားလည်းပြော၊ တွက်ချက်ရှင်းပြရသဖြင့် မောသွားဟန်ဖြင့် လက်ဖက်သုပ်တစ်ဇွန်းစား၊ ရေနွေးကြမ်းသောက်ကာ ဦးဟိန်းအောင်က တိုက်တွန်းခဲ့သည်။

'ရုတ်တရက် အသက်ခန္ဓာမပျက်စီးဖို့ ဘေးအန္တရာယ်ကင်းစေဖို့ ရတနာမြတ်သုံးပါးကို ရှိခိုးပူဇော်တဲ့ အစွမ်းထက် ဂါထာတော်တွေက ကျုပ်ရဲ့ အားကိုးရာ အဆောင်ယတြာတွေပါပဲ။

အဓိက ရွတ်ပွားတာက "**သက်တော်မြဲ၊ သက်တော်ရှည်၊ သက်တော်တည်**"ဆိုတဲ့ ဂါထာတွေကို အမြဲ ရွတ်ဖတ်ပူဇော်ခဲ့တယ်လေ။

မောင်ရင်တို့လဲ အမြဲ ရွတ်ပွားကြပါလို့ တိုက်တွန်းပါရစေ။ **(ဂါထာများ အပြည့်အစုံကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လထုတ် နက္ခတ္တရောင်ခြည် မဂ္ဂဇင်း အထူးထုတ်တွင်"မြဲစေ၊ ရှည်စေ၊ တည်စေ ထူးမြတ်သည့် ဂါထာတွေ" ဆောင်းပါးဖြင့် ဖော်ပြပြီးဖြစ်ပါသည်။ *စာရေးသူ*)**'

အဲဒီဂါထာတွေအပြင် **စီးပွားတက်၊ အန္တရာယ်ကင်းစေဖို့ အမြဲရွတ်ဆို**ပူဇော်တဲ့ ဂါထာတစ်ပုဒ်ကိုလဲ ပြောပြဦးမယ်ကွယ့်။

---

အန္တရာယ်ကင်း ကျက်သရေဖြာ

---

မင်္ဂလာဂါထာတော်

---

၁။ အနေကသတာ သမ္ဗုဒ္ဓါ၊ ဥပန္နာ ဘယနာသကာ၊ မယသီသေ ပတိဋ္ဌန္တု၊ ရက္ခန္တု တေ မမံသဒါ။

၂။ သုခါဟံ သတာံမွော၊ တိဋ္ဌန္တု ...ယေမမ



www.burmeseclassic.com

www.burmeseclassic.com

အမေ့ ဇတေ ပါလယန္တု၊ သုခံ ဒေန္တု မမံ သဒါ။

၃။ သမ္ဗုဒ္ဓါနံ အရဟန္တော၊ တေဇဝန္တော တတော တတော၊ တေမံ အံသေ ပတိဋ္ဌန္တု၊ ပါလယန္တု မမံသဒါ။

ခက်ခဲသော ပါဠိအသံထွက်

| | | |
|---|---|---|
| ၁။**သမ္ဗုဒ္ဓါ** | = | သမ်ဗုတ်ဓါ |
| **ဥပန္နာ** | = | အုပန်နာ |
| **ပတိဋ္ဌန္တု** | = | ပတိတ်ထန်တု |
| **ရက္ခန္တု** | = | ရက်ခန်တု |
| ၂။**သတ္တံဓမ္မာ** | = | သတံဓမ်မာ |
| **အမေ့** | = | အန်မေ့ |
| **ဇတေ** | = | အေဇတေ |
| **ပါလယန္တု** | = | ပါလယန်တု |
| **ဒေန္တု** | = | ဒင်တု |
| ၃။**သမ္ဗုဒ္ဓါ** | = | သမ်ဗုတ်ဓါ |
| **အရဟန္တော** | = | အရဟန်တော |
| **တေဇဝန္တော** | = | တေဇဝန်တော |
| **ပါလယန္တု** | = | ပါလယန်တု |

အနက်

၁။ **အနေကသတာ၊** အရာ,မက များလှစွာကုန်သော။ **ဘယနာသကာ၊** ဘေးရန်အပေါင်းကို ဖျက်ဆီးတတ်ကုန်သော။ **သမ္ဗုဒ္ဓါ၊** သစ္စာလေးပါး တရားသိမြင် ဘုရားရှင်တို့သည်။ **ဥပ္ပန္နာ၊** ပွင့်တော်မူကြလေကုန်ပြီ။ **တေ=သမ္ဗုဒ္ဓါ၊** ထိုဘုရားရှင်အပေါင်းတို့သည်။

**မမ၊** အကျွန်ုပ်၏။ **သီသေ၊** ဦးခေါင်းရတနာ မြွတ်အင်္ဂါ၌။ **ပတိဋ္ဌန္တု၊** သီတင်းသုံး တည်နေတော်မူကြပါစေကုန်သတည်း။ **မမံ၊** အကျွန်ုပ်ကို။ **သဒါ၊** နေ့ရောညပါ အခါခပ်သိမ်း။ **ရက္ခန္တု၊** အန္တရာယ်



ကင်းပျောက်အောင် စောင့်ရှောက်တော်မူကြပါစေကုန်သတည်း။

၂။ **သုခါဝဟံ၊** ချမ်းသာ အမျိုးမျိုးကို တိုးပွားအောင် ရွက်ဆောင်တော်မူတတ်သော။ **သတ္တံ၊** ဘုရားအစရှိသော သူတော်ကောင်းအပေါင်းတို့၏။ **ဓမ္မာ၊** တရားတော်တို့သည်။ **မမ၊** အကျွန်ုပ်၏။ **ဟာဒယေ၊** မနောဝိညာဉ်စိတ် အစဉ်၏ တည်ရာသတ်မှတ်နှလုံးဓာတ်၌။ **တိဋ္ဌန္တု၊** တည်ပါစေကုန်သတည်း။

**မမံ၊** အကျွန်ုပ်အား။ **သဒါ၊** အခါခပ်သိမ်း။ **သုခံ၊** ကောင်းကျိုးချမ်းသာ အဖြာဖြာကို။ **ဒေန္တု၊** ပေးသနားတော်မူပါစေကုန်သတည်း။

၃။ **တေဇဝန္တော၊** ကြီးသော တန်ခိုးရှိတော်မူကြကုန်သော။ **သမ္ဗုဒ္ဓါနံ၊** သစ္စာလေးပါး တရား သိမြင် ဘုရားရှင်တို့၏။ **အရဟန္တော၊** သားတော် အစစ်အမှန် ဖြစ်ကြကုန်သော ရဟန္တာသခင် အရှင်မြွတ်တို့သည်။ **တတော တတော၊** ထိုထို အရပ်မျက်နှာတို့၌။ **(သန္တိ၊** ရှိတော်မူကြကုန်၏။) **တေ၊** ထိုရဟန္တာအရှင်မြွတ်တို့သည်။ **မံ=မမ၊** အကျွန်ုပ်၏။ **အံသေ၊** ပခုံးထက်၌။ **ပတိဋ္ဌန္တု၊** တည်ပါစေကုန်သတည်း။ **မမံ၊** အကျွန်ုပ်အား။ **သဒါ၊** အခါခပ်သိမ်း။ **ပါလယန္တု၊** စောင့်ရှောက်ပါစေကုန်သတည်း။

ဒီဂါထာအကြောင်း ပြောရရင်တော့ စစ်ကိုင်းမြို့က ကောင်းမှုတော် ဘုရားကြီးရဲ့ ဒါယကာဖြစ်သော သာလွန်မင်းတရားကြီးရဲ့ မင်းဆရာ ဖြစ်တော်မူတဲ့ **"တောင်ဖီလာ ဆရာတော်ကြီး ဘဒ္ဒန္တမုနိန္ဒ ဃောသ"** အရှင်မြွတ် **နေထွက်၊ နေ့လည်၊ နေဝင် နေ့စဉ်**ပုံမှန် သုံးကြိမ်တိုင် ရွတ်ဆိုပူဇော်ခဲ့တဲ့ ဂါထာတော်ကြီးပါပဲ။

ရတနာသုံးပါးရဲ့ အစောင့် အရှောက်ကို ခံယူ သစ္စာပြု ဆုတောင်းတဲ့ ဂါထာတော်မြွတ်ဖြစ် တာမို့ **"ဘေးကင်းရန်ကွာ စည်းစိမ် တိုးပြီး လောကီလောကုတ် ကျက်သရေ အဖြာဖြာတိုးစေ"**မှာ အမှန် မလွဲပါဘူးလို့ ကိုယ်တွေ့ယုံကြည်ပြီး ပြောလိုက်ပါရစေဗျား'

ဦးမောင်သိန်းက တောင်ဖီလာ ဆရာတော်ကြီး နေ့စဉ် သုံးကြိမ်တိုင် ရွတ်ပွားပူဇော်တော်မူသည့် မင်္ဂလာ ဂါထာကို ရွတ်ဆို ရှင်းပြခဲ့ပါသည်။

'ဩော်... ဒါကြောင့်လဲ ဦးသိန်း မှာ ကံကြွေး၊ ကံကြွင်း၊ မကောင်းကံ တွေ ပျောက်ပျက်ပြီး အန္တရာယ်ကင်း ဘေးရှင်းနေတာကို ယုံကြည်လက်ခံ သွားပါပြီ ခင်ဗျာ။ ဦးဟိန်းအောင်က ရော ကျွန်တော်တို့ နောင်းလူငယ် သိမှတ်ဖို့ ရတနာသုံးပါးနဲ့ ဆိုင်တဲ့ ဂါထာများ ရှိပါရင်လဲ ဆပ်ဆင့်



www.burmeseclassic.com

www.burmeseclassic.com

ရှင်းပြ ချီးမြှင့်ပါဦးနော်'

မောင်ဆန်းလင်းက စိတ်အားထက်သန်စွာ တောင်းဆိုခဲ့ပြန်သည်။

'အေးကွာ… ပြောရတာပေါ့ အခုနက တွက်ချက်ပြခဲ့တဲ့ "မွေးနံသက်ပုန်း" အရ အသက်အန္တရာယ်ဖြစ်စေနိုင်တဲ့ အရပ်ဒေသကို ရှောင်ကြဉ်ဖို့ ပြောခဲ့တယ်နော်။ မဖြစ်မနေ သွားရမယ်ဆိုရင်တော့ ဘုရားရှင်ရဲ့ တန်ခိုးတော်ကို ဖော်ကျူးသစ္စာပြုထားတဲ့ **"ဘဂဝါကုဿန္ဓော ဂါထာ"**ကို အမြဲရွတ်ဆိုပြီးမှ သွားရင်တော့ အကောင်းဆုံးပေါ့။

ဘုရားရှင်ရဲ့ တန်ခိုးဂုဏ်တော်တွေကို ဘယ်သူက တားဆီးနိုင်မှာလဲကွယ်။ အေးချမ်းသာယာ ပြီးမြောက် အောင်မြင်စွာ သွားလာဆောင်ရွက်နိုင်မှာ မလွဲပါဘူး။ ဒီဂါထာက အထူး လူသိများတဲ့ ဂါထာတော်ကြီးပါ။ မင်းတို့ သိရှိရပြီးဖြစ်မယ် ထင်ပါတယ်လေ။ ကဲ… ရွတ်ပွားပူဇော်ပေးပါမယ်ဗျား။

---

ကုဿန္ဓောနဝင်း ဂါထာတော်

---

၁။ ဘဂဝါ ကုဿန္ဓော၊ သာသပ ဂဗ္ဘေပိ၊ ကုတော စိတော၊ စက်မတိ။

၂။ ဘဂဝါ ကုဿန္ဓော၊ စက္ကဝါဠ ဂဗ္ဘမှိ၊ ကာယေန ဆာဒယိ။

၃။ ဓတေန သစ္စဝဋ္ဋေန၊ သိဒ္ဓိမေ ဇယမင်္ဂလံ၊ အာယုမေ သုခဝမုန်။

ခက်ခဲသော ပါဠိအသံထွက်

၁။ **ကုဿန္ဓော** = အိတ်ဆန်တော
**ဂဗ္ဘေပိ** = ဂပ်ဘေပိ
**ကုတော** = အိတော
**စက်မတိ** = စင်ကမတိ

၂။ **စက္ကဝါဠ** = စက်ကဝါလံ
**ဂဗ္ဘမှိ** = ဂပ်ဘမ်မှိ

၃။ **ဓတေန** = အေတေန
**သစ္စဝဋ္ဋေန** = သစ်စဝစ်ဇေန
**သိဒ္ဓိမေ** = သိတ်ဓိမေ
**ဇယမင်္ဂလံ** = ဇယမင်ဂလံ
**သုခဝမုန်** = သုခဝတ်တန်

အနက်

၁။ **ဘဂဝါ၊** ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်။ **ကုဿန္ဓော၊** အလိုရှိတော်မူသည်ရှိသော်။ **သာသပ ဂဗ္ဘေပိ၊** မုန်ညင်းစေ့၏ အတွင်း၌သော်လည်း။ **ကုတော စိတော၊** ဤမှ ထိုမှ။ **စက်မတိ၊** လူးလာတုံ ခေါက် စကြံလျှောက်နိုင်၏။

၂။ **ဘဂဝါ၊** ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်။ **ကုဿန္ဓော၊** အလိုရှိတော်မူသည်ရှိသော်။ **စက္ကဝါဠ ဂဗ္ဘမှိ၊** စကြဝဠာတိုက်တစ်သောင်းကိုသော်လည်း။ **ကာယေန၊** ကိုယ်တော်ဖြင့်။ **ဆာဒယိ၊** ဖုံးအုပ်တော်မူနိုင်၏။

၃။ **ဓတေန သစ္စဝဋ္ဋေန၊** ဤမှန်သော သစ္စာစကားကြောင့်။ **မေ၊ အကျွန်ုပ်၏။** **ဇယမင်္ဂလံ၊** အောင်မြင်ခြင်း မင်္ဂလာသည်။ **သိဒ္ဓိ၊** ပြီးပြည့်စုံပါစေသတည်း။ **မေ၊** အကျွန်ုပ်၏။ **အာယု၊** အသက်သည်။ **သုခဝမုန်၊** ချမ်းသာစွာ ရှည်ကြာပါစေသတည်း။

*[ဤဂါထာတော်များ ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသီဟ(သာသနဓဇဓမ္မာစရိယ)မှ ပြန်ဆိုပေးပါသည်။]*

ရွှေတိဂုံဘုရားကြီးရဲ့ အရှေ့ဘက်မှာ တည်ရှိတော်မူတဲ့ **"ဆုတောင်းပြည့် ပတ္တမြားမျက်ရှင် မြတ်စွာဘုရား"**ဆင်းတုတော်ရဲ့ စမ္မခဏ်မှာ ရေးထိုးပူဇော်ထားတဲ့ ဂါထာတော်ပါပဲ'

'နဝင်းဂါထာလို့ ခေါ်ရတဲ့ အကြောင်းလဲ ရှင်းပြပါဦး ခင်ဗျ'

'နဝင်းဂါထာလို့ ခေါ်ဆိုတာကတော့ ဒီဂါထာမှာ စာလုံးရေ (၆၃)လုံးပါရှိတာကြောင့် ကိုးနဝင်းကိုက်ညီတဲ့အတွက် နှောင်းလူများက အသိအမှတ်ပြု ခေါ်ဆိုကြတာပါပဲ။ အဓိဋ္ဌာန်အောင်ဂါထာလို့လဲ ခေါ်ဆိုကြသေးသဗျ'

'ဟုတ်ကဲ့ပါ…အခုလို သိလိုသမျှကို စိတ်ရှည်ရှည်ရှင်းပြ၊ ဂါထာတော်တွေကိုလဲ ချီးမြှင့်ပေးတဲ့ ဦးသိန်း၊ ဦးဟိန်းအောင်တို့ကို ကျေးဇူး အထူးတင်ပါတယ်။ ဦးသိန်းကိုလဲ ကျန်းကျန်းမာမာ တွေ့ရပြီမို့ ကျွန်တော်တို့ကိုလဲ ပြန်ခွင့်ပြုပါဦး ခင်ဗျား'

မောင်သန်းစိုးနှင့် မောင်ဆန်းလင်းတို့က ဦးချကန်တော့ နှုတ်ဆက်ကာ ပခုက္ကူမှ (၂၇)မိုင်စီဝေးသော ရေစကြိုနှင့် မြိုင်မြို့သို့ အသီးသီး လမ်းခွဲပြန်သွားကြပါတော့သည်။

**အံ့ကြွယ်**



www.burmeseclassic.com

www.burmeseclassic.com

# နိုင်းယှဉ်လေ့လာ အဖြေရှာ လက္ခဏာပညာ

သရော်ကြီးဦးအောင်မြင့်
(ဥပဒေအတွဲ)
လက္ခဏာဗေဒင်ပညာသုတေသီ

ပုံစံ(၁) ဘယ်လက်




ပညာရေးနဲ့ပတ်သက်ပြီး ဘိုးဘွား မိဘ၊ မောင်နှမဆွေမျိုးတွေရဲ့ အကူအညီ အပံ့အပိုးတွေ ရရှိပြီး မပူမပင် မတောင့်မတ မကြောင့်မကြ ပညာသင်ယူရတဲ့သူတွေ ရှိကြသလို ဘယ်သူ့ထံကမှ ကူညီပံ့ပိုးမှုတွေ မရရှိဘဲ ပညာကို ငြိုငြင်ဆင်းရဲ ပင်ပန်းစွာ သင်ယူရတတ်သူတွေလဲ ရှိကြပါတယ်။

အတိတ်ဘဝက ဒါနကုသိုလ် နည်းပါးခဲ့လို့ ဖြစ်နိုင်သလို ပညာပါရမီနည်းပါးလို့လဲ ဖြစ်နိုင်ပါတယ်။

ပညာသင်ချိန်မှာ **စားဝတ်နေရေး ငွေကြေးဥစ္စာ ပြည့်စုံချမ်းသာစွာနဲ့ သက်သောင့်သက်သာ ပညာသင်ယူကြရတဲ့ ကျောင်းသူကျောင်းသားများနဲ့၊ စားဝတ်နေရေး ငွေကြေးဥစ္စာ ဆင်းရဲချို့တဲ့စွာနဲ့ ပညာသင်ယူကြရတဲ့ကျောင်းသူကျောင်းသားအချို့ကို** လက္ခဏာပညာနဲ့ နှိုင်းယှဉ်လေ့လာ အဖြေရှာကြည့်တဲ့ သုတေသနပြုမှုမှာ ထူးခြားကွဲပြားတာတွေ မြင်တွေ့ခဲ့ရပါတယ်။

ယခုဖော်ပြပေးလိုက်တဲ့ **ပုံစံ(၁) ဘယ်လက်ဖဝါးပြင်နဲ့ ပုံစံ(၂)ဘယ်**



www.burmeseclassic.com

www.burmeseclassic.com

ပုံစံ(၂) ဘယ်လက်




**လက်ဖဝါးပြင်**တို့ဟာ ကျောင်းသား (၂)ဦးရဲ့ ဘယ်လက်ဖဝါးပြင်များ ဖြစ်ကြပါတယ်။

သူတို့ရဲ့ အတိတ်ကံကြမ္မာကို သိချင်တဲ့အတွက် "ဘယ်"လက်ဖဝါးပြင်တို့ကို ပုံနှိပ်ရယူ နှိုင်းယှဉ်ကြည့်ရခြင်း ဖြစ်ပါတယ်။

**ပုံစံ(၁)လက်ဖဝါးပြင်မှာ** ဉာဏ်လမ်းကြောင်း (၂)ကြောင်း ပါရှိတယ်။

တစ်ကြောင်းက အသက်လမ်းကြောင်းအဖျားနဲ့ (၃)စင်တီမီတာခန့် ပူးနေပြီး၊ နောက်တစ်ကြောင်းကတော့ အသက်လမ်းကြောင်းအဖျားနဲ့ ကွာဟနေပါတယ်။

ဒါကြောင့် သူဟာ ဉာဏ်ရည်ထက်မြက် သွက်လက် ချက်ချာသူဖြစ်သည်။ **"က" အက္ခရာ**

ဒါပေမယ့် **ဉာဏ်လမ်းကြောင်းအဆုံး လက်ဖဝါးစောင်းဘက်မှာ မင်္ဂလာအခြံအရံ သင်္ကေတတွေ လုံးဝ မရှိဘူး။** ပြောင်ရှင်းနေတယ်။

အထူးသဖြင့် အသက်လမ်းကြောင်းနဲ့ ရှည်လျားစွာ ပူးနေတဲ့ ဉာဏ်လမ်းကြောင်းအဆုံးကို ထိထားတဲ့ ကန့်လန့်လမ်းတစ်ခုက ပိတ်ထားခြင်းပါပဲ။ **"ခ" အက္ခရာ**

***






www.burmeseclassic.com

www.burmeseclassic.com

အဲဒီသင်္ကေတကြောင့် သူ့ဘဝမှာ ပညာသင်ချိန် မိခင်ကွယ်လွန်ပြီး စီးပွားရေးမပြေလည်တဲ့ ဖခင်နဲ့အတူ မောင်နှမ(၆)ယောက်အတူ နေထိုင်ခဲ့ရတယ်။

စားဝတ်နေရေး ငွေကြေးဥစ္စာ ဆင်းရဲချို့တဲ့စွာနဲ့ ပညာသင်ယူခဲ့ရတယ်။ ကျောင်းမှာ ပညာတော်ပေမယ့်လဲ အလယ်တန်းကျောင်းသားဘဝနဲ့ ကျောင်းက ထွက်ခဲ့ရတယ်။

မိသားစု စားဝတ်နေရေးအတွက် စီးပွားရေး ထွက်လုပ်ရတယ်။ ပညာဆက်သင်ချင်ပေမယ့် အခြေအနေ လုံးဝ မပေးခဲ့ဘူး။

**ပုံစံ(၂) လက်ဖဝါးပြင်မှာလဲ** ဉာဏ်လမ်းကြောင်းက **(၂)ကြောင်းလို** ဖြစ်နေတယ်။ တစ်ကြောင်းက လက်ဖဝါးပြင်ကို ကန့်လန့်ဖြတ်၊ လက်ပြတ်လို ဖြစ်နေတယ်။

အဖျားက အသက်လမ်းကြောင်း အဖျားနဲ့ ပူးနေတယ်။ နောက်တစ်ကြောင်းကတော့ ပထမဉာဏ်လမ်းကြောင်းရဲ့ အလယ်လောက်က ခွဲထွက်ပြီး လက်ဖဝါးစောင်းဘက်ကို ခပ်နိမ့်နိမ့် ခွဲဆင်းတယ်။ **"ဂ" အက္ခရာ**

**ထူးခြားတာက အဲဒီလို ခွဲဆင်းတဲ့ ဉာဏ်လမ်းကြောင်းရဲ့ အဆုံးပိုင်းမှာ လက်ဖဝါးစောင်းရောက်အောင် ရှည်လျားတဲ့ ကြာဖူးသင်္ကေတနဲ့ မဟာလာအချို့ အရံများ ထင်ရှားရှိနေခြင်းပါပဲ။**

ကန့်လန့်ဖြတ်လမ်းတွေ ရှိပေမယ့် ကြာဖူးပုံတွေကို ပျက်မသွားပါဘူး။ **"ဃ"အက္ခရာ**

***———→

အဲဒီ သင်္ကေတကြောင့် **ပုံစံ(၂) လက္ခဏာရှင်**ဟာ စီးပွားဥစ္စာ ချမ်းသာပြည့်စုံတဲ့ဘဝနဲ့ ပညာသင်ယူခဲ့ရတယ်။ မိဘစုံစုံလင်လင်နဲ့ အတူတကွ နေထိုင်ခဲ့ရတယ်။

အကောင်းဆုံးကျောင်း၊ အကောင်းဆုံးဆိုတဲ့ ကျူရှင်၊ ဘော်ဒါတွေမှာ တက်ရောက် သင်ယူနိုင်ခဲ့တယ်။

**၂၀၁၇ ခုနှစ်၊ မတ်လ (၁၀)တန်း စာမေးပွဲကို အောင်မြင်ခဲ့ပြီးပြီ။** ပြည်ပ နိုင်ငံရပ်ခြားတက္ကသိုလ်မှာ သွားရောက် ပညာသင်ယူနိုင်ဖို့ အတွက် ချိတ်ဆက်ပေးမယ့် ပြည်တွင်းမှာ ဖွင့်လှစ်တဲ့ ပြင်ပကျောင်းမှာ ပညာဆက်လက် သင်ယူနေသူ ဖြစ်ပါတယ်။

**ပုံစံ(၁)လက္ခဏာရှင်ရဲ့ အတိတ်ကံနဲ့ ပုံစံ(၂)လက္ခဏာရှင်ရဲ့** အတိတ်ကံတို့ဟာ မိုးနဲ့မြေလို ကွာခြားလွန်းပါတယ်။

တစ်ဦးက ပညာသင်ယူချိန်မှာ မိမဲ့ဖမဲ့၊ နေစရာကိုယ်ပိုင်အိမ်မြေမရှိ၊ စားရမယ့်သောက်ရမဲ့၊ ကျောင်းကို ခြေကျင်သွားရ၊ မုန့်စားဖို့ ပိုက်ဆံမရှိ။ လွယ်အိတ်ဟောင်းနဲ့ စာအုပ်စာရေးကိရိယာ မပြည့်မစုံ၊ စာမေးပွဲအောင်ပေမယ့် ကျောင်းဆက်ထားပေးမယ့်သူ မရှိလို့ ကျောင်းပညာရေး တစ်ပိုင်းတစ်စနဲ့ ကျောင်းထွက်ခဲ့ရတယ်။

နောက်တစ်ဦးကတော့ ပညာသင်ချိန်မှာ **မိစုံဖစုံ၊ မိဘစီးပွားရေး အလွန်ကောင်း ကိုယ်ပိုင်ခြံမြေ ကျယ်ကျယ်ဝန်းဝန်း** နန်းတော်တမျှ ကြီးမားခမ်းနားတဲ့ တိုက်အိမ်ကြီးမှာနေရ၊ ကိုယ်ပိုင်ကားအမျိုးမျိုးနဲ့ ကျောင်းအပို့အကြိုလုပ်၊ ဝတ်စရာစားစရာ ပေါပြည့်လျှံ ကျောင်းပိတ်ရက်တွေမှာ နိုင်ငံကို အပန်းဖြေခရီးတွေသွားရ၊ အကောင်းဆုံး ကျူရှင်၊ ဘော်ဒါတွေမှာ အတော်ဆုံးဆရာ၊ ဆရာမတွေနဲ့ ပညာသင်ယူခွင့်ရ၊ စာမေးပွဲတစ်နှစ်ကျလဲ အဆူမခံ မခံရ၊ ပိုကောင်းတဲ့ ကိုယ်ပိုင်အထက်တန်းကျောင်း၊ ကိုယ်ပိုင် ဘော်ဒါကောင်းကောင်းမှာ ပြောင်းရွှေ့ပေးပြီး ပညာဆက်သင်ယူခွင့်ရခဲ့။




စာမေးပွဲအောင်တော့လဲ ကိုယ်သင်ယူချင်တဲ့ ပညာရပ်ကို နိုင်ငံခြားတက္ကသိုလ်တွေ သွားရောက် သင်ယူခွင့် ရရှိပြန်။ ကောင်းလိုက်တဲ့ကံဗျာ။ ငွေကို ရေလိုသုံးနိုင်တဲ့ မိဘရဲ့ အရိပ်အောက်မှာ ပညာပြီးဆုံးအောင် သင်ယူခွင့်ရတယ်။

နောင်ဘဝဆက်တိုင်း လူပြန်ဖြစ်ခဲ့ရင် ပုံစံ(၂)လက္ခဏာပုံစံပိုင်ရှင်လို ပညာသင်ချိန် ကံကောင်းဖို့အတွက် **ဒီဘဝမှာ ပညာရေးနဲ့ဆိုင်တဲ့ အလှူဒါနတွေကို စေတနာသုံးတန် ပြတ်သားစွာနဲ့ တတ်စွမ်းသမျှ လုပ်ကြဖို့လိုမယ်လို့** အကြံပေး တိုက်တွန်းရင်း ယခုဆောင်းပါးကို နိဂုံးချုပ်လိုက်ပါတယ်။

**အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...**

**ဆရာကြီး ဦးအောင်မြင့်**
*(ဥပဒေဘွဲ့)*
**လက္ခဏာဗေဒင်ပညာသုတေသီ**



www.burmeseclassic.com

www.burmeseclassic.com

# ငအောင်တိုင်နတ် ပြုစားထားလျှင်

ကာသာ သင်းမွှေ

၂၂–၃–၂၀၁၈ ရက်နေ့က မိုးတားကြီးရွာမှ ဆရာဦးမြင့်ထွန်း ပင်စင်သာထုတ်ရင်း စာရေးသူ၏အိမ်သို့ ရောက်လာပါသည်။

စာရေးသူ၏ စားပွဲပေါ်တင်ထားသော ၂၀၁၈ ခုနှစ်၊ ဧပြီလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို တွေ့ပြီး တ်ပါသည်။

**စာမျက်နှာ(၁၃၅)တွင် ကိုသိန်း င်း(ရေဦး)ရေးထားသော "နွားကို အောင်နိုင်နတ် လှဲလျှင်"** ဆောင်းပါးကို ဖတ်မိသွားပါသည်။

'ကျွန်တော်တို့ဆီမှာလဲ နွားကျွဲကို ပြုစားတဲ့ ငအောင်တိုင်နတ်ဆိုတာ ရှိတယ်။ ဒီစာအုပ်ထဲမှာက အောင်နိုင်နတ်လို့ ခေါ်ထားတယ်။ နွားကျောင်းသားပုံစံအတိုင်း ဝတ်ပြီး ငအောင်နတ်ကို ပူဇော်တာပါပဲ။ ဒေသတစ်ခုနဲ့တစ်ခု မတူညီကြလို့ ကွဲပြားသွားတာပါ။ မိုးတားကြီးကို ဆရာကြီး ရောက်တဲ့အခါ လူကြီးတွေကို မေးကြည့်ပါလား'

ဟု တိုက်တွန်းပါသည်။

'ဒေသမတူကြတော့ နတ်ပူဇော်ချင်းလဲ ကွဲမယ်၊ အခေါ်အဝေါ်လဲ ကွဲမယ်၊ နွားကျောင်းသားလို ဝတ်စားဆင်ယင်တာလဲ ကွဲမယ်ပေါ့။ မိုးတားကြီးရောက်ရင် ဆရာနဲ့ ကိုသောင်းညွန့်ရယ် ဆုံကြတာပဲ။

အဲဒီအခါ ဒီအကြောင်း နားလည်တဲ့ လူကြီးတွေနဲ့ တွေ့ပေးပါ။ မေးပြီး ဆောင်းပါး ရေးရအောင်လေ'

ဟု စာရေးသူမှ ပြောခဲ့ပါသည်။

'ခိုင်းနွား၊ခိုင်းကျွဲတွေကို ချက်ချင်း လက်ငင်းဖြစ်အောင် ပြုစားသလို လူတွေကိုလဲ ကောက်ကာငင်ကာ ပြုစားတတ်တဲ့ "ပတ်လည်နတ်"ဆိုတာလဲ ရှိသေးတယ်။ "ငအောင်တိုင်နတ်"နဲ့ "ပတ်လည်နတ်" ဆိုတာတွေက စားချင်သောက်ချင်လို့ လုပ်တာလို့ ပြောလို့မရဘူး။ ဆန် လက်တစ်ဆုပ်၊ ဆေးရွက်ကြီးနည်းနည်းနဲ့ တောင်းပန်လိုက်ရင် ပြီးသွားတာ'

ဟု ဆရာဦးမြင့်ထွန်းက ပြောပါသည်။ စာရေးသူလည်း စိတ်ဝင်စားသွားပါသည်။ မိုးတားကြီး ရောက်လျှင် မေးမြန်းကြည့်ရန်လည်း



ငအောင်တိုင်နတ် ပြုစားခြင်းအကြောင်း ပြောပြသော ကသာမြို့နယ်၊ မိုးတားကြီးရွာမှ ဦးကံကြီး(၇၄–နှစ်)ပုံ ဖြစ်ပါသည်





www.burmeseclassic.com

www.burmeseclassic.com

ဆုံးဖြတ်လိုက်ပါသည်။

ကျွဲနွားများကို ပြုစားတတ်သော **"အောင်နိုင်နတ်"**နှင့် **"ငအောင်တိုင်"**နတ် ဟူ၍ ကွဲပြားနေသည်ကိုက စိတ်ဝင်စားစရာ ဖြစ်နေပါသည်။

သို့ဖြင့် ၃၀-၃-၂၀၁၈ ရက်နေ့တွင် စာရေးသူ၏ တပည့်၏ ယောက္ခထီး ဆွမ်းတရားနာ ဖိတ်စာ ရောက်လာပါသည်။

စားအိမ်သောက်အိမ်အဖြစ် နေလာခဲ့သော တပည့်ဖြစ်သူ မမြင့်မြင့်ခင်ကို အကြောင်းပြု၍ မိုးတားကြီးသို့ ၂၉-၃-၂၀၁၈ ရက်နေ့က ရောက်သွားပါသည်။

(၃၀)ရက် ဆွမ်းတရားနာပြီးနောက် ဦးသောင်းညွန့်ကို ငအောင်တိုင်နတ်အကြောင်း၊ ပတ်လည်နတ်အကြောင်း သိချင်လို့ သိတတ်သူများထံ ပို့ပေးရန် ပြောရပါသည်။

ဆရာဦးမြင့်ထွန်းက တောမှာ ရောက်နေသဖြင့် ဆွမ်းတရားနာ မလာနိုင်ပါ။ ဦးသောင်းညွန့်က စာရေးသူအား ဦးကံကြီးအိမ်၊ ဒေါ်ကြည်ဝင်းအိမ်သို့ ခေါ်သွားပြီး တွေ့ပေးပါသည်။

* * *

အောင်နိုင်နတ် (သို့မဟုတ်) ငအောင်တိုင်နတ်အကြောင်း မိုးတားကြီးရွာ၏ ဓလေ့ကလေးကို မရေးပြမီ ကိုသိန်းဝင်း(ရှေဦး) ရေးသားထားသော **"နွားကို အောင်နိုင်နတ် လှဲလျှင်"** ဆောင်းပါးပါ အတိုချုပ်ကို ရေးပြချင်ပါသည်။ သို့မှသာ ဓလေ့ချင်းမတူ



ကွဲပြားသည်မှာ ပေါ်လွင်ပါမည်။

'အောင်နိုင်နတ်ဆိုတာ ဟိုတုန်းက နွားကျောင်းသားဘဝက ကွယ်လွန်ပြီး နတ်ဖြစ်ကာ စားသောက်ပျော်ပါးချင်လျှင် နွားပိုင်ရှင်မှ ပူဇော်ကျွေးမွေးရန် နွားအား လှဲခြင်းသာ ဖြစ်ပါသည်။

ဒီအခါ နွားပိုင်ရှင်မှ တောထဲသို့ သွား၍ (မိမိပိုင် လယ်ယာ သို့မဟုတ် နွား စတင်လှဲသည့်နေရာ) ဖျင်ကြမ်းလွယ်အိတ်စုတ် (၁)လုံး၊ ပလွေတို(၁)ချောင်း၊ လက်ဖက် (၁)ထုပ်(အစိမ်း)၊ ဆေးရွက်ကြီး(၁)ရွက်၊ ထန်းလျက်ခဲ(၁)လုံး၊ ခမောက်အစုတ်(၁)လုံး၊ ဘူးသီးခြောက်ရေဘူး(၁)ဘူး၊ နွားမောင်း ကြိမ်(၁)ချောင်းတို့ဖြင့် ပူဇော်ကျွေးမွေးရုံဖြင့် နွားမှာ "နင်နေခဲ့၊ ငါသွားတော့ပြီ"ဆိုရလောက်အောင် ချက်ချင်း ပျောက်ကင်းပါသည်။

သွားရောက်၍ ပူဇော်ကျွေးမွေးစဉ် ရွတ်ဆိုရမည့်စကားမှာ "အရှင်အောင်နိုင်နတ်မင်း...အကျွန်ုပ် လယ်ဆင်းရန် သင်နှောင့်ယှက်သော နွားအား အကောင်းပကတိရှိပါစေ"ဟု ရွတ်ဆိုရမည်ကို ကျေးရွာဓလေ့ ထုံးတမ်းတစ်ခုအား ဗဟုသုတ အလို့ငှာ တင်ပြရပါသည်'

ဟူ၍ ဖြစ်ပါသည်။

* * *

ဦးကံကြီးအိမ်ရောက်တော့ ဦးကံကြီးကို အရံသင့် တွေ့ရပါသည်။ ရောက်မဆိုက်ပင် အောင်နိုင်နတ်က နွားကျွဲကို လှဲကြောင်း...

နွားကျောင်းသားပုံစံ ဝတ်ဆင်လျက် အောင်နိုင်နတ် ဖမ်းစားခြင်း ပျောက်အောင် တောင်းပန်ရကြောင်းကို နက္ခတ္တရောင်ခြည် မဂ္ဂဇင်းတွင်ပါသည့်အတိုင်း အတိုချုံး၍ ပြောပြပြီး မိုးတားကြီးနယ်တွင်လည်း ထိုသို့ ရှိကြောင်း...

သို့သော် ငအောင်တိုင်ဟု ခေါ်သည်မှာ ကွဲပြားနေကြောင်း၊ ဦးလေးတို့က ပိုသိမည်ဖြစ်၍ လာမေးခြင်းဖြစ်ကြောင်း ရှင်းပြပါသည်။

ထိုအခါ ဦးကံကြီးက...

'ဆရာကြီးက အိမ်ကို မလာစဖူး လာလို့ ဘာများ အကြောင်းထူးရှိလို့လဲ ထင်နေတာ'

ဟု စာရေးသူအား ပြောပြီး...

'ဆရာကြီးပြောသလိုဆိုရင် ကျွန်တော်တို့ဆီက ငအောင်တိုင်နတ်လို့ ခေါ်တာ မှန်ပါတယ်။ သူတို့ဒေသနဲ့ သူတို့ခေါ်တဲ့ နာမည်က တစ်မျိုးဖြစ်မှာပေါ့'

ဟု ရှင်းပြပါသည်။ ထို့နောက် ငအောင်တိုင်နတ်ဖမ်းစား (သို့မဟုတ်) ပြုစား(သို့မဟုတ်) ကျီစယ်လျှင် ငအောင်တိုင်နတ်ကို ပင့်၍ ကုစားပုံကို သေချာ ဂဃနဏ ပြောပြပါသည်။

**နွားကျွဲကို ငအောင်တိုင်နတ် ပြုစားလျှင် လဲပြီး ပြန်မထမည်။ မျက်လုံးများပြူး၍ နားရွက်များ ထောင်ကာ တရှူးရှူး တရှဲရှဲ နှာမှုတ်ပြီး ကြောက်လန့်နေသလို ဖြစ်မည်။**

**ချွေးများ ထွက်နေမည်။ ထိုအခါ နတ်ပြုစားသည်ကို ကုသနိုင်သူက အောက်ပါအတိုင်း (နွားကျောင်းသားပုံစံ) ဝတ်ဆင်ရမည်။**

အကျႌ ညစ်ညစ်နွမ်းနွမ်း အစုတ်အပြဲ ပါသည်ကို ဝတ်ရမည်။ ခေါင်းဆိုး

www.burmeseclassic.com

www.burmeseclassic.com

သည်း ထို့နည်းတူ ဝတ်ရမည်။ ခမောက်စုတ်ကို လည်မှာ သိုင်းရမည်။ ပုဆိုးစုတ်တစ်ထည်ကို ပခုံးမှာ သိုင်းရမည်။ လွယ်အိတ်စုတ်စုတ် နွမ်းနွမ်းကို လွယ်ထားရမည်။

လွယ်အိတ်ထဲတွင် ထမင်းတစ်ထုပ် ထည့်၊ လောက်စာလုံးလေး,ငါးဆယ်လုံးထည့်၊ ဟိုတုန်းကတော့ လောက်လေး ကိုင်းကို ခုံးတစ်ဖက်မှာ ချိတ်၊ ယခုခေတ်မှာတော သားရေဖတ်ခွကို လွယ်အိတ်ထဲ ထည့်ထားရမည်။

လက်ကိုင်ပဝါ ခပ်နွမ်းနွမ်းကို ခေါင်းမှာ ပတ်ချည်ထားရမည်။ ရောဂါဖြစ်နေသော နွားကို ချည်တိုင်မှာ ချည်ထားပြီး လက်ယာရစ်ကို (၇)ပတ် ပတ်ရပါမည်။ ထိုသို့လှည့်ပတ်စဉ်...

'ငအောင်တိုင်...ငအောင်တိုင် ကျုပ်(ဘကြီး,ဘထွေး,ဦးလေး,ဦးကြီး,ကြီးတော်စသည်)ရဲ့နွားကို ဘာကြောင့် လုပ်ရတာလဲကွယ်၊ မရက်စက်ပါနဲ့ကွယ်'

ဟု သီချင်းကဲ့သို့ ဆိုလိုက် ပလွေကိုလဲ မှုတ်လိုက်၊ နွားလို လှည့်ပတ်လိုက် လုပ်ရပါသည်။

ထို့အတူ...

'လုပ်ငန်းခွင် ဝင်ရတော့မှာမို့ ပြုစားထားရင်လဲ ပျောက်အောင် လုပ်ပေးပါလို့ တောင်းပန်ပါတယ် ငအောင်တိုင်ရယ်'

ဟု သီချင်းလို ဆိုလိုက်၊ ပလွေမှုတ်လိုက်၊ နွားလို လှည့်ပတ်လိုက် လုပ်ရပါသည်။

ထိုသို့ သီချင်းကဲ့သို့ လုပ်ဆိုလိုက်၊ ပလွေမှုတ်လိုက်ဖြင့် (၇)ပတ် ပြည့်အောင် နွားကို လှည့်ပတ်ပြီးသော်



နွားသည် ခဏာမျှကြာလျှင် အကောင်းပကတိ ဖြစ်သွားသည်။

ထိုသို့ ပြုလုပ်သော်လည်း ကြောက်သလို ဖြစ်နေပြီး ရှန်းကန်နေလျှင် ရောဂါတစ်ခုခု စွဲကပ်သောကြောင့်ဟု သတ်မှတ်ပါသည်။

ငအောင်တိုင်နတ် ပြုစားလျှင် အထက်ပါအတိုင်း နွားကျောင်းသားလိုဝတ် သီချင်းဆိုကာ ပလွေမှုတ်ပြီး လက်ယာရစ်(၇)ပတ် ပတ်လျှင် ပျောက်တာ များပါသည်။

'ငအောင်တိုင်နတ်ကို ဘာမှလဲ ပသတာ၊ စားစရာ တင်တာလဲ မရှိပါလား'

ဟု စာရေးသူက မေးရာ...

'ငအောင်တိုင်က စားချင်သောက်ချင်လို့ လုပ်တာ မဟုတ်ဘူး၊ ကျီစားချင်လို့လဲ ဖြစ်မယ်။ သူ့ကို အလေးထားစေချင်တာလဲ ဖြစ်မယ်။ ပလွေမှုတ်ပြီး ဖျော်ဖြေရတယ်ဆိုတော့ ပျော်ချင်လို့လဲ ဖြစ်မယ်'

ဟု ဦးကံကြီးက ပြောပြပါသည်။

'လွယ်အိတ်ထဲ ထမင်းထုပ် ထည့်တာက ငအောင်တိုင်နတ်ကို ပူဇော်ဖို့ မဟုတ်ဘူးလား'

ဟု စာရေးသူက မေးမြန်းရာ...

'အဲဒီထမင်းထုပ်က ငအောင်တိုင်နတ်ကို ချော့ပေးပြီး နွားကျောင်းသားလို ဝတ်ဆင်၊ ပလွေမှုတ် တီတွတ်တာတွတ်တွေ ပြောတဲ့လူ စားဖို့ ထည့်ပေးထားတာ'

ဟု ဦးကံကြီးက ရှင်းပြပါသည်။

'ပတ်လည်နတ် ဆိုတာကော ဦးကံကြီး မသိဘူးလား'

ဟု စာရေးသူက မေးပြန်ပါသည်။

'ပတ်လည်နတ်ကို ကြားဖူးပါတယ်၊ ဘယ်လို ကစားတယ်ဆိုတာတော့ သေသေချာချာ မသိဘူး။ ရွာနောက်ပိုင်း ဒေါ်ကြည်ဝင်းက သိမယ်ထင်တယ်။ သူက နှံ့စပ်တယ်။ ငအောင်တိုင်နတ်အကြောင်းလဲ သူ့ကို မေးရင် သိနိုင်ပါတယ်'

ဟု ဦးကံကြီးက ဖြေပါသည်။

ထို့ကြောင့် စာရေးသူနှင့် ဦးသောင်းညွန့်တို့သည် မိုးတားကြီးရွာ အနောက်ပိုင်းက ဒေါ်ကြည်ဝင်း အိမ်သို့ သွားကြပြန်ပါသည်။

ငအောင်တိုင်နတ် အကြောင်း မေးရာ ဦးကံကြီးက ပြောပြသည့် အတိုင်း ပြောပြပါသည်။ ဒေါ်ကြည်ဝင်းက...

'ကျွန်မတို့ ရှမ်းတိုင်းရင်းသားတွေဟာ အဘိုးအဘွားတုန်းကတည်းက ငအောင်တိုင်နတ်လို့ပဲ ခေါ်ခဲ့တာပါ'

ဟု ပြောပါသည်။

ထို့နောက် ပတ်လည်နတ် အကြောင်း မေးပြန်ပါသည်။ ဒေါ်ကြည်ဝင်းက ရှင်းပြပါသည်။

**ပတ်လည်နတ် အကြောင်းကို နောက်တစ်ပတ်မှ ရေးသားဖော်ပြပေးပါမည်။**

***ကောင်းမှုတစ်ခု နေ့စဉ် ပြုနိုင်ကြပါစေ။***

ကသာ သင်းမွှေး



www.burmeseclassic.com

www.burmeseclassic.com

ရှေးခေတ်တိုင်းရင်းဆေးဆရာတို့ အသုံးပြုခဲ့သော စန်းသုဦး–နဝင်းသုဦး

# ခန္ဓာပျက်တွက်နည်းများ




ဗိန္ဒောဆရာခေါ် ရှေးတိုင်းရင်းဆေးဆရာတို့ ထိုခေတ် ထိုအခါက အသုံးပြုခဲ့သော မိမိလူနာနှင့်ပတ်သက်၍ အကောင်းအညံ့ ရောဂါအခြေအနေတို့ကို ဗေဒင်ပညာ တွက်ကြည့်ကာ ယတြာနှင့်ဆေး သင့်အောင် ပေးလေ့ ရှိခဲ့ကြ၏။

**ထိုယတြာတွက်နည်း**တို့ကို စာရေးသူမှ ပညာ ဗဟုသုတရစေခြင်းငှာ ပြန်လည် ရှာဖွေ တင်ပြ ရေးသား လိုက်ရပါသည်။

### စန်းသုဦး–နဝင်းသုဦးတွက်နည်း

လူနာ၏ အသက်ကိုတည် (၂)နှင့်စားပါ၊ လဒ်မလို အကြွင်း(၀) သုညကြွင်းသော် စန်းသုဦး၏ အသက်ကို တည်ပြီး (၉)နှင့်စားပါ၊ အကြွင်း(၀) သုညကြွင်းသော် နဝင်းသုဦး၏။

### ခန္ဓာပျက်ကိန်း တွက်နည်း

လူနာ၏ အသက်ကိုတည်ပြီး မွေးနံဂြိုဟ်သက်နှင့် ပေါင်းပါ။ ထို ပေါင်းပြီးကို (၃)နှင့်မြှောက်ပါ။ ထိုမြှောက်ပြီးကို (၉)နှင့်စားပါ။ အကြွင်း(၀-၆)သုညနှင့် (၆)ခုကြွင်းလျှင်မူ ခန္ဓာပျက်ကိန်းနှပ့်ကြုံ၏။

လက်တွေ့ တွက်ပြပါမည်။ ဥပမာ အသက်(၅၁)နှစ် ရှိသူ ၁နွေသား လူနာကို တွက်ကြည့်မည်ဆိုပါစို့။

***

| **စန်းသုဦးအတွက်** | **နဝင်းသုဦးအတွက်** |
|---|---|
| စားကိန်း ၂÷၅၁= ၂၅လဒ်မလိုပါ | စားကိန်း ၉÷၅၁=၅ လဒ်မလိုပါ |
| ၅၀ | ၄၅ |
| ၁=စန်းမသုဦးပါ | ၆=နဝင်းမသုဦးပါ |

စန်းနဝင်း မသုဦးပါ။ ခန္ဓာပျက်ကိန်းကို ဆက်လက် ကြည့်ကြပါစို့။

*** ⟶

အထက်ပါ အသက်(၅၁)နှစ် ၁နွေသားကို တွက်ကြည့် ရာ စန်းနှင့် နဝင်းမှာ မသုဦးသည်ကို တွေ့ရပြီး ခန္ဓာ ပျက်ကိန်းမှာတော့ (၀)သုညကြွင်းသဖြင့် ပျက်ကိန်း နေပါသည်။

ထို့ကြောင့် အသက်ဆုံးရှုံးမှု မရှိနိုင်သော်လည် ကျန်းမာရေးကား အတော်ပင် ညံ့နေပါသည်။ ယတြာ ပေးချေရန် လိုပါသည်။

### ယတြာတွက်နည်း

ရောက်ဆဲ ကောဇာသက္ကရာဇ်ကို တည်ပါ။ သူနာ၏ ဂြိုဟ်သက် ပေါင်းပါ။ ထိုပေါင်းပြီးကို (၃)နှင့် မြှောက်ပါ။ ထိုမြှောက်ပြီး (၇)နှင့် စားပါ။ အကြွင်းအတိုင်း အောက်ပါ ယတြာချေ အဟောကို ကြည့်ပြီး ယတြာချေပေးပါ။

**လူနာအသက်** ၅၁
**၁နွေဂြိုဟ်သက်** + ၆
———
၅၇
**မြှောက်ကိန်း** × ၃
**စားကိန်း** ၉÷၁၇၁ | ၁၉ **လဒ်မလိုပါ**
၉
———
၈၁
၈၁
———
၀ **အကြွင်းပ**



www.burmeseclassic.com

www.burmeseclassic.com

**၁=ခုကြွင်းလျှင်**... တရားပူဇော်ပါ။
**၂=ခုကြွင်းလျှင်**... ဘုရားမှာ ရွှေချပါ။
**၃=ခုကြွင်းလျှင်**... ရက္ခစိုးပူဇော်ပါ။
**၄=ခုကြွင်းလျှင်**... ငါးဖြစ်စေ,စာသူငယ်ဖြစ်စေ လွှတ်ပါ။
**၅=ခုကြွင်းလျှင်**... သံဃာတော်တို့အား ဆွမ်းကျွေးပါ။
**၆=ခုကြွင်းလျှင်**... အိပ်ရာနေရာ ပြောင်းပါ။
**၀=သုညကြွင်းလျှင်**...ကိုယ်စား မြေမြှုပ်ပေးပါ။

ယတြာပြုလုပ်ရန် တွက်နည်းကို **အသက်(၅၁)နှစ် ၁နွေသားကို ဥပမာတွက်ပြပါမည်။**

***

| | | |
|---|---|---|
| ရောက်ဆဲကောဇာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ် | | |
| **လူနာ ၁နွေသားပြိုဟ်သက်** | | + ၆ |
| | | ၁၃၈၆ |
| မြှောက်ကိန်း | | × ၃ |
| စားကိန်း | ၇ ÷ | ၄၁၅၈\|၅၉၄ **လဒ်မလိုပါ** |
| | | ၃၅ |
| | | ၆၅ |
| | | ၆၃ |
| | | ၂၈ |
| | | ၂၈ |
| | | ၀**အကြွင်းကိုယူပါ** |

၁၃၈၀ ပြည့်နှစ် အသက်(၅၁)နှစ်ရှိ ၁နွေသား လူနာကို တွက်ကြည့်ရာ (၀)သုညကြွင်း ဖြစ်သဖြင့် **ကိုယ်တိုင်းကိုယ်စားပြုလုပ်ပြီး မြေမြှုပ်ယတြာအစီအရင်** ပြုလုပ်ပေးရမည်ဟု တွေ့ရပါသည်။

**ကိုယ်တိုင်းယတြာပြုလုပ်ရန်မှာ...**

- ၁နွေသားအတွက်... အုန်းသား...အင်သား
- ၂လ်ာသားအတွက်...ကံ့ကော်သား...ကုက္ကိုသား
- ၃ဂါသားအတွက်... ဆီးသား...ညောင်သား
- ၄ဟူးသားအတွက်... လဲဝါသား...ဝါးသား
- ၅တေးသားအတွက်...သဖန်းသား...ပေါင်ပွဲသား
- ၆ကြာသားအတွက်...သီးသား...သီဟိုဠ်သား
- စနေသားအတွက်... ထိမ်သား...ထနောင်းသား

မိမိမွေးနံအလိုက် အသားကိုယူကာ ကိုယ်နှင့်တိုင်းပြီးဖြတ်၍ ဆံပင်အနည်းငယ်၊ လက်သည်းခြေသည်း၊ အဝတ်အစားတို့ကို သူ့နေရာနှင့်သူ တပ်ဆင်ပြီး မိမိမွေးနံ၏ ဘုမ္မိကျသောအရပ်တွင် မြေ၌ မြှုပ်ပါ။

**ဘုမ္မိကျသော အရပ်ကို ရှာနည်းမှာ...**

***

| | | |
|---|---|---|
| ၁ | ၂ | ၃ |
| ၆ | | ၄ |
| ၈ | ၅ | ၀ |

❖**၁နွေသား၏ဘုမ္မိသည်**...ဗုဒ္ဓဟူး *[တောင်အရပ်]*
❖၂လ်ာသား၏ဘုမ္မိသည်...စနေထောင့် *[အနောက်တောင်ထောင့်]*
❖၃ဂါသား၏ဘုမ္မိသည်... ကြာသပတေးအရပ် *[အနောက်အရပ်]*
❖၄ဟူးသား၏ဘုမ္မိသည်...ရာဟုထောင့်*[ရာဟုထောင့်]*
❖၅တေးသား၏ဘုမ္မိသည်...တနင်္ဂနွေထောင့် *[အရှေ့မြောက်ထောင့်]*
❖၆ကြာသား၏ဘုမ္မိသည်...အင်္ဂါ*[အရှေ့တောင်ထောင့်]*
❖စနေသား၏ဘုမ္မိသည်...သောကြာ*[မြောက်အရပ်]*

သက်ဆိုင်သော အရပ်တွင် မြှုပ်ရမည်ဖြစ်၏။

အထက်တွင် ဥပမာတွက်ပြခဲ့သော **အသက်(၅၁)နှစ် ၁နွေသား ယတြာမှာ...**

အင်သားကို ခန္ဓာကိုယ်အရပ်နှင့် တိုင်းဖြတ်ကာ ဆံပင်,ခြေသည်းလက်သည်း,အင်္ကျီ, ပုဆိုးအစတို့ကို သူ့နေရာနှင့်သူ တပ်ဆင်ပြီး ၁နွေသား၏ ဘုမ္မိရပ်ဖြစ်သော တောင်အရပ်တွင် မြှုပ်နှံရမည်ဖြစ်ပါသည်။

***သုနက္ခတ္တံ ကောင်းသောနက္ခတ်နှင့် ကြုံ၍ ကောင်းကျိုးသုခ ရရှိကြပါစေ။***

**ကောင်းခန့်(သခွတ်မြေ)**
**ဝက်လက်**



www.burmeseclassic.com

www.burmeseclassic.com



# အပူဆောင် ဒီနည်းနဲ့ ကူပါလား

မောင်ဝင်း
(ရေနံ့သာ)

'မောင်ဝင်းမောင်ရေ... မင်းနဲ့ငါ မြောက်ဘက်ကို ဘုရားရှေ့ချ သွားမယ်ကွာ။ မင်းပါ လိုက်ခဲ့။ သီတင်းကျွတ်လမပြည့်ခင် တို့ အရောက်သွားမှ ဖြစ်မယ်'

'ဟုတ်ကဲ့ ကျွန်တော်တို့ သွားကြမယ်'

ကျွန်တော့်ဆရာ ကျွန်တော့်မိဘ ကျွန်တော့်ယောက္ခမက ပြောလိုက်ပါတယ်။ ကျွန်တော့်ကို ပညာသင်ပေးတဲ့အတွက် ကျွန်တော့်ဆရာ၊ အနန္တဂိုဏ်းဝင်ဖြစ်တဲ့အတွက် မိဘ၊ ကျွန်တော့်မိန်းမရဲ့အဖေ ဖြစ်လို့ ကျွန်တော့်ယောက္ခမပါ။

ကျွန်တော့် ယောက္ခမနဲ့ ကျွန်တော်ဟာ လိုအပ်တဲ့ ပစ္စည်းများ ထည့်ယူပြီး လက်ပံပင် ကားဂိတ်ရှိတဲ့ နေရာကို ထွက်ခွာလာခဲ့ပါတယ်။

လက်ပံပင်ကားဂိတ်မှ တစ်ဆင့် ကားစီးပြီး စက်စက်ယို၊ စောပြာ၊ ကျားကိုက်၊ ပိန္နဲကွင်း၊ ပန်းတောကြီး ကားဂိတ်များကို ဖြတ်ကျော်၍ ကျွန်တော်တို့ ဆင်းရမယ့် လယ်တဲငယ်ကားဂိတ်သို့ ဆိုက်ရောက်ခဲ့ပါပြီ။

'မောင်ဝင်းမောင်ရေ... တို့ ဆင်းကြမယ်ဟေ့၊ ဒီကနေ့ တာအတိုင်း လမ်းလျှောက်သွားရမယ်။ တော်တော်တော့် ဝေးသေးတယ်ကွ'

လို့ ကျွန်တော့်ယောက္ခမက ပြောရင်း ကျွန်တော်တို့နှစ်ယောက် လမ်းလျှောက်လာခဲ့ပါတယ်။

'ဟော...ဟိုမှာ **ယိုးဒယားကွင်း** လို့ ခေါ်တယ်ကွ။ ဒီဘက်က **စူးထိုးကွင်းရွာ**ပေါ့'

'ဟုတ်ကဲ့ ဟုတ်ကဲ့'

ကျွန်တော်ဟာ နောက်ဘက်က လိုက်ရင်း စကားတပြောပြောနဲ့ပေါ့။

'သိပ်တော့ မဝေးတော့ပါဘူးကွာ၊ ရောက်တော့မှာပါ။ ဒီချောင်းလေး ကူးပြီးလို့ သွားလိုက်ရင် ထောက်ကြံကွင်းရွာကို ရောက်ပါပြီ'

ကျွန်တော့် ယောက္ခမကလဲ စကားတပြောပြော၊ ကျွန်တော်က လဲ နောက်ကလိုက်နဲ့ ထောက်ကြံကွင်းရွာဆီကို ရောက်လာခဲ့ပါတော့တယ်။

'လာဟေ့... ဘုန်းကြီးကျောင်းကို သွားကြရအောင်၊ ကျောင်းပေါ်ရောက်မှ အမောအပန်း ဖြေတာပေါ့'

'ဟုတ်ကဲ့'

လို့ ပြောရင်း နောက်ဘက်မှ ဘုန်းကြီးကျောင်းပေါ်သို့ တက်လိုက်ခဲ့ပါတယ်။

'လာဟေ့ ဒကာကြီး ရွှေလဝင်း၊ ဦးပဉ္ဇင်းတို့ကျောင်းမှာ သီတင်းကျွတ်လပြည့်အမီ ဘုရားတွေကို ရောင်တော်ဖွင့်ချင်လို့ ဒကာကြီးကို မှာလိုက်တာ၊ ဒကာကြီး ရောက်လာတာနဲ့ အတော်ပဲဟေ့'

'မှန်ပါ့...ဘုရား'

'ဒါပေမယ့်... ဦးပဉ္ဇင်းတို့မှာ ငွေအင်အား နည်းနေတယ်ကွ။ ဒါကြောင့် ဒကာကြီးရွှေလဝင်း တစ်ဖက်တစ်လမ်းက ပါဝင်ပါဦး ဒကာကြီးရယ်'

'ဒီအတွက်တော့ မပူပါနဲ့ ဘုရား၊ တပည့်တော်တို့ အသံချဲ့စက်နဲ့ အလှူရှင်ကို ဖိတ်ကြားပြီး အောင်မြင်အောင် ဆောင်ရွက်ပေးပါ့မယ် ဘုရား'

'အိမ်း...အိမ်း... ဦးပဉ္ဇင်း ယုံကြည်ပါတယ် ဒကာကြီး'

ကျောင်းထိုင်ဆရာတော်မှ ဝမ်းမြောက်စွာ ပြောကြားနေပါပြီ။

'ဒကာကြီးတို့ ဝါတောကွင်းမှာ ဘုရားတည်ခဲ့တာ ဦးပဉ္ဇင်း ယုံကြည်ပါတယ်'

'တင်ပါ့ ဘုရား။ ကဲ...အသံချဲ့စက်နဲ့ တပည့်တော် ဘုရားပင်ရွာထဲက ကော်မတီတွေကို ဖိတ်ကြားလိုက်ပါဦးမယ်။ အသံချဲ့စက်

www.burmeseclassic.com

တပ်ဆင်ပေးပါဘုရား'

'ရတယ်...ရတယ်'

အသံချဲ့စက် တပ်ဆင်အပြီးမှာတော့ ကျွန်တော့်ယောက္ခမဟာ ဘုရားပင့်၊ ကော်မတီများကို ဖိတ်ကြား အလှူရှင်များကိုလဲ ဖိတ်ခေါ်ပြီး ခဏအကြာမှာတော့...

'ဆရာရွှေလဝင်း ဘယ်တော့ရောက်လဲ၊ ကျွန်တော်ကြားလို့ လာခဲ့တာ။ အိမ်ကို ရေနွေးသောက်ရင်းလိုက်ခဲ့ပါဦး'

ထောက်ကြံ့ကွင်းရွာထဲမှ ဂေါပကလူကြီးတစ်ဦးက လာရောက်ဖိတ်ကြားနေပါတယ်။

ကျွန်တော့် ယောက္ခမနဲ့ ကျွန်တော်ဟာ အသံချဲ့စက်ပိတ်ပြီး ရွာထဲကို လိုက်ခဲ့ပါတော့တယ်။

'လာ...ဆရာ၊ အိမ်ပေါ်တက်'

ဆိုပြီး ခေါင်းရင်းခန်းမှာ ဖျာခင်းလို့ ပေးနေပါပြီ။

'ဒီသူငယ်က...'

'အဲဒါ ကျွန်တော့်သမက်ပါ'

'ဩော်...ဟုတ်လား၊ အင်း...အင်း'

ကျွန်တော်တို့ ထိုင်လိုက်ချိန်မှာ ရေနွေးလင်ပန်းနဲ့ ထန်းလျက်ခဲလာချပေးပါတယ်။

'ဟင်... ရေနွေးမထည့်ရသေးပါလား၊ ရေနွေးထည့်ပါဟ'

အိမ်ရှေ့မှာ စကားထိုင်ပြောနေတဲ့ အိမ်ရှင်ဦးလေးဟာ လှမ်းအသံပြုလိုက်ပါတယ်။

'လာပြီ...လာပြီ။ ရေနွေးအိုးဆူတော့မယ်ဟ...ခဏလေးပါ'

အိမ်ရှင် ဒေါ်လေးတစ်ယောက်ဟာ အိမ်ရှေ့ကိုလဲ လှမ်းအသံပြုရေနွေးအိုးကိုလဲ မီးထိုးနေပါတယ်။

'ဟေ့...ကလေးတွေ သွား...အောက်ကို သွားဆော့'

ကလေးတစ်ယောက်ဟာ အိမ်ရှေ့ဘက်နဲ့ မီးဖိုချောင်ထဲကို ပြေးဝင်လိုက် ပြေးထွက်လိုက်နဲ့ ဆော့နေပါတယ်။ ဒါကို အိမ်ရှင်ဦးလေးမှ ကျွန်တော်တို့နဲ့ စကားပြောနေရင်း သူ့ကလေးကို လှမ်းမာန်လိုက်ပါတယ်။

'အဲဒီလိုပဲ ဆရာရေ... ကလေးတွေ တယ်လဲ ကဲတာပဲ'

'ကလေးဆိုတာ ဒီလိုပေါ့ဗျာ'

'ဒုန်း...ဒုန်း...ဒုန်း'

ပြောနေရင်းမှ မီးဖိုချောင်ဘက်ကို ပြေးဝင်သွားပါတော့တယ်။

'ရေနွေးအိုး ဆူပြီဟေ့၊ ရေနွေးအိုးယူလာခဲ့တော့'

မီးထိုးနေတဲ့ သူ့ဇနီးမှ လှမ်းပြီးအသံပြုမှာ ကျွန်တော်တို့နဲ့ စကားပြောနေတဲ့ ဦးလေးဟာ ရေနွေးကြမ်းအိုးကို ကိုင်ပြီး "ဆရာရေ...ခဏနော်" ပြောပြီး ရေနွေးထည့်ရန် မီးဖိုဘက်ကို ဝင်သွားပါတယ်။ ကျွန်တော်တို့ သမီးယောက္ခမလဲ စကားပြောနေရင်း...

'ဂလုန်း...ဗုန်း...အင့်'

'အမယ်လေး... လာကြပါဦး၊ ရေနွေးပူတွေ လောင်ကုန်ပြီ...လုပ်ကြပါဦး'

'လူလေး...လူလေး...သားလေး'

ဟင်... ဘာတွေဖြစ်ကုန်ပါလိမ့်၊ ကျွန်တော့်ယောက္ခမနဲ့ ကျွန်တော်လှမ်းအကြည့်လိုက်မှာ စောစောက အိမ်အပြင်နဲ့ မီးဖိုဘက်ကို ပြေးဆော့နေတဲ့ ကလေးဟာ သူ့အမေရေနွေးထည့်နေတဲ့ ရေနွေးအိုးကိုင်းကို မီးဖိုချောင်ထဲမှ ပြေးအထွက်မှာ ခြေထောက်နဲ့ ကိုင်းနဲ့ချိတ်ပြီး မှောက်အလဲမှာ တစ်ကိုယ်လုံး ရေနွေးဆူနေတဲ့အပူ လောင်ခံရပါတယ်။

အသံကြားလို့ ဘေးအိမ်တွေမှလဲ ရောက်လာကြပါတယ်။

'ဟဲ့...ဟဲ့...ငံပြာရည်နဲ့လိမ်း၊ ဟို...မှင်ဘူး ရှိလား၊ ဟဲ့...နင်ကလဲ မှင်ဘူးဘယ်ရှိမလဲ၊ အခုခေတ်က ဘောလ်ပင်တွေ သုံးနေတာ'

'အေးဟယ်...ငါလဲ မှတ်မိသရွေ့သိသလောက် ပြောရတာပါ'

ဘေးအိမ်က လူများ ရောက်လာပြီး တစ်ယောက်တစ်ပေါက်နဲ့ အကြံဉာဏ်ပေးနေပါတယ်။

'အင်း...ဒီပွဲကို ငါဝင်မှ ဖြစ်တော့မယ်'

လို့ ကျွန်တော် စိတ်ကူးရပြီး အိမ်ရှေ့ဘက်အခန်းမှ ထလာပါတယ်။

'ဦးတို့... ဒေါ်ဒေါ်တို့... ခဏနေကြပါဦးခင်ဗျာ၊ ကျွန်တော် ဒီကလေးကို ကူညီပေးပါ့မယ်။ ဘာမှ မပူပါနဲ့'

ကျွန်တော် ပြောလိုက်တဲ့အချိန်မှာ စောစောက ငံပြာရည်တောင်းလို့ မီးဖိုချောင်ထဲမှ ရှာဖွေပြီး ငံပြာရည်ပုလင်းကို ကိုင်ပြီး ထွက်လာတဲ့ အမျိုးသမီးတစ်ယောက်ကို တွေ့လိုက်ရပါတယ်။

'ခဏ...ခဏနေပါဦး၊ ဒီငံပြာရည်နဲ့လဲ မလိမ်းပါနဲ့၊ ကျွန်တော့်ကို တစ်ခုပဲ ကူညီပါ'

'ဘာကူညီရမှာလဲ၊ မြန်မြန်ပြောပါ။ ကလေးက ပူအားကြီးလို့ လူးနေပြီ...အချိန်မဆွဲပါနဲ့'

ကျွန်တော့်ဘေးမှ [illegible]စွာစွာ



www.burmeseclassic.com

www.burmeseclassic.com

အမျိုးသမီးတစ်ဦးက ခပ်တည်တည်နဲ့ ကျွန်တော့်ကို ဝင်ပြောနေပါတယ်။

'ဟုတ်ကဲ့... ကျွန်တော့်ကို ဆပ်ပြာအကြမ်းပေါ့နော်၊ တစ်ခဲ နည်းနည်းပေးပါ။ ရေတစ်ခွက်နဲ့လဲ ရေနည်းနည်းပေးပါ'

ကျွန်တော် ပြောလိုက်တဲ့အခါမှာ နောက်ဘက်မှ အမျိုးသမီးတစ်ဦးဟာ ရေတစ်ခွက်နဲ့ ဆပ်ပြာအကြမ်းကို ယူလာပြီး ကျွန်တော့်ကို ပေးပါတယ်။

'ရော့...ရော့...အစ်ကို၊ ဒီမှာ ရေခွက်နဲ့ ဆပ်ပြာ'

အဲဒီပစ္စည်းနှစ်ခု ကျွန်တော့်ဆီရောက်ရင်ပဲ ကျွန်တော်လဲ လုပ်ငန်းစ,ပါတော့တယ်။

'လာ တူကြီး၊ ဘာမှ မကြောက်နဲ့၊ ဦးလုပ်ပေးမယ်။ ငြိမ်ငြိမ်လေး နေနော်'

ကျွန်တော်ဟာ ရေနွေးပူလောင်တဲ့ ကလေးကို ချော့မော့ပြီး ဆပ်ပြာအကြမ်းနဲ့ ရေအနည်းငယ် ဆွတ်ပြီး ရေနွေးပူလောင်တဲ့ ကလေးရဲ့ကိုယ်ပေါ်ကို **ဆပ်ပြာရည် သုတ်လိမ်းပေးနေပါပြီ။**

တစ်ခါခြောက်လိုက် နောက်တစ်ခါ တဖြည်းဖြည်း သုတ်လိုက်နဲ့ နှံ့စပ်ပြီဆိုတော့မှ ကျွန်တော် ခေတ္တနားလိုက်ပါတယ်။

ဒီအချိန်မှာ အိမ်ပေါ်ကို တက်လာတဲ့ လူတစ်ယောက်ဟာ လှမ်းပြောလိုက်ပါတယ်။ ''ကလေးကို ငံပြာရည် မသုတ်ဘူးလား''တဲ့။

-'ဒီမှာ ဦးရွှေလဝင်းရဲ့သား ပြုစုပေးနေတယ်'

ကျွန်တော့်ကို ဟုတ်မှ ဟုတ်ပါ့မလားဆိုတဲ့ သံသယ မျက်လုံးများနဲ့ ဝိုင်းပြီးကြည့်နေတဲ့အခါမှာ...

'ဒီမှာခင်ဗျာ...အခု ကျွန်တော် သုတ်လိမ်းပေးတဲ့ ဆပ်ပြာရည်ဟာ သိပ်မကြာခင်မှာ ကလေးဟာ ပိုပြီး ပူလာပါလိမ့်မယ်။ ဘာမှ မကြောက်ပါနဲ့၊ ခဏလောက် ယပ်ခတ်ပေးပါ။ ခပ်ဖြည်းဖြည်းပေါ့။

ပူလို့ဆိုပြီး ဆပ်ပြာသုတ်လိမ်းထားတဲ့ နေရာကို အဝတ်နဲ့တို့ကခြင်း၊ ရေဆေးပေးခြင်း မပြုလုပ်ပါနဲ့လို့ ကျွန်တော်ကြိုတင် မှာထားပါရစေနော်...'

'အမေ ပူတယ် ပူတယ်'

ကျွန်တော် ပြောနေစဉ်မှာပဲ ကလေးဟာ တအားပူလာပါပြီ။ ကျွန်တော် ယပ်တောင် ခဏတောင်းပြီး ခပ်ဖြည်းဖြည်း ယပ်ခတ်ပေးနေပါတယ်။

**'အပူလောင်လို့ အဖုပေါက်တယ်ဆိုတာ လောင်လိုက်တဲ့ အပူရဲ့ အငွေ့ဟာ အပြင်ကို ပြန်မထွက်လို့ အဖုပေါက်တာပါ။ အခုလို အပူကို ပြန်ထွက်တဲ့အတွက် ကလေးမှာ အဖုမပေါက်တော့ပါဘူး'**

ကျွန်တော် ရှင်းပြနေတာကို မိဘရော ဘေးက သူများပါ ယုံကြည်မှုရှိလာပြီဆိုတာ ကျွန်တော် အကဲခတ်လိုက်ပါတယ်။

'နောင်ကို ဘယ်လို အပူမျိုးပဲလောင်လောင် အခုအတိုင်းသာ ပြုလုပ်ပေးပါ။ ဘာမှ အန္တရာယ် မဖြစ်ပါဘူး'

ဆိုတာကို ရေနွေးကြမ်းသောက်ရင်း ကျွန်တော် ရှင်းပြလိုက်ပါတယ်။

'ကဲ...ကျွန်တော်တို့လဲ ကျောင်းကို ပြန်လိုက်ဦးမယ်'

'ဟာ...ဆရာ ပြန်တော့မလို့လား၊ အားနာလိုက်တာ ဆရာရယ်၊ ရေနွေးတောင် ကောင်းကောင်း မသောက်လိုက်ရဘူး ဆရာရယ်'

အိမ်ရှင်မှ အားနာစွာ ပြောလိုက်တဲ့အတွက် ကျွန်တော်တို့ကလဲ ပြန်ပြီးတော့...

'ရပါတယ်...ကိစ္စမရှိပါဘူး'

ပြန်လှန်ပြောရင်း အိမ်ပေါ်က ဆင်းလာခဲ့ပါတော့တယ်။

နောက်တစ်နေ့ အရောက်မှာတော့ အိမ်ရှင်ဦးလေးဟာ ကျွန်တော်တို့ ရွှေချနေတဲ့ ကျောင်းပေါ်ကို တက်ရောက်လာပါတယ်။

'လာ...ဦးလေး'

ကျွန်တော် လှမ်းနှုတ်ဆက်လိုက်ပါတယ်။

'ဘယ့်နှယ်လဲ...ညက ကလေး အိပ်ရတယ် မဟုတ်လား၊ အဖုရော ပေါက်သေးလား'

'အိပ်ရပါတယ်၊ အဖုလဲ မပေါက်ပါဘူး၊ ကျေးဇူးတင်ပါတယ် ကလေးရယ်'

'ရပါတယ် ဦးရယ်... ကြုံတုန်း ကူညီခွင့်ရတာပါ'

ကျွန်တော့်ယောက္ခမနဲ့ ဦးလေးဟာ စကားပြောနေရင်း ကျွန်တော် ဘုရားခန်းဘက်ကို ရွှေချရန် ထသွားပါတော့တယ်။

တော်တော်လေး အကြာမှာတော့...

'ကဲ...ဆရာရေ သွားလိုက်ဦးမယ်၊ ငါ့တူရေ...ဦးလေးပြန်မယ်'

'ဟုတ်ကဲ့...ဟုတ်ကဲ့'

နှုတ်ဆက်ရင်း ဘုရားကို ဝတ်ပြုလို့ ကျောင်းပေါ်က ပြန်ဆင်းသွားပါတော့တယ်။

**[မှတ်ချက် ။ ။ ဒီကုသနည်းလေးကို ပြောပြတဲ့ ကျွန်တော့်အမေကို ဂါရဝနဲ့ ဂုဏ်ပြုလိုက်ပါတယ်။]**

**မောင်ဝင်း(ရေနံ့သာ)**



www.burmeseclassic.com

www.burmeseclassic.com

# အသမြားပင်အကြောင်း

အုံ့မခန်း

ကိုလွန်း (မင်းလှ)



▲ အသမြား(ခ)သမြားနီပင်

အသမြားပင်တွင် **အဖြူ,အနီ** နှစ်မျိုးရှိသည်ဟု ဆိုကြပါသည်။ အပင်ပေါက်သည့် မြေအရောင်ပေါ် မူတည်၍ အရောင်ကွာခြားသည်ဟု ထင်ပါသည်။ အင်တိုင်းဆန်သော မြေများတွင် သဘာဝအလျောက် ပေါက်ကြပါသည်။ အဖြူ,အနီ ကွာသော်လည်း ဆေးစွမ်းကတော့ အတူတူဖြစ်မည် ထင်ပါသည်။

ယခုအခါ အသမြားပင်ကို ကင်ဆာရောဂါ ပျောက်သည်ဟုဆိုကာ ဆေးဖော်စပ် ရောင်းချနေကြပါသည်။ ထို့ကြောင့် အသမြားပင်သည် ဖြူသည်ဖြစ်စေ၊ နီသည် ဖြစ်စေ ဆေးဖက်ဝင်သည်ကတော့ အမှန်ဖြစ်ပါသည်။

အသမြားပင်ကို မြန်မာနိုင်ငံအနှံ့ သဘာဝပေါက်ပင် အဖြစ် တွေ့ရပါသည်။ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါ ခရိုင်၊ သရက်ခရိုင်ဘက်တွင်လည်း ပေါက်ပါသည်။ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ ကြို့ပင်ကောက်၊ မင်းလှ၊ အရှေ့ရိုးမတောင်ခြေ အင်တိုင်းတောများတွင် ပေါက်သည်ကို တွေ့ရပါသည်။

မြေနီတွင်ပေါက်၍ ဥအရောင်အနီကို **"သမြားနီ"** ဟု ခေါ်ကြပါသည်။ ယင်းကို ဒေသအလိုက် အချို့က **"သန်းသေပင်"**ဟူ၍ လည်းကောင်း၊ အချို့က **"ဖောက်သေပင်"**ဟူ၍ လည်းကောင်း ခေါ်ကြပါသည်။ ယင်း၏ ဥကို ထု၍ ခေါင်းလျှော်ရည်ထဲ ထည့်လျှော် လျှင် ခေါင်းမှာရှိသော သန်းများ,ဖောက်များ သေသည် ဟု ဆိုကြပါသည်။

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့အရှေ့ ကျွန်တော့်ခြံ ဝတ်ဝန်းကျင် အင်တိုင်းတောများတွင်လည်း ပေါက်ပါ သည်။ ကျွန်တော်မှာ မြန်မာဆေးပင်များကို စုဆောင်း ပြီး လိုအပ်သူများကို ဖြန့်ဝေပေးတတ်သည့် ဝါသနာ ရှိသဖြင့် ထိုအသမြားပင်မှ ဥများကို တူးစုထားပါသည်။

တစ်နေ့ ဂန့်ဂေါပင်ရွာမှ ကိုဇော်ဝင်းက အသမြားဥ အိတ်တစ်အိတ် ပို့လိုက်သဖြင့် ရေဆေးပြီး ဖျာကြမ်းခင်း ၍ အိမ်ရှေ့နေပူတွင် လှန်းနေပါသည်။

'အဘောကြီး ခဏ...ခဏ'

ကျွန်တော့်ဇနီးက အိမ်ထဲမှ ခေါ်သဖြင့် ထသွားပါ သည်။ ဧည့်သည်တစ်ဦးကိုလည်း တွေ့ပါသည်။

'ဒီက မောင်သိန်းညွန့်က အူမှာ ကင်ဆာဖြစ်လို့တဲ့၊ အဘောကြီးဆေးမြစ်က ကင်ဆာပျောက်တယ်ဆို ပေးလိုက်ပါလား'

'သူက သောက်မှာမို့လား'

'ဟုတ်ကဲ့...သောက်ပါ့မယ်ခင်ဗျာ'





www.burmeseclassic.com

www.burmeseclassic.com



▲ မင်းလှမြို့ ပေါက်ကုန်းရွာမှ ဦးသိန်းညွှန့်

‘သူက မောင်သိန်းညွှန့်တဲ့၊ ပေါက်ကုန်းမှာနေတယ်’

‘ဘယ်လိုဖြစ်တာလဲ’

‘လွန်ခဲ့တဲ့ နှစ်ပတ်လောက်က ဗိုက်အောင့်လို့ ရန်ကုန်သွားပြတာ အူမှာ ကင်ဆာတွေ့တယ်တဲ့’

‘အေး’

‘အဘဆေးမြစ်က ကင်ဆာပျောက်တယ်ကြားလို့ သောက်ချင်လို့ပါ’

‘သောက်ချင်ရင် ပေးပါတယ်၊ ကင်ဆာပျောက်တယ်ဆိုပြီး ဆေးဖော်ပြီး ရောင်းနေကြတဲ့လူတွေလဲ ရှိတယ်လို့ ကြားတယ်။ ငါကတော့ ပေးမယ်။ သောက်ကြည့်၊ အခြေအနေ ပြန်ပြော’

‘ဟုတ်ကဲ့အဘ…ပေးပါ၊ ကျွန်တော်သောက်ပါ့မယ်’

‘အေး…အေး…ယူသွား’

ဆေးမြစ်(၁၀)မြစ်ခန့် ပေးလိုက်ပါသည်။ ဆေးမြစ်ကို ထုပြီး တစ်ခါကျို တစ်မြစ်လောက်ကို ရေဖြင့် သုံးခွက် တစ်ခွက်တင် ကျို၍ မနက်,နေ့လယ်,ညလက်ဖက်ရည်ပန်းကန်တစ်လုံးလောက် သောက်ရန်လည်း မှာလိုက်ပါသည်။ သူ့ကို ပေးလိုက်ပြီး နောက်ပိုင်းလည်း မကြာမကြာ လာတောင်းသူများလည်း ပေးလိုက်ပါသည်။

ကျွန်တော့်အိမ်တွင် ဝါသနာအရ ရှားပါးဆေးပင်အတော်များများ စိုက်ထား၊ စုထားပါသည်။ ကျွန်တော်မရှိခိုက် ခြံထဲ သွားနေကလည်း ကျွန်တော့်ဇနီးက ပေးတတ်ပါသည်။ ကျွန်တော် ရေးသော နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ဆောင်းပါးများဖတ်ပြီး လာတောင်းသူများကိုလည်း ပေးပါသည်။ အချို့ကိုလည်း စာတိုက်ကတစ်ဆင့် ပို့ပေးရပါသည်။

မိမိဆေးပေးလိုက်ရ၍ ရောဂါနှင့် ဆေးတည့်ကာ ပျောက်သွားကြောင်း သိရလျှင် အလွန် ပီတိဖြစ်ရပါသည်။ ထိုပီတိကို မည်သည့်ငွေနှင့်မျှ လဲ၍ ရနိုင်မည် မထင်ပါ။

ယခုဆေးပေးလိုက်သော ကိုသိန်းညွှန့်ဆိုသူမှာ မင်းလှမြို့နယ်၊ ပေါက်ကုန်းရွာတွင် နေထိုင်ပြီး ခြံလုပ်စားသောသူ ဖြစ်ပါသည်။

ကျွန်တော့်အမျိုးသမီးနှင့် ယခင်ကပင် သိခဲ့သူ ဖြစ်ပါသည်။ ကျွန်တော်နှင့်တော့ သိပ်ရင်းနှီးမှု မရှိပါ။ ဆေးပေးပြီး နှစ်ပတ်ခန့်အကြာ ကိုသိန်းညွှန့် အိမ်သို့ ဆိုင်ကယ်ဖြင့် ရောက်လာပါသည်။

‘အဘ ကျွန်တော် သိန်းညွှန့်လေ၊ အဘဆေးပေးလိုက်တာ’

‘အေး…အေး… မင်း ကင်ဆာဆိုတာ ဘယ်လိုနေလဲ’

‘ဗိုက်အောင့်တာတော့ သက်သာသွားတယ်။ ရန်ကုန်ပြန်မပြရသေးလို့ မသိရသေးဘူး။ ဆေးက အတော်ထူးလို့ အဘ လာပြောတာ’

‘ဘာထူးတာလဲကွ’

‘အဲဒီဆေးကို..အဘပြောတဲ့အတိုင်း သောက်တာ… ကင်ဆာကတော့ ရန်ကုန် သွားမစစ်ရသေးလို့ မသိသေးဘူး။ ကျွန်တော်ကုပ်မှာ ပေါက်နေတဲ့ အနှစ်(၂၀)လောက်ရှိတဲ့ နှင်းခူကြီး အချပ်လိုက် ကွာကျပြီး ပျောက်သွားလို့ အဘရဲ့’

‘ဟေ…တယ်ဟုတ်ပါလားကွ’

‘အဲဒီနှင်းခူက ဘာနဲ့မှမရဘူး။ ကျွန်တော် ဆေးစုံနေပြီ၊ အခုမှ ပြေးတော့တယ် အဘရယ်’

‘အေး…ကောင်းပေါ့ကွာ၊ ဒါ အသမြားဥရဲ့ အစွမ်းပဲကွ၊ လူအများသိအောင် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကတစ်ဆင့် စာရေးမယ်ကွာ’

‘ရေးဖြစ်အောင် ရေးပါ အဘ’

***သတ္တဝါအားလုံး ကျန်းမာကြပါစေ။***

**ကိုထွန်း(မင်းလှ)**



www.burmeseclassic.com

www.burmeseclassic.com

ထူးခြားဆန်းကြယ်သော

ဦးမင်းဇင် (ရွှေနဝင်း)

# ဓာတ်လုံးများ



အပိုင်း( ၄ )

လောကကြီးမှာ ထူးထွေဆန်းပြား ဓာတ်လမ်းများ များစွာရှိကြသည့် အထဲမှာမှ ဓာတ်ကောင်း, ဓာတ်မြတ် အစစ်အမှန် ဓာတ်ပစ္စည်း အထူး အဆန်းလေးများ ကံအားလျော်စွာ ရှိထားကြပါသော်လည်း မျောက် အုန်းသီးရသလိုမျိုး ဘာလုပ် ရမှန်းမသိ ကိုယ်ထင်ရာကိုယ်စိုင်း ပြီးကာမှ နောင်တရကြရသော ဖြစ်စဉ်လေးပေါင်းများစွာ ရှိကြပါ သည်။ ထိုအထဲမှ...

စာရေးသူကိုယ်တိုင် ကြုံတွေ့ခဲ့ရ သောဖြစ်စဉ် နှောင်းနောင်တ ကြုံရ သူလေးနှင့် မိတ်ဆွေရင်းချာတချို့ အင်္ဂါရတ်ပညာနယ်ပယ်ထဲမှာ တဝဲ လည်လည် ကြုံတွေ့ကြရပုံ ဓာတ်လမ်းစုံလေးများကို ဝါသနာရှင် သုတေသီများ ကြားမြင်သုတ ဖြစ်စေရအောင် တင်ပြပေးပါမည်။

ဟိုးလွန်ခဲ့သော နှစ်လေးငါးဆယ် ကာလကဒီဆူဇာ ဆေးတိုက် ကိုယ်စားလှယ်တစ်ဦး ဖြစ်သော ဦးထွန်းဖေဟုခေါ်သည့် မိတ်ဆွေ ကြီးသည် ထိုစဉ်က စီးပွားရေး အဆင်ပြေ၍ လက်ဖျား ငွေသီးနေ သလို သူဝါသနာပါသည့် အင်္ဂါရတ် ပညာကိုလည်း လူအား, ငွေအား အပြည့်ထားပြီး ကြိုးစားကာ ရှာနေ သည့် အချိန်အခါလည်း ဖြစ်နေ သည်။

သူ့မှာက ငွေကြေးအတွက် ပူပင် စရာမရှိ ပြီးပြည့်စုံနေလေတော့ အင်္ဂါရတ်လုပ်ရတ် စားလမ်း ရွှေဖြစ် လမ်းကို သူ လုံးဝ စိတ်မဝင်စားဘဲ သိဒ္ဓိတက်လမ်း ဓာတ်ကြီးလမ်းစဉ် ကိုသာ စိတ်ဝင်စားကာ ကြိုးစား ရှာဖွေပါတော့သည်။

ထို ဓာတ်ကြီးလမ်းစဉ်တွေထဲမှာမှ **"သံသေဓာတ်လုံး"** လမ်းစဉ် တစ်ခုဖြစ်သော "ခြသံ"ကို စီရင် သည့် ဓာတ်လမ်းကို အထူး စိတ်ပါဝင်စားလေတော့ တောအန့် တောင်အန့် ခင်ရာမင်ရာ အသိ မိတ်ဆွေများကို မလွတ်တမ်း အသိ ပေး ရှာဖွေခိုင်းပြီး အကောင်းဆုံးဖြစ် သည့် ခြသံ, အမြုတေသံလုံးနှင့် တကွ ခြသံမဏ္ဍိုင်အုံလိုက်ကြီး တစ်ခုလုံးကို ရအောင် ရှာကြံနိုင်ခဲ့ လေသည်။

သူသည် အခြေခံဓာတ်ကောင်း ဖြစ်သည့် ခြသံကောင်းကောင်းကို ရရှိထားပြီဆိုတော့ကား သမားစဉ် လမ်းကောင်းတစ်ခုဖြစ်သော **သံကို မင်းလေးပါးနှင့် သတ်သည့် လမ်းစဉ်**ကို အထူးပြုမေဂျာအဖြစ် သတ်မှတ်လိုက်ပါတော့သည်။

သည်တော့ မင်းလေးပါးဓာတ်မှာ အဓိကဖြစ်သော စိန်နီမြင်းသွား အစစ်၊ ဂျာမဏီမှလာသော စိန်နီ မြင်းသွားကို ပေါင်ထုပ်လိုက်မှာယူပြီး **"သံသေဓာတ်လုံး"** လမ်းစဉ်ကို အင်တိုက်အားတိုက် စီရင်၍ ဖိုခွင် ဝင်ပါလေတော့သည်။

သို့သော် သူ ထင်ထားသလို ဓာတ်လမ်းစဉ်က ဖြစ်မလာပေ။ စာညွှန်းမလိုက် လမ်းစဉ်မကိုက် ဖြစ်နေလေတော့ ငါ ဒီလောက် အကောင်းဆုံးတွေကို ရွေးချယ်ပြီး



www.burmeseclassic.com

www.burmeseclassic.com

စီမံတာကို ဘာလို့များ ဓာတ်လမ်းစဉ် မအောင်မြင်ရပါလိမ့်ရယ်လို့ နာလို ခံခက် မာနတက်၍ အပြီးတိုင်အောင် စီရင်မပဟဲ့ဆိုပြီး မာန်တင်းပြီးတော့ ဇာတ်ကြမ်းတိုက်လာလိုက်တာ…

သူရှာဖွေထားသည့် ခြသံမဏ္ဍိုင် အုံလိုက် တစ်ပိဿာကျော် အလေး ချိန်သည် နောက်ဆုံးမတော့ (၅) ကျပ်သား ကျန်တော့သည့် အနေ ရောက်လာပါတော့သည်။ အဲဒီမှာ တော့ မဖြစ်ချေဘူး ဒီခြသံမျိုးလေး သာ ကုန်သွားလျှင်တော့ ဘာမှ လုပ်၍ရမှာ မဟုတ်တော့ဘူးရယ်ဟု သူ့အတွေးဝင်လာပါသည်။

သို့နှင့် ဒီလမ်းစဉ်ကို တကယ် သေချာသိနားလည်သည့် ဆရာ ကောင်းကို ရှာတွေ့မှာပဲ။ နောက်ဆုံး လက်ကျန် ခြသံမျိုးစေ့လေးကို ဓာတ်လမ်းစီမံတော့မည်ဟု ဆုံးဖြတ် ချက်ကို ပိုင်ပိုင်ချလိုက်ပါတော့သည်။

တစ်နှစ်လောက် အချိန်ယူပြီး ဆရာရှာလိုက်တာ နောက်ဆုံး မတော့ ပြည်ဘက်က **မြင်ဘာဟု တောင်ဆရာတော်နှင့်** တွေ့ဆုံ လိုက်တော့မှပဲ ဆရာကောင်းကို အမှီရတော့လေသည်။

မြင်ဘာဟုတောင်ဆရာတော်နှင့် တွေ့တော့ သူ ဒီခြသံလမ်းစဉ်ကို အလီလီ စီမံကြိုးစား အားထုတ်ခဲ့ရ ပုံတွေကို အသေးစိတ် ပြောပြလိုက် တော့…

ဆရာတော်က သေချာနားစိုက် နေပြီးမှ…

'မောင်ရင် ကန့်ဓာတ်ကို ဘာကန့်သုံး သလဲ'

ဟု တစ်ခွန်းတည်း မေးလေ သည်။

ဒီတော့…

'တပည့်တော် ဆီးဖြူကန့် အကောင်းစား ကို သုံးပါတယ်'

ဟု ပြောလိုက်တော့…

'အေး…အဲဒီမှာ စ,ပြီးတော့ လွဲပြီပေါ့'

ဟု တိုတိုပဲ ပြောလိုက်ပြီး…

'ခြသံကို မင်းလေးပါးနဲ့ သတ်တဲ့ လမ်းကို လုပ်တော့မယ်ဆိုရင် အရင်ဦးဆုံး လကျ်ာကန့်ကို ရအောင် အရင်ရှာပြီးမှ စီရင်ရတယ် မောင်ရင်ရဲ့ ဒါမှ လိုရာခရီး အမြန်ပြီးတာပ'

ဟု ပြောလေ၏။

'ဒါဆို တပည့်တော်မှာတော့ လကျ်ာကန့် မရှိလေတော့ ဘာမှ လုပ်မရတော့ဘူးထင်တယ်။ ကြိုး စားထားခဲ့သမျှတော့ သဲထဲရေသွန် ကိန်း ဆိုက်နေပါပြီ'

ဟု ပြောလိုက်တော့ ဆရာတော် က…

'ဒီလိုလဲ မဖြစ်ရလေအောင် ဘုန်းကြီးမှာ လကျ်ာကန့် အနည်း အကျဉ်း ရှိတာလေးကို မောင်ရင်ကို စွန့်လိုက်ပါမယ်'

ဟု ပြော၍ ဘုန်းကြီး အိပ်ခန်း ထဲသို့ဝင်သွားပြီး ပြန်ထွက်လာ တော့…

'မောင်ရင် လကျ်ာကန့်အစစ်ကို သေချာ ဂဃနဏ သိသလား'

ဟု မေးလေသည်။

'တပည့်တော် ဆရာတော် ပြမှာသာ သိရမှာပါ ဘုရား'

ဟု ပြောလိုက်သောအခါ **ရွှေ ရောင်လို ဝင်းပြောင်းနေသော လက်မအနေလောက် အရွယ် သတ္တုတုံးလေး**ကို ထုတ်ပြလိုက်ပါ သည်။ **မအေးရှင်** တကယ့် ရွှေတုံး အတိုင်းပင် ကြည့်ရတာ နှစ်လိုဖွယ် ကောင်းလှပါသည်။

"ဆရာတော် အခုပြလိုက်၍သာ **လကျ်ာကန့် အစစ်မှန်း** တပည့် တော် သိရတာပါဘုရား။ မဟုတ်လို့ ကတော့ **ရွှေပါဝင်နေတဲ့ ရွှေဆတ် ကျောက်**လို့ပဲ ထင်မိမှာမလွဲပါ"ဟု ဦးထွန်းဖေ၏ စိတ်ထဲ တွေးနေပါ တော့သည်။

'ဆရာတော် ဒါဆို တပည့်တော်ကို လကျ်ာကန့်အစစ် ဓာတ်လုံးတစ်လုံး တည်နိုင်လောက်တဲ့ အလေးချိန်ဖြစ်တဲ့ (၂)ကျပ်သားလောက် စွန့်ပါဘုရား'

ဟု အရဲစွန့်၍ လျှောက်ထားလိုက် ပါတော့သည်။

ဆရာတော်လည်း ခပ်တွေတွေ လေး စဉ်းစားနေပြီးမှ…

'အေးလေ မောင်ရင်ကလဲ စိတ်ဆန္ဒ အလွန် အဓိပတိတက်နေလေတော့ ဘုန်းကြီးမှာ ဓာတ်(၅)ကျပ်သားလောက် ရှိတဲ့အထဲကနေ (၂)ကျပ်သား စွန့်လိုက်ပါ့ မယ်။ ဒါပေမယ့် မောင်ရင် အခုလုပ်မယ့် ဓာတ်လမ်းစဉ်ကိုတော့ မချွင်းမချန် ဘုန်းကြီးကို အကုန်ပြောပြရမယ်'

ဟု စကားဆိုခဲ့လေပြီ။

ဦးထွန်းဖေလည်း ဆရာတော် စကား ကြားလိုက်ရတော့ အလွန် ဝမ်းသာသွားပြီး သူ၏ ဓာတ်လမ်း စဉ်ကို အသေးစိတ် ပြောပြလေတော့ သည်။

---

သံသေဓာတ်လုံးလမ်းစဉ်

---

ခြသံကောင်းကောင်း (၂)ကျပ်သား ကို မင်းလေးပါးဓာတ် (စိန်နီမြင်ဒေါ ကျောက်သေအန်း၊ လကျ်ာကန့်အစစ် ပန်းသေးဟင်းရိုင်းအစစ်) ပေါင်းဓာတ်



www.burmeseclassic.com

www.burmeseclassic.com

လေးပါးကို (၂)ကျပ်သားစီ ဆတူ ကောလီသားကျအောင် ဖျော်ထောင်းပြီး သံပရာရည်နှင့် (၃)ကြိမ်ကြိတ်။

(၃)ကြိမ် နေခြောက်သွေ့အောင် နေလှန်း၍ ဓာတ်များအားလုံး ဝင်ဆံ့လောက်သော လုံးတစ်လုံးတွင် သေချာသိပ်၍ ထည့်ပြီး ပွဲမီးဖြင့် (၇)ရက်ပုတ်ရပြီး…

ယင်းမှရသော ဓာတ်ပြာကို ကြေးနီအစစ် ကြေးဖလားအနေတော်တစ်လုံးတွင် ရှားစောင်းလက်ပပ် သရွှေရည်နှင့် ဆတူထည့်၍ အရည်ခန်းအောင် ချက်ရပါသည်။ ထိုမှချက်၍ရသောပြာကို ဖားဖိုမီးဖြင့် လက်ချားမီးပွကို သုံးပြီး ဓာတ်သားပြန်ချယူရပါသည်။

အဲဒီကမှရလာသော **"သံသေပြဒါးဓာတ်သား"** ဓာတ်သားကို **သန့်စင်ထားသော နာ(ခဲ)**ဖြင့် လေးတူတွဲ၍ ချက်သွားရပါမည်။

ဤသို့ **နာကို ဓာတ်၏ (၇)လေး (၇)ပြန်လောက် ချက်လာခဲ့လျှင်** နောက်ဆုံးအချိန်တွင် ဓာတ်သားသည် ကျစ်လစ်လာ၍ ဃနစီးလာပြီး ပြဒါးရည် ငုပ်လာသည့်အခါတွင်…

**နာကို အရည်ကျို၍** နာအရည်ထဲကို ယင်းဓာတ်လုံးကို ထည့်လိုက်လျှင် နာအရည်သည် လက်ချားချော်ကဲ့သို့ ကြည်၍ အရည်ကျဲသွားပြီး လက်ချားချော်လို ဖြစ်သွားပြီဆိုလျှင် ဓာတ်လုံး ပထမအဆင့် အောင်မြင်သွားပါပြီ။

ဤအဆင့်သို့ ရောက်လျှင် ဓာတ်လုံး လုံခွံဖြင့် **ကြေးကိုထည့်ကျင်းလိုက်လျှင်** ယင်းကြေးသည် မာ၍ ကျွတ်ဆတ်ပြီး ကြိတ်ကြေဖြစ်၍ ယင်းကို ကိတ်မီးလင်းအခေါက်နှင့်တွဲ၍ ထိုးလိုက်လျှင် တစ်ခါတည်း မိတ္တူဖတ္တူဖြစ်၍ သွားပါမည်။



အခုတင်ပြခဲ့သည်တို့မှာ ဦးထွန်းဖေ၏ မူရင်းဓာတ်လမ်းစဉ် ဖြစ်ပါသည်။ ဆရာတော် ပေးလိုက်သော လက်ျာကန့်အစစ်နှင့် ဓာတ်လမ်းတည်ပြီး ထိုးလိုက်သည့်အခါမှာတော့ ထူးခြားဆန်းကြယ်မှုများကို တွေ့ရပါတော့သည်။

ယခင် ဆီးဖြူကန့်နှင့် လုပ်တုန်းက ဘာမှ ထူးထူးထွေထွေ မဖြစ်သော်လည်း ယခု လက်ျာကန့်နှင့် ဓာတ်လမ်း တည်လိုက်သည့်အခါမှာတော့ ပထမဦးဆုံး ထူးခြားတာကတော့ ဓာတ်ပြာထည့်၍ ချက်သော ကြေးဖလားကို ဆေးချက်ပြီး အရင်လို ဖိုခန်း၏ နံရံလက်တန်းပေါ်တွင် တင်ထားခဲ့ပြီး မေ့လျော့နေခဲ့လေသည်။

တစ်ညမှာတော့ ဖိုခန်းထဲမှာ ကြွက်ကို ကြောင်လိုက်ရာမှ ကြေးဖလားကိုတိုက်မိပြီး အောက်သို့ ကျသွားလေသည်။

နံနက်ပိုင်းတွင် ဓာတ်ထိုးရန် ဖိုခန်းထဲဝင်လိုက်တော့ လက်နှစ်လုံးလောက်ရှိသည့် နီဝါရောင်ရှိသော အကွင်းလေးတစ်ခုနှင့် အုန်းမှုတ်ခွက်လို မည်းမည်းအရောင်ခွက်လေးတစ်ခုကို တွေ့ရ၍ အမှိုက်ဆိုပြီး ပစ်ဖို့ ကောက်ကြည့်လိုက်တော့မှ ဓာတ်ပြာထည့်၍ ချက်ခဲ့သော ကြေးဖလားလေးမှန်း သိလိုက်ရတော့သည်။

ဘယ့်နှယ် ကြေးဖလားအကောင်းလေးကနေ အခု နှစ်ပိုင်းကို တိတိပပ ပိုင်းဖြတ်ထားသလိုကို ဖြစ်နေတာကိုက ထူးဆန်းနေပေသည်။

တစ်ပိုင်းက ကြေးနီရောင်ဖြစ်နေပြီး တစ်ပိုင်းကတော့ မည်းနက်နေတာ ဘာကြောင့်များပါလိမ့်ဟု သူသေချာ စဉ်းစားကြည့်လိုက်တော့မှ ရေးရေး သဘောပေါက်လာပါတော့သည်။

မည်းနက်နေသည့် အပိုင်းက ဓာတ်ပြာတွေကို ရှားစောင်းလက်ပပ်ရည်နှင့် ထည့်ချက်တုန်းက ဆေးရည်ဓာတ်ပြာများ ထိစပ်နေသည့် ကြေးဖလားနေရာဖြစ်နေပြီး ထိုနေရာမှနေ၍ မည်းနက်၍ ကြွပ်ဆတ်နေပြီး ပြတ်ထွက်လာခြင်း ဖြစ်ပေသည်။

ဓာတ်ကောင်းဓာတ်မှန် ရှားပါးအဖိုးတန် ပင်ကိုသိဒ္ဓိဝင်ဖြစ်နေသော ဂမ္ဘီရပစ္စည်းများ၏ အစွမ်းသတ္တိကို လက်တွေ့ သိမြင်လိုက်ရသောအခါ မိတ်ဆွေကြီး ဦးထွန်းဖေမှာတော့ မှင်တက်မိသွားလေတော့သည်။

**(ရှေ့လတွင် ကြေးဖလား ကြိတ်ကြေ မည်းနက်နက်လေးမှ ထူးခြားသည့် လျှို့ဝှက်ချက်နှင့် သံသေဓာတ်လုံးတို့၏ ပထမအဆင့်တွင် တွေ့ကြုံခဲ့ရသော ထူးခြား ဆန်းကြယ်မှုများကို ဆက်၍ တင်ပြပေးပါမည်။)**

**ဦးမင်းဖင်(ရွှေန[illegible])**



www.burmeseclassic.com

www.burmeseclassic.com



သျှမြင်း
(မင်းကာင်း)

# ကြယ်ပဲ ဝပျိုးမယ်

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍတွင် ၂၀၁၄ခုနှစ်မှ စတင်၍ "ကြယ်ပဲ"သည် သီးနှံ အမျိုးအစားသစ်တစ်ခု အနေဖြင့် ဝင်ရောက်လာသည်ကို တွေ့ရသည်။

ကြယ်ပဲတွင် အရေးပါသော သက်စောင့်ဓာတ်အချို့ ပါဝင်သောကြောင့် ဆေးဝါးအဖြစ် ထုတ်လုပ်ရာတွင် လည်းကောင်း၊ စားသောက်ကုန်လုပ်ငန်းနှင့် လူသုံး ကုန်ပစ္စည်း ထုတ်လုပ်ရာတွင် လည်းကောင်း အသုံးပြု ကြသည်။

ထို့ပြင် ကြယ်ပဲရွက်ကို လက်ဖက်ခြောက်အစားထိုး ပစ္စည်းအဖြစ် မိသားစု တစ်နိုင်တစ်ပိုင် ထုတ်လုပ်နိုင်ခြင်း ကြောင့် စိုက်ပျိုးရေးသမားများအနေဖြင့် ကြယ်ပဲစိုက်ရန် စိတ်ဝင်စားလာကြသည်။

သို့သော်လည်း ရင်းနှီးကျွမ်းဝင်မှုမရှိသော သီးနှံသစ် ဖြစ်သည့်အပြင် ဩဂဲနစ်စိုက်ပျိုးရေး (သို့မဟုတ်)ဂျီအေပီ စနစ် စိုက်ပျိုးရေး ဖြစ်ခြင်းကြောင့် စိုက်ပျိုးရန် မဝံ့မရဲ ဖြစ်နေကြကာ အရှုံးဖြင့် ရင်ဆိုင်ရမည်ကို တွေး၍ စိုးရိမ်ကြောက်ရွံ့နေကြသည်။

စင်စစ် စိုးရိမ်ရန် လုံးဝ မလိုပါ။ ဩဂဲနစ်စိုက်ပျိုးရေး၊ ဩဂဲနစ်ဆေး ဆိုသည်မှာလည်း အထူးအဆန်း မဟုတ်ပါ။ ရှေးဘိုးဘွားတို့ စိုက်ပျိုးခဲ့ကြသော **ဓာတုလွတ် စိုက်ပျိုးရေးနည်းကို အခြေခံယူထားသည့် နည်းစနစ် တစ်ခု**ပင် ဖြစ်သည်။

ဩဂဲနစ်ဆေး ဆိုသည်မှာလည်း ရှေးဘိုးဘွားတို့ ကျင့်သုံးခဲ့သော **သဘာဝပိုးနှင်နည်း၊ ပိုးကာကွယ် နည်းများ**ပင် ဖြစ်သည်။ မခက်ခဲလှပါ။

ကျေးလက်နေ စိုက်ပျိုးရေးသမားများအနေဖြင့်မိမိတို့



www.burmeseclassic.com

www.burmeseclassic.com



နေထိုင်ရာ ဝန်းကျင်မှာပင် သဘာဝမြေသြဇာ၊ သဘာဝ ပိုးဆေးများ လွယ်လင့်တကူ ရနိုင်သောကြောင့် ဖြစ်သည်။

မျိုးစေ့ ဖောက်ခြင်း၊ ပျိုးထောင်ခြင်း၊ မြေချစိုက်ပျိုးခြင်း၊ ပြုစုခြင်းနှင့် ရိတ်သိမ်းသိုလှောင်ခြင်းတို့မှာ ရိုးရှင်းလွယ်ကူလှသည်။

ဦးစွာ **ကြယ်ပဲမျိုးစေ့ ရွေးချယ်ခြင်း၊ မျိုးစေ့ဖောက်** ပုံတို့ကို တင်ပြလိုပါသည်။

**ကြယ်ပဲစိုက် တောင်သူများအနေဖြင့် မျိုးစေ့ ရွေးချယ်ရာ၌ အညိုရောင်သမ်းပြီး မျိုးစေ့ပေါ် အကြောအစင်းများပါကာ အစေ့ မာတင်းနေလျှက် လတ်လတ်ဆတ်ဆတ် ဖြစ်နေသည်ကိုသာ အသုံးပြုရပါမည်။**

လတ်လတ်ဆတ်ဆတ်ဟု ဆိုခြင်းမှာ မလတ်ဆတ်ပါက အိတ်ထဲ သွင်းထားသော ရက်လွန် မျိုးစေ့များသည် ပေါက်ရန် ရာနှုန်းမပြည့်မီသောကြောင့် ဖြစ်သည်။

**ရွေးချယ်ထားသော မျိုးစေ့များတွင်...**

- အရောင်ဖျော့ အကြောအမှျင်မပါခြင်း၊
- မျိုးစေ့ထိပ် ပွန်းပဲ့နေခြင်း၊
- မျိုးစေ့ အခွံကွာနေခြင်း၊
- မျိုးစေ့ချက်ထိပ် ပွန်းပဲ့နေခြင်း၊
- မျိုးစေ့ သေးငယ်နေခြင်း၊
- မျိုးစေ့ပေါ် မှိုတက်နေခြင်း

စသည်များ တွေ့ရှိပါက အသုံးပြုရန် လုံးဝ မသင့်တော်ပေ။

အစေ့အဆန်အောင် ညီညာပြည့်ဖြိုးသည့် အရည်အသွေးကောင်းမွန်သော မျိုးစေ့များ(**Good Quality Seeds**)ကို ရွေးချယ် ပျိုးထောင်မှသာလျှင် ပျိုးပင်များ ညီညာသန်စွမ်းမည်။

တစ်ဖန် စိုက်ကွင်းတွင် မြေချစိုက်သောအခါတွင်လည်း မျိုးစေ့ အားနည်းမှုကြောင့် ဖြစ်ပေါ်နိုင်သည့် ပြဿနာများ ကြုံတွေ့လာခြင်းမှ ကင်းလွတ်သွားမည် ဖြစ်သည်။

အပြစ်ကင်းစင်သော **ဩဂဲနစ်ကြယ်ပဲမျိုးစေ့**များသည် ယေဘုယျအားဖြင့် တစ်ကီလိုလျှင် အစေ့ ခြောက်ရာမှ ရှစ်ရာ ဝန်းကျင်ရှိသည်။ **(တစ်ကီလိုသည် မြန်မာ့အလေးချိန် ခြောက်ဆယ့်တစ်ကျပ်သားနှင့် ညီမျှပြီး အခြင်အဝင်အနေဖြင့် နို့ဆီဘူး ခြောက်လုံး ရှိသည်။)**

တစ်ကီလိုတွင် ပါဝင်သော ယင်းအရေအတွက်သည် စိုက်တစ်ဧကအတွက် ကောင်းစွာ လုံလောက်သည် ဆိုသော်လည်း စိုက်ပျိုးရေး ပညာရှင်တို့၏ အဆိုအရ...

မြေပြန့်တွင် ပင်ကြားတန်းကြားအကွာအဝေး **(၉) ပေ×(၉)ပေ** စနစ်ဖြင့် စိုက်ပျိုးပါက ဝင်ဆံ့အပင်ဦးရေ **(၅၂၀)ပင်...**

ပင်ကြားတန်းကြားအကွာအဝေး **(၁၂)ပေ×(၆)ပေ** စနစ်ဖြင့် စိုက်ပျိုးပါက **ဝင်ဆံ့အပင်ဦးရေ (၆၀၀)ပင်...**

ပင်ကြားတန်းကြားအကွာအဝေး **(၁၂)ပေ×(၅)ပေ စနစ်ဖြင့်** စိုက်ပျိုးပါက ဝင်ဆံ့အပင်ဦးရေ **(၇၀၀)ပင်တို့ ဖြစ်သည်။**

တောင်ကုန်းဒေသများတွင်မူ ပင်ကြားတန်းကြား အကွာအဝေး (၁၂)ပေ×(၄)ပေစနစ်ဖြင့် စိုက်ပျိုးပါက အပင်(၉၀၀)ဝင်ဆံ့မည် ဖြစ်သဖြင့် မိမိစိုက်ပျိုးမည့် မြေဧကနှင့် ချိန်ဆ၍ မျိုးစေ့များ အပိုထပ်ဆောင်း ဝယ်သင့်ပေသည်။

**မျိုးအဖြစ် အသုံးပြုမည်ဆိုပါက ဒေသခံမျိုးကို ဦးစားပေး ရွေးချယ်သင့်သည်။** ရေမြေရာသီဥတုတို့ ရင်းနှီးကျွမ်းဝင်ပြီး ဖြစ်သောကြောင့် ရောဂါဒဏ်၊



www.burmeseclassic.com

www.burmeseclassic.com





ပိုးမွှားဒဏ်တို့နှင့် ယှဉ်ပါးပြီး ဖြစ်သောကြောင့် ဖြစ်သည်။

မျိုးစေ့ဝယ်လျှင်လည်း မျိုးစေ့ မည်မျှအာမခံကြောင်း ရောင်းချသူအား မေးမြန်းရန် လုံးဝ အားမနာသင့်ပါ။

အားနာတတ်ခြင်းသည် တစ်ခါတစ်ရံ၌ ဆုံးရှုံးမှု အချို့ တွေ့ကြုံရတတ်သကဲ့သို့ တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုကိုလည်း အနည်းနှင့်အများ ထိခိုက်စေတတ်သောကြောင့် ဖြစ်သည်။

ကြယ်ပဲစေ့များ ပျိုးထောင်ရာတွင် စတင် ဆောင်ရွက်ရာ၌ နည်းလမ်းများစွာ ရှိသည့်အနက် အချိန်တိုအတွင်း အများအယွင်းကင်းစွာဖြင့် လွယ်ကူဆုံးနည်းမှာ ပထမဦးစွာ ကြယ်ပဲမျိုးစေ့များကို ချည်စအဝတ်သုံး၍ ဖွဖွလေး ထုပ်ထားပါ။

ရေနွေး ပွက်ပွက် တစ်လီတာနှင့် ရေအေးတစ်လီတာ ခွဲနှုန်း ရောစပ်ပြီး သောက်ရေအိုး အပေါင်းတွင်း ထည့်ပါ။ **(အခြား ပလတ်စတစ်ဇလုံ၊ ပုံးများ အသုံးပြုလျှင်လည်း ရပါသည်။)**

ရောစပ်ပြီး ရေထဲသို့ ချည်ဝတ်စ ဖွဖွဖြင့် ထုပ်ထားသော ကြယ်ပဲမျိုးစေ့များကို ထည့်ကာ ဖုံးအုပ်ထား ရပါမည်။

**ဤသို့ ထားရှိနေစဉ်အတွင်း သတ်မှတ်ချိန် မပြည့်မချင်း လက်ဖြင့် လုံးဝ မနှိုက်ရပါ။ ရေစိမ်ထားသော မျိုးစေ့ အချို့ ရှုံးပြုးသွားတတ်သောကြောင့် ဖြစ်သည်။**

(၂၄)နာရီပြည့်ပါက ဖွဖွထုပ်ထားသော အဝတ်ကို ဖြေလိုက်ပါက ရေအောက်ကြမ်းပြင်တွင် ရေဝ၍ မြုပ်နေသော ကြယ်ပဲစေ့များကို တွေ့ရပါလိမ့်မည်။

ရေဝ၍ မြုပ်နေသော မျိုးစေ့များကို ဆယ်ယူ၍ ဆန်ခါထဲထည့် ရေစစ်ထားပါ။ ရေဖန့်သွားပါက မှိုဆေး တစ်မျိုးမျိုး လူးနယ်ပြီး ပျိုးအိတ်(သို့မဟုတ်) သဲပေါင်ပေါ်သို့ အစေ့၏ချက် မြေထဲ လေးပုံတစ်ပုံ မြုပ်ကာ အစို့ဖောက်၍ ရပါပြီ။

ရေပေါ်,ပေါ်နေသော အစေ့များကို သည်အတိုင်း ဆက်ထားလိုက်ပါ။ စောစောပိုင်းက အသုံးပြုခဲ့သော ချည်ထည်စကို သီးခြား ဖယ်ထုတ်ထား၍ ရပါပြီ၊ မလိုအပ်တော့ပါ။

နောက်ထပ် (၂၄)နာရီ ဆက်လက် ထားလိုက်ပါက တဖြည်းဖြည်း ရေအောက်ကြမ်းပြင်သို့ ရောက်ရှိသွားမည်ဖြစ်သည်။

**(၄၈)နာရီနောက်ပိုင်း ရေပေါ်,ပေါ်နေသော မျိုးစေ့များကိုမူ အသုံးပြုရန် မသင့်တော့ပေ။ အကြောင်းမူကား အပင်ပေါက်ရန် ရာနှုန်းနည်းပါသွားသောကြောင့် ဖြစ်သည်။**

ကြယ်ပဲစိုက် တောင်သူများအနေဖြင့် အမှန်တကယ် စိုက်ပျိုးလိုပါက ဧပြီလတွင် ပျိုးထောင်၊ မြေပြင်၊ ခြံ ဆောက်ထားပြီး ဇွန်လဆန်းတွင် မြေချစိုက်ပျိုးပါက ဖေဖော်ဝါရီလနှင့် မတ်လများတွင် ကြယ်ပဲသီးခြောက်များ စတင် ဆွတ်ခူးနိုင်သောကြောင့် နှစ်ချင်းပေါက် အကျိုးကျေးဇူး ခံစားနိုင်မည်ဖြစ်သည်။

ဇွန်လသည် မုတ်သုံရာသီဦးဖြစ်ခြင်းကြောင့် ရေခိုနိုင်သောကြောင့် ကုန်ကျစရိတ်လည်း သက်သာမည်ဖြစ်သည်။ ကုန်ကျစားစရိတ်လည်း သက်သာမည်ဖြစ်သည်။ ဇွန်လထက် နောက်ကျသွားလျှင် နှစ်ချင်းပေါက် အကျိုးကျေးဇူး ခံစားခွင့် ရသင့်သလောက် မရမှာကား အမှန်ပင်။

သျှင်မင်း(မင်းကင်း)



www.burmeseclassic.com

www.burmeseclassic.com

အစွမ်းထက်မြက်သော

# မဟာရတနာဂုဏ်တော်

## ဂါထာတော်များ

မင်္ဂလာ ကိုကိုမြင့်
(မအူပင်မြို့)



အို... ဗုဒ္ဓဘာသာနွယ်ဝင် သူတော်စင်အပေါင်း သူမြတ်လောင်းတို့ လွန်လေပြီးသော နှစ်ပေါင်းများစွာက စာရေးသူ၏ အဘိုးအဘွားများနှင့် မိဘဆရာသမားအပေါင်းတို့ နှစ်ထောင်းအားရ ရွှင်မြူးလှစွာ အစဉ်ထာဝရ ရွတ်ပွားပူဇော်သော **မဟာရတနာဂုဏ်တော်ကြီးများ**ကို စာရေးသူအား သင်ကြားပို့ချပေးခဲ့ပါသည်။

ထို မဟာရတနာဂုဏ်တော်ကြီးများကို ဘိုးဘွားများနည်းတူ ယုံကြည်လေးစား အရေးထားပြီး အချိန်မှန်မှန် နေ့စဉ် ရွတ်ပွား ပူဇော်ခြင်းကိစ္စကို ဆောင်ရွက်သည့်အတွက် လူတိုင်းလူတိုင်း လိုလားနှစ်သက်အပ်သော ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးသည့် အရေးကိစ္စ ဟူသမျှကို ထိုက်သင့်သလောက် ပြောင်ပြောင်မြောက်မြောက် ရယူခံစားရပါသည်။

စာရေးသူသည် ယခုဆိုအသက်အားဖြင့် (၉၀)တွင်းသို့ ရောက်ရှိလင့်ကစား ကိုယ်စိတ်နှစ်ဖြာ မကျန်းမမာ မချမ်းမသာတွေ့ မရှိသလောက် ဖြစ်ပါသည်။

သို့ပါ၍ စာရေးသူကဲ့သို့ ဗုဒ္ဓဘာသာနွယ်ဝင် သူတော်စင်များဖြစ်ကြသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီး ကြီးကြီးငယ်ငယ် အသွယ်သွယ်တို့ ဤမဟာရတနာဂုဏ်တော်ကြီးများကို ဗုဒ္ဓါနုဿတိဘာဝနာအဖြစ် နှလုံးသွင်းနိုင်ကြရန် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ ရေးသားတင်ပြအပ်ပါသည်။

၁။ ဣတိပိ သော ဒိဗ္ဗမန္တော၊
ဣဿရော သဗ္ဗ ဘုမ္မိယော။
ဣတိပိ ပါရမီတိံသ၊
ဣတိပိ မာရဝိဇယော။
ဣတိပိ ပါရမီတိံသ၊
ဣတိပိ သဗ္ဗညုဂတော။
ဣတိပိ သော အနုပ္ပတ္တော၊
ဣတိပိ နာမ တေ နမော။

အနက်အဓိပ္ပာယ်

**ပါရမီတိံသ၊** သုံးဆယ်သော ပါရမီတော်တို့ကို။ **ပူရေန္တော၊** ဖြည့်ကျင့်တော်မူသော။ **သော ဘဂဝါ၊** ထိုမြတ်စွာဘုရားသည်။ **ဣတိပိ ဣမိနာကာရဏေနစ၊** ဤသို့သော အကြောင်းကြောင့်လည်း။ **သဗ္ဗ ဘုမ္မိယော၊** ခပ်သိမ်းသောဘုံတို့ကို။ **ဣဿရော၊** အစိုးရတော်မူ၏။ **ဣတိပိ၊** ဤသို့သော အကြောင်းကြောင့်လည်း။ **ဒိဗ္ဗ မန္တော၊** နတ်၏ မန္တန်မန္တရားကဲ့သို့ ဘုန်းတန်ခိုး အာနုဘော် ရှိတော်မူ၏။ **ဣတိပိ၊** ဤသို့သော အကြောင်းကြောင့်လည်း။ **မာရဝိဇယော၊** မာရ်ငါးပါးကို အောင်တော်မူ၏။

**ပါရမီတိံသ၊** သုံးဆယ်သော ပါရမီတော်တို့ကို။ **ပူရေန္တော၊** ဖြည့်ကျင့်တော်မူသော။ **သော ဘဂဝါ၊** ထိုမြတ်စွာဘုရားသည်။ **ဣတိပိ၊** ဤသို့သော အကြောင်းကြောင့်လည်း။ **သဗ္ဗညုဂတော၊** အလုံးစုံကို သိသော ဘုရားအဖြစ်သို့ ရောက်တော်မူ၏။ **ဣတိပိ၊** ဤသို့သော အကြောင်း ကြောင့်လည်း။





www.burmeseclassic.com

www.burmeseclassic.com

**အနုပ္ပတ္တော၊** ဒေသနာတော်အစဉ်သို့ ရောက်တော်မူ၏။ **ဣတိပိ၊** ဤသို့သော အကြောင်းကြောင့်လည်း။ **ဣတိပိ နာမ၊** ဤသို့ ဘဂဝါ စသည် အမည်တော် ရှိတော်မူသော။ **တေ၊** အရှင်ဘုရားအား။ **နမော၊** ရှိခိုးပါ၏။

ရွတ်ပွားပူဇော်ရသော အကျိုးကား

ဘေးအပေါင်း၊ ရန်အပေါင်း၊ မကောင်းဟူသမျှ မြူမခသော အကျိုးတရားများ ရရှိပါသည်။

၂။ ဘဂဝါဂုဏ်တော် အဖွင့်ဂါထာ

ဘဂဝါ ဘဂဝါ နာထော၊
ဘဂ္ဂကိလေသ ဝါဟနော။
ဘဂ္ဂဝန္တော မဟာယသော၊
ဘဂဝါ မာရဝိဇယော။
ဘဂဝါ ဘဂဝါ ယုတ္တော၊
ဘဂ္ဂကိလေသ မာဂမော။
ဘဂ္ဂသ ပါပကောဓမ္မော၊
ဘဂဝါ နာမ တေ နမော။

အနက်အဓိပ္ပာယ်

**ဘဂ္ဂကိလေသ ဝါဟနော၊** ချိုးဖျက်အပ်ပြီးသော ကိလေသာတို့ကို ဆောင်တော်မူထသော။ **နာထော၊** သတ္တဝါတို့၏ အားထားကိုးကွယ်ရာ ဖြစ်တော်မူသော။ **ဘဂဝါ၊** ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ **ဘဂဝါ၊** မြတ်စွာဘုရားသည်။ **ဘဂ္ဂဝန္တော၊** ချိုးဖျက်အပ်ပြီးသော ကိလေသာ ရှိတော်မူ၏။ **မဟာယသော၊** များသော အခြံအရံ ရှိတော်မူ၏။ **ဘဂဝါ၊** မြတ်စွာဘုရားသည်။ **မာရဝိဇယော၊** မာရ်ငါးပါးကို အောင်တော်မူ၏။ **ဘဂ္ဂကိလေသ မာဂမော၊** ကိလေသာကို ချိုးဖျက်ပြီး ကြွလာတော်မူသော။ **ဘဂဝါ၊** မြတ်စွာဘုရားသည်။ **ဘဂဝါ ယုတ္တော၊** ဘုန်းတော်ခြောက်ပါးနှင့် ယှဉ်တော်မူ၏။ **အဿ၊** ထိုမြတ်စွာဘုရားအား။ **ပါပကော၊** ယုတ်မာသော။ **ဓမ္မော၊** တရားကို။ **ဘဂ္ဂေါ၊** ချိုးဖျက်အပ်ပြီ။ **ဘဂဝါနာမ၊** ဘဂဝါအမည်တော်ရှိသော။ **တေ၊** အရှင်ဘုရားအား။ **နမော၊** ရှိခိုးပါ၏။

ရရှိသော အကျိုးကျေးဇူး

မိမိ ရအပ်သော ဥစ္စာပစ္စည်းတို့ကို သူတစ်ပါးတို့က မဖျက်ဆီးနိုင်သော အကျိုး၊ ရန်ဟူသမျှ အောင်သော အကျိုးတရားများ ရရှိပါသည်။

၃။ အရဟံဂုဏ်တော် အဖွင့်ဂါထာ

အရဟော နာမ သမ္ဗုဒ္ဓေါ၊
အရဟော ဂုဏ ဝိသေသော။
အရဟော ပါကဋော လောကေ၊
အရဟော မာရဝိဇယော။
အရဟောတိ နာမေန စ၊
အရဟော ပါပံ န ကာရယိ။
အရဟတ္တ ဖလပတ္တော၊
အရဟော နာမ တေ နမော။

အနက်အဓိပ္ပာယ်

**အရဟော၊** ပူဇော်အထူးကို ခံတော်မူထိုက်သော။ **ဂုဏဝိသေသော၊** ဂုဏ်အထူးကြောင့်။ **သမ္ဗုဒ္ဓေါ၊** မြတ်စွာဘုရားသည်။ **အရဟောနာမ၊** အရဟမည်တော်မူ၏။ **အရဟော၊** ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားသည်။ **လောကေ၊** လောက၌။ **ပါကဋော၊** ထင်ရှားတော်မူ၏။ **အရဟော၊** ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားသည်။ **မာရဝိဇယော၊** မာရ်ငါးပါးကို အောင်တော်မူ၏။

**အရဟောတိနာမေနစ၊** အရဟ ဟူသော အမည်တော်ကြောင့်လည်း။ **အရဟော၊** ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားသည်။ **ပါပံ၊** မကောင်းမှုကို။ **နကာရယိ၊** ပြုတော်မမူ။ **အရဟတ္တဖလပတ္တော၊** အရဟတ္တဖိုလ်သို့ ရောက်တော်မူ၏။ **အရဟော နာမ၊** အရဟ အမည်တော်ရှိသော။ **တေ၊** အရှင်ဘုရားအား။ **နမော၊** ရှိခိုးပါ၏။

ရရှိခံစားရသောအကျိုး

ဂုဏ်ဒြပ်ကြီးမားသော အကျိုး၊ အောက်လက်ငယ်သားတို့၏ ရိုသေလေးစားခြင်းအကျိုး၊ တွင်း/ပြင် ရန်ဟူသမျှ အောင်မြင်သော အကျိုးကျေးဇူးတရားတို့ကို အချက်ပိုင်ပိုင် လက်ကိုင်ရရှိပါသည်။

၄။ သမ္မာသမ္ဗုဒ္ဓဂုဏ်တော် အဖွင့်ဂါထာ

သမ္မာသမ္ဗုဒ္ဓေါ သဗ္ဗညူ၊
သမ္မာ လောကုတ္တရော နဝ။
သမ္မာ ဒိဏ္ဏာသဝေါ သံဃာ၊
သမ္မာစ မာရဝိဇယော။
သမ္မာသမ္ဗုဒ္ဓ ဉာဏေန၊
သမ္မာသဒ္ဓမ္မ ဒေသိတော။
သမ္မာသမ္ဗုဒ္ဓေါ လောကသ္မိံ၊
သမ္မာသမ္ဗုဒ္ဓ တေ နမော။

အနက်အဓိပ္ပာယ်

**နဝ၊** ကိုးပါးသော။ **လောကုတ္တရော၊** လောကုတ္တရာတရားကို။ **သမ္မာ၊** ကောင်းစွာ။ **သဗ္ဗညူ၊** ကြွင်းမဲ့ဥဿုံ အကုန်သိမြင်တော်မူ





www.burmeseclassic.com

www.burmeseclassic.com

သောကြောင့်။ **သမ္မာသမ္ဗုဒ္ဓေါ၊** သမ္မာသမ္ဗုဒ္ဓမည်တော်မူ၏။ **သမ္မာ၊** ကောင်းစွာ။ **ခီဏာသဝေါ၊** ကုန်ပြီးသော အာသဝေါရှိသော။ **သံယာ–သံယောၤ** သံယာတော်ကို။ **သဗ္ဗညု၊** ကြွင်းမဲ့ဥသုံ အကုန်သိတော်မူ၏။ **သမ္မာ၊** ကောင်းစွာ။ **မာရဝိဇယော၊** မာရ်ငါးပါးကို အောင်တော်မူ၏။

**လောကဿ၊** လောက၌။ **သမ္မာသမ္ဗုဒ္ဓေါ၊** မြတ်စွာဘုရားသည်။ **သမ္မာသမ္ဗုဒ္ဓ ဉာဏေန၊** မြတ်စွာဘုရား၏ ဉာဏ်တော်ဖြင့်။ **သမ္မာ၊** ကောင်းစွာ။ **သဒ္ဓမ္မဒေသိတော၊** သူတော်ကောင်းတရားကို ဟောတော်မူ၏။ **သမ္မာသမ္ဗုဒ္ဓ၊** သမ္မာသမ္ဗုဒ္ဓေ အမည်တော်ရှိသော။ **တေ၊** အရှင်ဘုရားအား။ **နမော၊** ရှိခိုးပါ၏။

ရရှိအပ်သော အကျိုးကျေးဇူး

မှန်ကန်သော အသိဉာဏ်၊ သိမ်မွေ့နက်နဲသော ဉာဏ်အမြော်အမြင်၊ ကြီးမားသော ဉာဏ်ပညာနှင့် ပြည့်စုံ၏။

## ၅။ ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်

### အဖွင့်ဂါထာ

ဝိဇ္ဇာစရဏသမ္ပန္နော၊
ဝိဇ္ဇာစရဏ သာဂရော။
ဝိဇ္ဇာ တနေကော သဗ္ဗညု၊
ဝိဇ္ဇာစ မာရဝိဇယော။
ဝိဇ္ဇာစရဏသမ္ပန္နော၊
တိဿော ဝိဇ္ဇာ ပကာ သိတာ။
အနာဂတ ပစ္စုပ္ပန္နေ
ဝိဇ္ဇာစရဏ တေ နမော။

အနက်အဓိပ္ပာယ်

**ဘဂဝါ၊** မြတ်စွာဘုရားသည်။ **ဝိဇ္ဇာစရဏ သမ္ပန္နော၊** ဝိဇ္ဇာသုံးပါး,



ဝိဇ္ဇာရှစ်ပါး, စရဏတရားတစ်ဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူ၏။ **ဝိဇ္ဇာ စရဏ သာဂရော၊** ဝိဇ္ဇာသုံးပါး, ရှစ်ပါး, စရဏတစ်ဆယ့်ငါးပါး ဟူသော သမုဒ္ဒရာ ရှိတော်မူ၏။ **(ဝါ)** ဝိဇ္ဇာသုံးပါး, ရှစ်ပါး, စရဏ တစ်ဆယ့်ငါးပါးနှင့်တကွ သဗ္ဗညုတဉာဏ်တော်တည်းဟူသော။ **ဉာဏ သာဂရ၊** ရှိတော်မူ၏။ **သဗ္ဗညု၊** အလုံးစုံကို သိတော်မူသော မြတ်စွာဘုရားသည်။ **ဝိဇ္ဇာတနေကော၊** ပညာဖြင့် ချဲ့ထွင်တော်မူတတ်၏။ **ဝိဇ္ဇာစ၊** ပညာကြောင့်လည်း။ **မာရဝိဇယော၊** မာရ်ငါးပါးကို အောင်တော်မူ၏။

**ဝိဇ္ဇာစရဏသမ္ပန္နော၊** ဝိဇ္ဇာစရဏနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်။ **အနာဂတ ပစ္စုပ္ပန္နေ၊** အနာဂတ်ပစ္စုပ္ပန်၌။ **တိဿော၊** သုံးပါးကုန်သော။ **ဝိဇ္ဇာ၊** ဝိဇ္ဇာတို့ကို။ **ပကာသိတာ၊** ပြတော်မူ၏။ **ဝိဇ္ဇာစရဏ၊** ဝိဇ္ဇာစရဏ အမည်ရတော်မူသော။ **တေ၊** အရှင်ဘုရားအား။ **နမော၊** ရှိခိုးပါ၏။

ရရှိအပ်သော အကျိုးကျေးဇူး

နှုတ်မှု စိတ်မှု နည်းနာနိဿယ ပညာတို့သည် ရှေ့ရှု ရောက်စေတတ်၏။ ခပ်သိမ်းတို့၏ ကောင်းဆိုး နှစ်တန် ဝေဖန်နိုင်သော အကျိုးများ ရရှိကြရပါသည်။

## ၆။ သုဂတဂုဏ်တော်

### အဖွင့်ဂါထာ

သုဂတော နိဗ္ဗာနံ ယာတိ၊
သုဂတော လောကနာယကော။
သုဂတော လောကသာမိကော၊
သုဂတော မာရဝိဇယော။
သုဂတော သုဂတဋ္ဌာနံ၊
သုဂတော သုန္ဒရံပိစ။
သုဂတော နိဗ္ဗာနံ ယာတိ၊
သုဂတော နာမ တေ နမော။

အနက်အဓိပ္ပာယ်

**သုဂတော၊** မြတ်စွာဘုရားသည်။ **နိဗ္ဗာနံ၊** နိဗ္ဗာန်သို့။ **ယာတိ၊** ကြွသွားတော်မူ၏။ **သုဂတော၊** မြတ်စွာဘုရားသည်။ **လောကနာယကော၊** သတ္တလောက၏ ရှေ့သွား နာယက ဖြစ်တော်မူ၏။ **သုဂတော၊** မြတ်စွာဘုရားသည်။ **လောကသာမိကော၊** လောက၏ အရှင်သခင် ဖြစ်တော်မူ၏။ **သုဂတော၊** မြတ်စွာဘုရားသည်။ **မာရဝိဇယော၊** မာရ်ငါးပါးကို အောင်တော်မူ၏။

**သုဂတော၊** မြတ်စွာဘုရားသည်။ **သုဂတဋ္ဌာနံ၊** ကောင်းသော ပုဂ္ဂိုလ်တို့၏ သွားရောက်ရာအရပ်ဖြစ်သော နိဗ္ဗာန်သို့။ **ယာတိ၊** ကြွသွားတော်မူ၏။ **သုဂတော၊** မြတ်စွာဘုရားသည်။ **သုန္ဒရံပိစ၊** ကောင်းမြတ်သော နိဗ္ဗာန်သို့လည်း။ **ယာတိ၊** ကြွသွားတော်မူ၏။ **သုဂတော၊** မြတ်စွာဘုရားသည်။ **နိဗ္ဗာနံ၊** နိဗ္ဗာန်သို့။ **ယာတိ၊** ကြွသွားတော်မူ၏။ **သုဂတော နာမ၊** သုဂတအမည်တော်ရှိသော။ **တေ၊** အရှင်ဘုရားအား။ **နမော၊** ရှိခိုးပါ၏။



www.burmeseclassic.com

www.burmeseclassic.com

ရရှိသော အကျိုးကျေးဇူးတရား

ရရှိပြီးသော စည်းစိမ်ချမ်းသာ စီးပွားဥစ္စာတို့မှ မချို့ငဲ့သော အကျိုး၊ တစ်ပါးပညာသည်တို့၏ ဖောက်ပြန်သော ဆေးဝါးဓာတ်စာတို့ကို မူလဓာတ်ပကတိသို့ ပြန်ရောက်စေနိုင်သော အကျိုး။

၇။ လောကဝိဒူဂုဏ်တော်

အဖွင့်ဂါထာ

လောကဝိဒူတိ လောကဿ၊
လောကသိဒ္ဓိ ဝိဘာဝိတော။
လောကဂုဏော ယဿ မဟာဝီရော၊
လောကဂ္ဂမာရဝိဇယော။
လောကဝိဒူတိ နာမေနာ၊
တီတာဉာဏ လောကဝိဒူ၊
သင်္ခါရ သတ္တ မောကာသံ၊
လောကဝိဒူတိ တေ နမာ။

အနက်အဓိပ္ပာယ်

**ဘဂဝါ၊** မြတ်စွာဘုရားသည်။ **လောကဿ၊** လောကကို။ (**ဝိဒူ၊** သိတော်မူ၏။) **ဣတိ၊** ထို့ကြောင့်။ **လောကဝိဒူ၊** လောကဝိဒူမည်တော်မူ၏။ **လောကသိဒ္ဓိ ဝိဘာဝိတော၊** လောက၏ အကျိုးစီးပွားကို ထင်စွာပြတော်မူတတ်၏။ **လောကဂုဏော၊** လောကထက် လွန်သောဂုဏ် ရှိတော်မူသော။ **မဟာဝီရော၊** ကြီးသော လုံ့လရှိတော်မူသော။ **လောကဂ္ဂ လောကဂ္ဂေါ၊** လောကထက်မြတ်သော မြတ်စွာဘုရားသည်။ **မာရဝိဇယော၊** မာရ်ငါးပါးကို အောင်တော်မူ၏။

**လောကဝိဒူတိနာမေန၊** လောကဝိဒူဟူသော အမည်ဖြင့်။ **တီတာ ဉာဏလောကဝိဒူ၊** အတိတ်



(အနာဂတ်)ကို သိသော ဉာဏ်တော်ဖြင့် လောကကို သိတော်မူ၏။ **သင်္ခါရ သတ္တ မောကာသံ၊** သင်္ခါရလောက, သတ္တလောက, ဩကာသလောကကို။(**ဇာန နတော၊** သိတော်မူသောကြောင့်။) **လောကဝိဒူ၊** လောကဝိဒူ မည်တော်မူ၏။ **တေ၊** အရှင်ဘုရားအား။ **နမော၊** ရှိခိုးပါ၏။

**ရွတ်ပွား ပူဇော်ရခြင်းဖြင့်** ရန်သူနှစ်ဦးတို့အား သင့်တင့်ညီညွတ်စေသောအကျိုး၊ သူတစ်ပါးတို့၏ လောကီ,လောကုတ္တရာ အကျိုးနှစ်ပါးကို သယ်ပိုးရွက်ဆောင်ပေးနိုင်သော အကျိုးတရား ကျေးဇူးများ ရရှိကြပါပေသည်။

၈။ အနုတ္တရောဂုဏ်တော်

အဖွင့်ဂါထာ

အနုတ္တရော ဉာဏသီရော၊
အနုတ္တရော အာနုဘာဝေါ၊
အနုတ္တရောတိ လောကသ္မိံ၊
အနုတ္တရော စ ဝိဇ္ဇာယော။
အနုတ္တရော ဂုဏသီလော၊
ယော လောကဿ အနုတ္တရော။
အနုတ္တရော လောကသ္မိံ၊
အနုတ္တရော စ တေ နမော။

အနက်အဓိပ္ပာယ်

**လောကဿ၊** လောကထက်။ **အနုတ္တရော၊** လွန်မြတ်သော။ **ယော ဘဂဝါ၊** အကြင် မြတ်စွာဘုရားသည်။ **အနုတ္တရော ဉာဏသီရော၊** အတုမရှိ မြတ်သောဉာဏ်တော်ရှိတော်မူ၏။ **အနုတ္တရော အာနုဘာဝေါ၊** အတုမရှိသော အာနုဘော် ရှိတော်မူ၏။ **အနုတ္တရော၊** အတုမရှိသော။ **ဝိဇ္ဇာယော စ၊** ပညာလည်း ရှိတော်မူ၏။ **အနုတ္တရော ဂုဏသီလော၊** အတုမရှိသော ဂုဏ်တော်,သီလတော်လည်း ရှိတော်မူ၏။ **ဣတိ၊** ထို့ကြောင့်။ **လောကသ္မိံ၊** လောက၌။ **အနုတ္တရော၊** အတုမရှိခြင်းကြောင့်။ **အနုတ္တရော စ၊** အနုတ္တရ မည်သည်သာဖြစ်သော။ **တေ၊** အရှင်ဘုရားအား။ **နမော၊** ရှိခိုးပါ၏။

ရရှိသော အကျိုးကျေးဇူး

တစ်ပါးသော ပညာသည်တို့နှင့် ယှဉ်တွေ့သည့်အခါ သူတို့၏ အရှိ အသေကို ခံရစေနိုင်၏။ မိမိ၏ပညာကို ကြီးကျယ်စေ၍ မိမိဂုဏ်သတင်း ကျော်ကြားစေ၏။

၉။ ပုရိသ ဒမ္မသာရထိဂုဏ်တော်

အဖွင့်ဂါထာ

ပုရိသဒမ္မသာရထိ၊
ပူရေန္တော ဒိနပါရမီ။
ပူရေတိ သဗ္ဗ လောကဿ၊
ပူရတိ မာရဝိဇယော။
သာရထိ သာရထိ ဒေဝ၊
ယော လောကဿ သာရထိ။
ဌပေတွာ ပုရိသသေဋ္ဌံ၊
သာရထိနာမ တေ နမော။

www.burmeseclassic.com



အနက်အဓိပ္ပာယ်

**ဒါနပါရမီ၊** ဒါန(စသော)ပါရမီကို။ **ပူရေတွာ၊** ဖြည့်ကျင့်တော်မူသော။ **ယော ဘဂဝါ၊** အကြင် မြတ်စွာဘုရားသည်။ **ပုရိသ ဒမ္မ သာရထိ၊** မယဉ်ကျေးသော ယောက်ျားတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူတတ်ပါပေ၏။ **သဗ္ဗလောကဿ၊** လောကအားလုံးအတွက်။ **ပူရေတိ၊** ပါရမီတို့ကို ဖြည့်ကျင့်တော်မူခဲ့၏။ **ပူရတိ၊** ပါရမီတော်တို့ကို ဖြည့်ကျင့်ခြင်းကြောင့်။ **မာရဝိဇယော၊** မာရ်ငါးပါးကို အောင်တော်မူ၏။

**သာရထိဒေဝ၊** သမ္မုတိနတ်, ဉပပတ္တိနတ် ဟူသော နတ်တကာတို့၏ ယာဉ်မှူးသဖွယ် ဖြစ်တော်မူသော။ **သာရထိ၊** ယာဉ်မှူးအဓိပတိ မှန်ထွတ်ထား မြတ်စွာဘုရားသည်။ **လောကဿ၊** လောက၏။ **သာရထိ၊** ယာဉ်မှူးအစစ်ကြီး ဖြစ်တော်မူပါပေ၏။ **ပုရိသ သေဋ္ဌံ၊** ယောက်ျားမြတ်ကို။ **ဌပေတွာ၊** ထား၍။ **အညံ့သမံ၊** ယောက်ျားမြတ်နှင့်တူသော တစ်ပါးသော ယာဉ်မှူးသည်။ **နတ္ထိ၊** မရှိ။ **သာရထိနာမ၊** သာရထိ အမည်ရှိသော။ **တေ၊** အရှင်ဘုရားအား။ **နမော၊** ရှိခိုးပါ၏။

ရရှိအာပ်သော အကျိုးကျေးဇူး

ရိုင်းပျကြမ်းကြုတ်စွာ ရန်ပြုလိုသူတို့အား ငြိမ်ဝပ်ပိပြားစေသော အကျိုး။ ဆန့်ကျင်ဘက်ပြုလိုသူအား မဆန့်ကျင်စေဘဲ အလိုရုပ်သိမ်းပြီး ငြိမ်စေနိုင်သော အကျိုးကို ဆောင်နိုင်ပါပေ၏။

---

၁၀။ သတ္ထာဒေဝမနုဿာန

ဂုဏ်တော် အဖွင့်ဂါထာ

---

သတ္ထာဒေဝမနုဿာနံ၊
သတ္ထာဒေဝ တိဘဝနံ၊
သတ္ထာဒေဝ မုနိနာမ၊
သတ္ထာစ မာရဝိဇယော။
သတ္ထာဒေဝမနုဿာနံ၊
သတ္ထာ ဟောတိစ ယော မုနိ၊
သံသာရ ရထစက္ကာနံ၊
သတ္ထာဒေဝစ တေ နမော။

အနက်အဓိပ္ပာယ်

**ဒေဝမနုဿာနံ၊** နတ်လူတို့၏။ **သတ္ထာ၊** ဆရာဖြစ်သော မြတ်စွာဘုရားသည်။ **တိဘဝနံ-တိဘဝါနံ၊** ဘုံသုံးပါးတို့၏။ **သတ္ထာဒေဝ-သတ္ထာဝေ၊** ဆရာဖြစ်သည်သာ။ **သတ္ထာ၊** မြတ်စွာဘုရားသည်။ **ဒေဝ မုနိနာမ၊** နတ်တကာတို့၏ဆရာ မုနိရဟန်းမည်၏။ **သတ္ထာ၊** မြတ်စွာဘုရားသည်။ **မာရဝိဇယောစ၊** မာရ်ငါးပါးကိုလည်း အောင်တော်မူ၏။

**ယော မုနိ၊** အကြင် မြတ်စွာဘုရားသည်။ **ဒေဝမနုဿာနံ၊** နတ်လူတို့၏။ **သတ္ထာ၊** ဆရာသည်။ **ဟောတိစ၊** ဖြစ်သည်သာ။ **သော သတ္ထာ၊** ထိုမြတ်စွာဘုရားသည်။ **သံသာရ ရထစက္ကာနံ၊** သံသရာတည်းဟူသော ရထား၏ လှည်းဘီးတို့ကို။(**သောဓယိ၊** သုတ်သင်တော်မူပြီ။) **သတ္ထာဒေဝ စ၊** သတ္ထာဒေဝ မည်သည်သာ ဖြစ်သော။ **တေ၊** အရှင်ဘုရားအား။ **နမော၊** ရှိခိုးပါ၏။

ရွတ်ပွားပူဇော်ခြင်းဖြင့် ရရှိအာပ်သော အကျိုးအာနိသင်

အများ၏ ရှေ့သွားခေါင်းဆောင်ဖြစ်ခြင်း။ မိမိနှင့်တကွ လူအပေါင်းတို့၏ နှလုံးသောက မရှိခြင်း။

---

၁၁။ ဗုဒ္ဓေါဂုဏ်တော်

အဖွင့်ဂါထာ

---

ဗုဒ္ဓေါ သဗ္ဗဇိတေ ဓမ္မေ၊
ဗုဒ္ဓေါ ဉာဏေန သမ္ဗုဒ္ဓေါ။
ဗုဒ္ဓေါနာမ တိလောကသ္မိံ၊
ဗုဒ္ဓေါစ မာရဝိဇယော။
ဗုဒ္ဓေါ ဗုဒ္ဓေါတိ သစ္စာနိ၊
စတုသစ္စာ ပကာသိတာ။
သစ္စံ ဗုဒ္ဓသ ဉာဏေန၊
ဗုဒ္ဓသနာမ တေ နမော။

အနက်အဓိပ္ပာယ်

**ဗုဒ္ဓေါ၊** မြတ်စွာဘုရားသည်။ **သဗ္ဗဇိတေ၊** အလုံးစုံ အောင်အပ်ကုန်သော။ **ဓမ္မေ၊** တရားတို့ကို။ **ဇိတော၊** အောင်တော်မူ၏။ **ဗုဒ္ဓေါ၊** မြတ်စွာဘုရားသည်။ **ဉာဏေန၊** သဗ္ဗညုတဉာဏ်တော်ဖြင့်။ **သမ္ဗုဒ္ဓေါ၊** ဥေ ယျဓံ တရားငါးပါးကို သိတော်မူ၏။ **တိလောကသ္မိံ၊** လောကသုံးပါး၌။ **ဗုဒ္ဓေါ နာမ၊** ဗုဒ္ဓမည်တော်မူသော။ **ဗုဒ္ဓေါ စ၊** မြတ်စွာဘုရားသည်ကား။



www.burmeseclassic.com

www.burmeseclassic.com

**မာရဝိဇယော၊** မာရ်ငါးပါးကို အောင်တော်မူ၏။

**သစ္စာနိ၊** သစ္စာလေးပါးတို့ကို။ **ဗုဇ္ဈိ၊** သိတော်မူ၏။ **တ္ထတိ၊** ဤသို့။ **ဗုဇ္ဈိ၊** ဗုဒ္ဓမည်သော မြတ်စွာဘုရား သည်။ **ဗုဒ္ဓဿ၊** မြတ်စွာဘုရား၏။ **သစ္စံ၊** သစ္စာကို။ **ဉာဏေန၊** သိသော ဉာဏ်ဖြင့်၊ **စတုသစ္စာ၊** လေးပါးသော သစ္စာတို့ကို။ **ပကာသိတာ၊** ပြတော်မူ၏။ **ဗုဒ္ဓဿ နာမ၊** ဗုဒ္ဓ အမည်ရှိသော။ **တေ၊** အရှင်ဘုရားအား။ **နမော၊** ရှိခိုးပါ၏။

ရရှိအပ်သော အကျိုးကျေးဇူး

သူတစ်ပါး၏ အကြံအစည်ကို သိနိုင်၏။ မိမိ၏ ကျေးဇူးသစ္စာကို မဖောက်သောအကျိုး ရရှိ၏။

---

၁၂။ ဘဂဝါဂုဏ်တော်

---

အဖွင့်ဂါထာ

---

ဘဂ္ဂါသဝေါ သမ္မာဒုဇ္ဈော၊
ဘဂ္ဂရာဂေါ မစ္ဆု ဘဂ္ဂါ။
ဘဂ္ဂါ ပါပ အကုသလော၊
ဘဂ္ဂါဝါ မာရဝိဇယော၊
ဘဂ္ဂရာဂေါ ဘဂ္ဂဒေါသော၊
ဘဂ္ဂမောဟော အနာသဝေါ။
ဘဂ္ဂ သံသာရ မုတ္တမော၊
ဘဂ္ဂဝါနာမ တေ နမော။

အနက်အဓိပ္ပာယ်

(**ဘဂဝါ၊** မြတ်စွာဘုရားသည်။) **ဘဂ္ဂါသဝေါ၊** ချိုးဖျက်အပ်ပြီးသော အာသဝ ရှိတော်မူ၏။ **သမ္မာဒုဇ္ဈော၊** အာသဝတို့ကို ကောင်းစွာ ဖျက်ဆီးတော်မူ၏။ **ဘဂ္ဂရာဂေါ၊** ချိုးဖျက်အပ်ပြီးသော ရာဂရှိတော်မူ၏။ **မစ္ဆု၊** မစ္ဆုမာရ်ကို။ **ဘဂ္ဂါ၊** ချိုးဖျက်အပ်ပြီ။ **ပါပ အကုသလော၊** ယုတ်မာသော အကုသိုလ်ကို။ **ဘဂ္ဂါ၊** ချိုးဖျက်အပ်ပြီ။ **ဘဂ္ဂဝါ၊** ချိုးဖျက်အပ်ပြီးသော အာသဝရှိသော မြတ်စွာဘုရားသည်။ **မာရဝိဇယော၊** မာရ်ငါးပါးကို အောင်တော်မူ၏။

**ဘဂ္ဂရာဂေါ၊** ချိုးဖျက်အပ်ပြီးသော ရာဂရှိသော။ **ဘဂ္ဂဒေါသော၊** ချိုးဖျက်အပ်ပြီးသော ဒေါသရှိသော။ **ဘဂ္ဂမောဟော၊** ချိုးဖျက်အပ်ပြီးသော မောဟရှိသော။ **အနာသဝေါ၊** အာသဝ မရှိသော မြတ်စွာဘုရားသည်။ **ဘဂ္ဂသံသာရ မုတ္တမော၊** သံသရာကို ချိုးဖျက်သဖြင့် မြတ်တော်မူ၏။ **ဘဂ္ဂဝါနာမ၊** ဘဂ္ဂဝါမည်သော။ **တေ၊** အရှင်ဘုရားအား။ **နမော၊** ရှိခိုးပါ၏။

ရရှိအပ်သော အကျိုးကျေးဇူးကား

ဆင်းရဲကျဉ်းမြောင်းစွာ ချုပ်နှောင်ခံရခြင်းတို့မှ ကင်းလွတ်စေနိုင်သော အကျိုးကို ရရှိစေပါသည်။

---

၁၃။ နဝဂုဏ်တော်ချုပ် ဂါထာဖွင့်

---

နဝ ရတန မောကာသံ၊
နဝဂုဏံ နရာသဘံ။
နရာ နရာန မောကာသံ၊
နရာနာထံ နမာမဟံ။
အဂ္ဂမဂ္ဂ မဟာပုညံ၊
ရာဇာရာဇ ဇနာဒိဗ္ဗံ။
ဒေဝ ဒေဝဋ္ဌ သမ္ဗုဒ္ဓံ
သိရသာဟိ ဝရံ နမေ။

အနက်အဓိပ္ပာယ်

**နဝရတနံ–နဝရတနာနံ၊** ရတနာကိုးပါးတို့၏။ **ဩကာသံ၊** တည်ရာဖြစ်သော။ **နဝဂုဏံ၊** ဂုဏ်တော်ကိုးပါးရှိသော။ **နာရာသဘံ၊** နတ်လူတို့၏ အကြီးအမှူးဖြစ်သော။ **နရာ နရာနံ၊** နတ်လူတို့၏။ **ဩကာသံ၊** တည်ရာမှီရာဖြစ်သော။ **နရာနာထံ၊** နတ်လူတို့၏ အားထားကိုးကွယ်ရာဖြစ်သော မြတ်စွာဘုရားကို။ **အဟံ၊** အကျွန်ုပ်သည်။ **နမာမိ၊** ရှိခိုးပါ၏။

**အဂ္ဂမဂ္ဂ မဟာပုညံ၊** အမြတ်တကာတို့ထက် မြတ်သော ကြီးမားသော ဘုန်းကံ ရှိတော်မူသော။ **ရာဇာရာဇ ဇနာဒိဗ္ဗံ၊** မင်းတကာတို့ထက် လွန်မြတ်သော လူနတ်တို့၏ ကိုးကွယ်ရာအစစ်ကြီး ဖြစ်တော်မူသော။ **ဒေဝဒေဝဋ္ဌ သမ္ဗုဒ္ဓံ၊** သမ္မုတိနတ်, ဥပပတ္တိနတ်တို့ထက် လွန်မြတ်သော ဝိသုဒ္ဓိနတ် ဖြစ်တော်မူသော မြတ်စွာဘုရားကို။ **ဝရံ–ဝရာဟံ၊** မြတ်လှစွာကုန်သော။ **သိရသာဟံ၊** ဦးခေါင်းရတနာတို့ဖြင့်။ **နမော** ရှိခိုးပါ၏။

ရွတ်ပွားပူဇော်ခြင်းဖြင့်

ရရှိအပ်သော အကျိုးကား

မကောင်းသော အ,မင်္ဂလာ ခပင်း အကုန်ကင်း၍ ကောင်းမြတ်သော မင်္ဂလာအဆင်း၊ မင်္ဂလာ အခြင်း၊ မင်္ဂလာသတင်း ပြီးပြည့်စုံသော အကျိုးတရား ထာဝစဉ် တိုးပွားပါပေ၏။

အစဉ်ထာဝရ ရွတ်ပွားပူဇော်ခြင်းဖြင့် ကျက်သရေမင်္ဂလာ စည်းစိမ်ဥစ္စာအဖြာဖြာနှင့် ပြီးပြည့်စုံကြပါစေသော်။

| |
|---|
| မင်္ဂလာ ကိုကိုမြိုး |
| (မအူပင်မြို့) |



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလအတွင်း

ထက်မြင့်ကျော်စွာ

# လာဘ်လာဘ

ရွှင်လန်းကြပါစေ





◌ မိဿရာသီဖွား

**(မတ်လ ၂၁-ရက်မှ ဧပြီလ ၂၀-ရက်အတွင်း မွေးသူ)**

ဥသျှစ်ညွန့်(၃)ညွန့်၊ ပိတောက်ညွန့်(၃)ညွန့်၊ ဆီး(ဖီး)ညွန့်(၃)ညွန့်နှင့် တံခွန်၊ ကြက်လျှာ(၆)ခုတို့ကို စနေနေ့တွင် စေတီတစ်ဆူ၏ တနင်္လာဂြိုဟ်တိုင်မှ ကပ်လှူကာ လာဘ်လာဘရွှင်လန်းစေရန် ဆုတောင်း ယတြာပြုပါ။



◌ ပြဿရာသီဖွား

**(ဧပြီလ ၂၁-ရက် မှ မေလ ၂၀-ရက်အတွင်း မွေးသူ)**

သြဇာညွန့်(၅)ညွန့်၊ ရွက်လှပန်း(၅)ခက်၊ အောင်သပြေ(၅)ခက်နှင့် သောက်တော်ရေ(၃)ခွက်တို့ကို တနင်္ဂနွေနေ့တွင် စေတီတစ်ဆူ၏ သောကြာဂြိုဟ်တိုင်မှ ကပ်လှူ ဆုတောင်းပါ။



◌ မေထုန်ရာသီဖွား

**(မေလ ၂၁-ရက် မှ ဇွန်လ ၂၀-ရက်အတွင်း မွေးသူ)**

စံပယ်ညွန့်(၇)၊ သီဟိုဠ်ညွန့်(၇)ညွန့်၊ စွယ်တော်ညွန့်(၇)ညွန့်နှင့် ဖယောင်းတိုင် (၅)တိုင်တို့ကို တနင်္လာနေ့တွင် စေတီတစ်ဆူ၏ တနင်္ဂနွေဂြိုဟ်တိုင်မှ ကပ်လှူ ဆုတောင်းပါ။



◌ ကရကဋ်ရာသီဖွား

**(ဇွန်လ ၂၁-ရက် မှ ဇူလိုင်လ ၂၁-ရက်အတွင်း မွေးသူ)**

ပိတောက်ညွန့်(၇)၊ အုန်းလက်(၇)ရွက်၊ စွယ်တော်ညွန့်(၇)ညွန့်နှင့် ဆွမ်းထမင်း(၇)ပန်းကန်တို့ကို သောကြာနေ့၌ စေတီတစ်ဆူ၏ အင်္ဂါဂြိုဟ်တိုင်မှ ကပ်လှူ ဆုတောင်းပါ။



◌ သိဟ်ရာသီဖွား

**(ဇူလိုင်လ ၂၂-ရက် မှ ဩဂုတ်လ ၂၁-ရက် အတွင်း မွေးသူ)**

နာနတ်ယို(၅)ပန်းကန်၊ အုန်းယို(၅)ပန်းကန်၊ ပေါက်ပေါက်(၅)ပန်းကန်နှင့် ကြက်လျှာ(၇)တို့ကို သောကြာနေ့တွင် စေတီတစ်ဆူ၏ အင်္ဂါဂြိုဟ်တိုင်မှ ကပ်လှူ ဆုတောင်းပါ။

◌ ကန်ရာသီဖွား

**(ဩဂုတ်လ ၂၂-ရက် မှ စက်တင်ဘာလ ၂၁-ရက် အတွင်း မွေးသူ)**



www.burmeseclassic.com

www.burmeseclassic.com



မေမြို့ပန်း(၃)ပွင့်၊ နှင်းဆီပန်း(၃)ပွင့်၊ ဥသျှစ်ညွန့်(၃)ညွန့်နှင့် သောက်တော်ရေ(၅)ခွက်တို့ကို တနင်္လာနေ့တွင် စေတီတစ်ဆူ၏ တနင်္ဂနွေဂြိုဟ်တိုင်မှ ကပ်လှူ ဆုတောင်းပါ။



❂ တူရာသီဖွား

**(စက်တင်ဘာလ ၂၂–ရက် မှ အောက်တိုဘာလ ၂၂–ရက် အတွင်း မွေးသူ)**

ဆီး(ဇီး)ညွန့်(၆)ညွန့်၊ ခရေပန်း(၆)ကုံး၊ သီဟိုဠ်ညွန့်(၆)ညွန့်နှင့် ဖယောင်းတိုင် (၃)တိုင်တို့ကို တနင်္ဂနွေနေ့တွင် စေတီတစ်ဆူ၏ သောကြာဂြိုဟ်တိုင်မှ ကပ်လှူ ဆုတောင်းပါ။



❂ ဗြိစ္ဆာရာသီဖွား

**(အောက်တိုဘာလ ၂၃–ရက် မှ နိုဝင်ဘာလ ၂၁–ရက်အတွင်း မွေးသူ)**

ဥသျှစ်ညွန့်(၄)ညွန့်၊ ပိတောက်ညွန့်(၄)ညွန့်၊ ရွက်လှပန်း(၄)ခက်နှင့် ဆွမ်း(၆)ပန်းကန်ကို စနေနေ့တွင် စေတီတစ်ဆူ၏ တနင်္လာဂြိုဟ်တိုင်မှ ကပ်လှူ ဆုတောင်းပါ။



❂ ဓနုရာသီဖွား

**(နိုဝင်ဘာလ ၂၂–ရက် မှ ဒီဇင်ဘာလ ၂၀–ရက် အတွင်း မွေးသူ)**

ခရေညွန့်(၂)ညွန့်၊ ကံ့ကော်ညွန့် (၂)ညွန့်၊ ဆီး(ဇီး)(၂)ညွန့်နှင့် ကြက်လျှာ(၄)ခုတို့ကို ဗုဒ္ဓဟူးနေ့တွင် အများကိုးကွယ်သော စေတီတစ်ဆူ၏ စနေဂြိုဟ်တိုင်မှ ကပ်လှူ ဆုတောင်းပါ။



❂ မကာရရာသီဖွား

**(ဒီဇင်ဘာလ ၂၁–ရက် မှ ဇန်နဝါရီလ ၁၉–ရက် အတွင်း မွေးသူ)**

ကံ့ကော်ညွန့်(၁)ညွန့်၊ အုန်းလက်(၁)ရွက်၊ ဆီး(ဇီး)(၁)ညွန့်နှင့်သောက်တော်ရေ(၂)ခွက်တို့ကို ကြာသပတေးနေ့တွင် စေတီတစ်ဆူ၏ ကြာသပတေးဂြိုဟ်တိုင်မှ ကပ်လှူ ဆုတောင်းပါ။



❂ ကုံရာသီဖွား

**(ဇန်နဝါရီလ ၂၀–ရက်မှ ဖေဖော်ဝါရီလ ၁၈–ရက် အတွင်း မွေးသူ)**

အုန်းလက်(၄)ရွက်၊ ကြံညွန့်(၄)ညွန့်၊ ရွက်လှ(၄)ညွန့်နှင့် ဖယောင်းတိုင်(၁)တိုင်တို့ကို အင်္ဂါနေ့တွင် စေတီတစ်ဆူ၏ ဗုဒ္ဓဟူးဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။



❂ မိန်ရာသီဖွား

**(ဖေဖော်ဝါရီလ ၁၉–ရက် မှ မတ်လ ၂၀–ရက် အတွင်း မွေးသူ)**

ရွက်လှ(၆)ညွန့်၊ အောင်သပြေညွန့်(၆)ညွန့်၊ သီဟိုဠ်ညွန့်(၆)ညွန့်နှင့် ဆွမ်းထမင်း(၄)ပန်းကန်တို့ကို ဗုဒ္ဓဟူးနေ့တွင် စေတီတစ်ဆူ၏ စနေဂြိုဟ်တိုင်မှ ကပ်လှူ ဆုတောင်းပါ။

**ဆို့ပိတ်နေသော လာဘ်လာဘများ ပွင့်လင်း၍** ရလွယ်ရောက်လွယ် ပိုင်ဆိုင်ရလွယ်ကူ လာကြပါလိမ့်မည်။

**ထက်မင်းကျော်စွာ**



www.burmeseclassic.com

www.burmeseclassic.com



အံ့. ကြွယ်

# ဂုဏ်တော်ကိုးပါး ဇာတ်ဆက်များဂါထာ

## ကျင့်ကြံပွားများ အကျိုးများစေမှာ

ပူပြင်းချက်၊ အိုက်ချက်ကတော့ တမ်းကုန်ဟုသာ ဆိုလိုက်ချင်တော့သည်။ ယခင်နှစ်များကဆိုလျှင် ဆောင်ကို အထပ်ထပ်ခြုံ၊ မီးကို ပြတ် လှုံနေရသည့် ယခုလို တပေါင်းလမျိုး ဘယ်ကိုများ ရောက်သွားလေရော့သနည်းဟု တွေးမိသည်။

"နေ့ပူလို့ ညချမ်း တပေါင်းလသရမ်း" ဟုသည့်အဆို မှားသွားရော့ထင့်။ အခုတော့ နေ့ဘက်တွင် အပူကဲ၍ ညဘက်တွင် အအေးပေါ့နေခဲ့သည်။

အပူခံ စာဖတ်မည်ဟု စာအုပ်ဗီရိုကို နှိုက်ပြန်တော့ အအိုက်က ပိုလာပြန်သည်။ ချွေးတလုံးလုံးနှင့်မို့ စိတ်တပါ ဆူဆာလာပြန်ပါသည်။

မခံမရပ်နိုင်သည့်အဆုံး၊ အဘိုးသက်ရာ အပင်အိုကြီးများသာ ရှိတော့သည့် မြို့အနောက်ဘက်အစွန်က အုန်းခြံဆီသို့ တစ်ကိုယ်တည်း ယွန်းခဲ့မိသည်။

ခြံထဲရောက်တော့ အုန်းပင်အိုကြီးများမှာ သက်တမ်းရင့်ပြီဖြစ်၍လည်းကောင်း၊ ပြုပြင်ပေါင်းသင်မှုရှိသဖြင့် လည်းကောင်း အသီးကကောင်းစွာ မတင်လေတော့ပြီ။

လူမနေ ပြုပြင်မှုမရှိတော့ရာ ရေမြေသဘာဝ ကောင်းမွန်သဖြင့် သရက်ပင်နှင့် ကျွဲကောပင်မှာ ဖြစ်ထွန်း သန်စွမ်းသလောက် အသီးများက ရင့်မှည့်အောင် မနေကြရပါချေ။

သီးပြီဆိုသည်နှင့် လူကြီးလူငယ်ကြုံသည့်သူများက လက်ဦးမှု ရယူကာ ခူးဆွတ်ကြသည်။ ခြံပိုင်ရှင်မောင်အံ့တို့မိသားစုကလည်း ဘာမျှမတတ်နိုင်သဖြင့် နိဗ္ဗာနပစ္စယောဟောတု ဟူသည့် တရားသဘောသာ လက်ကိုင်ထားကြရတော့သည်။

ပူလွန်း၊ အိုက်လွန်း အေးရာအေးကြောင်း လာရှာသည့် မောင်အံ့၊ ခြံထဲရောက်ကာမှ မအေးနိုင်ရှာဘဲ စိတ်ညစ်ညူးစရာ ဖြစ်ရတော့သည်။

အုန်းပင်အိုကြီးများကို မော့ကြည့်၊ လူတို့ပယောဂကြောင့် အသီးကြွေ အကိုင်းအခက်များ အချိုးခံရသည့် သရက်ပင်၊ ကျွဲကောပင်များကို ရှု





www.burmeseclassic.com

www.burmeseclassic.com

ကာ မမြဲသော အနိစ္စသဘောကို ဆင်ခြင်လျက် တရားရှာရတော့မည့် အရွယ်ပါလားဟု သံဝေဂရသလိုလို ရှိရပါတော့သည်။

မည်မျှကြာအောင် အတွေး နယ်ချဲ့မိသည် မသိ၊ ပခုံးကို တစ်စုံ တစ်ဦးက လာပုတ်တော့မှ လန့်ဖျပ် အတွေးရပ်ကာ လှည့်ကြည့်မိသည်။

ဘုန်းကြီးကျောင်း၊ ဘုရား တန်ဆောင်းတို့၏ ဂေါပကဥက္ကဋ္ဌ ပန်းဒကာကြီး **"ဦးစိုင်းကျော်မြင့်"** ၏ ပြုံးပြုံးကြီးနှင့် လက်တစ်ဖက်က မောင်အံ့ပခုံးကို ကိုင်ကာ တစ်ဖက် က ခါးထောက်လျက်အနေအထား ကို တွေ့မြင်လိုက်ရသည်။

'ဘယ်လိုလဲ ကိုအံ့ရဲ့ တစ်ယောက်တည်း ဘာတွေများ တွေး,ငေး,ဆွေး နေတာလဲ ဗျ။ ကျုပ်တောင်ပေါ်က ဆင်းလာကတည်း က ခြံလယ်မှာ ငုတ်ကြီး ရပ်နေတဲ့ ကိုရင့်ကို ကြည့်နေတာ၊ မလှုပ်မယှက်ဘဲလေ။

အနားရောက်တော့လဲ ကျုပ်ကို မမြင် မတွေ့နဲ့မို့ အခုလို ပခုံးပုတ်လိုက်တာပဲဗျို့။ အိမ်ရှင်မနဲ့ စကားများ ရန်ဖြစ်လာပုံရတယ် နော်။ ဘာတွေဖြစ်လာတာလဲ ပြောစမ်းပါဦးဗျ။ ကူညီနိုင်မယ့်ကိစ္စမျိုး ဆိုရင်လဲ ကူညီရတာပဗျာ'

ဦးစိုင်းကျော်မြင့်က သူ၏ မူဟန် ပုံစံအတိုင်း အပြုံးတစ်ဝက်ဖြင့် အမေးစွက်ခဲ့သည်။

'မဟုတ်ရပါဘူးဗျာ၊ အိမ်က အမျိုးသမီးက ဥပုသ်နေ့မို့ သိမ် ကျောင်းဆရာတော်ထံ သီတင်း သီလ ဆောက်တည်ဖို့ သွားနေပါ တယ်။ အိမ်မှာ နေပူလွန်း အိုက်လွန်း လို့ မနေနိုင်တာကြောင့် အပူများ သက်သာမလားဆိုပြီး ခြံထဲထွက် လာခဲ့တာပါဗျာ။

ဒီရောက်တော့ အပူမသက်သာ ဘဲ မပြုမပြင်ဘဲထားတဲ့ ခြံကြီးကို ကြည့်ပြီး စိတ်မော လူအိုက်ဖြစ်ရလို့ ပိုပြီး ပူသလို ခံစားရတာကြောင့် သတိလက်လွတ် ဖြစ်သွားတာပါ ဗျာ'

မောင်အံ့က အကျိုးအကြောင်း ရှင်းပြပြီး၊ အနီးရှိ သရက်ပင် အရိပ် ဆီသို့ ဦးစိုင်းကျော်မြင့်ကို ဆွဲခေါ်ကာ ဝါးကုလားထိုင်လေးများ ပေါ်တွင် ထိုင်ခဲ့ကြသည်။

'အေးဗျ… ဒီခြံကြီးက (၂)ဧကလောက် တော့ ရှိမယ်။ မပြုမပြင်နဲ့ ဒီအတိုင်း ပစ် ထားတာ နှစ်ပေါင်း(၂၀)တောင် ကျော်ရော့ ပေါ့နော်။ ကျုပ်တို့ ငယ်ငယ်ကဆိုရင် အဘိုးဦးနွံနွံနဲ့ လိုက်ပြီး သရက်သီးတွေ ကောက် အပင်ပေါ်တက်ခူးနဲ့ အလွန်ပျော် ခဲ့ကြတာပေါ့။

ကဆုန်,နယုန်လများမှာဆို သရက်သီး တွေလဲ မှည့်ပြီး ကြွေကျ၊ အပင်တွေမှာလဲ တစ်ဆုပ်တစ်ခဲမို့ ကောက်လို့ ဆွတ်လို့ တောင် မနိုင်ပါဘူးဗျာ။

အဘိုးလဲ မရှိရော ဒီခြံကြီးကို ဘယ်သူမှ လဲ ဂရုမစိုက်ကြတော့ဘူးလေ။ ဘာလိုလိုနဲ့ အဘိုး ကွယ်လွန်ခဲ့တာတောင် နှစ်ပေါင်း (၂၀)ကျော်ရော့ပေါ့။

ကြည့်စမ်း…ကျွဲကောပင်တွေဆိုလဲ သီး ကင်း အနလေးတောင် မမြင်ရတော့ပါ လား။ အရင်ကတော့ ကျုပ်တို့တစ်တွေ ဒီအပင်က အနီမျိုး၊ ဒါက အဖြူမျိုး ဒီ ဟာကတော့ အရမ်းချိုတယ်၊ ဒီကောင်က ချိုချဉ်ချဉ်လေးနဲ့ တစ်လုံးပြီး တစ်လုံး ခွဲ စားခဲ့ကြတာတွေ သတိရမိတော့တယ်ဗျာ'

မောင်အံ့၏ဝေဒနာ ဦးစိုင်းကျော် မြင့်ထံ ကူးစက်သွားလေရော့ သလား။ အတိတ်ကို သတိရရင်း ဝမ်းနည်းပက်လက်၊ ဆွေးဆွေးမြည့် မြည့် စကားဆိုလာခဲ့သည်။ ဟုတ် တော့လည်း ဟုတ်သည်။ မောင်အံ့ တစ်ယောက် ရှမ်းတိုင်းရင်းသူကို လက်ထပ်ပြီး ဆံထုံးနောက် သျှောင် ပါ၊ ယောက္ခမအိမ်တွင် တက်နေခဲ့ သည်မှာ နှစ်,နှစ်ဆယ်ကျော်ခဲ့ပြီပဲ။

သားသမီးများ မပွားစီးမီကတော့ ဇနီးမောင်နှံနှစ်ဦး ခြံထဲကို မြောင်း သွယ်,ရေဖောက်,ပေါင်းသင်,မြက် ရှင်းလုပ်ရန် အခေါက်ခေါက် ရောက် ခဲ့သည်။

ကျေးဖူးရှင်လေးများ ရလာတော့ သူတို့ဝေယျာဝစ္စဖြင့် မအားရတော့။ တစ်ခါတစ်ရံ မိသားစုတို့ ထမင်းချိုင့် ဖြင့် ပျော်ပွဲစားထွက်သလိုမျိုးသာ ရောက်ကြတော့သည်။

ဒီကြားထဲ သားသမီးများ ကလည်း ကျောင်းတက်ရန် ထွက်၊ မောင်အံ့တို့ မောင်နှံကလည်း ဝန်ထမ်းမို့ အပြောင်းအရွှေ့ကြောင့် ခြံထဲသို့ မရောက်ဖြစ်တော့သည်မှာ ဆယ်စုနှစ်၊ နှစ်ခုမကတော့ပြီ။

ဟော…အခုတော့ သားသမီးများ ကလည်း ပညာစုံ၊ အလုပ်အကိုင် ကိုယ်စီဖြစ်၊ မောင်အံ့တို့လည်း ပင်စင်ယူကြပြီမို့ အေးရာအေး ကြောင်း ဥယျာဉ်ခြံစိုက်ကာ မနား၊ လုပ်ကိုင်စားကြတော့မည်ဟု ဆုံး ဖြတ်ခဲ့ကြသည်။

ဆရာတင်မိုးရဲ့ **"အဘိုးကြီး စစ်တမ်း"** ကဗျာထဲကလို…

'ပျော်ပိုက်ရာ၊
တော်ထိုက်ရာနေ၊
စာပေမပြတ်၊





www.burmeseclassic.com

www.burmeseclassic.com



ကဗျာတွေလည်းဖတ်၊
ရပ်သူရွာသားတွေနဲ့
ထပ်တူမခြား နေတတ်တဲ့၊
ဇရပ်ငုံးတို တာတမံခရိုး အနီးက၊
မပြတ် ပြုံးချိုနေတဲ့၊
သာမန်အဘိုးကြီးပဲ လုပ်ချင်တယ်'

ဆိုပြီး ပျော်ပျော်နေမယ်ကြံကာမှ အသက်အရွယ်ကြောင့် ကျန်းမာရေးက ထောင်းလာသည်။ စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့။

ဖြစ်လာသမျှ အကြောင်း အကောင်းချည်းဟု တရားသဘောနှင့် ဖြေသိမ့်ကာ ဤခြံကို ဒီအတိုင်း ...စ်ထားခဲ့ရသည်။

ယခု ဦးကျော်မြင့် ပြောလာကာမှ အလွမ်းရင့်ရာသီက ရင်ထဲသို့ တိုးဝင်လာခဲ့ပြန်သည်။ မောင်အံ့မှာ စကားဆိုရန် မစွမ်းသာတော့။ ဦးကျော်မြင့်က အခြေအနေကို ရိပ်စားမိလေရော့သလားမသိ။

'အေးပေါ့လေ... ဖြစ်ပြန်ပျက်ပြန် လောကဓံလို့ ဆိုထားတယ် မဟုတ်လား။ သဘာဝတရားလို့ ဆိုရမလား၊ ကောင်းဆိုးနှစ်တန် လောကဓံလို့ ပြောရမလား၊ ဖြစ်ပျက်သင်္ခါရလို့ မှတ်ချက်ပြုရမလား တရားသဘော ဆင်ခြင်ပြီး နေတတ်အောင် ကြိုးစားကြရမှာပေါ့လေ။ အနေတတ်မှ အသေမြတ်မယ် မဟုတ်လားဗျ'

တရားပြကာ အားပေးရှာသည်။

'အေးလေ... ကိုရင် ခံစားနေရတာက မြင်တော့ ကိုယ်ချင်းစာမိပါတယ်။ ကိုရင်တို့ကမှ ပိုင်ဆိုင်မှုအနေနဲ့ ဒီခြံကြီးကို လက်ဆုပ်လက်ကိုင် ရှိနေပါသေးတယ်လေ။

ကျုပ်ဆိုရင် ရာသီပေါ် သီးနှံတွေစိုက်၊ ပြောင်းစိုက်၊ နှမ်းစိုက်၊ စပါးစိုက်ခဲ့တဲ့ လုပ်ကွက်ကောင်း မြေနုကျွန်း(၅)ဧက လောက်ဟာ ဘာလျော်ကြေး၊ ဘာအစားထိုး လုပ်ကွက်မှမရဘဲ လက်လွှတ်ဆုံးရှုံးခဲ့ရတာပေါ့ဗျာ။

သွေးမျက်ရည်ကျမျှ ခံစားခဲ့ရပြီး တရားနဲ့ ဖြေခဲ့ရတာပေါ့။ ဒီအကြောင်းတွေကို ကိုရင်ကို ပြောရဦးမယ်လေ'

ဦးစိုင်းကျော်မြင့်က သူ့ဘဝနှင့် ခံစားချက် တစ်စိတ်တစ်ပိုင်းကို ဖွင့်ဟခဲ့ပါသည်။

* * *

'ကျုပ်က ဒေသခံ "**ဖားဆောင်းမြို့သား**" စစ်စစ်ပါဗျာ။ ဒီထက်ပိုပြောရရင် "**ဖားဆောင်းမြို့ရဲ့ အစ ခဲမဖြူက**"လို့ ဆိုရမယ့် "**ခဲမဖြူရွာ**"မှာဆို ကျုပ်တို့မိသားစုပိုင် ခြံတွေ၊ လယ်ယာမြေတွေနဲ့ အခြေတကျ နေခဲ့ကြတာလေ။

ဟိုအရင်ကတော့ ဖားဆောင်းမြို့ထက် ခဲမဖြူရွာက ပိုပြီး စည်ကား၊ ဖွံ့ဖြိုးခဲ့တာကလား။ ဖားဆောင်းနဲ့ ခဲမဖြူအကွာအဝေးက သုံးမိုင်သာသာလောက်ပဲ ဝေးတာပါ။ အခုခေတ် ဆိုင်ကယ်တွေနဲ့ဆို (၁၅)မိနစ်တောင် မကြာပါဘူးဗျာ။

ဖားဆောင်းမြို့ရဲ့ အနေအထားကို ကြည့်ရင် မြို့အရှေ့ဘက်မှာ ရှိတဲ့ သံလွင်မြစ်ကြီး ရေကျချိန်ဆိုရင် သောင်ပြင်ကျယ်ကြီး ဖြစ်ပေါ်နေပြီ။ ရေဘက်ပြန်တော့ မြို့ခြေအထိ ရေဝင်ပြန်ရော။ တစ်ဖက်ကလဲ တောင်ကုန်းမြင့်ကြီးတွေ ဝန်းရံနေတာကြောင့် လူနေအိမ်ခြေတွေက ကားလမ်းဘေးတစ်လျှောက်သာ တိုးချဲ့လိုက်နိုင်တာ ကိုရင်အမြင်ပဲလေ။

ခဲမဖြူကျတော့ ဒီလိုမဟုတ်ဘူးဗျ။ သံလွင်မြစ်ကြီးဟာ ရွာရဲ့ အသက်သွေးကြောလို့ ဆိုနိုင်ပါတယ်။ ရေကျရင် ပွန်ချောင်းနဲ့ သံလွင်မြစ်က တိုက်စားလာတဲ့ မြေနုကျွန်းတွေပေါ် လာတာမို့ စပါးစိုက်ကြ၊ ပဲမျိုးစုံနဲ့ ဟင်းသီးဟင်းရွက်စိုက်ကြရလို့ စိုက်ပျိုးရေးက အလွန်ကောင်းပေါ့ဗျာ။

ရွာအနောက်ဘက်မှာ ဆိုရင်လဲ တောင်ကုန်းတွေ မထူလို့ မြေလွတ်မြေရိုင်း ခုတ်ထွင်ပြီး ပြောင်းနဲ့ နှမ်းကို အဓိကစိုက်ကြတာမို့ စီးပွားရေးကလဲ ခိုင်မာတောင့်တင်းပါ့ဗျာ။

အင်း...ဒါတွေက ၁၉၈၅ ခုနှစ်ရဲ့ ဟိုဘက်ပိုင်းကာလများလို့ ဆိုရမှာပေါ့။ **၁၉၉၀ ပြည့်နှစ် ပတ်ဝန်းကျင်ကျတော့ လုံခြုံရေးအခြေအနေက စိတ်မချရတော့ဘူးဗျို့။** ရွာကို တောထဲက လူတွေက ...၊ တပ်မတော်က ထွက်၊ သူ...ကိုယ်



www.burmeseclassic.com

www.burmeseclassic.com

ထွက်နဲ့ လူးလာဆန်ခတ် ဖြစ်နေခဲ့တာကြောင့် ရွာမှာ မနေရဲကြတော့ဘူးလေ။

အခိုင်အမာဖြစ်တဲ့ ဘုန်းကြီးကျောင်းမှာတောင် စောင့်ရှောက်မယ့်သူ မရှိတော့လို့ လက်နက်ကိုင်များ တည်းခိုစခန်းချရာ၊ မသမာသူ လူဆိုးသူခိုးများ ခိုလှုံရာဖြစ်ခဲ့ပြီး နောက်ဆုံးတော့ အစအနမကျန်အောင် ပျက်စီးသွားရတော့တာပဲ။

အဲဒီတုန်းက ကျုပ်လား... ကိုရင်က ယုံချင်မှ ယုံလိမ့်မယ်။ သတ္တိရှိတယ်လို့ ခေါ်ရမလား၊ မိုက်ရူးရဲလို့ ပြောရမလား။ ကျုပ်ကတော့ ဥယျာဉ်ခြံစိုက်၊ စပါးစိုက်ပြီး ဖားဆောင်းနဲ့ ခဲမဖြူကို စက်ဘီးလေးတစ်စီးနဲ့ သွားချည်လာလှည့် နေခဲ့တာပဲဗျ။

နေရဲသလား ဟုတ်လား။ ဟာ... နေရဲလို့ နေခဲ့ပြီပဲဗျာ။ ဘာလက်နက်မှ မရှိပေါင်။ ကျုပ်မှာ အားကိုးစရာဆိုလို့ ရတနာမြတ်သုံးပါးပဲ ရှိတာပေါ့။

အဲ...တစ်ခုတော့ ပြောစရာရှိတယ်။ ကျုပ် နေ့စဉ် နိစ္စဘတ်ဝတ်မပျက် ရွတ်ဆိုပူဇော်ခဲ့တဲ့ **"ဘုရားဂုဏ်တော်ကိုးပါးနဲ့ ဓာတ်ဆက်မျှားဂါထာ"**ကို ရွတ်ပွား၊ ဒီဂါထာနဲ့ ပုတီးစိပ်ကတော့ ကျုပ်ရဲ့ လက်စွဲကျင့်သုံး အားကိုးခဲ့တဲ့ ဂါထာနဲ့ ကျင့်စဉ်လို့ ဆိုနိုင်ပါတယ်။

တိုတိုပဲ ပြောကြပါစို့ဗျာ။ **၁၉၉၀ ပြည့်နှစ်ကျော်လာတော့** နယ်မြေက အေးချမ်းမသွားတဲ့အပြင် ပိုလို့တောင် ဆိုးလာခဲ့တယ်။ ရွာအနီးပတ်ဝန်းကျင်မှာ နေ့စဉ် တိုက်ပွဲတွေ ဖြစ်ခဲ့တာပါကလား။ ဖားဆောင်းနဲ့ ခဲမဖြူကိုတောင် တပ်က ခွင့်ပြုလက်မှတ်ပါမှ သွားလာလို့ရတဲ့ အခြေအနေထိ ဖြစ်လာခဲ့တယ်။

တစ်ခါတစ်ရံ ခွင့်ပြုစာကို တောထဲက လူတွေ တွေ့ပြန်ရင်လဲ စစ်ဆေးမေးမြန်း ဖမ်းဆီးမှုတွေ ပါလာကြပြန်ရောဗျို့။

ဒီအခါကျတော့ ကျုပ်လဲ မိုက်ရူးရဲ မလုပ်ရဲတော့ဘူးလေ။ ဖားဆောင်းမှာနေတဲ့ ဇနီးနဲ့ ကလေးတွေကလဲ **"မစားရရင်နေပါ၊ သေမင်းကို အန်တုပြီး လုပ်မကျွေးပါနဲ့"**လို့ ဆိုပြီး တားကြတာကြောင့် ကျုပ်လဲ ဖားဆောင်းမှာပဲ မိသားစုနဲ့ ပြန်နေခဲ့တော့တယ်။

ဒါပေမယ့် ငြိမ်းချမ်းတဲ့ တစ်နေ့မှာတော့ ကိုယ့်ခြံ၊ ကိုယ့်လယ်ရှိရာ ဇာတိမြေကို ပြန်လုပ်မယ်ဟဲ့လို့ အားခဲထားခဲ့တာပေါ့ဗျာ။ လူဆိုတဲ့ သူတွေက တော်တော်ခက်တယ်ဗျ။ ကျုပ်ကိုပဲ ကြည့်ဗျာ။ သေနတ်သံ၊ ဗုံးသံတွေ ကြားမှာနေရတုန်းကတော့ အားကိုးရာ ဘုရား၊ တရားကို တစ်နေ့မှ မမေ့ခဲ့ဘူး။

ဟော...လုံခြုံစိတ်ချရတဲ့ နေရာလဲ ရောက်ရော ဘုရားမေ့၊ တရားမေ့နဲ့ ဓာတ်ဆက်ပါ ဂါထာရွတ်တာ၊ ပုတီးစိပ်တာတွေလဲ မလုပ်ဖြစ်တော့ပါဘူးဗျာ။

တရားဥပဒေစိုးမိုးပြီး နယ်မြေအေးချမ်းလာတော့ ကျုပ်လဲ စိတ်ချမ်းသာတာပေါ့လေ။ ငါ့ခြံ၊ ငါ့မြေလေးနဲ့ လုပ်ကိုင်စားရပြီပေါ့လို့ တွေးရင်း ပီတိတွေ လှိုင်နေရသေးတယ်လေ။

ကျုပ်ရဲ့အပျော်လေးက မကြ
လိုက်ပါဘူးဗျာ။ တောထဲက ည
အစ်ကိုတွေ ငြိမ်းချမ်းရေးယူပြီး မြို့
ပြန်လာကြမယ်ဆိုတော့ ကျုပ်
ခဲမဖြူရွာကို "ငြိမ်းချမ်းရေးနယ်မြေ
အဖြစ် သတ်မှတ်ခဲ့တယ်။ ဒီအခါ
တော့ ငြိမ်းချမ်းရေးရွာကြီးအဖြ
တည်ဆောက်၊ အိမ်ခြေအဆော
အအုံတွေ၊ စာသင်ကျောင်းနဲ့ ဆေ
ပေးခန်းတွေ ဆောက်ခဲ့ကြတာပေ

အခုဆိုရင် အထက ကျောင်းကြ
ဖြစ်၊ တိုက်နယ်ဆေးရုံ ဖွင့်နိုင်ခဲ့
မြို့ကြီးတမျှ စည်ကားတိုးတက်
ပါပြီ။

ဒီလိုအခြေအနေ မြင်ရတော့
ဝမ်းသာရတာပေါ့။ ဒါပေမယ့် ဝ
နည်းရတာကတော့ ကျုပ်မိသား
ပိုင် ခြံတွေ,မြေတွေ အားလုံး ဆုံး
လိုက်ရတာကိုပါပဲ။ ကြားစမြင်
ကတော့ နှမြောလွန်းရလို့ ကြိမ်
အုံးသလို ခံစားရတာပေါ့။

ဝမ်းနည်းပူဆွေး ပိုကြွေးရနဲ့ က
အဖို့တော့ ကမ္ဘာပျက်သလိုပါပဲ
နောက်တော့ **"မွေ့တော်ကျော**
**ဆရာတော်ဘဒ္ဒန္တဝိဇယ (ရှုဥ**
**ဝါစကပဏ္ဍိတ)**ရဲ့ ဩဝါဒ ဆုံး
စကားတွေ ခံယူခဲ့ရလို့ အထိ
အလျော့ တရားနဲ့ ဖြေနိုင်ခဲ့
တယ်။

အဲဒီကစပြီး **"ဘုရားဖ**
**အမျက်ပြေ၊ သံဃာဖက် အခ**
**ဝေ"**ဆိုတာမို့ ဘုန်းကြီးကျောင်းမှ
တရားထိုင်၊ ဝေယျာဝစ္စ လုပ်
စိတ်ကို ဖြေနိုင်ခဲ့ပါတယ်ဗျာ။

ဒီမွေ့တော်ကျောင်းမှာပဲ ဆ
တော်ရဲ့ ဆုံးမဩဝါဒခံယူ



www.burmeseclassic.com

www.burmeseclassic.com

ဂေါပက တာဝန်ယူ၊ သာသနာ့အကျိုး၊ ရပ်ရွာအကျိုး လုပ်ကိုင်ဆောင်ရွက်ရင်း စိတ်အနည်ထိုင်ခဲ့ပါပြီ။

ဦးပုညရဲ့ မေတ္တာစာ တစ်ပုဒ်ထဲမှာပါတဲ့ "**ယာဂုထမနဲ၊ အိုးကြီးကွဲကာမှ၊ စွန့်ကြဲသည့် ဒါနကိုလည်း၊ နိပ္ဖလ မဆိုသာ**" ဆိုသလိုပါပဲ၊ ဆုံးရှုံးသွားတဲ့ ခြံ၊မြေတွေကိုလဲ ကုသိုလ်ဒါနလို့ သဘောထားလိုက်ပါပြီဗျာ'

*  *  *

'ကဲ...ဒါကတော့ ကျုပ်ရဲ့ ပိုင်ဆိုင်မှုတွေ ဆုံးရှုံးခဲ့ရတဲ့အကြောင်း တစေ့တစောင်း ဆိုပါတော့ဗျာ'

'ဟုတ်ကဲ့ ဦးစိုင်းခင်ဗျာ၊ အခုလိုသိရတော့ စိတ်မကောင်း ဖြစ်မိပါတယ်။ ကျွန်တော် မေးချင်တာက ခြံတွေ လယ်တွေနဲ့ ပတ်သက်လို့ မြေယာ လျော်ကြေးတွေများ မရခဲ့ဘူးလားဗျာ၊ တင်ပြခဲ့တာမျိုးကော ရှိသေးလားဟင်'

'အင်း...ပြောရရင်တော့ လျော်ကြေးလဲ မရခဲ့ပါဘူး။ တင်ပြတာတွေ ရှိခဲ့ပေမယ့် ငြိမ်းချမ်းရေး တည်ဆောက်တာမို့ အလှူပေးတယ်လို့သာ သဘောထားလိုက်ပါနော်ဆိုတဲ့ နှစ်သိမ့်စကားနဲ့ပဲ ကျေနပ်ခဲ့ရပါတယ်ဗျာ။

စေတနာမှန်တဲ့ ကံတရားမို့ တစ်နေ့နေ့မှာတော့ အကျိုးခံစားရမယ်လို့ ယုံကြည်ထားပါတယ်။ ကဲပါ ဒါတွေ ထားလိုက်ပါတော့လေ။ အခု ကျုပ်အဖြစ်ကို သိရတော့ ကိုရင်ဘာတွေများ အတွေးပွားမိသလဲ ပြောစမ်းပါဦးဗျ'



'ကျွန်တော် သိမိတာကတော့ ဖြစ်ချင်တိုင်း မဖြစ်ရတဲ့ ကံဇာတ်ဆရာအလိုကျက,ခဲ့ရတယ်ရယ်၊ ရတနာမြတ်သုံးပါးကလွဲပြီး အားကိုးဖွယ်ရာ မရှိဘူးဆိုတာ သိရပါတယ်။ ဗုဒ္ဓတရားတော်နဲ့အညီ ကံ, ကံရဲ့ အကျိုးပေးပုံကို သိရှိရပြီး အရာရာကို တရားနဲ့ ဖြေတတ်ဖို့ သံဝေဂပွား သတိထားမိပါတယ်ခင်ဗျ'

'ကိုရင် မဆိုးဘူးဘဲ၊ ကျုပ်အဓိက သိစေချင်တာကလဲ ဒါပါပဲ။ ကိုရင်က ပိုင်ဆိုင်တဲ့ ခြံကြီးရဲ့ ပျက်စီးနေပုံကို ကြည့်ပြီး စိတ်ပျက်အားလျော့၊ အလိုမကျ ဖြစ်နေတာမို့ ကိုရင့်အဖြစ်ထက်ဆိုးတဲ့ ကျုပ်ဘဝ တစ်စိတ်တစ်ပိုင်းကို သိပြီး ဖြေသိမ့်စရာ ရနိုင်အောင် အသိပေးလိုက်ရတာပါပဲဗျာ'

ဦးစိုင်းကျော်မြင့် ပြောပြသည့် သူ့ဘဝဇာတ်ကြောင်း တချို့နှင့် သူ၏ ကံတရားအပေါ် လက်ခံယုံကြည်မှုတို့ကို သုံးသပ်ဆင်ခြင်မိရင်း မောင်အံ့မှာ အတွေးစတစ်ခု ဖြစ်ပေါ်လာခဲ့ရာ အမေးတစ်ခုကို ဖွင့်ဟမိသည်။

'ဟုတ်ပါပြီ ဦးစိုင်းရယ်၊ ဒါပေမယ့် ကျွန်တော် အတွေးတစ်ခု ဖြစ်မိတယ်ဗျ။ ဦးစိုင်းစကားထဲမှာ လုံခြုံရေး စိတ်မချရတဲ့ အချိန်မှာတောင် သတ္တိရှိရှိပဲ "**ဂုဏ်တော်နဲ့ ဓာတ်ဆက်ဂါထာ**" ကို ရွတ်ပွား ပူဇော်နေခဲ့တယ်လို့ ကြားမိလိုက်တယ်နော်။

နောက်ပိုင်း မိသားစုနဲ့ နေထိုင်ခဲ့တဲ့အခါ ဂါထာကို မရွတ်ဆိုမိတော့ဘူးလို့လဲ ပါတယ်ခင်ဗျ။ ဒီလို ဘုရား,တရား မေ့ခဲ့လို့များ ခြံတွေ၊ မြေတွေ ဆုံးရှုံးခဲ့ရတာလို့များ အတွေး မဝင်ခဲ့မိဘူးလား'

'ကောင်းလိုက်တဲ့ မေးခွန်းဗျာ၊ ကျုပ်အတွေး သံသယဝင်ခဲ့မိတာနဲ့ ကွက်တိပါပဲ။ ဟုတ်တယ်ဗျ။ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမား၊ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များရဲ့ အစောင့်အရှောက်ကို ရစေနိုင်တဲ့ ဂါထာကို ရွတ်ပွား၊ ပုတီးစိပ်နေတုန်းက စိတ်အေးချမ်းသာ ဖြစ်ခဲ့ရသလောက် သတိလက်လွတ် ဖြစ်တာနဲ့ ဘဝကိုရင်းပြီး ခံစားရတာပါပဲ။

ဒါကလဲ ကံနဲ့ကံအကျိုးပေး ဆိုတဲ့အတိုင်း ဖြစ်ချိန်တန်ရင် ဖြစ်ကြရတဲ့ ပြယုဂ်ပဲပေါ့။

ဟော... ဘုရား၊ တရားကိုမေ့ နိစ္စဘတ်ဝတ်ကို ပစ်ပယ်ခဲ့လေတော့ ကံဆိုတဲ့ တရားသူကြီးက စီရင်ချက်ချလိုက်တဲ့အတိုင်း နာခံရတော့တာပါပဲ။ ဘယ်သူမပြု မိမိမှုလို့ ဆိုလိုက်ပါရစေနော်'

'ဟုတ်ကဲ့ ကျွန်တော် သဘောပေါက်ပါပြီ၊ ဖြစ်နိုင်လို့ မမေ့သေးဘူးဆိုရင် ဒီဂါထာတော်နဲ့ ကျင့်စဉ်ကို ချီးမြှင့်ပေးပါလား။ ကျွန်တော်လဲ



www.burmeseclassic.com

www.burmeseclassic.com

ရချင်ပါတယ်။ ရွှတ်ပွားသရဇ္ဈာယ် ခြင်းအားဖြင့် ဤခြိုကြီးကိုလဲ စောင့် ရှောက်မှုပြုချင်လို့ပါ ခင်ဗျ'

'ကျုပ်ကလဲ ဒါကို ဓမ္မဒါနပြုချင် လွန်းလို့ ကိုရင့်ကို ကျုပ်ဘဝနဲ့ ယှဉ် တဲ့ အတွေးတစ်စကို ချပြခဲ့တာပါ ပဲဗျား။ ကဲ နာယူပါတော့ကိုရင်ရေ...

ဂုဏ်တော်ကိုးပါးနှင့်

ဓာတ်ဆက်များဂါထာတော်

အရဟံသိဒ္ဓိ...ဗုဒ္ဓစက္ကံ မံ ရက္ခန္တု၊

သမ္မာသမ္ဗုဒ္ဓေါသိဒ္ဓိ...ပစ္စေကဗုဒ္ဓစက္ကံ မံ ရက္ခန္တု၊

ဝိဇ္ဇာစရဏသမ္ပန္နောသိဒ္ဓိ...ဓမ္မစက္ကံ မံ ရက္ခန္တု၊

သုဂတောသိဒ္ဓိ...သံဃစက္ကံ မံ ရက္ခန္တု၊

လောကဝိဒူသိဒ္ဓိ...မာတာပိတုစက္ကံ မံ ရက္ခန္တု၊

အနုတ္တရောပုရိသဒမ္မသာရထိသိဒ္ဓိ... အာစရိယစက္ကံ မံ ရက္ခန္တု၊

သတ္ထာဒေဝမနုဿာနံသိဒ္ဓိ... သပ္ပုရိသ စက္ကံ မံ ရက္ခန္တု၊

ဗုဒ္ဓေါသိဒ္ဓိ...ဒေဝစက္ကံ မံ ရက္ခန္တု၊

ဘဂဝါသိဒ္ဓိ...နာဂစက္ကံ မံ ရက္ခန္တု၊

ဂါထာတော်က မခက်ပါဘူးဗျ၊ ရတနာမြတ်သုံးပါး၊ အနန္တော အနန္တ ငါးပါးနဲ့ ပစ္စေကဗုဒ္ဓတို့ကစပြီး လူ သူတော်ကောင်းတွေ၊ နတ်မြတ် တွေ၊ တန်ခိုးကြီး နဂါးမင်းတို့က ပါ စောင့်ရှောက်တော်မူကြပါရန် အတွက် ဘုရားဂုဏ်တော်ကိုးပါးကို သိဒ္ဓိတင်ပြီး ရှိခိုးပူဇော်တဲ့ ဂါထာ တော်ပေါ့ဗျာ။

နေ့စဉ် ရွတ်ပွားပူဇော်ခြင်းဖြင့် ဒီ ပုဂ္ဂိုလ်မြတ်တို့ရဲ့ အစောင့်အရှောက် ကိုရပြီး ဘေးကင်းရန်ကွာ၊ ဉာဏ် ရည်ထက်မြက်၊ စီးပွားတက်ကာ၊ ရာထူးဂုဏ်သိန်၊ တန်ခိုးရှိန်စော်များ တက်စေမှာ မလွဲပါဘူးလို့ ဆိုထား တယ်ဗျ။

အဓိဋ္ဌာန်ထား ပုတီးစိပ်မယ်ဆိုရင် တော့ ဂုဏ်တော်ကိုးသွယ်လုံး ဆုံးမှ ပုတီးတစ်လုံးကျနဲ့ ကိုယ်စိပ်နိုင် သလောက် အဓိဋ္ဌာန်ပုတီး သတ် မှတ် စိပ်နိုင်ပါလေရဲ့။

ကျုပ်စိတ်ကြိုက်ကတော့ ဝါတွင်း ကာလ ရက်ပေါင်း(၉၀)မှာဆိုရင် ဂုဏ်တော်တစ်ပါးကို နေ့စဉ် ပုတီး (၉)ပတ် သတ်မှတ်ပြီး (၁၀)ရက် စိပ်တယ်။ ဂုဏ်တော်ကိုးပါးဆိုတော့ ရက်(၉၀) အံကိုက်ပေါ့။

ဥပမာဗျာ... ဝါဆိုလပြည့် (သို့ မဟုတ်) ဒုတိယဝါဆိုလပြည့်နေ့ ကနေ သီတင်းကျွတ်လပြည့်နေ့ထိ ရက် (၉၀)မှာ ပထမ(၁၀)ရက်ကို **"အရဟံသိဒ္ဓိ...ဗုဒ္ဓစက္ကံ မံရက္ခန္တု"** ဂုဏ်တော်တစ်ပါးတည်းကို နေ့စဉ် ပုတီး(၉)ပတ် စိပ်တယ်လေ။



နောက်(၁၀)ရက်(၈)ကြိမ်ကိုလဲ သက်ဆိုင်ရာ ဂုဏ်တော် အလိုက် နေ့စဉ် ပုတီး (၉)ပတ်ကျ နဲ့ (၁၀)ရက်စီ စိပ်တဲ့ ကျင့်စဉ်ပေါ့ဗျာ။ ဒါဆိုရင် ကိုရင်လဲ သဘော ပေါက်မှာပါနော်'

'ဟုတ်ကဲ့...သဘောလဲ ပေါက်ပါတယ်။ နေ့စဉ်လဲ ရွတ်ပွားပူဇော်မှာ ဖြစ်ပြီး အခု လာမယ့် ဝါတွင်းကာလမှာလဲ အဓိဋ္ဌာန်ပုတီးစိပ်ပါမယ်လို့ ကတိပြု ပါတယ်ခင်ဗျ'

မောင်အံ့က လက်အုပ်ချီကာ ဂါရဝထား ကတိပေးခဲ့သည်။ ရှမ်း တိုင်းရင်းသားကြီး ဦးစိုင်းကျော်မြင့် ကလည်း ထပ်မံ၍ အဖိုးတန် ဆု တောင်းစကား ဆိုလိုက်ပါသည်။

'အေးဗျာ... ကိုရင်အံ့ တစ်ယောက် "သဒ္ဓါ,သီလ,ဟိရိ, ဩတ္တပ္ပ,ဝီရိယ, ဗဟုသုတ, ပညာ" ဟူသည့် သူတော်တရား ခုနစ်ပါးကို ကျင့်ကြံပွားများ အားထုတ်နိုင်ပြီး **"သဒ္ဓါ,သီလ, သုတ,စာဂ,ပညာ၊ ဟိရိ,ဩတ္တပ"** တည်း ဟူသော သူတော်ကောင်း ဉစ္စာခုနစ်ပါးတို့ကို ရရှိပိုင်ဆိုင်နိုင်ပါစေဗျာ'

**အံ့ကြွယ်**



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ (၁)ရက် မှ (၃၀)ရက်နေ့အထိ
ခုနှစ်ရက်သားသမီးများအတွက်

# ဟောစာတမ်း

ဆရာကျောင်းခြည်

ကို ရက်မရွေး နေရာမရွေး အချိန်မရွေး
ဘဲ တတ်နိုင်သမျှ ရွတ်ပွားပေးပါ။

## တနင်္ဂနွေ

**စီးပွားရေး** ။။ ရွှေပန်းထိမ်လုပ်ငန်းများ၊ ရွှေအရောင်းအဝယ် လုပ်ငန်းများ အရောင်းအဝယ်ကောင်းမည်။မည် သည့်အလုပ်ကိုပဲလုပ်လုပ် အကျိုးအမြတ်များမည်။

**ဝန်ထမ်းရေးရာ** ။။ စိတ်ချမ်းမြေ့စွာ လုပ်ကိုင်ရမည်။ မိမိ အထက် လူကြီးများကလည်း အပြစ်မမြင် လုပ်ဖော်ကိုင်ဖက် များကလည်း မေတ္တာသက်ဝင်ကြပါသည်။

**အိမ်တွင်းရေး** ။။ အိမ်ထောင်ဦးစီးကလည်း ငွေဝင်ကောင်းပြီး သားသမီးများကလည်း လိမ္မာရေးခြားရှိ၍ အိမ် တွင်းရေး အဆင်ပြေသာယာမည်။

**အချစ်ရေး** ။။ စကားအပြောအဆိုမဆင်ခြင်၍ ချစ်သူချင်း ပြဿနာ ဖြစ်တတ်သည်။ စကားမှန်အောင်ပြော၊ ရိုးရိုးသား သားနေ သစ္စာရှိရှိချစ်လျှင် အဆင်ပြေသွားမည်။

**ပညာရေး** ။။ ပညာရေးကံဇာတာ တက်နေသောကာလ ဖြစ် သည်။ အသက်မွေးမှုပညာ သင်တန်းများ တက် လိုက တက်ပါ။ အောင်မြင်တတ်မြောက်မည်။

**ကျန်းမာရေး** ။။ သွေးတိုး/သွေးကျ ရောဂါဟောင်းရှိလျှင် ရောဂါ ပြန်ထတတ်သည်။ အငန်ကို လျှော့စားပါ။ ကိုယ် ရော စိတ်ပါ အနားယူပေးပါ။

**ဆောင်ရန်ရက်များ** ။။ ၄,၆,၉,၁၃,၁၈,၂၂,၂၄,၂၇,၂၉။

**ရှောင်ရန်ရက်များ** ။။ ၅,၇,၁၀,၁၄,၁၆,၁၉,၂၃,၂၅,၂၈,၃၀။

**ထီထိုးရန်ရက်များ** ။။ ၂,၄,၆,၈,၁၁,၁၂,၁၅,၁၇,၂၀,၂၁,၂၆,၂၉။

**ထီထိုးရန်ဂဏန်းများ** ။။ ၄, ၆, ၈, ၉ ဂဏန်းများများပါအောင် ရွေး ချယ်ပါ။

**အဆောင်ယတြာ** ။။ ဆောင်ရွက်ရန် ရင်ဆိုင်ရန် ပြဿနာရှိက "အရဟံ" ဂုဏ်တော်ကို မိမိသက်စေ့ ရွတ်ပွားသွားပါ။

## တနင်္လာ

**စီးပွားရေး** ။။ ငွေကြေးရောင်းဝယ်ရေး လုပ်ငန်းများ အကျိုး အမြတ်များမည်။ ခေတ်ပေါ်အသုံးအဆောင်ပစ္စည်း, များ၊ အီလက်ထရောနစ်ပစ္စည်းများ အရောင်း အဝယ် ကောင်းမည်။

**ဝန်ထမ်းရေးရာ** ။။ အလုပ်နေရာ ပြောင်းရကိန်းရှိသည်။ ယခုထက် ပိုကောင်းသောအလုပ်(သို့မဟုတ်)ဌာန (သို့မဟုတ်) နေရာသို့ ပြောင်းရကိန်းရှိသည်။

**အိမ်တွင်းရေး** ။။ အိမ်တွင်းရေးအဆင်ပြေအေးချမ်းမည်။ အခြားမြို့ရွာ ဒေသသို့ မိသားတစ်စု ဘုရားဖူးခရီး ထွက်ရကိန်း ရှိသည်။

**အချစ်ရေး** ။။ ချစ်သူမရှိသေးသူများ ရုပ်ချော ပညာတတ် ဥစ္စာ ပစ္စည်း ပြည့်စုံသူနှင့် နဖူးစာဆုံမည်။ ချစ်သူရှိများ သာယာချမ်းမြေ့မည်။

**ပညာရေး** ။။ ပညာရေးကံဇာတာ တက်နေသောကာလ ဖြစ် သည်။ နည်းနည်းကြိုးစားရုံဖြင့် များများအောင်မြင် မည့်ကာလဖြစ်သည်။

**ကျန်းမာရေး** ။။ အရိုးအဆစ်များ နာကျင်ကိုက်ခဲတတ်၍ ရေချိုး လျှင် ရေနွေးနှင့် စပ်ချိုးပါ။

**ဆောင်ရန်ရက်များ** ။။ ၂,၅,၉,၁၁,၁၄,၁၈,၂၀,၂၃,၂၇,၂၉။

**ရှောင်ရန်ရက်များ** ။။ ၃,၆,၁၀,၁၂,၁၅,၁၉,၂၁,၂၄,၂၈,၃၀။

**ထီထိုးရန်ရက်များ** ။။ ၂,၄,၇,၈,၁၁,၁၃,၁၆,၁၇,၂၀,၂၂,၂၅,၂၆။

**ထီထိုးရန်ဂဏန်းများ** ။။ ၂, ၄, ၇, ၈ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။။ အခက်အခဲပြဿနာများ ကြုံရသော် သရဏဂုံသုံးပါး









## အင်္ဂါ

**စီးပွားရေး** ။။ ခရီးသွားလုပ်ငန်း လက်မလည်လောက် အောင် အလုပ်ကောင်းမည်။ ပြည်တွင်း ခရီးသွားလုပ်ငန်းများသာမက ပြည်ပခရီး သွားလုပ်ငန်းများပါ အောင်မြင်မည်။

**ဝန်ထမ်းရေးရာ** ။။ ဝန်ထမ်းများ ခရီးထွက်ရလိမ့်မည်။ (သို့မဟုတ်)နေရာဌာန ပြောင်းရွှေ့ လုပ် ကိုင်ရလိမ့်မည်။ ကောင်းသောသွားခြင်း၊ ကောင်းသောပြောင်းခြင်း ဖြစ်ပါသည်။

**အိမ်တွင်းရေး** ။။ မိသားတစ်စု ခရီးထွက်ရကိန်းရှိသည်။ အိမ်တွင်းရေးပြဿနာဖြစ်၍ စိတ်သောက ရောက်လျှင် ခရီးထွက်လိုက်ပါ။ ဘုရားစုံ ဖူးလိုက်ပါ။

**အချစ်ရေး** ။။ အချစ်ရေး ကံဇာတာတက်နေသော ကာလဖြစ်သည်။ အစစအရာရာ အဆင် ပြေ၍ ဝါကျွတ်လျှင် လက်ထပ်ရကိန်း ရှိသည်။

**ပညာရေး** ။။ အချစ်ရေးတွင် အောင်မြင်နေ၍ ပညာရေးကို ပေါ့ပေါ့ဆဆ မလုပ်ပါနှင့်။ ပညာသင်အရွယ်တွင် ပညာရေးကိုသာ အဓိကထား လုပ်ပါ။

**ကျန်းမာရေး** ။။ ဦးခေါင်းမူးဝေခြင်း၊ ဦးခေါင်းကိုက်ခြင်းတို့ ဖြစ်ရ၍ နေပူထဲမှ ပြန်လာလာချင်း ခေါင်းကို ရေလောင်း မချိုးပါနှင့်။

**ဆောင်ရန်ရက်များ** ။။ ၃,၇,၉,၁၂,၁၆,၁၈,၂၁,၂၅,၂၇,၃၀။

**ရှောင်ရန်ရက်များ** ။။ ၄,၈,၁၀,၁၃,၁၇,၁၉,၂၂,၂၆,၂၈,၂၉။

**ထီထိုးရန်ရက်များ** ။။ ၅,၆,၉,၁၁,၁၄,၁၅,၁၈,၂၀,၂၃,၂၄,၃၀။

**ထီထိုးရန်ဂဏန်းများ** ။။ ၃, ၅, ၆, ၇ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။။ မိမိမွေးနေ့ (သို့မဟုတ်) မည်သည့်နေ့မဆို ပြောဆို လုပ်ကိုင် ယှဉ်ပြိုင်ရန် ကိစ္စရှိလျှင် "နမော အရဟံ အောင်သိဒ္ဓိ"ဂါထာကို အနည်းဆုံး (၁၈)ခေါက် ရွတ်ပွားပေးပါ။

## ဗုဒ္ဓဟူး

**စီးပွားရေး** ။။ အိမ်ခြံမြေ ကန်ထရိုက်လုပ်ငန်းများ ပြန်လည် ဦးမော့လာမည်။ ရှေ့နေ ကိုယ်စားလှယ် ပွဲစားများ ဖောက်သည်သစ် အလုပ်သစ်များ ရရှိမည်။

**ဝန်ထမ်းရေးရာ** ။။ ဝန်ထမ်းများ ခရီးဝေးလွှတ်လျှင် လ[illegible]နိုင် အောင် ကြိုးစားပါ။ ယခုလအတွင်း ခရီးထွက်



www.burmeseclassic.com

www.burmeseclassic.com





လျှင် လုပ်ငန်းရော ငွေကြေးပါ အဆင်မပြေ ဖြစ်မည်။

**အိမ်တွင်းရေး** ။။ အိမ်တွင်းရေး အဆင်ပြေသော်လည်း သားယောက်ျားလေးက မကျေနပ်ချက်များကြောင့် ရန်လုပ်နေ၍ စိတ်ဆင်းရဲရမည်။

**အချစ်ရေး** ။။ အချစ်ရေးတွင် စွပ်စွဲမှုများ အထင်လွဲမှုများ ရှိနေသည်။ လက်ထပ်မင်္ဂလာ မပြုသင့်သေးပါ။ မင်္ဂလာကြိုဟ် ခိုက်နေသောကြောင့် ဖြစ်ပါသည်။

**ပညာရေး** ။။ ပညာရေးကတော့ တော်တော်လေး ကြိုးစားရလိမ့်မည်။ စိတ်မပျက်ပါနှင့်။ ကြိုးစားက ဘုရားဖြစ် ဟူသော စကားကို သတိရပါ။

**ကျန်းမာရေး** ။။ ခြေလက်အဆစ်များ၊ အကြောများ နာကျင်ကိုက်ခဲတတ်သည်။ ရေချိုးလျှင် ရေနွေးနှင့် စပ်ချိုးပေးပါ။

**ဆောင်ရန်ရက်များ** ။။ ၂,၆,၉,၁၁,၁၅,၁၈,၂၀,၂၄,၂၇,၂၉။

**ရှောင်ရန်ရက်များ** ။။ ၃,၇,၁၀,၁၂,၁၆,၁၉,၂၁,၂၅,၂၈,၃၀။

**ထီထိုးရန်ရက်များ** ။။ ၄,၅,၈,၁၁,၁၃,၁၄,၁၇,၂၀,၂၂,၂၃,၂၆,၂၉။

**ထီထိုးရန်ဂဏန်းများ** ။။ **၂, ၄, ၅, ၆** ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။။ ပြောဆိုလုပ်ကိုင် ယှဉ်ပြိုင်ရန်ကိစ္စများ ရှိပါက "အောင်တစ်ရာ့ရှစ်ကွက် ဗုဒ္ဓစက်"ဂါထာကို (၉) ခေါက် ရွတ်ပွားပါ။

## ကြာသပတေး

**စီးပွားရေး** ။။ အိမ်ရာမြေကန်ထရိုက်လုပ်ငန်းများ အဆင်ပြေအောင်မြင်မည်။ ငွေကြေးလဲလှယ်ရေး ရောင်းဝယ်ရေးလုပ်ငန်းများ အကျိုးအမြတ်များမည်။

**ဝန်ထမ်းရေးရာ** ။။ အလုပ်များ လုပ်ကိုင်ရ အဆင်ပြေချောမွေ့မည်။ အထက်လူကြီးများကလည်း စိတ်ကောင်းဝင်ပြီး အားပေးကူညီလိမ့်မည်။

**အိမ်တွင်းရေး** ။။ အိမ်တွင်းရေး အဆင်ပြေသာယာမည်။ ငွေကြေးလည်း အဝင်ကောင်း၍ လိုတရ စိတ်ချမ်းသာမည်။

**အချစ်ရေး** ။။ အချစ်ရေး ကောင်းပါသည်။ လက်ထပ်လိုပါက သီတင်းကျွတ်လျှင် လက်ထပ်နိုင်ပါသည်။ ပြင်ဆင်သင့်တာ ကြိုတင်ပြင်ဆင်ထားပါ။

**ပညာရေး** ။။ ပညာရေး ကံဇာတာ တက်နေပါသည်။ ဖြေချင်သည့် စာမေးပွဲကိုဖြေပါ။ တက်ချင်သည့် သင်တန်းတက်ပါ။ ထူးချွန်စွာ အောင်မြင်တတ်မြောက်ပါလိမ့်မည်။

**ကျန်းမာရေး** ။။ စိတ်ညစ် စိတ်ရှုပ်ပြီး စိတ်သောက ရောက်ရတတ်သည်။ စိတ်ချမ်းသာအောင်နေပါ။ တရားထိုင်ပေးပါ။

**ဆောင်ရန်ရက်များ** ။။ ၄,၇,၉,၁၁,၁၄,၁၆,၂၀,၂၃,၂၅,၂၉။

**ရှောင်ရန်ရက်များ** ။။ ၅,၈,၁၀,၁၂,၁၅,၁၇,၂၁,၂၄,၂၆,၃၀။

**ထီထိုးရန်ရက်များ** ။။ ၆,၉,၁၁,၁၃,၁၆,၁၈,၁၉,၂၂,၂၅,၂၇,၂၈။

**ထီထိုးရန်ဂဏန်းများ** ။။ **၄, ၆, ၇, ၉** ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။။ "ကျိုက်"ဘွဲ့တော်ပါသော ဘုရားတစ်ဆူဆူ (သို့မဟုတ်) စေတီတစ်ဆူဆူတွင် မွေးနေ့နံနက် (၉)နာရီ (၁၅)မိနစ်တွင် သရဏဂုံသုံးပါးကို (၁၀၈) ခေါက် ရွတ်ပါ။

## သောကြာ

**စီးပွားရေး** ။။ ငွေကြေးလဲလှယ်ရေး ရောင်းဝယ်ရေးလုပ်ငန်းများ အကျိုးအမြတ်များမည်။ အသင့်ချုပ်ပြီးသား အဝတ်အထည်များ ရောင်းအားကောင်းမည်။

**ဝန်ထမ်းရေးရာ** ။။ အလုပ်များ မနိုင်မနင်းဖြစ်နေမည်။ သတ်မှတ်ရက်အတွင်း ပြီးစီးရန် တော်တော်လေး ကြိုးစားရလိမ့်မည်။

**အိမ်တွင်းရေး** ။။ အိမ်တွင်းမှာ ငွေရေးကြေးရေး အဆင်ပြေနေ၍ ပြဿနာတော်တော်များများ အေးငြိမ်းသွားလိမ့်မည်။ သားသမီးအတွက် ငွေကုန်ကြေးကျ များမည်။

**အချစ်ရေး** ။။ အချစ်ရေးအဆင်ပြေမည်။ မိခင်ဖခင်တို့၏ ဆောင် ရွက်ပေးမှုကြောင့် သီတင်းကျွတ်လျှင် လက်ထပ်ထိမ်းမြားရကိန်းရှိသည်။

**ပညာရေး** ။။ အချစ်ရေးတွင်သာ အာရုံစိုက်မနေပါနှင့်။ စာမေးပွဲ ဖြေရန်ရှိလျှင်ဖြေပါ။ သင်တန်းတက်စရာရှိလျှင် တက်ပါ။ အောင်မြင် တတ်မြောက်မည်။

**ကျန်းမာရေး** ။။ လေထိုး,လေအောင့်,လေချုပ် ဖြစ်တတ်၍ လေချုပ်စာများ မစားပါနှင့်။

**ဆောင်ရန်ရက်များ** ။။ ၃,၅,၉,၁၂,၁၄,၁၈,၂၁,၂၃,၂၇,၃၀။

**ရှောင်ရန်ရက်များ** ။။ ၄,၆,၁၀,၁၃,၁၅,၁၉,၂၂,၂၄,၂၈။

**ထီထိုးရန်ရက်များ** ။။ ၃,၅,၇,၈,၁၁,၁၄,၁၆,၁၇,၂၀,၂၃,၂၅,၂၆,၂၉။

**ထီထိုးရန်ဂဏန်းများ** ။။ **၃, ၅, ၇, ၈** ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။။ အခက်အခဲပြဿနာ ယှဉ်ပြိုင်ရန်လုပ်ငန်းများ ရှိပါက ပဋ္ဌာန်းအကျဉ်းချုပ်ကို နံနက်တိုင်း (၂၁)ခေါက် (၆)ရက် ပူဇော်ရွတ်ပွားပါ။

## စနေ

**စီးပွားရေး** ။။ စက်ပစ္စည်းများ၊ စက်များရောင်းဝယ်ရေးလုပ်ငန်းများ အကျိုးအမြတ်များမည်။ ယှဉ်ပြိုင်မှုလုပ်ငန်းများ အောင်မြင်မည်။

**ဝန်ထမ်းရေးရာ** ။။ ယှဉ်ပြိုင်မှုလုပ်ငန်းများ ပါဝင်လာလျှင် မိမိကအနိုင်ရမည်။ စာရင်းဇယား တာဝန်ယူရသူများ မှန်ကန်တိကျသော စာရင်းဇယားများ ရေးဆွဲနိုင်လိမ့်မည်။

**အိမ်တွင်းရေး** ။။ မိသားစုအတွင်း အဖက်ဖက်က ဆန့်ကျင်နေမှုကြောင့် စည်းစည်းလုံးလုံး သာသာယာယာ မရှိ။ သားသမီးများက နာခံမှု ရှိသေမှု နည်းပါးမည်။

**အချစ်ရေး** ။။ အချစ်ရေးတွင် စကားအပြောအဆို မဆင်ခြင်၍ မထင်မသင့် ဖြစ်ရတတ်သည်။ လက်ထပ်ရန် မသင့်သောကာလ ဖြစ်ပါသည်။

**ပညာရေး** ။။ စိတ်မလေပါနှင့်။ ပညာသင်အရွယ်ဖြစ်လျှင် ပညာကို ကြိုးကြိုးစားစား လေ့လာသင်ယူရမည်။

**ကျန်းမာရေး** ။။ ဗိုက်နာ,ဗိုက်အောင့်,ဝမ်းသွားများတတ်၍ ဝမ်းနှုတ်ဆေးများ၊ အချဉ်များ၊ လက်သုပ်စုံများကို ယာယီရှောင်ရပါမည်။

**ဆောင်ရန်ရက်များ** ။။ ၄,၇,၁၀,၁၄,၁၇,၂၀,၂၄,၂၇,၃၀။

**ရှောင်ရန်ရက်များ** ။။ ၅,၈,၁၁,၁၅,၁၈,၂၁,၂၅,၂၈။

**ထီထိုးရန်ရက်များ** ။။ ၃,၆,၉,၁၂,၁၃,၁၆,၁၉,၂၂,၂၃,၂၆,၂၉။

**ထီထိုးရန်ဂဏန်းများ** ။။ **၃, ၄, ၆, ၇** ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။။ ပြောဆိုလုပ်ကိုင် ယှဉ်ပြိုင်ရန်လုပ်ငန်းများ ရှိလျှင် "အရဟံ ဗုဒ္ဓေါ အောင်သိဒ္ဓိ"ဂါထာကို (၁၀)ခေါက် ရွတ်ပြီးမှ သွားပါ။

*ကျန်းမာ ချမ်းသာကြပါစေ*

**ဆရာ ရောင်ခြည်**



www.burmeseclassic.com

www.burmeseclassic.com



# အမြုတေ ဆိုသည်မှာ

နေဝိဇ္ဇာ

**(၂၀၀၇ ခုနှစ်)၊ ဒီဇင်ဘာလ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာ(၅၉) တွင် ပါရှိသည့် ကြို့ပင်မှ ရရှိသော ရှက္ခမူ အမြုတေနှင့် ပတ်သက်၍** ထိုက်သင့်သည့် အားလျော်စွာ လေ့လာမိသရွေ့ အာဂမသုတ၊ အဓိဂမသုတတို့နှင့် ယှဉ်ကာ ဖြေရှင်း အကြံပြုအပ်ပါအံ့။

အမြုတေ ဟူသည် အမတ ဟူသော ပါဠိမှ ဆင်းသက်လာ၏။ သေဆုံးမှုကင်းခြင်း၊ မပျက်စီးခြင်း၊ အနှစ်သာရ ပြည့်ဝ၍ ခိုင်မြဲခြင်း အဓိပ္ပာယ်ရှိကာ ယင်း အမတ, သဒ္ဒါမှ အမတေ, အမြုတေ, မတေဟု အဆင့်ဆင့် ခေါ်ဝေါ်လာသည်ဟု ဆိုကြပါသည်။

ထို့အတူ **မုတ္တ** ဟူသော ပါဠိမှ လည်း ဆင်းသက်လာခဲ့သည်ဟု ဆိုနိုင်ပါသည်။ **မုတ္တသဒ္ဒါ**သည် ပုလဲကို ဟော၏။ **ဝါးအတွင်းမှ ရ**သော ပုလဲကို ဝေဠုမုတ္တ၊ မြွေ၏ ဦးခေါင်းမှ ရသော ပုလဲကို **အဟိ မုတ္တ စသည်**ဖြင့် တိရစ္ဆာန်၊ သစ်ပင် စသည်တို့မှ အရည်, သွေး, အနှစ်တို့ အဆင့်ဆင့် စုတည်ခဲ၍ ကာလရှည်ကြာသော် ပုံသဏ္ဍာန်အဖြစ် ထင်ရှား လာသော အရာဝတ္ထုတို့အား မုတ္တ သို့မဟုတ် မတေ, မြုတေဟု အမည် ပြုကြသည်ဟုလည်း မှတ်သား ဖူးပါ၏။

များသောအားဖြင့် အမြုတေတို့ သည် သဘာဝလောကကြီး၏ ထုဆစ်မှုတို့ကြောင့် ထူးခြားသော စွမ်းအင်၊ ပြည့်မြောက်သော သိဒ္ဓိ၊ ရှားပါးသော ဂုဏ်အင်တို့ ရှိကြကုန်၏။

ကောင်းခြင်း၊ ဆိုးခြင်း၊ ပျက်စီး ခြင်းနှင့် ခိုင်ခံ့ခြင်း သဘောတို့က ယင်းအရာဝတ္ထု ဖြစ်ပေါ်တည်ရှိခဲ့ သော မူလနေရာဌာနနှင့် ယင်းတို့၏



www.burmeseclassic.com

www.burmeseclassic.com

အသွင်အပြင် ပုံသဏ္ဌာန်အလိုက် စွမ်းအင်သတ္တိတို့ ရှိတတ်ကြကုန်၏။

တူရာတူရာကို ခွဲလိုက်သော် အမြုတေ(အမတေ)တို့သည် အုပ်စု အားဖြင့် လေးအုပ်စု ရှိကြပေသည်။ အဘယ်တို့နည်း ဆိုသော်...

၁။ သက်မဲ့အရာဝတ္ထုတို့မှ သက်ရှိသတ္တဝါ အဖြစ် ဆင့်ကဲ ဖြစ်ပွားလာမှု အမြုတေ။

၂။ လူ,ဘီလူး,မြင်း စသော သတ္တဝါတို့၏ သဏ္ဌာန်ဖြင့် သက်မဲ့မှ စွမ်းအင်သိဒ္ဓိ ရှိနေမှု အမြုတေ။

၃။ သက်ရှိသက်မဲ့တို့မှ ဥ,ဓာတ်လုံး,အင်းပြား, ပန်းပုံ စသည့် ပုံသဏ္ဌာန် အမျိုးမျိုးဖြစ်ကာ သက်မဲ့၌ စွမ်းအင်သတ္တိ ပြည့်ဝနေမှု အမြုတေ။

၄။ မည်သည့် အကျိုး,အပြစ် တစ်စုံတစ်ရာမှ မရှိသော အမြုတေတို့ ဖြစ်ပါသည်။

၁။ သတ္တဝါတို့ ဖြစ်တည်ပေါက်ဖွားမှု လေးမျိုးရှိ၏။ **ဇလာဗုဇ** ဟူသော အမိဝမ်း၌ ကိန်းအောင်း သန္ဓေတည်ပြီး ပေါက်ဖွားလာသည့် လူ,တိရစ္ဆာန်,ခွေး စသော သတ္တဝါများ၊ **ဩပပါတိက** ဟူသော ကိုယ်ထင်ရှား ဘွားခနဲ ဖြစ်ပေါ်လာသည့် နတ်ဒေဝတာ, ဗြဟ္မာ,ငရဲသား စသော သတ္တဝါ များ။ **အဏ္ဍဇ** ဟူသော ဥခွံ အတွင်းမှထပ်ဆင့် ပေါက်ဖွား လာသည့် ကြက်,မြွေ,မိကျောင်း စသော သတ္တဝါများနှင့် **သံသေဒဇ** ဟူသော အမိအဖတို့၏ သုက်သွေးနှင့် မယှဉ်ဘဲ သက်မဲ့ ဖြစ်သည့် သစ်ပင်၊ မြေတွင်း စသည်တို့၏ အညှိအချွဲမှ ဖြစ်ပေါ် ပေါက်ဖွားလာသော သတ္တဝါများ



ဟူ၍ လေးမျိုးရှိရာ၌ သံသေဒဇ သတ္တဝါသည် အမှတ်(၁)သက်မဲ့ အရာဝတ္ထုတို့မှ သက်ရှိ သတ္တဝါ အဖြစ် ဆင့်ကဲဖြစ်ပွားလာမှု အမြုတေတွင် ပါဝင်ပါသည်။

ဗုဒ္ဓဘာသာ စာပေကျမ်းဂန်တို့၌ ယင်းသံသေဒဇ ပုဂ္ဂိုလ်တို့ အကြောင်း များစွာရှိကြ၏။ အောင်ခြင်းရှစ်ပါးတွင် လူသီများသော **စိဉ္စမာနဝိကာ** ချောကညာ အမျိုး သမီးသည်လည်း တစ်ယောက် ဖြစ်၏။

ဘာသာခြား တိတ္ထိတို့၏ ကျောင်း ဝင်းအတွင်းရှိသော မန်ကျည်းပင် ကြီးတစ်ပင်က ခွဆုံအခေါင်း အတွင်းသို့ မိုးရေ၊ မန်ကျည်းပင်၏ အရွက်,အပွင့်တို့နှင့်အတူ အနှစ် အသွေးတို့ ပေါင်းစပ်လျက် အညှိ အချွဲမှ အဆင့်ဆင့် ပြောင်းလဲကာ လူဇာတ် အမျိုးသမီးငယ်အဖြစ် ဖွား လာခြင်းပေတည်း။

ထို့အတူ **ပဒုမ္မာကြာပွင့်မှ** လည်း ကောင်း၊ **ဝါးအဆစ်တွင်းမှ**လည်း ကောင်း၊ **လမုသီးမှ**လည်းကောင်း ထိုကဲ့သို့ ဖြစ်တည်ပေါက်ဖွားလာ သော ပုဂ္ဂိုလ်တို့ကား များစွာတည်း။

ထိုပုဂ္ဂိုလ်တို့၏ ကံတရားအရ သက်မဲ့အရာတို့မှ သက်ရှိအဖြစ်သို့ ရောက်လာရသည် ထူးခြားအံ့ဩ ဖွယ်ကောင်းသော အနှစ်အသွေး တို့၏ ပြယု အမြုတေတို့ဟု ဆိုရပါလိမ့်မည်

၂။ **အမှတ်(၂) လူ,ဘီလူး,မြင်း စသော** သတ္တဝါတို့၏ ပုံသဏ္ဌာန် ဖြင့် သက်မဲ့မှ စွမ်းအင်သိဒ္ဓိရှိနေ အမြုတေတို့သည် ကျွန်ုပ်တို့ ပတ်ဝန်းကျင်၌ များစွာရှိ၏ ထိုက်သူကြုံ၍ မိုက်လူ မဆုံတတ် ကြချေ။

တောထဲတောင်ထဲ၌ ကိစ္စကြုံ၍ သွားလာကြသည့် မှောင်ရီဖျဖျ မိုး ချုပ်စအခါမျိုးတွေမှာ သစ်ပင်ကြီး တချို့အနီး၌ ရဟန်းတစ်ပါး ရပ်နေ ဟန်၊ အမျိုးသမီးထိုင်နေဟန် ဇော်ဂျီတစ်ဦး ဆေးကြိတ်နေယောင် မြင်း,ဆင် စသည်လည်း ကြုံ၏။

**အကာယ်ထင်၍ အနီးသို့သွားစဉ် ယင်း နာနာရူပကား သစ်ပင်အောက် ၌ ပျောက်ပျောက်သွားတတ်၏။ ထို သစ်ပင်၏ ပင်စည်အတွင်းပိုင်းတို့၌ သဘာဝအလျောက် လူရုပ်၊ ဘီလူး ရုပ်၊ ဆင်ရုပ် စသဖြင့် အဆင့်ဆင့် ဖြစ်ပွား၍ သိဒ္ဓိဝင်ကာ အသွင်ပြဒြီ အမြင်၌ လှုပ်ရှားလေ့ ရှိကြကုန်၏။**

မှတ်မိပါသေးသည်။ **လွန်ခဲ့သော နှစ်လေးဆယ်ခန့်၌** ကျွန်ုပ်သည် ရွာစဉ်ရွာ၊ ကုန်းသာကျောင်းတွင် ကျောင်းသားအရွယ်က ဖြစ်သည်။ ကျောင်းတွင် လောကီပညာ အထွေ ထွေကို တတ်သိနားလည်သော ဦးသုစိတ္တဘွဲ့အမည်ရှိ ကိုရင်ကြီး တစ်ပါး ရှိပါသည်။





www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့တွင် အဖေ့ကိုခေါ်ပြီး ရွာ၏အရှေ့ဘက် မြစ်ကမ်းနံဘေးရှိ ကဖွက်ရွာသို့ သွားခဲ့ကြသည်။ လာရင်းကိစ္စ မပြတ်ခင် ရွာထဲရှိ သစ်စက်ပိုင်ရှင်က ကိုရင်ကြီးအား အိမ်သို့ ပင့်ပြီး သူ့အိမ်တွင် တစ်ဦးပြီးတစ်ဦး များနာနေကြောင်း၊ သားကြီး တစ်ယောက်လည်း မကြာမီက ဆုံးပါးခဲ့ကြောင်း၊ စက်၌ လည်း အထိအခိုက်များကာ အလုပ်မတွင်၊ ဘာပဲလုပ်လုပ် အဆင်မပြေ၊ အိမ်မှာ နေရသည်ကိုပင် စိတ်မပျော်ရွှင် ဖြစ်ရကြောင်း...

စသည်တို့ လျှောက်ထားသည်တွင် ကိုရင်ကြီးကလည်း ထိုက်သင့်သောအမှုတို့ကို ပြုပေးရင်း အိမ်၏ တွင်းပြင် နှစ်ဌာနကို စစ်ဆေးခဲ့ရာမှ အိမ်၏အပေါ်ထပ် ဘုရားဆောင် အောက်တည့်တည့် ခုံပေါ်၌ သပ်ရပ်စွာ တင်ထားသော အရာဝတ္ထုကို သတိပြုမိတော့သည်။ အိမ်ရှင်အား အကျိုးအကြောင်း မေးကြည့်တော့...

သူတို့သည် မြစ်အရှေ့ဘက် သပိတ်ကျင်းနယ်၌ သစ်ခုတ်သွားရာတွင် အင်ပင်ကြီးတစ်ပင်ကို ခုတ်လှဲရာ ယင်းအပင်၏ အရင်းပိုင်း အလယ်၌ အခေါင်းထဲမှ ဤအရုပ်ကို ရရှိခဲ့သည်။ ယင်းအရုပ်နေရာ၌ လူလုပ်ထားသော တွင်းကဲ့သို့ ပြောင်ချောနေသည်။

သူတို့လည်း အရုပ်ကိုယူပြီး အိမ်ရှိ ဘုရားဆောင်ပေါ်သို့ တင်ထား လိုက်သည်။ သို့သော် အရုပ်ကား နောက်တစ်နေ့တွင် အောက်သို့ ကျ



ရောက်နေလေ့ရှိသည်။ အိမ်က လူတွေ ကိုင်လို့ဟုထင်ကာ မကိုင်ရန်၊ မဆော့ရန် ပြောထားခဲ့ပေမယ့် လဲအမြဲတမ်းလိုလို အောက်မှာသာ တွေ့တွေ့နေရသဖြင့် သူလည်း ယခုလို အောက်၌ ခုံပေါ်တွင် သီးသန့် တင်ထားပါကြောင်း လျှောက်ထားသည်။

**ကိုရင်ကြီး အရုပ်ကိုယူပြီး သေချာလေ့လာ၏။ အရောင်သည် မွဲညစ်ညစ်နှင့် အလေးချိန်စီး၏။ သုံးလက်မခန့်ရှိပြီး လူတစ်ယောက် ဆောင့်ကြောင့်ထိုင်ရင်း ညာလက်က ဒူးပေါ်တင်၍ ထောင်ထားဟန်ရှိ၏။ ဦးခေါင်းသည် အတန်ငယ် ကြီးသည်။ မျက်နှာက သိပ်မပီပြင်၊ မျက်လုံးတစ်ဖက်က ပြူးထွက်ကာ စိုက်ကြည့်နေသကဲ့သို့ ရှိ၏။**

အရုပ်ကို သေချာကြည့်မိမှပဲ ကိုရင်ကြီးကား အဖြေရှာသိရသွားပြီး...

'ဟ...ဒကာ ဒီအရုပ်က တန်ခိုးထက်မယ့်အရာ မဟုတ်ဘူး။ အမျိုးဖျက်တဲ့ ဘီလူးသတ္တဝါကွ။ မင်း ဒီဘီလူးရုပ် အမြုတေကို ယူလာတဲ့နေ့ကစပြီး ဒုက္ခရောက်တာပဲ မဟုတ်လား။ မဖြစ်ဘူး မဖြစ်ဘူး ဒီညနေပဲ ဒီဘီလူးရုပ်ကို ဇာတ်ဖြုတ်မှ ဖြစ်မယ်'

ဟု ဆိုကာ ယင်းဘီလူးရုပ်ကို အမိန့်တော်ပြန် သံကြိုးဖြင့် ချည်နှောင်၍ မီးရှို့ပစ်လိုက်မှပဲ ထိုပုဂ္ဂိုလ်တို့အိမ်၌ အစစ ကောင်းမွန်လာတော့သည်ဟု ကျွန်ုပ်၏အဖေက ပြောဖူးပါသည်။

ထိုသို့ ဘီလူး၊ ရဟန်း၊ ဆေးဆရာ၊ မြင်း စသော အမြုတေရုပ်တို့သည် သစ်ပင်မှဖြစ်စေ၊ ကျောက်တုံးကျောက်ခဲမှဖြစ်စေ သန္ဓေတည် ဖြစ်လာလေ့ ရှိကြသည်။ ပုံစံကိုလိုက်၍ စရိုက်သည် ကောင်းကျိုး၊ ဆိုးကျိုး ပေးတတ်၏။

**ဆေးဆရာအရုပ်သည်** ဆေးကုသရာ၌ အကျိုးပြု၏။ ရဟန်းသဏ္ဌာန်သည် ကိုးကွယ်တတ်က အရာရာ ပြည့်ဝ၏။ **အမျိုးသမီးအရုပ်သည်**(ကညာ) ရောင်းရေးဝယ်တာဘက်၊ အပျော်ဘက်တို့၌ အကျိုးပြု၏။ ဤသို့သဘောများကို အရုပ်၏ ထူးခြားလှုပ်ရှားမှုနှင့် ကြည့်ပြီး မိမိတို့၏ အသိပညာ၊ သမာ၊ သီလဖြင့် အသုံးချတတ်ပါလျှင် သင့်လျော်ပါလိမ့်မည်။

၃။ **သက်ရှိသက်မဲ့တို့မှ ဥ၊ ဓာတ်လုံး၊ အင်းပြား၊ ပန်းငုံ** စသည့်ပုံသဏ္ဌာန် အမျိုးမျိုးဖြစ်ကာ သက်မဲ့၌ စွမ်းအင်သတ္တိ ပြည့်ဝနေမှု အမြုတေဟူသည် အတွေ့ရ အများဆုံး ဖြစ်ပါသည်။

ယင်းတို့ကို သစ်ပင်မှလည်း ရတတ်၏။ သက်ရှိသတ္တဝါ အထွေထွေတို့ကလည်း ကြုံတတ်၏။ ဓာတ်သတ္တု သယံဇာတကလည်း ဖြစ်တတ်သေး၏။

ဥပမာ ချိုး(ဂျိုး) အမြုတေဥသည် အမှန်အားဖြင့် ချိုးမှ ဥ၊သည့် အဥ မဟုတ်၊ ချိုးမသည် သူ၏ အအိုက် ကို အန္တရာယ်ကင်းဝေးရန် အလို့ငှာ



www.burmeseclassic.com

www.burmeseclassic.com

ချိုးငှက်မ၏ ကမ္ဗဇိဒ္ဓိဗိဇ သဘော အလျောက် မြစ်ချောင်း စသော ကမ်းဘေးမှ တေဇော(အပူစွမ်းအား)ကိုနိုင်သည့် သိဒ္ဓိဝင်ကျောက်ဥကို ကိုက်ချီပြီး သူ၏ အသိုက်ထဲသို့ သွင်းထားခြင်းသာတည်း။

သံ၊ ကြေး၊ ငွတ် စသော သယံဇာတ သတ္တုများ ပေါင်းစပ်ကာ သဘာဝအတိုင်း သိဒ္ဓိဝင်နေသော အရာတို့သည်လည်း မိုးကြိုးသွားဟု ခေါ်ကြသည်တို့လည်း ထို့အတူပင်ဖြစ်၏။

ဝါးမှရသော အမြုတေသည် (မုတ္တာ)ဘေးကင်း၍ ဘုန်းရှိ၏။ ကျွဲချိုမှရသော အမြုတေသည်ကား ရေဘေးကင်း၏။ လာဘ်ရွှင်၏။ တချို့နွား၏အသည်းမှ လည်းကောင်း၊ ကျား၏အသည်းမှ လည်းကောင်း ပတ္တမြားခဲအသွင် နီရဲတောက်ပနေသော မံသ အမြုတေများလည်း ရှိကြသေး၏။ ခွဲ၍မရ၊ ဖြတ်စိတ်မရ၊ မီးလည်းမလောင်၊ ပျော့စိစိနှင့် လက်မခန့်၊ ဆီးသီးခန့် ရှိတတ်၏။ ကာယသိဒ္ဓိနှင့် ဗလသိဒ္ဓိ တိုးပွားစေ၏။ အနိဋ္ဌအရာများပင်တည်း။

သစ်ပင်မှရသော **ဓာတ်လုံးပုံစံ၊ ရက္ခမူအမြုတေ**တို့သည်ကား ကံအားလျော်စွာ ရတတ်ကြ၏။ များသောအားဖြင့် မိမိတို့လက်သို့ ရောက်ပြီး မကြာမီ ရက္ခမူအမြုတေမှ ထူးခြားသိဒ္ဓိတို့ ပြသတတ်၏။ ဤ၌ အတွေ့အကြုံတစ်ခုကို တင်ပြပါမည်။

**၁၉၈၃ ခုနှစ်ဆီက ရွှေဘိုမြို့၌ ဗိန္ဒောဆေးဆရာတစ်ဦး၌** လူနာတစ်ဦးထံမှ **မန်ကျည်းပင်မှရသည့် ဂေါ်လီလုံးခန့်ရှိသော ရက္ခမူ အမြုတေလုံး တစ်လုံးကို** ရောဂါသက်သာ ပျောက်ကင်းသည့်အတွက် ကျေးဇူးဆပ်သည့်အနေနှင့် လက်ခံ ရရှိခဲ့သည်။



ဗိန္ဒောဆေးဆရာသည် ယင်းအမြုတေလုံးနှင့် သူ၏ ဆေးများကို လူနာအား မတိုက်ခင် တို့ထိပြီးမှ တိုက်ကျွေး၏။ ထို့အတူ ဆေးများကိုလည်း အမြုတေလုံးနှင့် ဆေးကျုံးတတ်၏။ ယင်းနောက် သူကုသခဲ့သမျှ လူနာတို့မှာ ရောဂါကင်း၏။ နာမည်သည် ထင်ရှား၍ အသပြာတို့ ရွှင်လာ၏။

ထို့ကြောင့် လက်သင်တပည့်အဖြစ် သူ၏ တူတစ်ယောက်ကို ခေါ်ထား၏။ ကိုတူတော်မောင်ကား လူငယ်ပီပီ အရာရာကို စူးစမ်းချင်သည်။ ဦးကြီး ဆရာအလစ်တွင် ဗီရိုထဲရှိ ယင်းဓာတ်လုံးကိုယူကာ အရက်ခွက်ထဲ၌ စိမ်ပြီး မကြာမကြာ သောက်လေ့ရှိ၏။

သူ့အထင်က တစ်ခုခု စွမ်းမည် ထင်၍ ရမ်းခြင်းသာ ဖြစ်၏။ ဆရာကား မသိသေး။ သို့သော် ထိုသို့ သုံး,လေးကြိမ် စိမ်ပြီးသည့်နောက်၌ ယင်းရက္ခမူဓာတ်လုံးကား ပေါ့ပေါ့လာ၏။ သိပ်သည်းသော အသားကလည်း အစင်းကြောင်းလေးများ ထင်ထင်လာတော့၏။ နောက် ကြေမွ၍ နိဋ္ဌိတံသွားရှာတော့၏။

တန်ဖိုးမဖြတ်နိုင်သော ရတနာကို လူ့ဗာလလက်ထဲ၌ တန်ဖိုးမဲ့သွားရပုံက အမြုတေနှင့်ပတ်သက်ပြီး သင်ခန်းစာယူဖွယ် ဖြစ်တော့၏။

၄။ **မည်သည့် အကျိုး,အပြစ် တစ်စုံတစ်ရာမှ မရှိသော အမြုတေ** ဆိုသည်မှာ အစွမ်းရှိသည် အထင်ဖြင့် ဆောင်ထားတတ်ကြ၏။ ဘာမှလည်း မထူးခြား။ စိတ်၏ လှည့်စားမှု မာယာကို သာယာတတ်ကြသည်ကို တွေ့ရ၏။

တချို့သော တနင်္သာရီတိုင်းဒေသကြီးတွင် စိုက်ပျိုးသော ဆီအုန်းသီး(စားအုန်းဆီပင်)ကို အုန်းပင်မှ သီးသော အုန်းသီးကြီးထဲက ရသော အုန်းအမြုတေဟု မသိသူကို ညာဝါးကြသည်လည်း ရှိကြ၏။

ကျောက်စရစ်ခဲကို သွေး၍ ချိုးအမြုတေဟု သညာတပ်ကာ ပညာပြသည်လည်း ပေါ၏။ တချို့ အမြုတေကား မှန်၏။ အချိန်မကျသေးသဖြင့် သိဒ္ဓိမဝင် အစွမ်းမထင်သော သက်နုဖြစ်ဆဲ အမြုတေတို့သာ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

ကြကုန်၏။

ဤသို့ အမြုတေ အမျိုးအစားတို့ကို သိရှိပြီး မိမိတို့၏ ပစ္စည်းကို သုံးသပ်နိုင်ပါစေဟု ဆန္ဒပြုရင်းဖြင့် ဆောင်းပါး၏ မူလအကြောင်းရင်း ဖြစ်သော ကြို့ပင်မှ ရသည့် ရက္ခမူ အမြုတေဓာတ်လုံးသည် မည်သည့် အရာတို့ စွမ်းပါသနည်းဟု သိလိုသဖြင့် မေးရာတွင် ယင်းဆောင်းပါးရှင်၏ စာ၌ပင် အဖြေတချို့က ပါပြီး နေပါသည်ဟု ဆိုရလိမ့်မည်။

**ယင်း ကြို့ရက္ခမူအမြုတေဓာတ်လုံးကို ရရှိသည့်အခါမှစ၍ လာဘ်လာဘ ပေါ်များလာခြင်း၊ စေတီပုထိုးများ ပြုပြင် တည်နိုင်ခြင်းတို့ကား ဓာတ်လုံး၏ အစွမ်းက ထင်ရှားစွာ ပြသခြင်း ဖြစ်သဖြင့် လာဘသိဒ္ဓိနှင့် နေသိဒ္ဓိတို့ မဟုတ်ပါလော။**

ထို့အပြင် အာရောဂျသိဒ္ဓိနှင့် အာယုသိဒ္ဓိ နှစ်ခုတွင် တစ်ခုခုလည်း စွမ်းနိုင်ပါသည်။ ထို့ကြောင့် ခန္ဓာကိုယ်မှ သွေးလုံး၊ လေလုံး စသော ရောဂါ၊ အတွင်းနာ စသော ဝေဒနာတို့အား ဓာတ်လုံးကို သန့်စင်သော ရေတို့ဖြင့် စိမ်ပြီးတိုက်ခြင်း၊ ဆေးဝါး (ယင်းဆိုင်ရာ ရောဂါများမှ)တို့ကို ဓာတ်လုံးနှင့် သိဒ္ဓိကူး၍ တိုက်ခြင်း စသည်တို့လုပ်ကာ ကုသပေးကြည့်သင့်ပါသည်။

နောက်ပြီး ဤကြို့ရက္ခမူ အမြုတေ ဓာတ်လုံးပိုင်ရှင်နှင့်တကွ တခြား ပိုင်ဆိုင်သူတို့အားလည်း အမြုတေတို့နှင့် ပတ်သက်၍ ရှောင်သင့်/ ဆောင်သင့်သည်တို့ကို ညွှန်းပြုလိုက်ပါအံ့။

❖ ဦးစွာ မိမိ၌ရှိသော အမြုတေ



သည် **အတိက္ကဋ္ဌဝင် ဘုရား, စေတီ, ရဟန်းသံဃာ သဏ္ဌာန်များဆိုပါက** မြင့်မြတ်သော ဘုရားဆောင်တို့၌သာ သီးသန့်တည်စေပြီး **ဣဋ္ဌဝင် ဇော်ဂျီပုံ, ဆေးဆရာ, ဓာတ်လုံးပုံ, အင်းပြားပုံနှင့် ဥပုံ, ယောကျ်ားပုံ** စသည်တို့ ဆိုပါက မိမိအိပ်ရာ၏ လက်ယာဘက်(သို့မဟုတ်) မြင့်သော ဗီရို စသည်တို့၌ ထားရမည်။

**အနိဋ္ဌဝင်ဆိုးဝါးသော မြင်း, ခွေးစသောပုံ၊ ဘီလူး, မိန်းမနှင့် ယုတ်ညံ့သည့် တိရစ္ဆာန်မြွေ, ကျားစသည်မှရသော အမြုတေ**များအား လက်ဝဲဘက်(သို့မဟုတ်) မိမိထက်နိမ့်သော နေရာ၌သာထားရန်။

❖ ကြို့ရက္ခမူအမြုတေသည်ကား ဣဋ္ဌဖြစ်၍ လက်ယာဘက်၌ တည်ကာ ယင်းကြို့၏ သဟဇာတ်ဖြစ်သော ကြို့ပင်၏အသားကို ကလပ်တစ်ခုလုပ်ပါလေ၊ ထိုကလပ်တွင် ဓာတ်လုံးအားထည့်ပြီး အပေါ်မှ ကြေးဖလားနှင့် မှောက်ထားပါရန် (အခြား ရက္ခမူတို့လည်း ဤသို့ နည်းမှီပြုပါလေ)။

❖ ယင်းအမြုတေတို့ကို မသန့်သော အရက်, သွေးသား, အညစ်အကြေး စသည်တို့ လိမ်းကပ်သော လက်နှင့် ကိုင်ခြင်း၊ စာရိတ္တ ဆိုးရွား၍ ခိုးညားသတ်ဖြတ် လုည့်ပတ်မုသား သူ့အိမ်ရာမှားဟု ဆိုသော သီလ မရှိသူတို့အား ပေး၍ ကိုင်ခြင်းတို့ကို လုံးဝမပြုမိစေဘဲ သန့်ရှင်းယုယစွာ အသုံးပြုပါရန်။

❖ လပြည့်နေ့, လကွယ်နေ့တို့၌ ယင်းဓာတ်လုံး စသည်တို့အား ပန်းနံ့သာနှင့် ထုံမွမ်းကာ အနားပေးခြင်း၊ ပူဇော်ပသခြင်းတို့ ပြု ပါရန် **(ရေမွှေး မသုံးလေနှင့်)။**

❖ ပုံသဏ္ဌာန်ရှိသော အမြုတေတို့ဆိုပါက ယင်းတို့အနား၌ ရုန့်ရင်းဆိုးရွားသော ကာယကံ၊ ဝစီကံတို့ ရှောင်ကြဉ်၍ အတိတ်ကောင်း၊ နိမိတ်ကောင်း ကာယကံ၊ ဝစီကံတို့ ပြုပါရန်။

❖ ဆိုင်ရာဆိုင်ရာ အကျိုးကို ပြုတတ်သော အမြုတေတို့ကား သိဒ္ဓိကူးခြင်းတို့ ပြု၍ ရကြကုန်ရာ၌ ထိုကြို့ရက္ခမူအမြုတေသည် အနုဘက်စွမ်းသဖြင့် ပီယ, လာဘ, ဓန, အာရောဂျတို့ စီးဝင်ခြင်းကြောင့် သန့်စင်သော ငွေစက္ကူတို့ကို လည်းကောင်း၊ ရွေ စသော ရတနာတို့ကိုလည်းကောင်း၊ ဆေးတို့ကိုလည်းကောင်း တစ်ညခန့် အတူထားပြီး ဓာတ်ကူး၍ အသုံးပြုသော် ငွေကြေးခိုင်မာခြင်း၊ တိုးပွားခြင်း စသဖြင့် ဖြစ်ထွန်းခြင်းကြောင့် အများအား စေတနာ၊ သဒ္ဓါ၊ မေတ္တာဖြင့် စောင်မရန်...။

**နေဝိဇ္ဇာ**



www.burmeseclassic.com

www.burmeseclassic.com

# နဝလက်စကြာဟောကိန်း

## နှင့် လူနာ၏ ရောဂါဇာစ်မြစ် ဖော်လှစ်ခြင်း(၁)

နတ်မောက် ကြည်မြိုင်

နဝလက်စကြာ ဟောကိန်းနှင့် မေးလာသည့်အချိန်ကို ကြည့်ပြီး လူနာ၏ ရောဂါဇာစ်မြစ်အား တပ်အပ် ဟောနိုင်ပါသည်။

ဤ နဝလက်စကြာ ဟောကိန်းကား ရှေးက မြန်မာ့ဗေဒင်ပညာရှိကြီးတို့၏ နည်းကောင်းတစ်ခု မည်ပေ၏။



ကျွန်ုပ်အနေဖြင့် ရှေးဦးစွာ ရှေးက မြန်မာ့ဗေဒင်ပညာရှိကြီးတို့၏ ကြီးမြတ်သောဂုဏ်ကို အာရုံပြုပြီး သကာလ အခါအလိုက် နဝလက်စကြာခွင်(၇)ခွင်ကို ထုပြပေးလိုပါသည်။

နဝလက်စကြာခွင်ကို ထုရာ၌ **"သူရဿ၊ သောကြာ၊ ဗုဒ္ဓ၊ စန္ဒရော၊ သောရီ၊ ဂုရု၊ ဘောမ"**ဆိုပြီး ဂြိုဟ်တို့၏ အစဉ်ကို မှတ်ကာ ထုရမည်ဖြစ်၏။

**သူရဿအခါဖြစ်မူ ⇨ သူရဿ၊ သောကြာ၊ ဗုဒ္ဓ၊ စန္ဒရော၊ သောရီ၊ ဂုရု၊ ဘောမ၊ သူရဿ၊ သောကြာ"** ဟူ၍ အောက်ပါအတိုင်း နဝလက်စကြာခွင်ကို ထုရမည်ဖြစ်၏။

***

| | | |
|---|---|---|
| ၁ | ၆ | ၄ |
| ၂ | ၀ | ၅ |
| ၃ | ၁ | ၆ |

**သောကြာအခါ ဖြစ်မူ⇨ "သောကြာ၊ ဗုဒ္ဓ၊ စန္ဒရော၊ သောရီ၊ ဂုရု၊ ဘောမ၊ သူရဿ၊ သောကြာ၊ ဗုဒ္ဓ"**ဟူ၍ အောက်ပါအတိုင်း နဝလက်စကြာခွင်ကို ထုရမည်ဖြစ်၏။

***

| | | |
|---|---|---|
| ၆ | ၄ | ၂ |
| ၀ | ၅ | ၃ |
| ၁ | ၆ | ၄ |

**ဗုဒ္ဓအခါဖြစ်မူ⇨ "ဗုဒ္ဓ၊ စန္ဒရော၊ သောရီ၊ ဂုရု၊ ဘောမ၊ သူရဿ၊ သောကြာ၊ ဗုဒ္ဓ၊ စန္ဒရော"**ဟူ၍ အောက်ပါအတိုင်း နဝ လက်စကြာခွင်ကို ထုရမည်ဖြစ်၏။

***

| | | |
|---|---|---|
| ၄ | ၂ | ၀ |
| ၅ | ၃ | ၁ |
| ၆ | ၄ | ၂ |

**စန္ဒရောအခါဖြစ်မူ⇨ "စန္ဒရော၊ သောရီ၊ ဂုရု၊ ဘောမ၊ သူရဿ၊ သောကြာ၊ ဗုဒ္ဓ၊ စန္ဒရော၊ သောရီ"** ဟူ၍ အောက်ပါအတိုင်း နဝလက်စကြာခွင်ကို ထုရမည်ဖြစ်၏။

***

| | | |
|---|---|---|
| ၂ | ၀ | ၅ |
| ၃ | ၁ | ၆ |
| ၄ | ၂ | ၀ |

**သောရီအခါဖြစ်မူ⇨ "သောရီ၊ ဂုရု၊ ဘောမ၊ သူရဿ၊ သောကြာ၊ ဗုဒ္ဓ၊ စန္ဒရော၊ သောရီ၊ ဂုရု"**ဟူ၍ အောက်ပါအတိုင်း နဝလက်စကြာခွင်ကို ထုရမည်ဖြစ်၏။

***

| | | |
|---|---|---|
| ၀ | ၅ | ၃ |
| ၁ | ၆ | ၄ |
| ၂ | ၀ | ၅ |

**ဂုရုအခါဖြစ်မူ⇨ "ဂုရု၊ ဘောမ၊ သူရဿ၊ သောကြာ၊ ဗုဒ္ဓ၊ စန္ဒရော၊ သောရီ၊ ဂုရု၊ သောရီ၊ "**ဟူ၍ အောက်ပါအတိုင်း နဝလက်စကြာခွင်ကို ထုရမည်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

***

| | | |
|---|---|---|
| ၅ | ၃ | ၁ |
| ၆ | ၄ | ၂ |
| ၀ | ၅ | ၃ |

**ဘောမအခါဖြစ်မူ➩ "ဘောမ၊ သူရဇ္ဇ၊ သောကြာ၊ ဗုဒ္ဓ၊ စန္ဒရော၊ သောရီ၊ ဂုရု၊ ဘောမ၊ သူရဇ္ဇ"** ဟူ၍ အောက်ပါအတိုင်း နဝလက်စကြာခွင်ကို ထူရမည်ဖြစ်၏။

***

| | | |
|---|---|---|
| ၃ | ၁ | ၆ |
| ၄ | ၂ | ၀ |
| ၅ | ၃ | ၁ |

ဤသည်တို့မှာ အခါအလိုက် နဝလက်စကြာခွင် (၇)ခွင်ကို ထူပြခြင်းဖြစ်ပါသည်။

ယခု ဆက်လက်၍ မေးလာသည့်အချိန်အခါကို ကြည့်ပြီး လူနာ၏ ရောဂါဇာစ်မြစ်အား နဝလက်စကြာ ဟောကိန်းနှင့် ဖော်ထုတ်သည့်နည်းကို ရှင်းပြပေးပါမည်။

**တနင်္ဂနွေအခါမှာ တနင်္ဂနွေသား လူနာက လာရောက် မေးမြန်းသည် ရှိသော်...**

အရှေ့မြောက်ထောင့် သို့မဟုတ် အနောက်အရပ်သို့ သွားရာတွင် အုန်းထမင်း၊ အုန်းနို့ခေါက်ဆွဲ၊ ဘဲဥ၊ ကြက်ဥ စသော တနင်္ဂနွေနံ အစားအစာများ စားမိခဲ့၍ ရောဂါရလာကြောင်း ရောဂါ၏ ဇာစ်မြစ်ကို ဖော်ထုတ်ဟောပြောပါလေ။

**တနင်္ဂနွေအခါမှာပဲ တနင်္လာသားသမီး လူနာက လာရောက်မေးမြန်းသည်ရှိသော်...**

မြောက်အရပ်သို့ သွားရာတွင် ကြောင်လျှာသီး၊ ကြက်ဟင်းခါးသီး၊ ငါးသလောက် စသော တနင်္လာနံ အစားအစာများ စားမိခဲ့၍ ရောဂါရလာကြောင်း ရောဂါ၏ ဇာစ်မြစ်ကို ဖော်ထုတ်ဟောပြောရာ၏။

**တနင်္ဂနွေအခါမှာပဲ အင်္ဂါသားသမီး လူနာက လာရောက် မေးမြန်းသည်ရှိသော်...**

အနောက်မြောက်ထောင့် အရပ်သို့ သွားရာတွင် ဝက်သား၊ အမဲသား စသော အခြေလေးခုသား စားမိခဲ့၍ ရောဂါရလာကြောင်း ရောဂါ၏ ဇာစ်မြစ်ကို ဖော်ထုတ်ဟောပြောရာ၏။

**တနင်္ဂနွေအခါမှာပဲ ဗုဒ္ဓဟူးသားသမီး လူနာက လာရောက် မေးမြန်းသည် ဆိုငြားအံ့...**

အရှေ့တောင်ထောင့် အရပ်သို့ သွားရာတွင် ဆိတ်သား၊ ဆတ်သား၊ စောင်ချမ်းချဉ် စသော အင်္ဂါနံ အစားအစာများ စားမိခဲ့၍ ရောဂါရလာကြောင်း ရောဂါ၏ဇာစ်မြစ်ကို ဖော်ထုတ်ဟောပြောရာ၏။

**တနင်္ဂနွေအခါမှာပဲ ကြာသပတေးသားသမီး လူနာက လာရောက် မေးမြန်းသည်ရှိသော်...**

တောင်အရပ်သို့ သွားရာတွင် ဝက်သား၊ အမဲသား စသော အခြေလေးခုသား စားမိခဲ့၍ ရောဂါရလာကြောင်း ရောဂါ၏ ဇာစ်မြစ်ကို ဖော်ထုတ်ဟောပြောရာ၏။

**တနင်္ဂနွေအခါမှာပဲ သောကြာသားသမီး လူနာက လာရောက် မေးမြန်းသည်ရှိသော်...**

အရှေ့အရပ် သို့မဟုတ် အနောက်တောင်ထောင့်အရပ်သို့ သွားရာတွင် ငါးသလောက်၊ ငါးဟင်း၊ ကြက်သား၊ ကြက်ဟင်းခါး၊ ဒိန်ချဉ် စားခဲ့မိ၍ ရောဂါရလာကြောင်း ရောဂါ၏ ဇာစ်မြစ်ကို ဖော်ထုတ် ဟောပြောပါလေ။

**တနင်္ဂနွေအခါမှာပဲ စနေသားသမီး လူနာက လာရောက် မေးမြန်းသည်ရှိသော်...**

နဝလက်စကြာခွင်တွင် စနေနံက အလယ်ဗဟိုတွင် ရှိသောကြောင့် ယင်း စနေသားသမီး လူနာမှာ မည်သည့်အရပ်ဒေသ၊ မည်သည့် အစားအစာကမှ ခိုက်နေခြင်း မဟုတ်၊ ရောဂါအခြေအနေ စိုးရိမ်စရာမရှိကြောင်း ဟောကိန်း ထုတ်လိုက်ပါလေ။

ယခု ကျွန်ုပ် ရေးသားဖော်ပြခဲ့သည်တို့မှာ ရှေးက မြန်မာ့ဗေဒင်ပညာရှိကြီးတို့၏ စူးရှ ထက်မြက်လှသော နဝလက်စကြာ ဟောကိန်းတို့မှ မကျန်းမာသော လူနာ၏ ရောဂါဇာစ်မြစ်ကို တနင်္ဂနွေအခါမှာ ဖော်လှစ် မုချထုတ်ပြ ဟောဆိုနည်း အပြည့်အစုံတည်း။

ကျန် တနင်္လာအခါ၊ အင်္ဂါအခါ၊ ဗုဒ္ဓဟူးအခါ၊ ကြာသပတေးအခါ၊ သောကြာအခါနှင့် စနေအခါ ဆိုင်ရာ လူနာ၏ ရောဂါဇာစ်မြစ် ဖော်လှစ်နည်းများကိုလည်း အလျဉ်းသင့်သလို ရေးသားတင်ပြပေးသွားပါဦးမည်။

နဝလက်စကြာ၊ ဟောကိန်းမှာ
လွန်စွာ မှန်ပြီနော။
ရှေးထုံးနည်းနာ၊ မပျောက်ရာ၊
ဆက်ကာ ထိန်းစေသောဝ်။

**နတ်မောက် ကြည်မြိုင်**



www.burmeseclassic.com

www.burmeseclassic.com

# ဆီးချိုရောဂါ

## သက်သာပျောက်ကင်းစေသည့် ဆေးနည်းတစ်လက်



ဤဆေးနည်းကို စာရေးသူ၏ မိတ်ဆွေဖြစ်သူ **မြောက်ဒဂုံမြို့နယ်မှ ဆရာဦးတင်ငြိမ်း**က ပေးခဲ့ခြင်း ဖြစ်သည်။ ဆရာဦးတင်ငြိမ်းကိုယ်တိုင်ပင် ဆီးချိုဝေဒနာရှင်အချို့အား ဤဆေးနည်းကိုပေး၍ လက်တွေ့ ကုသပျောက်ကင်းခဲ့ကြောင်း သိရပါသည်။

ဆီးချိုဝေဒနာရှင်များအနေနှင့် ဤဆေးနည်းအတိုင်း ဆေးပြုလုပ်စားသုံး၍ ရောဂါ သက်သာ ပျောက်ကင်းကြပါစေ ဟူသော ဆေးအလှူဒါနစိတ်ကို ပွားများ၍ ဆေးနည်းကို ဆရာတင်ငြိမ်း ပြောပြသည့်အတိုင်း ရေးသား ဖော်ပြလိုက်ရပါသည်။

<u>လိုအပ်ပစ္စည်း</u>

၁။ (၁၀)ကျပ်သား,(၁၅)ကျပ်သား အရွယ် ကြက်ပေါင်တစ်ချောင်း။
၂။ သံပရာသီး နှစ်လုံး။

<u>ပြုလုပ်နည်း</u>

သံပရာသီးများကို (၄)စိတ်စီ စိတ်ထားပါ။

ကြက်ပေါင်ကို ဓားနှင့် မွှန်းပြီး အိမ်မှာ ချက်စားနေကျအတိုင်း ဆီ, ဆား, ငံပြာရည်, ကြက်သွန် စသည် ထည့်၍နယ်ပါ။ **ငရုတ်သီးတော့ မထည့်ရပါ။**

ထို့နောက် ယင်း နယ်ထားပြီးသော ကြက်ပေါင်နှင့် သံပရာသီး စိတ်များကို ရော၍ပေါင်းပါ။ အချိန် အတော်ကြာကြာ သံပရာသီး နူးအိပြီး ပျော်သွားသည်အထိ ပေါင်းပါ။ သံပရာစေ့များကိုပါ စား၍ရအောင် ပေါင်းရပါမည်။

ဒါလောက်ဆိုလျှင် ဆီးချိုရောဂါ သက်သာပျောက်ကင်းဆေး ဖြစ်ပြီ။

ဝေဒနာရှင်များ ယင်း ကြက်ပေါင်ပေါင်းကို တစ်နေ့လျှင် တစ်ချောင်းကုန်အောင် ပြုလုပ်စားသုံးရပါမည်။ (၇)ရက် စားပြီး၍ ကြက်ပေါင်(၇)ချောင်း ကုန်သောအခါ အနှစ် နှစ်ဆယ်ကျော်လောက်ကပင် ခံစားနေရခဲ့ရသော ဆီးချိုဝေဒနာတွေပင် သက်သာပျောက်ကင်းသည်ဟု သိရပါသည်။

**သတိပြုရန်မှာ ကြက်ပေါင်ပေါင်းကို စားရာ၌ ထမင်းနှင့် မစားရပါ။ သူ့သက်သက်ကိုသာလျှင်စားရမည်။**

ဤဆေးနည်းကို ပြောပြ၍ ဆောင်းပါးစာမူ ရေးသားရန် ခွင့်ပြုသော မြောက်ဒဂုံမြို့နယ်မှ **ဆရာဦးတင်ငြိမ်း**အား အထူးကျေးဇူးတင်ရှိပါသည်။

ဦးမျိုးတင့်(မော်လမြိုင်)



www.burmeseclassic.com

www.burmeseclassic.com

# ဝယ်ထားတဲ့ကား

## ဒုက္ခပေးရင် ဒီလိုလုပ်ပါ





ငွေအရလွယ်ဆုံးကတော့ ကားနဲ့ စီးပွားရှာချင်တယ် မဟုတ်လား…

ဒါပေမင့်…

ထင်သလောက် စိတ်မပေါက်ကြသူ ပုဂ္ဂိုလ်တွေအတွက် ကားကိုဝယ်ရင်း ငွေမြုပ်၊ ဘေးဥပဒ်အန္တရာယ်တွေဖြစ်၊ ကားပစ္စည်း မကြာခဏဝယ်ထည့်ရ၊ တော်ကြာ ကားချင်းတိုက်၊ တော်ကြာ ယာဉ်စည်းကမ်းချိုးဖေါက်လို့ လိုင်စင်ရုံး သွားရှင်းရ။

ဘေးအန္တရာယ်တွေ အကြောင်းပြောမဆုံးပေါင် ဒေါမနဿတွေ ဘဖောင်ဆိုသလိုပေါ့။

ငွေက သောက်သောက်လဲကုန်၊ ဒီလိုကြီးတော့ မဟုတ်တော့ဘူး။ ဘကြီးဦးချစ်ဟန်က သူ့ကိုယ်တွေ့ ပြောပြပါတယ်။

သူတို့ မိရိုးဖလာ ငွေနဲ့ အသက်မွေးဝမ်းနေရတော့ အန္တရာယ်ကင်းကင်းနဲ့ စီးပွားရှာခဲ့တာ ဘဝင်ငြိမ်းစရာဖြစ်ခဲ့ပါသတဲ့။

ဘကြီးဦးချစ်ဟန်က သူ့လို ဒုက္ခမရောက်ရအောင် အောက်ပါအတိုင်း စီမံခဲ့ပါတယ်။

အဘိုးဖြစ်သူက မိမိကိုးကွယ်ခဲ့သော ဆရာတော်ထံပါးက ချီးမြှင့်ခဲ့ကြောင်းပါ ရှင်းပြပါတယ်။

[illegible]ဏသားကို (၃)လက်မခန့် နဂါးရုံဘုရား ထုဆစ်ပြီး ကားရဲ့ ခန်းမှာ ကိုးကွယ်ပူဇော်ရမယ်။

[illegible]ဏသားကို ခြင်္သေ့ရုပ်(၂)ရုပ်ကို ထုဆစ်ပြီး အဆိုပါ နဂါးရုံဘုရားရဲ့ ဝဲယာနှစ်ဖက်မှာ ထားရမယ်။

[illegible]ပိုင်ရှင်သည် ငါးပါးသီလ မြဲရပါမယ်။ ယာဉ်မောင်းနဲ့ [illegible]ဉ်မောင်းနောက်လိုက် ကိုယ်ကျင့်တရား ကောင်းရပါမယ်။

အဲဒီလိုဆိုရင် ကားဟာ ဘယ်လိုမှ ဒုက္ခမပေးဘဲ ကိုယ့်လက်ထဲမှာ အကျိုးပေးနေမယ်။ ယုံကြည်စွာ စီမံကြည့်လေ။ ပိုမိုထူးခြားစွာ သက်သေပြပါလိမ့်မယ်။

မော်တော်ကား ယာဉ်ပိုင်ရှင်များအတွက် ကျွန်ုပ်က မုဒိတာ ပွားလိုက်ပါတယ်။ ကုသိုလ်ရ အန္တရာယ်လဲကင်းပြီး ကြီးပွားတိုးတက်ခဲ့သော ဘကြီးဦးချစ်ဟန်က ရှင်းပြပါတယ်။

သူသည် သားစဉ်မြေးဆက် မော်တော်ကားလုပ်ငန်းနဲ့ အသက်မွေးဝမ်းပြုလျက် ရှိပါတယ်။

မြန်မာနိုင်ငံအထက်ပိုင်း အဝေးပြေး မော်တော်ယာဉ်လိုင်းတွင် ပြည်တွင်းခရီးသွားလုပ်ငန်း၌ ဒါရိုက်တာအဖွဲ့ဝင်ဖြစ်ကြောင်း သိရှိရပါတယ်။

*သုခိတာ ဟောထ ဒုက္ခမုဉ္စထ*

**ကောင်းဟိန်း(ကျွန်းသစ်)**



www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းအံ့ဖွယ်

မောင်အေးကြူ
(စီးပွားရေး)

# သူယောင်မယ်

သူငယ်ချင်း တစ်ယောက်၏ အလှူတွင် မဆုံဖြစ်ကြတာ ကြာပြီဖြစ်သော သူငယ်ချင်းတစ်သိုက် ဆုံမိကြသည်။

အချို့ပွဲတွင် ဝိုင်းကြရင်း အတိတ်ကို လှန်သူကလှန်၊ ပစ္စုပ္ပန်ကို ဝေဖန်သူကဝေဖန်၊ ငြင်းကြခုန်ကြ၊ ရယ်ကြမောကြဖြင့် တသောသော ရှိကြရာမှ ဘယ်လိုက ဘယ်ပုံ စကားလမ်းကြောင်း ပြောင်းသွားသည်မသိ ညွန့်သိန်းက ပြောပါသည်။

'ပဋိသန္ဓေလေးပါး ရှိတယ်ကွ။ ဥမှာတည်ပြီးဖြစ်တဲ့ သန္ဓေ၊ သစ်ရွက်၊သ[illegible] မှာဖြစ်တဲ့ သန္ဓေ၊ အမိဝမ်းမှာ [illegible]လလ





www.burmeseclassic.com

www.burmeseclassic.com



ရေကြည်တည်ငြိမ်ဖြစ်တဲ့ သန္တေ့ မွေးဖွားခြင်းမရှိတဲ့ နတ်ပြဟ္မာတို့လို ကိုယ်ထင်ဖြစ်တဲ့ သန္တေ့တဲ့။

ကျန်တဲ့ သုံးမျိုးကတော့ မထူးဆန်းပါဘူး။ ထူးဆန်းတာ တစ်ခုကတော့ "သံသေဒဇ"လို့ခေါ်တဲ့ သစ်ပင်,သစ်ရွက်, သစ်ပွင့်တွေမှာ စွဲမှီပြီးဖြစ်တဲ့ ပဋိသန္ဓေပဲ' ထိုအခါ စာရေးသူက ဝင်ပြောမိသည်။

'ဟုတ်တယ်နော်၊ လောကကြီးမှာ လူတွေရဲ့ ဉာဏ်နဲ့ လိုက်မမီတဲ့ အရာတွေ အများကြီးရှိတယ်။ ငါလဲ အဲဒီ "သံသေဒဇ"ဆိုတာကို ကိုယ်တိုင်မြင်ဖူးခဲ့တယ်'

'ဟုတ်လား…ဘယ်တုန်းက မြင်ဖူးတာလဲ၊ ဘယ်လိုမြင်ဖူးတာလဲ၊ ပြောစမ်းပါဦး'

ဟု အားလုံးက ဝိုင်း၍ ပြောကြသည်။

'ဒီလိုကွ…ငါ ခုနစ်တန်းလောက်တုန်းကပေါ့။ သာပေါင်းမြို့နယ်ထဲက ငဝန်မြစ်ကမ်းပေါ်မှာရှိတဲ့ အင်ကြီးဆိုတဲ့ရွာကနေ ကညင်ပင်ရွာကို ခြေကျင်သွားရတယ်။ ငါ့ဦးလေး တစ်ယောက်နဲ့ အတူပေါ့။

နွေဘက်ဆိုတော့ လယ်တွေလဲ ရိတ်သိမ်းပြီးပြီ။ အင်းတွေမှာလဲ ရေခန်း ငါးဖမ်းပြီးလို့ ခြောက်နေပြီပေါ့။ နို့မို့ဆိုရင်တော့ အဲဒီနှစ်ရွာကို ခြေကျင်လျှောက်သွားလို့ လုံးဝရဘူး။

တို့တူအရီးနှစ်ယောက် လျှောက်လိုက်ကြတာ ချွေးတလုံးလုံးနဲ့…ကန်သင်းရိုးတွေပေါ်က လျှောက်လိုက်၊ ဒိုက်တောတွေ,ဗေဒါတောတွေကိုဖြတ်၊ အချို့ရွာနားက တာပေါင်တွေပေါ်က လျှောက်ပေါ့။

လမ်းမှာလဲ ကိုင်းပင်တွေက ဟိုနေရာ ဒီနေရာ ဆိုသလို အများကြီးပါပဲ။ မိုးအခါဆို ရေတွေမြုပ်တော့ အဲဒီ ကိုင်းပင်တွေကြားကို လှေတွေနဲ့သွားပြီး ကိုင်းဥ ရှာကြ၊ ခူးကြတယ်။

**ကိုင်းဥ ဆိုပေမယ့် တကယ်ကတော့ မြေကြီးထဲမှာ ဥတဲ့ဟာ မဟုတ်ပါဘူး။ ကိုင်းပင်ရဲ့ ပင်စည်နဲ့ အရွက်ကြားမှာ ရှိတာပါ။ အကြီး, အသေးတော့ ကွာတာပေါ့'**

'ဟုတ်လား… တို့ရန်ကုန်မှာ တုတ်တံလေးနဲ့ သီပြီး ကင်စားတဲ့ ကိုင်းဥက အဲဒီလို ရတာလား'

ဟု မျိုးညွန့်က တအံ့တသြ ဆိုသည်။

သောင်းအေးကတော့…

'ဟော့ကောင်ရ…မင်းက "သံသေဒဇ"ကို ပြောမှာလား၊ ကိုင်းဥ အကြောင်း ပြောမှာလား'

ဟု ဝင်၍ သြဘာပေးသည်။

'အေးပါ… အကြောင်းတိုက်ဆိုင်လို့ မင်းတို့ကို ဗဟုသုတ ပေးတာပါ။ ဒါနဲ့ တစ်နေရာရောက်တော့ ကိုင်းပင်နဲ့ အရွက်ဖျားက လေမတိုက်ဘဲ လှုပ်နေလို့ ကြည့်လိုက်တော့ မြွေလေးတစ်ကောင်ကို တွေ့ရတယ်။

မျက်စိရယ် ခေါင်းရယ် ကိုယ်ကလဲ အစိမ်းရောင်ပေါ့။ ကိုယ်လုံးကတော့ လက်သန်းလောက်လေးပါပဲ။

ဒါနဲ့ ငါလဲ အံ့သြပြီး ငေးကြည့်မိတယ်။ ထူးဆန်းတာက သူ့ကိုယ်အပေါ်ပိုင်း လက်လေးလုံးလောက်က မြွေကိုယ်နဲ့… အောက်ပိုင်းက ကိုင်းပင်အရွက်ပဲ ဖြစ်နေသေးတယ်။ ကြည့်ရတာက သူက ကိုင်းပင်အရွက်ကနေ လွတ်အောင် အတင်းထိုးထွက်နေသလိုမျိုး ရုန်းကန်လှုပ်ရှားနေတာပဲကွ။

ငါ့ဦးလေးက ဘာပြောသလဲဆိုတော့ အဲဒါ ကိုင်းပင်ကနေ ဖြစ်လာမယ့် မြွေစိမ်းမြီးခြောက်လေးပေါ့တဲ့။ သူ ခုလို လှုပ်ရှားရုန်းကန်ရင်းကနေ တစ်ချိန်မှာ မြွေစိမ်းမြီးခြောက်လေးဖြစ်ပြီး ကိုင်းပင်ကနေ လွတ်သွားမှာတဲ့ကွာ'

'အံ့သြစရာပဲကွာ၊ ကြုံကြုံဖန်ဖန်နော်'

ဟု အေးဝင်းက ဆိုသည်။

ညွန့်သိန်းက…

'မင်းကတော့ ကိုယ်တွေ့ပဲကိုး။ တို့မြန်မာ ရာဇဝင်မှာလဲ ဝေဠုဝင်မင်းသမီးဆိုတာ ရှိတာပဲ မဟုတ်လား။ ဘာမင်းလဲကွာ… အဲဒီမင်း



www.burmeseclassic.com

www.burmeseclassic.com

လက်ထက်မှာ ဝါးကနေ ဖြစ်လာတဲ့ မင်းသမီးကို သွားခံက်တော့ နားရွက်က ရှည်နေလို့ လက်မခံတော့ ညီတော်အိမ်ရှေ့မင်းကို ပေးလိုက်တယ်လေ။

မယ်တော်က နားရွက်ကို ဖြတ်ပေးလိုက်တော့ အရမ်းလှသွားရော၊ နောက် ဘုရင်က တော်ကောက်ချင်လို့ ညီတော်ကို အကောက်ကြံပြီး သူပုန်တွေ ရှိတယ်ဆိုပြီး နယ်ကို လွှတ်လိုက်တာလေ။ မြင်းတော်ခံ ပြေည့်ခမျာ တစ်ည နောက်ကျလို့ အသတ်ခံလိုက်ရပါပကော'

'ဟုတ်တယ်ကွ၊ မင်းနာမည်တွေလဲ မေ့ကုန်ပါပြီကွာ။ ဘုရားရှင်လက်ထက်မှာလဲ အဗ္ဗပါလီလား ဘာလား ရှိခဲ့ဖူးတာပဲ။ မန်ကျည်းပင်ကရတယ် ထင်ပါရဲ့၊ ပြီးတော့ ကြာပွင့်ကနေ ဖြစ်လာတဲ့ မင်းသမီးလဲ ရှိပါသေးတယ်။ အသက်ကလဲရ မပြောမဆိုတာလဲ ကြာတော့ မေ့ကုန်ပါပြီကွာ'

အေးဝင်းက ဝင်ပြောသည်။ ထိုစဉ် တစ်ချိန်လုံး တိတ်ဆိတ်ငြိမ်သက်နေခဲ့သည့် သန်းထွန်းက ပြောလာသည်။

'မင်းတို့ပြောတဲ့ "သံသေဒေ"ဆိုတာက အတိတ်က ရာဇဝင်ထဲမှာ ရှိတာကွ။ ခုတို့ခေတ်မှာလဲ အဲဒီ "သံသေဒေ"လို့ပဲ ပြောရမယ့် တစ်ယောက် ရှိတယ်။ ဟိုတုန်းကတော့ ဗိဿာဇော်ဂျီတွေက သူယောင်သီးတွေကို ဆေးတောင်ဇော့နဲ့ တို့လိုက်တဲ့အခါ အသက်ဝင်လာပြီး မိန်းကလေးဖြစ် ပျော်ပါးကြတယ်လို့ ကြားဖူးကြတယ် မဟုတ်လား။ ခုလဲ



သစ်ပင်ကနေ ဖြစ်လာတာဆိုတော့ သူယောင်မယ်လို့ပဲ ခေါ်ရမယ် ထင်ပါရဲ့ကွာ'

သူ့စကားကြောင့် အားလုံးက မျက်လုံးပြူးသွားကြသည်။ ပြီးမှ မတိုင်ပင်ရဘဲ ပြိုင်တူတောင်းဆိုလိုက်ကြသည်။

'ဟုတ်လား...ဘယ်မှာလဲ၊ မင်းဘယ်လိုတွေ့ခဲ့တာလဲ၊ ပြောပါဦး'

သန်းထွန်းက ချောင်းတစ်ချက်ဟန့်လိုက်ပြီး ရေနွေးကြမ်းပန်းကန်ထဲ ရေနွေးငှဲ့ထည့်ကာ တဖူးဖူးမှုတ်ပြီး သောက်နေလိုက်သဖြင့် သောင်းအေးက မအောင့်နိုင်တော့ဘဲ ဆဲတော့သည်။

'...မသား၊ ပြောပါဆိုကာမှ အိုက်စကလင် ခံနေသေးတယ်'

သန်းထွန်းက စိတ်မဆိုးဘဲ ပြုံးစေ့စေ့ဖြင့်...

'အဲဒီလိုမှ ဆဲပါ့မလား'

ဟု ဆိုပြီး "ဒီလိုကွ"ဟု အစချီကာ အောက်ပါအတိုင်း ပြောပြခဲ့ပါသည်။

'တို့ ရောဝတီတိုင်းဒေသကြီး၊ ပင်လယ်ပိုင်းက ရွာကြီးတစ်ရွာမှာပေါ့... ရွာနာမည်နဲ့ လူနာမည်တွေကိုတော့ အရင်းအတိုင်း မသိချင်ကြပါနဲ့ကွာ...နော်၊ ဦးရန်ဝေးတို့ မိသားစုရှိတယ်။ သူ့မိန်းမနာမည်က ဒေါ်မြမေ ဆိုကြပါစို့။

ပင်လယ် မေးတင်ထားတဲ့ရွာဆိုတော့ ရေလုပ်ငန်း လုပ်ကြတာများတာပေါ့။ ပထမတုန်းကတော့ ဦးရန်ဝေးတို့က မရှိမရှားထဲကပေါ့။ တစ်ချိန်မှာတော့ သူတို့ အိမ်ပြန်ဆောက်ဖို့ တောတက်ပြီး သစ်ခုတ်ကြတာပေါ့။

အိမ်သစ်ဆောက်ပြီး သိပ်မကြာပါဘူး၊ ဒေါ်မြမေ အိပ်မက်တစ်ခုရတယ်။ အိပ်မက်ထဲမှာ ကလေးမလေးတဲ့။ စကားပြောတတ်စအရွယ်ပေါ့။

"အမေ... သမီး အမေတို့အိမ်မှာနေမယ်"

လို့ ပြောသတဲ့။ ပထမတော့ ဒေါ်မြမေက ထူးဆန်းတဲ့ အိပ်မက်တစ်ခုလို့ပဲ ထင်တယ်။ ရက်ခြားပြီး ထပ်,ထပ်မက်တော့ ကြောက်လဲ ကြောက်တယ်။ ဘာလုပ်ရမှန်းလဲ မသိတော့ဘူး။

ဒါနဲ့... ကိုးကွယ်နေတဲ့ ရွာဦး ကျောင်းဆရာတော်ကို သွား လျှောက်တယ်။ ဆရာတော်က အိပ်မက် မက်ပုံကို အသေအချာ မေးပြီး လက်ခံလိုက်ပါလို့ မိန့်တယ်၊ နောက်တစ်ခါ ထပ်ပြီး အိပ်မက် မက်တော့ ဒေါ်မြမေက...



www.burmeseclassic.com

www.burmeseclassic.com

"လာနေပြီ သမီးရယ်"

လို့ ပြောလိုက်တယ်။ ကလေးမလေးမျက်နှာက အရမ်းကို ပြုံးရွှင်သွားခဲ့တယ်။

အဲဒီနောက်ပိုင်းမှာ ဦးရန်ဝေးတို့ စီးပွားရေးတွေ တိုးတက်လာခဲ့တယ်။ ရွာမှာ ကြွယ်ဝတဲ့၊ ဦးဆောင်ဦးရွက် ပြုနိုင်တဲ့သူ တစ်ယောက် ဖြစ်လာ တယ်။

ထူးဆန်းတာက နှစ်တွေ ကြာလာတာနဲ့အမျှ အဲဒီကလေးမလေးကလဲ အပြင်မှာလိုပဲ ကြီးထွားလာတယ်။ (၁၀)နှစ်ကြာတဲ့အခါ (၁၀)နှစ်အရွယ်ပေါ့။ သူ့အတွက်လဲ ဗီရိုတစ်လုံး သီးခြားထားပေးရတယ်။

အိမ်က သူ့ထက် အကြီး သားသမီးသုံးယောက်အတွက် လက်ဝတ်လက်စား၊ အင်္ကျီအဝတ်အစား ဝယ်ပေးရင် သူ့အတွက်လဲ ဝယ်ပေးရတယ်။

သူ့ဗီရိုထဲမှာ ထည့်ထားပေးရတယ်။ သူ့လက်ဝတ်လက်စားကို ယူဝတ်ရင် မကြိုက်ဘူးတဲ့။ အဲ...သမီးရေ ဘာကိစ္စအတွက် ဘယ်သူ့အတွက် ခဏ ငှား ဝတ်မယ်နော်လို့ ခွင့်တောင်းရင်တော့ ရသတဲ့။

နောက်ပိုင်းမှာ လိုအပ်တာရှိရင် ဒေါ်မြမေကို အိပ်မက်ပေးတယ်။ အပြင်မှာလဲ ကိုယ်ထင်ပြတယ်။ ဒါပေမယ့် မျက်နှာချင်းဆိုင် မဟုတ်ဘူး။ ကျောခိုင်းပြတာ။ ဆံပင်တွေလဲ အတော်ရှည်လာတာ တွေ့ရတယ်တဲ့'

'ကြည့်ရတာ ဒေါ်မြမေကို သူ့အမေလို သဘောထားပုံ ရတယ်နော်'



ဟု သောင်းအေးက ထင်မြင်ချက်ဝင်ပေးသည်။

'ဟုတ်တယ်ကွ၊ ဒေါ်မြမေရဲ့ ပဋ္ဌာန်းဆက် ဖြစ်ပုံရတယ်'

အေးဝင်းက ပြောသည်။

သန်းထွန်းက ဆက်ပြောသည်မှာ...

'ဟုတ်မယ်ကွ၊ အိပ်မက်တွေကိုလဲ ဒေါ်မြမေကိုပဲ ပေးတာ။ ကိုယ်ထင်ပြတာလဲ ဒေါ်မြမေကိုပဲ ပြတာ။ ဒီတော့ ကျန်တဲ့ မိသားစုဝင်တွေကလဲ လန့်ကြတယ်လေ။

ပိုဆိုးတာက သားသမီးသုံးယောက်ထဲက အကြီးဆုံးကောင် အိပ်နေရင် ခြေထောက်ကို ဆွဲတတ်လို့ သူ့ခမျာ အိမ်မှာ မအိပ်ရဲဘဲ ဘုန်းကြီးကျောင်းကို ခဏခဏ သွားအိပ်ရရှာသတဲ့။ ကျန်တဲ့ အိမ်သားတွေကို အိပ်မက်ပေးတာမျိုး၊ ကိုယ်ထင်ပြတာမျိုး မလုပ်ဖို့ တောင်းပန်ထားရတယ်တဲ့။

ဒါပေမယ့် သူ့မိသားစုကိုတော့ တကယ်စောင့်ရှောက်တာတဲ့။ အိမ်ခြံဝင်းနားကို ဘယ်သူမှ မကပ်ရဲဘူး။ အိမ်ထဲက ပစ္စည်းမပြောနဲ့... ခြံဝင်းထဲက ခွက်စုတ်တစ်လုံးတောင် မပျောက်ဖူးဘူးလို့ ဆိုတယ်။

သူ့အမေ အဲ...ဒေါ်မြမေကိုလဲ အပျောက်မခံဘူး။ တစ်ခါတုန်းက ကိစ္စတစ်ခုနဲ့ ဒေါ်မြမေ မြို့တက်သွားတာ၊ ဟိုလဲရောက်ရော "တက်" ပါလေရော။

နောက်မှ အိပ်မက်ပေးသတဲ့။ သူလုပ်တာလို့လေ။ အဲဒီကတည်းက ဒေါ်မြမေလဲ အိမ်ကနေ ညဥ့်အိပ်ညနေ မသွားရဲတော့ဘူး။

သမီးအလတ် ဆယ်တန်းအောင်ပြီး မြို့မှာ ကျောင်းဆရာမသင်တန်းသွားတက်တာ "တက်" လို့ ပြန်ခေါ်လာရသတဲ့။ နောက် သူ့ကို မနည်းတောင်းပန်ပြီး သင်တန်း ပြန်တက်ရတယ်တဲ့လေ။

ဦးရန်ဝေးက ပင်လယ်မှာ ငါးဖမ်း၊ မျှင်ဖမ်းတဲ့အခါ ဒေါ်မြမေကို အိပ်မက်ပေးပြီး ပြောတယ်။ ဘယ်နေရာမှာ ဖမ်းပါပေါ့။

အဲဒီအခါ ငါးတွေ မျှင်တွေ ပိုမိသတဲ့။ တခြား စီးပွားရေးတစ်ခုခု လုပ်ဖို့ စဉ်းစားတဲ့အခါ သူ့ကို တိုင်ပင်တဲ့ သဘော ပြောရင်လဲ ဘယ်လို ဘယ်နည်း လုပ်ပါလို့ အကြံပေးတတ်တယ်။ အောင်မြင်တာချည်း ပါပဲတဲ့'

'ဒီကလေးမလေးက ဘယ်ကနေ ဘယ်လို ရောက်လာတာလဲ မသိဘူးနော်'

စာရေးသူက ပြောတော့...

'အိမ်ဆောက်ဖို့ ခုတ်တဲ့ သစ်မှာ ပါလာတာလို့ ဆိုတာပဲ။ သစ်ခွဲတုန်းကလေး ကလေးငိုသံ ကြားလိုက်မိတယ်လို့ ဆိုတယ်။ ဒါပေမယ့် ဘယ်တိုင်ဘယ်သစ်



www.burmeseclassic.com

www.burmeseclassic.com

ရယ်လို့တော့ မသိဘူးလို့ ပြောတယ်။ နှစ်တွေ ကြာလာတော့ ဒေါ်မြမေတို့ကလဲ သူ့ကို ကျွတ်စေ လွတ်စေလိုတဲ့ စေတနာနဲ့ အလှူတွေလုပ်တိုင်း သူ့ကို ပြော,ဖိတ်၊ တရားနာတဲ့အခါ နေရာပေးပြီး တရားနာစေပါတယ်။ ဒါပေမယ့် ကျွတ်လွတ်မသွားသေးဘူး။

ခုဆို သူ့အသက်ကလဲ လေးဆယ်ကျော် ငါးဆယ်လောက်ကို ရှိပြီ။ ဒေါ်မြမေတို့ အိမ်မှာ ရှိနေတုန်းပဲတဲ့ကွာ'

သန်းထွန်းက သူ့စကားကို အဆုံးသတ်လိုက်သည်။

'နေပါဦး၊ ဒီအကြောင်းတွေကို တခြားလူတွေ သိကြားလား'

ဟု အေးဝင်းက မေးတော့...

'အမယ်လေး... တစ်ရွာလုံးက သိကြတယ် မောင်ရေ၊ ဘာလဲ မင်းက ကိုယ်တိုင်သွားစုံစမ်းမလို့လား။ ငါ အတိအကျ ပြောလိုက်ပါ့မယ်'

ဟု သန်းထွန်းက ပြောသည်။

'ဩော်...မင်းတို့ကိုပြောဖို့ တစ်ခု ကျန်သွားတယ်ကွာ၊ ဒေါ်မြမေတို့ အိမ်ကို အကြောင်းကြောင်းနဲ့ ဧည့်သည်အဖြစ် ရောက်လာတဲ့သူတွေကို အိမ်မှာ ဘယ်တော့မှ ညအိပ်ဧည့်သည်အဖြစ် လက်မခံဘူးတဲ့။

အလှူ့ပယ် ကျွေးမွေးဧည့်ခံမယ်။ ပြီးရင်တော့ ဘုန်းကြီးကျောင်းမှာပဲ အိပ်စေသတဲ့။ ဒါလဲ ဒီကလေးမကြောင့်ပဲ ဖြစ်မှာပါပဲ။ မင်းသွားရင်လဲ ဘုန်းကြီးကျောင်းမှာပဲ အိပ်ရလိမ့်မယ် အေးဝင်းရေ၊ ဟား... ဟား...ဟား...ဟား'



စာရေးသူတို့ အတွေးကိုယ်စီဖြင့် ငြိမ်သက်သွားကြသည်။ အတန်ကြာမှ...

'အေးကွ... တော်တော်ထူးဆန်းပါလား၊ ညအိပ် လက်မခံတာကတော့ သူနေတဲ့ အဲ...ဘယ်လိုပြောရမလဲ၊ သူမှီတွယ်နေတဲ့ သစ်ကို သိသွားမှာစိုးလို့လား မသိဘူးနော်၊ ဆိုလိုတာကကွာ သူ့အန္တရာယ်ကို ကြိုတင်ကာကွယ်တဲ့ သဘောဆိုပါတော့'

'မင်းကတော့ ကြံကြံဖန်ဖန် တွေးတတ်ပါပေရဲ့ မျိုးညွန့်ရယ်'

စာရေးသူက ပြောလိုက်မိသည်။

'မသိနိုင်ဘူးလေကွာ၊ လောကကြီးမှာ တို့ ဉာဏ်မမီတဲ့ အရာတွေက အများကြီး မဟုတ်လား။ ဥပမာ သိုက်ဆရာတို့ ဘာတို့ပေါ့။

သူနဲ့ ဆက်စပ်တဲ့ ပုဂ္ဂိုလ်ရောက်လာပြီး သူ့ကို အင်းအိုင်ဆေးဝါးတွေနဲ့ ဖမ်းချုပ် သူ့ကို အသုံးချသွားတာမျိုးလဲ ဖြစ်နိုင်တာပဲ မဟုတ်လား'

မျိုးညွန့်က အတွန့်တက်လာသည်။

'တော်ပါတော့ ကိုကြီးမျိုးညွန့်ရယ်၊ မင်းကလဲ မန်းလေ ပြဲလေ ဖြစ်နေပြီ။ ကဲ... ဧည့်သည်တွေလဲ မရှိကြတော့ဘူး။ တို့လဲ လူစုခွဲဖို့ကောင်းပြီ'

ဟုပြောကာ သန်းထွန်းက နေရာမှ ထသဖြင့် စာရေးသူတို့လည်း အိမ်ရှင်ကို နှုတ်ဆက်ပြီး ပြန်ခဲ့ကြပါတော့သည်။

**ရှင်လန်းချမ်းမြေ့ကြပါစေ။**

**မောင်အေးကြူ(စီးပွားရေး)**



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလအတွက် ပုံရိပ်ရှင်တို့၏

# ကံကြမ္မာ

ဟူကျင်းဇီ (Hu Jin Zhi)





▲ကြွက်နှစ်ဖွား

အလုပ်အကိုင် ရာထူးဌာနန္တရ တိုးတက်ရရှိမည်။ ပြောစကား ဆိုစကား အောင်မြင်၍ ပတ်ဝန်းကျင်မှ လေးစားကြည်ညိုခြင်း ခံရမည်။ ရေထွက်ပစ္စည်းလုပ်ငန်း အကျိုးပေးသည့် ကာလ ဖြစ်သည်။ ပြည်ပရပ်ဝေးမှ သတင်းကောင်း ကြားရတတ်သည်။

▲နွားနှစ်ဖွား



ဆွေမျိုး မိတ်သင်္ဂဟတို့နှင့် သဘောထား ကွဲလွဲကာ ငြင်းခုံနေရတတ်သည်။ ယာဉ်ရထား မတော်တဆ ဖြစ်မှု သတိပြုပါ။

မီးဖိုချောင်သုံးပစ္စည်းများနှင့် ဆက်နွှယ်၍ ငွေကြေး အကျိုးအမြတ် ရရှိနိုင်သည်။ နှလုံးနှင့်ပတ်သက်သော ဝေဒနာများ ခံစားရဖွယ်ရှိသည်။



▲ကျားနှစ်ဖွား

လေ့လာ မှတ်သားထားသော အသိအတတ်ပညာများကို အသုံးချခွင့် ရရှိမည်။ လူအများကြား မျက်နှာ ပွင့်သန်းမည်။

စက္ကူအထည်အလိပ်ပစ္စည်းများ အကျိုးပေး ထက်သန်မည်။ အမွေအနှစ် ရတတ်သည်။ မျက်စိအမြင်ဆိုင်ရာ ရောဂါများ သတိထားပါ။

▲ယုန်နှစ်ဖွား



ရတနာပုံဆိုက်ကိန်းကြုံသော အချိန် ဖြစ်သည်။ ငွေကြေး အစုအပုံလိုက် ပိုင်ဆိုင်ရကိန်းရှိသည်။

အလှူအတန်းကြီးများ ပေးဖြစ်မည်။ ကြေးသံသတ္တုပစ္စည်းများ အကျိုးပေးလိမ့်မည်။ အူမဆိုင်ရာဝေဒနာများ သတိထား ကာကွယ်ပါ။



▲နဂါးနှစ်ဖွား

ကြံစည် မျှော်လင့်သမျှ လွဲချော်နေတတ်သည်။ မိမိနှင့် တိုက်ရိုက်ပတ်သက်မှု မရှိသော ကိစ္စပြဿနာများတွင် ဝင်ရောက်စွက်ဖက် ကူညီပေးခြင်းကို ရှောင်ရှားပါ။

လျှပ်စစ်ပစ္စည်း အသုံးအဆောင်များနှင့် စပ်လျဉ်း၍ ငွေကြေးအမြတ်အစွန်း ရနိုင်ဖွယ်ရှိသည်။

▲မြွေနှစ်ဖွား



အကြံအစည် အောင်မြင်သောကာလဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုများမှ အကျိုးအမြတ် ထွက်ပေါ်လာမည်။

ကြွေထည်မြေထည်ပစ္စည်းများ အကျိုးပေး ထက်သန်မည်။ လူငယ် တစ်ကိုယ်တည်းသမားတို့ အိမ်ထောင်ပိုး သားရေးရာ အဆင်ပြေသွားကြပါမည်။



www.burmeseclassic.com

www.burmeseclassic.com

▲ မြင်းနှစ်ဖွား



မျှော်လင့်နေသော သတင်းကောင်းများ ကြားသိရမည်။ အိမ်ခြံမြေဝင်ကိန်း ရှိသည်။ အိုးအိမ် ပြန်လည် ပြုပြင်မွမ်းမံရမည်။

တွင်းထွက်ပစ္စည်းများနှင့် ပတ်သက်၍ ငွေကြေး အကျိုးအမြတ် ရရှိမည်။ အစာအိမ်နှင့် ပတ်သက်သော ရောဂါများ သတိပြုကာကွယ်သင့်သည်။



▲ ဆိတ်နှစ်ဖွား

ဆွေမျိုး မိတ်သင်္ဂဟများ စုစုဝေးဝေးဖြင့် ပျော်ပွဲ ရွှင်ပွဲများ ကျင်းပရကိန်းရှိသည်။

ရပ်ဝေးမြေခြား ရောက်နေသူတို့မှာ နေရပ်သို့ ဝမ်းမြောက်စွာ ပြန်ရောက်လာတတ်သည်။ လောင်စာ၊ မီးသွေး၊ စက်သုံးဆီ၊ စွမ်းအင်ပစ္စည်းများနှင့် အကျိုးပေးသောကာလဖြစ်သည်။

▲ မျောက်နှစ်ဖွား



နေထိုင်မှု အဆင့်အတန်း မြင့်မားလာမည်။ ပတ်ဝန်းကျင်တွင် ပေါ်ပေါက်နေသည့် ကိစ္စပြဿနာများ၌ တရားသူကြီးအဖြစ် စီမံဖြေရှင်းပေးရကိန်းရှိသည်။

ဆိုးဆေး၊ ယမကာစသည်တို့နှင့် စပ်လျဉ်း၍ ငွေကြေး အကျိုးအမြတ် ရရှိနိုင်သည်။



▲ ကြက်နှစ်ဖွား

အိမ်ထောင်၊ မိသားစုနှင့် ကတောက်ကဆတ် ဖြစ်ရတတ်သည်။ ဤကာလတွင် အပြောအဆို ဆင်ခြင်သင့်သည်။

အဏ္ဏဝါနှင့် ရေထွက်ပစ္စည်းများ အကျိုးပေးသော ကာလဖြစ်သည်။ ကျောက်ကပ်နှင့် ဆီးအိမ်ဆိုင်ရာ ရောဂါများ သတိထားကာကွယ်ပါ။

✪ ခွေးနှစ်ဖွား



အိမ်တွင်းရေး တည်ငြိမ်၍ တရားဘာဝနာ ကောင်းမှုကုသိုလ်ကိစ္စများ ပြုလုပ်ဖြစ်မည်။ ရှေးဟောင်း ကျောင်းကန်ဘုရားများသို့ သွားရောက်ကြည်ညိုဖူးမြော်ရကိန်းရှိသည်။

ဖန်ထည်၊ မှန်ထည် ပစ္စည်းများနှင့် ဆက်စပ်၍ ငွေကြေး အမြတ်အစွန်း ရရှိနိုင်သည်။



✪ ဝက်နှစ်ဖွား

ဩဇာတိက္ကမ ကြီးမားသောကာလ ဖြစ်သည်။ သဘောထား ကွဲလွဲမှုများတွင် ဦးဆောင်ဖျန်ဖြေ ဆက်စပ်ပေးနိုင်လိမ့်မည်။

ရေထွက်ပစ္စည်းများ အကျိုးပေးလိမ့်မည်။ အမျိုးသမီးဇာတာရှင်တို့သည် ခင်ပွန်းထံမှ အဖိုးတန်လက်ဆောင်များ ရရှိနိုင်ကြသည်။

ဤလတွင် **ကံဇာတာနိမ့်ပါးနေသူတို့သည်** ကြာသပတေးနေ့တွင် ဂျုံဖြင့် လုပ်ထားသော စားဖွယ်တစ်ခုခုကို သက်လတ်ပိုင်း အမျိုးသမီးအား ပေးကမ်းလှူဒါန်းပါ။ အဆိုးတရားများ လျော့ပါး၍ သုခပြည့်စုံသောဘဝကို ပိုင်ဆိုင်ရပါလိမ့်မည်။

***ကြံဆောင်သမျှ အောင်မြင်ကြပါစေ။***

**ဟူကျင်းဇီ**

***(Hu Jin Zhi)***

www.burmeseclassic.com

www.burmeseclassic.com



မဖိုးမြင့်
(ကချင်မြေ)

# ပဋ္ဌာန်းအစွမ်း အံ့မခန်း

## ပဋ္ဌာန်းအစွမ်း အံ့မခန်း

ကချင်ပြည်နယ် **ဗားကန့်မြို့နယ်၊ ဆိပ်မူကျေးရွာအုပ်စု အတွင်းမှာ** ရှိတဲ့ အခြေခံပညာကျောင်း တစ်ကျောင်းကို ၂၀၀၀ ပြည့်နှစ်၊ ဇူလိုင်လမှာ ကျောင်းအုပ်အဖြစ် တာဝန်ထမ်းဆောင်ဖို့ အမိန့်စာကို လက်ခံရရှိခဲ့ပါတယ်။ မိတ်ဆွေ တချို့က ပြောကြတယ်။

'အဲဒီကျောင်းက သင်္ချိုင်းမြေမှာ ဆောက်ထားတာ။ မြေကြမ်းတယ်၊ ကြောက်စရာကောင်းတယ်၊ ခိုက်တတ်တယ်'

လို့ ဆိုကြတယ်။

အမိန့်စာကျပြီး (၃)ရက်မြောက် နေ့မှာ ကျောင်းကို သွားရောက် လေ့လာခဲ့တယ်။ ကျောင်းဆောင်က တောင်ကုန်းကလေးပေါ်မှ ထီးတည်းကြီး ကျောင်းရဲ့နောက်မှာ လူမနေတဲ့ နှစ်ထပ်အိမ်ဟောင်း တစ်အိမ်နဲ့ ညောင်ပင်ကြီးရှိတယ်။

ချုံပင်တွေ ထူထပ်နေတဲ့ တောင်စောင်းနဲ့ လျှိုလဲရှိတယ်။ ဘာပဲဖြစ်ဖြစ် ကျရာတာဝန် ထမ်းမယ်ဆိုတဲ့ စိတ်နဲ့ တစ်ပတ်အတွင်း ပြောင်းရွှေ့ခဲ့ကြတယ်။

ကျောင်းရှေ့ လူမနေတဲ့ အိမ်တစ်အိမ်မှာ ရပ်ကွက်လူကြီးက နေရာချထားပေးတယ်။

စာမေးပွဲကြီးပြီးလို့ ကျောင်းပိတ်ခါနီးမှာ အိမ်ရှင်က ပြောင်းပေးဖို့ လာပြောတယ်။ ဘေးအိမ်က အိမ်အလုံး ရောင်းမယ် ပြောလို့ ဝယ်ပြီး ပြုပြင်လို့ ကျောင်းတောင်နားမှာ ဆောက်လိုက်တယ်။

စာသင်ကျောင်းဝင်းက မြေမညီတာရယ်၊ ကျောင်းနောက်မှာ တောင်ကုန်း လျှိုမြောင်တွေက ရှိတော့ ဝန်းခြံကာဖို့ မလွယ်ကူဘူး။

ကျောင်းကော်မတီ ရပ်ရပ်ဖ





www.burmeseclassic.com

www.burmeseclassic.com

တွေနဲ့ တိုင်ပင်ပေမယ့် ကျောင်းခြံ စည်းရိုးလေးကတော့ ဖြစ်မလာခဲ့ပါဘူး။

ဒါကြောင့် ကိုယ်နေတဲ့ အိမ်ကလေးကို အရံအတားဖြစ်အောင် ခြံခတ်ပြီး နေခဲ့တယ်။

အဲဒီအချိန်ကစပြီး အသက်တစ်ရာ မနေရပေမယ့် အမှုတစ်ရာ ဇွဲ ဆိုသလိုပါပဲ။ နာမ်လောက ဆိုတာကိုလဲ အများကြီး ကြုံတွေ့ခဲ့ရတယ်။

ညတိုင်းလိုလို အိပ်နေချိန် အိမ်ပေါ်မှာ လမ်းလျှောက်သံတွေ ကြားရတယ်။ တစ်ခါတစ်ရံ လူတွေတောင် မအိပ်သေးဘူး။ တံခါးဖွင့်သံတွေ ကြားရတယ်။ သွားကြည့်လိုက်ရင် ဘာမှ မတွေ့ရဘူး။

အဲဒီအိမ် ဆောက်ပြီးမှ ဒုတိယသားကို မွေးဖွားခဲ့တယ်။ ကျွန်မတို့ ဇနီးမောင်နှံဟာ ညတိုင်း ပဋ္ဌာန်း နိဿယကို ရွတ်ဖတ်ပူဇော်လေ့ရှိတယ်။ သားငယ်ကို မွေးတော့ ကျွန်မအမေက လာစောင့်ပေးတယ်။

ကျောင်းသား ငါးရာကျော် ဆိုင်ရှင်သစ်ကျောင်းမို့ ကျောင်းအုပ်နဲ့ အထွေထွေလုပ်သားက အစိုးရခန့်၊ ကျန်ဆရာမ(၈)ဦးနဲ့ ကျောင်းစောင့်(ညစောင့်)က အရပ်ခန့်တွေပါ။

ကျောင်းမှာ ညနေ ကျောင်းဆင်းရင် ထမင်းချိုင့်၊ ထီး၊ ရေဘူး၊ စာအုပ်၊ ကွန်ပါ စသဖြင့် မေ့ကျန်ခဲ့ရင် ဘယ်တော့မှ ပြန်မရဘူးလို့ လာပြောကြတယ်။



ကျောင်းမှာ မီးသွယ်တန်းမထားဘူး။ ညည်ဆိုရင် ကျောင်းဘက်ကို တောင် မကြည့်ရဲလောက်အောင် တောင်ကုန်းပေါ်မှာ ကျောင်းဆောင်ကြီးက မည်းမည်းထီးထီးကြီး မင်းမူနေတယ်။

ညနေတိုင်း ကျောင်းဆင်းချိန် ကျောင်းသားတွေ မေ့ကျန်ခဲ့တဲ့ ပစ္စည်းတွေကို ကျွန်မကိုယ်တိုင် လိုက်ကြည့် လိုက်သိမ်းတယ်။ ရုံးခန်းမှာ သိမ်းပြီး ပိုင်ရှင်တွေ လက်ထဲပြန်အပ်တယ်။

သားငယ်လေးကို ဖွန်လမှာ မွေးတယ်။ မွေးကင်းစမှာပဲ ကျောင်းမှာ ဖောက်ထွင်းမှုဖြစ်တယ်။

ကျောင်းတွင်း ထူးချွန်စာရွက်စာတမ်းနဲ့ စာမေးပွဲအဖြေလွှာအချို့ ပါသွားတယ်။ **TEO**ရုံးကို သတင်းသွားပို့တော့ **TEO**မရှိဘူး။ ခရီးထွက်နေတယ်။

**ATEO**က အရေးကြီးကိစ္စပဲ။ ထူးခြားဖြစ်စဉ်ဖြစ်လို့ ရဲစခန်းကို တိုင်ချက်ဖွင့်ပါဆိုပြီး စာကြမ်းရေးပေးတယ်။ ရဲက ကျောင်းစောင့်ကို ဆွဲသွားတာ။ ကိုယ်ကပဲ အမှုပြန်ပိတ်လိုက်ရတယ်။

အဲဒီလို ဖြစ်ပျက်ပြီး (၂)ပတ်အကြာတွင် ကျွန်မတို့နေတဲ့ အိမ်ခြံအနောက်ဘက်တောင်မှာ ထမင်းထုပ်၊ ဟင်းထုပ်၊ အသားစိမ်း၊ အသားကင်တွေ ထုပ်ထားတဲ့ အထုပ်တစ်ထုပ် လာချိတ်ထားတယ်။

ကလေးမွေးလို့ အိမ်မှာ လာစောင့်ပေးတဲ့ အမေက ခြံတောင်မှာ ဘာတွေလဲ မသိဘူးတဲ့။ (အမျိုးသားက အဲဒီအချိန် မန္တလေးက သူ့မိဘတွေဆီ အလုပ်ကိစ္စနဲ့ သွားနေတာ။) မနက်(၇)နာရီလောက်မှာ နွားတွေလာပြီး အဲဒီ အထုပ်တွေ ဆွဲစားတယ်။

ကျွန်မ အောက်ဆင်းကြည့်တော့ အသားငါးစိမ်းနဲ့ ထမင်းဟင်းတွေမို့ သိပ်မသက်ဘူး။ ရိုးရိုးသားသားတော့ မဖြစ်နိုင်ဘူးလို့ တွေးမိတယ်။

ကျွန်မလဲ ကြားဖူးနားဝ ရှိတာနဲ့ အဲဒီနေရာမှာ ခြေစုံရပ်ပြီး မေတ္တသုတ်(၇)ကြိမ် ရွတ်ဆိုပြီး နှုတ်ကလဲ…

'မင်းတို့ကို ငါတို့ ခေါ်လာတာ မဟုတ်ဘူး။ ကျွေးစရာလဲ မရှိဘူး။ မင်းတို့ကို ခေါ်လာတဲ့သူနောက် လိုက်ပြီး သွားစားပါ'

လို့ ပြောလိုက်တယ်။

မုန့်စားကျောင်းဆင်းချိန် ရောက်တော့ အမေက ပြောတယ်။

'ကျောင်းနောက်အိမ်ကခွေး လာစားသွားပြီ'

တဲ့။ အမေကလဲ…

'အကုန်သာစားပြီး သွားဟေ့'

လို့ အော်ပြောလိုက်တယ်တဲ့။

အဲဒီလိုဖြစ်ပြီး (၂)ညအတိ





www.burmeseclassic.com

www.burmeseclassic.com

အိပ်ရေးဝအောင် အိပ်တယ်။ သား (၂)ယောက်ရဲ့ လက္ခဏာကလဲ အသက်လမ်းကြောင်းတွေ အရှည်ကြီးမို့ ဘာမှ မဖြစ်နိုင်ဘူးလို့ စိတ်ထဲက တွေးလိုက်တယ်။

(၃)ရက်မြောက်နေ့က စပြီး အဓိဋ္ဌာန်(၉)ရက် ဝင်ပါတော့တယ်။ ညစဉ် ပဋ္ဌာန်းရွတ် သမ္ဗုဒ္ဓေ(၁၀၀၀)ပုတီးစိပ်။ (၉)ရက်ပြီး (၂)ရက်နား၊ နောက်ထပ် (၉)ရက် ထပ်ပြီး အဓိဋ္ဌာန်ဝင်ချိန် (၂)ရက်မြောက်နေ့ (ထမင်းထုပ် လာထားပြီး ၁၃–ရက်နေ့မြောက်မှာ) ကျောင်းနောက်ဘက်က ကလေး(၁၆–နှစ်သား) တစ်ဦး သေသွားခဲ့တယ်။

အလောင်းကို ကျောင်းဝင်းထဲက နေဖြတ်ပြီး မြေမြှုပ်ဖို့ သယ်သွားကြတယ်။ ကျောင်းဝင်းထဲက ဖြတ်ခွင့်မရှိပေမယ့် စကားနည်း ရန်စဲမို့ ကျွန်မ ဘာမှ မပြောပါဘူး။

နောက်ထပ် (၁၀)ရက်လောက်ကြာတော့ ညပဋ္ဌာန်းရွတ်ခါနီး ကျွန်မ တစ်ခါမှ အဲဒီလို အိမ်ကြီးချာချာလည်အောင် မူးတာ မကြုံဘူးပါ။ အော့အန်လိုက်တာလဲ မနည်းပါဘူး။ ကြိုးစားပြီး ပဋ္ဌာန်းရွတ်လို့ အိပ်လိုက်တယ်။

နောက်တစ်နေ့ ကျောင်းတက်တယ်။ ညနေပိုင်းမှာ အမျိုးသားက မင်းမျက်လုံး တုတ်နဲ့ ထိုးထားသလိုပဲ အနီရောင်အစင်းကြောင်းကြီးတဲ့။ နောက် ဆရာမတစ်ယောက်ကလဲ ပြောပြန်တယ်။

ညပိုင်းမှာ ဂိုဏ်းတော် ဆရာတစ်ဦး အိမ်အလည်လာလို့ မျက်လုံး



ပြကြည့်တော့ သူများ လုပ်ထားပြီတဲ့။ ဆွေမျိုးနီးစပ် အမျိုးသမီးကို ထိုင်ခိုင်းပြီး ဆရာက ခေါင်းပေါ် လက်တင်ပြီး ရွတ်ဖတ်တယ်။ အဲဒီ အမျိုးသမီးကြီးကို **"အကြားစက် အမြင်စက် ဖွင့်စေ"**ဆိုပြီး ကြည့်ခိုင်းတယ်။ **"မြင်သမျှ ကြားသမျှ ဆရာ့ကိုပြော"**တဲ့။

'သူ့ကလေး သေလို့ သင်းတို့အိမ်ထဲက လူစားတစ်ယောက် သေရမယ်။ မကျေနပ်ဘူး'

တဲ့။ ဆရာက...

'တစ်ဖက်က ပါဝါကြီးတယ်။ ဆရာတစ်ယောက် မကောင်းကြံထားတယ်။ ပိတ်ဖြူပိတ်နီ ဝယ်ပြီး ကန်တော့ပွဲပြင်ရမယ်'

တဲ့။

မော်ထဲမှာ ကန်တော့ပွဲတစ်ပွဲ ပြင်ရင် တစ်သောင်းကျော်တယ်။ ငွေပြတ်တဲ့အချိန်နဲ့လဲ ကြုံနေတယ်။

ဘာပဲဖြစ်ဖြစ် ဘုရားမှတစ်ပါး ကိုးကွယ်ရာမရှိဆိုပြီး ညစဉ် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်၊ သမ္ဗုဒ္ဓေပုတီးစိပ်၊ ပဋ္ဌာန်းရေနဲ့ သစ္စာဆိုပြီး မျက်စဉ်းခတ်လိုက်တယ်။

မျက်စိနီတာလဲ ပျောက်ပြီး မိသားစုလဲ ဘေးရန် ကင်းဝေးခဲ့ကြတယ်။ သေသွားတဲ့ ကလေးရဲ့ အဖေဟာ ကျောင်းရဲ့ ညစောင့်ပါ။

နောက်မှ သိရတာကတော့ ကျွန်မကို မကျေနပ်လို့ လုပ်လိုက်တာ သူ့ဒဏ် သူပြန်ခံပြီး သူ့သား သေသွားတာကို ကျွန်မက အောက်လမ်းဆရာနဲ့ လုပ်လို့ သူ့သား သေရတာဆိုပြီး သူတို့နေခဲ့တဲ့ရွာက အောက်လမ်းဆရာကို ပင့်ပြီး သူ့အိမ်မှာ ခေါ်ထားတယ်။

အဲဒီ အောက်လမ်းဆရာကလဲ...

'အဲဒီ ကျောင်းအုပ်ရဲ့အသက်ကို ပြန်ယူပေးမယ်။ စိတ်ချ အာမခံတယ်'

ဆိုပါလား။

အဲဒီဆရာရယ်၊ သေသွားတဲ့ ကလေးရဲ့အမေရယ်၊ သူတို့အိမ်က ခွေးရယ် မျက်လုံးတွေ ရောင်ရမ်းလို့ အပြင်တောင် (၂)ရက်၊ (၃)ရက် မထွက်နိုင်ဘူးတဲ့။

အိမ်ရှင်နဲ့ အဲဒီ ဆရာလဲ ရန်ဖြစ် စကားများပြီး ကျောင်းဝင်းထဲက ဖြတ်ပြီး သူ့မြို့ကို ပြန်သွားတော့တယ်။ နောက်လဲ မလာတော့ပါဘူး။

ပြောမယုံ ကိုယ်တွေ့ကြုံလို့ သိခဲ့ရပါတယ်။ ဓမ္မအစွမ်းကတော့ အံ့မခန်းပါပဲ။

**[အခွင့်ကြုံပါက ကိုယ်တွေ့ အဖြစ်အပျက်များကို ထပ်မံ ဖော်ပြပါမည်။]**

**မမိုးမြင့်(ကချင်ပြည်)**



www.burmeseclassic.com

www.burmeseclassic.com

# မြေတာမြက်မလေး

ချိုမာ

ဘဖြူရင့်
(ပခုက္ကူ)

ခဏအကြာတွင် မချိုမာသည် တဟီးဟီးရယ်လျက် ငုတ်တုတ်ထထိုင်ကာ သူ့အနားရှိ သူများ၏ မျက်နှာကို တစ်လှည့်စီကြည့်လျက် **"ဟီဟီ...ဟီဟီ"**ဟူ၍သာ ပြုံးလျက် နေ၏။

'ဟဲ့...ချိုမာ ဘာဖြစ်လို့လဲ'

ဟု မေးလည်းမရ ဖြစ်လျက် (၁၅)မိနစ်ခန့်ကြာအောင် ပြုံးမြဲပြုံးနေ၏။

စာရေးသူတို့မှာ အတွေ့အကြုံမရှိ၍ ဘာဖြစ်မှန်းမသိ ကြသော်လည်း စုန်းပူးနေသူကို တွေ့ကြုံဖူးသော

၁၉၉၃ ခုနှစ်က ကိုယ်တွေ့ ကြုံခဲ့ရသော ဖြစ်ရပ်မှန် ဇာတ်လမ်းဖြစ်ပါသည်။ စာရေးသူ၏ မိသားစုသည် ယောက္ခမများနှင့် အိမ်ဝိုင်းချင်း တစ်ဆက်တည်းနေကြသဖြင့် ညဘက်တွင် စားသောက်ပြီးပါက ယောက္ခမများ၏ အိမ်ကြီးပေါ်တွင် မိသားစု(၂)စု စုဝေး၍ ရောက်တတ်ရာရာ စကားများပြောလေ့ရှိသလို ညအိပ်ညနေ ဧည့်သည်လာပါက ညဉ့်နက်သည်ထိ စကားပြောလေ့ရှိကြသည်။

တစ်နေ့သ၌ စာရေးသူတို့ မိသားစုထံသို့ မြိုင်မြို့နယ်၊ ယာကြီးပြင်ကျေးရွာမှ မချိုမာ ဆိုသည့် ကလေးမ တစ်ယောက် ဧည့်သည်အဖြစ် ရောက်ရှိနေပါသည်။

အဆိုပါ မချိုမာသည် အသက်(၁၂)နှစ်အရွယ် သျှောင်ပေစူးကလေးနှင့် ဖြစ်သည်။ သူသည် စာရေးသူ၏ဇနီးနှင့် ညီမဝမ်းကွဲ၊ ယောက္ခမဒေါ်ခင်တင့်နှင့် တူအရီး တော်စပ်လေသည်။

သူ၏မိခင် မဝင်းမယ်နှင့် ဒေါ်ခင်တင့်မှာ ညီမဝမ်းကွဲ တော်စပ်ပြီး... သူတို့သည် ကျွဲ၊နွား၊လယ်ယာ၊ထန်း၊ သနပ်ခါး စသော စည်းစိမ်ဥစ္စာလည်း ချောင်လည် တောင့်တင်းလေသည်။

မချိုမာသည် (၅)တန်းကျောင်းသူ ဖြစ်သော်လည်း သီတင်းကျွတ် ကျောင်းဆယ်ရက်ပိတ်ချိန်တွင် မြို့သို့ ခေတ္တ လာရောက် လည်ပတ်ခြင်း ဖြစ်သည်။

ညတစ်ညတွင် ထုံးစံအတိုင်း မိသားစုများ ဝိုင်းဖွဲ့ စကားကောင်းနေ သဖြင့် ည(၁၁း၃၀)နာရီ အချိန်အထိ ရောက်မှန်းမသိ ရောက်သွားခဲ့သည်။ ကလေးငယ်များ အိပ်၍ပင်ပျော်နေကြပြီး မချိုမာ မအိပ်သေးဘဲ တုံးလုံးလှဲ၍ ငြိမ်နေသည်မှာ (၁၅)မိနစ်ခန့် ကြာသွားခဲ့သည်။



www.burmeseclassic.com

ဒေါ်ခင်တင့်က အခြေအနေကို ရိပ်စားမိလာပြီး သူ သိချင်တာတွေ မချိုမာကို မေးမြန်းတော့သည်။

မချိုမာကို ဝင်ပူးနေသည့် ပညာသည်ကိုလည်း ရိပ်စားမိသဖြင့်...

'ဟဲ့...နင်က တို့ရွာက မိ...မဟုတ်လား'

ဟု မေးတော့ ပညာသည်က ဟုတ်မှန်ကြောင်း ဖြေ၏။

'နင်က ဝါတို့အိမ်ကို မရောက်ဘူးဘဲ ဘယ်လိုသိသလဲ'

ဟု မေးရာ ရွာနားက ဖြတ်မောင်းသည့် သစ်ထုတ်ရေး က သစ်လုံးသယ်သည့် ကားတွေနှင့် တက်လိုက်လာပြီး ဒီရောက်တော့ စာရေးသူတို့ မိသားစုများ၏ သွားလာမှု ကို စောင့်ကြည့်ပြီး လိုက်လာခဲ့တာဟု ဖြေ၏။

ထို့နောက် တစ်ယောက်ချင်းစီ၏ နာမည်များကို မေးရာ လူကြီးများကိုသာ ဖြေနိုင်ပြီး ကလေးများ၏ နာမည်ကို မဖြေနိုင်ချေ။ ထို့နောက် ဒေါ်ခင်တင့်က...

'အေးပါ...ဒါဆိုလဲ ရောက်ဖူးသွားပြီဆိုတော့ နောက်ကြုံလဲ လာပေါ့၊ ခုတော့ ကလေးမလေး ပင်ပန်းနေပြီ နပ်ပြန်ပါတော့'

ဟု ချော့မော့ပြောသော်လည်း မရသဖြင့် ဘုရားစင် ပေါ်မှ ပရိတ်ရေဖြင့် ဖျန်းမည်ပြုရာ...

'ခဏနေရင် ပြန်မှာ...မပက်ပါနဲ့'

ဟု ဆို၏။

ထို့နောက် ပညာသည်က မချိုမာကို မုန်း၍ မဟုတ်၊ သူ့မိဘများကို မကျေနပ်သဖြင့် ခုလို လုပ်ရခြင်းဖြစ် ကြောင်းပြောပြီး စုန်းဝင်ပူးမှုကို ရုပ်သိမ်းသွားလေသည်။

မချိုမာ ပြန်လည် သတိဝင်လာချိန်မှာ ညသန်းခေါင် ကျော် (၁း၀၀)နာရီပင် ရှိသွားခဲ့ပြီး အားလုံး တုန်လှုပ် နေကြသဖြင့် ထိုညကို နီးတစ်ဝက်ဖြင့် မိုးလင်းခဲ့ကြ တော့သည်။



နောက်(၂)ရက်အကြာတွင် မချိုမာကို သူ့မိဘများ လာခေါ်သွားခဲ့၍ ရွာပြန်သွားခဲ့ပြီး (၆)လခန့်ကြာသော အခါ ရွာထိပ်သို့ ရေခပ်သွားသော မချိုမာလေး ရေတွင်း နံဘေးတွင် ခြေချော်လဲပြီး တင်ပါးခွက် လွဲသွားသဖြင့် ပခုက္ကူမြို့ရှိ အကြောအရိုး ပါရဂူဆရာဝန်များထံ လာ ရောက် ကုသရပြန်၏။

ဖြစ်စဉ်အား မေးမြန်းကြည့်ရာ သူ့အား နောက်မှနေ၍ တစ်စုံတစ်ယောက်က တွန်းချလိုက်သကဲ့သို့ ဖြစ်သွား သဖြင့် မည်သို့မျှ မထိန်းလိုက်နိုင်ဟု ဆိုသည်။

ပါရဂူများဖြင့် ဆေးကုသသော်လည်း မချိုမာ၏ ဒဏ်ရာမှာ သက်သာမလာ၍ မန္တလေး၊ စစ်ကိုင်းရှိ ဆရာဝန်ကြီးများထံသို့ ငွေကုန်ကြေးကျခံ ကုသခဲ့သော် လည်း သူ၏ ခြေထောက်မှာ တစ်ဖက်တို တစ်ဖက်ရှည် ဖြစ်လျက် ထော့နင်းထော့နင်းဖြင့် ခါးစောင်း၍ သွားရ တော့သည်။

အပျိုဖော်ဝင်စ (၁၃)နှစ်အရွယ် မချိုမာကလေး၏ ကံအကျိုးပေးက ဆိုးရှာလှပါသည်။

သူ့အလှ ပျက်ခဲ့သော်ငြား ဘဝတော့ မပျက်ခဲ့ပါ။ အသက်(၂၀)နှစ်အရွယ်တွင် တစ်ရွာတည်းသား ဖူးစာရှင် တစ်ဦးက ဇနီးမယားအဖြစ် လက်ထပ်ပေါင်းသင်းခဲ့ရာ ယခုအခါ သားသမီး(၃)ယောက်ပင် ထွန်းကားခဲ့လေပြီ၊ သူ့မိသားစုနှင့် ပျော်ရွှင်စွာ နေထိုင်လျက် ရှိပါသည်။

စာရေးသူအနေနှင့် စုန်းကဝေ ပူးခြင်းကို မျက်ဝါး ထင်ထင် ကြုံတွေ့ခဲ့ရသဖြင့် **(၁၂)ကြိုးအတတ် ပညာ သည်များရှိခြင်းကို လက်ခံယုံကြည်မိပါသည်။**

မချိုမာဆိုသော ကလေးမမှာ ကလေးသာသာ (၁၂) နှစ်အရွယ်သာ ရှိသေးသဖြင့် လိမ်လည်လှည့်ဖြားမှု ကင်းဝေးသောအရွယ် ဖြစ်သလို ပညာသည်၏ စုန်းပြု စားခြင်း အမှန်ဖြစ်ခဲ့ရကာ အပြစ်မဲ့သော မြေစာမြက်ပင် ကလေး၏ အလှပျက်ယွင်းခဲ့သော်လည်း ဘဝကို အရှုံး မပေးဘဲ အပြုံးနှင့်သာ ရင်ဆိုင်လျက် ရှိနေပါတော့သည်။

**အဖြူရင့်(ပခုက္ကူ)**



www.burmeseclassic.com

www.burmeseclassic.com



# အိုးအဝမှာ ကြုံလာသည့်အဖြစ်

မြင့်

ကျွန်မနှင့် မြွေသတ္တဝါသည် မည်သို့ ရေစက် ရှိမှန်း မသိပါ။ မကြာခဏ တွေ့ဖြစ်ပြီး...တွေ့လိုက်သည်နှင့် သည်းထိတ်ရင်ဖို ဖြစ်ရသည်။ မြွေတွေက အန္တရာယ်ကြီးလွန်းသဖြင့် တွေ့ကြုံဖူးသူတိုင်း ထိတ်လန့်ကြောက်ရွံ့ကြပေမည်။

ဟိုးယခင်က မြွေတွေကို တွေ့ဖို့ရန် ခဲယဉ်းသည်။ တောရွာတွေကို မဆိုလိုပါ။ နောက်ပိုင်းမှာ ပေါများလာသည်။ သံသရာကျင်လည်နေကြသည့် သတ္တဝါတွေ ဖြစ်၍ ပေါများလာခြင်းဖြစ်မည်။

ငယ်ရွယ်စဉ်အခါမှာ ဝန်ထမ်းအိမ်ရာနှင့် စတင်တွေ့ကြုံခဲ့ရသည်ကလည်း ထူးခြားပါသည်။

အိမ်က လုံးချင်းဖြစ်ပြီး ဘေးပတ်လည် ချုံနွယ်တွေ မရှိပါ။ ဝန်ထမ်းအိမ်ရာဖြစ်၍ ဝန်းကျင်က ရှုပ်ထွေးခြင်းမရှိဘဲ မြွေခိုအောင်းစရာ မရှိအောင် မြေပြင်က ရှင်းနေပါသည်။

အိမ်ရှိ ရေချိုးခန်းဘေး ကပ်လျက်တွင် အငြင်းလေး သွားနိုင်ရန် အခန်းသေး ဖွဲ့ထားပါသည်။ ကျွန်မတို့က အသုံးမပြုဘဲ တိုလီထွာလီ ပစ္စည်းများ ထားရှိပါသည်။

တစ်နေ့ ဖခင်ကြီး စေခိုင်း၍ ကျွန်မသည် ပစ္စည်းထားသည့် အခန်းထောင့်ရှိ ပေါက်ပြားကို လှမ်းယူပြီး ခြေထောက် ပြန်ရုပ်လိုက်သည့်အခါ လက်သန်းလောက်ရှိသည့် မြွေနှစ်ကောင် တွန့်လိမ်နေသည်ကို ထိတ်လန့်စွာ တွေ့ရှိလိုက်ရပါသည်။

ကျွန်မ ခြေထောက်ချခဲ့သည့် နေရာနှင့် အလွန်ပင်နီးကပ်ပါသည်။ အစက်အပြောက်နှင့် မြွေဖြစ်သည်။ ကျွန်မကို လှမ်းမပေါက်လိုက်သည်က ကံကောင်းလှပါသည်။

အမှတ်တမဲ့နှင့် တက်နင်းမိလျှင် မတွေးဝံ့စရာပါ။ မည်သည့်အချိန်ကသည် မြွေ အိမ်ပေါ်ရောက်နေသည် မသိပါ။



www.burmeseclassic.com

www.burmeseclassic.com

နှစ်ကြာပြီး တစ်နေ့မှာ အိမ်ရှေ့ခန်းတွင် ကလေးများကို စာသင်ပေးနေစဉ် လက်မလောက်ရှိ အကောင်ရှည်သည့် အညိုသန်းသော မြွေတစ်ကောင် အိမ်ခေါင်မိုးထုပ်တန်းမှ အိမ်ရှေ့တံခါးမကြီး အပေါက်နား ဘုတ်ခနဲကျလာပါသည်။

အိမ်အမိုးပေါ် မည်သည့်အချိန်က တက်နေသည် မသိပါ။ အောက်သို့ ကျလာမှ သိရခြင်း ဖြစ်ပါသည်။ ကလေးတွေရှိသည့်အပေါ် မကျ၍ တော်သေးသည်။ အားလုံး ထိတ်လန့်ကုန်ကြသည်။

ကလေးတွေက အတွင်းပိုင်းဘက် ရောက်နေကြ၍ တစ်ယောက်မှ မထိခိုက်ပါ။ မြတ်ဘုရားမေတ္တာကြောင့် ကလေးတွေအပေါ် မကျခြင်း ဖြစ်ပေမည်။

အပေါက်နားဖြစ်၍ ကျပြီး ချက်ချင်း ထွက်ပြေးသွားပါသည်။ အလွန် တုန်လှုပ်စရာ ကောင်းပါသည်။

အိမ်ရှေ့မှာ ရေးလူကြီးများ စိုက်ထားသည့် တမာပင်တန်းရှိသည်။ ထိုအပင်ဘက်ကနေ မြွေတက်လာခြင်း ဖြစ်ပေမည်။

သို့ဖြင့် ဝန်ထမ်းအိမ်မှ ကိုယ်ပိုင်အိမ်သို့ ပြောင်းဖြစ်သည်။ ဤသို့ နေလာရင်း အဆိပ်ရှိ သတ္တဝါများဖြင့် နပန်းလုံးရပြန်သည်။**(ဤအဖြစ်ကို ပါရမီမဂ္ဂဇင်းတွင် ဖော်ပြထားပါသည်။)**

နောက်ပိုင်း မြွေတွေ ကင်းရှင်းပြီထင်၍ အေးဆေးနေစဉ် တစ်ညနေခင်းပိုင်းမှာ မထင်မှတ်ဘဲ မြွေဆိုးတစ်ကောင် အိမ်ထဲ ဝင်လာသည်ကို တွေ့ရပါသည်။

ကျွန်မ ဘုရားရှိခိုးနေခိုက် ဝင်လာသည်ဖြစ်၍ မမြင်မိပါ။ မြေးလေးက မြင်ပြီး အော်မှ သိရပါသည်။

ကျွန်မထိုင်သည့် ဖျာနား ရောက်လုနီးဖြစ်ပြီး ကလေးသာ မမြင်ပါက ကျွန်မနား ရောက်၍ ပေါက်နိုင်သည်။ ညီမမှာ အနီးနားတွင် ရှိနေပေသော်လည်း သူလည်း မမြင်ပါ။

ကျွန်မတို့လည်း ကြောက်လန့်ပြီး တံခါးပေါက်ဘက် ထွက်သွားအောင် ကြိုးစားရပါသည်။

ဟိုပြေးသည်ပြေးနှင့် ကျွန်မတို့ မနိုင်သဖြင့် အိမ်နီးနားချင်းကို အကူအညီတောင်းရပါသည်။ မြွေက သေးသော်လည်း အပြေးမြန်သဖြင့် တော်ရုံနှင့် မမိပါ။ အလုမ်းမမီသည့်ဘက် ဝင်သွားမည်စိုး၍ ကြိုးစားလိုက်



ပါမှ နောက်ဆုံး မိသွားပါသည်။ စိတ်မချမ်းသာသော်လည်း မတတ်နိုင်ပါ။

မေ့သလောက် ရှိသွားချိန်မှာ တခြားမြွေတစ်ကောင် ထပ်ပေါ်လာပြန်သည်။ ပြီးခဲ့သည့်နှစ် အောက်တိုဘာလကုန်ပိုင်းလောက်တွင် ဖြစ်သည်။ ယင်းမြွေကို ရေကန်အတွင်း နံရံမှာ ကပ်နေသည်ကို တွေ့မြင်လိုက်ရပါသည်။

လက်ညှိုးလောက်ရှိသည့် အဝါရောင် မြွေတစ်ကောင်ကို ကျွန်မ ရေခပ်နေစဉ် လှမ်းမြင်လိုက်ခြင်း ဖြစ်သည်။ မလှုပ်မယှက် ကပ်နေသဖြင့် သေချာကြည့်မှ သိရသည်။

ရေကန် ရေဖြည့်လျှင် ဟိုဘက်သည်ဘက် ကူးနေတတ်ပြီး ရေအဖြည့် ရပ်သွားလျှင် နံရံဘေးတွင် ကပ်နေသည်။ မြွေရှိနေ၍ ကျွန်မတို့က ကန်ကို ရေအပြည့်ကြီး မဖြည့်ပါ။

'ငါတို့ ရန်မမူပါ။ သင်လဲ ရန်မပြုဘဲနှင့် ထွက်သွားပါ'

ဟု ဆုတောင်းမေတ္တာပို့၊ နယ်ရှင် ရွာတော်ရှင်တွေကို အကူအညီတောင်း မေတ္တာပို့ တတ်စွမ်းသမျှ ပြုလုပ်သော်လည်း ထွက်မသွားပါ။

ကျွန်မတို့လည်း ကြောက်ကြောက်နှင့် သည်အတိုင်း ကြည့်နေရသည်။ ရက်အတော်ကြာသွားသည်။



www.burmeseclassic.com

www.burmeseclassic.com

နောက် မဖြစ်တော့၍ သမီးက ရေကန်ကို တစ်ဝက်ကျော် ဖုံးအုပ်ထားသည့် အဖုံးကို ဖယ်ပြီး ဝါးလုံးဖြင့် မြွေကို ကော်ထုတ်လိုက်ပါသည်။ တစ်ဖက်ခြံသို ဝင်သွားသည် ထင်သည်။ သေချာ မတွေ့လိုက်ပါ။

သည်လိုနှင့် ဆယ်ရက်လောက် ရှိသည့်အခါ ရေကန်အတွင်းသို့ ထိုမြွေ ပြန်ရောက်လာသည်။

စိတ်မချမ်းမြေ့ ဖြစ်ရသည်။ ဒါချည်းကို နေ့စဉ်မြင်တွေ့ရသည်က စိတ်ညစ်စရာပါ။ ကျွန်မလည်း ခန္ဓသုတ် ရွတ်ဆို၍ ဆုတောင်းမြဲ ဆုတောင်းနေရပါသည်။

တစ်ပတ်ကျော် ကြာပြီးနောက် ငြီးငွေ့သွားသည်လားမသိ... မြွေက ပြန်ထွက်ရန် ရေကန်ပေါင်ပေါ်တက်နေသည်ကို မြေးလေးက မြင်ပြီး ပြော၍ စောင့်ကြည့်နေပါသည်။ အပြင်ရောက်ပြီး အောက်ခြေထိဆင်းလာပါသည်။

အုတ်ခဲ တစ်ဖက်တစ်ချက်ခံပြီး သစ်သားပြား တင်ထားသည့် အောက်ထဲသို့ မြွေရောက်သွားပါသည်။ ကျွန်မတို့လည်း တုတ်ကိုင်ပြီး အကြိုအကြားထဲ မဝင်နိုင်အောင် ခြောက်လှန့်ပါသည်။

တစ်ဖက်က ဖြတ်ထားသည့် မန်ကျည်းတုံးထဲ မဝင်နိုင်ရန် ဝါးလုံးဖြင့် ကာထားပါသည်။

လှုပ်ရှားခြင်း မရှိသဖြင့် ညီမက စိုးရိမ်ကြောက်ရွံ့၍ အကူအညီခေါ်ပြီး တုတ်ချွန်ဖြင့် ထိုးမွှေသော်လည်း မထွက်လာပါ။ မည်သည့်အချိန်က ထွက်သွားသည် မသိလိုက်ပါ။ မန်ကျည်းတုံး ထားသည့် အောက်ခြေကွာဟနေသဖြင့် ထိုအောက်မှ ထွက်သွားသည်လား မသိနိုင်ပါ။

အရိပ်အယောင်ပင် မတွေ့လိုက်ပါ။ ကျွန်မတို့လည်း သေချာအောင် မများလှသည့် မန်ကျည်းတုံး သစ်သားပြားတွေကို ဖယ်ရှားကြည့်သော်လည်း မတွေ့ရပါ။ ကျွန်မတို့ မျက်စိလျှမ်းသည် ထင်ပါသည်။

သည်လိုနှင့် အမှတ်တမဲ့ နေလာရင်း တစ်နေ့မှာ ထိုမြွေ ပြန်ပေါ်လာပါသည်။ အဝါရောင်မြွေပဲ ဖြစ်ပါသည်။ ကျွန်မတို့အိမ်တွင် အုတ်လှေကား နှစ်ဆင့်အပြီး ဖိနပ်ချွတ်နေရာ၊ ထိုမှ အိမ်ထဲဝင်နိုင်ရန် ဆိုင်ကယ်တင်သည့် လမ်းငါးထစ် ပြုလုပ်ထားပါသည်။



ထိုမြွေသည် အောက်ခြေ ဆိုင်ကယ်လမ်းမှ တစ်လျှောက် တက်လာပြီး အိမ်ပေါက်ဝ ဆိုင်ကယ်လမ်းတွင် တံခါးပေါင်ကို ခေါင်းတင်ပြီး စင်းစင်းလေး အသေကောင်လို ရှိနေပါသည်။

ကျွန်မ ရုတ်တရက် မြင်လိုက်သည့်ခဏ ကြိုးတစ်ချောင်း ကျနေသည် ထင်မိ၍ ခြေနှင့် ကော်ထုတ်ရန် ရည်ရွယ်ရင်း သင်္ကာမကင်း ရှိလာသဖြင့် သတိထားကြည့်မိမှ ထိုမြွေ ဖြစ်နေပါသည်။

လုံးဝ မထင်မှတ်ထားသည့် အနေအထားပါ။ တန်းလန်းကြီး ဖြစ်နေသည်က လန့်စရာပင်။ အိမ်ထဲဝင်နေလျှင်လည်း ကျွန်မတို့ သိမည် မဟုတ်ပါ။

"ရှူး...ရှူး"နှင့် ခြောက်လှန့်ရာ ဖိနပ်ချွတ်ဘက် လျှောခနဲ ဆင်းသွားပြီး ဆက်မသွားဘဲ ရပ်တန့်၍ ကျွန်မတို့ဘက် ခေါင်းလှည့်ကြည့်နေပါသည်။ ညီမက တုတ်ဖြင့် ကော်ထုတ်လိုက်ရာ ရှင်းလင်းသည့်ဘက်ကို မရောက်ဘဲ ပန်းအိုးတွေ ထားသည့်ဘက်ကို ရောက်သွားပါသည်။

ကျွန်မတို့လည်း ပန်းအိုးအောက်ခြေ ပန်းပင်တွေကြား ရှိနေမလားဟု ကြိုးစား ရှာဖွေကြည့်သော်လည်း အစအနမျှ မတွေ့ပါ။ မျက်စိ လေးလုံးနှင့် သေချာ ရှာဖွေသော်လည်း လုံးဝ မတွေ့ပါ။ အလွန် လျင်သည့် အကောင်ပင်။

မည်သို့သော ကံကြောင့် ဖြစ်ပေါ်လာသည်ကို မတွေးတောတတ်ပါ။ သည်မြွေနှင့် ဇာတ်လမ်းဆုံးချင်ပါပြီ။ နောက်ထပ်လည်း မပေါ်လာပါနှင့်ဟု ဆုတောင်းမိပါသည်။

မြင့်



www.burmeseclassic.com

www.burmeseclassic.com



တင်ဘုန်းဝင်း

မျက်စိအောက်

# ချိုပျောက်သွားတဲ့

ဆတ်ဖားကြီး

'ဒိုင်း'

သေနတ်သံက တိခနဲဖြတ်သွားသည်။

ဆတ်ဖားကြီး၏ ပစ်မှတ်ကို ထိသွားပြီး သေနတ်သံနှင့်အတူ ဆတ်ဖားကြီးကိုယ်က တွန့်ခနဲဖြစ်ကာ ခေါင်းကိုခါပြီး မျက်နှာမူရာ တောဘက် ထွက်ပြေးသွားသည်။

ဒီလို အစာကို ငြိမ်စားလေ့ရှိသည့် ဆတ်ဖားကြီးကို ဒီတောမှာ တွေ့နေတာကြာပြီ။ ချိုကလည်း တအားလှသည်။ သစ်ရွက်ခြောက်အရောင်၊ ရွှေအိုရောင်ဆင်ဆင်၊ ဆတ်ဖားကြီး၏ ဒီချိုကို မြင်ကတည်းက သဘောကျနေမိသည်။ ဒီတောဘက် ထွက်လာတိုင်း သေနတ်ကို ယူလာသည်။ သေနတ်ပါသည့်နေ့တိုင်း ဆတ်ဖားကြီးကို မတွေ့၊ စားကျက်ရွှေ့နေသည့် နေ့နှင့်သာ ကြုံခဲ့ရသည်။

ဆတ်ထီးကြီးတွေ၏ အလေ့အထနှင့် သဘာဝကလည်း တစ်မျိုး၊ အုပ်နှင့်သင်းနှင့် တောတွင်းမှာ သွားလာနေထိုင်လေ့ မရှိ၊ တစ်ကောင်တည်း နေလေ့ရှိပြီး အမနှင့် မိတ်လိုက်ချိန် ခဏသာ အတူနေကြသည်။ ဆတ်မတွေကတော့ ကလေး နို့မခွဲမချင်း သားနှင့်အတူနေ အတူသွား အတူစားကာ ထိန်းကျောင်းနေလေ့ရှိသည်။

ဆတ်တွေကို နီးနီးကပ်ကပ် တွေ့ဖူးမြင်ဖူး လေ့လာဖူးသည်မှာ **ကလေးမြို့နယ်၊ နတ်ကြီးကုန်းရွာအနီး ဘုန်းကြီးဝိုင်းကြီးထဲက ချောင်းညီအစ်ကို စခန်းရောက်**မှ ဖြစ်သည်။

စာရေးသူရောက်စ ၁၉၇၃ ခုနှစ်၊ ယူကလစ်စိုက်ခင်းအတွက် တောင်ယာခုတ်လှဲနေစဉ် ဆတ်မလေး တစ်ကောင် ဖမ်းမိသည်။ သားရိုင်းတိရစ္ဆာန်တွေ၏ သဘာဝအတိုင်း အစတော့ လူတွေနှင့် အတော်စိမ်းသည်၊ အစာမစားဘဲ ပေကပ်နေသည်။ အရွယ်ကလည်း နို့ခွဲစဖြစ်သည်။

သေသွားမှာစိုးလို့ သူတို့စားနေကျအစာ သစ်ရွက် သစ်ညွန့်မျိုးတွေရှာပြီး သူ့အနားမှာ မသိမသာ ချပေး





www.burmeseclassic.com

www.burmeseclassic.com

ထားရသည်။ ရက်တွေ အတော်လေးကြာမှ အစာစ စားသည်။

အစာစစားပုံကလည်း အရာရာကို လေ့လာစူးစမ်းပြီး စိတ်ချရမှ အလစ် ထထစားသည်။ ဒီလို မကြာခဏ ထထပြီး စားခွင့်ရလာတော့ လူတွေကို မြင်ရုံနှင့် မတုန်လှုပ်တော့၊ တဖြည်းဖြည်း ယဉ်ပါးလာသည်။

ကြာတော့ သူ့ကို ဂရုစိုက်သည့် တောခေါင်းကြီး ကိုဘရီနှင့် ကိုတင်ဦးနောက် တကောက်ကောက် လိုက်နေတော့သည်။ ဒီနှစ်ယောက်ကို အပျောက်မခံတော့။

ဆတ်မလေးကလည်း လူတွေကိုခင်၊ လူတွေကလည်း ဆတ်မလေးကို ခင်ကာ သံယောဇဉ်တွေ ဖြစ်နေကြပြီ။ ကလေးဝ ကလေးမြို့သွား ခရီးသည်များကလည်း ဆတ်မလေး၏ တောသဘာဝအလှကို ကြည့်မဝ ဖြစ်နေကြသည်။

မော်လိုက်နယ်က မော်ကူးကြိုးဝိုင်း၊ စားသွေးကျောက်ကြိုးဝိုင်းနှင့် အလှော်ကြိုးဝိုင်းတွေဟာ လူသူမနီးသည့် တောကြီးမျက်မည်းတွေပါ။ ဒီတောတွေထဲမှာ ဆင်တွေကိုလည်း အုပ်လိုက် တွေ့ခဲ့ရသည်။ ပြောင်တွေကိုလည်း တွေ့သည်။

ဆတ်တွေ၏ ခြေရာက ရွှံမှ နွားခြံအဝင် နွားခြေရာတွေထင်နေသလို အထပ်ထပ် မြင်နေရပေမယ့် ဆတ်တွေကိုတော့ ဘုန်းကြိုးဝိုင်းထဲက ချောင်းညီအစ်ကို တောမှာလို မတွေ့မမြင်ခဲ့ရ၊ ဒီတောရောက်မှ ဆတ်တွေ၏ သဘာဝကို လေ့လာခွင့်ရလို့ သဘောကျနေမိသည်။

သစ်ပင်၊ဝါးပင်ပေါသည့် တောချင်းတူပေမယ့် လုပ်ငန်းသဘောချင်းကတော့ မတူ၊ မော်လိုက်နယ်က တောခေါင်ခေါင်၊ တောင်အထပ်ထပ် လှည့်ပတ်သွားခဲ့ရသည့် လုပ်ငန်းက သင်းသတ်လုပ်ငန်း၊ သင်းသတ်ဖို့ ကျွန်းပင်ရှာသည့်အခါ တောတိုးသံ၊ တစ်ယောက်နှင့် တစ်ယောက် ခေါ်ထူးသည့် ''ဝူး''ဟစ်သံ၊ ချွတ်ချွတ်သံတွေက ညံနေတော့ သွားလေရာ လမ်းတစ်လျှောက် တောခြောက်သလို ဖြစ်နေပုံရသည်။

မုဆိုးသွား မသွားတော့ သားကောင်တွေကို တွေ့ဖို့ မလွယ်၊ သားကောင်တွေ၏ သဘာဝကလည်း ညမှာ အစာရှာလေ့ရှိပြီး နေ့ နေပူချိန် ဆိတ်ငြိမ်ရာ အရိပ်



ကောင်းမှာ ပုန်းအောင်းနေတတ်သည်။ ဒါကြောင့် တွေ့ရခဲတာ ဖြစ်နိုင်ပါသည်။

ခု ကလေးနယ်မှာ လုပ်နေရသည့်လုပ်ငန်းက စိုက်ခင်းလုပ်ငန်း၊ သစ်ချောက်ကျောက်မီးသွေးမိုင်းအတွက် ဒေါင်တိုင်ရဖို့ သစ်ပင်တွေ စိုက်ရမည်။ သစ်ပင်တွေစိုက်ဖို့ တောရိုင်းမြေမှာ နေရာရှာပြီး တောင်ယာခုတ်ရသည်။ တောင်ယာခုတ်၊ ယာလုပ်ဖို့ လုပ်သားတွေ ရှာရသည်။ စိုက်ခင်းလုပ်သား ရွာတည်ရသည်။ ယာဝေ ရသည်။

လုပ်သားတွေက မိမိတို့ရသည့် ယာဝေစုကို မိသားစုလိုက် ခုတ်ကြရသည်။ ခုတ်ပြီး ယာကို နေလှန်းရသည်။ ပြီးမှ ကျွမ်းအောင် မီးရှို့ရသည်။ အကုန်မလောင်သည့် တုံးတွေကို ထင်းခွေသလို လိုက်ခွေပြီး စုပုံကာ တစ်စ မကျန် ကျွမ်းခွေ မီးရှို့ကြရပြန်သည်။

တောင်ယာမီးနာမှ စိုက်ခင်းက ကောင်းသည်။ မီးနာဖို့ ဆိုလျှင် တောင်ယာခုတ်ပြီးသည်နှင့် စောစောစီးစီး တောမီးမဝင်အောင် မီးတားလမ်းတွေ လုပ်ကာ နေလှန်းထားရသည်။ အချိန်မကျမီ တောမီးဝင်လျှင် ပျက်ပြီ။

တောမီးကလည်း ဖေဖော်ဝါရီလလောက်က စလောင်တတ်သည်။ စိုက်ခင်းတွေရှိရာ တောထူထူမှာ မီးခိုးတလူလူ မြင်လျှင် တောခေါင်းတောအုပ်တွေ အလျင်သွားဖို့ ပြင်ကြပြီ။

မီးစောင့်ထားရုံမျှနှင့် စိတ်မချကြ၊ ကိုယ်တိုင် လှုပ်ရှားကြရသည်။ တောမီးဆိုတာ စိုက်ခင်း ဝန်ထမ်းတွေ၏ ရန်သူ၊ မီးခိုးတလူလူကို သတိမူနေကြရသည်။

ဝန်ထမ်းတွေတွင် မဟုတ်၊ တာဝန်ခံ စာရေးသူ... သတိထားပြီး မီးတားလမ်းတွေဆီ နေ့တိုင်း သွားရသည်။

www.burmeseclassic.com



သွားသည့်နေ့တိုင်း ဆိတ်ဖားကြီးကို မတွေ့၊ တွေ့တော့လည်း သေနတ်ကမပါ၊ သေနတ်ပါတော့လည်း မတွေ့နှင့် နေ့,လ,နှစ်ပါ ကြာခဲ့ချေပြီ။

ဒီနေ့တော့ မီးတားလမ်းနှင့် တောတန်းကြားမှာ ဆိတ်ဖားကြီးကို ရိပ်ခနဲ တွေ့လိုက်ရသည်။ ဆိတ်ဖားကြီးက မျှင်ဝါးရုံတောနှင့် ရောပေါက်နေသည့် နွေပင်ကြီးအောက်မှာ နွေရွက်ခြောက်တွေကို ကောက်စားနေသည်။

စာရေးသူနှင့် ကိုက်သုံးဆယ်မျှသာ ကွာသည်။ စာရေးသူရောက်သည့် နေရာက ထောက်ကြံ့ပင်ကြီးနှစ်ပင်ယှဉ်ပေါက်နေလို့ ဆိတ်က မမြင်...

သေနတ်ကို ပခုံးမှာထောက်ကာ ဆိတ်ဖားကြီး၏ လက်နောက်ကို သေချာ ချိန်ပစ်လိုက်သည်။ ဆိတ်က ကိုယ်ကိုတွန့်ကာ ခေါင်းကိုခါပြီး မျက်နှာမူရာ တောဘက်ထွက်ပြေးသွားသည်။

ဆိတ်ပြေးရာနောက် ခြေရာကောက်ပြီး တောက်လျှောက်လိုက်ခဲ့သည်။ ပြေးရာလမ်းဘေး တစ်ဖက်တစ်ချက် သွေးစက်တွေက ဆက်လို့။ နေကလည်းပူ၊ ချုံကလည်းထူလို့ တောင်ကမူလေးတွေကို ရှောင်ကာ လျှိုအတိုင်း ဒုန်းစိုင်းပြေးနေသည်။

စာရေးသူလည်း နောက်က တကောက်ကောက်လိုက်ကာ အပျောက်မခံတော့၊ မျက်စိကိုဖွင့်၊ နားကိုစွင့်ပြီး သေနတ်ကို အသင့်ပြင်ထားသည်။ နွေရာသီ ရွက်ကြွေတောမှာ ဆိတ်ဖားကြီး မောနေလောက်ပြီ။ ဆိတ်တွေ မောလျှင် ရေအိုင်ရှိရာ ပြေးပြီး ရေအေးစိမ်လေ့ရှိသည်။

မော်လိုက်နယ်–မော်ကူးကြိုးဝိုင်းထဲမှာ သင်းသတ်စဉ်က တောခွေးတစ်သိုက် ဆိတ်သားအမိကို အမဲလိုက်တာ တွေ့ခဲ့ဖူးသည်။ ဆိတ်မကြီးက ဆိတ်သားလေးကို ဘေးမှာကပ်ကာ အပါ ခေါ်ပြေးသည်။ ခွေးတွေကလည်း အုပ်စုဖွဲ့လိုက်သည်။

နောက်တော့ ရှေ့ကပန်းပြီး လိုက်သည့် ခွေးကလိုက်၊ ရေတိုက်ဖို့ တစ်ကိုယ်လုံး ရေစိမ်ပြီး အချိန်မီလိုက်သည့် ခွေးတစ်သိုက်နှင့် မောဟိုက်နေသည့် ဆိတ်မကြီးက ရေထုံး(အိုင်)ကြီးကြီးရှိရာ ချောင်းမကြီးထဲ သားငယ်လေးနှင့်တွဲကာ ပြေးဖို့ ပြင်ပါတော့သည်။

စာရေးသူကလည်း ရေထုံးကြီးဆီ ဖြတ်ပြေးပြီး ရေထုံးဘေးမှ ကျောက်တုံးကြီးကြား ပြားနေအောင် ဝပ်ကာ ပုန်းနေလိုက်သည်။ တောခွေးအိုင်သံ၊ တောထိုးသံနှင့် အတူ ချုံထူထူကြားက ဘွားခနဲ ဒုန်းစိုင်းလာသည့် ဆိတ်သားအမိ စာရေးသူရှိရာ ရေထုံးကြီးထဲ အသေအလဲ ပြေးဆင်းလာသည်။

ခွေးတွေကလည်း ကပ်ပါလာသည်။ ဆိတ်သားအမိရှိရာ ရေနက်ထဲ မဆင်းရဲကြ၊ ဘေးက ကျောက်တုံးကြီးတွေဆီမှာ မာန်ဖီနေကြသည်။

ဆိတ်သားအမိကလည်း ကုန်းပေါ်မတက်၊ ရေကလည်း နက်ဆိုတော့ ကိုက်ဖို့,ခဲဖို့,ဆွဲဖို့ ခက်နေပြီ။ တောခွေး တစ်သိုက်လုံး စုရုံးကာ ကျောက်တုံးကြီးတွေပေါ်မှာ ဟိုခုန်ဒီကူးနှင့် ပြူးနေသည့် အစွယ်ကြီးတွေ ပေါ်လာအောင် မာန်ဖီကာ ခြောက်လှန့်နေကြပြီ။

ကြာတော့ ဆိတ်သားမိတွဲကို အမဲဖျက်ဖို့ မာန်သွင်းနေသည့် တောခွေးတွကို ခံပြင်းလာမိသည်။ အနားက ခွေးညိုကြီးကို ကျောက်ခဲကောက်ကာ ထပြီး ပေါက်လိုက်ချိန်၊ ကျောက်တုံးကြီးကြားက ဘွားခနဲ ထွက်လာသည့် လူကို ရုတ်တရက် မြင်လိုက်ရသည့် ဆိတ်မဟာ အလန့်ကြီးလန့်ပြီး ကလေးကိုပင် မေ့ကာ တောခွေးတွေရှိရာဘက် ထွက်ပြေးသွားပါလေတော့သည်။

အဲဒီတုန်းက တောရိုင်းတိရစ္ဆာန်တွေ၏ ဇေဟာဗေဒသဘာဝကို မေ့ကာ ကရုဏာဒေါသနှင့် လူကိုလည်ပြီး ကလေးကိုထားကာ ပြေးသွားသည့် ဆိတ်မကို ''အမိုက်မ''လို့ အော်ဟစ်ခဲ့သည့် ကိုယ့်အဖြစ်ကို



www.burmeseclassic.com

www.burmeseclassic.com

ယခု ဆတ်ဖားကြီးနောက်လိုက်ရင်း သတိရကာ ပြုံးမိပါသေးသည်။

"ဆတ်တွေက အလွန် အပြေးမြန်တယ်၊ အားကလဲ သန်တယ်။ နာတံဦးခေါင်းနဲ့ ချိုဆောင်းမှာ ချိုပေါက်ပုံကလဲ တစ်ဖြောင့်တည်း အတက်အခက်ကလဲ ဖြောင့်ဆိုတော့ ချိုကြောင့် နွယ်ပြီမှာ သတိထားစရာ မလိုတော့ဘူး။

ပြေးတဲ့အခါ ဦးခေါင်းမော့ပြေးရုံနဲ့ ချိုနှစ်ချောင်းလုံး ပခုံးဘေးရောက်ကာ ပျောက်သွားတယ်၊ လမ်းမှာ ချုံထူထူ သစ်ခက်သစ်ကိုင်းများများ၊ အဟန့်အတားတွေ ဝါးတွေ ဘယ်လောက်ရှုပ်ရှုပ် နောက်မဆုတ်ဘူး။

လည်ပင်းနဲ့ အတင်းတိုးပြေးတယ်၊ အမြဲ တိုးပြေးပါများတော့ လည်ပိုမှာ ကျွမ်းနာဆိုတာ ဖြစ်လာတယ်၊ ဆတ်တိုင်းရဲ့လည်ပင်းမှာ အဲဒီအနာရှိတယ်။

အနာက ရင်းလဲ မရင်းဘူး၊ ဘာမှလဲ မဖြစ်ဘူး။ အမြဲ ဖျတ်လတ်ပြီး အားရှိနေတယ်။ **ဒါကြောင့် ဆတ်ချိုနုကို "သက်ရှည်အားတိုးဆေးအဖြစ်သုံးဖို့ ဈေးကြီး ပေးဝယ်နေကြတာ"**လို့ မော်လိုက်နယ်က တပ်ကုန်းရွာမှ မုဆိုးဆရာ ဘိုးပုဏ္ဏစကားကို ဒဏ်ရာနှင့် ပြေးနေသည့် ဆတ်ဖားကြီးနောက်လိုက်ရင်း ကြားမိလာပြန်သည်။

ဆတ်မောလာသည့်အချိန် ရေစိမ်တတ်တာ ကိုယ်တွေ့ဖြစ်လို့ ခြေရာအဆက်နှင့် သွေးစက်နောက်လိုက်ရင်းက ချောင်းများက ရေများရာဆီ ဖြတ်လိုက်မိပြန်သည်။ ချောင်းတစ်လျှောက် ကောက်ကောက်စင်းစင်း ဖြည်းဖြည်းချင်းရှာပေမယ့် မတွေ့...

ကြာတော့ ဒဏ်ရာကြောင့် ရေမစိမ်တာလားလို့ စဉ်းစားမိတာနှင့် နောက်ကြောင်းပြန်ကာ သွေးစက်တွေ့ရာမှ ဆက်ရှာခဲ့သည်။ သိပ် ကြာကြာမရှာရ။

ဝါးရုံတောအကွယ်က နွားပင်ကြီးမှာ မှီလို့ သွေးစီးကြောင်းက ကောင်းကောင်းကြီး တွေ့နေရပေမယ့် ခေါင်းမှာတော့ ချိုနှစ်ချောင်းက မရှိ၊ ပြူးပြူးကြီး ကြည့်နေသည့် ဆတ်ဖားကြီးကို ပြန်ကြည့်မိတော့ တုန်လှုပ်လာသည်။

ခေါင်းကလည်း ကြီး၊ ကြက်သီးတွေလည်းထ ဆိုတော့ လက်က သေနတ်ကို ကျည်ထိုးကာ ရှေ့တိုးပြီး ထပ်ပစ်လိုက်မိသည်။

သေနတ်သံက "ဒိုင်း"ခနဲ ဟိန်းသွားသည်။ ဆတ်ကြီးကလည်း ဗိုင်းခနဲ လဲသွားပြီ၊ ဆတ်က လဲသွားပေမယ့် စိတ်ထဲမှာ တစ်မျိုးကြီး၊ မျက်စိအောက် ချိုပျောက်သွားတာ ရိုးမှ ရိုးရဲ့လား၊ တောမှောက်လို့ တောခြောက်တာလား၊ စဉ်းစားရင်း...စဉ်းစားရင်း စခန်းနားအရောက် တောက်လျှောက်ပြေးလာခဲ့မိသည်။

စခန်းရောက်တော့ နယ်စီးတောအုပ်ဆရာကြီး ဦးအေးမောင်ရောက်နေသည်။ ဆရာကြီးက ကလေးမြို့နယ် နယ်စီးတောအုပ်ကြီး မီးတားလမ်းလုပ်ငန်း လာစစ်ခြင်း ဖြစ်သည်။

အနားတွင် တောခေါင်း ကိုဘရီနှင့် ကိုတင်စိုးလည်း ရှိသည်။ ကိုဘရီက စာရေးသူလက်မှ သေနတ်ကို ဆီးယူကာ...

'တောအုပ်... နှစ်ချက်ကြီးတောင် ဘာကောင်လဲ'

'အင်း...ဆတ်ဖားကြီး'

တောခေါင်း ကိုတင်ဦး ခပ်ပေးသည့် ရေသောက်ပြီးမှ အဖြစ်အပျက်ကို ဆက်ပြောနိုင်ခဲ့တော့သည်။ ဆရာကြီး ဦးအေးမောင်က သစ်တောဝန် ဦးမော်ဒင်လည်း ဒီလိုကြုံခဲ့ဖူးကြောင်း၊ **သားငှက်ဥပဒေထဲက အမဲပစ်ခွင့်လိုင်စင်ထဲမှာ ဆတ်တွေ သားပေါက်တဲ့အချိန် "ဇွန်(၁၅)ရက်မှ စက်တင်ဘာ(၃၀)ရက်" ဆတ်မတွေကို မပစ်ရ၊ ချိုရင့်နေတဲ့ ဆတ်ထီးကြီးတွေကိုလဲ နွေအခါ မီးတားရာသီမှာ မပစ်ရလို့ တားမြစ်ထားတယ်။ သစ်တောဝန် ပစ်တော့ အပြစ်မရှိဘူးလားလို့ ပြောပြီး ပြုတ်ကျတဲ့ ချိုနှစ်ချောင်းပြကာ အမှုဖွင့်နိုင်ခဲ့ဖူးကြောင်း...**

ဆတ်တွေ ချိုရင့်ချိန် ဒဏ်ရာရလျှင် ချက်ချင်း ချိုကျတတ်ကြောင်း၊ အမှန်က သုံးနှစ်တစ်ကြိမ် နွေရာသီမှာ ချိုချလေ့ရှိပြီး မိုးမှာ ချိုနု ပြန်ပေါက်ကြောင်း ရှင်းပြသည်။

ဘယ်လိုပဲ ရှင်းပြရှင်းပြ စာရေးသူကတော့ မျက်စိအောက် ချိုပျောက်သွားတဲ့အဖြစ်ဟာ တောမှောက်လို့၊ တောခြောက်လို့ ဖြစ်တယ်ဆိုတာ အသည်းစွဲနေဆဲပါ။

**တင်ဘုန်းဝင်း**



www.burmeseclassic.com

www.burmeseclassic.com

လူ့ပြည် လူ့လောက လူ့ဘဝ ရောက်လာကြသော်လည်း မိမိ ပြု သည့် အကုသိုလ် အဟုန်ကြောင့် သေဆုံးသည့်အခါ မကျွတ်မလွတ်ဘဲ နေကြရသည့် နာမ်လောကသားတွေ အများကြီး ရှိကြလေသည်။

မြတ်စွာဘုရားရှင်က (၃၁)ဘုံမှာ အပါယ်လေးဘုံ အမှန်ရှိ၏ဟု ဟောကြားတော်မူခဲ့၏။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ရယ်ဟူ၍ အပါယ်လေးဘုံ ရှိသည့် အနက် တိရစ္ဆာန်ဘုံသည် လူနှင့် အနီးစပ်ဆုံးမှာ ရှိသည့်အတွက် ကျန် ဘုံသုံးဘုံသည် ထင်ရှား မမြင်နိုင်သော်ငြား အမှန်ရှိသည်ဟု အထောက်အထား ပြုလေသည်။

ငရဲဘုံမှာ အခြား ပြိတ္တာ၊ အသူရကာယ်ဘုံသည် နာမ်လောကသားများ ဖြစ်ကြလေသည်။ ထိုဘုံသားတို့သည် လူ့ဘုံရွာနှင့် အနီးကပ်ဆုံးမှာ ရှိလေသောကြောင့် လူတို့ကို ပြုစားခြင်း၊ ခြောက်လှန့်ခြင်း ရှိကြ၏။

ထိုသို့ ပြုမူခြင်းကို အနံ့ဖြင့် လည်းကောင်း၊ အသံဖြင့် လည်းကောင်း ပြုမူတတ်ပေသည်။ မျက်မှောက်ကာလတွင်ပင် အမျိုးမျိုး အဖုံဖုံ ကြုံတွေ့သမျှ ရေးသား ဖော်ပြကြခြင်းမျိုး တွေ့ရှိနေပါသည်။

ယခုဖြစ်ရပ်သည် အမှန်တကယ် ကြုံတွေ့ခဲ့ရသည့် ကိုဟာန်ရွှေ၏ ကိုယ်တွေ့ကြုံမှု ငယ်ဘဝဖြစ်စဉ်လေးကို အကြောင်းတိုက်ဆိုင်လာလို့ ရေးသားဖော်ပြလိုက်ပါသည်။

* * *



ဂမ္ဘီရ ဇော်ရန်နိုင်
(ကလေးဝ)

# သချိုင်းတစ္ဆေ

ခြောက်လှန့်ပေ

ကိုဟာန်ရွှေကတော့ ပခုက္ကူမြို့နယ်ထဲက နန္ဒင်းကိုင်းရွာဇာတိ ဖြစ်ပါတယ်။ ငယ်ရွယ်စဉ်အခါ ရွာမှာ နေထိုင် ပညာသင်ကြားနေရင်းနဲ့ လေးတန်းအောင်လို့ ကျောင်းဆက်တက်ဖို့ မိဘတွေ စီစဉ်သလို မုံရွာမြို့က ဖခင်ကြီးရဲ့ အသိမိတ်ဆွေကြီးရဲ့ ပွဲရုံတွင် အလုပ်ကူ လုပ်ကိုင်ရင်း ကျောင်းနေဖို့ ဖြစ်လာခဲ့ပေတယ်။

ဒီလိုနဲ့ ကိုဟာန်ရွှေမှာ မိဘတွေနဲ့ မခွဲလို မခွာရက်နဲ့ မျက်ရည်စက်လက် ခွဲထွက်ရလေတယ်။

'ငါ့သားရယ်... သားဘဝရှေ့ရေး



www.burmeseclassic.com

www.burmeseclassic.com



အတွက်ပါကွယ်။ ယောက်ျားပဲ ကြိုးစားစမ်းပါ။ မိဘလက်ငုတ်နဲ့ ရှင်သန်နေရင် ငါ့သားဘဝ ဒုံရင်းပဲရှိမှာ။ အမေလဲ သားကို ချစ်တာ မခွဲနိုင်တာ ဆောထားလို့ ငါ့သားဘဝ ကောင်းစားရေးမို့ စီစဉ်ရတာပါကွယ်။ ငါ့သားကို မခွဲနိုင်ဆုံးသူက အမေပါကွယ်ရယ်'

လို့ ဖျောင်းဖျနားချသူ အမေ့ရဲ့ ကရုဏာစကားနဲ့ မျက်ရည်ကြားမှာ အားတင်း မျက်စိဖွင့်မှိတ်ကာ ကိုဟန်ရွှေ ရွာက ခွာလို့ မုံရွာမြေမှာ ခြေချ ရပ်နားနေခဲ့ရပါပြီ။

ဒီလိုနဲ့ နေလာလိုက်တာ နှစ်ပတ်လည်ဆိုတာလဲ မကြာလိုက်သလိုပါဘဲ။ ကျောင်းစာ တစ်ဖက်၊ ညပိုင်း ပွဲရုံအလုပ် ကူညီလုပ်ကိုင်ရင်းနဲ့ ရွာသတိရခြင်း တစ်ဖက်၊ ကျောင်းစာ တစ်ဖက်၊ ပွဲရုံအလုပ်တစ်ဖက် ဆိုတာလို ရက်မှ လပြောင်းလို့ ကျောင်းပိတ်ပြီမို့ မိဘရပ်ထံ ပြန်ဖို့ ဖြစ်လာတယ်။

ကိုဟန်ရွှေ ပျော်လိုက်တာ လွန်ပါရော။ ရွာမှာ သူငယ်ချင်းတွေနဲ့ ငှက်ပစ် ဆော့ကစား သွားလာလိုက်မယ်လို့ ကလေးပီပီ ကလေးတွေးနဲ့ ပျော်လိုက်ရင်း ရွာပြန်မော်တော်ပေါ်မှာ လိုက်ပါသွားနေတဲ့ မော်တော်က တစ်ချက်တစ်ချက် ရပ်နေသလားတောင် ထင်မိပါရဲ့။

ဖြစ်ချင်တော့ ကိုဟန်ရွှေစီးတဲ့ မော်တော်က ရွာအဝင် မြစ်ဆုံဝမှာ သောင်တင်နေလေရော့။ ဒီတစ်ခါမှ ခက်ရချည်။ မော်တော်ဆိပ် ရွှေတစ်ချောင်းရွာကနေ နန္ဒင်းကိုင်းရွာရောက်ဖို့ (၁)မိုင်လောက် ခရီးလျှောက်ရဦးမယ်။

ရွှေတစ်ချောင်းနဲ့ နန္ဒင်းကိုင်း နှစ်ရွာကြားမှာ သချိုင်းက ခံနေတယ်။ ညဝင်မိုးချုပ်ဆို ဘယ်လိုဖြတ်ရပါ့လို့ ကလေးငယ်မို့ အတွေးကြွယ်နေရလေပြီ။

ဒီလိုနဲ့ သောင်တင်နေတဲ့ မော်တော်ကို မြန်မြန်ကျဖို့ ဆုတောင်းရင်း မော်တော်က သောင်ပေါ်က လျှောကျသွားလို့ ဝမ်းသာလိုက်တာ လွန်ပါရော။ မော်တော်က ဆက်စုန်လို့ ဆိပ်ကမ်းရောက်တော့ အခါတိုင်း ဆိုက်ချိန်ထက် (၂)နာရီလောက် နောက်ကျရောက်လေတယ်။

မော်တော် ဆိုက်ဆိုက်ချင်း ပါလာတဲ့ အဝတ်ထည့် လွယ်အိတ်ကို သေချာလွယ်လို့ ကိုဟန်ရွှေ မော်တော်ဦးက ခုန်ချပြီး ရွှေတစ်ချောင်းရွာထဲ ပြေးတက်လာတော့ ညနေ(၆)နာရီ ရှိနေပြီ။

ဒါနဲ့ ရွာလယ်က အမေ့မောင်ဝမ်းကွဲ ဘလေးတိုးအောင်ဆီ ဝင်ပြီးသွားတော့ ဘလေးတိုးအောင်က အိမ်ရှေ့ ကွပ်ပျစ်ပေါ်မှာ ရေနွေးကြမ်း သောက်နေလေရဲ့။

"ဘလေး...ဘလေး"လို့ ပါးစပ်က အသံပေး၊ လူကလဲ ပြေးဝင်သွားတော့ ထိုင်နေတဲ့ ဘလေးတိုးအောင်က...

'ဟော့...ငါ့တူကြီး ဟန်ရွှေပါလား၊ မင်း ရွာပြန်လာတာလား၊ ဟန်ကျတယ်ကွာ၊ ဘလေးတို့လဲ မင်းကို သတိရနေကြတယ်။ မင်း ညစာစားပြီး မနက်မိုးလင်းမှ အစ်မတို့ဆီ ကူးတော့ကွာ'

'ဟာ... ဘလေးကလဲ ခုပဲသွားမယ်ဗျာ၊ ညအိပ်တော့ဘူး'

'ဟေ... မင်းကလဲ လောရန်ကောကွာ'

'မလောနဲ့ဗျာ...အမေ့ကို လွမ်းလှပြီဗျ'

'အေး...အေး ဒီလိုဆိုတော့လဲ ဘလေး လိုက်ပို့ပေးမယ်။ ထမင်းစားဦး'

'မစားတော့ဘူး၊ အိမ်ကျမှ စားတော့မယ် ဘလေး လိုက်ပို့ပေးမယ်ဆို သွားရအောင် အချိန်နှောင်းသွားမယ်ဗျ'

လို့ ကိုဟန်ရွှေက ဟန်ပြင်နေတော့ ဘလေးမှာ မနေသာတော့ ရွာထဲ အလည်သွားနေတဲ့ ဇနီးသည်ကို အိမ်နားနီးချင်းတွေနဲ့ မှာ[illegible] ဟိုဘက် ရွာသွားကြောင်း အိမ်နီးချင်းတွေ အသိပေးပြီး ဘူဝရီးနှစ်



www.burmeseclassic.com

www.burmeseclassic.com

ယောက် ထွက်လာလိုက်ကြတယ်။

ရွှေတစ်ချောင်းရွာဆိုတာ ရွာငယ်လေးဆိုတော့ တူဝရီးနှစ်ယောက် ရောက်တတ်ရာ စကားပြောရင်းနဲ့ ရွာကို လွန်မြောက်လို့ အခင်းတွေ ကျော်ဖြတ်အပြီး သချိုင်းနားကို ရောက်လို့လာတော့ ဘလေးက...

'မောင်ဟန်ရွှေ သွားရဲတယ်မို့လား၊ သွားတော့'

ဆိုတော့ ကိုဟန်ရွှေလဲ...

'ရပါတယ်။ ကျွန်တော် သွားနေကျပါ'

ဆိုပြီး ဆက်လာလိုက်တယ်။

ဘလေးကို ကြောက်တာက တစ်ကြောင်း၊ ဆက်ပြီး လိုက်မပို့ နိုင်းရဲလို့သာ တစ်ယောက်တည်း ဆက်လာလိုက်ရတာ စိတ်ထဲမှာတော့ ခပ်လန့်လန့်ပါ။

ဒီလိုနဲ့ ရွာရောက်ချင်ဇောနဲ့ ဆိုတော့ ကြောက်စိတ်ကိုဖျောက်ရဲဆေးတင်ပြီး လက်ထဲက တုတ်ကို ကျစ်ကျစ်ပါအောင်ဆုပ်၊ လွယ်အိတ်ကို စလွယ်သိုင်း သေချာလွယ်၊ အပေါ်လွယ်ကြိုးကိုထိုးပြီး နှစ်ရွာကြားက သုသာန်ဝကို စပြီး ဝင်ရောက်လာတယ်။

ညမှောင်စက ပျိုးနေပြီ၊ အိပ်တန်းဝင် ငှက်ကလေးတွေတောင် အသံထွက် ငြိမ်ဆိတ်လို့နေတယ်။ သဆန်းရက်မို့ လရောင်လေးကလဲ တဝါး မသဲမကွဲမှာ သချိုင်းအဝင်သမ်းရဲ့ ဘေးတစ်ဖက်တစ်ချက်မှာ မြေပုံမို့မို့တွေက မကြည့်သော်လဲ ဘေးစောင်းမှာ ပုံရိပ်ပေါ်နေတယ်။

ကိုဟန်ရွှေလဲ ငယ်စဉ်ကစ ကျွဲ



ကျောင်း၊ နွားကျောင်း ကျင်လည်ဖူးပေမယ့် လူခြေတိတ်ချိန် တစ်ကိုယ်တည်းဆိုတော့ ကြောက်စိတ်တွေ ဝင်နေမိပြန်တယ်။

ကြောက်ကြောက်နဲ့ လှမ်းလာလိုက်တာ ရွာဘက်အဝင်နားက သချိုင်းဇရပ်ကြီးနားကို ရောက်လာခဲ့တယ်။ ဇရပ်ကြီးကလဲ မှောင်မှောင်မည်းမည်းမှာ သရဲတစ်ကောင် ဆောင့်ကြောင့် ထိုင်နေသလို စိတ်ထဲ ထင်မိလို့ ကြောက်နေတုန်း သချိုင်းအနီးအနားက ဆွဲဆွဲငင်ငင် အူလိုက်တဲ့ ခွေးအူသံ ကြားရတော့ ကိုဟန်ရွှေ ခေါင်းနားပန်းကြီး ကြက်သီးတွေ ထသွားတယ်။

ဒါနဲ့ အမေသင်ပေးထားတဲ့ ဘုရားရှိခိုးနဲ့ ဂုဏ်တော်ကို ရွတ်ဖတ်ရင်း ဇရပ်ကိုအလွန်၊ ဇရပ်ကို အုပ်မိုးထားတဲ့ ကုက္ကိုပင်ကြီးက လွှမ်းမိုးထားတော့ ဇရပ်အလွန် ရွာအဝင်လမ်းဘက်မှာ မှောင်နေတော့တယ်။

အမှောင်ကို ကြောက်ကြောက်နဲ့ အမြန် ကျော်ဖြတ်လိုက်တယ် ဆိုရင်ပဲ လေမတိုက် ဘာမတိုက်နဲ့ ကုက္ကိုပင်ကြီးရဲ့ ကိုင်းကြီးက ဟုန်းခနဲ အသံကြီးနဲ့ ပိကျလာပါရော။ ကိုဟန်ရွှေလဲ မည်းမည်းကြီး အရိပ်ကျလာတာလဲ မြင်လိုက်ရော ဖနောင့်နဲ့ တင်ပါး တစ်သားတည်းကျအောင် အော်ပြေးလိုက်မိတယ်။

ကိုဟန်ရွှေ အော်ပြေးလာတာလဲ မြင်ရော ရွာထဲအဝင် တွေ့တဲ့သူတွေက...

'ဟန်ရွှေ...ဟန်ရွှေ ဘာဖြစ်လာတာလဲ'

လို့ မေးကြမြန်းကြနဲ့ ရှိပေမယ့် ကိုဟန်ရွှေ ဘာကိုမှ မသိ။ အိမ်အရောက်ပြေးပြီး အိမ်ဝိုင်းထဲ ဝင်လိုက်ရော အမေက ထွက်အလာ သား ဟန်ရွှေ ပြေးလာတာလဲ မြင်ရော ဆီးပွေ့ထားလိုက်တယ်။

ကိုဟန်ရွှေလဲ ကြောက်စိတ် လန့်စိတ်တွေနဲ့ ပြေးဝင်လိုက်လို့ အမေ ခမျာ ဖင်ထိုင်ရက်ကိုကျရော။

ဒါနဲ့... အမေက **"သား ဟန်ရွှေ ဟန်ရွှေ ဘာဖြစ်လာတာလဲ အမေ့ကို ပြောစမ်း"** ဆိုတော့ ကိုဟန်ရွှေ ကြောက်စိတ်နဲ့အမောရောနေတော့ တော်တော်နဲ့ ပြောမရ။

ဒါနဲ့ အမေက သားကို အိမ်ပေါ်ဆွဲတင်ပြီး ရေစင်တိုက် ပြုလုပ်ပေးပြီးမှ ကိုဟန်ရွှေ ဖြစ်ကြောင်းကုန်စင် ပြောပြတော့မှ အမေနဲ့အတူ ရောက်လာကြတဲ့ ရွာကလူတွေ စုတ်တသပ်သပ် ဖြစ်ကြရတယ်။

ဒီအချိန်မှာ ရွာက လူကြီးတွေနဲ့ အဖေတို့ ရောက်လာတယ်။ ဆီးပြီး အမေက ကိုဟန်ရွှေ ပြောသမျှ ဖောက်သည်ချပြီး... သားအတွက်



www.burmeseclassic.com

www.burmeseclassic.com

ရတာက်မအေးနိုင်ဘူးဆိုတော့ အဖေက ရွာက ဆေးသမားပြေးပင့်တယ်။

ဆေးသမား ရောက်လာပြီး ဆေးတွေ ထပ်တိုက်ပြီး ချည်ကြိုးနဲ့ လက်ဖွဲ့အဆောင် ဝတ်ပေးပြန်တယ်။

အမေကတော့ မောင်ဖြစ်သူကို အိမ်တိုင်ရာရောက် မပို့ပေးရကောင်းလား၊ သချိုင်းဝတင် ပြန်လှည့်ရအောင် ကလေးလောက်မှ သတ္တိနည်းရသလားဆိုပြီး အပြစ်တင်နေတော့တယ်။

ဒီလိုနဲ့ အဖေက ရွာကလူကြီးတွေ ခေါ်ပြီး နောက်နေ့မှာ ညက ကိုဟန်ရွှေ လန့်လာခဲ့တဲ့ ဇရပ်နားက ကုက္ကိုပင်ကြီးဆီ သွားကြည့်ကြတော့ ကိုဟန်ရွှေ ပြောသလို ကိုင်းလဲမကျိုး ဒီအတိုင်း ပကတိရှိနေရဲ့။ ဒီအချိန်မှာ လူကြီးတွေက ကလေးငယ် တစ်ယောက်တည်း ညအချိန် ဖြတ်အလာမို့ အသံနဲ့ ခြောက်လှန့်ကြတာပဲ ဆိုတာ ဆုံးဖြတ်ချက်ချကြရတယ်။

ကိုဟန်ရွှေပြောပုံအရ **ကျိုးကျလာတဲ့ သစ်ကိုင်းကြီးက လူကြီးပေါင်လုံးမက ကြီးတယ်ဆိုတာ သိရတော့** နာနာဘာဝဆိုတာ ဒီလိုပဲ အသံပေး ရိပ်ဖမ်းသံဖမ်း ခြောက်လှန့်ခြင်းမျိုးတွေရှိကြောင်း ရေးသားလိုက်ပါတယ်။

***သတ္တဝါအများ ချမ်းသာပွားစေဖို့။***

ဂမ္ဘီရစောရန်နိုင်
*(ကလေးဝ)*

# ဝဲနှင်းခူ

## အတွက် ဆေးနည်းတစ်လက်



**(၁-၇-၂၀၁၂)ခု နေ့က** ပျော်ဘွယ်မြို့နယ်၊ ကျီနီသီးကုန်းကျေးရွာမှ ခင်မင်ရသော သမီးငယ်နှစ်ယောက် အရောင်းအဝယ်ကိစ္စတစ်ခုဖြင့် စာရေးသူအိမ်သို့ ရောက်လာပါသည်။ စာရေးသူနှင့် စကားစမြည်ပြောရင်း သမီးငယ်တစ်ယောက်၏ ကိုယ်တိုင် ပျောက်ကင်းခဲ့သော ဝဲနှင်းခူ ကုထုံးကိုပေး၍ စာရေးသူ ရေးမှတ်ပြီး ယခုလို တင်ပြလိုက်တာပါ။

'ဒီနည်းက သမီးကိုယ်တိုင် ပျောက်ကင်းခဲ့တဲ့ ဆေးနည်းပဲ ဘဘ'

ဟု ပြော၍ ပေးခဲ့ပါသည်။ သမီး ငယ်၏ အဆိုအရမူ ဤနည်းသည် အစိုဖြစ်မူ(၃)ခါ၊ အခြောက်ဖြစ်မူ (၇)ခါပဲ လိမ်းရသည်ဟု ဆိုပါသည်။

**ပြုလုပ်ပုံမှာ...**

ထိကရုံးပင်လေးများကို ခြောက်သွေ့အောင် နေလှန်းပြီး ဆံခြည်မျှင်နှင့် ရော၍ ပြာချပါသည်။ သင့်တော်ရုံပေါ့။ အုန်းဆီ စားပွဲတင်ဇွန်း တစ်ဇွန်းဖြင့် ရောမွှေပြီးလျှင် အသုံးပြုနိုင်ပါပြီ။ ဝဲနှင်းခူကို သွေးထွက်အောင် ကုတ်ခြစ်ပြီး လိမ်းပေးရန်ပါပဲ။

ဝေဒနာရှင်များ အသုံးပြုကြည့်ရန် စေတနာမွန်ဖြင့် တိုက်တွန်းအပ်ပါသည်။

**[ဤစာစုဖြင့် ကျီနီသီးကုန်း ကျေးရွာမှ မချိုသန်းနှင့် သမီးငယ် မသက်နိုင်ဦးတို့အား ကျေးဇူးတင် မှတ်တမ်းပြုပါသည်။]**

***သောကော ရောဂေါ ဝိနဿတု***

**အောင်မြင့်သန်း*(တိုင်းရင်းဆေး)***
**မိတ္ထီလာ**



www.burmeseclassic.com

www.burmeseclassic.com

ယခင်လမှ အဆက်

တတိယပိုင်း [နိဂုံးပိုင်း]

ခင်မြမောင်ဝေ
(ဆိပ်ခွန်)



# သိုက်နန်းရွှေတောင် (၃)

**အခန်း [ ၄ ]**

သိုက်ဆရာကလေး "ကိုညြ" ကား အသက်အားဖြင့် (၂၅)နှစ်ခန့်သာ ရှိသေးပြီး သူ၏ နာမည်သတင်းမှာ ရောဝတီမြစ်ရိုးတစ်လျှောက်တွင် ဟိုးဟိုးကျော်ကြားနေလေ၏။

အရွယ်ကောင်းဖြစ်သဖြင့် ရုပ်ရည်မှာလည်း မွန်မွန်ရည်ရည်ဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် လူချစ်လူခင်ပေါများသူ ဖြစ်နေလျက် သူ့လက်အောက်တွင် ဝင်ရောက်၍ တပည့်ခံကြသော လူရွယ်များနှင့် လူကြီးများပင် အတော်များများ ရှိနေလေ၏။

ကိုသြ နေထိုင်ရာ ဒေသကား မတ္တရာမြို့နှင့် မလှမ်းမကမ်း ဧရာဝတီ အရှေ့ဘက်ကမ်းရှိ ရွာတစ်ရွာပင် ဖြစ်လေ၏။

တစ်နေ့သော ညနေ နေဝင်ခါနီးတွင် ကိုသြသည် ရွာထဲရှိ အသိမိတ်ဆွေများအိမ်တွင် လည်ပတ်ပြီး ပြန်လာခဲ့ရာ မိမိအိမ်သို့ မရောက်မီ လမ်းခုလတ်တွင် မထင်မရှားသော ဆင်းရဲသား အဘိုးအိုတစ်ယောက်နှင့် တွေ့လေ၏။

ထိုအဘိုးအိုမှာ သျှောင်နှင့် ဖြစ်၍ သျှောင်မှာ သဖန်းသီး အကြီးခန့်သာ ရှိသော သျှောင်ပေစုးကလေးဖြစ်လေ၏။ ယင်းအဘိုးအိုက...

'မောင်ရင်က သိုက်ဆရာ မောင်သြလား'

'ဟုတ်ပါတယ် ဘိုးဘိုး၊ ကျွန်တော် မောင်သြပါပဲ'

'မောင်ရင် ခု...ဘယ်သိုက်များ တူးမလို့ ကြံနေသလဲ'

ဟု မေးရာ...

'ကျွန်တော် အခုတလောတော့ ငွေတောင်ဖြူသိုက်ကို တူးမလို့ပါပဲ ဘိုးဘိုးရာ၊ ဒါပေမယ့် ထိုသိုက်ကို နှိမ်နင်းနိုင်အောင် ဆေးစွမ်းကောင်း လိုနေသေးလို့'

ဟု ကိုသြက သူ၏ အခက်အခဲများကို ပြောပြလိုက်၏။

'မောင်ရင့် အခက်အခဲကို ပြေလည်ပြီလို့သာ မှတ်လိုက်ပါတော့'

ဟု အဘိုးအိုက ပြောပြီး သူ၏ လွယ်အိတ်ထဲမှ တစ်တောင်ခန့် ရှိသော ကြိမ်တိုတစ်ချောင်းကို ထုတ်ပေး၍...

'ဒီကြိမ်ကိုသာ မောင်ရင်အသုံးပြုရင် ဒီသိုက်ကို မောင်ရင် လုံးဝ အောင်မြင်ရမယ်။ သိုက်တူးတဲ့အခါသာ မဟုတ်ဘူး။

ဘယ်နေရာမျိုးမဆို မိမိလည်း သလို ဒီကြိမ်ကို သုံးနိုင်တယ်။ မောင်ရင် လိုရာသုံးပေတော့'

ဟု ပြောပြီးနောက် အဘိုးအိုမှာ ထွက်သွားလေရာ ကိုသြသည် အဘိုးအို သွားရာကို ငေးမျှော်၍ ကြည့်နေစဉ် အဘိုးအိုမှာ လမ်းလျှောက်နေဆဲတွင်ပင် မျက်စိအောက်မှ ပျောက်သွားသည်ကို တွေ့ရသဖြင့် အံ့သြလျက် သူ့အိမ်သို့ လျှောက်လာလေ၏။

နောက်တစ်နေ့ နံနက်တွင် ဆရာကိုသြသည် တပည့်များကို ခေါ်ယူစုရုံးစေလျက်...

'ဆရာ့အကြံ အောင်ဖို့ရာ လမ်းပွင့်လာပြီကွယ့်။ ဆရာ့မှာ ဣန္ဒာသယ လိုတိုင်းတက ရတဲ့ ကြိမ်လုံးတော့ ပိုင်ခဲ့ပြီ။

ဆရာတော့ ကြံစည်ရင်း ရှိတဲ့အတိုင်း ငွေတောင်ကို သွားပြီး သိုက်နန်းကို အပိုင်စီးတော့မယ်။ တပည့်တို့ သတ္တိမနည်းရင် လိုက်ခဲ့ကြပေတော့'

ဟု ပြောလေ၏။

နောင်ရေးကို ငဲ့ကွက်ရန်မရှိသော တပည့်တပန်းတို့မှာ...

'ဆရာနဲ့အတူ ကျွန်တော်တို့ လိုက်ခဲ့ကြပါမယ်။ ခံလဲ အတူ စံလဲ အတူပေါ့ဆရာ'

ဟု ဝမ်းသာအားရ ဝန်ခံစကား ပြောကြလေ၏။

သားသမီး ဇနီးမယားနှင့် မိဘတို့အား ငဲ့ရန် သံယောဇဉ် ရှိသူတို့ကမူ သိုက်ကို လိုက်လိုလျက် မတော်တဆ မသေကောင်း မပျောက်ကောင်း သေပျောက်ခဲ့ရင် ဟူသော အတွေးဖြင့် ရွာတွင် ချန်နေရစ်ကြ၏။

ဆရာသြသည် လှည်းသမားတို့ကို ခရီးထွက်မည့်ရက် နံနက်စောစောအချိန်တွင် အဆင်သင့်ဖြစ်စေရန် လှည်းခေါင်းဦးသာမြမှ တစ်ဆင့် အကြောင်းကြားထားလိုက်လေ၏။

ထို့နောက် မိမိကိုယ်တိုင် ပြင်ဆင်စရာရှိသည်တို့ကို ပြင်ဆင်၍ နေလေ၏။

လှည်းခေါင်းသည်လည်း ခေါ်နေကျ လှည်းသမား (၁၂)ယောက်တို့အား လှည်းများကို ညဦးကပင် အဆင်သင့် ပြင်ဆင်ကြစေ၏။

လှည်းများကို ပေါင်းမိုးများ တပ်ဆင်စေပြီး ဖျာ(ရိုင်)၊ လောင်းတောင်း၊ နွားစာ၊ လူစာ ပြည့်စုံစွာဖြင့် နွားစားခွက်၊ ထမင်းဟင်းအိုးတောင်း၊ ရေဘူး၊ ဓားမ၊ အသုံးအဆောင်များ စုံလင်စွာ ယူဆောင်စေ၏။

နောက်နံနက် ဝေလီဝေလင်းမှာ ရွာက ထွက်၍ နေ့ခင်းတွင် နားနားနေနေ မြစ်ရိုးတစ်လျှောက် ရွာစဉ်များဖြတ်ကာ **စဥ့်ကူး**တွင် ညနေစာ စားသောက် နွားကျွေး နေခိုကြပြီး နေမဝင်တဝင်မှာ ငွေတောင်သို့ အရောက်သွားကြရန် အစီအစဉ်များ



www.burmeseclassic.com

www.burmeseclassic.com

ပြုလုပ်လေ၏။

ဆရာဦးသာမြ၏ တပည့်တပန်းများသာ အတွင်းရေးကို သိကြ၍ လှည်းသမားများအား ကုန်ဝယ်သွားမည်ဟု အသိပေးထားလေ၏။

သိုက်ဆရာ **"ဆရာသြ"** ခေါ်လာသော လှည်းတို့သည် ညနေဆည်းဆာ မြူခိုးများ ရီနေချိန်တွင် ငွေတောင်ထိပ်သို့ ဆင်ခြေလျှော ခပ်ပြေပြေ တောင်စောင်းမှ တရွေ့ရွေ့ တက်လာကြလေ၏။

လှည်းတစ်စီးတွင် ဆရာသြကိုယ်တိုင်စီး၍ လိုက်ပါလာလျက် အခြားသော တပည့်တို့ကလည်း လှည်းများတွင် လူခွဲ၍ လိုက်ပါလာကြလေ၏။

တောင်ထိပ်မြေပြန့်သို့ ရောက်လျှင် ဆရာသြသည် စေတီအိုကို ရှိသေစွာ ရှိခိုးပြီးမှ ညာဘက်အကျီလက်ကို ပင့်တင်ကာ ယခင်က အဘိုးအို ချီးမြှင့်လိုက်သော ဆေးကြိမ်လုံးကို ကိုင်လျက်...

'ငွေတောင်ဖြူရှင်မနဲ့ သူ့ရဲ့ လက်ပါးစေများ... ကျေးကျွန်များပါ အပါအဝင် ကျောက်မျက်ရတနာ စိန်ရွှေငွေများ အားလုံးပါ သူတို့နဲ့အတူ သိုက်နန်းမှ တောင်ပေါ် မြေပြင်သို့ ရောက်လာစေ'

ဟု အာဏာသံပေး ဟစ်အော်ပြီးနောက် ကြိမ်လုံးဖြင့် မြေကြီးကို သုံးကြိမ်တိတိ ရိုက်လိုက်လေ၏။

ထိုတွင် မမြင်စဘူး အထူးအံ့သြဖွယ်ရာ ကောင်းလောက်အောင်ပင် ငွေတောင်ဖြူသခင်မနှင့် သူ၏ ကျေးကျွန်များ အားလုံးပါ နောက်ပြန်ကြိုးတုပ်လျက်သားနှင့် အတူ



သိုက်နန်းတွင်းမှ ရတနာရွှေငွေများအားလုံး တောင်ထိပ်မြေပြင်ပေါ်သို့ စုပုံ ရောက်လာကြလေ၏။

ဆရာသြသည် သူ့တပည့်နှင့် လှည်းသမားများကို ရတနာအားလုံး လှည်းများပေါ် အပြည့်အမောက် တင်ကြရန် ပြောလျက် သူကိုယ်တိုင်ကမူ ငွေတောင်ဖြူသခင်မှတစ်ပါး ကျန် ကျေးကျွန် အစေအပါး ဘီလူးသရဲ သိုက်အစောင့်တို့ကို ကြိမ်လုံးနှင့် ပြင်းပြင်းထန်ထန် ရိုက်နှက်လေ၏။

နားမချမ်းသာဖွယ် အော်ဟစ်ငိုကြွေးသံတို့သည် တောင်ယံအလုံး ဟိန်း၍ ထွက်လာလေ၏။

ကြိုးနှင့် တုပ်ထားသဖြင့် မလှုပ်မရှားနိုင်သော ငွေတောင်ဖြူသခင်မကမူ...

'ရက်စက်ပါပေ့ မောင်ကြီးရယ်... ရက်စက်ပါပေ့'

ဟု တဖျစ်တောက်တောက် ရေရွတ် မြည်တမ်းနေလေ၏။ ဆရာသြကမူ ထိုအသံကို မကြားချင်ပြု၍ နေလေ၏။

တပည့်လှည်းခေါင်းက...

'ဆရာသြ ရတနာအားလုံး လှည်းများပေါ် ရောက်ပါပြီ။ တောင်အောက်ကို ဆင်းချိန်တန်ပါပြီ ခင်ဗျာ၊ လမင်းတောင် ထွက်လာပါပြီ'

ဟု ပြောလာမှ...

'အေး... အေး... မောင်းကြရုံပါပဲကွာ'

ဟု ပြောလျက် ငွေတောင်ဖြူသခင်မဘက်သို့လှည့်ကာ...

'နင်တို့ ငါခွင့်မပေးမချင်း ဒီအတိုင်း နေရစ်ရမယ်။ ငါ့ဌာနကို ရောက်မှ နင်တို့ကို အနှောင်အဖွဲ့မှ ဖြေလွှတ်မယ်။ ကြားရဲ့လား'

ဟု ပြောပြီးလျှင် လှည်းများနှင့် တောင်အောက်သို့ ခပ်ပြေပြေလမ်းမှပင် တအိအိ ဆင်းသွားလေ၏။

ကောင်းကင်တွင် လထွက်လာပြီဖြစ်သော်လည်း လဆန်းစ လခြမ်းကလေးသာ ဖြစ်သဖြင့် အလင်းရောင် အားနည်းကာ တောင်ကမ်းပါးယံမှာ မှောင်ရည်ဖုံးလျက် မှုန်တိမှုန်ဝါးသာ။ လှည်းများကား တရွေ့ရွေ့ ဆင်းသွားနေကြ၏။

ထိုစဉ်တွင် လေပြင်းတစ်ချက် သုတ်လိုက်ပြီး ကြောက်မက်ဖွယ် အသံဗလံတစ်ခုကို တောင်နံရံတစ်ဝိုက် ပဲ့တင်ဟိန်းအောင် ကြားလိုက်ရပြီးနောက် လှည်းအားလုံးသည် ဝရုန်းသုန်းကား ဖြစ်ပြီးလျှင် တောင်ပေါ်မှ ရောဝတီမြစ်တွင်းသို့ တိုင်အောင် နွားများ ဆွဲပြေးရာသို့ ကျဆင်းကုန်ကြလေ၏။

ဆရာသြစီးသော လှည်းမှ အလှည့်နွားကြီးတစ်ကောင် လွတ်



www.burmeseclassic.com

www.burmeseclassic.com

ထွက်သွားကာ ရောဝတီအနောက်ဘက်ကမ်းသို့ ထူးထူးဆန်းဆန်း ကူး၍ သွားလေရာ အနောက်ကမ်းထက်သို့ မတက်မီကလေးပင် ရေထဲမှာရှိခိုက် **ကျောက်နွားကြီးဖြစ်၍** သွားလေ၏။

**(ထိုကျောက်နွားကြီးမှာ ယခုတိုင် ရှိလေသည်။ ကမ်းအနီး ရေထဲမှာရှိနေသဖြင့် ရေညှိများတက်၍ နေလေ၏။)**

ထိုသို့ဖြစ်ရခြင်းမှာ ငွေတောင်ဖြူသခင်မသည် အချိန်မီ အနှောင်အဖွဲ့မှ လွတ်မြောက်နိုင်ခဲ့ခြင်းကြောင့် ဖြစ်လေ၏။

ဆရာညြသည် သိုက်တွင်းမှ အစောင့်များအားလုံးကို ခေါ်ယူထားစဉ်က ရွှေပေလွှာစောင့် လူသူတော်ကြီးသုံးဦးကို ခေါ်ယူခြင်း မပြုမိပေရာ ယင်းလူသူတော်ကြီးများက ငွေတောင်ဖြူသခင်မကို အနှောင်အဖွဲ့မှ ဖြေလွှတ်ပေးကြခြင်း ဖြစ်လေ၏။

သိုက်ဆရာညြနှင့် သူ့တပည့်လက်သားများ၊ ရတနာလှည်းများ အားလုံး ရေထဲသို့ ကျရောက်နစ်မြုပ်ပြီးနောက် ချက်ချင်းလိုပင် လူများရော ပစ္စည်းများပါ သိုက်နန်းထဲ ရောက်ကုန်ကြလေ၏။

ဆရာညြကိုမူ မလှုပ်ရှားနိုင်အောင် ငါးရက်တိတိ အထက်ဆိုင်ရာ ပုဂ္ဂိုလ်များက ချုပ်ထားလိုက်ကြ၏။ လှည်းသမားများနှင့် ဆရာ၏ တပည့်များကို သိုက်နန်းရှင်မ၏ ကျေးကျွန်းများအဖြစ် သိုက်စောင့်များဘဝသို့ သွင်းလိုက်ကြလေ၏။

ဆရာညြသည် အချုပ်အနှောင်မှ လွတ်မြောက်၍ လာသောအခါ ငွေတောင်ဖြူသခင်မ၏ မောင်ကြီးသိုက်နန်းရှင်အဖြစ်နှင့် တွေ့မြင်ရလေ၏။

သူ့အား သူ့နှမတော်က လူ့ဘဝသို့ ပြန်ခွင့်မပြုတော့ပေ။

မောင်နှမနှစ်ယောက် လွတ်လပ်စွာ တွေ့ကြသောအခါ နှမတော်က...

'မောင်ကြီးရယ်... သိုက်ဆရာဘဝတုန်းက ဘယ်လို အကြောင်းကြောင့် ကိုယ့်သိုက်နန်း ကိုယ်ပြန်ပြီး သိုက်တူးရသလဲ'

ဟု မေးမြန်းလေလျှင်...

'မောင်ကြီးရဲ့ စိတ်ထဲမှာ ဒီသိုက်နန်းကြီးကို စောင့်ရှောက်ရတာ အင်မတန်တာဝန်ကြီးလေးလွန်းတယ် ထင်တယ်။ ဗိုလ်နှမကလေးမှာလဲ ဘယ်တုန်းကမှ လွတ်လွတ်လပ်လပ် မနေခဲ့ရဘူး၊ အင်မတန် ကျဉ်းကြပ်ခဲ့တယ်။

သို့အတွက် မောင်ကြီးဟာ ဒီသိုက်နန်းကြီး မရှိရင်ဖြင့် မောင်ကြီးတို့မောင်နှမ အပြင် အခြား ကျွတ်လွတ်ချင်သူများပါ လွတ်လပ်ခွင့်ကို ရကြမှာပဲဆိုပြီး ဒီသိုက်နန်းကို တူးဖော်ခဲ့ခြင်း ဖြစ်တယ်။

ဒါပေမယ့် ဘဝ ဝဋ်ကြွေး မကုန်သေးလို့ ဒီသိုက်နန်းထဲမှာပဲ ပြန်ရောက်ရတာပဲ'

ဟု သက်မ ချ၍ ပြောပြလေ၏။

'ဒါကတော့ မောင်ကြီးရယ်... ပျော်တယ် မဟုတ်ပေမယ့် ကိုယ်စိမံချင်သလိုလဲ မဖြစ်ပြန်တော့ ဖြစ်ရာဘဝမှာပဲ ပျော်အောင်နေရတော့မှာပေါ့'

ဟု နှမတော်က ကံသာလျှင် အကြောင်းတရားဟူသော သဘောဖြင့် စိတ်လျှော့စကား ပြောလိုက်လေ၏။

'ဒါကတော့ ဒါပေါ့လေ... သို့ပေမယ့် လူ့ဘဝဆိုတာနဲ့ မောင်ကြီးတို့ရဲ့ ဘဝဟာ မတူယေဘူးပေါ့။ လူ့ဘဝ လူအဖြစ်ဆိုတာဟာ စီးပွားဥစ္စာကို ကိုယ့်ဟာကိုယ်လဲ ရှာနိုင်တယ်။ အလှူအတန်းလဲ ပြုနိုင်တယ်။ တို့မှာတော့ ဒီလိုမဟုတ် သူတစ်ပါးရဲ့ ဥစ္စာကိုသာ စောင့်ရှောက်နေရတယ်။ အင်း...ဘဝ...ဘဝ'

ဟု မောင်ကြီးသိုက်နန်းရှင်က ညည်းညူလိုက်လေ၏။

ထို့နောက် သိုက်နန်းရှင်သည် နှမတော်နှင့် ခွဲခွာကာ မိမိ၏အိပ်ခန်းသလွန်တော်ပေါ်တွင် လဲလျောင်း၍ နေလေ၏။**(သလွန်ပေါ်တွင် လူ့ဘဝသို့ သွားသောအခါက ထားခဲ့သော ရုပ်ကလာပ်မှာ ပြန်လည် အသက်ဝင်ခဲ့လေပြီ။ သိုက်တွင်းတွင် ငါးရက် အချုပ်ခံရစဉ်က သိုက်ဆရာညြ ဘဝနှင့် မဟုတ်ပေ။ သိုက်ဆရာညြ ရုပ်ခန္ဓာကိုယ်သည် ရောဝတီမြစ်ရေတွင် နစ်မြုပ်သေဆုံးပြီးနောက် ပျက်စီးပျောက်ကွယ်ခဲ့ပြီဖြစ်၏။**

**ဆရာညြ၏ ဝိညာဉ်က ယခု သိုက်နန်းရှင် လဲလျောင်းနေသော သလွန်ပေါ်က ရုပ်ကလာပ်တွင် ပြန်လည်ဝင်ရောက်ပြီး သိုက်နန်းရှင် အစစ်ဘဝ ပြန်ရောက်လာ၏။**

**သိုက်နန်းရှင်ကိုယ် သိုက်နန်းရှင် အသက်ဝိညာဉ်အားဖြင့် သိုက်တွင်းတွင် အချုပ်အနှောင် ခံခဲ့ရခြင်း ဖြစ်လေသည်။**

**ထို့နောက်မှ ငွေတောင်ဖြူသခင်မက အနှောင်အဖွဲ့မှ လွှတ်ပေးကာ သိုက်နန်းရှင်ဘဝကို**



www.burmeseclassic.com

www.burmeseclassic.com

**ရောက်လာလေသည်။)**

**အခန်း[ ၅ ]**

သိုက်နန်းရှင်မောင်ကြီးမှာ မထူးတော့ဟုသော သဘောဖြင့် ဖြစ်ရာဘဝမှာ ပျော်ပျော်နေတော့မည်ဟု ရည်ရွယ်ချက်ထားကာ သိုက်နန်းတွင် ပျော်ပျော်ပါးပါးပင် နေထိုင်ခဲ့လေ၏။

လူ့ပြည် လူ့ရွာ မြို့များ ပွဲလမ်းသဘင်များသို့ လူယောင်ဆောင်လျက် သွားရောက်၍ ပျော်ပါးရွှင်ပျစွာ နေလေ၏။

လူယောင်ဆောင်ကာ အပျိုလှည့်သဖြင့် မိန်းမပျိုသုံးယောက်နှင့်ပင် ချစ်ကြိုက်၍ ရည်းစားဖြစ်ခဲ့လေ၏။

ထို မိန်းမပျိုသုံးယောက်ကလည်း သူ့ကိုစွဲကြ၊ သူကလည်း သူတို့ကို စွဲနှင့် ဖြစ်သောကြောင့် ထိုသုံးယောက်စလုံးကို လိပ်ပြာနုတ်ပြီး သိုက်နန်းသို့ ခေါ်ထားကာ ကြင်ရာတော်များအဖြစ် မြှောက်စားထားလေ၏။

နမတော်ငွေတောင်ဖြူ သခင်မကမူ သူ့မောင်ကြီး စိတ်ညစ်ပြေအောင် ထင်ရာလုပ်နေသည်ကို ဘာမှ ကန့်ကွက်ခြင်း မပြုခဲ့ပေ။

ယောက်မတော်များနှင့် လိုက်လိုက်ရောရော ပြောဆိုဆက်ဆံခင်မင်စွာ နေခြင်းဖြင့် အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားလေ၏။

မောင်ကြီး သိုက်နန်းရှင်မှာ ကြင်ရာတော်များ ရှိနေသော်လည်း သိုက်နန်းတွင် မပျော်ပိုက်သဖြင့် အပြင်ကို မကြာခဏထွက်၍ အချိန်ဖြုန်းလေ့ ရှိလေ၏။



အခြားသော သိုက်နန်းသား သိုက်နန်းသူတို့အဖို့လည်း လူ့ရပ်လူ့ရွာမှာ အပျော်အပါး ပွဲလမ်းသဘင်များကို သွားရောက်ခွင့် ရခဲ့လေ၏။

သူတို့သည် လူ့ရပ်ဌာနေမှာ လည်ပတ်၍ ပွဲလမ်းသဘင်များကို ကြည့်ရှုပြီး ပြန်လာကြသောအခါ ဘုရားပန်းစည်းများ ဝယ်လာကြမြဲဖြစ်လျက် သိုက်နန်းအဝင် တံခါးပေါက်တွင်ရှိသော ရွှေအစစ်ကို သွန်းလုပ်ထားသော စေတီကလေးကို ပန်းများ ကပ်လှူကြလေ၏။

ထိုစေတီသည် သိုက်နန်းသား သိုက်နန်းသူတို့၏ ကိုးကွယ်ရာအစစ်ဖြစ်ပေ၏။ သွားစရာရှိ၍ သွားခါနီးတွင် ထိုစေတီကို ရှိခိုးမြဲ၊ ပြန်လာလျှင် ထိုစေတီကို ရှိခိုးမြဲ ဖြစ်လေ၏။

ထိုစေတီကို တစ်ရက်,တစ်ရက် အတွင်း သူ့အလှည့်နှင့်သူ အလှည့်ကျသူက ပန်းလဲပေးရလေ၏။

ထိုပန်းလဲရသော အလုပ်ကို သိုက်နန်းသူ သိုက်နန်းသားတို့ ကရိကထများဖြင့် ပျင်းရိကြ၏။ **(သိုက်နန်းတွင်း၏ တစ်ရက်ကား လူတို့၏ တစ်ရက်နှင့် အချိန်ကွာခြားပုံ ရလေသည်။)**

တစ်နေ့တွင် သိုက်နန်းရှင် မောင်ကြီးသည် နောင်တော်ဖြစ်သော မြွေကြီးကိုစီး၍ ခရီးလှည့်သွားနေလေ၏။

ညီငယ်မြွေမှာလည်း မြွေလူးလယ်သို့ သွား၍ လူးနေလေရာ သိုက်နန်းသား သိုက်နန်းသူတို့မှာလည်း အထဲတွင် အေးအေးဆေးဆေး နေထိုင်လျက် ရှိကြသဖြင့် အလစ်ချောင်းကာ ရောက်ရှိလာသော ရန်သူကို မမြင်မိကြပေ။

အစွမ်းထက်သည့် **သိုက်ဆရာကြီး "ဆရာညွန့်"**သည် ပုန်းလျှိုးကွယ်လျှိုး လာရောက်၍ သိုက်နန်းမုခ်ဝ တံခါးကို ဆေးကြိမ်နှင့် ရိုက်ကာ ဖွင့်လိုက်လေ၏။

သိုက်နန်းသား သိုက်နန်းသူများကို မလှုပ်ရှားနိုင်အောင် သူ့ဆေးအစွမ်းဖြင့် ချုပ်ထားလိုက်လေ၏။

ထိုအချိန်တွင် ရွှေပေလွှာစောင့်လူသူတော်ကြီးများမှာ သိုက်နန်းတွင် မရှိဘဲ အတန်ဝေးလံသော တောင်တန်းပေါ်တွင် တောရကျင့်သုံးနေသည့် ရသေ့ကြီးတစ်ဦးထံ၌ တရားနာ၍ ကောင်းနေကြခိုက် ဖြစ်နေလေ၏။

သိုက်ဆရာညွန့်သည် ပွင့်သွား



www.burmeseclassic.com

www.burmeseclassic.com

သော သိုက်နန်းတံခါးမှ ကျောက်လှေကားကို နင်း၍ လိုဏ်ထဲသို့ ဆင်းသွားလေ၏။

လိုဏ်နံရံများမှာ ကျောက်သားဖြစ်၏။ အဝင်ဝတုန်းက အမြင့်မှာ လူတစ်ရပ်လွတ်ရုံ ကြမ်းပြင်မှာ ငါးတောင်ခန့်မျှသာ အကျယ်ရှိသော်လည်း အတွင်းသို့ ဆင်းလာသောအခါ အမြင့်ဆယ်တောင်၊ ကြမ်းပြင်အနံ ဆယ့်နှစ်တောင်ခန့်မျှ ကျယ်သည်ကို တွေ့ရလေ၏။

လိုဏ်ခေါင်းကြီးမှာ တောင်ခြေကို မြေအောက်မှ တကွေ့တပတ်ကြီး သွားလေရာ ထိုလိုဏ်ခေါင်းအဆုံးတွင် အထွက်ပေါက်ဟူ၍ ကယ်ပေါက်သဖွယ် ရှိနေပြန်လေ၏။

လိုဏ်ခေါင်းကြီးကို ဝင်လာခဲ့ပြီး အတွင်းပိုင်းသို့ ရောက်မှ ရွှေငွေရတနာတို့ကို ဆန်းဆန်းပြားပြား ခမ်းခမ်းနားနား သူ့အခန်းနှင့်သူ အစုအပုံအလိုက် တွေ့မြင်ရလေ၏။

သိုက်ဆရာညွန့်နှင့် တပည့်တို့မှာ ထိုရတနာများကို မြင်ရသောအခါ လိုချင်မှုလောဘ ပိုမို ထကြွလာရလေ၏။

ထိုသိုက်ဆရာညွန့်မှာ တပည့် သိုက်ဆရာ (၄)ယောက် ပါလာကြလေရာ သူတို့၏အစွမ်းဖြင့် သိုက်နန်းတွင်းမှ ရတနာအားလုံးကို သိမ်းကျုံးယူငင်နိုင်ကြလိမ့်မည်ဟု မှတ်ထင်ကြလေ၏။

သိုက်ဆရာညွန့်သည် တပည့်ကြီးအား သိုက်နန်းရှင်မကို ကြိုးနှင့် အတုပ်အနှောင် ခိုင်းလိုက်လေ၏။ ပြီးမှ ဆရာကြီးက...

'အသင် ငွေတောင်ဖြူသိုက်နန်းရှင်မ ကျွန်ုပ်တို့အား သင်၏ ရတနာအားလုံးကို ယူခွင့်ပြုပေတော့။

ကျွန်ုပ်တို့သည် ဤရတနာများကို လိုချင်၍ပင် သိုက်နန်းထဲသို့ စွန့်စွန့်စားစား ဝင်ရောက်ရခြင်း ဖြစ်ပါတယ်။

သင်သည် အသာတကြည်နဲ့ ခွင့်ပြုပါက ကျွန်ုပ်တို့သည် သင်အား မညှဉ်းပန်းဘဲ ကျွန်ုပ်တို့ အလိုရှိရာ ယူဆောင်၍ ပြန်ကြပါမယ်'

ဟု ပြောလေ၏။

'အသင်သိုက်ဆရာကြီး... မှန်တဲ့အတိုင်း ပြောရရင် ဤရတနာများကား ကျွန်ုပ်တို့ ပိုင်ဆိုင်ခြင်း မရှိပါ။ နောင်ပွင့်လာမည့် ဘုရားရှင်ရဲ့ ကျောင်းတော် ဆောက်ရန် ရည်ရွယ်ချက်ဖြင့် လှူဒါန်းထားခဲ့သော ဘဏ္ဍာများ ဖြစ်ပါတယ်။

ကျွန်ုပ်တို့မှာ ဤရတနာများကို တစ်စုံတစ်ယောက်အား ယူပါဟု ပေးနိုင်ခွင့် မရှိ၊ သင်တို့ စွမ်းနိုင်ရင် သင်တို့အစွမ်းဖြင့် ဤရတနာများကို ယူဆောင်သွားခြင်းကို ကျွန်ုပ်တို့ ကန့်ကွက်နိုင်ခြင်းတော့ မရှိလေပါ။

သို့သော်လဲ ကျွန်ုပ်တို့ အစွမ်းရှိသမျှ ခုခံကာကွယ်ရမည်မှာ ကျွန်ုပ်တို့၏ တာဝန်သာ ဖြစ်ပေတယ်'

ဟု မကြောက်မရွံ့ ရဲရဲဝံ့ဝံ့ပင် ပြန်လည် ပြောဆိုလေ၏။

'အသင်ကား ခေါင်းမာလှပါကလား ကောင်းပြီ... ကျွန်ုပ်တို့သည် ဤရတနာတို့ကို အဝေးသို့ ယူဆောင်မသွားမီ သင့်အား နှိပ်စက်ညှဉ်းပန်း ပင်ပန်းခွမ်းလျအောင် ကြိမ်စာကျွေးဦးမယ်။ ပြီးတော့မှ ရတနာအားလုံးကို ဆောင်ကြဉ်းသွားကြမယ်'

ဟု ပြောလျက် တပည့်တစ်ယောက်ဘက် လှည့်ကာ...

'ဘယ်မလဲ တပည့်ရေ... ဆရာ သိမ်းခိုင်းထားတဲ့ ဆေးကြိမ်၊ ပေးစမ်းကွယ့်'

ဟု ပြောလိုက်လေ၏။

'ဒီမှာပါ ဆရာ'

ဟု တပည့်က ဆေးကြိမ်လုံးကို ဆရာ့လက်သို့ အပ်နှင်းလိုက်၏။

ဆရာသည် ကြိမ်ကို လွှဲကာ ငွေတောင်ဖြူသခင်မကို ရိုက်နှက်ရန် ရည်ရွယ်လိုက်ရာ လျှပ်တစ်ပြက်အတွင်းမှာပင် "**ခွမ်း**" **ခနဲ** ဟူသော အသံကြီးကို ကြားရပြီးလျှင် သိုက်ဆရာညွန့်၏ ဦးခေါင်းသည် အစိတ်စိတ်ကွဲကာ နေရာတွင်ပင် ဟပ်ထိုးလဲကျသေဆုံးလေ၏။

တပည့်များမှာ အံ့အားသင့်နေကြရာ သူတို့ အံ့သြ၍ မဆုံးသေးမီးပင် "ခွပ်...ခွပ်...ခွမ်း...ခွမ်း" ဟူသော အသံများ ထွက်ပေါ်လာပြီးနောက် တပည့်ငယ်သား အားလုံး အတုံးအရုံးပင် ခေါင်းကွဲ သေဆုံးကြကုန်လေ၏။

အကြောင်းမူကား သိုက်နန်းရှင်မောင်ကြီးသည် အချိန်မီ သိုက်နန်းသို့ ပြန်ရောက်ကာ သိုက်ဆရာနှင့် တပည့်များကို ကျောက်တင်းပုတ်ကြီးနှင့် အတင်း ဝင်ထုခြင်း ဖြစ်လေ၏။

သိုက်ဆရာညွန့် သေဆုံးသည့် အချိန်မှာပင် အနှောင်အဖွဲ့ ဆေးမိနေကြသော သိုက်နန်းသား သိုက်နန်းသူတို့အားလုံး အနှောင်အဖွဲ့မှ လွတ်ကုန်ကြလေ၏။

ထိုအခါမှ သိုက်နန်းရှင်မသည် မောင်ကြီး၏ခါးကို ဖက်ကာ...



www.burmeseclassic.com

www.burmeseclassic.com

'မောင်ကြီး အချိန်မီ ရောက်လာလို့သာ နှမတော် ချမ်းသာရာ ရတော့တယ်'

ဟု ဝမ်းသာအားရ ပြောမိ၏။

'ပစ္စည်းကို ယူရုံတင် မဟုတ်ဘဲ လူကိုလဲ နှိပ်စက်ညှဉ်းဆဲချင်သေးသတဲ့ မောင်ကြီးရဲ့'

ဟု ဆက်၍ ပြောလိုက်၏။

'ဘယ်သူ ဘယ်လိုကြံကြံ မရနိုင်ပါဘူး နှမရယ်... ဒီသိုက်နန်းက အဖိုးတန် ရတနာတွေဟာ ဘုရားရှင်သို့ ရည်စူးထားတဲ့ ရတနာတွေပါ'

ဟု သိုက်နန်းရှင်က ပြောလိုက်လေ၏။

'ပသို့ပင်ဖြစ်စေ... နှမတော်မှာ ဘေးများလွန်းတဲ့အတွက် ခရီးဝေးဝေး မောင်ကြီး မသွားဘဲနေပါလား'

ဟု နှမတော်က တောင်းပန်လိုက်လေ၏။

'စိတ်ချလက်ချသာ စံမြန်းနေပါ။ နှမတော်မှာ ဘေးမသီ ရန်မခအောင် မောင်ကြီး စောင့်ရှောက်နေမှာပေါ့'

ဟု သိုက်နန်းရှင်မောင်ကြီးက နှစ်သိမ့်လိုက်လေ၏။

**အခန်း[ ၆ ]**

ဆေးဆရာ ဦးစက်ဝင်းသည် အသက်သုံးဆယ်ကျော်လာပြီ ဖြစ်လျက် **ဧရာဝတီနှင့် မူးမြစ်အကြားမှ ရွာတစ်ရွာ(ဆိပ်ခွန်များလား)** တွင် ယခုတိုင် နေထိုင်လျက် ရှိလေ၏။

ဆရာသည် ဆေးကု၍ အသက်မွေးခဲ့၏။ အိမ်ထောင်ကျခဲ့ပြီးဖြစ်၍ ဆရာတွင် သားသမီးလေးယောက်ပင် ရရှိခဲ့ပြီး ဖြစ်လေ၏။



သမီးကြီးချိုချို၊ သားကြီးဘိုဘို၊ မောင်တင်နှင့် သမီးငယ် မခင်နွဲ့တို့ ဖြစ်လေ၏။ သူ့ဇနီးမှာ ဒေါ်တင်စန်း ဖြစ်၍ စီးပွားအခြေခံ တောင့်တင်းသူ ဖြစ်လေ၏။

ဆရာဦးစက်ဝင်းသည် အသက်မွေးဝမ်းကျောင်းအတွက် တိုင်းရင်းဆေးဝါးဖြင့် ဆေးကု လှည့်လည်ရလေရာ တစ်ကြိမ်တွင် ဧရာဝတီမြစ် အရှေ့ဘက်ရှိ ရွာတစ်ရွာသို့ ရောက်သွား၏။

ထိုရွာက အသိတစ်ယောက် အိမ်မှာ စတည်းချရင်း အနီးအနားရှိ ရွာများသို့ ခြေလျင် လှည့်လည် ဆေးကု၏။

ဆရာမှာ နာမည်ကြီးသူ ဖြစ်လေရာ ဆရာ့ထံတွင် ဆေးကုလာသူ၊ ဆေးဝါးတောင်းရန် လာသူတွေ ပေါများလှလေ၏။

တစ်နေ့တွင် လှည့်နေကျ ရွာတစ်ရွာ အတွင်းမှ ဖြတ်သန်းသွားရာ ရွာလမ်းထဲတွင် မိန်းမပျိုတစ်ယောက်နှင့် ရင်ဆိုင်တွေ့၍ နေရလေ၏။

ထိုမိန်းမပျိုက ဆရာ့အား စိုက်၍ ကြည့်ရင်း ချဉ်းကပ်လာရာ ဆရာမှာလည်း ထိုမိန်းမပျိုအား ကြည့်ရင်း အသိတစ်မျိုး ဝင်လာကာ အံ့အားသင့်၍ နေလေ၏။

မိန်းမပျိုကား ရှက်မနေအားတော့ဘဲ ဆရာ၏ခါးကို အတင်းဝင်ဖက်ကာ...

'မောင်မောင် ခုမှ တွေ့ရတော့တယ်'

ဟု ပြောလျက် မျက်ရည်များ စီးကျလာလေ၏။

ဆရာလည်း အသံ တုန်တုန်ယင်ယင်နှင့်...

'မင်း လူ့ပြည်ရောက်လာတာ



www.burmeseclassic.com

www.burmeseclassic.com

ဘယ်လောက်ကြာပြီလဲ စောစော'

ဟု မေးလိုက်၏။

'အနှစ် နှစ်ဆယ် ရှိပြီ။ မောင်မောင်ရဲ့ သတင်းကို စုံစမ်းတာ၊ ဘယ်မှာမှ မသိရဘူး။ တွေ့မယ့် တွေ့တော့လဲ မမျှော်လင့်ဘဲ တွေ့ရတယ်။ ခု မောင်မောင် ဘယ်မှာလဲ'

ဟု ခပ်လောလော မေးလိုက်သောကြောင့် ဆရာကလည်း သူ့လုပ်ငန်းနှင့် တည်းခိုနေရာ ရွာအမည်ကို ပြောပြလိုက်လေ၏။

'ခုတော့ ဟန်ဆောင်နေဦး စောစော၊ လူတွေ သိကုန်မယ်။ အခွင့်သာတဲ့နေ့မှ ဆရာတည်းတဲ့အိမ်ကို လာခဲ့ပါ။ အဲဒီတော့မှ အကြောင်းစုံ ပြန်ပြောကြမယ်'

ဟု ဆိုကာ ဆရာသည် စောစော (ရှေးဘဝကနာမည်)အား နှစ်သိမ့်စကား ပြောရလေ၏။

သုံးရက်ကြာမှ ဆရာ ဦးစက်ဝင်းသည် တည်းခိုသော အိမ်တွင် စောစောနှင့် တွေ့ဆုံကြရလေ၏။ ဆရာ၏မေးမြန်းမှုကြောင့် စောစောက အကြောင်းစုံကို ရှင်းပြရလေ၏။

'မောင်မောင် သိုက်နန်းက လူ့ပြည်ကို စိတ်ပြေလက်ပျောက် သွားနေတော့ ကျွန်မရယ်၊ မောင်မောင်ရဲ့ဇနီးသည် နှစ်ယောက်ရယ်လေ မောင်မောင်ကို သိပ်သတိရကြတယ်။

ဒါနဲ့ ဘာပဲဖြစ်ဖြစ်ဆိုပြီး ကျွန်မနဲ့ ခင်ကြေးမုံတို့ဟာ မောင်မောင်ရှိရာ လူ့ပြည်ကို လိုက်ကြမယ်ဆိုပြီး သက်ဆိုင်ရာ ပုဂ္ဂိုလ်ကြီးနဲ့ ငွေတောင်ရှင်မယောက်မတော်ထံ ခွင့်တောင်းကြတယ်။

သူတို့က ခွင့်ပြုတယ်။ ယောက်မတော်က ကျွန်တစ်ယောက်ကိုတော့ သူမှာ အဖော်မရှိလို့ နေရစ်ပါလို့ တားမြစ်တယ်။ ဒါနဲ့ ကျွန်မတို့လဲ လူ့ဘဝကို ဝင်စားပြီး ရောက်လာကြပါတယ်။

ခင်ကြေးမုံကတော့ ဘယ်မှာ ဝင်စားတယ်ဆိုတာ မသိရပေမယ့် ကျွန်မ စောစောကတော့ ဒီဒေသမှာ လူ့ဘဝ ရောက်လာပါတယ်။

သိတတ်စ အရွယ်ကတည်းက မောင်မောင်ကိုတွေ့ဖို့ ဂရုတစိုက် ရှာဖွေခဲ့ပါတယ်'

ဟု စောစောက သနစ်စုံ ရှင်းပြလေ၏။

'လူ့သက်တမ်း ဘယ်နှနှစ်လောက် အခွင့်ရခဲ့သလဲ'

ဟု မောင်မောင် (ခေါ်) ဆရာ ဦးစက်ဝင်းက မေးမြန်းကြည့်ရာ...

'မောင်မောင်နဲ့ လူ့ဘဝမှာ မဆုံရင် အနှစ်သုံးဆယ်၊ မောင်မောင်နဲ့ဆုံရင် မောင်မောင်ပြန်တဲ့အချိန် သိုက်နန်းကို အတူပြန်ခဲ့ပါမယ်လို့ ဝန်ခံခဲ့ပါတယ်'

'အင်း... အလာကောင်းပေမယ့် အခါနှောင်းပေမှကိုး စောစောရယ်... မောင်မောင်က အခုအချိန်မှာ အိမ်ထောင်ကျနေပြီကွယ့်။

အဲဒီတော့ မောင်မောင်နဲ့ စောစောတို့ဟာ သန့်ရှင်းသော ချစ်ခြင်းနဲ့ မောင်နှမရင်းအသွင် လူ့ရပ်ရွာမှာ နေရမှာနဲ့ တူပါရဲ့ကွယ်'

'မောင်မောင်ရယ်... တကယ်လို့ ကျွန်မကို ယူရင် မဖြစ်ပေဘူးလား၊ စောစောကတော့ အစဉ် မေတ္တာပို့သလျက်ပါ'

'မလွယ်ဘူးကွယ့်... လူ့ဘဝဆိုတာ မိဘအုပ်ထိန်းသူတွေ ပတ်ဝန်းကျင်က လူတွေနဲ့ နေရတာဆိုတော့ သူတို့ဆီမှာ ရှိလာခဲ့တဲ့ အစဉ်အလာတွေအတိုင်း စည်းကမ်းတကျ နေထိုင်ရမှာပဲ'

'ဒီလိုဆိုရင် စောစောကတော့ အပျိုဘဝနဲ့ပဲ လူ့ဘဝမှာ နေပါတော့မယ်။ အိမ်ထောင်မပြုပါဘူး'

'အဲသလိုလဲ မဟုတ်ဘူးပေါ့ စောစောရယ်၊ နှစ်သက်တာ တွေ့ရင် အိမ်ထောင်ပြုပါ။ တစ်ဘဝဆိုလဲ တစ်ဘဝပါပဲ။ နှစ်သိမ့်မှုဆိုတာ ရှာဖွေရတာပ'

'စောစောကတော့ မောင်မောင်ကို ချစ်စိတ်ပွားရင်းပဲ အချိန်ကုန်ပါစေတော့ မောင်မောင်'

စောစောကား သူ့စကားအတိုင်း ကတိတည်ခဲ့လေ၏။

ယခုထက်တိုင် ဆရာဦးစက်ဝင်းအား သစ္စာစောင့်နေဆဲဖြစ်၏။

ဆရာက လက်ထပ်ယူလျှင် စောစော လက်ခံမည်ဖြစ်၏။ သို့သော် သမားဂုဏ်နှင့် သိက္ခာသမာဓိရှိအောင် နေရသော ဆရာဦးစက်ဝင်းမှာ ဇနီးနှစ်ယောက်ယူခြင်း မပြုဘဲ နေ၏။

အနယ်နယ် အရပ်ရပ် လှည့်လည်ရင်း ဆေးဝါးကုသခြင်း၊ ဖြန့်ဝေခြင်းပြုနေသော ဆရာသည် သိုက်နန်းမှ ဇနီးဟောင်း ''ခင်ကြေးမုံ''ကို လူ့ဘဝတွင် ပြန်တွေ့ရအောင် ရှာဖွေနေရချေ၏။

သို့သော်လည်း မတွေ့ရသေးချေ။

နှမတော် ငွေတောင်ဖြူသခင်မကမူ ခင်ကြေးမုံရှိရာ ဒေသကို သူ့အား ညွှန်ကြားဖူး၏။ သူကလည်း ထိုနယ်ကိုပင် မကြာခဏ သွားရောက်၍ စုံစမ်းနေဆဲ ဖြစ်လေ၏။

ခင်ကြေးမုံသည် မြန်မာနိုင်ငံ မြောက်ပိုင်းက တိုင်းရင်းသူ ရွာ

(စာမျက်နှာ ၂၄၀) သို့



www.burmeseclassic.com

www.burmeseclassic.com



# ညောင်လင်မယား (၁)

ဦးကျော်ဟိုး
(မြန်မာသမားတော်ကြီး)
(သထုံမြို့)





ယခု ဖော်ပြသော ညောင်လင်မယားနှစ်ပင်သည် တကယ်ဖြစ်ခဲ့သော ဇာတ်လမ်းဖြစ်၍ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ပရိသတ်များ သိရှိရန် တင်ပြလိုက်ပါသည်။

သာသနာအစ သုဝဏ္ဏဟု နာမတွင်ပြီး သမိုင်းတွင် ထင်ပေါ်ခဲ့သော သထုံမြို့ကြီးတွင် ဦးမင်းဒင်နှင့် ဒေါ်စိန်စိန်တို့မှာ ရွှေ့ငွေ့ဥစ္စာပြည့်စုံချမ်းသာပါသော်လည်း သားသမီးရတနာ မထွန်းကားသဖြင့် နတ်ကတော်၊ ဗိန္ဒောဆရာ၊ ဆရာဝန်ကြီးများနှင့် စစ်ဆေးကြံစည်ပါသော်လည်း သားသမီးရနိုင်ပါသည်ဆိုသော အဖြေသာ ရခဲ့ပါသည်။ သို့သော် မရရှိခဲ့ပါ။

အိမ်ထောင်သက် (၁၈)နှစ် ဒေါ်စိန်စိန် အသက်(၃၈)နှစ်ကျမှ သမီးဦးလေး တစ်ယောက်ကို မွေးဖွားခဲ့ပါသည်။ ထိုသမီးလေး ကိုယ်ဝန်ရှိမှ စီးပွားက ပိုပြီးတက်လာပါသည်။ သမီးလေးမွေးပြီး မကြာမီမှာ ရွှေဆိုင်နှင့် ရွှေပန်းထိမ်ဆိုင်ကြီးများကို ဖွင့်လှစ်ခဲ့ပါသည်။ သမီးလေး၏ အမည်ကိုလည်း အမေ၏





www.burmeseclassic.com

www.burmeseclassic.com

အမည် ကိုပါအောင် “**မရွှေစိန်**”ဟု အမည် ပေးခဲ့ပါသည်။

သမီးလေး အရွယ်ရောက်ခဲ့သော အခါ သထုံမြို့တွင် အချောအလှမှာ ပြောစရာမရှိ အလိမ္မာခဲလေး ကွမ်းတောင်ကိုင် ပန်းတောင်ကိုင် ဖြစ်ခဲ့ပါတော့သည်။

မိဘဆွေမျိုးအပေါင်းတို့၏ ချစ်ခင်ယုယ အလိုလိုက် အကြိုက်ဆောင်ကြသဖြင့် မရွှေစိန်လေးကလည်း လိုချင်တာ မှန်သမျှ ရမှ၊ လုပ်ချင်တာ မှန်သမျှ လုပ်ရမှ ကျေနပ်သူ ဖြစ်ပါသည်။

ထို့ကြောင့်ပင် လူငယ်တို့ သဘာဝ ချစ်သူများ ဝိုင်းဝိုင်းလည်နေသော်လည်း မိဘဆွေမျိုးတို့၏ ဂုဏ်ရှိန်ကြောင့် အနားမကပ်ရဲကြပါ။

ထို့ပြင် ဖခင်ဖြစ်သူ ဦးမင်းဒင်က တစ်ချိန်တုန်းကဆိုရင် လူမိုက်ထိပ်ခေါင် လက်ရဲဇက်ရဲဖြစ်ပြီး ငွေကြေးချမ်းသာသောကြောင့် ကာလသားများ အနားမကပ်ရဲကြပါ။

သို့သော် ဦးမင်းဒင်တို့၏ ရွှေပန်းထိမ်ဆိုင်တွင် ပညာသင်အဖြစ် အလုပ်လုပ်နေသော မောင်တင်ဝင်း ဆိုသော ကောင်လေးတစ်ယောက်ကို သမီးဖြစ်သူ မရွှေစိန်လေးက ချစ်ခင် နှစ်သက်နေသည်ကိုတော့ မိဘများ မသိရှာကြ။

မောင်တင်ဝင်းကလည်း ဆင်းရဲပြီး ပညာမသင်နိုင်တာက လွဲပြီး ရိုးသားသည်။ ရုပ်ရည်လေးကတော့ ယောကျ်ားပီသသည်။ လူချောလေးဟု ခေါ်နိုင်လောက်အောင် ချောပါသည်။

ထို့ကြောင့် မရွှေစိန် စိတ်ဝင်စားပြီး သူကစ၍ ကောင်လေးဆီကို သွားပြီး လက်တို့၍ စကားပြောခြင်း၊ သူ့ထက် တစ်နှစ်ကြီးသောကြောင့် “**အစ်ကိုဝင်း**”ဟု ခေါ်ပြီး…

‘အစ်ကို့မှာ ချစ်သူရှိလား ဘယ်သူလဲ’

ဟု မေးပါတော့သည်။ မောင်တင်ဝင်းက…

‘အစ်ကို့မှာ ချစ်သူမရှိပါဘူး။ အစ်ကိုတို့လို ဆင်းရဲသားလူမွဲတွေကို ဘယ်သူက ချစ်မှာလဲ’

ဟု မောင်တင်ဝင်းက ပြောသော အခါ မရွှေစိန်က…

‘ညီမကတော့ မေတ္တာမှာ အဆင့်အတန်း မခွဲခြားပါဘူး။ နှစ်ဦးနှစ်ဖက် ချစ်ကြဖို့ အရေးကြီးပါတယ်။ ညီမက အစ်ကို့ကို ချစ်လို့ ဒီကိုလာပြီး စကားလာပြောတာဆိုရင် အစ်ကို လက်ခံမလား၊ အစ်ကို ပြန်ပြီးတော့ ညီမကို ချစ်မလား’

ဟု ဖြောင့် ဖွင့်ပြောပါတော့သည်။

ထိုအခါမှာတော့ မောင်တင်ဝင်းက တောင်ကြည့်မြောက်ကြည့် အထိတ်တလန့်ပုံနှင့်…

‘မလုပ်ပါနဲ့ ညီမရယ်… အနူလက်နဲ့ ရွှေခွက် မကိုင်ရဲပါဘူး။ လူကြီးတွေ သိရင် အလုပ်ပြုတ်သွားပါ့မယ်။ ညီမလေးလဲ အလုပ်ရုံထဲကို မလာပါနဲ့နော်၊ အစ်ကို့ကို သနားရင် အခုပဲ မြန်မြန်သွားပါတော့’

ဟု တောင်းပန်စကား ပြော၍ မရွှေစိန်ကို နှင်လွှတ်ပါတော့သည်။

ထိုအခါကျမှ မရွှေစိန်လေးက အပြုံးနှင့် လှျာလေးထုတ်ပြပြီး…

‘နောက်တစ်ခေါက်လာရင် ညီမ စိတ်ချမ်းသာအောင် အဖြေပေးဖို့ စဉ်းစားထားနော်’

ဟု ပြောပြီး အိမ်ကြီးပေါ်ကို တက်သွားပါတော့သည်။

မောင်တင်ဝင်းသည် ယခုမှ ပညာသင်ဖြစ်၍ သူ့ဆရာနှင့်တခြား အလုပ်သမားများသိလျှင် ဒုက္ခဖြစ်တော့မှာဟု တွေးပြီး စိတ်မကောင်းဖြစ်ရပါတော့သည်။

သို့သော် သူ့ကိုယ်သူ ပြန်၍ မေးခွန်းထုတ် ကြည့်သောအခါ မရွှေစိန်လေးကို အလုပ်ရုံကို ရောက်ခါစ မြင်ဖူးသည့်နေ့ကစ၍ ချစ်မိပါသည်။ သို့သော် အဆင့်အတန်းချင်းက ကွာခြားလွန်းသောကြောင့် စိတ်မကူးရဲပါ။

ယခုတော့ သူ့ဆီကို မရွှေစိန် ကိုယ်တိုင်လာပြီး မေတ္တာစကားတွေကို ရေလာမြောင်းပေး ပြောသွားပါ၍ ယုံနိုင်စရာ မရှိတော့ပါ။

ယခုအခါမှာတော့ သူတို့နှစ်ယောက် (၃)လဆိုသော ကာလအတွင်းမှာ ချစ်သူဘဝကို ရောက်ရှိနေကြပါပြီ။ မောင်တင်ဝင်းခမျာ ကြောက်ကြောက်ရွံ့ရွံ့နှင့် မရွှေစိန် ဦးဆောင်ရာကို မလွန်ဆန်နိုင်။

မနက်ဖြန် အလုပ်ပိတ်ရက်ဖြစ်၍ မောင်တင်ဝင်းနေသော ရပ်ကွက်မှာ လိပ်အင်းရပ်ကွက်ဖြစ်၍ နံနက်(၁၁)နာရီမှာ အိမ်က လူကြီးတွေကို လိမ်ပြီး မောင်တင်ဝင်းအိမ်ကို လာမည် စောင့်နေပါ ဆိုသဖြင့် နှလုံးတုန်ရင်ခုန်စွာဖြင့် မောင်တင်ဝင်း စောင့်နေပါသည်။

မောင်တင်ဝင်းမှာ အဖေ မရှိပါ။ အမေ မုဆိုးမကြီးနှင့် (၇)နှစ်အရွယ် ညီမလေးတစ်ယောက်သာ ရှိပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။

အမေဖြစ်သူက...

'သားလေး တစ်နေ့ ဒုက္ခရောက်လိမ့်မယ်။ ယမီသောပန်းကို မလှမ်းသင့်ပါရှောင်ပါ'

ဟု အကြိမ်ကြိမ် ပြောနေသည့်ကြားမှ ယခု (၁၁)နာရီအိမ်ကို လာမည်ဆိုသောကြောင့် အမေဖြစ်သူက စိတ်ပူပြီး ကြောက်လန့်နေပါသည်။

မကြာပါ ဆိုက်ကားနှင့် စားစရာတွေ အထုပ်တွေနှင့် မရွှေစိန်ရောက်လာပြီး အိမ်ကို ရောက်လျှင်ရောက်ချင်း မောင်တင်ဝင်း၏ အမေကို...

'အမေ ထမင်းစားပြီးပြီလား'

ဟု ပြောပြီး....

'အစ်ကို ရော့... ဒါတွေ ဝိုင်းယူပါဦး'

ဆိုပြီး စားစရာများနှင့် အဝတ်အထည်တွေပါ ကမ်းပေးနေပါတော့သည်။

မောင်တင်ဝင်း အမေကလည်း...

'ဟဲ့...သား ဝိုင်းယူလိုက်ပါကွယ် သမီးလေးကလဲ ဘာတွေများ ဝယ်လာခဲ့သလဲကွယ်၊ မဝယ်ပါနဲ့'

ဟု ပြောပါသည်။ အဲဒီတော့ မရွှေစိန်လေးက...

'အမေဝတ်ဖို့ရယ်၊ အစ်ကိုဝတ်ဖို့ရယ်၊ အခုစားဖို့ မုန့်ထုပ်တွေပဲပေါ့'

ဟု ပြောပြီး ဝယ်လာသောပစ္စည်းများကို မောင်တင်ဝင်းလက်သို့ လှမ်းပေးရင်း အိမ်ပေါ်တက်ပြီး မောင်တင်ဝင်းအနားမှာ ဝင်ထိုင်နေပါတော့သည်။

မောင်တင်ဝင်းတို့လည်း အမေ့ရှေ့မှာ အလိုက်အထိုက် အပြုံးနှင့် ဆက်ဆံရင်း...

'ညီမရယ်... အစ်ကို့အိမ်ကို အခုလိုလာတာ ဝမ်းသာပါတယ်။ ညီမတို့ တိုက်လိုတော့ အဆင်မချောပါဘူး။ နောက်ပြီး ညီမလာတာ လူကြီးတွေ သိသွားရင် အားလုံး ဒုက္ခရောက်မှာ စိုးရိမ်လို့ပါ။ အစ်ကို အလုပ်မှန်မှန် ဆင်းနေရရင် ညီမရဲ့ မျက်နှာကို နေ့စဉ် တွေ့နေရရင် ကျေနပ်လှပါပြီကွယ်'

ဟု ပြောပြီး သူ့အမေကို လှမ်းကြည့်လိုက်ပါသည်။ မောင်တင်ဝင်း အမေကလည်း အလိုက်သိစွာဖြင့်...

'သားရေ...အမေ မအေးတို့အိမ် ခဏသွားလိုက်ဦးမယ်'

ဟု ပြောဆိုပြီး အပြင်ထွက်သွားပါတော့သည်။

မောင်တင်ဝင်းနှင့် မရွှေစိန်တို့မှာ လူငယ်တို့သဘာဝအတိုင်း အိမ်အတွင်းခန်းဝင်၍ ဘဝရှေ့ရေး ဆွေးနွေးတိုင်ပင်ကြပါတော့သည်။

ထိုအချိန်တွင် မရွှေစိန်က...

'အစ်ကို ညီမတို့ ဒီလိုပဲ နေကြတော့မလား'

ဟု မေးပါတော့သည်။

မောင်တင်ဝင်းက...

'အစ်ကို့မှာ နဂိုစကတည်းက ဆင်းရဲမွဲတေသူဖြစ်လို့ ကြီးမားတဲ့ မေတ္တာထုထည်ကလွဲပြီး တခြား ဘာမှ မရှိပါဘူး။ ညီမ စီမံသမျှ အစ်ကို လိုက်နာဆောင်ရွက်ပေးပါမယ်'

ဟု ကတိပြု၍ အာမခံလိုက်ပါသည်။

'အစ်ကိုသာ ကတိတည်ပါစေ၊ ညီမ အခု အိမ်ကို ပြန်ပြီး ပစ္စည်းတွေ စုဆောင်းပြီး အစ်ကိုနဲ့ ညီမတို့ ဝေးရာမှာ ဘဝကို ထူထောင်ကြတာပေါ့၊ ညီမ အခုပြန်တော့မယ်'

ဟု ပြောပြီး မောင်တင်ဝင်း၏ ပါးလေးကို မွှေးမွှေးပေးပြီး ပြန်သွားပါတော့သည်။

မောင်တင်ဝင်းတို့ အချစ်ဇာတ်လမ်းဖြစ်စဉ် အချိန်အခါမှာ သူတို့ ခရိုင်အတွင်း ဘုံပုန်များ မကြာခဏ ဝင်ရောက် တိုက်ခိုက်ခြင်း အဝေးမှ



www.burmeseclassic.com

www.burmeseclassic.com

မော်တာနှင့် မြို့တွင်းကို ပစ်သွင်းခြင်းများ မကြာခဏ ပြုလုပ်သောချိန်ခါသမယဖြစ်၍ လူများသေလျှင် သထုံမြို့ နန်းခဲသုသာန်နှင့် နေမိန္ဒရတောင်ခြေ လေယာဉ်ကွင်းအနီးတို့တွင် သင့်သလို မြှုပ်နှံရသော အချိန်အခါဖြစ်၍ သောင်းကျန်းသူများ သောင်းကျန်းသော အချိန်အခါ ဖြစ်ပါသည်။ ၁၉၅၀–၅၂ ခုနှစ်လောက်ဖြစ်၍ နှစ်ပေါင်း(၅၀)ကျော် ရှိခဲ့ပါပြီ။ သို့သော် ဒီဇာတ်လမ်းက မပြီးဆုံးသေးပါ။

မရွှေစိန်လေး ပြန်သွားလို့ သူ့အိမ်ကို ဝင်လိုက်သည်နှင့် ဖခင်ကြီး ဦးမင်းအင်နှင့် အဒေါ်ဖြစ်သူတို့က ညှော်ခန်းမှာ ထိုင်နေကြသည်ကို တွေ့ရပါတော့သည်။

အဲဒီအချိန်က ယခု နာရီစင်နှင့် အပေါ်ဈေးသည် ရဲစခန်းဖြစ်၍ မရွှေစိန်တို့ အိမ်မှာ မင်းလမ်းဖြစ်၍ ရဲစခန်းနှင့် မျက်နှာချင်းဆိုင်မှာ ဖြစ်ပါသည်။

ဖခင်ဖြစ်သူ ဦးမင်းအင်က…

'ဟဲ့ သမီး… ဒီမှာ ထိုင်ပါဦး။ သမီး ဘယ်ကိုများ သွားနေလဲ'

ဟု မေးပါသည်။

'ဘုရားရုံပိုင်းက အေးမြင့်တို့ အိမ်မှာ သွားလည်တာပါ အဖေ'

ဟု ဖြေလိုက်ပါသည်။

'ဒီမှာ နင့်အဒေါ်လဲ သမီးအတွက် ပူလို့ အခု လာပြီး အဖေနဲ့ တိုင်ပင်တာကွယ့်၊ တခြားမဟုတ်ဘူး အဖေလဲ သမီးကို အမြဲ မထိန်းနိုင်ဘူး။ သမီးအမေလဲ မကြာခင် လာတော့မှာပါ။

သမီးကို အပေါင်က အဖေ့မိတ်ဆွေ စက်သူဌေးဦးမောင်သာနဲ့ တစ်ပတ်အတွင်း နေရာချပေးဖို့ အဖေတို့ စီစဉ်ပြီးပြီ။ ခေတ်ကြီးကလဲ ကောင်းတာ မဟုတ်တော့ နောင်ရေး စိတ်ချရအောင် မိဘများက စီမံလိုက်တာကို သမီးက မငြင်းပါနဲ့။

အသက်လဲ (၁၉)နှစ်ထဲ ရောက်ပြီဆိုတော့ သမီးဘက်က လိုက်နာပါ။ ငြင်းဖို့ မစဉ်းစားပါနဲ့၊ အဲဒါပဲ သမီးသွားနားတော့'

ဟု ပြောပြီး ဆေးလိပ်မီးညှိ သောက်နေပါတော့သည်။

မရွှေစိန်လေးသည် အဒေါ်ဖြစ်သူကို တစ်ချက် စောင်းကြည့်လိုက်ပြီး ခြေကို ဆောင့်၍ သူ့အခန်းသို့ ဝင်သွားပါတော့သည်။

ဒေါ်စိန်စိန်လည်း အပြင်က ပြန်လာ၍ အိမ်ဝတွင် ညီမဖြစ်သူ မအေးဝင်းကို တွေ့သည်နှင့်…

'သမီး ပြန်ရောက်လာပြီလား'

ဟု မေးပြီး မအေးဝင်းကို လက်ကုတ်၍ သမီးအခန်းတွင်းကို နှစ်ယောက်သား ဝင်သွားကြပါတော့သည်။

'သမီးလေး တံခါးဖွင့်စမ်းပါ'

ဟု အော်ပြောလိုက်ပါသည်။

သို့သော် ဒေါ်စိန်စိန်၏ အသံမှာ ဒေါသသံ ပါနေသည်ကိုတော့ မရွှေစိန် သတိပြုမိလိုက်ပါသည်။

'ဟုတ်ကဲ့ အမေ'

ဟု ပြောပြီး တံခါးကို အမြန်ထ ဖွင့်ပေးလိုက်ပါသည်။ သို့သော် သူ့မျက်နှာက မျက်ရည်တွေကိုတော့ မသုတ်မိလိုက်ပါ။ အဲဒါပင် သူ့အမှားဖြစ်တော့သည်။

'ဩော်… ညည်းက မျက်ရည်ကျနေတယ်ပေါ့ ဟုတ်လား၊ အခုတလော နင့်ခြေလှမ်းတွေပျက်နေတာ ငါ ရိပ်မိပါတယ်။ အခုငါ့ကိုယ်တိုင် ဘုရားရုံပိုင်းကို သွားပြီး မေးခဲ့ပြီးပြီ။ နင်စီးသွားတဲ့ ဆိုက်ကားသမားကိုလဲ မေးခဲ့ပြီးပြီ။ နင့်အကောင် တင်ဝင်းအိမ်ကိုလဲ ငါရောက်ခဲ့ပြီး စိတ်ကြိုက်သောင်းကျန်းခဲ့ပြီးပြီ။

မနက်ဖြန် အလုပ်ရုံကို မလာဖို့ အပြတ်ပြောခဲ့ပြီ။ သူ ရစရာရှိတဲ့ လုပ်ခတွေကို လဲပေးခဲ့ပြီးပြီ။ နင်လဲ ငါမပါတဲ့ အပြင် မထွက်ရဘူး။ တစ်ပတ်အတွင်း အပေါင်က စက်သူဌေးဦးမောင်သာနဲ့ ပေးစားမယ်။ အခုကိစ္စ နင့်အဖေသိရင် နင်မလွယ်ဘူး။ ဟိုကောင်လဲ မသက်သာဘူး မှတ်ထား'

ဟု တစ်ဆက်တည်း ပြောပြီး ညီမဖြစ်သူ မအေးဝင်းဘက်သို့ လှည့်ပြီး…

'အေးဝင်း မနက်ဖြန် အပေါင်ကို နင် လိုက်သွားပြီး ဦးမောင်ကို ငါက ခေါ်ခိုင်းလိုက်ကြောင်း ပြောပြီး တစ်ခါတည်း နင်ခေါ်ခဲ့ပေတော့'

ဟု ပြော၍ အပြင်ကို ထွက်သွားပါတော့သည်။

အဲဒီတော့မှ အဒေါ်ဖြစ်သူ မအေးဝင်းက တူမလေး၏ ကျောကို ပွတ်ပြီး…

'ငါ့တူမ နင့်မိဘတွေ စီမံတာ နင်ဘယ်လို သဘောရလဲ၊ မနက်ဖြန် အပေါင်မြို့ကို ငါသွားခေါ်ရမှာ ငါ့တူမ ကြားတယ် မဟုတ်လား၊ နင့်ဆန္ဒ ဘယ်လိုလဲ'

ဟု မေးပါတော့သည်။

မရွှေစိန်လေးသည် ခေတ္တ စဉ်းစားပြီး…

'သမီး မှားပါတယ်။ သမီးကြောင့် မိဘ နှစ်ပါးစိတ်သောကရောက်တာ မလိုလားပါဘူး။ မိဘတို့ရဲ့စကားကို နာခံထောင်ပါ



www.burmeseclassic.com

www.burmeseclassic.com

မယ်။ အဒေါ် အပေါ်မြို့ကို သွားခေါ် စရာရှိတာ သွားပါ။ သမီး မိတစကားကို နားထောင်ပါမယ်'

ဟု အချိုသတ်ပြီး ပြောလိုက်ပါသည်။

အဒေါ်ဖြစ်သူသည် တူမလေး၏ စကားကို ကြားရသည်နှင့် ပြုံးရွှင်စွာဖြင့် အခန်းတွင်းက ထွက်ခဲ့ပါတော့သည်။ ယင်းနောက် အစ်မဖြစ်သူနှင့် ခဲအိုဖြစ်သူ ဦးမင်းဒင်တို့ရှိရာ ညှော်ခန်းမှာ တူမလေး ပြောလိုက်သောစကားနှင့် သူ့အမှားကို သူမြင်သွားပြီဖြစ်၍ အစ်မတို့ ကြိုက်သလို မင်္ဂလာကိစ္စများ စီစဉ်နိုင်ကြောင်းနှင့် မနက်ဖြန် သူလည်း အပေါင်ကို သွားမည့်အကြောင်း ပြောဆိုပါတော့သည်။

ထိုအခါမှာ ဒေါ်စိန်စိန်က…

'ငါ့ညီမ သွားရင် ဦးမောင်နဲ့ သူ့သားလေး မောင်တိုးအောင်ပါ ခေါ်လာပါရန်နဲ့ ရက်ကောင်းရက်သာ ရွေးချယ်ခဲ့ပါလို့သာ ပြောခဲ့ပေတော့'

ဟု ပြောလိုက်ပါတော့သည်။

'ဟုတ်ကဲ့ အစ်မ'

ဟု ပြောပြီး မအေးဝင်းလည်း ခဲအိုဖြစ်သူ၏ မျက်နှာကို ကြည့်ပြီး…

'အစ်ကို ကျွန်မ သွားတော့မယ်နော်၊ အစ်ကိုကကော ဦးမောင်ကို မှာစရာရှိသေးလား'

ဟု လှမ်းမေးလိုက်ပါသည်။

'နင့်အစ်မပြောပြီးပြီပဲ ငါပြောစရာ မလိုတော့ပါဘူး'

ဟု ပြောပြီး ရွှေဆိုင်တွင်း ဝင်သွားပါတော့သည်။

ဒေါ်အေးဝင်းသည် သူနေထိုင်ရာ



ဘူတာပိုင်းသို့ ပြန်သွားပါတော့သည်။ မနက်ဖြန် အပေါင်ကိုသွားပြီး ဦးမောင်တို့သားအဖကို သထုံသို့ မယားတောင်းကိစ္စ (ဝါ) မင်္ဂလာကိစ္စ တစ်ပါတည်း ခေါ်ဆောင်လာမည်။

သူ့အိမ်မှာ ခေတ္တ ပေးနားပြီးမှ ရပ်မိရပ်ဖများပါ ခေါ်ပြီး တစ်ခါတည်း နားဖောက် ရက်ကောင်းရွေးပြီး အကျဉ်းချုပ်ပြီး မင်္ဂလာဆောင်ရန် စိတ်ကူး၍ လာပါတော့သည်။

မရွှေစိန်တို့ သားအမိနှစ်ယောက်လည်း ပျော်ပျော်ရွှင်ရွှင်နှင့် ဝမ်းသာစရာများကို ဒေါ်စိန်စိန်က ပြောပါတော့သည်။

'ငါ့သမီးလေး ရှေ့ရေးအတွက် အမေတို့ မပူရတော့ဘူး စက်သူဌေးကြီးဦးမောင်ဘက်ကလဲ သားတစ်ယောက်တည်း၊ အဲဒီတော့ သမီးတို့ နှစ်ဖက်မိဘအမွေတွေဟာ သမီးတို့ တစ်သက်စားလို့ သုံးလို့ မကုန်နိုင်ပါဘူး၊ အဲဒါကြောင့်မို့ သမီးလေးကောင်းစားဖို့ အမေတို့ အဖေတို့က စီစဉ်ပေးတာ'

ဟု ပြောလေ၏။

'ဟုတ်ပါတယ် အမေရယ်… သမီးလဲ စဉ်းစားကြည့်တော့မှ မှားမှန်း သိရပါတော့တယ်။ အဲဒါကြောင့် အမေတို့ စကားကို နားထောင်လိုက်တာပေါ့။ ဪ… ဒါနဲ့ အမေသမီးတို့ မင်္ဂလာမဆောင်ခင် နေ့မိန္နရ ဆရာတော်ကို ဖူးမြော်ရအောင် အရင်ပို့ပေးပါ။ ဘယ်နေ့ အမေပို့ပေးမလဲ ပြောပါ။ ဒါလေးတော့ အမေ လိုက်ပို့ပေးသင့်ပါတယ်နော်'

ဟု မိခင်ကို အပြင်ထွက်ပေါက်ရရန် ပူဆာပါတော့သည်။

'အေးလေ ဒီနေ့တော့ အချိန်မရှိတော့ဘူး၊ မနက်ကျမှ ဒီဈေးမှာ ဆရာတော်ကြီး ကန်တော့ဖို့ ပန်းနဲ့ မုန့်၊ ငှက်ပျောသီးဖီးကြမ်း တစ်ဖီးပါ ဝယ်သွားပေါ့။ ဈေးကိုတော့ အမေ မလိုက်တော့ဘူး၊ အိမ်မှာခိုင်းတဲ့ ကောင်မလေးကို ထည့်ပေးလိုက်မယ်၊ ညည်းတစ်ယောက်တည်းတော့ မလွှတ်နိုင်ဘူး၊ ကဲ… ရေသွားချိုးတော့'

ဟု ပြောပြီး ဒေါ်စိန်စိန်လည်း ရွှေဆိုင်မှာ သွားထိုင်နေပါတော့သည်။ ရေချိုး အလှပြင်ပြီး သထုံဈေးတွင် သူစိတ်ချရသော မိတ်ဆွေကို စာပေးခိုင်းရန် စာတစ်စောင်ကို အမြန်ဆုံးရေးပြီး စာအိတ်ကို ပိတ်ပြီး သူ့အိပ်ရာအောက်မှာ ဝှက်ထား ကာ ဟန်မပျက် ရွှေဆိုင်ကို လာပြီး အမေနားမှာ ထိုင်ပြီး ထားနေတာ



www.burmeseclassic.com

www.burmeseclassic.com

ရောင်းရငွေများ ရေတွက်သိမ်းဆည်း နေပါတော့သည်။

နောက်တစ်နေ့ နံနက် ရေမိုးချိုး အလုပြင်ပြီး မီးဖိုထဲမှာ ရောက်ရှိနေသော အသက်(၁၅)နှစ်ခန့်ရှိ ကုလားမလေး မူတီးကို အော်၍ ခေါ်လိုက်ပါသည်။

'ဟေ့ မူတီး... နင် ငါနဲ့ ဈေးကို လိုက်ခဲ့၊ ဆွဲခြင်းပါ ယူလာခဲ့ပါ'

ဟု ပြောရင်း မိခင်ကြီး ရွှေဆိုင်ဖွင့်နေသော အနားသွားပြီး...

'မေမေ သမီးကို ဈေးဖိုးပေးလေ'

အမေဖြစ်သူ ဒေါ်စိန်စိန်က...

'ရော့...သမီး ငွေငါးရာ ယူသွားပါ၊ သမီးကြိုက်သလို ဝယ်ပါ။ လုံလောက်ပါတယ်'

**[အဲဒီခေတ်က ငွေငါးရာသည် ရွှေ(၁)ကျပ်သားမှ (၂၅၀)ကျပ်ဖြစ်နေသော အချိန်ဖြစ်၍ များစွာလုံလောက်သော ငွေငါးရာဖြစ်ပါသည်။]**

မရွှေစိန်သည် မိခင်ထံမှ ငွေငါးရာယူပြီး မမူတီးနှင့် ဈေးကို ထွက်သွားကြပါတော့သည်။ ဈေးတွင်းမှာ သူလိုချင်သောပစ္စည်းများ ဝယ်ယူပြီး မီးဖိုထဲမှာ ကွမ်းတွေ ပေါ်သဖြင့် ကွမ်းနိုင်ဆေးတစ်ထုပ်ကို ဝယ်ယူပြီးလျှင် သူ့ပိုက်ဆံအိတ်တွင်းမှာ သိမ်းထားလိုက်ပါသည်။

ထို့ပြင် သူ့အချစ်ဆုံး မိတ်ဆွေ သူငယ်ချင်းဆိုင်ဝင်ပြီး မမူတီး မတွေ့အောင် စာအိတ်ကို ဝှက်ပေးပြီးလျှင် သူ့လက်ထဲကို ရောက်အောင်ပို့ပေးပါရန် အထပ်ထပ် မှာကြားပြီးမှ မူတီးကို ခေါ်ပြီး အိမ်ကို ပြန်လာပါတော့သည်။

မိခင်ဖြစ်သူ ဒေါ်စိန်စိန်က အိမ်ဖော်မလေးအား...

'မူတီးရေ နင်က မီးဖိုထဲက ကိစ္စတွေ လုပ်တော့နော်။ အပေါ်က ညှော်သည်တွေက ဒီကို(၂)နာရီလောက်မှ ရောက်မှာ ညနေစာကျမှ ငါဝင်ချက်ပေးမယ်။ အခု ဘုန်းကြီးကျောင်းကို အရင်သွားလိုက်မယ်'

ဟု ပြောရင်း တစ်ဆက်တည်းပင် ခင်ပွန်းဖြစ်သူ ဦးမင်းဒင်အား...

'ကဲ အဖေကြီးက ဆိုင်ထိုင်လုပ်လိုက်ပါဦး အံဆွဲထဲမှာ သော့တွဲရှိတယ် ကျွန်မတို့လဲ မကြာပါဘူး၊ (၁၀)နာရီဆိုပြန် ရောက်မှာပါ မြင်းလှည်းနဲ့ သွားလိုက်ပါ့မယ်'

ဟု ပြောပြီး အဝတ်လဲရန် အခန်းတွင်း ဝင်သွားပါတော့သည်။

မကြာခင် ဒေါ်စိန်စိန် ပြန်ထွက်လာပြီး အသင့်ထိုင်စောင့်နေသော သမီးလေးကို...

'သမီး ဆရာတော်ကို လှူဖို့ ပစ္စည်းစုံပြီလား အားလုံး စုံပြီဆိုရင် သမီးက မြင်းလှည်းခေါ်လိုက်တော့'

ဟု ပြောပါသည်။

ထိုအချိန်က သထုံမြို့မှာ ဆိုက်ကားများ မပေါ်သေးပါ။ တစ်စီး၊ နှစ်စီးလောက်သာ ရှိပါသည်။

နေမိန္ဒရတောင်ခြေကို မြင်းလှည်းက လွဲ၍ ဆိုက်ကားများ မသွားကြပါ။ မြင်းလှည်းဂိတ်က ယခု နာရီစင်နားမှာ ဖြစ်၍ အိမ်ရှေ့က နေပြီး မြင်းလှည်းလို့ အော်လိုက်ရုံနှင့် ရောက်လာပါတော့သည်။

မရွှေစိန်လေးက ပစ္စည်းတွေပါသော ဆွဲခြင်းကိုယူပြီး...

'အမေရေ... မြင်းလှည်းရောက်ပြီ သွားကြစို့'

ဟု ပြောပြီး သူအရင် မြင်းလှည်းပေါ် တက်ထိုင်လိုက်ပါတော့သည်။

ဒေါ်စိန်စိန်က မြင်းလှည်းပေါ် ရောက်သည်နှင့် မြင်းလှည်းသမားက သွားနေကျဖြစ်၍ **"နေမိန္ဒရကျောင်းလား"**ဟု မေးသဖြင့် ဒေါ်စိန်စိန်က ခေါင်းညိတ်ပြလိုက်သဖြင့် မြင်းလှည်းသည် မင်းလမ်းအတိုင်း မီးစက်လမ်းမှ နေမိန္ဒရသို့ မှန်မှန်လေး မောင်းနှင်ခဲ့သည်။

နေမိန္ဒရကျောင်းသည် ယခု ဘုရားရှိရာမှ တောင်ဘက်မှာ တည်ရှိပါသည်။ ကျောင်းဝင်းထဲအရောက် မောင်းဝင်၍ ရပ်ပါသည်။ မြင်းလှည်း ရပ်ပြီးတော့ ဒေါ်စိန်စိန်က မြင်းလှည်းသမားကို...

'ဒီမှာဘမောင်... နင် တို့သား အမိကို နာရီဝက်လောက် စောင့်နေနော်'

ဟု ပြောလိုက်ပါသည်။ မြင်းလှည်းသမား ဘမောင်ကလည်း မြင်းအနားပေးရမှာဖြစ်၍...

'ရပါတယ် အဒေါ်၊ အေးအေးဆေးဆေး သီလယူပါ။ ဆရာတော်နဲ့ စကားလဲ ပြောကြပါ ရပါတယ်'

မရွှေစိန်တို့ သားအမိနှစ်ယောက် ပစ္စည်းများယူပြီး ကျောင်းပေါ် တက်သွားကြပါတော့သည်။ ကျောင်းပေါ်တွင် တစ်ကျောင်းလုံးမှ ဆရာတော်ကြီးတစ်ပါး သာမဏေ တစ်ပါး၊ နှစ်ပါးသာရှိ၍ ယခု ကိုယ်လေးမှာ ဆွမ်းခံမြို့တွင်းကို ကြွသွားပါသဖြင့် ဆရာတော်ကြီးတစ်ပါးသာ ရှိနေပါသည်။

ဆရာတော်ကြီးကလည်း



www.burmeseclassic.com

www.burmeseclassic.com

လှည်း ဝင်တာတွေ့ရုံနှင့် ဒေါ်စိန်စိန် တို့သားအမိမှန်း သိ၍ ဆရာတော် ထိုင်နေကျ ကုလားထိုင်မှာ ထိုင် စောင့်နေရင်းက…

'လာကြ…လာကြ ဒါယိကာမကြီးတို့ကို မြင်းလှည်းဝင်လာကတည်းက တွေ့လို့ ငါ ထိုင်စောင့်နေတာ၊ ထိုင်ကြ…ထိုင်ကြ အမောဖြေပြီးမှ အကျိုးအကြောင်း ပြော ကြတာပေါ့'

ဟု ဆရာတော်ကြီးက ပြောပါ တော့သည်။

ထိုအခါ မရွှေစိန်လေးက ပါသမျှ ပစ္စည်းတွေကို ဆရာတော်ကြီး၏ ရှေ့မှာ ချပြီး သားအမိနှစ်ယောက် ဆရာတော်ကြီးထံမှာ ငါးပါးသီလ ခံယူကြပါသည်။ သီလခံယူပြီးမှ လှူဖွယ်ပစ္စည်းများ ဆရာတော်ကြီး ကို ဆက်ကပ်လှူဒါန်းပြီး ဒေါ်စိန်စိန် က…

'ဆရာတော်ကြီး သမီးက သူ မင်္ဂလာ မဆောင်ခင်မှာ ဆရာတော်ကို အရင် လာကန်တော့ချင်တယ်ဆိုလို့ ဘုရား တပည့်တော်မပါ လာပြီး ပို့ရတာပါ။ ဒီညနေ(၂)နာရီလောက်မှာ အပေါ်မြို့ က စက်သူဌေးဦးမောင်ရဲ့သား မောင်တိုး အောင်နဲ့ နှစ်ဖက်မိဘများ စေ့စပ်ကြပါ မယ်ဘုရား'

ဟု ဒေါ်စိန်စိန်က လျှောက်ထား လိုက်ပါသည်။

ဆရာတော်ကြီးက…

'အေးလေ… ခေတ်အခါကြီးကလဲ မကောင်းတော့ စောစော အိမ်ထောင်ချ ပေးလိုက်တော့ မိဘနှစ်ပါး စိတ်အေးရ တာပေါ့ကွယ်… သမီးလေးကကော သဘောတူရဲ့လား'

ဟု တစ်ဆက်တည်း မရွှေစိန်ကို ဆရာတော်ကြီးက လှမ်း၍ မေး လိုက်ပါသည်။

'မှန်လှပါဘုရား… တပည့်တော် က မိဘများ စိတ်ချမ်းသာရင် ပြီးတာ ပဲ ဘုရား'

ဟု လျှောက်ထားပြီး **"အမေ ပြန်ကြစို့"**ဟု မိခင်ဘက်ကို လှမ်း ၍ ပြောလိုက်ပါသည်။

မိခင်ဖြစ်သူ ဒေါ်စိန်စိန်က ဆရာ တော်ကြီးအား ဦးချပြီး…

'တပည့်တော်မတို့ကို ပြန်ခွင့်ပြု ပါဘုရား၊ အိမ်မှာလဲ ကြိုတင်ပြင် ဆင်စရာလေး ရှိနေလို့ပါ ဘုရား'

ဟု လျှောက်ထားလိုက်ပါသည်။

'အေး…အေး… ပြန်ပြန်၊ ဒါယိကာမ ကြီးတို့ မိသားစုလုံး ကြံသမျှ အောင်ပြီး သာသနာ ပြုနိုင်ကြပါစေ'

ဟု မေတ္တာပို့ ဆုပေးလိုက်ပါတော့ သည်။ ဒေါ်စိန်စိန်တို့သားအမိလည်း ဆရာတော်ဦးချပြီး မြင်းလှည်းရှိရာ ကို ဆင်းလာကြပါတော့သည်။ သား အမိနှစ်ယောက် မြင်းလှည်းနှင့် ပြန် လာကြစဉ် လေယာဉ်ကွင်း အရောက်တွင် မြင်းလှည်းသမားက မြင်းကို အမြန်လေး မောင်းပါတော့ သည်။

မရွှေစိန်လေးသည် သူ ကျောင်း ကို လာရကျိုးမနပ် ဆန္ဒမပြည့်သဖြင့် စကားကို သိပ်မပြောဘဲ လိုက်ပါ လာပါသည်။



သို့သော် သူ့အကြံအစည်ကို တော့ အိမ်ရောက်လျှင် အကောင် အထည်ဖော်မှ ဖြစ်တော့မည်။ သို့ မဟုတ်လျှင်တော့ ဒီညနေ မင်္ဂလာ ကိစ္စ စေ့စပ်ကြတော့မည်။

သူ့ချစ်သူ မောင်တင်ဝင်းနှင့် တော့ ဘယ်လိုမှ ပေါင်းနိုင်စရာ လမ်းမရှိတော့၊ နောက်ဘဝကျမှ ပေါင်းကြတာပေါ့ဟု တစ်ဦးတည်း ကြိတ်ပြီး စိတ်ကူးလာပါတော့သည်။

ဒီလိုနှင့် အိမ်ရောက်တော့ သူ့အဖေကြီး ဦးမင်းဒင်က…

'သမီးတို့ကို ငါတောင် စိတ်ပူပြီး လိုက် ခေါ်တော့မလို့ နတ်ကျွန်းကို သူပုန်တွေ ဝင်ပြီးတော့ အိမ်နှစ်လုံး မီးရှို့သွားတယ်။ အခုတော့ ပြန်ထွက်သွားကြပါပြီ'

ဟု ပြောလေသည်။

ဒေါ်စိန်စိန်နှင့် မရွှေစိန်တို့သည် အိမ်တွင်းကို ဝင်သွားကြပါတော့ သည်။ မရွှေစိန်ကတော့ သူ့အခန်း ရှိရာ အိမ်ပေါ်ထပ်ကို တက်သွားပြီး အဝတ်အစားလဲလှယ်ပြီး စာ တစ်စောင်ကို အမြန်ဆုံး ရေးသားပါ တော့သည်။

စာရေးပြီး အိမ်အောက်ကို ဆင်း လာတော့ သူ့အမေက ရေချိုးနေပြီး အဖေကြီးက ရွှေဆိုင်တွင်းမှာ ဝယ် သူနှင့် စကားပြောနေကြသဖြင့် မရွှေစိန်က သောက်ရေတစ်ခွက် ဖန်ခွက်နှင့် ယူပြီး အိမ်ပေါ်ပြန်တက် သွားပြီး သူဝယ်ထားသော အဆိပ် ဆေးကို သောက်ချလိုက်ပါတော့ သည်။

---

ရှေ့လ ဆက်ဖတ်ပါရန်

---

**ဦးကျော်ဟိုး**
**(မြန်မာသမားတော်ကြီး)**
**(သထုံမြို့)**



www.burmeseclassic.com

www.burmeseclassic.com

စာမျက်နှာ (၂၃၂)မှ အဆက်

တစ်ရွာမှာ ရှိသည်ဟု ကြားရလေ၏။

ခင်ကြေးမုံမှာ လူ့ဘဝတွင် အိမ်ထောင်ပင် ကျခဲ့ပြီးနောက် သားတစ်ယောက်ပင် ရခဲ့လျက် သူ့လင်တော်မောင်မှာ ကွယ်လွန်သွားသဖြင့် မုဆိုးမဖြစ်နေသည်ဟု ဆရာကြီးသည် သူ့နှမ ငွေတောင်ဖြူထံမှ ကြားသိရလေ၏။

'မောင်ကြီးရယ်... ခင်ကြေးမုံကို မြန်မြန်တွေ့အောင်ရှာပါ။ မောင်ကြီးတို့ သုံးယောက် လူ့ဘဝမှာ ဆုံမိကြရင် သာသနာရဲ့အထိမ်းအမှတ်"ဓာတ်စေတီ" ကို တည်ရ မယ်။

တည်ရမယ့်နေရာက မြင်းခွာတောင်အနီးမှာ ဖြစ်တယ်။ ဘုရားတည်ပြီးရင် မောင်ကြီးတို့ ဇနီးမောင်နှံ သုံးဦးစာ‌ ‌ပုံး သိုက်နန်းကို ပြန်ခဲ့ကြရမယ်'

ဟု ငွေတောင်ဖြူသခင်မက ယတိပြတ် ပြောဆိုခဲ့လေ၏။

ထိုစကားအရ တွေးဆထောက်စာ ကြည့်လျှင် သိုက်နန်းရှင်မသည် ဆရာ၏ ယခုလက်ရှိ ဇနီးကို သဘောကျပုံမရချေ။ ဖြစ်ပြီးမို့သာ နေရသည်။ ခရီးမလွန်သေးလျှင် ခွဲပစ်မည်လား မပြောတတ်ချေ။

မည်သို့ပင်ဖြစ်စေ ဆရာကမူ ခင်ကြေးမုံကို တွေ့ဆုံနိုင်ရန် စုံစမ်းနေဆဲပင် ဖြစ်၏။ သုံးယောက်သား ဆုံကြမှ ဓာတ်ဘုရားတစ်ဆူကို မြန်မာနိုင်ငံအလယ်၌ ဥဒါန်းတွင်ရစ်အောင် သတ်မှတ်ထားသော နေရာတွင် တည်ထားနိုင်မည် မဟုတ်ပါလော။

ဓာတုစေတီ တည်၍ ပြီးမြောက်တန်ခိုးတောက်နေသော အချိန်တွင်မှ ဆရာသည် စောစော၊ ခင်ကြေးမုံတို့နှင့်အတူ သိုက်နန်းသို့ ပျော်ရွှင်စွာ ပြန်သွားမည် ဖြစ်ပေသတည်း။

စာရေးသူ၏ မှတ်ချက်

(ကျွန်တော်၏ ရပ်ဆွေရပ်မျိုးဖြစ်သော ကျွန်တော့်ထက် **အသက်(၂၀)မျှကြီးသည့် မိတ်ဆွေကြီးတစ်ဦးက ၁၉၆၃ ခုနှစ် တစ်နေ့တွင် ကျွန်တော့်အား ဝတ္ထုဇာတ်လမ်းတစ်ခုကို နှုတ်မှ ပြောပြပြီး ဝတ္ထုဖြစ်အောင်ရေးရန် တိုက်တွန်းသည်။**

**ကျွန်တော်လည်း အစမ်းရေးကြည့်မည်ဆိုပြီး သူ့ထံမှ သုံးရက်တိုင်တိုင် မှတ်စုများရေး၍ အချက်အလက်များကို မှတ်သားပါသည်။ ထို့နောက် နှစ်ပတ်အတွင်း ဝတ္ထုဇာတ်လမ်းကို ရေးပြီးသွားပါသည်။**



**သူဝယ်ပေးသော ဂျပ်ထူစာအုပ်ထဲတွင် စာမူကို အချောရေးပေးပြီး သူ့အား အပ်လိုက်ပါသည်။ လက်ခံစာမူမှာ ကျွန်တော့်ထံမှာ ရှိနေပြီး စာအုပ်ထုပ်များထဲမှာ နှစ်ငါးဆယ်ခန့် တိမ်မြုပ်နေခဲ့သည်။**

**၂၀၁၁ ခုနှစ်မှ စာမူကို ရှာဖွေတွေ့ရှိကာ မိတ္တူသစ်ကူးပြီး(ယခုစာမူ)အား ပေးပို့လိုက်ခြင်း ဖြစ်ပါသည်။**

**စာရှုသူများသည် ဝတ္ထုဇာတ်လမ်းကို ဖြစ်နိုင်ချေ ရှိ,မရှိ ဖတ်ရှုသုံးသပ်ဖွယ် ရှိနိုင်သည်။**

**ဇာတ်လမ်းကို ပြောပြသူကမူ ဤဇာတ်လမ်းကို သိုက်မှ ပုဂ္ဂိုလ်များထံက သိရှိရသည်ဟု ပြောပါသည်။**

**ပြောသူမှာ နှစ်အတော်ကြာကြာကပင် ကွယ်လွန်သွားပြီ ဖြစ်ပါသည်။ ထို့ကြောင့် ဝတ္ထုထဲမှ နောက်ဆက်တွဲ အဖြစ်အပျက်တို့ကို မေးမြန်းဖြည့်စွက်ခြင်း မပြုနိုင်တော့ပါ။ စာရေးသူ)**

**ခင်မောင်ဝေ(ဆိပ်ခွန်)**



www.burmeseclassic.com

www.burmeseclassic.com



# ဂမ္ဘီရ ရဟန်းထူးတစ်ပါး

စကြာတောင် သူတော်
(စဉ့်ကူးမြို့)

စာရေးသူ ငယ်ငယ်လေးကတည်းက ရွာဦးကျောင်း ဆရာတော်ကြီးရဲ့အစွမ်းတွေကို ခဏခဏ လူကြီးတွေ ပြောကြလို့ ကြားဖူးတယ်။ ဒါပေမယ့် အလေးမထားခဲ့ပါ။ ယခုအချိန်ကျမှ ရွာဦးကျောင်း ဆရာတော်ရဲ့အကြောင်းတွေကို သိချင်တာနဲ့ ကျောင်းကို ကျောင်းသားလုပ်ခဲ့ဖူးသူ စာရေးသူရဲ့ အဖေကာစ တခြား လူကြီးတွေထိ မေးကြည့်တယ်။

## သရက်သီးခိုးစားတဲ့ ကျောင်းသားကို ဖော်ထုတ်ခြင်း

ဆရာတော်ကြီးက စမ်းပါးရွာကို ညအိပ် ဆွမ်းစားကြွရမယ်ဆိုတော့ ကိုရင်ကျောင်းသားတွေကို ခေါင်းလောင်းလုပ်ပြီး ခေါ်လိုက်၏။

'ကိုရင်ကျောင်းသားတွေ ကောင်းကောင်းနေရစ်ကြနော်၊ ရွာထဲလဲ ညတိုင်း မသွားကြနဲ့၊ ကျောင်းရှိတဲ့ အစားအသောက်တွေကို ခိုးမစားကြနဲ့နော်။ ငါသိရင် ရိုက်မှာ'

ဟု မှာခဲ့၏။

ဆရာတော်ကြီး စမ်းပါးရွာမှ ဆွမ်းစားပြီးကျောင်း ပြန်ရောက်တော့ ဆရာတော်ကြီး တစ်ပါးတည်း စကား တိုးတိုးပြောနေတာ မြင်ရ၏။ နောက်ပြီး...

'ကျောင်းသားတွေ အကုန်ခေါ်စမ်းဟေ့'

ဆိုပြီး ကျောင်းသားတွေလဲ အနားရောက်တော့ လက်ညှိုးထိုးပြီး ဟိုကောင်ရှေ့လာ၊ ဘယ်သူရှေ့လာနဲ့ ကျောင်းသားသုံးယောက်ကို တစ်ဦးချင်းစီခေါ်ပြီး ရှေ့မှာ မတ်တတ်ရပ်ခိုင်းတယ်။

နောက်ပြီး ကျောင်းသားတစ်ဦးချင်းစီကို...

'မင်းက သရက်ပင်ရဲ့ အရှေ့ဘက်ကိုင်းက (၃)လုံး ခူးတာ၊ မင်းက မြောက်ဘက်ကိုင်းက (၂)လုံး၊ မင်းက အရှေ့ဘက်ကိုင်းက (၁)လုံးခူးပြီး၊ ကျောင်းမြောက်ဘက်မှာ (၆)ယောက်ခွဲ စားကြတာ ဟုတ်တယ်မဟုတ်လား'

လို့ ဆရာတော်ကြီးက မေးလိုက်တော့ ဆရာတော် ပြောတာ အကုန်မှန်နေတာဆိုတော့ မငြင်းဝံ့ဘဲ ဝန်ခံ



www.burmeseclassic.com

www.burmeseclassic.com

လိုက်ရ၏။

ဆရာတော်ကြီးက အရိုက်ကလည်း သန်ပေ၏။ သရက်သီးခိုးသူနှင့် စားသူ နှစ်ဦးစလုံး ကြိမ်လုံးဖြင့် ရိုက်တော့၏။

## ဖီးကြမ်းငှက်ပျောခိုင်ခိုးသူကို ဖော်ထုတ်ခြင်း

မနက်(၆)နာရီလောက်မှာ ဆရာတော်ကြီးက ကိုရင်၊ ကျောင်းသားတွေ လာစမ်းလို့ ခေါ်ပြီး...

'ရွာထဲက ဦးထင်ပေါ်အိမ်ကို သွားပြောချေ၊ မြန်မြန်သွား မြန်မြန်ပြန်ခဲ့၊ ဦးထင်ပေါ်ကိုယ်တိုင် ဖီးကြမ်းငှက်ပျောခိုင်ထမ်းပြီး ကျောင်းလာဖို့လို့ ပြောခဲ့၊ သူ့မိန်းမကို ကန်တော့ပွဲနဲ့ တစ်ခါတည်း လိုက်လာခဲ့လို့ ပြောလိုက်'

လို့ ပြောလိုက်လို့ ဆရာတော်ကြီးက မိန့်လိုက်တယ်။

ကိုရင်ကြီးတစ်ပါးနဲ့ ကျောင်းသားကြီးတွေ (၂)ယောက် ဦးထင်ပေါ်အိမ် သွားကြတယ်။ ဦးထင်ပေါ်အိမ်ရောက်တော့ လူ လေး,ငါးဦး ရောက်နေတာ တွေ့တော့...

'ဟာ...အစောကြီးပါလား ဘာဖြစ်လို့ပါလိမ့်'

လို့ တွေးပြီး အိမ်ထဲဝင်လိုက်တာနဲ့ ဦးထင်ပေါ်မိန်းမက ကိုရင်ကြီးနဲ့ ကျောင်းသားကြီးတွေ မြင်တော့...

'ကိုရင်ကြီးကြွပါ ဘုရား... ဒါယကာကြီးက ညကတည်းက စကားမပြောနိုင်တော့တဲ့ တပူးပူးနဲ့ မျက်လုံးပြူးပြီး အော်နေတာ ဘုရား။ ညကလဲ မအိပ်ရဘူး။ ကိုရင်ကြီးက သတင်းကြားလို့ လာတာလားဘုရား'

လို့ မေးလျှောက်လေတော့တယ်။

'မကြားမိပါဘူး။ ဘုန်းကြီးလွှတ်လို့ ဦးထင်ပေါ်ကိုယ်တိုင် ဖီးကြမ်းငှက်ပျောခိုင်ထမ်းပြီး ကျောင်းလာဖို့၊ ဒါယိကာမကြီးက ကန်တော့ပွဲနဲ့ တစ်ခါတည်း လိုက်ခဲ့လို့ ပြောခိုင်းလို့ လာပြောတာပါ'

လို့ ပြောလိုက်တဲ့အခါ...

'တင်ပ့ါဘုရား လာခဲ့ပါမယ်ဘုရား'

လို့ ပြန်လည် လျှောက်တင်လိုက်လေတယ်။ ကိုရင်ကြီးနဲ့ ကျောင်းသားကြီးတွေလဲ ကျောင်းကို ခြေလှမ်းကျဲကျဲဖြင့် ခပ်သုတ်သုတ် ပြန်သွားတော့တယ်။

ချက်ချင်းပဲ ဒါယိကာမကြီးက ''ဦးထင်ပေါ် ဆရာတော်ကြီးက ဖီးကြမ်းငှက်ပျောခိုင်ထမ်းပြီး ကျောင်းလာဖို့တဲ့ သွားရအောင်၊ ကျုပ်က ကန်တော့ပွဲ ရွက်ခဲ့ရမှာ''လို့



လဲ ပြောလိုက်ရော ဦးထင်ကျော် အသံထွက်ပြီး စကားပီလာတယ်။

'အေး...ဒါဆို ခု သွားစို့'

ဆိုပြီး ဖီးကြမ်းငှက်ပျောခိုင်ကြီး ထမ်းပြီး ကျောင်းရောက်လာတယ်။ ဆရာတော်ကြီးက...

'အေး...မင်း ဒါမျိုးမလုပ်ရဘူးကွ၊ ကျောင်းကပစ္စည်းကို လိုချင်ရင် ငါ့ဆီတောင်းမှပေါ့ကွာ။ တော်သေးတာ မင်း ညတုန်းကတည်းက မသေတာ (၃)ရက်ပြည့်ရင် မင်းသေနိုင်တယ်'

လို့ ပြောလိုက်တယ်။ ဦးထင်ပေါ်နဲ့ သူ့မိန်းမကလဲ နောက်မလုပ်တော့ပါကြောင်း ဝန်ခံပြီး တောင်းပန်ခဲ့ကြတယ်။

## ထန်းလျက် ခိုးစားလို့ ဒဏ်ခတ်ခံရသူ

ည(၉)နာရီကျော်လောက်မှာ...

'အောင်မလေး...ကယ်ကြပါဦး၊ လုပ်ကြပါဦး သေတော့မှာပါဗျ'

ဆိုပြီး အသံကွဲကြီးနဲ့ လက်နှစ်ဖက်က လည်ပင်းကို ညှစ်ထားလို့ ဆွဲဖယ်နေတဲ့ပုံနဲ့ ကုန်းအော်နေတယ်။ ပြေးကြည့်လိုက်တော့ သန်းမောင် ဖြစ်နေတယ်။

ကျောင်းသား၊ ကိုရင်၊ ဦးပဥ္စင်းတွေ ဝိုင်းလာကြတယ်။ ဘာလုပ်ပေးရမယ်မသိ ကြည့်သာနေရတယ်။

'သန်းမောင် ဘာဖြစ်တာလဲဟ'

လို့ မေးတော့လဲ...

**'လည်ပင်းညှစ်နေတာဟ... ဆွဲဖယ်ပေးကြပါဦး'**



www.burmeseclassic.com

www.burmeseclassic.com

လို့ ပြောတော့...

'ဒီတို့မှ ဘာမှ မမြင်ရတာ မင်းလက်နှစ်ဖက်ပဲ မြင်ရတာဟ'

ဆိုပြီး တစ်ယောက်တစ်ပေါက် ပြောရင်း ကိုရင်ကြီး ဝိမလက ဆရာတော်ကြီးကို ပြေးလျှောက်တယ်။ ဆရာတော်ကြီးက သစ်သားကျောင်းကြီးပေါ် လိုက်လာပြီး...

'ဟေ့ကောင်ကြီး... ဒီကောင်ကို ခွင့်လွှတ်လိုက်ပါကွာ ငါ ပြန်ကျွေးပါမယ်'

လို့ ဆရာတော်ကြီးကလဲ ပြောလိုက်တော့ သန်းမောင် လက်နှစ်ဖက်နဲ့ လည်ပင်းညှစ်ခံရခြင်းမှ ကင်းဝေးသွားတော့တယ်။

'ခွေးကောင်...တော်သေးတာပေါ့ကွာ၊ မသေလို့ပေါ့။ ကျက်သရေခန်းထဲက ဇလုံထဲ ထည့်ထားတဲ့ ထန်းလျက် ခိုးစားတာကိုကွ။ နောက် ဗိုက်ဆာလို့ စားချင်ရင် ငါ့ဆီ လာတောင်းမှပေါ့ကွာ'

လို့ ဆရာတော်ကြီးက သန်းမောင်ကို ပြောလိုက်တယ်။

ဆရာတော်ကြီးကို မကောင်းကြောင်း အပြစ်တင် စကား ဘယ်သူမှ မပြောရဲကြဘူး။ ကျောင်း ရောက်လာရင် ဆရာတော်ကြီးက...

'မင်းက ငါ့ကို ဘာတွေပြောနေတာလဲ၊ ငါ့အတွင်း စကားတွေ တုပ်နေတာ ဘယ်သူနဲ့လို့ အကုန်ပြန်ပြောတာ ငါသိနေတယ်'

ဒါကြောင့် ဆရာတော်ကြီး သက်ရှိထင်ရှား ရှိစဉ်က သူ့အကြောင်း ဘယ်သူမှ မပြောဝံ့ကြဘူး။

မြို့နယ်ဂိုဏ်းချုပ်ဆရာတော်ကြီးလဲ ဖြစ်တယ်။ ဘောလုံးကန်ပွဲတွေဆို ဆရာတော်ကြီးရဲ့ ကျောင်းသားတွေက ပထမဆု နှစ်တိုင်းရတယ်။

ဘောကန်တော့မယ်ဆို ထုံးမန်းတွေ မန်းပြီး မန်ကျည်းစေ့လောက် အလုံးတွေလုပ် မျိုချခိုင်းတယ်။ တစ်ပွဲပြီးလို့ ပြောတာပဲ။ ဘောပွဲလဲ နိုင်ကြတယ်။ ထိခိုက်မှုလဲ မရှိဘူး။

**[အခွင့်သာလျှင် ဆက်လက်ဖော်ပြပါဦးမည်။]**

**စကြံတောင် သူတော်(စဥ့်ကူးမြို့)**

စာမျက်နှာ (၂၄၅)မှ အဆက်

ခဲ့ရာ လူတစ်ရပ်သာသာခန့် အရောက်တွင် အောက်မှ တစ်စုံတစ်ယောက်က ဆွဲချလိုက်သကဲ့သို့ အောက်ဘက်သို့ လျှောကျသွားပါသည်။

'ဟာ... လုပ်ကြပါဦး၊ ဘယ်လိုလဲဟ'

ဟု ကိုဘိုးမောင်သည် အော်ပြောလျက် ထွက်ပြေးသကဲ့သို့ အရက်အမူးတို့သည်လည်း ရှောင်ပြေးသွားကြလေသည်။

ထို့နောက် သရဲမကြောက် မယုံကြည်သူများဖြစ်သော ကိုကျော်ဝင်းသိန်း၊ မောင်ထက်ရာဇာနှင့် မောင်သက်ဆွေနောင်တို့ (၃)ဦးသည် တိုင်ပင်၍ ထိုအိမ်တွင် ညအိပ်ကြပါသည်။

သို့သော် ည(၉)နာရီမထိုးမီ ထိုအိမ်ပေါ်မှ ကြောက်ရွံ့သဖြင့် အလျင်အမြန် ဆင်းပြေးခဲ့ကြရပါသည်။

ဒေါ်မသန်း သေဆုံးပြီး (၁)လပြည့်သောနေ့တွင် ထိုအိမ်အနီးရှိ ကိုသန်းအောင် မယဉ်ယဉ်အေးတို့ အိမ်၌ ဘုန်းတော်ကြီး(၅)ပါးကို ပင့်၍ သပိတ်သွတ်၊ အမျှဝေခြင်း ပြုလုပ်ခဲ့ပါသည်။

ထို့ကြောင့် ယခုအချိန်အထိ မခြောက်မလှန့်တော့ပါ။ ဒေါ်မသန်းသည် ပြိတ္တာဘဝမှ လွတ်မြောက်သွားပြီဟု ဆိုနိုင်ပါတော့သည်။

***သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ***

**ဦးအေးရွှေ(ကနောင်)**


**နက္ခတ္တရောင်ခြည် မဂ္ဂဇင်း တိုက်နှင့် ဆက်သွယ် နိုင်သော ဖုန်းနံပါတ်များ...**

**၀၉-၇၇၆၃၄၉၇၈၅**

**၀၉-၄၄၃၂၉၇၂၆**




www.burmeseclassic.com

www.burmeseclassic.com



ဦးအေးရွှေ
(ကနောင်)

# တစ္ဆေ

ရှိမရှိ အဖြေရှိ
ကိုယ်တွေ့ ကြုံလျှင်သိ

စာရေးသူတို့သည် ပုထုဇဉ်များ ဖြစ်ကြ၍ အမှားမကင်းပါ။ အယူအဆ ယုံကြည်မှု စသည်တို့ မတူကွဲပြားကြသည်မှာ အဆန်းတော့မဟုတ်။ **"တစ္ဆေသရဲ လုံးဝမရှိ"** ဟူသောအဆိုကို ကြိုက်နှစ်သက်သူများ ရှိသကဲ့သို့ တစ္ဆေက မခြောက်၊ မိမိ၏ စိတ်ကသာ မိမိကို ခြောက်နေခြင်းဟု ယူဆကြသူများလည်း ရှိပါသည်။

**"တစ္ဆေသရဲ ရှိသည်"**ကို ယုံသည်။ သို့သော် မကြောက်ပါ ဆိုသော ပုဂ္ဂိုလ်များလည်းရှိပါသည်။

စာရေးသူသည် ထိုတစ္ဆေတို့ကို ယခင်က မကြောက်ခဲ့ပါ။ သို့ရာတွင် အမှန်တကယ် ကြောက်အောင် ခြောက်သောအခါ ကြောက်ရွံ့၍ ဘာလုပ်ရမည်ကိုပင် မသိသော အဖြစ်မျိုးကို ကြုံခဲ့ဖူးပါသည်။

'သဗ္ဗေ ဘာယန္တိ မစ္စုနော'
**'သတ္တဝါမှန်သမျှ သေရမည်ကို ကြောက်ကြ၏'**

သို့သော် သေမည်ကို လုံးဝ မကြောက်သော သူတို့မှာ အရိယာ ပုဂ္ဂိုလ်များသာလျှင် ဖြစ်ပါသည်။

**၂၀၁၆ ခုနှစ်၊ မတ်လက** စာရေးသူ နေထိုင်သော ထန်းပင်ကုန်းရွာတွင် ဒေါ်မသန်း သေဆုံးခဲ့ပါသည်။ သမီးဖြစ်သူ မစန်းစန်းငွေ (ပေါက်စ)ကို ကနောင် ပြည်သူ့ရဲစခန်းမှ ခေါ်ဆောင်သွားဖြင့် သူမ၏ သားဖြစ်သူ မောင်သက်ဆွေနောင် (ဒီဖိုး)သည် ထိုအိမ်တွင် မအိပ်ရဲတော့ပါ။

အိမ်အနီးရှိ ဦးမောင်ဟန်၏ အိမ်တွင် သွားရောက်၍အိပ်ရပါသည်။

www.burmeseclassic.com



(ဒေါ်မသန်း သေဆုံးမှုတွင် သမီး မစန်းစန်းဌွေးကို အပြစ်ရှိသည်ဟု ယူဆ၍ ရဲစခန်းသို့ ခေါ်ဆောင်သွားခြင်းဖြစ်ပါသည်။)

ဦးမောင်ဟန်၏သား ထက်ရာဇာသည် (၁၀)တန်းကျောင်းသားဖြစ်ပြီး မောင်သက်ဆွေနောင်သည် (၉) တန်းကျောင်းသား ဖြစ်၍ စာကျက်ရသည်လည်း အဆင်ပြေ၊ အိပ်ရသည်မှာလည်း အေးချမ်းသဖြင့် ညတိုင်း ထိုအိမ်တွင် အိပ်ပါသည်။

ဒေါ်မသန်း၏အိမ်ကို ပိတ်ထားသော်လည်း ညအချိန်တွင် တံခါးဖွင့်သံ၊ ပိတ်သံ၊ တံမြက်စည်းလှည်းသော အသံ၊ ညည်းညူသော အသံတို့ကို ညတိုင်းလိုလို ကြားနေရပါသည်။

ထိုအိမ်ပတ်ဝန်းကျင်ရှိ ခွေးများက ထိုအိမ်ဘက်သို့ ကြည့်၍ ဟောင်ခြင်း၊ အူသံပေးခြင်းတို့ကိုလည်း ညစဉ် ကြားနေရပါသည်။ ထို့ကြောင့် ထို အိမ်အကြောင်းကို လူတိုင်း ပြောဆိုနေကြပါသည်။

တစ်နေ့သောအခါ မစန်းစန်းဌွေးယောက်ျား၏နှမ မစုသည် ကနောင်လေးရွာတွင် နေထိုင်ပါသည်။ နေ့လယ်အချိန်တွင် ဒေါ်မသန်း အိမ်သို့ ရောက်လာခဲ့ပါသည်။

သူမ၏ ခြံထဲတွင် သံပရာသီးများသီးနေ၍ အခြားအမျိုးသမီး(၂)ဦးနှင့်အတူ သံပရာသီးများကို ရောင်းချရန် ခူးဆွတ်ခဲ့ပါသည်။ **[မောင်သက်ဆွေနောင် (၂)နှစ်သားအရွယ်တွင် မစန်းစန်းဌွေးသည် သူမ၏ ယောက်ျားနှင့်လင်မယားကွဲကွာခဲ့ရပါသည်။]**

မစု၏ အိမ်တွင် ခွေး(၂)ကောင် ရှိပါသည်။ ညအချိန်တွင် ထိုခွေး (၂)ကောင် သူတို့ခြံ၏ အပြင်ဘက်သို့ ကြည့်၍ ဟောင်ပါတော့သည်။

ထွက်ပြီး ဟောင်လိုက်၊ ပြန်ဝင်လာလိုက် အကြိမ်များစွာ ပြုလုပ်နေသဖြင့် မစု၏ယောက်ျားက လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်သော်လည်း မည်သူ့ကိုမျှ မမြင်တွေ့ပါ။

နံနက်မိုးလင်းသော်...

'ကဲ...မစု နင့်သံပရာသီးတွေကို သူ့အိမ် ပြန်ပို့ပြီး ပို့လိုက်၊ ညတုန်းက ကိစ္စမရိုးဘူး ထင်တယ်။ သူ့ပစ္စည်း ယူလို့ ဒေါ်မသန်း လိုက်လာတာ ဖြစ်နိုင်တယ်'

ဟု ထင်မြင်ချက် ပေးနေသဖြင့် မစုသည် ထိုပစ္စည်းတို့ကို သူ၏ယောကျ်ားနှင့်အတူ ပြန်ပို့ခဲ့ပါသည်။

တစ်နေ့ ဦးမောင်ဟန်၏ သား မောင်ထွန်းမြင့်ဝေသည် ယခင် ဒေါ်မသန်း ရှိစဉ်ကကဲ့သို့ သူမ၏ ခြံထဲမှ မြက်များကို နွားကျွေးရန် ရိတ်ခဲ့ပါသည်။ ထိုညတွင် ဦးမောင်ဟန်၏ နွားများသည် ရှူးရှူးရှဲရှဲ ဖြစ်ကာ လုံးဝ မငြိမ်ကြတော့ပါ။

ထို့ကြောင့် ဦးမောင်ဟန်၏ဇနီး ဒေါ်တင်ဝင်းက နွားများ လန့်နေရာကို လက်ညှိုးထိုးလျက်...

“ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ
ယောစာ,မနာပေါ သကုဏဿ သဒ္ဒေါ၊
ပါပ,ဂ္ဂဟော ဒုဿုပိနံ အ,ကန္တံ၊
ဗုဒ္ဓါ နုဘာဝေန ဝိနာသ,မေန္တု၊
ဓမ္မာ နုဘာဝေန ဝိနာသ,မေန္တု၊
သံဃာ နုဘာဝေန ဝိနာသ,မေန္တု၊”

ဟူ၍ ရွတ်ဆိုလိုက်ပါသည်။

မကြာမီ နွားများ လန့်ကြောက်ခြင်း မရှိကြတော့ပါ။ ထိုအချိန်မှစ၍ မောင်ထွန်းမြင့်ဝေသည်လည်း ထိုခြံထဲသို့ မသွားရဲတော့ပါ။

ထို့နောက် မကြာမီ မောင်သက်ဆွေနောင်နှင့် ကနောင်လေးကျေးရွာနေ ကိုဘိုးမောင်နှင့် တွေ့ဆုံသောအခါ...

'ဟော့...ဗိုတူ မင်းတို့ ခြံထဲမှာ ပိန္နဲသီး နုနုလေးတွေရှိတယ်။ ငါ့ကို တစ်လုံး လောက် ပေးပါ။ ငါးပိချက်နဲ့ တို့မြုပ်ပြီး စားချင်လို့'

ဟု ပြောလိုက်လေသည်။

'ဟာ... ဦးသဘောအတိုင်း တက်ပြီး ခူးပေါ့ဗျာ'

နေ့လယ် (၃)နာရီခန့် ရှိပါပြီ။ ကိုဘိုးမောင်သည် ထိုခြံထဲရှိ ပိန္နဲပင်၏ အောက်သို့ ရောက်ခဲ့ပါသည်။

အပင်ပေါ်သို့ မော့ကြည့်ပြီး တက်

 (စာမျက်နှာ (၂၄၃) သို့)

www.burmeseclassic.com

www.burmeseclassic.com



ကျော်နိုင်လင်း
(ငပလီ)

# ယုံသော်ရှိ မယုံသော်ရှိ

ယုံသော်ရှိ မယုံသော်ရှိ ကာယကံရှင် ခွင့်ပြုချက်အရ သည် ဆောင်းပါးကို ရေးလိုက်ရပါသည်။

* * *

'အရီးလေး... အစ်မ မသိန်းရွှေကို ကျွန်တော် မှာလိုက်တာ ပါလာသလား' 'မသိဘူး'

အရီးလေး အခေါ်ခံရသော မသိန်းရွှေ၏အမေ ဒေါ်သိန်းတင်က မီးဖိုချောင်မှနေ၍...

'ဘယ်သူလဲဟဲ့...မောင်ညီညီပါလား'

'ဟုတ်ကဲ့ပါ အရီးလေး... အစ်မ မသိန်းရွှေကို ကျွန်တော် တောင်ပေါ်က ကင်ပွန်းချဉ် ခူးလာဖို့ မှာထားတာလေ...

သူ တောင်ပေါ်က အထုပ်ကလေး တစ်ထုပ်နဲ့ ဆင်းလာတာ ကျွန်တော် ပျိုးနုတ်နေတုန်း မြင်လိုက်လို့ လှမ်းလို့တော့ မမေးလိုက်ဘူး။

အဲဒါ ကင်ပွန်းချဉ်ပါလာရင် ကျွန်တော့်အိမ်ကို တစ်ပါတည်း ယူသွားချင်လို့ ကင်ပွန်းချဉ်ပါတယ် မဟုတ်လား အရီးလေး'

'ဩော်...ပြောရခက်လိုက်ပါဘိလား ညီညီရေ'

'ဘာဖြစ်လို့လဲ အရီးလေး ပြောပါဦး'

ဒေါ်သိန်းတင်သည် ပြောသင့် မပြောသင့် စဉ်းစားဟန်တူသည်။ ဒါကြောင့်လည်း...

'မင်း အမြင်မှားဟန် တူပါတယ်ကွယ်၊ မသိန်းရွှေ မရောက်သေးဘူးကွယ့်'

ညီညီသည် ဟုတ်မဟုတ် သေချာအောင် အိမ်ထဲကို မျှော်ကြည့်ရင်း...

'ကျွန်တော် အသေအချာ မြင်လိုက်ပါတယ် အရီးလေး... မိုးကာအပြာခြုံပြီး ထဘီ အနီရောင် အဖြူကွက်နဲ့ အ[illegible]ကလေ



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းမှာရွက်ပြီး အရီးလေးအိမ်ကို ဝင်သွားတာ'

ဒေါ်သိန်းတင်သည် ညီညီ သံသယ ရှင်းသွားအောင် သတင်းလာပို့သူ မောင်မြ ပြောသမျှကို ကြားသည့်အတိုင်း ပြောလိုက်သည်။

'ဒီလို ညီညီရဲ့... မသိန်းရွှေ တောင်ပေါ်က ဆင်းလာတာတော့ အမှန်ပဲကွယ့်။ ဒါပေမယ့် ကျောက်ခင်းထားတဲ့ ကန်သင်းကလာတော့ မိုးရွာနေလို့ ချော မှာပေါ့။ ဒါနဲ့ ဆင်မကြီးအိုင်နား ရောက်တော့ ချောလဲတာနဲ့ တူပါရဲ့။

ဆင်မကြီးအိုင်ထဲကျပြီး ရေမကူးတတ်တော့ ဆင်မကြီးအိုင်ထဲမှာ အသက်မရှိတော့ဘဲ အလောင်းပေါ်နေတာ တောကပြန်လာတဲ့ မောင်မြတွေ့လို့ သတင်းလာပို့တာနဲ့ ကျေးရွာက နာရေးအသင်းကို အကြောင်းကြားတော့ နာရေးက ကောင်လေးတွေ သွားကြတယ်လေ'

ညီညီသည် ယုံရခက် မယုံခက်နှင့်...

'ဟုတ်ပါ့မလား အရီးလေးရေ... မသိန်းရွှေ ရေမကူးတတ်တာတော့ ကျွန်တော်လဲ သိပါတယ်။ ဆင်မကြီးအိုင်ကလဲ အနက်သား မနေ့က မိုးတအား ရွာထားတော့ ရေ ငါးတောင်,ခြောက်တောင်လောက်တော့ ရှိမှာပေါ့။

ကျောက်ကန်သင်းလမ်းမှာ လူသုံး,လေးယောက်တော့ မြင်လိုက်တယ်။ အကြောင်းကိုတော့ မမေးမိဘူး။ အေးလေ... ကျွန်တော် ညနေ ထမင်း စောစောစားပြီး လာခဲ့ဦးမယ်။ သွားလိုက်ဦးမယ်နော် အရီးလေး'

'အေးကွယ်...ခုလို အချိန်မတော် တောင်ပေါ်က ဆင်းလာတာ တစ်ခါမှ မရှိဘူးကွယ့် စဉ်းစားစရာပဲ ညီညီရေ'

ကျောက်ခင်းထားသည့် ကန်သင်းဆိုပေမယ့် ကျောက်များအပြည့် ကန်သင်းရိုးတစ်ခုလုံးကို ခင်းထားသော လမ်းမဟုတ် ကျောက်လုံးများကို လူကြီးတစ်လှမ်းစာ ခင်းထားခြင်းဖြစ်သည်။ (မီးရထားသံလမ်းမှ ဇလီဘားတုံးလို တစ်လှမ်းစာ ခင်းထားသည်။)

မိုးရာသီတွင် ချောသောကြောင့် သက်ကြီးရွယ်အိုများ မိုးရွာလျှင် ထိုကဇင်းမှ မသွားကြ ချော်လဲတတ်ကြသည်။

ယနေ့ ဝါဆိုမိုး တဖြောက်ဖြောက် ရွာနေချိန်တွင် မသိန်းရွှေ တောင်ပေါ်မှ ဆင်းလာသည်မှာ အကြောင်းရှိရမည်။

သူတို့ဇနီးမောင်နှံ တောင်ပေါ်မှာ အခိုင်အမာ တဲဆောက်ပြီး ငရုတ်,သခွား,ချဉ်ပေါင်,ပြောင်း,ပဲတောင့်ရှည် စသည့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးပြီး ထိုအပင်များကို စောင့်ရှောက်ကာ တောင်ပေါ်မှာ နေကြသည်။

နံနက်(၉)နာရီ၊ (၈)နာရီလောက်တွင် တောင်ပေါ်မှ ထွက်သော ဟင်းသီးဟင်းရွက်များကို မသိန်းရွှေ ယူဆောင်ပြီး ရွာသို့ ပြန်ကာ သူ့ အမေ ဒေါ်သိန်းတင်ကို ရွာဈေးမှာရော အိမ်မှာပါ အရောင်းခိုင်းပြီး တောင်ပေါ်မှာ လိုအပ်သည့် ငရုတ်,ကြက်သွန်,ငါးပိ,ငါးခြောက်များကို ဝယ်ယူပြီး တောင်ပေါ်သို့ ပြန်သွားလေ့ရှိသည်။

ယနေ့ ညနေပိုင်း သုံး,လေးနာရီ တောင်ပေါ်မှ ဆင်းလာသည်ဆိုတော့ သူ့ယောကျ်ား နေမကောင်း၍ ဆေးဝယ်ရန် ဆင်းလာသလား၊ စဉ်းစားစရာ ကျွန်တော် အတွေးများစွာနှင့်...

စေစော ရေမိုးချိုး စားသောက်ပြီး ရွာအရှေ့ပိုင်း အရီးလေးဒေါ်သိန်းတင်အိမ်သို့ လာခဲ့သည်။ အိမ်မှာ လူများသွားလာနေကြသည်ကို မြင်ရသည်နှင့် အရီးလေး ပြောသည့်သတင်း ဟုတ်မှန်နေသလို ဖြစ်နေသော်လည်း ကျွန်တော် အမြင်နှင့်သံသယ ရှင်းသွားအောင် အိမ်ပေါ်သို့ တက်လိုက်သည်နှင့်...

'ညီညီ လာကွယ့်...ဒီကို'

အသံလာရာသို့ ကျွန်တော် လှည့်ကြည့်လိုက်တော့ တောင်ပေါ်မှ အစ်မ မသိန်းရွှေယောကျ်ား ကိုရွှေကို ရေနွေးကြမ်းဝိုင်းတွင် လူကြီးတွေနှင့် တွေ့ရသောကြောင့် ကျွန်တော် ကိုရွှေအနားမှာ သွားရောက်ထိုင်လိုက်ပြီး...

'ဘယ်လိုဖြစ်တာလဲ ကိုရွှေ... ပြောပါဦး'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ကိုရွှေကို မေးရင်း ရေနွေးတစ်ငုံ သောက်လိုက်ပြီး သူ့ကို ကြည့်လိုက်သည်။

'ပြောရမှာတောင် အခက်သားကွ... အထင်နဲ့ ပြောရမှာပေါ့လေ'

'ဟုတ်ကဲ့ ပြောပါ'

ကိုရွှေသည် ရေနွေးတစ်ခွက် သောက်လိုက်ပြီး လည်ချောင်း ရှင်းဟန်ပြုသည်။ ပြီးမှ သူ ဆက်ပြောသည်။

'အဟမ်း...အဟမ်း... ဒီလိုကွယ့်... မင်းလဲ မင်းအစ်မ အကြောင်း မျက်မြင်မဟုတ်ပေမယ့် ကြားတော့ ကြားဖူးမှာပေါ့။ မင်းအစ်မဟာ မိန်းမဆိုပေမယ့် အရက်ကိုတော့ အတော်ကြိုက်တာကွ။

ကြိုက်တယ်ဆို တော်ရုံတန်ရုံ ယောက်ျားနဲ့ ယှဉ်သောက်နိုင်တယ်။ တစ်ခါတလေ သွေးတောင်းပုံငဲ တစ်ပုလင်းတောင် မဖြုံဘူး သိလား။ ဟုတ်မှာပေါ့...ငါတောင် သူလောက် မသောက်နိုင်ဘူး ဒါနဲ့...'

ကိုရွှေသည် စကားကို ရပ်ပြီး ရေနွေးပန်းကန်ထဲသို့ ရေနွေးကိုထည့်ကာ သောက်လိုက်ပြီး ဆက်ပြောသည်။

'နေ့တိုင်းဆို တို့နှစ်ယောက် ည ထမင်းစားကောင်းအောင် တစ်ပိုင်းကို တစ်ယောက်တစ်ခွက် သောက်ပြီး ထမင်းစားကြတာပေါ့။ ဒီနေ့တော့ သူ့ကို ထမင်းချက်ခိုင်းပြီး ငါ ဟင်းသီးဟင်းရွက် ခူးပြီး ရေမိုးချိုးပြီးတာနဲ့ ခါတိုင်းလို စားကောင်းအောင် တစ်ခွက်သောက်ဖို့ ပုလင်းကို ယူလိုက်တော့ လား...လား... ပုလင်းမှာ လက်ကျန် မရှိတော့ဘူးလေ။

ငါလဲ ဒေါကန်သွားတာပေါ့။ ဒါနဲ့ ငါ ဆဲဆို ကြိမ်းမောင်းတော့ သူက ပြောတယ်။ ပုရစ်ကြော်အမြည်းကောင်းတာနဲ့ တစ်ပိုင်းကုန်ရောတဲ့။ ဒါတောင် လိုနေသေးတယ်ဆိုပဲ။

ကိစ္စမရှိပါဘူး။ သုံး,လေးနာရီဆိုတော့ မိုးရာသီမှာ အစောကြီး ရှိသေးတယ်။ ကျွန်မ ရွာသွားပြီး ဝယ်လိုက်မယ်။ ကိုရွှေ ခူးထားတဲ့ ဟင်းသီးဟင်းရွက်တွေကိုသာ ထုပ်ပေးပါတဲ့။ မနက် သွားစရာမလိုဘူးဆိုပြီး ငါ မထုပ်ရဘူး။ သူ့ဟာသူ ထုပ်ပြီး ရွာကို ဆင်းသွားကွ...

ငါလဲ မိုးရွာနေတာ သိလျက်နဲ့ မတားမိဘူး။ ငါလဲ သူ တောင်အောက်ကိုဆင်းသွားမှ သတိရတယ်။ တစ်ပိုင်းကို တစ်ယောက်တည်း သောက်သွားတယ်ဆိုတော့ မမူးတဲ့တိုင်အောင် ထိတော့ ထိထိကလေး ရှိမှာပေါ့။

ကျောက်ကန်သင်းရိုးက ကျောက်လုံးတွေ ချောပါဘိနဲ့ စိတ်မကောင်းတော့ ဖြစ်မိတယ်ကွ။ ဘုန်းကြီးကျောင်းက အုန်းမောင်းငါးချက် ခေါက်နေပြီ။ သူ ပေါ်မလာသေးဘူးလေ။

ငါလဲ လာလမ်းကို ကြည့်ပြီး မျှော်နေတုန်း မောင်ကုလားနဲ့ မောင်ကြီး နှစ်ယောက် ပေါက်ချလာပြီး သတင်းပို့ကြတယ်။

ငါလဲ မယုံတစ်ဝက် ယုံရခက်ပြီး ရွာကို လိုက်လာခဲ့တာ နာရေးက ကောင်လေးတွေ ကမကထ ယူဆောင်ပြီး အိမ်မှာ ပြုပြင်ထားကြတာ မင်းမြင်တဲ့အတိုင်းပဲ ညီညီရာ'

ကျွန်တော် မသိန်းရွှေအလောင်းကို ကြည့်လိုက်ရာ ဒီထဘီအကျႌကို မြင်လိုက်ရတော့ ဘယ်သူ့ကို သက်သေပြုရမှာလဲလို့ တွေးရင်းတောရင်း **အရက်ဝယ်ရန် ဟူသော ဇောစိတ်နှင့် ရွာသို့ တောင်ပေါ်မှ ဆင်းလာသော မသန်းရွှေသည် စိတ်၏ စေရာသို့ နာမ်ခန္ဓာ သွားနေသည်ကို** ကျွန်တော် မြင်ယောင်မိသလားဟု စိတ်မှာထင်မိပြီး ယုံသော်ရှိ မယုံသော်ရှိ တင်ပြလိုက်ရပါသည်။

ကျော်နိုင်လင်း(ငပလီ)



www.burmeseclassic.com

www.burmeseclassic.com



ဦးကိုကိုကြီး (စစ်ဆေးရေး)
ကဖစ(၁၂)၊ ထုံးဘို

# သူယောင်သေကိုပင်း

ရခိုင်ရိုးမ တောင်တန်းကြီးဆီမှ ရွာသွန်းလိုက်သော မိုးတို့ကြောင့် စီးဆင်းလာကြကုန်သော မိုးရေတို့သည် မိုးရွာသွန်းမှု ကြီးလျှင် ကြီးသလို တစ်ရှိန်ထိုး အရှိန်ပြင်းစွာ မြင့်ရာမှ နိမ့်ရာသို့ တဝေါဝေါ အသံမြည်ကာ စီးဆင်းကြလျက် ရှိသည်မှာ တောတောင်ကြီးတစ်ခုလုံး မိုးကြီးရွာချသံနှင့်အတူ ဆူညံလွန်းလှပါဘိ။

တောတောင်တန်းကြီး ပေါ်မှ စီးဆင်းကျရောက်လာကြကုန်သော တောင်ကျရေ အပေါင်းတို့သည်



www.burmeseclassic.com

www.burmeseclassic.com

**"အချောမ"အမည်ရှိ ချောင်းကြီးထဲသို့** အရှိန်နှင့်အတူ တဝေါဝေါ ထိုးဆင်းသွားကြကုန်၏။

"အချောမ" ချောင်းကြီးကလည်း တောင်ကျရေများကို လက်ခံကာ ရပ်တန့်မနေဘဲ ချောင်းရေအဖြစ်ဖြင့် တစ်ရှိန်ထိုး စီးဆင်းပြန်ပါလေသည်။

"အချောမ" ချောင်းမကြီးကား ရှည်လျားလွန်းပါပေသည်။

အရှိန်အဟုန်ရှိသော ချောင်းရေတို့သည် တသွင်သွင် စီးဆင်းလာရင်းက ချောင်းရေတို့သည် ပထမဦးစွာ **"ယင်းမာကြီးရွာ"**ကို စတင်ဖြတ်ကျော်ပြီးနောက် ဒုတိယရွာ **"ဝါးခင်းရွာ"**ကို ဖြတ်ကျော်ပါသည်။

ပြီးနောက် တတိယရွာဖြစ်သည့် **"ရွှေရင်ခုံကျေးရွာ"**ကို ဖြတ်ကျော်ပါသည်။ ထိုမှ ဆက်လက်ပြီးတော့လည်း စတုတ္ထရွာဖြစ်သည့် နာမည်ကြီး **"အချောမရွာ"**ကို ဖြတ်သန်းစီးဆင်းသွားပါလေသည်။

အချောမရွာကို ကျော်ပြီးပြန်တော့ ပဥ္စမရွာဖြစ်သော **"ပျားငိုရွာ"**သို့ ရောက်ကာ ဆက်လက်ပြီး ရွာပေါင်းများစွာကို ဖြတ်ကျော်စီးဆင်းပြီး ဧရာဝတီမြစ်ကြီးအတွင်းသို့ စီးဆင်းဝင်ရောက်ပါလေသည်။

'အချောမချောင်းကြီး စီးဆင်းပုံကတော့ သိရပါပြီ အမေ၊ အချောမရွာ အကြောင်းလဲ ထည့်ပြောပြပါဦး'

ဟု အသက်(၈၂)နှစ်ရှိပြီဖြစ်သော ဒေါ်ငယ် (ခေါ်) အမေငယ် ဆိုသူအား စာရေးသူမှ မေးလိုက်မိခြင်းဖြစ်ပါသည်။

အမေငယ်သည် အချောမ ရွာသူဖြစ်ပြီး အသက်အရွယ် ကြီးပြီဖြစ်သော်လည်း ကျန်းမာရေးကောင်းသူ၊ စကားပြောကောင်းသောသူ၊ စိတ်ကောင်းနှလုံးကောင်းရှိသူ ဖြစ်ပါသည်။

စာရေးသူ၏ သူငယ်ချင်း တစ်ယောက်နှင့်ပတ်သက်၍ အမေငယ်နှင့် စာရေးသူ သိကျွမ်းခွင့်ရခြင်းဖြစ်ပါသည်။

ယခုလည်း အချောမရွာရှိ အမေငယ်တို့အိမ်သို့ အလည်ရောက်ရင်းက စာရေးသူရယ်၊ သူငယ်ချင်းရယ်၊ အမေငယ်ရယ်တို့ ရေနွေးကြမ်းသောက်ရင်း စကားလက်ဆုံကျနေခြင်း ဖြစ်ပါသည်။

အမေငယ်သည် ဆေးလိပ်ကြိုက်ပုံ ရပါသည်။ စာရေးသူတို့နှင့် စကားပြောနေရင်းကပင် ဖက်ဖြူဆေးလိပ်တုပ်တုပ်ကြီးကို မီးညှိဖွာရှိုက်ကာ မီးခိုးတထောင်းထောင်း ထွက်နေသည်ကိုပါ မြင်တွေ့နေရသည်။

အမေငယ် ပြောပြခဲ့တာ ကြာပြီဖြစ်သော်လည်း အမေငယ်နှင့် တွေ့ခဲ့ရစဉ်တုန်းက စာရေးသူ စာတွေ မရေးသားသေးပါ။

စာရေးသူ မေ့လျော့နေခဲ့ရာက ယခုမှ ပြန်လည်သတိရ၍ တွေးမိရင်း စိတ်ဝင်စားစရာ ကောင်းသော ဤဇာတ်လမ်းကို စာရေးသူမှ စာရှုသူတို့အတွက် ဆီလျော်အောင် ရေးသား၍ တင်ဆက်လိုက်ရပါလေသည်။

အမေငယ်မှ ဆေးလိပ် တုပ်တုပ်ကြီးကို ဆေးလိပ်ခွက်ထဲသို့ ဆေးလိပ်ပြာအား လှမ်းခြွေလိုက်ပြီး...

**'အချောမချောင်းနဲ့ အချောမရွာ**ဆိုပြီး ဖြစ်လာတာက အမေတို့ငယ်ငယ်လေးကတည်းက ခေါ်ဝေါ်လာခဲ့ကြတာ လူလေးတို့ရဲ့...

ခုတော့ ခေတ်ကာလတွေ ရွှေ့လျောလာလို့ ရွာတွေရဲ့ နာမည်တွေကအစ ချောင်းနာမည်တွေပါ ပြောင်းကုန်ကြပြီကွယ့်၊ တို့လို အသက်ကြီးသူများကသာ ရှေးရှေးတုန်းက နာမည်တွေ ခေါ်နေသေးတာ။

**အချောမချောင်းက ထူးတာ ရှိတယ်။ အချောမချောင်းရဲ့ အထက်ဘက်မှာ (၃)ရွာ၊ ချောင်းရဲ့ အနောက်ဘက်မှာ (၁)ရွာ ရှိတဲ့အထဲမှာ အချောမရွာရဲ့ ဧရိယာတစ်ခုထဲက ချောင်းထဲမှာသာ ငါးရှာလို့ရတယ်။ ငါးတွေလဲ ပေါတယ်။ ကျန်ရွာတွေမှာတော့ ငါးရှာလို့ မရဘူး။ ငါးလဲ မနေဘူး။**

ဟို တစ်ကောင်စ နှစ်ကောင်စတော့ ရှိတာပေါ့လေ။ ပေါပေါများများ မရှိကြဘူးကွယ့်။ လူတွေကလဲ အဲဒီရွာတွေကို ငါးရှာမထွက်ကြဘူး။ အချောမရွာ တစ်ရွာတည်းမှာပဲ ငါးရှာပြီး စားကြတယ်'

ဆိုပြီး အမေငယ်က စတင် စကားအစချီကာ ပြောပြပါသည်။

* * *

**လွန်ခဲ့သည့် အနှစ်(၇၀)နီးပါးက အမေငယ် အသက် ဆယ်နှစ်ကျော်ကျော် အရွယ်လောက်က** ဖြစ်ပါသည်။

ထိုစဉ်က အချောမချောင်း၏ အမည်မှာ **"ပဥ္စဝတီချောင်း"**ဟု



www.burmeseclassic.com

www.burmeseclassic.com



အမည်တွင်ခဲ့ပြီး ရွာ၏အမည်က တော့ "အချောမရွာ" မဟုတ်ဘဲ **"သခ်ရွာ"**ဟုသာ ခေါ်ဝေါ်ကြပါသည်။

သခ်ရွာလေးသည် လူနေအိမ်ခြေ သုံးဆယ်ကျော်မျှသာရှိသော ရွာလေးတစ်ရွာသာဖြစ်ပြီး **"ပဋ္ဌဝတီချောင်း"**ကို အမှီသဟဲပြုကာ ငါးရှာဖားရှာရင်း အသက်မွေးဝမ်းကျောင်းပြုကြရသလို တစ်ဖက်ကလည်း လယ်လုပ်ငန်း၊ ကိုင်းလုပ်ငန်းများကို လုပ်ကြရင်း စီးပွားရှာကြပါသည်။

သခ်ရွာလေးမှာ အနီးအနားရှိ ရွာများအားလုံးတို့ထက် ရွာဦးဘုန်းကြီးကျောင်းနှင့်အတူ စေတီပုထိုး သိမ်ကန်ဇရပ်တို့ဖြင့် တင့်တယ်စွာရှိကြပြီး ဘာသာ သာသနာ ပြည့်ဖြိုးသော ရွာလေးတစ်ရွာ ဖြစ်ပါသည်။

ထိုရွာတွင် ဦးလူမွန်+ဒေါ်ချင်းတို့ ဇနီးမောင်နှံတို့သည် လယ်လုပ်ငန်းကို အဓိကလုပ်ပြီး တံငါလုပ်ငန်းကိုလည်း ကြိုကြားကြိုကြား လုပ်ကိုင်ရင်း ဝမ်းရေးရှာကြသူများ ဖြစ်ပါသည်။

သူတို့တွင် အသက်(၁၈)နှစ်အရွယ် သမီးတစ်ဦးလည်းရှိပြီး သူမအမည်မှာ **"မသိဂီ"**ဟု အမည်မှန်ဖြစ်သော်လည်း ရုပ်ရည်ချောမောလှပသောကြောင့် သခ်တစ်ရွာလုံးက သူမအား **"အချောမ"**ဟု အခေါ်များကြပါသည်။

မသိဂီ ခေါ် အချောမ လှပုံကဖြင့် မျက်လုံးလေးများက သောကြာကြယ်သို့အလား ဝင်းလက်တောက်ပနေပြီး မျက်ခုံးလေးကြည့်ပြန်လျှင် ခုံးမျက်စ သုံးရက်လနှယ်လေးကိုင်းပမာ ကွေညွတ်ဆင်းကာ ရှိနေပါ၏။

နှာတံလေးကျပြန်တော့ သွယ်လျလျလေး ကျဆင်းနေပြီး မျက်တောင်မွေးများကတော့ ကော့ကာပုံ့တက်နေ၍ မျက်တောင်လေးခတ်လိုက်လျှင် အလွန်တရာမှပင် ကြည့်၍ကောင်းမွန်ပါ၏။

နှုတ်ခမ်းလေး ကြည့်ပြန်လျှင်လည်း စံပယ်ဖူးလေးမှ ပွင့်လာသည့်အလား ထင်မှတ်ရအောင် စိတ်ဝင်စားရာ ကောင်းလှပါပေ၏။

ပါးလေး ကြည့်ပြန်တော့လည်း မို့မို့ဖောင်းဖောင်းလေးမို့ လက်နှင့်တို့ရက်စရာ မရှိလောက်အောင်ပါပင်။

ကိုယ်လုံးကိုယ်ပေါက် ကျပြန်လျှင် ငါးရံ့ကိုယ်လုံးပမာ ရှု၍မဆုံး ဆိုရလောက်အောင် လှပပြေပြစ်ပါပေသည်။

အသားအရောင်ကို ကြည့်ပြန်လျှင်လည်း "မသိဂီ"ဆိုသည့် နာမည်နှင့်လိုက်ဖက်အောင် ဝင်းဝါစိုပြည်လွန်းလှပါပေသည်။

ထို့ကြောင့် ရွာရှိ အစ်ကိုကာလသားများက ဝိုင်းဝန်းကာ ပိုးနေခြင်းကို ခံနေရသော မိန်းမချောလေး ဖြစ်နေပါသည်။

သခ်ရွာ၏ ကွမ်းတောင်ကိုင်လေးပါ။

ရွာ၏ ကာလသားများကလည်း သိဂီ (ခေါ်) အချောမကို လက်ထပ်ယူရမည်ဆိုပါလျှင် မိမိတို့အိမ်ရှိ နွားတစ်ရှဉ်း၊ လှည်းတစ်စီး၊ ရွှေ၊ အိမ်၊ လယ်၊ ယာ စသည်ဖြင့် တင်တောင်းပြီးယူရန် သူ့ထက်ငါ လုယက်ကာ ဆိုသလို ဝိုင်းဝိုင်းလည်ကာ အပြိုင်အဆိုင် တောင်းရမ်းမှုတွေ ရှိနေကြပါသည်။

ထိုကာလသား အများစုတွင် သခ်ရွာ၏သူဌေးသား "သူရိန်" ဆိုသူက "အချောမ"အား မရလျှင် သေရပါတော့မည်ဟု ဆိုရလောက်အောင် သည်းလွန်းနေပါ၏။

သိဂီ လက်ခံမည်ဆိုပါလျှင် ရှိသမျှ စည်းစိမ်များပင် ကုန်ပါစေ တင်တောင်းပါမည်ဟု ကြွေးကြော်နေသူ ဖြစ်ပေသည်။

ဘယ်လိုပင် ကာလသားများမှာ သိဂီအပေါ် စိတ်ဝင်တစား ရှိကြသော်လည်း သိဂီကား မည်သည့် ယောက်ျားကိုမျှ စိတ်ဝင်စားမှု မရှိသဖြင့် ရွာရှိကာလသားများ စိတ်ဘဝင်မကျ ဖြစ်ကြရပါသည်။

ယောက်ျားများကို စိတ်မဝင်စားသော်လည်း သိဂီမှာ ထူးခြားချက်ရှိနေပါသည်။ ထိုအရာကတော့...

လကွယ်ညတစ်ညဖြစ်ပြီး သစ်ပင်ကြီးခေါင်းချ ကြက်များတွန်နေချိန်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပါ၏။ သီဂီတို့အိမ်သည် သခ်ရွာထိပ်တွင် ရှိပါသည်။

နွေရာသီ၏ အပူရှိန်ငြိမ်းစေကာ လေအေးအေးလေး ရစေရန် သီဂီအိပ်သော အခန်းလေး၏ ပြတင်းပေါက်အား ဖွင့်လှစ်ထားပြီး သီဂီတစ်ယောက် အိပ်လေ၏။

သီဂီ အိပ်မောကျနေစဉ် ပြတင်းပေါက်မှ သီဂီ၏အခန်းထဲသို့ အရပ်ထောင်ထောင်မောင်းမောင်း မင်းညီမင်းသားဝတ်စုံကို ဝတ်ကာ ရုပ်ဆင်းအင်္ဂါ ပြည့်စုံစွာဖြင့် လူတစ်ယောက် ဝင်ရောက်လာလေသည်။

ပြီးနောက် ထိုမင်းသားသည် သီဂီ၏ခြင်ထောင်လေးအား လှပ်ကြည့်ကာ သီဂီ၏မျက်နှာလေးအား စေ့စေ့ကြည့်နေလေသည်။

ထိုစဉ် သီဂီမှာ ဖျတ်ခနဲ လန့်နိုးလာပြီး မျက်လုံးဖွင့်ကြည့်လိုက်ရာ ထိုမင်းသားမှ သီဂီအား မကြောက်ရန် လက်ကာပြလိုက်ပါသည်။

နှုတ်မှလည်း…

'ကိုယ်တော်လေးလေ နမတော်ကို ချစ်လွန်းလို့ အရဲစွန့်ပြီး ကိုယ်တော်ကြီး မသိခင် လာခဲ့ရတာပါ။ ကိုယ်တော်ကြီး သိရင်တော့ ကိုယ်တော်လေး ဒဏ်ခတ်ခံရမှာ'

ဟု ပြောလေရာ သီဂီသည် မြင်မြင်ချင်းပင် ဆိုသလို ထိုမင်းသားအား စွဲမက်သွားပြီး ချစ်စိတ်တွေ ဝေဖြာသွားပါသည်။

သီဂီမှလည်း…

'ကိုယ်တော်ကြီးဆိုတာက ဘယ်သူလဲဟင်'

ဟု မေးလိုက်မိရာ မင်းသားမှ…



'ကိုယ်တော်လေးရဲ့ အစ်ကိုအရင်းလေ၊ ကိုယ်တော်လေးကို အမြဲ သွန်သင်ဆုံးမနေတဲ့သူပါ'

ဟု ပြန်ပြောလေသည်။ ဆက်လက်ပြီး…

'နမတော်သီဂီ… ကိုယ်တော်လေးဟာ နမတော်သီဂီကို စွဲလမ်းနှစ်သက် ချစ်နေပြီကွယ်၊ သီဂီကို ကိုယ်တော်လေး လက်ထပ်ယူရပါစေ'

ဟု ဆိုလာလေသည်။

အချစ်နှင့် ပတ်သက်၍ အတွေ့အကြုံမရှိသော သီဂီသည် ကိုယ်တော်လေးဆိုသော မင်းသား၏ စကားများကို ကြားလိုက်ရသည့်အတွက် နှလုံးသားများ တဒုန်းဒုန်း ခုန်မိနေပါသည်။

သို့ပါသော်လည်း သီဂီသည် ကိုယ်တော်လေး၏ စကားကို မလွန်ဆန်ချင်ဘဲ ခေါင်းလေးညိတ်ကာ လက်ခံလိုက်ပါလေသည်။

မြန်လိုက်ပါဘိတော့လား သီဂီရယ်လို့…

တစ်ဆက်တည်းမှာပင် ကိုယ်တော်လေးသည် သီဂီမှ လက်ခံလိုက်ပြီဆိုသည်နှင့် သီဂီပါးလေးကို ရွရွလေးကိုင်ကာ သီဂီ၏အိပ်ရာပေါ်သို့ တက်လိုက်ပြီး သီဂီ၏ဘေးတွင် ဝင်ရောက်ကာ အိပ်လိုက်ပါပေသည်။

ထို့နောက် သီဂီ၏ဘဝလေးကို ကိုယ်တော်လေးက အပိုင်သိမ်းပိုက်လိုက်နိုင်သွားပါပေသည်။

* * *

နောက်တစ်နေ့တွင် သီဂီ၏ဖခင် ဦးလူမွန်သည် နွားစာကျက်မှ နွားနှစ်ကောင်အား အိမ်သို့ ပြန်သိမ်းလာစဉ် သီဂီ၏မိခင် ဒေါ်ချင်းမှ ဆီးကြိုကာ…

'ကိုလူမွန်ရေ ရွာရဲ့သူဌေး ဦးကြက်တောက သူ့သား သူရိန်နဲ့ သီဂီတို့ လက်ဆက်ပေးဖို့ တော့်ကို လာပြီး နားဖောက်မလို့တဲ့။ ရေမိုးချိုးလိုက်ဦး'

ဟု ဆိုလေရာ ဦးလူမွန်မှ…

'သူ့သား မောင်သူရိန်က လူတော်လူကောင်းပဲ။ ငြင်းစရာ မလိုပါဘူးဒါပေသိ နင့်သမီးက လက်ခံပါ့မလားမသိချင်းရဲ့… ငါ့သမီး စိတ်ညစ်နေပါဦးမယ်ဟယ်'

'ကိုယ့်သမီးကိုတော့ နားချရမှာပေါ့တော်၊ ကျုပ်တို့ သေသွားတော့ ကျုပ်တို့သမီးကို စောင့်ရှောက်နိုင်မှာ မောင်သူရိန်မှ စိတ်ချရမယ်တော့ သမီးဘဝရဲ့ ရှေ့ရေးအတွက်ပဲလေ'

ဟု ဒေါ်ချင်းမှ ပြောလေရာ ဦးလူမွန်မှ…

'ကဲ…ကဲ…ဦးကြက်တော မလာခင် ရုပ်မပျက်ရအောင် နင့်သမီးကို ပါ အိမ်ပေါ်ခေါ်ထား၊ နားကြည့်



www.burmeseclassic.com

www.burmeseclassic.com

အောင်'

ဟု ပြောလေသည်။

ဦးလူမွန်+ဒေါ်ချင်းတို့သည် သိင်္ဂီအား ခေါ်ဆို၍ နည်းအမျိုးမျိုးတို့ဖြင့် တရားချကြသော်လည်း သိင်္ဂီသည် ပြင်းပြင်းထန်ထန် ငြင်းဆန်သဖြင့် ရွာ၏သူဌေး ဦးကြက်တောနှင့် မျက်နှာပျက်ကြရလေသည်။

သည်နောက်ပိုင်းတွင် မတော့ သိင်္ဂီ တမှိုင်မှိုင်တတွေတွေ ဖြစ်နေရှာပါ၏။

* * *

ဒီည လကွယ်ည ဖြစ်ပါသည်။ သက်ကြီးခေါင်းချ ကြက်များ တွန်ကျူးသံများသည် သခ်ရွာလေးတွင် ကြားနေကြရပါသည်။

သခ်ရွာထိပ်ရှိ သိင်္ဂီတို့ အိမ်လေးမှ သိင်္ဂီ၏ အိပ်ခန်းပြတင်းပေါက် တံခါးလေး ပွင့်နေပါသည်။

မကြာမီ ထိုပြတင်းပေါက်မှ မင်းညီမင်းသားဝတ်စုံနှင့် ရုပ်ဆင်းအင်္ဂါ ချောမောသော ကိုယ်တော်လေး ကျော်ဝင်လာလေသည်။

ကိုယ်တော်လေး ရောက်လာသည်နှင့် မျှော်နေရှာသော သိင်္ဂီသည် ကိုယ်တော်လေး၏ ရင်ခွင်ထဲ ပြေးဝင်ကာ ကိုယ်တော်လေး ရင်ဘတ်တွင် သူမ၏မျက်နှာ အပ်ကာ ငိုချလိုက်ပါလေသည်။

ကိုယ်တော်လေးမှလည်း သိင်္ဂီ၏ နဖူးတွင် ကျနေသော ဆံနွယ်လေးများအား သူ၏လက်ဖြင့် အသာအယာ ပင့်သပ်ပေးပြီး...

'နှမတော် သိင်္ဂီ ဘာဖြစ်လို့ ငိုရတာလဲကွယ်'



ဟု ဆိုလေရာ သိင်္ဂီမှ သူမအား သူမ၏ မိဘများ၏ ယောကျ်ားပေးစားရန် ပြောနေကြပုံကို ရှင်းပြလေရာ...

'အဲဒီ သိင်္ဂီနဲ့ ပေးစားမယ့် ယောကျ်ားက ဘယ်သူလဲ'

ဟု ကိုယ်တော်လေးမှ မေးရာ...

'ဒီရွာက သူရိန်ဆိုတဲ့ သူဌေးသားပါ ကိုယ်တော်လေး'

ဟု သိင်္ဂီမှ ပြောလေ၏။

ထိုအခါ ကိုယ်တော်လေးမှ ဒေါသထွက်ထွက်နှင့်...

'ဒီကောင်လား၊ အေး...အရှုံမထားဘူး၊ သတ်ပစ်မယ်။ နှမတော် ဘာမှ မပူနဲ့။ သတ်ပြီးရင် နှမတော် သိင်္ဂီကို ကိုယ်တော်လေး လာခိုးမယ်'

ဟု ဆိုလိုက်လေရာ သိင်္ဂီ ကြည်နူးမှုတွေဖြစ်ပြီး နှစ်ဦးသား အိပ်ရာ ထက်ဝယ် လှဲအိပ်ကြကာ တစ်ဦးနှင့် တစ်ဦး ပွေ့ဖက်ကြရင်း...

ထိုကဲ့သို့သော လကွယ်ညများ ကြာမြင့်လာခဲ့ကြပါသည်။

* * *

ဦးလူမွန်သည် အတွေးအခေါ် အယူအဆ ကောင်းသူ ဖြစ်ပေသည်။ ညစဉ်ညတိုင်း သူ၏သမီး သိင်္ဂီအကြောင်း အမြဲစဉ်းစားနေမိလေသည်။

ဟိုတစ်နေ့က အိမ်ထောင်ပြုရန် ထပ်မံနားချသောအခါ သိင်္ဂီမှ သူမတွင် ချစ်သူရှိကြောင်း ဖွင့်ပြောလေ၏။

သည့်အတွက်ကြောင့် ဦးလူမွန်မှ အဲဒီချစ်သူနှင့် ပေးစားမယ်၊ ဘယ်သူ့သားလဲ၊ ဘယ်ရွာကလဲဟု မေးတော့ သိင်္ဂီမှ ငိုသာနေသဖြင့် ဦးလူမွန် ချစ်သမီးလေးအား သနားသွားပြီး အပြောရ ကျပ်နေပေသည်။

ဒီနေ့ လကွယ်ည ဖြစ်ပါသည်။

နေ့အခါ လယ်ကိစ္စ၊ နွားကိစ္စ၊ ကိုင်းကိစ္စ၊ အိမ်မှုကိစ္စတို့ဖြင့် အမြဲအလုပ်ရှုပ်နေသော ဦးလူမွန်မှာ ညဘက်ဆိုလျှင် တစ်ရေးမှ မနိုးဘဲ နှစ်နှစ်ခြိုက်ခြိုက်ကြီး အမြဲအိပ်တတ်သူ ဖြစ်ပါသည်။

ဒီလကွယ်ညမှာတော့ သမီးလေး သိင်္ဂီအကြောင်း တွေးတောရင်း ထူးထူးခြားခြား အိပ်မပျော်ဘဲ ဦးလူမွန် ဖြစ်နေပါသည်။

ထိုည သက်ကြီးခေါင်းချ ကြက်များ စတင် တွန်လာသံများကို ဦးလူမွန်ကြားလာရသောအခါ...

'အင်း...ညဉ့်တောင် တော်တော်နက်နေပါပြီလား။ ငါလဲ ခုထိ အိပ်မပျော်သေးဘူး'

ဟု တွေးတောလိုက်ပြီး သိင်္ဂီ၏



www.burmeseclassic.com

www.burmeseclassic.com



အိပ်ခန်းဆီမှ စကားသံသဲ့သဲ့ကို ဦးလူမွန်ကြားလိုက်ရသဖြင့် ဦးခေါင်းထောင်ကာ နားစွင့်လိုက်ပါသည်။

သေသေချာချာ ဦးလူမွန် ကြားလိုက်ရသည့်အသံက...

'ကိုယ်တော်လေး ဒီအိမ်မှာ နမထော်မနေချင်တော့ဘူး၊ သိင်္ဂီကို ခိုးပါတော့နော်'

ဟု ဆိုသော အသံကို ရှင်းရှင်းလင်းလင်း ကြားလိုက်ရလေသည်။

သို့ဖြင့် အနီးရှိ ဒေါ်ချင်းအား လှုပ်ကာနှိုးလိုက်ပြီး နှစ်ဦးသား ထထိုင်ကြကာ အခြေအနေကို ဦးလူမွန်မှ လေသံဖြင့် ဒေါ်ချင်းအား ပြောပြလိုက်ပါသည်။

ဦးလူမွန်နှင့် ဒေါ်ချင်းတို့ နားစိုက်ထောင်ကြသောအခါတွင် သိင်္ဂီ၏ ရယ်သံ ငိုသံ စကားပြောသံတို့ လုံးထွေးစွာ ရောနှောထွက်ပေါ်နေသည်ကို နှစ်ဦးသား ကြားနေရပါသည်။

သို့နှင့် ဦးလူမွန်နှင့် ဒေါ်ချင်းတို့သည် သိင်္ဂီ၏အိပ်ခန်းသို့ ချဉ်းကပ်သွားပြီး မီးခွက်ထွန်းကာ တံခါးကို နှစ်ဦးသား အသာအယာ ဖွင့်လိုက်ကြရာတွင်မတော့...

မီးခွက်၏ အလင်းရောင်အောက်တွင် သိင်္ဂီသည် သူမ အိပ်ရာထက်ဝယ် ခြင်ထောင်ဖြင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည်ကိုသာ ဦးလူမွန်တို့ တွေ့လိုက်ကြရပေသည်။

ဒေါ်ချင်းမှ ဦးလူမွန်အား လေသံဖြင့် ''ယောင်နေတာပါတော်'' ဟု ပြောဆိုပြီး သူတို့ အိပ်ရာဆီသို့ ပြန်သွားကြလေသည်။

သို့သော် ဦးလူမွန်စိတ်ထဲဝယ် မကျေနပ်သေးဘဲ နောက်လကွယ်ညများတွင်လည်း ဇနီးဖြစ်သူကို တော့ အိပ်ခိုင်းထားလိုက်ပြီး သိင်္ဂီ အခြေအနေကို သိရှိရန် မအိပ်ဘဲ စောင့်ဆိုင်းလေသည်။

လကွယ်ည နှစ်ကြိမ် ဦးလူမွန် စောင့်ကြည့်သည်။ ထိုကဲ့သို့သော အသံများ ငိုသံရယ်သံများ လုံးထွေးကာ ရှိနေပေလေသည်။

* * *

ထို့အတွက်ကြောင့် သမီးဖြစ်သူအတွက် ရတက်မအေးသော ဦးလူမွန်သည် ဒေါ်ချင်းနှင့် တိုင်ပင်ကာ သိင်္ဂီအား ခေါ်ပြီး ဦးလူမွန်မှ...

'သမီး အဖေတို့ ရွာဦးဘုန်းကြီးကျောင်းဆရာတော်ဆီ ဝတ္ထုငွေလေး လှူဒါန်းဖို့ သွားကြရအောင်၊ သမီးလိုက်ခဲ့ သားအဖသုံးယောက် သွားကန်တော့ကြမယ်'

ဟု ပြောလိုက်ရာ သိင်္ဂီမှ မလိုတမာအသံဖြင့်...

'ဟင့်အင်း...ဟင့်အင်း... ကျွန်မ မလိုက်ချင်ဘူး၊ အဖေတို့သွားကြပါ'

ဟု ပြန်ပြောသဖြင့် ဦးလူမွန်မှ ထပ်ကာ ချော့မော့ပြောဆိုခေါ်လေသည်။ သိင်္ဂီက လုံးဝ မလိုက်ပေ။

ဒီလိုနှင့် ဦးလူမွန်လည်း ဒေါ်ချင်းကို ခေါ်ကာ ဆရာတော်ဘုန်းကြီးထံ သွားကြပါလေသည်။

ဘုန်းကြီးကျောင်း ရောက်သောအခါ သက်တော်(၇၀)ကျော် အရွယ်ကြီး ဘုန်းကြီးအား ဝတ္ထုငွေများ ကန်တော့လိုက်ကြပါသည်။

ဘုန်းကြီးမှ...

'ဟဲ့...လူမွန်နဲ့ မိချင်း နင်တို့လဲ ကျောင်း မရောက်ကြတာကြာပြီ၊ ခု ကိစ္စရှိလို့ လာတာပဲ ဖြစ်မယ်၊ ဟုတ်သလား လူမွန်'

ဆိုလေရာ ဦးလူမွန်မှာ ယဲဆရာတော်လည်း ဖြစ်သည့်အတွက် ချစ်ကြောက် ရှိသေရပါလေသည်။

ဦးလူမွန်မှ...

'မှန်ပါတယ်ဘုရား၊ တပည့်တော် သမီးအတွက် လျှောက်ထားစရာ ရှိလို့ လာခဲ့တာပါ ဘုရား'

ဟု ဆိုကာ သိင်္ဂီ လကွယ်ညတိုင်း ဖြစ်ပျက်ပုံတို့ကို ခရေစေ့တွင်းကျ လျှောက်ထားပါလေသည်။

'အေး... လူမွန်ရဲ့ ဒါ မရိုးသားဘူး၊ ငါလဲ ဘုန်းကြီးဆိုတော့ မင်းတို့ ကိစ္စထဲ ငါမပါချင်ဘူး။ သို့ပေသည့် နေဦး ကျောင်းမှာနေတဲ့ ကပ္ပိယ မောင်ပိုးတော့ ရှိတယ်။ ဟဲ့... မောင်ပိုးရေ...မောင်ပိုး'

ဟု ဘုန်းကြီးမှ လှမ်းခေါ်လိုက်ရာ ''ဘုရား''ဆိုသော ထူးသံနှင့် အတူ ဘုန်းကြီးရှေ့သို့ ရိုရိုကျိုးကျိုး ကပ္ပိယ



www.burmeseclassic.com

www.burmeseclassic.com

မောင်ပိုး ရောက်ရှိလာပါသည်။

မောင်ပိုးဟုသာ ဘုန်းကြီးမှ ခေါ်လိုက်သော်လည်း အသက်(၅၀)ကျော် အရွယ်ရှိသည့် ဥပဓိရုပ်ကောင်းသည့် လူကြီး ဖြစ်ပါသည်။

'မောင်ပိုးရေ… မင်းကို လူမွန် ပြောပြလိမ့်မယ်။ အဲဒါ မင်းက လူဆိုတော့ ကူညီနိုင်ရင် ကူညီပေးလိုက်ပါကွယ်'

ဟု မိန့်တော်မူကာ ထသွားတော်မူပါလေသည်။

ဘုန်းကြီးမှ **အထက်လမ်းဆေးတော်များ ဦးမောင်ပိုးအား "စုတ်တော်"ဖြင့် ပေါက်ပေးထားသူဖြစ်သည်။ "ဣစ္ဆာသယမဟိဒ္ဓိဂိုဏ်း"** ဟု ဆိုပါသည်။

ဦးမောင်ပိုးဆိုသူမှာ စားစရာမရှိ၍ ကျောင်းတွင် လာကပ်စားနေသူမဟုတ်ဘဲ သူ၏ဇနီး ဆုံးပါးသွားပြီဆိုကတည်းက ရှိသည့် ပစ္စည်းများအားလုံးကို သားသမီးများအား အမွေခွဲပေးခဲ့ပြီး ဘုန်းကြီးကျောင်းတွင် ကျောင်း၏ ဝေယျာဝစ္စလုပ်ရင်း **"သမထဘာဝနာ ကမ္မဋ္ဌာန်း"** စီးဖြန်းနေသူ ဖြစ်ပါသည်။

သခ်ရွာတွင် ရွာသူရွာသားတို့ အနှောင့်အယှက် ပယောဂများ ကြုံလာခဲ့ပါက ဦးမောင်ပိုးမှ ကုသပေးသူတစ်ယောက် ဖြစ်ပါသည်။

'ကဲ…လူမွန်နဲ့မိချင်းတို့ ပြောကြစမ်း နင်တို့ကိစ္စ'

ဟု ဦးမောင်ပိုးမှ မေးလိုက်ရာ ဦးလူမွန်မှ ဘုန်းကြီးအား ပြောဆိုလျှောက်ထားသည့်အတိုင်း ပြောပြလိုက်ရာ ဦးမောင်ပိုးမှ…

'အင်း… ဒီလိုဆို နင်တို့သမီးကော'

မေးလေရာ ဦးလူမွန်မှ ဒီကျောင်းကို ခေါ်၍မရခဲ့ကြောင်း ပြန်ပြောလေ၏။

ဆက်လက်၍ ဦးမောင်ပိုးမှ…

'ကဲ…ဒီလိုဆို နင့်တို့သမီး သိင်္ဂီရဲ့ အသက်နဲ့ ခန္ဓာကိုယ် ငါ့ဆရာကို အပ်စမ်းကွယ့်'

ဟု ပြောလေရာ ဦးလူမွန်နှင့် ဒေါ်ချင်းတို့က…

'အပ်ပါတယ် ကပ္ပိယကြီး'

ဟု ပြိုင်တူပြောလိုက်ရာ ကပ္ပိယကြီးမှ…

'ငါက နင်တို့သမီးကို ကုသမယ့် ဆရာဖြစ်သွားပြီဖြစ်တဲ့အတွက် ကပ္ပိယကြီးလို့ မခေါ်နဲ့။ အစွမ်းသတ္တိ ပိုကောင်းအောင် ဆရာလို့ ခေါ်ကြ။ ကြားလား…ကုသပြီးသွားရင်တော့ ခေါ်နေကျအတိုင်း ကပ္ပိယကြီးလို့ ခေါ်နိုင်တယ်'

ဟု ပြောလေသဖြင့် ဦးလူမွန် ဒေါ်ချင်းတို့က…

'ဟုတ်ကဲ့ သမီးကို အပ်ပါတယ် ဆရာ'

ဟု ပြင်ဆင်ပြောလိုက်လေသည်။

'အေး…ဟုတ်ပြီ၊ နင်တို့သမီးက ဘာနေ့သမီးလဲ'

ဟု မေးရာ…

'သောကြာသမီးပါ ဆရာ'

ဟု ဦးလူမွန်မှ ပြန်ဖြေလိုက်ပါသည်။

ထို့နောက် ဦးမောင်ပိုးမှ…

'ဟဲ့… ခုချိန်ကစပြီး သောကြာသမီး သိင်္ဂီကို ကြိုးပိုင်၊ ကြိမ်ပိုင်၊ တုတ်ပိုင်၊ ဓားပိုင်၊ ဆင်ပိုင်၊ မြင်းပိုင်၊ ရေပိုင်၊ မီးပိုင်၊ နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ယက္ခ၊ ဂန္ဓဗ္ဗ နတ်အပေါင်းတို့က ဆရာ့ထံသို့ ယခုချက်ချင်း အရောက်ပို့စေရမယ်။ ဘုရားငါးဆူအမိန့်နှင့် အထက်ဆရာကြီးများ အာဏာ ဖြစ်သည်'

ဟု အမိန့်ပေးကာ ခေါ်လိုက်လေသည်။

ပြီးနောက် ဦးမောင်ပိုးသည် ကျောင်းပေါ်ရှိ မြတ်စွာဘုရားအား အလင်းတိုင်၊ အမွှေးတိုင်နှင့် ရေချမ်းတို့ ကပ်လှူပူဇော်လိုက်ပါသည်။

နှုတ်မှလည်း ဘုရားနှင့်တကွ အထက်ဆရာတော်ကြီးများ၊ နတ်မင်းကြီးလေးပါးနှင့် အမေသူရဿတီတို့အား ပင့်ဖိတ်လိုက်ပါသည်။

ကွမ်းတစ်ယာညက်မျှ မကြာတကြာတွင် ဘုန်းကြီးကျောင်းပေါ်သို့ သိင်္ဂီ မျက်ရည်များ ဝိုင်းလျက်ရောက်ရှိလာသဖြင့် ဦးလူမွန်တို့သူတို့ ခေါ်မရသည့် သမီးအတွက် တအံ့တဩ ဖြစ်ကုန်ကြပါသည်။

ရောက်ရောက်ချင်း သိင်္ဂီအား ဦးမောင်ပိုးမှ ဘုရားအား ဦးချခိုင်းလိုက်ပြီး သိင်္ဂီနဖူးကို ဦးမောင်ပိုး လက်ဝါးနှင့် ပုတ်ပြီး…

'သမီး သိင်္ဂီ နင်ဘာမှ မကြောက်နဲ့ကွယ့်၊ သမီးကျန်းမာအောင် ဆရာက ကုသပေးမယ်၊ နင့်မိဘများကလဲ နင့်ကို ကျန်းမာစေချင်လို့။

ကဲ…ကဲ… သိင်္ဂီကလဲ သမီး ကျန်းမာရေးတွေ ကောင်းလာအောင် ဆရာက ကုသပေးရမှာ ဖြစ်တဲ့အတွက် သမီးရဲ့ အသက်နဲ့ ခန္ဓာ ဆရာ့ကို အပ်ကွယ့်'



www.burmeseclassic.com

www.burmeseclassic.com



သိင်္ဂီမှလည်း **"အစ်ပါတယ်"** ဟု ပြောဆိုလိုက်ပါသည်။

သည့်နောက် ဦးမောင်ပိုးမှ သိင်္ဂီ၏ အသက်နှင့်ခန္ဓာကို နှုတ်မှ မြွက်ဆိုကာ ချုပ်လိုက်ပါလေသည်။

ပြီးလျှင် သိင်္ဂီအား ဘုရားဘက်ကို ကျောပေးထိုင်ခိုင်းလိုက်ပြီး လက်နှစ်ဖက်ကို သိင်္ဂီ၏ နောက်ကျောဘက်ရှိ ကြမ်းခင်းမှာ လက်ဖြန့်ထောက်ခိုင်း၍ ခြေထောက်နှစ်ချောင်းအား ခြေဆင်းခိုင်းထားကာ မည်သို့သော ပယောဂ အနှောင့်အယှက် ရှိနေသည်ကို ကွဲပြားအောင် ဦးမောင်ပိုး စတင်စစ်ဆေးလေတော့သည်။

## ပယောဂ ရှိမရှိ စစ်ပုံမှာ

ရှာသူ(စုန်းမ) အနှောင့်အယှက် ပြုလုပ်ထားပါက ညာခြေထောက် မ,မရအောင် ကပ်ထား၊ လုံးဝ မ,မရစေနဲ့ ဆိုပြီး ဆရာမှ အသံမာမာနှင့် အမိန့်ပေးခိုင်းစေပါသည်။

ထိုအခါ ခြေထောက်သည် ကြမ်းပြင်တွင် ခွာမရအောင် ကပ်နေပါက ရှာသူ အနှောင့်အယှက် လုပ်ထားတာ သေချာသည်ဟု ဆိုပါသည်။

သို့မဟုတ်ဘဲ ခြေထောက် အပေါ်သို့ မြှောက်၍ ကြွတက်သွားပါက ရှာသူ အနှောင့်အယှက် မရှိဟု ဆိုပါသည်။

**[မှတ်ချက် ။ ။ ပယောဂ စစ်ဆေးပုံအား စာရေးသားနိုင်ရန် ရွှေရင်ကျော်ဆရာ ဆရာဦးရဲတင့် (လက်ပံပုရွာ၊ ကျီးသဲ)ထံသို့ သွားရောက်မေးမြန်းရပါသည်။ ထိုအခါ ဦးရဲတင့်မှ ပြောပြသည်ကို စာရေးသူမှ အကျဉ်းချုံးကာ တင်ပြထားတာ ဖြစ်ပါသည်။]**

ပယောဂစစ်ဆေးပုံကို ပြည့်ပြည့်စုံစုံ ရေးမည်ဆိုပါက စာမျက်နှာအား ငဲ့ကွက်ရပါသဖြင့် စာရှုသူတို့ သဘောပေါက်လောက်ရုံမျှသာ ရေးသားတင်ပြထားပါသည်။

ဦးမောင်ပိုး အမိန့်ပေးလိုက်သည့်အခါ သိင်္ဂီခြေထောက်မှာ ကြမ်းပြင်တွင် ကပ်မနေဘဲ အပေါ်သို့ ကြွတက်သွားသဖြင့် ရှာသူအနှောင့်အယှက် မဟုတ်ကြောင်း ထင်ရှားသွားပါသည်။

ထိုနည်းအတိုင်း ဦးမောင်ပိုးမှ အောက်လမ်း၊ နတ်တိုက်၊ အာဠာဝကတိုက်၊ အင်းတိုက်၊ လက်ဖွဲ့တိုက် စသဖြင့် အတိုက်အခိုက်မှန်သမျှ အားလုံးကို အသေးစိတ်စစ်ဆေးသော်လည်း မည်သည့် အတိုက်အခိုက်မှ မတွေ့ရှိရဘဲ ဦးမောင်ပိုး အကြံအိုက်သွားပုံရပါသည်။

ထို့နောက် ဦးမောင်ပိုးသည် မျက်လွှာချကာ ခေတ္တခဏမျှ အာရုံခံလိုက်ပါသည်။ ပြီးလျှင် တစ်ချက်ပြုံးလိုက်ပြီး...

'ကာယကံရှင် သိင်္ဂီတွင် သူယောင် သုက်ပင်းရှိရင် ညာခြေ ခွာမရအောင် ကပ်ထားလိုက်စမ်းဟေ့'

ဟု ဦးမောင်ပိုးမှ အမိန့်ပေးလိုက်သည်နှင့် သိင်္ဂီခြေထောက်သည် အားကုန်မ,ကာ ခွာသော်လည်း လုံးဝ ခွာမရဘဲ ရှိနေလေတော့သည်။

'ဆရာပိုးကို လှည့်စားလို့မရဘူးကွ။ ခု...မိပြီ။ ကဲ သူယောင်က ဘယ်သူလဲ

(စာမျက်နှာ(၂၆၃) သို့)

www.burmeseclassic.com

# ပတ္တမြားတစ်စေ့ ဓားကောင်းတစ်လက်



▲ ကျောက်နီလက်စွပ် အနီးကပ်ပုံ

ဦးသွင့်မောင်စိန်

ပတ္တမြားတစ်စေ့ ဓားကောင်းတစ်လက်မှာ ဒုတိယကမ္ဘာစစ်ကြီးအတွင်း စစ်အောင်နိုင်ရေးအတွက် အမရိကန်ဦးဆောင်သော မဟာမိတ်တပ်များ၏ လက်အောက်ခံ ကိုလိုနီနယ်ချဲ့၏ တပ်ရင်းတပ်ဖွဲ့မှ အာဖရိကတပ်ရင်း၊ အနောက်အမေရိကန်တပ်ရင်းနှင့် မြန်မာလူမျိုးတစ်ဦး၏ တစ်ဦးပေါ် တစ်ဦး ခင်မင်ကြ၍ အမှတ်တရအဖြစ် လဲလှယ်ခဲ့ကြသော မှတ်တမ်းဖြစ်ပါသည်။

ဒုတိယကမ္ဘာစစ်ကြီးသည် ဂျာမန်မှ နာဇီအာဏာရှင် ဟစ်တလာသည် နာဇီပါတီကို ထူထောင်ကာ ပထမကမ္ဘာစစ်၏ ဂျာမန်အပေါ် ချုပ်ဆိုထားသော စာချုပ်ကို အကြောင်းပြကာ အင်္ဂလိပ်အပေါ် မကျေနပ်ချက်များကို လူထုအား တရားဟောတိုင်း၊ တရားဟောတိုင်း ထည့်သွင်းကြေညာ၍ နာဇီပါတီကို တည်ထောင်၍ ဥရောပတစ်ခွင်တွင် စစ်မီးမွှေးရန် အစပျိုးလေတော့သည်။

အရှေ့ဖျား ဒေသတွင်လည်း အမေရိကန်နှင့် ဂျပန်သည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဆက်ဆံရာ၌ ဂျပန်အား အမေရိကန်မှ အပေါ်စီးဖြင့် တစ်ဖက်သတ် ဂျပန်အား ဆက်ဆံသည်ဟု ဂျပန်က အမေရိကန်အပေါ် အမြဲတမ်း မုန်းတီးမှု ထားရှိခဲ့ပေသည်။

ထို သဘောထားများကြောင့် ဥရောပမှ နာဇီဂျာမဏီ ဟစ်တလာသည် နာဇီဂျာမန်တပ်ကို တည်ထောင်ကာ ၁၉၃၉–၄၀ ပြည့်နှစ်များတွင် ယင်း၏နိုင်ငံနှင့် နီးစပ်လျက်ရှိသော ချက်ကိုစလိုဗက်ကီးယား နိုင်ငံ၊ ဟန်ဂေရီ၊ ပိုလန်နှင့် အခြားသော နိုင်ငံများအား စတင် တိုက်ခိုက်တော့သည်။

ပထမတွင် ဂျာမန်မှာ စစ်ရေးသာလျက် ပြစ်သစ်အထိ တိုက်ခိုက်ကာ အနိုင်ယူထား၏။ ယင်းနှင့် အစဉ်တစ်စိုက် မတည့်ခဲ့သော ဂျာမန်ပြည်



www.burmeseclassic.com

www.burmeseclassic.com

တွင်းမှ ဂျူးလူမျိုးများ၊ မိမိ နိုင်ထားသောနိုင်ငံမှ ဂျူးလူမျိုးများကို ပိုလန်နိုင်ငံ၊ ဝါဆောမြို့အနီး အိုက်ခမန်းဂေရဲခန်းတွင် မီးလောင်တိုက်သွင်းရာ ဂျူးလူမျိုး (၆၀၀၀၀၀၀)ကျော် အသက်ဆုံးရှုံးခဲ့ကြပါသည်။

ထိုအချိန်သည်ကား ၁၉၄၀–၄၁ ခုနှစ်တွင် ဂျာမဏီသည် စစ်အင်အားကြီးမားကာ ဥရောပတစ်ခွင်မှ ပြင်သစ်နှင့် အင်္ဂလိပ်အား တိုက်ခိုက်လျက် စစ်ရှိန်မြင့်လျက် အင်္ဂလိပ်အား စစ်လက်နက်ပစ္စည်းများ မရောင်းပေးရ၊ မထောက်ပံ့၊ မကူညီရဟု တားမြစ်လျက်ရှိသော အချိန်အခါတွင် အမေရိကန်သည် လူဝီစထားနီးယား စစ်သင်္ဘောဖြင့် အင်္ဂလိပ်အား စစ်ပစ္စည်းများကို ရောင်းချစဉ်အတွင်း ဂျာမန်မှ ရေအောက်သုံး တော်ပီတိုဖြင့် ပစ်ခွင်းနစ်မြုပ်လိုက်၏။

အမေရိကန်မှာ အင်္ဂလိပ်က ပြောထားသော စကားအတိုင်း (ဂျာမန်သည် ဥရောပတစ်ခွင် စစ်နိုင်ပြီးသောအခါ သင်တို့ အမေရိကသို့ ကူး၍ စစ်တိုက်လိမ့်မည် ဖြစ်ကြောင်း ကြိုတင်၍ အသိပေးထားသည့်အတိုင်း ယခုလည်း စစ်လက်နက်တင်ဆောင်လာသော သင်္ဘောအား ပစ်ခွင်းနစ်မြုပ်သည်ကို အကြောင်းပြကာ အမေရိကန်သည် ဂျာမဏီနာဇီအား စစ်ကြေညာရတော့သည်။

အာရှအရှေ့ဖျားတွင်လည်း ဂျပန်သည် အမေရိကနှင့် ဆက်ဆံရာ၌လည်းကောင်း၊ ကုန်ကူးသန်းရာ၌လည်းကောင်း ဂျပန်အပေါ် အမေရိကန်မှ တစ်ဖက်အပေါ်စီးဖြင့် ဆက်ဆံသည်ဟု ဂျပန်က သဘောထားရှိသည်က တစ်ကြောင်းကြောင့် ဂျပန်သည် အမေရိကန် စစ်သင်္ဘောများ ထားရှိရာ ဟာဝိုင်ရီကျွန်းအား စစ်လေယာဉ်အစင်း (၁၀၀)ကျော်ဖြင့် တိတ်တဆိတ် သွားရောက် ဗုံးကြဲချလိုက်တော့သည်။

ထိုအချိန်အခါမှစ၍ အမေရိကန်သည်လည်း မနေသာတော့ဘဲ ဂျပန်အား စစ်ကြေညာရတော့သည်။ ဒုတိယကမ္ဘာစစ်ကြီးသည် အမေရိကန် ဦးဆောင်သော အင်္ဂလိပ်–ပြင်သစ်နှင့် ယင်း၏ လက်အောက်ခံ နိုင်ငံများမှ တစ်ဖက်...

ကမ္ဘာ့အရှေ့ဖျားတွင် ဂျပန်ဖက်ဆစ်သည် ယင်း၏ စစ်တပ်ဖြင့် ကိုရီးယား၊ တရုတ်နိုင်ငံ၊ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား၊ ယိုးဒယား (ထိုင်း)နှင့် မလေးရှား၊ စင်ကာပူ အစရှိသော အင်္ဂလိပ်ကိုလိုနီ၊ ပြင်သစ်ကိုလိုနီ တိုင်းပြည်များကို စစ်အင်အား ကြီးမားစွာဖြင့် စတင်တိုက်ခိုက်၍ မြန်မာနိုင်ငံအပါအဝင် နိုင်ငံများအား တိုက်ခိုက် သိမ်းပိုက်ထား၏။

**၁၉၄၀–၄၁ ခုနှစ်**များတွင် မြန်မာနိုင်ငံသည်လည်း လွတ်လပ်ရေး ရရှိရန် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ရဲဘော်သုံးကျိပ်တို့သည် ဂျပန်နှင့် ပူးတွဲ၍ ဂျပန်ပိုင် ဖော်မိုဆာကျွန်းတွင် စစ်ပညာကို ခဲရာခဲဆစ်ဖြင့် သင်ယူ၍ အင်္ဂလိပ်အား တိုက်ခိုက်ရန် ကြိုးပမ်းနေသော အချိန်အခါဖြစ်သည်။

ဂျပန်သည် အာရှအရှေ့ဖျားဒေသမှစ၍ အာရှအရှေ့တောင်ပိုင်း နိုင်ငံများအထိ တိုက်ခိုက် သိမ်းပိုက်ထားတော့သည်။ ဗိုလ်ချုပ်အောင်ဆန်း ဦးစီးသော ဗမာ့လွတ်လပ်ရေး တပ်မတော်အား မြန်မာနိုင်ငံကို အပြီးအပိုင် သိမ်းယူပြီးသောအခါ လွတ်လပ်ရေးပေးမည်ဟု ဂျပန်က ကတိပြုထား၏။

ဂျပန်စစ်တပ်သည် မြန်မာနိုင်ငံကို သုံးနှစ်သုံးမိုး အုပ်ချုပ်၍ နေသော်လည်း လွတ်လပ်ရေးကား မပေး။ ပေးသော လွတ်လပ်ရေးကား အတုအယောင်ဖြစ်နေ၏။

မြန်မာ ပြည်သူလူထုအပေါ် မတရား ညှဉ်းပန်းနှိပ်စက်သည်။ မြန်မာပြည်သူလူထုနှင့် ဗမာ့တပ်မတော်သားများ ဗိုလ်ချုပ်အား တိုင်တန်း တင်ပြသည်။ ဗိုလ်ချုပ်မှ သည်းခံ၍ နေကြရန်သာ ဖျောင်းဖျပြောဆို၍နေသောအချိန်...

ဥရောပ စစ်မြေပြင်တွင် အမေရိကန် ဦးဆောင်သော မဟာမိတ် အင်္ဂလိပ်–ပြင်သစ် ယင်း၏ လက်အောက်ခံ ကိုလိုနီနိုင်ငံများသည် ဂျာမန်က ချို့ယွင်းချက် မရှိ လက်နက်ချ စစ်အောင်နိုင်ပြီးသောအခါ အာရှဒေသသို့ အမေရိကန် ဦးဆောင်သော မဟာမိတ်တပ်များ စစ်ဦးလှည့်လိုက်တော့သည်။

စစ်ဦးလှည့်ရာတွင် အမေရိကန် သမ္မတရုစဗဲ့နှင့် အင်္ဂလိပ်ဝန်ကြီးချုပ် ချာချီတို့နှစ်ဦးသည် အတ္တလန်တိတ် သမုဒ္ဒရာတွင် စစ်သင်္ဘောပေါ်၌





www.burmeseclassic.com

www.burmeseclassic.com

မဟာမိတ်ဘက်သို့ ပါဝင်တိုက်ခိုက်ပေးသော မည်သည့်ကိုလိုနီ လက်အောက်ခံ နိုင်ငံဖြစ်စေ စစ်ကြီးပြီးဆုံးသောအခါ လွတ်လပ်ရေးပေးမည်ဟု အတ္တလန်တိတ် စာချုပ်ပေါ်တွင် ကတိပြု လက်မှတ်ရေးထိုး၍ တိတ်တဆိတ် ကြေညာထားတော့သည်။

ထိုအချိန်တွင် ဂျပန်အငိုက်–မြန်မာအကြိုက် ဖြစ်သွားတော့၏။ ဗိုလ်ချုပ်အောင်ဆန်း ဦးစီးသော ဗမာ့လွတ်လပ်ရေး တပ်မတော်သည် မဟာမိတ်နှင့်တွေ့ဆုံ၍ ဂျပန်အား ပြန်လည် တိုက်ခိုက်ရန် အကြံအစည်ရှိလေတော့သည်။

မြန်မာနိုင်ငံမှ ဆုတ်ခွာသွားသော အင်္ဂလိပ်တပ်သည် အိန္ဒိယနိုင်ငံတွင် တပ်စွဲလျက် အမေရိကန်၊ အင်္ဂလိပ်၊ ပြင်သစ် ယင်းနိုင်ငံများနှင့် ပူးပေါင်းကာ အိန္ဒိယ အင်ဖာမှ အစပြု၍ ဂျပန်အား မဟာမိတ်က ထိုးစစ်ကြီးအဖြစ် ကြည်းကြောင်း၊ ရေကြောင်း၊ လေကြောင်းမှစ၍ တိုက်ခိုက်တော့သည်။

ပထမသော် ဂျပန်သည် ကြည်းကြောင်းဖြင့် အသေအလဲ ခုခံ၏။ အမေရိကန်၏ လေတပ်အင်အားကို မခံနိုင်၍ မြန်မာနိုင်ငံမြောက်ဘက် ဟူးကောင်းတောင်ကြားမှ ဆုတ်ခွာကာ မြစ်ကြီးနားတွင် ဂျပန် အခိုင်အမာ တပ်စွဲထားသည်။

မဟာမိတ်အမေရိကန်၏ စစ်စီမံကိန်းမှာ အိန္ဒိယနိုင်ငံ လီဒိုမှတစ်ဆင့် မြစ်ကြီးနား၊ မြစ်ကြီးနားမှ ဗန်းမော်၊ ဗန်းမော်မှတစ်ဆင့် တရုတ်နိုင်ငံ၊



ကျောက်နီလက်စွပ် ဗိုလ်ရှင်

ချုံကင်းအထိ လမ်းဖောက်၍ ယင်းမှ တရုတ်နိုင်ငံကြီးထဲ ဝင်ကာ စင်ကာပူအထိ တိုက်ခိုက်ရန်ဖြစ်သည်။

ထို့ကြောင့် အိန္ဒိယနိုင်ငံမှတစ်ဆင့် မြန်မာနိုင်ငံသို့ စစ်လက်နက် အင်အား၊ လူအင်အား၊ ပစ္စည်းအင်အား ပြည့်ပြည့်စုံစုံဖြင့် လမ်းဖောက်ပြီး မဟာမိတ်စစ်ကြောင်းကြီး အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံမြောက်ဘက် ကချင်ပြည်နယ် မြို့တော် မြစ်ကြီးနားသို့ ဂျပန်အား တိုက်ခိုက်ရင်း ရောက်ရှိလာတော့သည်။

ထိုအချိန်အခါသည်ကား **၁၉၄၃ မှ ၄၅ ခုနှစ်အထိ** သုံးနှစ်ကြာသော စစ်ကြောင်းကြီး ဖြစ်တော့သည်။

အမေရိကန်ဦးဆောင်သော မဟာမိတ်တပ်ကြီးမှာ မြစ်ကြီးနား–ဗန်းမော် ယင်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ စစ်ကြောင်းကြီးတစ်ကြောင်း၊ မြစ်ကြီးနား–မန္တလေး– မြို့တော် ရန်ကုန်အထိ စစ်ကြောင်းဖြင့် ကြည်း(၂)ခုခွဲကာ ဂျပန်အား တိုက်ခိုက်ပါတော့သည်။

မဟာမိတ်တပ်များ မြစ်ကြီးနားသို့ ရောက်သောအခါတွင် **ယခု ဟိုပင်မြို့မှ မြသီတာရပ်ကွက်တွင် နေထိုင်သော အသက်(၈၅)နှစ်ရှိ ဦးမြ** သည်လည်း မြစ်ကြီးနားတွင် ကားမောင်းအလုပ်ဖြင့် လုပ်ကိုင်၍ နေသောအချိန်…

မဟာမိတ်တပ် အနောက်အာဖရိကန်တပ်ရင်း ကားတပ်ရင်းမှ တန်ဇန်နီးယားလူမျိုး တပ်ကြပ်ကြီး နှစ်ဦးဖြစ်သည့် မစ္စတာဟော်နန်၊ မစ္စတာဂျပ်စ္စတူးတို့ (၂)ဦးနှင့် ခင်မင်ရင်းနှီးကြသည်။

သူတို့ အာဖရိကနိုင်ငံသားနှစ်ဦး ပါသော စစ်ကြောင်းသည် အထက်မှ ဖော်ပြခဲ့သော မြစ်ကြီးနား–မန္တလေး –မြို့တော် ရန်ကုန်အထိ စုန်ဆင်း တိုက်ခိုက်မည့် တပ်ကြီးဖြစ်သည်ကို ဦးမြသိရှိသွားသောအခါ ယင်း မစ္စတာဟော်နန်၊ မစ္စတာဂျပ်စ္စတူးတို့နှင့်အတူ ကားတပ်ရင်းတွင် စပယ်ယာအဖြစ် ဦးမြ ပါဝင်သွားတော့၏။

သွားလာလုပ်ကိုင် ဆောင်ရွက်ရင်း တစ်ဦးနှင့် တစ်ဦး ခင်မင်ရင်းနှီးသွားကြတော့သည်။ တန်ဇန်နီးယားလူမျိုး တပ်ကြပ်ကြီးနှစ်ဦးနှင့် ဦးမြ ခင်မင်သွားကြသောအချိန်မှာ စစ်ကြောင်းကြီးသည် မြန်မာနိုင်ငံ အလယ်ပိုင်း မန္တလေးသို့ပင် ချဉ်းနင်း



www.burmeseclassic.com

www.burmeseclassic.com

ဝင်ရောက်၍ လေကြောင်းမှပင် ဂျပန်အား ဗုံးကြဲချကာ စစ်အောင်နိုင်ရေး ပြုလုပ်လျက် ရှိနေပါသည်။

ဒုတိယကမ္ဘာစစ်ကြီးကို အပြီးပိုင် ဂျပန်အား တိုက်ခိုက်နေသောအချိန်တွင် ဦးမြကလည်း မစ္စတာဟော်နန်နှင့် မစ္စတာဂျပ်စ္စတူးတို့နှစ်ဦး မောင်းနှင်လာသော ဂျီအင်မ်စီကား ဦးခေါင်းတွင် အလှတပ်ထားသော ကျောက်နီကြီးကို ဦးမြမှပင် ...

'မစ္စတာဟော်နန် ဒီကျောက်နီကြီးက ကားမှ ဖြုတ်လိုက်ရင်လဲ ဘာမှ ချို့ယွင်းချက် မရှိပါဘူး အဲဒါဘာလဲ'

လို့ မေးတော့မှ သူတို့နိုင်ငံထွက်ကျောက်ကို အမှတ်တရ ယူလာခြင်းဖြစ်ကြောင်း၊ အဆွေတော် အလိုရှိပါရနိုင်ပါကြောင်း တစ်ဦးနှင့် တစ်ဦးအကျေအလည် ပြောဆိုကြပြီးသည့်နောက် ဦးမြမှလည်း ကုန်းဘောင်ခေတ် မြန်မာစစ်သူကြီးများ ကိုင်ဆောင်သော လက်သုံးတော်ဓားနှင့် အမှတ်တရအဖြစ် လဲလှယ်လိုက်ကြပါတော့သည်။

အမှတ်တရ လဲလှယ်ကြပြီးနောက် တိုက်ဆိုင်လာသည်ကား ၁၉၄၅ ခုနှစ်၊ ဩဂုတ်လ (၆)ရက် ဟီးရိုးရှီးမားမြို့ကို လည်းကောင်း၊ ဩဂုတ်လ (၇)ရက်တွင် နကာဆကီမြို့ကို လည်းကောင်း အမေရိကန်သည် အနုမြူဗုံးနှစ်လုံး ကြဲချလိုက်သည်။

ထိုအချိန်အခါမှစ၍ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးရန် ဂျပန်သည် ချို့ယွင်းချက်မရှိ လက်နက်ချ အညံ့ခံရတော့သည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံး၍ တာဝန် ထမ်းဆောင်ခဲ့ကြသော တန်ဖန်နီးယားလူမျိုး တပ်ကြပ်ကြီးနှစ်ဦးလည်း အမိနိုင်ငံသို့ ပြန်သွားတော့၏။

မြန်မာနိုင်ငံမှ ဦးမြသည် မိမိ၏ နေရပ်သို့ ပြန်ရောက်လာကာ မိမိ၏ အိမ်ထောင်စု သားမယားနှင့်အတူ ပျော်ရွှင်စားသောက်ကာ နေထိုင်ကြရင်း ပင်ပန်းဆင်းရဲစွာ ဖြတ်သန်းခဲ့ရသော ဘဝလမ်းခရီးကြီးတွင် ဘဝကောင်းစားရေးအတွက် မိမိ မွန်မွန်မြတ်မြတ် ရရှိထားသော ယင်း တန်ဖန်နီးယား ကျောက်နီကို ကုသိုလ်ဒါန ရပါစေခြင်းငှာ ဆရာတော်တစ်ပါးအား ထိုက်ထိုက်တန်တန် လှူဒါန်းလိုက်ပါတော့သည်။

**ထိုကျောက်နီ၏ ဂုဏ်သတ္တိမှာ မိုးကုတ်ကျောက်နှင့် မတူသော်လည်း အရောင်(အရည်)သည် အမြဲတမ်းတောက်ပ၍ နေရောင်၊မီးရောင်နှင့် တိုက်ဆိုင်မိပါက အရောင်သည် နီရဲပြီး တည်ရှိနေပါသည်။**

ကြုံတောင့်ကြုံခဲ၊ တွေ့တောင့်တွေ့ခဲသော ယင်း တန်ဖန်နီးယား ပတ္တမြားကျောက်နီကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်များ သိရှိနိုင်ရန်အတွက် သော်လည်းကောင်း အရည်အချင်း အရည်အသွေးကို မြင်ရအောင် ဓာတ်ပုံနှင့်တကွ တင်ပြပေးလိုက်ပါသည်။

***ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။***

**ဦးညွန့်မောင်စန်း**


**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**
**ဖတ်ရှုလိုသူများသို့ ...**

စာတိုက်ရှိသော
မည်သည့်ဒေသတွင်
နေထိုင်သူများဖြစ်စေ၊
နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို
လပေးဖတ်ရှုလိုပါက
စာဖတ်သူများလက်ဝယ်သို့
EXPRESSဝန်ဆောင်မှု
စနစ်ဖြင့် အမြန်ဆုံး
အရောက်
ပို့ဆောင်ပေးပါမည်။
စာအုပ်ရောက်
ရွေးယူစနစ်ဖြင့်
တစ်လလျှင် ၂၈၀၀ိ/ကျပ်
(နှစ်ထောင့်ရှစ်ရာကျပ်နှုန်း)
ကျသင့်ပါသည်။
လပေးဖတ်ရှုလိုသူများ
အောက်ပါလိပ်စာသို့
အကြောင်းကြား
မှာကြားနိုင်ပါသည်။
[မှတ်ချက် ။-။ လေယာဉ်ပျံနှင့် ပို့ရသောဒေသများအတွက် လေယာဉ်ခကိုပိုပေးဆောင်ရပါမည်။]

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**
အမှတ် ၂၁၀-ပထမထပ်၊
၂၉-လမ်း(အထက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း
**၀၉-၇၇၆၃၄၉၇၈၅**
**၀၉-၄၄၃၂၅၇၂၆**


www.burmeseclassic.com

www.burmeseclassic.com

# ကြုံရဆုံရ ပရလောက

ကိုကိုသန့်ဇော်
(ကသာမြေ)



'နတ်ကတော် ဒေါ်ခင်မြ ဆုံးသွားပြီတဲ့' သည်သတင်းက "ပြည်သာယာရွာ"တစ်ရွာလုံး ချက်ချင်း ပျံ့နှံ့သွားသည်။

'ဘယ်တုန်းက ဆုံးတာလဲ'

'အင်း… အိပ်ပျော်နေတုန်း ဆုံးတာဆိုတော့ အဘယ်ချိန် ဆုံးမှန်းတောင် သူ့သား အောင်ဖြိုးက မသိလိုက်ဘူးတဲ့'

'အဲဒါလဲ ကုသိုလ်ကောင်းတာပေါ့'

'ကုသိုလ်ကောင်းတယ် ဆိုပေမယ့် ဒေါ်ခင်မြက သူ့သားအောင်ဖြိုးကို သိပ်ချစ်တာ အမေတစ်ခု သားတစ်ခုဆိုတော့ ဒေါ်ခင်မြ အောင်ဖြိုးကို စိတ်မချတာနဲ့ ကျွတ်မှ ကျွတ်ပါ့မလား မသိဘူး'

သိသည့်အတိုင်း အရပ်ထဲမှ မိန်းမတွေက လျှောမွေးကို ဗာရာဏသီ ချဲ့တတ်ကြသည်။

အောင်ဖြိုးက လူပျိုကြီး။ အသက်က လေးဆယ်နား ကပ်နေပြီ။ ကျွန်တော်နှင့်ဆိုလျှင် ညီအစ်ကိုတမျှ ရင်းနှီးကြ၏။

မကြာမီမှာပင် အောင်ဖြိုး တစ်ယောက် ကျွန်တော့်ထံသို့ ပေါက်ချလာသည်။

'ဟော့ကောင် အေးကို…ငါ့အမေတော့ ဆုံးသွားပြီကွ'

'အေး…ငါလဲ ကြားပြီပါပြီ၊ အခုပဲ မင်းအိမ်ကို လာမလို့'

'အဲဒါ အမေ့အသုဘကိစ္စကို မင်း ကူညီပေးဦး'

'အေးပါ…ငါက စေတနာ လူမှု



www.burmeseclassic.com

www.burmeseclassic.com

ကူညီရေးအသင်းမှာ အမှုဆောင်ဆိုတော့ ဥက္ကဋ္ဌထွန်းငွေနဲ့ တိုင်ပင်ပြီး လုပ်ပေးပါ့မယ်'

ကျွန်တော်လည်း အသုဘချဖို့အတွက် စည်ပင်ကို သတင်းပို့ရသည်။

ပြီးတော့ မြတ်ကုသိုလ် နာရေးကူညီမှုအသင်းသို့ နေ့လယ်(၂း၀၀) နာရီ သင်္ဂြိုဟ်မည့်အကြောင်း သွားပြောရပြန်ပါသည်။

အားလုံး အဆင်ပြေပါသည်။

သင်္ဂြိုဟ်ပြီးစီးသောအခါ အောင်ဖြိုးက…

'အုပ်ချုပ်ရေးမှူးက ဖဲဝိုင်း မလုပ်စေဘူးကွ။ ဖဲဝိုင်း မလုပ်ရရင် လူရှိမှာ မဟုတ်ဘူး။ အဲဒါ မင်း ငါ့အိမ်လာအိပ်ကူပေးဦး'

'ရပါတယ်… ငါ လာအိပ်ပေးပါ့မယ်'

ဤသို့ဖြင့် အောင်ဖြိုးအိမ်မှာ ကျွန်တော် သွားအိပ်သည်။ ညအိပ်တော့ တံခါးများအားလုံး ပိတ်ထားသည်။ နံနက်မိုးလင်းတော့ အောင်ဖြိုးက အိပ်ကောင်းတုန်း၊ ကျွန်တော်က အစောကြီး နိုးနေသည်။ ကြည့်လိုက်တော့ အိမ်တံခါးတွေအားလုံး ပွင့်နေ၏။

ကျွန်တော် အံ့သြသွားသည်။ သို့သော်လည်း ကြောက်တော့ မကြောက်ပါ။ အောင်ဖြိုးကတော့ ကြောက်တတ်၏။ ထို့ကြောင့် အောင်ဖြိုးကို ပြန်မပြောပြတော့ပါ။

ဤသို့ဖြင့် နောက်တစ်နေ့ညသို့ ရောက်သောအခါ ကျွန်တော်က အောင်ဖြိုးအား…

'မနေ့ညက တံခါးတွေပိတ်ပြီး အိပ်တာ အိုက်စပ်စပ်ကြီးကွာ၊ ဒီနေ့တော့ တံခါးတွေဖွင့်ပြီး အိပ်ရအောင်'

'မင်းအိပ်ချင်သလို အိပ်ပါ။ ကိစ္စမရှိပါဘူး'

ထိုညက တံခါးတွေ ဖွင့်ပြီး အိပ်ကြသည်။ ထုံးစံအတိုင်း မိုးလင်းတော့ ကျွန်တော် စောစောနိုးသည်။ အောင်ဖြိုးကတော့ အိပ်၍ကောင်းတုံး။



တံခါးတွေက အားလုံး ပိတ်နေသည်ကို တွေ့ရ၏။ အောင်ဖြိုး မနိုးမီ တံခါးအားလုံး လိုက်ပြီး ဖွင့်ထားလိုက်ရပြန်သည်။

ရက်မလည်မီ တစ်ရက်အလို၌မူ ညနေပိုင်း၌ အောင်ဖြိုးက…

'အေးကို ငါ အပြင်ခဏ သွားလိုက်ဦးမယ်။ ထုံးစံအတိုင်း အမေ့ကို ထမင်းကျွေးလိုက်ပါဦး။ ထမင်းရှိတယ်။ ဟင်းကတော့ ကြက်သားဟင်း ဆိုင်က ဝယ်ထားတယ်၊ ချိုင့်ထဲမှာ'

'အေးပါကွာ၊ ငါ ကျွေးထားလိုက်ပါ့မယ်'

ကျွန်တော်လည်း ထမင်းခူးခပ်၍ ကြက်သားတုံး နှစ်တုံးကို ထမင်းပေါ်ပုံပြီး လိပ်ပြာခေါ်ထားသည့် သစ်ခက်ဘေးတွင် ချထားလိုက်သည်။

နောက်တစ်နေ့ နံနက် တရားမနာမီ အောင်ဖြိုးက ထမင်းပန်းကန် သွားသိမ်းရာ…

'အေးကိုရာ… ဟင်းတွေ အများကြီးရှိရဲ့သားနဲ့ မင်းက ထမင်းပန်းကန်ထဲမှာ တစ်တုံးပဲ ထည့်ထားတယ်'

ကျွန်တော် ထည့်ထားသည်မှာ နှစ်တုံးဖြစ်၏။ ယခု အောင်ဖြိုးက တစ်တုံးပဲဟု ပြောနေသည်။ ကျွန်တော်သိလိုက်ပါပြီ။ သို့သော် အောင်ဖြိုး ကြောက်နေမည်စိုးသဖြင့်…

'မင်းအမေက ဟင်းစားနည်းမှန်း သိလို့ တစ်တုံးပဲ ထည့်ပေးလိုက်တာပါကွာ'

ဟု ပြန်ပြောလိုက်သည်။ အောင်ဖြိုးလည်း ဘာမှ ပြန်မပြောတော့ဘဲ ထမင်းပန်းကန်ကို သိမ်းသွားတော့သည်။

ကျွန်တော့်တစ်သက်တွင် သည်တစ်ကြိမ်ပဲ အခြောက်အလှန့် ခံရဖူးသည်။ သို့သော် ကျွန်တော်က ကြောက်တတ်သူ မဟုတ်သည့်အတွက် အကြောင်းတော့ မဟုတ်ပါ။

အောင်ဖြိုးကိုလည်း သည်ကနေ့အထိ ထုတ်ဖော်ပြောပြခြင်း မပြုခဲ့ပါ။

ဒေါ်ခင်မြတစ်ယောက် ကျွတ်လွတ်ပြီး ကောင်းရာသုဂတိ လားပါစေဟုသာ စိတ်ထဲမှ ကြိတ်ပြီး ဆုတောင်းပေးလိုက်ရပါသည်။

**[ကသာမြို့၊ အမှတ်(၇)ရပ်ကွက်၊ အလံပြလမ်းနေ သူငယ်ချင်း တစ်ဦး ပြောပြသော ဇာတ်လမ်းကို အမည်နာမ လွှဲပြောင်း၍ ရေးသား တင်ဆက်ထားပါသည်။]**

ကိုကိုခန့်ချော(ကသာမြို့)



www.burmeseclassic.com

www.burmeseclassic.com

စာမျက်နှာ (၂၅၆)မှ အဆက်

သိင်္ဂီခန္ဓာကိုယ်မှာ ဝင်စီးပြီး ဘုရားဘက် ကို မျက်နှာမူ ပြောစမ်း'

ဟု အမိန့်ပေးလေရာ သိင်္ဂီသည် တုန်တုန်ယင်ယင် ဖြစ်လာပြီး မူလ အနေအထားကို ပြုပြင်၍ ဘုရားဘက်သို့ ခန္ဓာကိုယ်ကို လှည့်ကာ လက်သီးလက်မောင်းများ တန်းလျက် ခုခံတိုက်ခိုက်မည့်ပုံ ဖြစ်လာသဖြင့် ဆရာပိုးမှ...

'ဟဲ့... ကြိုးမိုင် လက်ပြန်ကြိုး တုပ်လိုက်စမ်း'

ဟု ဦးမောင်ပိုး ထပ်မံ အမိန့်ပေးလေသည်။

သိင်္ဂီ၏ လက်နှစ်ဖက်သည် တကယ့်ကို လက်ပြန်ကြိုးတုပ်သည့် အလား လက်နှစ်ဖက်လုံး နောက်ကျောဘက် ရောက်သွားပြီး လက်ပြန်ကြိုးတုပ်ထားသည့်ပမာ ရှိနေလေသည်။

ဦးမောင်ပိုး ပယောဂစစ်ဆေးသည့်ပုံကို အသေးစိတ် ရေးပြနေပါက စာတော်တော် ရှည်သွားနိုင်ပါသည်။

ထို့ကြောင့် လိုရင်းကို ရေးသားတော့မည် ဖြစ်ပါသည်။

**သူယောင်နှင့် သူယောင်သုက်ပင်း ဆိုသည်ကို** စာရှုသူများ နားလည်ဖို့ရန် လိုသဖြင့် ရှင်းပြရပါလျှင်...

**သူယောင်ဆိုသည်မှာ အလယ်အလတ် တန်ခိုးရှိကြသူဖြစ်ပြီး ညအခါ လူယောင် ဖန်ဆင်း၍ အပျိုဖြစ်စေ၊ အိမ်ထောင်ရှင်ဖြစ်စေ မိန်းမများထံ သွားရောက် ပျော်ပါးတတ်သူကို "သူယောင်"ဟု ခေါ်ပေသည်။**

"သူယောင်=အယောင်ဆောင်တတ်သူ"



သိင်္ဂီသည် သူယောင်သုက်ပင်း
ရရှိသွားပုံနှင့်
သူယောင်၏ သဘောထား

၁။ သိင်္ဂီထံ လာရောက်ပျော်ပါးသူမှာ ကိုယ်တော်လေးဆိုသူ ဖြစ်နေခြင်း။

၂။ ညဥ့်အခါ မင်းညီမင်းသားချောချောလေး အသွင်ဖန်ဆင်း၍ သူ နှစ်သက်သော မိန်းမထံ သွားရောက်ကာ ပျော်ပါးခြင်း။

၃။ ပျော်ပါးခံရသူ မိန်းမကလည်း တကယ့်လူသားနှင့် ဆက်ဆံပျော်ပါးရသလို ခံစားရခြင်း။

၄။ ပျော်ပါးခံရသူ မိန်းမ၌ သူယောင်၏ သုက်ပင်းသည် သားအိမ်၌ ရောက်ရှိသွားပြီး ထိုမိန်းမသည် ဘယ်ယောကျ်ားကိုမှ မနှစ်သက်တော့ခြင်း၊ သူယောင်အား တမ်းတမ်းစွဲ ဖြစ်သွားခြင်း။

၅။ သုက်ပင်း ရှိနေသည်ကို ဆရာလုပ်သူမှ နားလည်တတ်ကျွမ်းစွာ စစ်ဆေးတတ်ရမှာဖြစ်ပြီး သိသည်နှင့် အမြန်ဆုံး ဖယ်ရှားရမှာဖြစ်ကာ မဖယ်ရှားနိုင်ပါက ကာယကံရှင် မိန်းမနှင့်တကွ မိသားစုကို အမျိုးမျိုးဒုက္ခပေးနိုင်ခြင်း။

၆။ သူယောင်နှင့် ပျော်ပါးခံရသူ မိန်းမသည် သုက်ပင်းကို ဖယ်ရှားပစ်ရန်ကို မလိုလားခြင်းတို့ ဖြစ်ပါလေသည်။

စာမူမှာ အတော်ရှည်နေပြီမို့ စာဖတ်သူများ ငြီးငွေ့မှာ စိုးရပါသဖြင့် နိဂုံးချုပ်ရပါသော် ကပ္ပိယကြီး ဦးမောင်ပိုး၏ ကုသပေးမှုကြောင့် သိင်္ဂီ ကျန်းမာရေး ကောင်းမွန်သွားပြီးသည့်နောက် သူမ ကြုံတွေ့ခဲ့ရသည့် လကွယ်ညတို့တွင် ကိုယ်တော်လေးနှင့် ဖြစ်ပျက်ခဲ့ပုံတို့ကို သိင်္ဂီမှ ရှင်းပြလိုက်ပါတော့သည်။

ထိုသည့်နောက် ရွာသူဌေး ဦးကြက်တော၏ သားမောင်သူရိန်နှင့် သိင်္ဂီတို့အား လက်ထပ်ပေးလိုက်ကြပါလေသည်။

မောင်သူရိန်ကလည်း သူအချစ်ဆုံးသူကို လက်ထပ်ပေါင်းသင်းရပါသဖြင့် သိင်္ဂီအား အင်မတန်မှပင် အလိုလိုက်လေသည်။

သိင်္ဂီကလည်း မောင်သူရိန်နှင့် ရပြီး သူမ၏ စိတ်ထားများ ပြုပြင်ကာ ရွာ၏ အကျိုးများကို အထူးပင် သယ်ပိုး ထမ်းဆောင်သည့်အပြင် ရွာ၏ ဘုန်းတော်ကြီးတွင်လည်း သာသနာအကျိုးများ ပြည့်ဝစွာ သယ်ပိုးဆောင်ရွက်ပါလေသည်။

ရွာတွင်ရှိ ဆင်းရဲသူများကိုလည်း အရင်းအနှီးထုတ်ပေးပြီး ဘဝရပ်တည်နိုင်အောင် သယ်ပိုးဆောင်ရွက်ပါလေသည်။

သိင်္ဂီ၏ လူမှုရေးကိစ္စများနှင့်တကွ



www.burmeseclassic.com

www.burmeseclassic.com

ရပ်ကျိုးရွာကျိုးများနှင့် သာသနာ အကျိုးများ ဆောင်ရွက်ပေးသဖြင့် ရွာမှာ အထူးပင် သာယာစိုပြည်နေပါလေသည်။

ထို့ကြောင့် ရွာသူရွာသားများနှင့် အခြားကျေးရွာများမှ လူတို့က ဤအကြောင်းကို သိရှိကြပြီး **"သခ်ရွာ"**ဟု မခေါ်ဆိုကြတော့ဘဲ **"အချောမရွာ"**ဟုသာ တင်စားခေါ်ကြရာမှ **"အချောမရွာ"** ဖြစ်လာလေသည်။

တစ်နေ့တွင် အချောမသည် **ပဥ္စဝတီချောင်းထဲ**သို့ ရေချိုးသွားရာ ရေနစ်သေဆုံးခဲ့လေသည်။

သေဆုံးပုံမှာ ရေအနက် ဝ.. တစ်ရပ်မရှိသော နေရာတွင် ရေမြုပ်သေဆုံးသွားသဖြင့် ကိုယ်တော်လေးက ရေနှစ်သတ်ပစ်ခြင်း ဖြစ်သည်ဟု ရွာသူရွာသားများက ပြောဆိုနေကြပါသည်။

ထိုသည်ကို အကြောင်းပြု၍ **ပဥ္စဝတီချောင်း**သည်လည်း **အချောမချောင်း**ဟု လူအများက ခေါ်တွင်လာကြပြန်ပါသည်။

* * *

စာရေးသူ ယခု ရေးသားတင်ပြထားသည့် **ဖြစ်ရပ်မှန်ဇာတ်လမ်း**သည် အသက်(၈၂)နှစ်အရွယ် အမေငယ်ပြောပြသော **လွန်ခဲ့သည့် အနှစ်(၇၀)နီးပါးက အဖြစ်အပျက်** ဖြစ်ပါသည်။

ဤစာမူအား စာဖတ်ပရိသတ်များ ဖတ်ရှု၍ အသိဉာဏ်တိုးပွားစေလိုပါသည်။

အဘယ်ကြောင့်ဆိုပါမူ ယခုခေတ်ချိန်ခါတွင်လည်း ဒီလိုအဖြစ်အပျက်မျိုး ရှိနေပါသေးသည်။



စာရေးသူ ရေးဖို့ရန်အတွက်ကတော့ ကာယကံရှင်ဖြစ်သည့် စာရေးသူ၏ သူငယ်ချင်းမှ သူ၏ ဖြစ်ပျက်ပုံကို ပြောပြသော်လည်း ဘယ်လို အကြောင်းကြောင့်မှ စာမရေးဖို့ ပြောသဖြင့် စာရေးသူ မရေးဖြစ်ရပါ။

သူငယ်ချင်း စိတ်ပြေလောက်သည့်အချိန်မှ စည်းရုံးပြီး ရေးခွင့်တောင်းပါဦးမည်၊ ခွင့်ပြုလျှင်တော့ ရေးပါဦးမည်။

ဤစာမူအား ဖတ်ရှုပြီးသော အထူးသဖြင့် အမျိုးသမီး စာဖတ်ပရိသတ်များမှ (ညအိပ်မက်)ထဲတွင် ချောချောလှလှ မင်းသားလေလိုဖြစ်စေ၊ ခံ့ခံ့ချောချော ထောင်ထောင်မောင်းမောင်း ယောကျာ်းမျိုးဖြစ်စေ အိပ်မက်ထဲလာခဲ့လျှင် (သို့မဟုတ်) ကြုံခဲ့လျှင် မနှစ်သက်မိစေရန်နှင့် နှစ်သက်မှု ရှိခဲ့ပါလျှင် တတ်သိနားလည်သူများထံ ချက်ချင်းရှင်းပြ အကူအညီတောင်းသင့်ပါကြောင်း စေတနာကောင်းဖြင့် အကြံပြု ရေးသားတင်ဆက်ထားသော်လည်း... စာဖတ်ပရိသတ်များ၏ စိတ်ဝယ် ဟုတ်ပါ့မလား ဆိုသည့် စိတ်တွေနှင့် ဝါးတားတား စိတ်တွေ ဖြစ်ပေါ်ကြမည်ကိုဖြင့် စာရေးသူ စိုးရိမ်မိပါသည်။

သို့အတွက်ကြောင့်လည်း ဤစာမူကို ရေးသားရန် ကြာမြင့်ခဲ့ရပါသည်။

ပသို့ပင်ရှိစေတော့ အချောမလို အဖြစ်အပျက်မျိုးသည် ဆန်းကြယ်မှုတွေ များစွာရှိလှပါသော ဤသတ္တလောကကြီးတွင် ထူးခြားဆန်းကြယ်သည့် အဖြစ်အပျက်တစ်ခုဟု စာရေးသူမှ ရိုးသားသော အမေငယ်၏ ပြောပြခဲ့သော ဖြစ်ရပ်မှန် အဖြစ်အပျက်ဇာတ်လမ်းကို ယုံကြည်ပါသဖြင့် စာဖတ်ပရိသတ်တို့ ရင်ဘတ်ထဲသို့ ထည့်လိုက်ရခြင်း ဖြစ်ပါသတည်း။

**[ကွယ်လွန်သွားရှာပြီ ဖြစ်သော ဒေါ်ငယ်(အမေငယ်)အား ဤစာစုဖြင့် ဂါရဝပြု ကန်တော့လိုက်ရပါသည်။]**

***နက္ခတ္တရောင်ခြည် မဂ္ဂဇင်းနှင့် တကွ စာဖတ်ပရိသတ်တို့အား အစဉ်လေးစားတန်ဖိုးထားလျက်...***

**ဦးကိုကိုကြီး(*စစ်ဆေးရေး*)**
**က.စ.စ(၁၂)၊ ထုံးဘို**



www.burmeseclassic.com

www.burmeseclassic.com



# မြေတာကျေးဇူး

ဝေဒနာ ပျောက်ကင်းခဲ့သည်

ညွန့်ဝင်း
(နတ်တာလင်း)

ယနေ့ခေတ်သည် သိပ္ပံပညာ ထွန်းကားသောခေတ်ဟု အများနည်းတူ စာရေးသူလည်း ခံယူထားပါသည်။ သို့သော် တစ်ခါတစ်ရံမှာ သိပ္ပံပညာ လိုက်မမီသော ဖြစ်ရပ်ဆန်းများ ရှိသလို လောကီပညာ အစီအရင်များဖြင့် အဆင်ပြေ ချောမွေ့သွားရသည်များလည်း ရှိသည်။

ဤအကြောင်းနှင့် ပတ်သက်၍ ဂမ္ဘီရမဂ္ဂဇင်းမှာ ချက်ရိုးကိုက်နေသူတစ်ဦး မည်သည့်ဆေးနှင့်မျှ မပျောက်ဘဲ နေနတ်သား တင်ပေးလိုက်မှ ယူပစ်သလို ပျောက်သွားရကြောင်း စာရေးသူ တင်ပြဖူးပါသည်။

ယခု တင်ပြမည့် အကြောင်းကလည်း ဤကဲ့သို့ လောကီပညာ အစီအရင်ဖြင့် ခံစားနေရသော ဝေဒနာ ပျောက်ကင်းရပုံ အကြောင်းတစ်ခု ဖြစ်သည်။

ဒေါ်တင်ထွေးဘဝက အိမ်ထောင်မကျမီက ခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင် နေခဲ့သော်လည်း အိမ်ထောင်သည်ဘဝ ရောက်ပြီဆိုကတည်းက ခင်ပွန်းသည်ကိစ္စ၊ သားသမီးကိစ္စ အဝဝနှင့် အိမ်ထောင်ရေး





www.burmeseclassic.com

www.burmeseclassic.com

ကိစ္စကို မညည်းမညူ လုပ်ကိုင်ရလေသည်။

အိမ်၏ စီးပွားရေးကိစ္စ ခင်ပွန်းသည်ကို ကူညီရသလို သားသမီးများ လူတစ်လုံး သူတစ်လုံး ဖြစ်ရေးလည်း စီမံလုပ်ကိုင်ရသေးသည်။

ယခုဆို ဒေါ်တင်ထွေး အသက်က ငါးဆယ်ကျော်ပြီ။ သမီးတစ်ဦး၊ သားတစ်ဦး ထွန်းကားခဲ့ပြီး သမီးနှင့်သား ပညာတတ် လူရာဝင်ရေး ကျောင်းထား၍ လိုအပ်တာ ကူညီပံ့ပိုးရနှင့် ကသီကရိုတော့ နိုင်လှသည်။

သမီးဖြစ်သူက ရန်ကုန်မှာနေပြီး အလုပ်တစ်ခု ဝင်လုပ်နေသည်။ သားကတော့ ကျောင်းမပြီးသေးဘဲ ပညာ ဆက်လက်ဆည်းပူးဆဲဖြစ်သည်။

ဒေါ်တင်ထွေးက နတ်တလင်းမှာ နေတာဆိုတော့ အလုပ်ကြောင့် သမီးကို ရန်ကုန်မှာ ထားရသော်လည်း မိဝေးဖဝေး ဖြစ်နေသည့် သမီးအတွက် အမျိုးမျိုး တွေးပြီး စိတ်ပူပန်ရသည်။

သမီးတစ်ယောက် နေရေးထိုင်ရေး လုပ်ရေးကိုင်ရေး အစစ အရာရာ အဆင်ပြေပါ့မလားဆိုတာ ဒေါ်တင်ထွေး ရင်ထဲက ပူပင်သောကတစ်ခုဖြစ်သည်။

ယခုလည်း သမီးက အရေးပေါ် ငွေလိုသည်ဆိုသဖြင့် ထုံးစံအတိုင်း ငွေပို့ပေးရဦးမည်။ ရန်ကုန်မှာ သမီး တစ်ယောက်တည်း နေ့,နေတာ၊ သုံးစွဲဖို့ ငွေကြေး ပြည့်စုံမှ အဆင်ပြေမည် ဖြစ်သည်။ ရွာက သမီးအဘိုး တွေကလည်း သမီးကိစ္စဆို ကဲကဲလှုပ် သည်းသည်းလှုပ် ဖြစ်သည်။

သူ့မြေးကို ဒေါ်တင်ထွေးက ပိုက်ဆံ မြန်မြန်ပို့ပေး လျှင် ပို့ပေး၊ မပို့ပေးလျှင် သူကိုယ်တိုင်ပို့မည် ဆိုသည့် အဘိုးဖြစ်သည်။

ဒေါ်တင်ထွေးတစ်ယောက် သမီးဆီ ငွေလွှဲပို့ပေးဖို့ နတ်တလင်းမြို့ ရန်ကုန်–ပြည်လမ်းက မြဝတီဘဏ်ဆီ အလျင်စလို ထွက်လာခဲ့သည်။ သားဇော,သမီးဇော သည် မည်သည့် ဇောနှင့်မျှမတူ ဆိုသည်မှာ အလွန် မှန်ပေသည်။

မြဝတီဘဏ် ဖွင့်သည်နှင့် သမီးထံ အချိန်မီ ငွေလွှဲ ပို့နိုင်ရေးအတွက် နေအိမ်မှ ခပ်သွက်သွက် လာခဲ့ သည်။



ဘဏ်ကို လာဖို့ နေအိမ်မှ ဆိုက်ကားစီး၍ လာနိုင် သော်လည်း ကိုယ်က ဆိုင်ကယ်မစီးတတ်ပေမယ့် စက်ဘီးတော့ စီးတတ်တာပဲ။ အပိုငွေကုန်နေဦးမည် တတ်နိုင်သရွေ့ ချွေတာမှ ဟူသော အတွေးနှင့် ကိုယ်တိုင် စက်ဘီးစီးထွက်လာခဲ့သည်။

တာပွန်လမ်း နေအိမ်မှ ထွက်လာပြီး ဈေးနံဘေး မင်းလမ်းကနေ စက်ဘီးစီးအလာ လမ်းမှာ ဈေးသွား ဈေးလာများနှင့် ရှုပ်နေသဖြင့် စက်ဘီးကို ထိန်းစီးရင်း ခပ်ကျဉ်းကျဉ်းနေရာ အရောက်မှာတော့ ရှေ့က လူကို တိုးမိမည်စိုးသဖြင့် စက်ဘီး ဘရိတ်ကို အုပ်လိုက်သည်။

ဖြစ်ချင်တော့ လမ်းက ကျောက်ခဲတစ်ခုနှင့် ခုမိပြီး စက်ဘီးဇက်ချာကာ ဒေါ်တင်ထွေး ပစ်လဲသွားပါသည်။ ကိုယ်က လူးလဲထ၊ ဘေးက အမျိုးသမီးတစ်ဦး လာထူ ပေးသည်နှင့် သွေးပူသွေးလော ပွန်းရုံမျှဖြစ်သည်။ အထွေအထူး ဘာမှ မဖြစ်ဟု စိတ်ထင်လိုက်သည်။

ဘဏ်မှာ ငွေလွှဲပြီး နေအိမ်ပြန်အရောက် အချိန် အတန်ကြာမှာတော့ ကိုယ်လုံးကနာ၊ လဲကျစဉ် ထောက်မိသည့် လက်၏ လက်ကောက်ဝတ်အရိုးက နာနှင့် ဝေဒနာကို ခံစားရပေပြီ။

သို့နှင့် အိမ်မှာရှိသည့် ဒဏ်ကြေးဆေးလိမ်း၊ အကိုက် အခဲပျောက်ဆေး သောက်နှင့် သက်သာအောင် လုပ်ပေး လေသည်။ ဒဏ်ရာ အကြီးအကျယ်မဟုတ်၊ ပွန်းပဲ့ရုံ လောက်မို့ ဆေးရုံဆေးခန်းတော့ မရောက်ခဲ့တော့ပါ။


www.burmeseclassic.com

www.burmeseclassic.com



သို့သော် နောက်ရက်များတွင် ခန္ဓာကိုယ် ပွန်းသည့် ပဲ့သည့် အခြားနေရာများ သက်သာသော်လည်း ထောက်မိသည့် လက်ကောက်ဝတ်က တလောလော နာသည်။ ဆေးလိမ်းတော့ ပျောက်သွားလိုက်၊ နောက် ပြန်နာလိုက်နှင့် အခံရတော့ ခက်သည်။

ယခင် ဆိုင်ကယ်ပေါ်မှ ပြုတ်ကျစဉ်က လက်ပခုံး အံ့အက်ပြီး နာကျင်ကိုက်ခဲသည့် ဝေဒနာကို ဒေါ်တင် ထွေး ခံစားဖူးသည်။

**ယခုဟာက ဤကဲ့သို့ မဟုတ်၊ ဆက်တိုက် ကိုက်ခဲ နာကျင်နေမှုမျိုး မဟုတ်ဘဲ တလောတလော နာချင်နာလိုက်၊ ပျောက်ချင်ပျောက်နေလိုက် ဖြစ်သည်။**

အချိန်တန်လျှင်တော့ ပျောက်မှာပဲဆိုပြီး သည်းခံနေလိုက်သော်လည်း ဝေဒနာက ပျောက်လိုက်၊ ဖြစ်လိုက်နှင့် အတော်ခံရခက်သည်။

တစ်နေ့ ရွာက အစ်မဆီရောက်ခိုက် အစ်မကို ဒေါ်တင်ထွေးက သူ့လက်ဝေဒနာ ခံစားရပုံကို ပြောပြသည်။ အစ်မကလည်း…

'ဒီလိုဆို ညည်းဟာ ထူးဆန်းနေတယ်။ မြေဖုတ်ဘီလူးတို့ ဘာတို့ဆိုတာ မယုံလို့ မရဘူး။ ဖြစ်ချင်ဖြစ်နေမှာ။ ဘာမှ အပန်း မကြီးဘူး။ တို့အိမ်နားက ဒေါ်ဝလေးက မြေစာကျွေးပေးတတ်တယ်။ သူ့ကို လုပ်ခိုင်းကြည့်ပါလား'

ဟု ဆိုသဖြင့် ဝေဒနာ သက်သာလို သက်သာငြား လုပ်ကိုင်စီမံလိုက်ပါသည်။

ဒေါ်တင်ထွေးအတွက် ဒေါ်ဝလေးက မြေစာကျွေးပေးပုံမှ ဤသို့ဖြစ်သည်။

'မြေစာကျွေးတယ်ဆိုတာ မြေဖုတ်ဘီလူးကို ပူဇော်ကျွေးမွေးပြီး ရောဂါသက်သာအောင် လုပ်ရတာပဲ။ လဲခဲ့ဖြစ်ခဲ့တဲ့ နေရာမှာ လုပ်နိုင်ရင်လုပ်၊ မလုပ်နိုင်ရင် နီးစပ်ရာ မြေမှာ လုပ်လို့ ရပါတယ်'

ဟု ဒေါ်ဝလေးက ပြောသည်။

ထို့ကြောင့် လုပ်ကိုင်၍ အဆင်ပြေသည့် ရွာမှာပဲ မြေနေရာလေးတစ်ခုမှာ မြေစာကျွေးဖြစ်သည်။

**မြေစာကျွေးပုံက…**

'မြေပေါ်မှာ စည်းဆိုင်းကလေးတစ်ခု ဝိုင်းပြီး စည်းဝိုင်းအလယ်မှာ မြေကြွင်းခုနစ်ကြွင်းကို အလယ်မှာ တစ်ကြွင်း ပတ်ပတ်လည်မှာ ခြောက်ကြွင်း တူးရတယ်။

မြေကြွင်းများထဲတွင် အိမ်မှာစားတဲ့ ငါးပိ အနည်းငယ်စီထည့်ပြီး တူးပြီးသား မြေစလေးများကို အပြင်သား၊အတွင်းသားထည့်၊ အတွင်းသားခဲမှုန့်များကို နောက်မှဖို့ပြီး…

ဘာနေ့သားသမီးအတွက် အရှင်မြေဘီလူးနတ်မင်းအား မြေစာ များ ကျွေးပါတယ်။ ဝေဒနာ သက်သာပျောက်ကင်းအောင် လုပ်ပေးပါ'

ဟု တိုင်တည်ပြောဆိုရသည်။

မြေစာကျွေးပြီး နောက်ရက်မှာတော့ ဒေါ်တင်ထွေး တစ်ယောက် အနာနှင့်ဆေး တွေ့သလို ရုတ်တရက် ယူပစ်သလို သက်သာပျောက်ကင်းခဲ့၍ အလွန် အံ့သြ ဝမ်းသာနေသည်။

အစက ဆေးသောက်လိုက်၊ ဆေးလိမ်းလိုက်နှင့် ပျောက်တစ်လှည့် နာတစ်လှည့် ဖြစ်နေသော လက်က မြေစာကျွေးပြီးမှ ပျောက်ကင်းသွားသည်ဆိုတော့ ဒေါ်တင်ထွေး၏ ခင်ပွန်းသည်တောင် မယုံချင်ဘဲ ယုံလိုက်ရသည်။

ထို့ကြောင့် တစ်ခါတစ်ရံမှာ လောကီပညာ အစီအရင် များက သိပ္ပံအတတ်ပညာများထက် စွမ်းသည်ဆိုတာ လက်တွေ့မို့ အပိုထပ်ပြောရန် မလိုတော့ပြီ။

စာရှုသူ ပရိသတ်များလည်း လက်တွေ့ ကြုံကြိုက် ခဲ့ပါက ငွေကြေးကုန်ကျမှု မရှိသော ဤလောကီ အစီ အရင်ကို ပြုလုပ်အသုံးချနိုင်ပါစေကြောင်း စေတနာ ကောင်းဖြင့် တင်ပြပေးလိုက်ရပါသည်။

**ညွန့်ဝင်း(နတ်တလင်း)**



www.burmeseclassic.com

www.burmeseclassic.com



# ဥူဟွာတောင်ညိုအစ်မသုံးယောက်နှင့်

မေတ္တာတရား

ဂွင်းလေး

ကျွန်တော်သည် ပင်စင်ယူပြီး အားလပ်သည့် အချိန်များတွင် ဟသ်ာတ စာရေးဆရာများ ရုံးခန်းသို့ သွားရောက်ပြီး စာရေးဆရာများ ပြောပြသော ဝိညာဉ်များအကြောင်း နားထောင်မိပါသည်။

တစ်နေ့ ကျွန်တော် စာရေးဆရာရုံးခန်းသို့ ရောက်သောအခါ ဥပမိရုပ်သန့်သန့် စိုးမြတ်သူဇာနှင့်တူသော အမျိုးသမီးတစ်ဦးမှ သူ တွေ့ကြုံခဲ့ရသော ဝိညာဉ်များ အကြောင်းကို ပြောပြနေပါသည်။

ကျွန်တော်လည်း သူ ပြောပြခဲ့သော ဝိညာဉ်များ အကြောင်းသည် အလွန်စိတ်ဝင်စားဖွယ်ရာ ကောင်း၍ ကျွန်တော်မှ အမျိုးသမီးထံ ခွင့်ပန်ပြီး ဝိညာဉ် အကြောင်းကို ရေးသားခဲ့ပါသည်။

အဆိုပါ **ဆရာမကြီးသည် အမျိုးသားဖြစ်သူ ဆည်မြောင်းအရာရှိနှင့်** ဒေးဒရဲမြို့နယ်မှ ဘိုကလေး မြို့နယ်သို့ ဝန်ထမ်းတို့သဘာ အတိုင်း ပြောင်းရွှေ့တိုင် တွင် လိုက်ပါပြီး ပါရမီဖြည့်ရသည်မှ ဝန်ထမ်းဇနီး အမျိုးသမီးများ၏ သဘာဝအတိုင်း ဖြစ် သည်။

ဘိုကလေးမြို့ရှိ ဆည်မြောင်း အဆောက်အအ များသည် အင်္ဂလိပ်ခေတ် လက်ထက်ကတည်းက တည်ဆောက်ထားသော အဆောက်အအုံများ ဖြစ် သည်။

အဆောက်အအုံများမှာ နိုင်ငံခြားအင်ဂျင်နီယာမျ နှင့် တည်ဆောက်ထားသော အဆောက်အအုံမျ ဖြစ်၍ အိပ်ခန်း၊ ထမင်းစားခန်း၊ ရေချိုးခန်း၊ အိ အပါအဝင် ညှိသည်များ နားနေဆောင်များနှ နိုင်ငံခြားသားများနေသော အိမ်များအတိုင်း တ



www.burmeseclassic.com

www.burmeseclassic.com

ဆောက်ထားသည်။

လွန်ခဲ့သော နှစ်ပေါင်းများစွာက တည်ဆောက်ခဲ့သော အဆောက်အအုံ ဖြစ်ပါသည်။

ဆရာမတို့ ပြောင်းရွှေ့ ရောက်ရှိချိန်တွင် နေအိမ် အဆောက်အအုံ အိမ်တွင် နေထိုင်သူ မရှိသည်မှာ ကြာပြီဖြစ်ကြောင်း၊ နေအိမ်သို့ ရောက်ရှိပြီး သန့်ရှင်းရေးလုပ်ချိန်မှာ တစ်ရက်နီးပါးခန့် ကြာမြင့်ခဲ့သည်။

အိမ်ပတ်ဝန်းကျင်တွင် အခြားအရာရှိအိမ်များနှင့် အလုပ်သမားတန်းလျားများ ရှိပါသည်။ သူ အိမ်သို့ ရောက်ရှိချိန်တွင် အိပ်ခန်းနှင့် တစ်ဆက်တည်း အခန်းတစ်ခုအား သစ်သားများနှင့် အသေပိတ်ရိုက်ထားသည်ကို တွေ့၍ အပေါက်မှ ချောင်းကြည့်ရာ **လူတစ်ရပ်ခန့် တောင်ပို့ကြီးတစ်ခု** တည်ရှိနေသည်ကို တွေ့ရပါသည်။

ခင်ပွန်း မရှိသည့်အချိန်တွင် သားသမီးများနှင့် တစ်ဦးတည်း နေရသည့်အချိန် များပါသည်။ တစ်ဦးတည်း သားသမီးများနှင့် နေရသည့်အချိန်တိုင်းတွင် ဗုဒ္ဓဘာသာဝင်တို့ ဓလေ့အတိုင်း ဘုရားရှိခိုးခြင်း၊ ဘုရားရှင်၏ ပဌာန်းဒေသနာများကို ရွတ်ဖတ်ခြင်းများ၊ ဓမ္မစကြာနှင့် အနတ္တလက္ခဏာသုတ်တော်များကို အသံထွက် ရွတ်ဖတ်ခြင်း၊ အမျှအတန်း ပေးဝေခြင်းများ ပြုလုပ်ပါသည်။

ထိုအခါ ဆရာမကြီးနှင့် ယင်းအိမ်ကြီးတွင် နေထိုင်သော ပုဂ္ဂိုလ်များနှင့် သင့်တင့်ပေါင်းသင်းမှုများ ဖြစ်ပေါ်ခဲ့ပြီး မေတ္တာဓာတ်တို့ဖြင့် နှစ်ဦးနှစ်ဖက် အဆင်ပြေခဲ့ပါသည်။

အဆင်ပြေနေ၍ မည်သည့်ပုဂ္ဂိုလ်များ ရှိနေခြင်းကို မသိ၍ ဘုရားရှိခိုးရင်းနှင့် မေတ္တာပို့သပြီး ခင်မင်ရင်းနှီးရန် အိပ်မက်အတွင်း ပြသရန် ဆုတောင်းမေတ္တာ ပို့သခဲ့ပါသည်။

ဆုတောင်းသည့်နေ့ နံနက်ပိုင်းတွင် မက်သော အိပ်မက်အတွင်း၌ အလွန် ချောမောလှပသော **ညီအစ်မသုံးယောက်** လာရောက်၍ ခင်မင်ရင်းနှီးရန်နှင့် သူတို့အား နေခွင့်ပြုသည့်အတွက် ကျေးဇူးတင်ကြောင်း အိပ်မက် မက်ခဲ့ပါသည်။



အမြဲတမ်းလည်း မေတ္တာပို့သခဲ့ပြီး ခရီးသွားပါသည်။ အိမ်ကို စောင့်ရှောက်ရန် မှာခဲ့ပြီးမှ ခရီးထွက်လေ့ရှိပါသည်။

တစ်နေ့တွင် ခရီးသွားစဉ် ဆည်မြောင်းတစ်ဝန်းလုံး သူခိုးဝင်ရောက်ခိုးခဲ့ပြီး သယ်လာသော ပစ္စည်းများနှင့် ဆရာမတို့ အိမ်ရှေ့အရောက်တွင် သူခိုး မေ့မြောနေ၍ သူခိုး ဝင်ရောက်ခိုးယူခြင်း မပြုမီ သူခိုးအား ဖမ်းမိနေသည်ကို ထူးဆန်းဖွယ်ရာ တွေ့ရပါသည်။

ခရီးသွားပြီး ပြန်လာလျှင် **"ကျန်းမာရဲ့လား... အဆင်ပြေရဲ့လား"** ဆိုသည့်သဘော ဆရာမကြီးအား အမွှေးတိုင်နံ့ပေး၍ သင်္ကေတ ပြုခဲ့ပါသည်။

ဆရာမကြီးမှ နေအိမ်သို့ ကျောင်းထိုင်ဆရာတော်ကြီး ပင့်ဖိတ်ပြီး ဆွမ်းများကပ်စဉ် ဆရာတော်ကြီးမှ နေအိမ်၌ ထူးဆန်းဖွယ်ရာ ညီအစ်မများ ရှိနေ၍ မေတ္တာသုတ်ရွတ်ပြီးမှ ပဌာန်းဒေသနာတော်များ ရွတ်ရန် မှာကြား၍...

မေတ္တသုတ် ရွတ်ပြီးမှ ပဌာန်းဒေသနာတော်များ



www.burmeseclassic.com

www.burmeseclassic.com

ရွှတ်ဆိုခဲ့ရာ ထူးဆန်းသော ပုဂ္ဂိုလ်များနှင့် မိသားစုလို ခင်မင်ခဲ့ပြီး... မိသားစုအရေးနှင့် ပတ်သက်၍လည်း ကူညီခဲ့ကြောင်း ပြောပြခဲ့ပါသည်။

ဆရာမကြီးတွင် သားနှစ်ယောက် ရှိသည့်အနက် သားအကြီးသည် ငါးနှစ်–ခြောက်နှစ်သားခန့် အဆော့ အလွန်သန်ပါသည်။ မိဘများ မရှိခိုက် မြစ်ထဲသို့ အပေါင်းအသင်းများနှင့် သွားရောက်ရေကူးရာ ရေမကူး တတ်ဘဲ ရေကူး၍ ရေနစ်ခဲ့ပါသည်။

ရေနစ်သည်နှင့် အတူပါ သူငယ်ချင်းများမှလည်း ရေမကူးတတ်၍ ကြည့်နေစဉ် ဆရာမကြီးသားဖြစ်သူ မှာ ရေနစ်နေရာမှ အလိုလို ကုန်းပေါ်ရောက်လာပြီး အသက်အန္တရာယ်မှ လွတ်ခဲ့သည်။

ထိုအဖြစ်အပျက်ကို သူငယ်ချင်းများမှပြော၍ သိရ ပြီး ရေနစ်သူ သားအား ဆရာမကြီးမှ ဘယ်လို ရေနစ် ရာမှ ရေပေါ်ရောက်ရှိလာကြောင်း မေးကြည့်ရာ သား ဖြစ်သူမှ...

'အမေရေ...သား ကမ်းစပ်မှာ ရေကူးနေတုန်း ရေနက် ရောက် ထဲကျပြီး သားတော့ သေပြီလို့ထင်နေတုန်း အမျိုးသမီးချောချော တစ်ယောက် ရောက်လာပြီး သားလက်ကို ကိုင်ပြီး "တအား ဆော့တာပဲ"လို့ ပြောပြီး လက်ကိုဆွဲပြီး ရေပေါ်တင်ပေးခဲ့တယ်' ဟု ပြန်ပြောပြခဲ့ပါသည်။

ဆရာမကြီးလည်း သားပြောပြ၍ ဝမ်းသာပြီး... ကျန်းမာချမ်းသာကြပါစေ၊ ဘဝ ဝဋ်ကြွေး ရှိခဲ့သော် အမြန်လွတ်မြောက်စေရန် ဆုတောင်းမေတ္တာ ပို့သခဲ့ရာ ထိုနေ့ည အိပ်ပြီး နံနက်မိုးလင်းခါနီး အိပ်မက်ထဲတွင် ညီအစ်မသုံးယောက် ရောက်ရှိလာပြီး သူတို့အား ဆုတောင်းပါ။

မေတ္တာပို့ပေးသော်လည်း ညီအစ်မသုံးယောက် သည် အရိမေတ္တေယျဘုရား ပွင့်မှ ကျွတ်မည်ဖြစ် ကြောင်း ဆရာမကြီးအား အိပ်မက်ပေးခဲ့ရာ ဆရာမကြီး လန့်နိုးပြီးနောက် ငိုမိခဲ့ပါသည်။ စိတ်လည်း မကောင်း ပါ။ သံသရာဝဋ်ဆိုတာ အလွန်ကြောက်စရာကောင်း ကြောင်း သတိထားမိပါသည်။

အိမ်အဆောက်အအုံတွင် နေသည့်ရက် ကြာလာ သောအခါတွင် ပတ်ဝန်းကျင်အိမ်များမှ အမြဲစောင့်



ကြည့်နေတတ်ကြပါသည်။

စောင့်ကြည့်ရသည့် အကြောင်းမှာ ဤနေအိမ်တွင် နေသူများသည် တစ်လခန့် မကြာတတ်ပါ။ အိပ်နေရင်း ခြေထောက်လာဆွဲခြင်း၊ ကြောက်စရာ လန့်စရာ ပုံသဏ္ဍာန်များ လုပ်ပြတတ်ရာ အိမ်နေသူများသည် တစ်လခန့်မကြာပါ။ အခြားတစ်နေရာသို့ ပြောင်းရွှေ့ သွားတတ်ကြပါသည်။

ယခု အနေကြာသော ဆရာမနှင့် မိသားစုအား သတ္တိရှိသော မိသားစုဟု ပြောဆိုကြပါသည်။

ဆရာမကြီးသည် ဟသ်ာတသူဖြစ်ပြီး ရုပ်ရည် ရူပကာအားဖြင့်လည်း ချောမောလှပသူဖြစ်၍ ထိုအိမ် တွင် နေထိုင်သော ဝိညာဉ်များသည် အိပ်မက်အရ လှပသူများဖြစ်၍ ဓာတ်တူနံ့တူဖြစ်နေ၍ ခင်မင်နေ ခြင်း ဖြစ်မည်ဟု ထင်မိပါသည်။

တစ်ခါတစ်ရံ ဆရာမကြီးသည် အလှူဒါနများ ပြုလုပ် မည်ဟု ရည်ရွယ်စိတ်ကူးမိသည်။ ထူးဆန်းသော ငွေရ မှုများ ဖြစ်ပေါ်လာတတ်ပေသည်။

တစ်နေ့တွင် အလှူလုပ်လိုကြောင်း အိမ်နီးနားချင်း များနှင့် တိုင်ပင်နေစဉ် တပည့်တစ်ယောက် ရောက် လာပြီး...



www.burmeseclassic.com

www.burmeseclassic.com

'ဆရာမရေ... ဆရာမအတွက် ထီးတစ်စောင် ထိုးလာတယ်'

ဟု ပြော၍ ဆရာမကြီးမှ...

'မထိုးခိုင်းဘဲ ဘာလို့ ထိုးလာရသလဲ'

ဟု ပြောကာ ထီဖိုး ကျသင့်ငွေအားပေးပြီး မေ့မေ့ပျောက်ပျောက် စာအုပ်ကြားထဲ ထီလက်မှတ် ညှပ်ထားခဲ့ရာ ထီထွက်ချိန်တွင် **လွန်ခဲ့သော (၁၀)နှစ်ခန့်က တစ်သိန်းဆု** ထီပေါက်ခဲ့ပါသည်။

ဆရာမလည်း အလွန်ဝမ်းသာပြီး အလှူလုပ်ခြင်း၊ ဘုရားများအား ရွှေသက်န်းကပ်ခြင်း၊ ဘုန်းကြီးကျောင်း၏ အလှည့်ကျ ဆွမ်းထမင်းဟင်းများ တာဝန်ယူ၍ လှူဒါန်းခြင်းများ၊ အဆက်မပြတ် ကုသိုလ်ပြုခြင်းများ ပြုလုပ်၍ ယခုဘဝ တော်စပ်သော အမျိုးများ၊ ယခင်ဘဝက တော်စပ်ဖူးသော အမျိုးများကို ရည်စူး၍ နေ့တိုင်း မေတ္တာပို့များ ဆောင်ရွက်ခဲ့၍ ဘယ်သူမှ မနေရဲသော ရှေးဟောင်းအိမ်ကြီးတွင် နေထိုင်ခဲ့ရာ နှစ်,နှစ်ခန့် ကြာခဲ့ပါသည်။

ထိုသို့ နေထိုင်စဉ် အမျိုးသားဖြစ်သူ ဟင်္သာတမြို့သို့ ပြောင်းရွှေ့မိန့် ကျလာ၍ အကျိုးပေးသော အိမ်ကြီးနှင့် ခင်မင်သောသူများကို ခွဲခွာရမည်ဖြစ်၍ စိတ်မကောင်းသော်လည်း လူ့လောက၏ တွေ့ဆုံကြုံကွဲ ဓမ္မတာအတိုင်း ပြောင်းရွှေ့ရန် စီစဉ်နေစဉ် နံနက်ပိုင်းတွင် ဆရာမကြီးနှင့် မိသားစု ပြောင်းလျှင် သူတို့ လိုက်ပို့လိုကြောင်း အိပ်မက် မက်၍ အိပ်မက်ထဲတွင် ဒုက္ခခံပြီး လိုက်ပို့ခြင်း မပြုရန် တားမြစ်ခဲ့ပါသည်။

ပြောင်းရွှေ့သည့်ရက်တွင် ထိုခေတ်က ကားလမ်းများ မပေါက်သေး၍ ရေလမ်းသာရှိ၍ အိမ်ထောင်ပစ္စည်းများနှင့် လိုက်ပို့သူများအား ပဲ့ထောင်အလတ်တစ်စီးနှင့်ငှားပြီး ဘိုလေးမြစ်အတိုင်း လာ၍ ဖျာပုံဆိပ်ကမ်း ရောက်သည့်အခါ ဆရာမကြီးနှင့်အဖွဲ့ ကားနှင့်သွားပြီး၊ မော်တော်မောင်းသမားများနှင့် သယ်ယူသူအချို့ ပဲ့ထောင်မော်တော်နှင့် ဖျာပုံမှ ဟင်္သာတသို့ သွားရန် စီစဉ်ခဲ့သည်။

ဖျာပုံရောက်သည်နှင့် ပဲ့ထောင်မော်တော် စက်ပျက်၍ မထွက်နိုင်ပါ။ ဆရာမကြီးမှ အနီးရှိ ဘုန်းတော်ကြီးကျောင်းသို့ ဆွမ်းကပ်ရန်နှင့် ပါလာသော ကလေးများ



အား ရေမိုး ချိုးရန် ဘုန်းတော်ကြီးထံတွင် ခွင့်ပန်စဉ် ကျောင်းထိုင်ဆရာတော်ကြီးမှ ပဲ့ထောင်မော်တော်ပေါ်တွင် လူများပြင်ဆင်သည်များ လိုက်လာကြောင်း မိန့်ကြားခဲ့သည်။

သို့နှင့် မလိုက်ခဲ့ရန် တားသည့်ကြားက လိုက်ပါခဲ့သော ညီအစ်မများ၊ တာဝန်ကျေသော ညီအစ်မများအား ကျန်နေခဲ့ရန် တောင်းပန်၍ ချန်ထားခဲ့ရပါသည်။

ဤတွင် လောကကြီးသည် လွန်စွာ ဆန်းကြယ်ကြောင်း ကျွန်တော် တွေးမိပါသည်။ စာရေးဆရာမကြီးနှင့် ဝိညာဉ်(ဥစ္စာစောင့်)ညီအစ်မများသည် နှစ်ဦးနှစ်ဖက်စလုံး ရုပ်ရည်ရူပကာ ချောမောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခွင့်လွှတ်တတ်သော အကြည့်နှင့်ကြည့်ခြင်း၊ အပေးအယူ မျှတသည့်အတွက် တစ်လ,နှစ်လ လူမနေနိုင်သော အိမ်၌ နှစ်,နှစ်ခန့် နေနိုင်ခြင်း၊ မိသားစု ဒုက္ခများ ရောက်လာပါက ကူညီပံ့ပိုးခဲ့ခြင်းသည် ရှေးဘဝ၏ ရေစက်ကြောင့် ဖြစ်မည်ဟု ထင်မှတ်ခြင်း၊

ကောင်းမှုပြုသောသူသည် ဤဘဝ၌ ဝမ်းမြောက်ရ၏။ နောင်ဘဝ၌လည်း ဝမ်းမြောက်ရ၏။ ယခု ပစ္စုပ္ပန်တမလွန် နှစ်တန်သော ဘဝတို့၌ ဝမ်းမြောက်ရ၏။ ထိုသူသည် မိမိပြုပြီးသော ကောင်းမှုကံကို မြင်၍ အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပေသည် ထင်မှတ်ပြီး **ဆရာမကြီးခေါ် ခင်ရှင်စော ပြောပြခဲ့သော ဝိညာဉ်များအကြောင်းအား** စာဖတ်သူများ ဖတ်ရှုနိုင်ရန် ရေးသားဖော်ပြလိုက်ပါသည်။

**ဝွင်းလေး**



www.burmeseclassic.com

www.burmeseclassic.com

မောင်းတောဒေသမှ ဆေးဆရာကြီး ဦးစံသာကျော်၏

# မြစ်ပွားနာ (သို့မဟုတ်) ကင်ဆာရောဂါ

## ကြိုတင်ကာကွယ် နည်းကောင်းတစ်ခု

ကင်ဆာရောဂါသည် ယခုခေတ်တွင် လူအများကို ဒုက္ခအပေးဆုံး ရောဂါတစ်ခုအဖြစ် ဝေဒနာ ခံစားနေကြရသည်။

ကင်ဆာရောဂါဟု သိရှိပြီဆိုလျှင် ရောဂါအဆင့် (၂) (သို့မဟုတ်) (၃)အဆင့်သို့ ရောက်နေပြီဖြစ်သည်။ ကုသရန်ခက်ခဲသောရောဂါတစ်မျိုးဖြစ်သည်ဟုဆိုပါသည်။

ကင်ဆာရောဂါဝေဒနာ ဖြစ်လာလျှင် ရာခိုင်နှုန်း အပြည့်နီးပါး သေဆုံးကြရပါသည်။ နှစ်ပိုင်း/လပိုင်းမျှသာ ခံသည်။ သေဆုံးမှု များသည်။

ကမ္ဘာ့နိုင်ငံအသီးသီး၌ ကင်ဆာရောဂါကို နည်းပညာအမျိုးမျိုး၊ ဆေးဝါးမျိုးစုံနှင့် ကာကွယ် ကုသပေးနေကြပါသည်။ သို့သော်လည်း လူနာအများစုမှာ သေဆုံးကြရသည်။

စာရေးသူအနေဖြင့် **မောင်းတောဒေသ ပိတောက်မြိုင်ရွာမှ ဆေးဆရာကြီးဦးစံသာကျော်၏** မြစ်ပွားနာ (သို့မဟုတ်) ကင်ဆာရောဂါကို မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်နည်းကို ရေးသားဖော်ပြပါမည်။

နံနက် အိပ်ရာမှထလျှင် ရေ(၁)ပုလင်းနီးပါး သောက်ပါ။ ပြီးလျှင် ညအိပ်ဝင်ခါနီးတွင် ရေ(၁)ပုလင်းနီးပါး သောက်ရမည်ဟု ဆိုပါသည်။

ရေချိုးသည့်အခါ **“ဆောင်းတစ်ဆယ် – မိုးကိုး – နွေခုနစ်”**ဟု အဆိုတစ်ခု ရှိသည်ဟု ပြောပြပါသည်။

**“ဆောင်းတစ်ဆယ်”**ဆိုသည်မှာ လူအများသည် ဆောင်းရာသီတွင် နံနက်(၁၀)နာရီတွင် ရေချိုးပေးရမည်။ **မိုးရာသီတွင်** နံနက်(၉)နာရီ ရေချိုးပေးရမည်ဟု ဆိုပါသည်။

**နွေရာသီတွင်** နံနက်(၇)နာရီတွင် ရေချိုးပေးရမည်ဟု ဆိုပါသည်။

ပြီးလျှင် နံနက်စောစော အိမ်သာတက် ကျင်ကြီးစွန့်သော အလေ့အကျင့်ကို ဖန်တီးထားရမည်။

**နံနက်တိုင်း အိမ်သာတက် ကျင်ကြီးစွန့်ခြင်းသည် ဝမ်းအတွင်းက အပူ–အပုပ်–အဆိုးများ ပွင့်ထွက်သည်ဟု ဆိုပါသည်။**



အမျိုးသမီးများခေါင်းလျှော်လျှင် နံနက်ပိုင်းကိုသာ ခေါင်းလျှော်ပါ။ ညနေပိုင်းကို မလျှော်ရပါ။

မြစ်ပွားနာ (သို့မဟုတ်) ကင်ဆာရောဂါသည် အပူဓာတ်ခံ အားကြီးမှုကြောင့် အဖုအကျိတ် ဖြစ်လာသည်ဟု ဆိုပါသည်။

ဆီးဝမ်း မှန်စေပါသည်။ နံနက်စာ–ညစာ အစားအစာ သုံးဆောင်ပြီးလျှင် **မြန်မာကြက်သွန်ဖြူ (၂)တက်ကို အစိမ်းဝါးစားပေးပါက** ပိုမို၍ ကာကွယ်မှု ရှိနိုင်သည်ဟု ဆိုပါသည်။

ဆေးဆရာကြီးက နောက်ထပ် ပြောပြသည်မှာ မျက်စိတိမ်စွဲရောဂါသည်လည်း အပူဓာတ်ခံကြောင့် ဖြစ်သည်ဟု ဆိုပါသည်။

အထက်ပါနည်းအတိုင်း နေထိုင်ပါက **“အပူ–အဆိုး ကင်းစင်၍ ရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်ပါသည်”** ဟု စိတ်ရှည်စွာဖြင့် ပြောပြပါသည်။

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်များအနေဖြင့် ကျန်းမာရေးအတွက် ဗဟုသုတ တိုးပွားကြစေရန်နှင့် အနာရောဂါ ကင်းရှင်းကြစေရန် မောင်းတောဒေသ မေယုတောင်ခြေ ပိတောက်မြိုင်စံပြရွာ၌ နေထိုင်သော ဆရာကြီးဦးစံသာကျော်၏ ကင်ဆာရောဂါ မဖြစ်ပွားအောင် ကြိုတင်ကာကွယ်သော နည်းကောင်းတစ်ခုအား ရေးသားဖော်ပြအပ်ပါသည်။

**[ဆေးဆရာကြီး ဦးစံသာကျော်(ပိတောက်မြိုင်စံပြရွာ)အား ဂါရဝပြုအပ်ပါသည်။]**

ဗိုလ်မင်း(မင်းလှ)



www.burmeseclassic.com

www.burmeseclassic.com

# အုတ်အရှစ် အုတ်ဒေသနှင့် အုတ်ဓလေ့ထုံးစံများ

မောင်ပေါ်ဟိန်း
(အင်းတော်)



အုတ်ရှစ်လမောင်နတ်နှင့်တွေ့လျှင် ရုတ်ချည်း **ချက်ချင်း ဝမ်းသက်သလိုဖြစ်လာပြီး နေမထိ၊ ထိုင်မသာဖြစ်အောင် ဝမ်းဗိုက်နာလာတတ်ပါသည်။** ဤသို့နာလျှင် အုတ်ရှစ်လမောင်နတ် ဖြစ်ပါသည်။

အုတ်ရှစ်လမောင်သည် လူပျိုကြီးဘဝဖြင့် သေဆုံးသူဖြစ်ပါသည်။ ယင်းကြောင့် သူ့ကိုကိုးလျှင် **ခမောက်တစ်ခု၊ ဆေးလိပ်တစ်လိပ်၊ ပုလွေတစ်ခု၊ ထမင်းတစ်ထုပ်၊ ခြင်းတစ်လုံး** ပါရပါသည်။

စာရေးသူ မူလက မယုံကြည်ပါ။ မိခင်ကြီးရှိစဉ်က အိမ်တွင်းမင်းမဟာဂီရိနှင့် အမေရွှေနပေ ကိုးကွယ်ပါသည်။ အမေဆုံးပြီးနောက် မကိုးကွယ်တော့ပါ။

အုတ်ရှစ်လမောင်နတ်နှင့် ပတ်သက်ပြီး လက်တွေ့ ဖြစ်ရပ်များကို ရေးသားတင်ပြလိုပါသည်။

စာရေးသူ၏နေအိမ်နှင့် အနောက်ခြမ်းမှ ဒေါ်သောင်း၏သား မောင်ဇော်ကြောင့် သိခဲ့ရပါသည်။

ဖြစ်ပုံမှာ ထိုနေ့က အင်းတော်မြို့မကျောင်း ဘုန်းတော်ကြီးကျောင်း ကထိန်လှည့်သည့်နေ့ဖြစ်သည်။ မြို့မဘုန်းတော်ကြီးကျောင်း ဘုံကထိန်သည် အင်းတော်မြို့ပေါ်တွင် အစည်ကားဆုံး ကထိန်လည်း ဖြစ်ပါသည်။

မောင်ဇော်ကြည့်နေသည်မှာ အင်းတော်မြို့ အောင်မေတ္တာရပ်ကွက် မြအင်းသာခန်းမရှေ့၌ ဖြစ်ပါသည်။ ကြာအင်းစင်းဟောက်မှ ဝါးလှည်းများ ဆိုက်လာပါသည်။

ကြည့်နေစဉ် ရုတ်ချည်း ဝမ်းသက်လာ၍ အိမ်ပြန်ခေါ်ခဲ့ရသည်။ အိမ်အရောက်တွင် ဝမ်းသက်သည့်ဝေဒနာမှာ လွန်စွာပြင်းထန်လွန်း၍ ပတ်ဝန်းကျင် အိမ်နားတစ်ဝိုက်ကပင် နားမခံနိုင်လောက်အောင် အော်နေရရှာပါသည်။

ယင်းမို့ကြောင့် ဒေါ်သောင်းမှ တစ်ရပ်ကွက်လည်းနေ

### အုတ်ရှစ်လမောင် ဘယ်လိုကိုးတယ်

အုတ်ရှစ်လမောင်နတ်သည် မြေလျှောက်နတ်ဟု ဆိုရမည်လား မသိ။ အင်းတော်မြို့နယ်မှ အထက်ဖားကန့်နယ်တရိုးထိ တွေ့တတ်ပါသည်။

ရိုးရာအလိုက်ကိုးကွယ်သည့် အရှင်ကြီး နတ်စင်များကဲ့သို့ တသီးတခြား ဆောက်ထားကိုးကွယ်သည်ဟူ၍ မရှိပါ။

အစဉ်အမြဲလဲ ပသကိုးကွယ်စရာမလိုပါ။ လမ်း၌လည်းကောင်း၊ တောစခန်းများ၌ လည်းကောင်း၊ အိမ်၌လည်းကောင်း တွေ့တတ်ပါသည်။

ဤနတ်သည် အခြားနတ်များကဲ့သို့ ချောက်လှန့်ခြင်း၊ ပူးကပ်ခြင်းသည်လည်း မရှိပါ။



www.burmeseclassic.com

www.burmeseclassic.com

မြန်မာတိုင်းရင်းဆေးဆရာကြီး ဦးသံခဲအား အိမ်သို့ ပင့်ခဲ့ရပါသည်။

ဆရာကြီးသည် သူနာ၏အခြေအနေကိုကြည့်ပြီး ဆေးမတိုက်တော့ဘဲ ဖြစ်ပုံအလုံးစုံကို မေးမြန်းပြီးနောက် **အုတ်ရှစ်လမောင်နတ်**ကို ကိုးခိုင်းပြီး ဘုမ္မိအရပ်သို့ ပို့ခိုင်းလိုက်ပါသည်။

မောင်ဇော်၏ ဘုမ္မိအရပ်သို့ ပို့လိုက်သည်နှင့် မင်းလည်းနေတော့ ငါလည်းသွားတော့မည်ဆိုသည့်ပမာ မောင်ဇော်၏ ဝမ်းသက်သည့်ဝေဒနာမှာ ယူပစ်သလို ပျောက်ကင်းသက်သာသွားပါသည်။ ဆေးဝါး မှီဝဲစရာ မလိုတော့ပါ။

နောက် အတွေ့အကြုံနှစ်ခုကို တင်ပြပါဦးမည်။

စာရေးသူ၏ ခယ်မနှစ်ယောက်ဖြစ်ပါသည်။ ခယ်မ အကြီးဖြစ်သူ ကြည်ငွေသည်လည်း အိမ်၌နေရင်း၊ အိမ်အောက်ကထင်း အိမ်ပေါ်ပို့လိုက်သည်နှင့် မျက်ခနဲ ဖြစ်သွားပြီး ဝမ်းသက်ပါတော့သည်။

ဆေးခန်းတွင် ဆေးစား၊ ဆေးထိုးပေမယ့်လည်း မသက်သာ၍ စာရေးသူကိုခေါ်၍ လိုက်သွားရပါသည်။

အုတ်ရှစ်လမောင်နတ်ကို ကိုးဖို့ စီစဉ်ဆောင်ရွက်ပြီးသည်နှင့် ခယ်မဖြစ်သူ ကြည်ငွေမှာ ပျောက်ကင်းသက်သာသွားပါသည်။

နောက်တစ်ယောက်မှာမူ ကြည်ငွေဖြစ်သကဲ့သို့ မဟုတ်ဘဲ ဝက်စာကျွေးရာမှာ ဝမ်းသက်ကာ ဗိုက်နာလာပါသည်။

အဆိုပါမိဖြူကိုလည်း အလားတူ စီစဉ်ဆောင်ရွက်လိုက်မှ သက်သာပျောက်ကင်းသွားပါသည်။

တောထဲတောင်ထဲမှာမူ **ချက်ချင်း ဝမ်းသက်လာပါက** ဝါးခုတ်၊ နှီးဖျာ၊ ခမောက်ယက်၊ ပုလွေလုပ်၊ ခြင်းတောင်းယက်၊ ဆေးလိပ်ထည့်ပြီး ကိုးရပါသည်။ ထမင်းပါကထမင်းထည့်၍ ထမင်းမရှိက ထည့်စရာ မလိုပါ။

**အိမ်တွင်ဖြစ်ပါက** အလွယ်စား သုံးရပါသည်။ ငှက်ပျောဖက်ဖြစ်စေ၊ အင်ဖက်၊ ကျွန်းဖက်ဖြစ်စေ သို့မဟုတ် စက္ကူဖြစ်စေ ကတော့ချွန်ပြုလုပ်လျှင် ခမောက်ဖြစ်သွားပါ။



ပုလွေမှာမူ သဘော်ရိုးကို ထည့်ပါသည်။ ထမင်းထုပ်မှာမူ စားထမင်း၊ စားဟင်းဖြစ်ပါသည်။

ဆေးလိပ်တစ်လိပ်ထည့်ပါသည်။ ဆေးလိပ်မရှိက ဆေးရွက်ပြားထည့်လျှင်လည်း ရပါသည်။

ခြင်းစုတ်တစ်လုံးထဲ အားလုံးထည့်ပြီး **သူနာ၏ ဘုမ္မိအရပ်သို့** ပို့ရပါသည်။

'ဘယ်နေ့သားသမီးမှ အုတ်ရှစ်လမောင်နတ်ကို ကိုးပါသည်။ ဝေဒနာများ သက်သာပျောက်ကင်းပါစေ'

ဆိုပြီး ပြောပါ။

(၇)ရက်သားသမီး၏ **ဘုမ္မိအရပ်ကိုသိရှိ**နိုင်ရန် အောက်ပါအတိုင်း ရေးသားဖော်ပြပါသည်။

| စဉ် | နေ့သား/သမီး | ဘုမ္မိကျသောအရပ် | မှတ်ချက် |
|---|---|---|---|
| ၁။ | တနင်္ဂနွေ | တောင်အရပ် | |
| ၂။ | တနင်္လာ | အနောက်တောင် | |
| ၃။ | အင်္ဂါ | အနောက် | |
| ၄။ | ဗုဒ္ဓဟူး | အနောက်မြောက် | |
| ၅။ | ကြာသပတေး | အရှေ့မြောက် | |
| ၆။ | သောကြာ | အရှေ့တောင် | |
| ၇။ | စနေ | မြောက် | |
| ၈။ | ရာဟု | အရှေ့ | နေ့(၁၂)နာရီ လွန်ပြီးမှမွေးသူ |

**ယူလိုက ယူပါ။ မယူလိုက ပယ်ပါ။** အုတ်ရှစ်လမောင်နတ်နှင့် ပတ်သက်ပြီး ဗဟုသုတအလို့ ရေးသားတင်ပြခြင်းသာ ဖြစ်ပါသည်။

**အာယု ဝဏ္ဏော သုခံ ဗလံ**

**မောင်ဗဟိန်း (အင်းတော်)**





www.burmeseclassic.com

www.burmeseclassic.com



သန်းဝင်း
(အောင်မြေ)

# နတ်နှင့် နားတောင်း

'သာထွန်း...ဟေ့ကောင်'

'အင်း...ဗျာ'

'မင်းကတော့ လူလိုမနေတော့ဘူးဆိုတဲ့ သဘောလား၊ ကြည့်... ကလေးပစ္စည်းတွေရော လူကြီးပစ္စည်းတွေရော ကုန်ပြီ။ အိမ်ကို ပြန်ဆောက်နိုင်ဖို့ဝေးလို့... ဝမ်းစာ စပါးလဲ ခိုးရောင်းသေး... ပြီးတော့ ဖဲနိုင်တယ်လို့လဲ တစ်ခါမှ မကြားဖူးဘူး။

ကြက်နိုင်တာလဲ မတွေ့သေးဘူး။ လေးကောင်ဂျင်က ပါသေး၊ လယ်လဲရောင်း၊ နွားလဲရောင်းနဲ့ ... မင်း မိသားစုတာဝန် မဲ့လှချည်လား ကွ၊ ဟေ့...သာထွန်း၊ ကဲ...ကွာ မိုက်တွင်းနက်ဦး'



www.burmeseclassic.com

www.burmeseclassic.com

‘ဖုန်း…ခွပ်’

‘အွန့်…’

မည်သူမှ တော်ပါတော့ မတားရဲကြ။ သူက အစ်ကိုအကြီးဆုံး၊ ဩဇာလည်းရှိဆုံး၊ တစ်ရွာလုံးက လေးစားရသော လူကြီးလူကောင်း ဆန်သူ။

ဖဲရိုက်၊ ကြက်တိုက်၊ လောင်းကစား လွန်စွာ ဝါသနာကြီးသော၊ လွန်စွာပွေလေသော အိမ်ထောင်သည် သားသမီးငါးယောက်ရှိသော ညီကို ဆူပူနေခြင်းပင်။ လမ်းမှားနေသူအား လမ်းမှန်သူက ဆုံးမတော့ အစ်ကိုကြီးလည်း ဖြစ်တော့ ပြန်မပြောဝံ့။

‘မင်းကိုယ်မင်း သေသေချာချာ မေးကြည့်၊ စဉ်းစားကြည့်ပါ။ တကယ့် ယောက်ျားကောင်းလား၊ အိမ်ထောင်ဦးစီးကောင်းလား၊ လူလားမြောက်လာတော့မယ့် ကလေးတွေရဲ့ အတုယူဖို့ဖြစ်မယ့် ရှေ့ဆောင်လမ်းပြ ပုဗ္ဗာစရိယ ဖခင်ကောင်းလားဆိုတာ…

တောက်…တို့အမျိုးထဲမှာ မင်းမှ ဖျက်မယ့်ကောင်ပဲကွ။ မင်း မျိုးဖျက်သက်သက်ပဲ။ ဟင်း…တောက်’

သားသမီးငါးယောက်တွင် အကြီးဆုံး သားကြီးဖြစ်သော မောင်အေးလွင်ကား ဘကြီးလုပ်သူ ဒေါသကြောင့် ငြိမ်ကုတ်နေသည်။

ဒီနှစ်ဆို အသက်က (၁၆)နှစ်ကျော် (၁၇)နှစ်ထဲ ရောက်ပေပြီ။ ကျန်လေးယောက်ကား (၃)ကြိုး (၃)ငယ်တွေဆိုတော့ မလောက်လေး မလောက်စား အရွယ်တွေဟု ပြောရမည်။

လုပ်အားဘက်က အားမပြုနိုင်သေးသော်လည်း စားအိုးကား မသေးလှပေ။ ဤသည်ကို ဘကြီး သိပြီးဖြစ်သဖြင့်…

‘အေးလွင်’

‘ဗျာ…ဘကြီး’

‘သူများငှားလဲ ပေးရမှာပဲ၊ ပေးခြင်းပေး ကိုယ့်အမျိုးကိုယ် ပေးရအောင်ပေါ့။ ငါ ဒီလို စဉ်းစားတယ်’

‘ဟုတ်ကဲ့’

‘မင်း ဒီနှစ် ဘကြီးဆီမှာ သူရင်းငှားလာလုပ် ဟုတ်လား၊ ငါ သူရင်းငှား မငှားတော့တော့ဘူး။ မင်းယူစရာရှိတာ ပြင်ထား၊ အပြန် ငါနဲ့လိုက်ခဲ့လေတော့’

အေးလွင် ဝမ်းသာသွားသည်။ ဘကြီးကား လယ်ကေ(၂၀)ခန့်ရှိပြီး နွားတစ်ကောင်နှင့် ချောင်ချောင်လည်လည် ရှိ၏။

မိမိ၏ ဖခင်ကား အလုပ် ဝေလာဝေး၊ အိုးပစ်အိမ်ပစ် ထွက်သွား၊ ပေါ်မလာ၊ လာပြန်တော့ ရှိသည့် ပစ္စည်း ထုခွဲရောင်းချယူသွား၊ ဖဲရိုက် ကြက်လောင်း ကုန်သွားပြန်တော့၏။

ဤသို့နှင့် မိမိတို့ မိသားစု မချောင်မလည် ဖြစ်ရတော့၏။ အဖေဆိုတော့လည်း အနန္တဂိုဏ်းဝင် ဖြစ်သဖြင့် စိတ်ဆိုးရခက်ခက် မဟုတ်လား။

သို့နှင့် ဘကြီးအိမ်တွင် မိုးဦးကျ သူရင်းငှားအလုပ်ကို ပထမဦးဆုံး နှစ်အဖြစ် လုပ်ဆောင်ရလေတော့သည်။

လာဘ်မြင်သော၊ ဝီရိယရှိသော၊ နိုးနိုးကြားကြားရှိသော၊ အလိုက်သိသော၊ ကျိုးနွံသော မောင်အေးလွင်အား ဘကြီးဖြစ်သူ မိသားစုက အရေးပေး ချစ်ခင်ကြသည်။ အလုပ်ကြိုးစားသည်ကိုး။

အေးလွင် မိုး တဖျောက်ဖျောက်နှင့် ရွာနေဆဲတွင် နွားတစ်ရှဉ်းနှင့် ထယ်စာခြေ လယ်ထွန်လျက်…

အိမ်က သက်ငယ်တွေ ဆွေးပြတ်နေပြီ။ အိမ် မမိုးရတာ နှစ်နှစ်ရှိပြီ။ ခုလို မိုးမျိုးနဲ့ဆိုရင် အမေ ဘယ်လိုများ နေမည်နည်း။ အိမ်က ဗလာစာအုပ် အဖုံးတွေလည်း အမိုးဖာတာနှင့် ကုန်လောက်ပေပြီ။

မီးဖိုခန်းကရော မိုးယိုများနေမလား အိပ်သည့် နေရာတချို့က တော့ ယိုမှာ သေချာသည်။

အခုဆို နယုန်လရောက်ပြီး၍ ကဆုန်လနားတောင် ကပ်လာပြီ အိမ်မိုးဖို့ ဘယ်ဆီမှာ နေမှန်း မသိသေး။

အလုပ်က အခုမှ ဝင်ရတော့ ဘကြီးကို အိမ်မိုးဖို့ မပြောရဲသေး။ ဘကြီး ငြိုငြင်မှာလည်း ကြောက်၊ အိမ်ကလည်း ပြန်းပြန်းကွဲယိုပေတော့မည်။

စားရေးသောက်ရေးက ဝမ်းစာ လက်ကျန်လေး ကြိတ်ပေးထား၍ တော်သေးသည်။ တွေးလိုက်တိုင်း ရင်မောစရာ။ ဒါတွေအားလုံးသည် အဖေကြောင့်သာ ဖြစ်တာပဲဟု တစ်တတန်းကြီး တွေးရင်း သက်ပြင်းမောတစ်ခု အမှတ်မထင် မှုတ်ထုတ်လိုက်မိတော့၏။



www.burmeseclassic.com

www.burmeseclassic.com

'ဟူး…'

'ဟ…မောင်အေးလွင် ဘာတွေ သက်ပြင်း ချနေရသတုန်းဟ… ကောင်လေးရ'

ရွာထဲက နေ့စားခေါ်ထွန်ယက်သူ ကိုမောင်စိန်က အေးလွင်ဘေးနား ထွန်ကြောင်း စပ်မောင်းရင်း အေးလွင်အဖြစ်ကို ကြည့်လျက် မေးလိုက်ရာ…

'ဘာမှ မဟုတ်ပါဘူး ဦးမောင်စိန်ရယ်…အမေ ဘယ်လိုများ နေမလဲ စိတ်ရောက်သွားလို့ဗျ။ အိမ်က မမိုးရသေးဘူး။ တော်ကြာ မိုးက ဆက်ပြီး သည်းလာရင် အကုန်ဒုက္ခတော့ တွေ့တော့မှာဗျာ…အဲဒါ'

'ဟ…ကောင်လေးရ မနေ့က မင်းဘကြီး ဒေါ်အုန်းစိန်တို့အိမ်မှာ သက်ကယ်(သက်ငယ်)ပျစ် ဝယ်နေတာ တွေ့တယ်။ အိမ်မိုးပေးဖို့နဲ့ တူတာပဲဟ'

'မိုးပေးရင် ကောင်းတာပေါ့ဗျာ။ မပြောရဲလို့ ငြိမ်နေရတာဗျ'

ဦးမောင်စိန်နှင့် အေးလွင် စကားအချီအချ ပြောနေစဉ် လယ်တစ်ရှဉ်းခန့်အကွာမှ ညီငယ်မောင်သိန်းဇော် မျက်စိပျက် မျက်နှာပျက်နှင့် အေးလွင်တို့ လယ်ထွန်နေရာသို့ ပြေးလာသည်ကို တွေ့ရသဖြင့်…

'ဟာ ဦးမောင်စိန်…ဟိုက ပြေးလာတာ သိန်းဇော်မို့လား'

'ဟာ… အေး ဟုတ်တယ်ဟ၊ ဘာများဖြစ်လို့ပါလိမ့်'

အေးလွင်၏ညီငယ် မောင်သိန်းဇော်ကား အေးလွင်နှင့် ဦးမောင်စိန်



နားနေသော လယ်ကန်သင်းသို့ အရောက် ဖင်ထိုင်ချလိုက်ပြီး ပါးစပ်ကို ဟလျက် မျက်စိမှိတ်ပြီး အမောဖြေနေရသည်။

'ဟေ့ကောင် ညီလေး၊ ဘယ်သူက ဘာဖြစ်လို့လဲကွ၊ ဖြည်းဖြည်းပြောစမ်းပါဦး'

'ဟော…ဟဲ…အစ်ကို ထွန်ဖြုတ်ပြီးလိုက်…ဟော…ဟဲ…ဟဲ…လိုက်ခဲ့ပါ။ အမေ…ဟော…နေမကောင်း…ဟောင်း…ဟူး…ဟူး…သတိ… လစ်နေတယ်။ ဟယ်…ဟား…ဘာဖြစ်မှန်းလဲမသိဘူး…ဟူး'

'ဟာ…ဒါဆို အေးလွင် မင်းလိုက်သွားလိုက်၊ လိုက်သွားလိုက်၊ နွားတွေ ငါ ကြည့်လုပ်ထားလိုက်မယ်။ သွား…သွား…ထားခဲ့ ဟေ့ကောင်'

'အေး…ဦးမောင်စိန် ဒါဆို ကျွန်တော် သွားမယ်'

'အေးပါ သွားစမ်းပါ၊ မင်းကလဲ'

'ညီလေး လာ…ထ…သွားကြစို့'

အေးလွင် လယ်ထွန်သော နေရာနှင့် ဘကြီးနေသော ရွာမှာ (၃)ဖာလုံခန့်သာ ဝေးသော်လည်း အေးလွင်အမေတို့နေသော ရွာမှာ နှစ်မိုင်မျှ လောက်ဝေးသည်။

လယ်ကန်သင်းများအား ကွေ့ကာပတ်ကာနှင့် ညီအစ်ကိုနှစ်ယောက် ခပ်သုတ်သုတ် လျှောက်လျက်…

'အမေ အကောင်းကြီးပါ။ ဘယ်လိုဖြစ်ရတာလဲကွာ'



www.burmeseclassic.com

'ညီလေးလဲ မသိဘူး။ ကျောင်းက ပြန်လာတော့ အိမ်မှာ လူတွေစုံနေလို့ အစ်ကိုတင်စိုးက အစ်ကိုကြီးအေးလွင် သွားခေါ်စမ်းဆိုလို့ ကျွန်တော် ပြေးလာတာပဲ။ မောလိုက်တာ အစ်ကိုကြီးရာ'

လေးဆယ့်ငါးမိနစ်ခန့် အကြာတွင်တော့ အေးလွင် မိမိတို့အိမ်ရှေ့ရောက်လာတော့သည်။ အိမ်နီးနားချင်းများက အလိုလို စုဝေးပြီးသားဖြစ်နေသည်။

အိမ်က မိုးကမလုံ၊ အိမ်ကလည်းကျဉ်းတော့ အိမ်နှင့်လူနှင့် တစ်လုံးဖြစ်နေတော့သည်။

'ဖယ်စမ်း...ငါ့ကို ဘယ်သူမှ မ...းကြနဲ့။ ဟိုမှာ ခေါ်နေပြီ၊ သွားမ...သွားမယ်...ဖယ်'

အေးလွင် ခြေဆေးနေရင်း အမေမှာ ဝိုင်းချုပ်ထားရာမှ မူမမှန်သောပုံစံဖြင့် ခပ်ကြမ်းကြမ်း သောင်းကြမ်းနေပုံကိုကြည့်၍ အံ့သြနေမိသည်။

ခြေဆေးပြီး အိမ်ပေါ်တက် အမေ့ဘေးနားတွင်ထိုင်လျက် အမေ့အခြေအနေကို အကဲခတ်ရသည်။

'အီး...ဟီး...ဟီး...အား...အမယ်လေး လုပ်ကြပါဦး... ကယ်ကြပါဦး...အင်း...ဖုန်း'

ထိုင်ပြီး ခြေကားရား လက်ကားရားနှင့် ရှိနေရာကနေ ရုတ်တရက်ဖုန်းခနဲ အိပ်ရာပေါ် ပြန်လဲကျသွားလျက် တက်သကဲ့သို့ ဒိုင်းဒိုင်းမြည်အောင် ခြေဖျားလက်ဖျားများ လှုပ်လျက် ရှိတော့၏။

အံတွေလည်း ကြိတ်၊ မျက်နှာလည်း ရှုံ့မဲ့၏။ ခန္ဓာကိုယ်လည်းတွန့်လိမ့်လျက်၊ ဘေးနားရှိ အမျိုးသမီးကလည်း ဟိုနှိပ်ဒီနှိပ်နှင့်။ တက်သည့် လူမမာလည်း တက်လိုက် ရပ်လိုက် သတိရလိုက်။ တစ်ခါ ဗြုန်းခနဲ တောင်ပြောမြောက်ပြော ပြောလိုက်နှင့်...ဘာကြောင့် ဘယ်လိုဆိုသည်ကို ခန့်မှန်းရ ခက်ကြလေတော့၏။

ထို့နောက် စန့်စန့်ကြီး ဖြစ်သွားပြန်တော့၏။ ဆေးဆရာ ခေါ်သွားသူကား နှစ်ရွာကျော်ခန့် ဝေးသည်က တစ်ကြောင်း၊ မိုးကလည်း တဖွဲဖွဲရွာသည်က တစ်ကြောင်းကြောင့် ရောက် မလာသေး။

အေးလွင်ကား အမေ့အဖြစ်ကို ကြည့်၍ သနားမိ၏။ လွန်စွာ အေးဆေးတည်ငြိမ်လှသော အမေကား ယောက်ယက်ခတ်မှု ခုတစ်မျိုး... ခုတစ်မျိုး ဖြစ်နေသည်ကား ရိုးသားမှု မဖြစ်နိုင်ဟု ထင်မိသည်။

ယခု ဝါမဝင်မီက ပွဲပေးရန် ကတိပေးထားသော အကြောင်းကို သတိရမိသည်။ အမေ၏ ဖဲ,ကြက်, လေးကောင်ဂျင်များထဲသို့ နတ်ပွဲပေးမည့် ပိုက်ဆံများ ပါသွားသဖြင့် နတ်မကနိုင်တော့ ကတိပျက်ခြင်းကြောင့် နတ်ပင် ဖမ်းတာလား ဖြစ်နိုင်သည်။

ခုကောင်း ခုမကောင်း ဖြစ်ပုံမရိုးသား။ တစ်ခုခုတော့ လုပ်မှ ဖြစ်မည်ဟု အမေ့အား ချစ်သောစိတ်ဖြင့် ယုံတာ မယုံတာ အသာထား လုပ်ကြည့်တာ ကောင်းမည်ဟု စဉ်းစားလျက် အေးလွင် ဘုရားစင်ထက် မော့ကြည့်ပြီး ဘုရားဦးတိုက်ရှိခိုးလျက်...

'ကျွန်ုပ်သည် သားအကြီးဖြစ်သည်။ ထို့ကြောင့် အမေ့ နတ်ကရန် ကတိပျက်ခြင်းကြောင့် ဖမ်းစားခြင်းဖြစ်လျှင် သီတင်းကျွတ်လျှင် နတ်ပွဲပေးရန် တာဝန်ယူပါသည်။ မှန်လျှင် အမေ့ရောဂါ ယူပစ်သည့်ကဲ့သို့ ပျောက်ကင်းပါစေသား'

ဟု စိတ်ထဲ ပေါ်သလို ခပ်တိုးတိုး ဘုရားရှေ့တွင် တိုင်တည်လိုက်ပြီးလျှင် သောက်တော်ရေအား စွန့်၍ အမေ့ဦးခေါင်းအား သပ်၊ မျက်နှာအားသပ်၊ လက်များအား သပ်လိုက်လေ၏။

အေးလွင် ဆောင်ရွက်ချက်ကား မှန်သည်ဟု ဆိုရပေမည်။ အမေကား လုံးဝ ကောင်းသွားလေတော့၏။ အမေ ကောင်းသလောက် အေးလွင် ဦးခေါင်းနောက်လေပြီ။

'ဒါဆို နတ်ပွဲပေးရမှာ မှန်ပြီ။ ဒီတစ်ခါ ပျက်ကွက်လို့ကတော့ အမေသေမှာပဲ။ ငါကလဲ လူလားမမြောက်သေး၊ လောလောဆယ် လယ်ပြီးမှ စပါး လေးဆယ့်ငါးတင်းပဲရမှာ။

ဒါလဲ တလင်းပြီးမှဆိုတော့ ဘကြီးကိုပဲ တိုင်ပင်ပြောဆိုရတော့မယ်'

ဟု အမေ့အရေး နေ့စဉ်တွေးလျက် အိပ်၍ပင် မပျော်တော့ပေ။

'အေးလွင် မင်းအမေ နေကောင်းသွားပြီလား'

'ဟုတ်ကဲ့ ဘကြီး၊ ကောင်းသွားပါပြီ ဆိုပါတော့'

'ငါပြောသံ ကြားတာတော့ စုန်းဖမ်းသလို နတ်ဖမ်းသလိုလို ဆို...'

'မသိပါဘူး ဘကြီးရယ်...

www.burmeseclassic.com



ကျွန်တော်လဲ မကြုံဖူးပါဘူး’

‘အင်း…မင်းအဖေကလဲ ဘာသာရေးက ခပ်ဝေးဝေး မင်းအမေကလဲ သားကိစ္စ သမီးကိစ္စတွေများနဲ့ ဟိုပူဒီပူနဲ့ ဘာသာရေးက ခပ်ဝေးဝေးရယ်…

အေးလေ အိမ်တစ်အိမ်မှာ တက်ညီလက်ညီ ဘာသာရေး အားမထုတ် မြဲမကာဘူးဆိုရင် မင်း နတ်ကို မပြောနဲ့… မှင်စာတောင် မလေးမခန့် လုပ်တော့မပေါ့ကွ။ အင်း…ခက်တာပေါ့ကွာ’

ဘကြီးကလည်း လူကြီးဆိုတော့ လူကြီးပြော ပြောပြန်ရော ဘကြီးစကားများ အေးလွင်နားထဲ အကုန်ရောက်၊ အမေ့အတွက် ကတိခံထားသည့်ကိစ္စ မိမိခေါင်းပေါ်ရောက်နေသည်။

ဘယ်လို လုပ်သင့်သနည်း။ သီတင်းကျွတ်သည်အထိ စောင့်၍မဖြစ်၊ ဝါခေါင်–တော်သလင်းမှာ ငွေရဖို့ အရေးကြီးသည်။

လယ်က မနက်ဖြန်ဆို စိုက်ပေတော့မည်။ လယ်စိုက်ပြီး ထွန်တုံးပိတ်၊ နွားတွေ မြက်ရိတ် ကျွေးရုံမျှအပ လယ်အလုပ် ပြီးသွားပြီ။

အမေ့ကိုချစ်သော သားဖြစ်သည့်အားလျော်စွာ အမေ့အတွက်သာ အချိန်ပြည့် ပူနေရသည်။ သို့နှင့် မကြာသော ရက်ပိုင်းအတွင်း ဘကြီး၏ လက်ကေ(၂၀) စိုက်၍ ပြီးသွားတော့သည်။

လယ်ထဲသို့ဆင်းချိန်၊ မြက်ရိတ်ချိန်၊ ထမင်းစားချိန် အမေ့အတွက်သာ စိတ်ကပူသည်။ တခြား ဘာစိတ်မှမဝင်၊ သမီးရည်းစားထားချင်စိတ်ပင် အေးလွင်တွင် ပျောက်နေတော့၏။ ဤမျှပင် အမေအတွက် ပူရလေသည်။

တစ်နေ့ ပေါက်တူးကို ထမ်း၍ ရေလျှော့ရန် လယ်ထဲသို့ ဆင်းခဲ့သည်။ ကန်သင်းများ ငါးရှဉ့်ပေါက် ရှိ,မရှိ စစ်ဆေးရင်း ကန်သင်းရိုး တစ်ခုပြီးတစ်ခု လိုက်လံစစ်ဆေးနေမိ၏။

နောက်ဆုံးကန်သင်း၏ အလယ်လောက်တွင် ဝင်ခါနီး နေရောင်နှင့် ရောင်ပြန်ဟပ်လျက် လက်ခနဲ လက်ခနဲ တစ်နေရာက ပေါ်လာသည်။

သေသေချာချာ ကြည့်မိမှ ပုစွန်လုံးကျင်း ကျစ်စာပုံ၏ နှုတ်ခမ်းတွင် မှန်ကွဲလား…မှန်စလား မသိ။

ခြေထောက် စူးမိရှမိလျှင် မသက်သာ။ ယူပစ်လျှင် ကောင်းမည်ဟု ဆုံးဖြတ်လျက် ထိုလက်လက် အရောင်ထွက်သော အရာအား ရွံ့ပျော့ပြဲ ပုစွန်ကျစ်စာပုံ နှုတ်ခမ်းမှ ခွာယူလိုက်၏။

‘ဟာ…ဘကြီးလဲဟ’

အေးလွင်အံ့ဩသွား၏။ ရေနှင့်ဆေးလိုက်၏။ ရေဆေးမှ ပုံက ပီပြင်စွာ ပေါ်လာတော့၏။

ကျောက်များ၊ စေတီပုံကဲ့သို့ အဆင့်လိုက် အရစ်လိုက် မြှုပ်နှံထားသော လွန်စွာ ကြီးမားသော ကလေးလက်သူ့လုံးခန့်ပင် ရှိသော ရှေးခေတ်လူကြီးများ ပန်သော…

ယခုခေတ်လူများ မည်သည့်နည်းနှင့်မျှ ပန်ရန် မရနိုင်သော နောက်ပိတ်ပါသော နားတောင်း (ယခုခေတ်အခေါ် နားကပ်)ကြီးအား တွေ့ရလေတော့၏။

ကိုယ်ထည်က ကြေးရောင်ဖြစ်၏။ ခါးပိုက်ဆောင်ထဲ ထည့်လျက် ပေါက်တူးအား ရေဆေး လျက် ပြန်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com

ရွာထိပ်အရောက် ကိုသာဟန်အား ဝင်ပြလျှင် ကောင်းမည်ဟု တွေးလျက် ကိုသာဟန်တို့ အိမ်သို့ ဝင်သည်။

ကိုသာဟန်ကား ဆန်ကောဆန်ခါများ ရက်လုပ်သည်။ တစ်လ တစ်ကြိမ်ခန့် အိမ်တွင်ရှိသော ကုန်စုံဆိုင်အတွက် မြန်အောင်မြို့သို့ တက်၍ ဈေးဝယ်သည်။

လည်ပင်းတွင်လည်း ရွှေဆွဲကြိုးဆွဲထားသဖြင့် ဗဟုသုတ ရနိုင်မည်ဟု ထင်မိသည်။

'ဟ... အေးလွင် လယ်ထဲက ပြန်လာတာလား၊ လာ...လာ... ဟင်းကောင်းချက်တယ်။ ထမင်းဝင်စားသွားကွယ့်'

'ကိုသာဟန် စားပါ။ ကျွန်တော် လယ်ထဲက ဒါလေး ကောက်ရလို့... ကြည့်စမ်းပါဦးဗျ...အစစ်လား အတုလား ရွှေလား ကြေးလား ဆိုတာ'

ကိုသာဟန် ထမင်းစားလက်စ လက်ဆေးလျက် အေးလွင်ပြသော နားတောင်းကြီးအား သေသေချာချာ ကြည့်သည်။

ရေနှင့် ဆပ်ပြာနှင့် သွားပွတ်တံနှင့်ပါ ပွတ်တိုက်ဆေးကြောပြီး ပွတ်ကြည့်သည်။ သူ၏ လည်ပင်းမှ ဆွဲကြိုးနှင့် နှိုင်းယှဉ်ကြည့်သည်။

'ဟကောင်...အေးလွင် မင်းညစ္စာ ရွှေဖြစ်ဖို့ များတယ်။ ဒါပေမယ့် နားကပ်ကြီးက ကြီးလိုက်တာ၊ ဘယ်လိုလူမျိုး ပန်သလဲမသိပါဘူးကွာ...ပန်းထိမ်ဆရာ ပြကြည့်ကွာ...ဟုတ်ရင်တော့ ပွတာပေါ့'

သို့နှင့် **"အေးလွင် လယ်ထဲက နားတောင်းကြီး ကောက်ရလို့တဲ့"**



ဟူသော သတင်းကား တစ်ခဏအတွင်း တောမီးပမာ ဟိုဘက်ရွာ ဒီဘက်ရွာ မကျန် မမြင်ဘူးလို့ ပြစမ်းပါဟု ဆိုလျက် လာရောက်ကြည့်ရှုသူများ များလှတော့၏။

နှစ်ရက်,သုံးရက်မျှ လူမစဲလှပေ။ ထို့နောက်တွင်တော့ ဘကြီးလုပ်သူက...

'ဟဲ့...အေးလွင် ဒီတိုင်းဆို မဖြစ်ဘူးကွ၊ မင်းညစ္စာ မြန်မြန်ရောင်းပစ်ကွာ၊ အိမ်ဆောက်သည် တယ်ရှုပ်တယ်။ ပြီးတော့ စိတ်လဲ မချရဘူး။

ငါ့မိတ်ဆွေ ပန်းထိမ်ဆိုင် သွားပြပြီး ရောင်းလိုက်မယ်။ မနက်ကျ တို့ တူအရီး နှစ်ယောက် မြို့သွားမယ်ကွာ'

နောက်တစ်နေ့တွင်တော့ နားတောင်းကြီးနှင့်အတူ အေးလွင်နှင့် သူ့ဘကြီးတို့ကား ပန်းထိမ်ဆိုင်ရှိရာ မြန်အောင်မြို့သို့ သွားကြလေတော့၏။

* * *

'အ...ဟာ...လုပ်ပါဦးဟ၊ မင်းဇာတ်လမ်းက ဆက်ပါဦး'

'အေးလေ ကိုဆန်းဝင်းရဲ့... ရွှေအစစ်တဲ့ဆိုလို့ အဲဒီမှာပဲ ရောင်းလိုက်တယ်ဗျာ။ အဲဒီတုန်းက ဈေးနဲ့ ခုနစ်ထောင်ကျော် ရတယ်ဗျာ။

နွားတစ်ကောင် ကောင်းကောင်းမွေးရလောက်ပေးရတဲ့ အချိန်လေ။ အင်း...အဲဒီပိုက်ဆံနဲ့ ကျွန်တော့်အမေအတွက် နယ်ပွဲလဲ ကပေးလိုက်တယ်။ အိမ်လဲ ပြန်ဆောက်တယ်ဗျာ။ ဝမ်းစာလဲ ထည့်လိုက်တယ်ဗျာ။ အဲ... ခိုင်းနွား တစ်ရှဉ်းလဲ ဝယ်လိုက်ရသေးတယ်ဗျာ...ကဲ'

'အေးနော်... အမေ့အတွက် ကျေးဇူးဆပ်ချင်တာနဲ့ ဟုတ်မဟုတ်တော့မသိ ကတိတွေပေးပြီး တာဝန်ကြီးဖြစ်နေတာ အေးသွားတာပေါ့။ အဲဒါ မင်း အမေ့ပေါ်ချစ်တဲ့ မေတ္တာကြောင့်လို့ပဲ ငါတော့ ထင်သကွ'

'အဲဒါတော့ ဟုတ်မှာပေါ့လေ၊ ကျွန်တော်လဲ **နတ်နဲ့ နဂါး မလှည့်စားနဲ့**ဆိုတဲ့ စကားပုံကို ယုံရတော့တာပဲဗျို့'

'ထူးဆန်းတဲ့ တကယ့်ဖြစ်ရပ်မှန်ဇာတ်လမ်းပဲ သူငယ်ချင်း... ငါတော့ ပါရမီမဂ္ဂဇင်းအတွက် ဝတ္ထုတစ်ပုဒ် ရေးရဦးမဟ...ဟဲ...ဟဲ'

'စာရေးဆရာကတော့ လုပ်ပြီဗျာ'

**[မှတ်ချက် ။ ။ မောင်အေးလွင်၏ ကိုယ်တွေ့အား တစ်ဆင့်ခြယ်မှုန်းပါသည်။]စာရေးသူ**

***သဗ္ဗသတ္တာ ဘဝန္တု သုခီတတ္တာ***

**ဆန်းဝင်း(အောင်မြေ)**



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရပ်ဆန်းများစွာ ရှိပါသည်။ ဥပမာ လူတစ်ယောက်သည် သေခါနီးဆဲဆဲ **"တစ်လလောက်နေ ပြန်လာမှာပါ"**ဟု ပြောပြီး သေပြီး တစ်လမျှကြာသောအခါ လူဝင်စားပြန်၍ ဖြစ်လာတာမျိုး…

သေပြီးသည့်နောက် ပြိတ္တာဘုံဘဝ၏ ဖြစ်ရပ်ဆန်းအမျိုးမျိုး၊ သူတော်ကောင်းတို့၏ ကောင်းမွန်ရာ ဘုံဘဝရောက်ရပုံ အမျိုးမျိုးတို့ကို ကျွန်ုပ်၏ ပတ်ဝန်းကျင်မှ

မောင်လှန်းသန်း
(မေတ္တာမြေ)

# ကျွန်ုပ်နှင့်

ဖြစ်ရပ်ဆန်း



www.burmeseclassic.com

www.burmeseclassic.com

ပြောစကားများအရလည်းကောင်း...နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှလည်းကောင်း သိခွင့်ကြုံခဲ့ရပါသည်။

ယင်းတို့အထဲမှ ကျွန်ုပ်၏ ဖြစ်ရပ်ဆန်း ကိုယ်တွေ့ ကြုံခဲ့ရပုံလေးကို တင်ပြလိုပါသည်။

ကျွန်ုပ်၏ဖခင်ကြီးသည် လွန်စွာ အရက်သောက်၏။ တစ်ညနေ... ထိုတစ်ညနေသည် မှောင်ရီပျိုးစအချိန် ဖြစ်၏။ ကျွန်ုပ်လည်း အလုပ်ခွင်မှ အိမ်သို့ ပြန်လာရာ ဖခင်ကြီးသည် ကျွန်ုပ်ရှေ့ ပေ(၁၀၀)မျှ အကွာတွင် ဟိုဘက်သည်ဘက် ယိမ်းယိုင်လျက် အရက်ဆိုင်မှ အိမ်သို့ ပြန်လာကြောင်း လှမ်း၍မြင်လိုက်ရ၏။

ထို့နောက် အိမ်သို့အဝင် လမ်းချိုးကွေ့လေးကိုလည်း ကွေ့ဝင်သွားကြောင်းလည်း မြင်တွေ့လိုက်ရ၏။

ကျွန်ုပ်သည် လမ်းချိုးကွေ့လေးသို့ ရောက်သောအခါ စက်ဘီးပေါ်မှ ဆင်းပြီး လမ်းလျှောက်လာလေ၏။ ထိုအခါ ကျွန်ုပ်၏ဖခင်ကြီးသည် အိမ်ဝန်းပေါက်ဝသို့ ရောက်နေပြီး ဝန်းတံခါးကို ဖွင့်၍ ဝင်သွားကြောင်းကို လည်း မြင်မိလိုက်၏။

ကျွန်ုပ် အိမ်ဝန်းပေါက်နားသို့ ရောက်သောအခါ တံခါးဖွင့်ပြီးသား ဖြစ်သည်အထင်နှင့် စက်ဘီးကို တွန်း၍ ဝင်မည်အပြု တံခါးကို ပိတ်လျက်သား ဖြစ်နေသည်ကို တွေ့လိုက်ရတော့၏။

ထိုအခါ ကျွန်ုပ်၏စိတ်ထဲ စနိုးစနောင့် ဖြစ်သွား၏။ ထို့နောက် ကျွန်ုပ်သည် တံခါးကို ဖွင့်၍ အိမ်ထဲသို့ ဝင်ရောက်ပြီး...

'အဖေ...အဖေ...အိမ်ရောက်နေပြီလား'

ဟု မေးလိုက်၏။

ထို့အပြင် အိမ်တွင်းအိမ်ပြင် ကျွန်ုပ်၏ဖခင်ကြီးကို လိုက်၍ရှာ၏။ ဖခင်ကြီးကား အရက်ဆိုင်မှ အိမ်သို့ ပြန်မလာသေးကြောင်း ကျွန်ုပ် မှတ်ချက်ချမိ၏။

ထိုအဖြစ်အပျက်ကြောင့် ကျွန်ုပ်သည် **ဖခင်ကြီး အကြောင်းတစ်ခုခုကြောင့် သေတော့မည်မို့ နိမိတ်ပြ တာပဲဟု** မှတ်ယူမိ၏။

ထိုအဖြစ်အပျက် ကြုံတွေ့ပြီးနောက်... နောက်(၆) လမျှ ကြာသောအခါ ကျွန်ုပ်၏အိမ်သို့ ရွာမှ အဒေါ် ဖြစ်သူတို့ အလည်လာကြ၏။

အဒေါ်သည် အဖေ၏ နှမရင်းဖြစ်၏။ သူ၏ ကလေး



ငယ်နှင့် အဖော်မိန်းမတစ်ယောက်လည်း ပါ၏။

အဒေါ်တို့သည် ကျွန်ုပ်နှင့်အတူ အိမ်ပေါ်၌ အိပ်ကြ၏။ ညဉ့်(၁)ချက်တီးခန့်တွင် အဒေါ်ဖြစ်သူသည် အပေါ့အပါးသွားရန် အောက်သို့ ဆင်းသွား၏။

ဖခင်ကြီး၏ ချောင်းဟန့်သံကိုလည်း ကြားလိုက်ရ၏။ ကျွန်ုပ်လည်း ထိုညဉ့်၌ အမှတ်မထင် အိပ်ရာမှ နိုးလျက် ရှိ၏။

ထို့ကြောင့် ကျွန်ုပ်လည်း အိပ်မပျော်သည်နှင့် အပေါ့ အပါးသွားရန် အောက်သို့ ဆင်းလိုက်၏။ ကျွန်ုပ်က အဆင်း အဒေါ်ဖြစ်သူက အိမ်ပေါ်သို့အတက် လှေကား ရင်းမှာ ဆုံဖြစ်၏။

ထိုစဉ် ဖခင်ဖြစ်သူလည်း အပေါ့အပါးသွားရန် သူ၏ အိပ်ရာဘေး၌ အကျီကို ကိုယ်လုံးလုံးချွတ်နှင့် မြင်လိုက် ရ၏။

ကျွန်ုပ်၏ အိမ်နောက်ဖေးသို့ ရောက်သောအခါ ဖခင်ကြီးကို မတွေ့ရပါ။ ထိုအခါ ကျွန်ုပ်စိတ်ထဲ တင်[illegible] ဖြစ်သွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ် ဖခင်ကြီး အိပ်ရာနား ရောက်သောအခါ ဖခင်ကြီးမှာ တခေါခေါနှင့် အိပ်ပျော်လျက်ပင် ရှိနေပါ၏။

ကျွန်ုပ်သည် ဖခင်ကြီးနှင့်မိခင်ကြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်နေကြောင်းကိုပါ အသေအချာ တွေ့လိုက်ရပါသည်။

အမှန်တကယ် ကျွန်ုပ်မျက်စိထဲတွင် ဖခင်ကြီး အပေါ့အပါးသွားရန် အိပ်ရာပေါ်မှဆင်းသွားပုံကို ခုတင်ဘေးတွင် မြင်လိုက်ရပါသည်။

ကျွန်ုပ်စိတ်ထဲမှလည်း ဒီမောင်နှမ အပေ့ါအပါးသွားတာတောင် အတူတူ ဖြစ်နေပါလားဟု အောက်မေ့မိခဲ့၏။

ထိုအဖြစ်အပျက်ကြောင့် ကျွန်ုပ်လည်း ကြက်သီးမွေးညင်းများပင် ထခဲ့သည်ထိ လန့်သွားခဲ့ပါသည်။

အမှန်တော့ အချိန်သည်လည်း ည၌(၁)ချက်တီးခန့် ဖြစ်နေရာ ကျွန်ုပ်လည်း ဖခင်ကြီးအိပ်ရာ အောက်ထပ်မှ အပေါ်သို့ တက်ခဲ့တော့၏။

ထိုအဖြစ်အပျက်ကိုလည်း ကျွန်ုပ်သည် ဖခင်ကြီး သေခါနီး၍ နိမိတ်ပြတာပဲဟု မှတ်ယူမိ၏။

ထိုအချိန်က ဖခင်ကြီးသည် အရက်အသောက်များ၍ ဗိုက်ကြီးမှာ ဖောရ်၍နေ၏။ ထမင်းမှာ တစ်နေ့လုံးနေမှ လက်ဖက်ရည်ကြမ်း တစ်ပန်းကန်စာ စား၏။

နောက်·အဖြစ်အပျက်တစ်ခုမှာ ည(၉)နာရီခန့် ဖြစ်၏။ ကျွန်ုပ် မြို့ထဲမှ လည်လာပြီး အိမ်သို့ ပြန်လာချိန်ဖြစ်၏။

ထိုအချိန်တွင် ဖခင်ကြီးနှင့် မိခင်ကြီးတို့ အိပ်ရာမှာ ခြင်ထောင်ချပြီးသားဖြစ်၏။ ကျွန်ုပ်သည် ဖခင်ကြီးတို့ အိပ်ရာ ခုတင်ခေါင်းရင်းရှိ ရေအိုးစင်တွင် ရေခပ်သောက်နေ၏။

ထိုအချိန်တွင် ကျွန်ုပ်၏နားထဲ၌ ဖခင်ကြီးသည် အိပ်ရာထဲမှ ခြင်များကို နွားမြီးတပ်ထားသော ခြင်ယမ်းဖြင့် တဖျပ်ဖျပ် ယမ်းနေသံကို ကြားရ၏။ ထို့ကြောင့် ကျွန်ုပ်က ခေါင်းရင်းနားသို့ ကပ်၍...

'အဖေ...အိပ်ပြီလား'

ဟု မေးလိုက်၏။ ကျွန်ုပ်၏မေးသံကို ပြန်ဖြေသံ



မကြားရ၍ ခြင်ထောင်နားသို့ ကျွန်ုပ် ကပ်၍ကြည့်လိုက်သောအခါ ဖခင်ကြီးသည် အိပ်ရာထဲသို့ပင် မရောက်သေးကြောင်း ကျွန်ုပ် တွေ့လိုက်ရပါတော့သည်။

ထိုအဖြစ်အပျက် (၃)ခုသည် ကျွန်ုပ် အမှန်တကယ် ကြုံတွေ့ခဲ့ရပါသည်။ လွန်ခဲ့သော (၃)နှစ်က ဖြစ်ပါသည်။ ဖခင်ကြီးမှာ အသည်းခြောက်ရောဂါဖြစ်ပြီး ဆေးကုသမှု ခံယူကာ နေကောင်းနေပါသည်။ အရက်လည်း ပြတ်သွားပါပြီ။

**အသက်(၆၆)နှစ် ရှိပြီဖြစ်ပြီး** ထမင်းစားနိုင်၊ လမ်းလျှောက်နိုင်၍ ကျန်းကျန်းမာမာ ရှိနေပါသည်။

သို့သော် ထိုအဖြစ်အပျက်ကိုတော့ ကျွန်ုပ် ယခုတိုင် မှတ်မိနေဆဲ ဖြစ်နေပါတော့သည်။

**မည်သည့်အကြောင်း၊ မည်သည့်ပရလောကသားများ၏ ကြိုတင်နိမိတ်များ ဆိုတာကိုတော့ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ ပညာရှင် သုတေသီများမှ ဖြေကြားပေးကြပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။**

**မောင်လန်းဆန်း(မေတ္တာမြေ)**



www.burmeseclassic.com

www.burmeseclassic.com



စောမိသွင်
(ရန်ကုန်)

တစ်နေ့တည်း တစ်အိမ်တည်း
ခရီးမထွက်ကောင်းဘူးလား

# အတူတူထွက်၍ စွန့်စားရဲပါသလား

အိမ်တွင် မိသားစု စုံဖို့ဆိုတာ မလွယ်ပါ။ အပျိုကြီး၊ လူပျိုကြီး လေးယောက်ကတော့ တစ်အိမ်တည်း စုနေကာ စီးပွားရေး အတူတူ လုပ်ခဲ့ကြသည်။ ဖခင်၊ မိခင်ပိုင် ခြံကျယ်ကြီးတွင် အမေနှင့် အတူတူ နေကာ ပြုစုခွင့် ရနေကြသည်။

အိမ်ထောင်သည် များကတော့ အစိုးရဝန်ထမ်းများဖြစ်၍ တာဝန်ကျရာ အရပ်တို့တွင် သွားနေကြရသည်။ နယ်ရောက်နေကြသော သားသမီးများက တစ်နှစ်မှ နှစ်ခါသာ လုပ်သက်ခွင့်ယူပြီး မိခင်ကြီးကို လာတွေ့ကြရသည်။ အဝေးမှနေ၍ ဖုန်းဆက်ပြီး "အမေ နေကောင်းရဲ့လား"ဟုသာ မေးနိုင်ကြလေသည်။

'မသူတို့မမူတို့က ကံကောင်းပါတယ်။ အမေ့ကို ပြုစုခွင့်ရကြတာ။ ကြူကြူကတော့ အဝေးမှာဆိုတော့ အဝေးကပဲ မှန်း ကန်တော့နေရတာ။ တကယ်လို့များ အမေများ နေမကောင်းဖြစ်ရင် ကြိုတင်ပြီး ဖုန်းဆက်နော်'

ငယ်စဉ်ကတည်းက အိပ်ရာဝင်ခါနီး မိဘကို ကန်တော့အိပ်ရသော အကျင့် မိဘများက လုပ်ထား၍ အဝေးရောက် သားသမီးများကလည်း အဝေးမှနေ၍ ရည်မှန်းပြီး ကန်တော့ကြလေသည်။

သားသမီးခုနစ်ယောက် မွေးခဲ့သော အမေသည် မူမူ အပါအဝင် အတူတူနေ သားသမီး အပျိုကြီး၊ လူပျိုကြီးများ ရှိကြ၍ တော်သေးသည်။

တချို့များ သားသမီးတွေ မွေးထားသော်လည်း နိုင်ငံခြားတွင် အလုပ် လုပ်သောသူနှင့် မြန်မာနိုင်ငံထဲတွင် အလုပ် လုပ်သည် ဆိုသော်လည်း တိုးကိုက်မို့ ခရီးထွက်နေကြရတာ များသဖြင့် မိအို၊ ဖအိုများ အိမ်တွင် တစ်ယောက်တည်း ကျန်နေခဲ့ရတတ်သည်။

တူလေးဖြစ်သူက တိုးကိုက်ဖြစ်ပြီး မောင်နှမသုံးယောက် ရှိသော်လည်း ညီမက စင်ကာပူမှာ၊ ညီငယ်က မိန်းမယူပြီး တောင်ဒဂုံမှာဖြစ်၍ အမေနှင့် သူသာ ရန်ကုန်မြို့လယ်ရှိ



www.burmeseclassic.com

www.burmeseclassic.com



ဘိုက်ခန်းတွင် အတူနေဖြစ်ကြသည်။ အဖေက မရှိတော့ပါပေ။ သူကလည်း လူပျိုကြီးမို့ တော်သေးသည်။

ဒါပေမယ့် သူ့အလုပ်က စာသင်ကြားတာ သင်တန်းပို့ချတာလည်း ပါ၍... နိုင်ငံခြားသို့လည်း မကြာမကြာ ခရီးထွက်၍ အိမ်တွင် အမေတစ်ယောက်တည်း ကျန်နေခဲ့တတ်သည်။

'နင်ခရီးထွက်တော့ အိမ်မှာ အဒေါ်တစ်ယောက်တည်းပေါ့'

ဟု မေးမိ၍...

'မမရာ... အိမ်မှာ အမေတစ်ယောက်တည်းလို့ **(Face Book)** ဖေ့ဘုတ်ပေါ် တက်မရေးပါနဲ့ ကျွန်တော် မရှိမှန်း သိမှာစိုးလို့ပါ။ ရန်ကုန်က နေရတာ မလွယ်ဘူး။ အဘွားကြီး တစ်ယောက်တည်း ကျန်ခဲ့တာသိရင် လုယက်ချင်တဲ့ လူက အိမ်လာမှာစိုးလို့ပါနော်၊ မေတ္တာရပ်ခံပါတယ်'

မောင်ဝမ်းကွဲက ဖုန်းဆက်ကာ ပြော၍ သူ ဘယ်ရောက်နေကြောင်း ဖေ့ဘုတ်တွင် တင်ထားလည်း လိုက်ပြီး ကော်မန့် မပေးတော့ပါ။

'နင်ကသာ အမေတစ်ယောက်တည်း လူမရှိတာ သိမှာစိုးရင် ဗီယက်နမ် ရောက်နေတယ်တို့... ထိုင်းရောက်နေတယ်တို့ ဆိုတဲ့ ဓာတ်ပုံတွေ မတင်နဲ့လေ။ သားအမိနှစ်ယောက်တည်း နေမှန်းသိကြတာကို။ ဒီပုံတွေ မြင်ကတည်းက အိမ်မှာ အဒေါ်တစ်ယောက်တည်းမှန်း လူတိုင်းသိမှာကို။ အထူးအဆန်း လုပ်ပြောနေတာ'

ဒီလိုပြောချင်ပေမယ့် ငယ်စဉ်က သူ့အမေ အလုပ်သွားတိုင်း၊ ဆေးရုံတက်ရတိုင်း အိမ်မှာ လာ,လာအပ်သွားသော၊ ကိုယ်ထိန်းခဲ့ရသော လေး,ငါးနှစ်အရွယ် ကလေး မဟုတ်တော့၍ ပြောချင်သည့် စကားကို မျိုချလိုက်ရသည်။

တစ်ရပ်တစ်ရွာစီ တကွဲတပြားရောက်နေကြရ၍ အမေ ရုတ်တရက် ဆုံးသည့်အခါ အနီးအနားတွင် မရှိသောသူများကို ဖုန်းဆက်မှာရ၊ မြေကျဖို့ကိစ္စ လုပ်ကြရန်နှင့် အလုပ်များနေကြရသည်။

'ခွင့်တင်ပြီး လာခဲ့မယ်။ နေမကောင်းလဲ ကြိုတင်ဖုန်းဆက်တာမဟုတ်ဘူး။ ကားလက်မှတ်မရမှာစိုးတာ။ ငါတို့ မလာမချင်း ဘာမှ မလုပ်နဲ့နော်။ ကိုလတ်တို့ကို စောင့်ဦး'

'ကိုလတ်ကလဲ... နေကောင်းနေရာကနေ နိုင်ငံခြားက ပြန်လာတဲ့ တူတော်မောင်က ပန်းသီးတွေ လက်ဆောင်လာပေးလို့ ညဘက်ကြီး စားချင်တယ်ဆိုလို့ ခွဲကျွေးလိုက်တာ အစာနင်ပြီး ဆို့သွားလို့ ရုတ်တရက် ဆုံးရတာကို ဘယ်လိုကြိုတင် အကြောင်းကြားလို့ ရမှာလဲ၊ ကိုကြီးနဲ့ အစ်မကြူကြူဆီကိုလဲ ဖုန်းဆက်ထားပြီးပြီ'

သူများတွေ သုံးရက်ပဲ ထားထား၊ အမေ့ကို ငါးရက်ထားကာ သားသမီးတွေကို စောင့်ပြီး သင်္ဂြိုဟ်ရသည်။ ခုနစ်ရက်လည်သည်အထိ သံဃာတော်တွေ ပင့်ဖိတ်ကာ နေ့စဉ် ဆွမ်းကပ်,သင်္ကန်းကပ်ကာ အမျှပေးဝေခဲ့ကြပါသည်။

အမေက အလှူအတန်း [illegible] ရောသည်။ သူ သွားနိုင်[illegible]နိုင်စဉ်



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက (အမေတို့ခေတ်က အောက်ခံကို စကတ်တို့ မဝတ်ကြ။ အောက်ခံကို ပိတ်ဖြူထဘီတစ်ထည်ဖြစ်ဖြစ်၊ ထဘီဟောင်းတစ်ထည်ထည်ဖြစ်ဖြစ် ခံဝတ်ကြသည်။)အမေက ထဘီ တစ်ထည် အပြင်ထွက်တိုင်း ခံဝတ်တတ်ပြီး ဈေးထဲ ထဘီအစုတ်အဟောင်းနှင့် ဈေးရောင်းနေသည့် ဟင်းရွက်သည်လေးများတွေ့လျှင် ထဘီတစ်ထည် ချွတ်ပေးခဲ့တတ်သည်။

ပေးလည်းပေးရသေး... တချို့မိန်းမတွေက **"မထွေး စိတ်မှ ကောင်းသေးရဲ့လား မသိဘူး၊ လူမြင်ကွင်းကြီးမှာ ထဘီချွတ်လှူတယ်"**ဟု အပြောခံရသေးသည်။

အိမ်တွင်လည်း အရဏ်ဆွမ်းလည်း နေ့စဉ်လှူ၊ ထိုင်ကိုယ်တော်ငါးပါးခန့်ကိုလည်း နေ့စဉ် ဆွမ်းလောင်းသည်။ ဘယ်ကိုယ်တော်ဖြစ်ဖြစ် ကိုယ့်အိမ်ရှေ့ လာရပ်သည့် ဆွမ်းခံ ကိုယ်တော်တွေကိုလည်း ဆွမ်းလောင်းပါသေးသည်။

ရဟန်းခံပေးထားသော ဦးပဥ္စင်းလေးတစ်ပါးအပြင် အမေ့ကုသိုလ်က သိမ်ဆောက်လှူထားခြင်းပါ။ ထိုကုသိုလ်တွေကြောင့် အမေကောင်းရာမွန်ရာ ရောက်မည်ဟု စိတ်ချကြရသော်လည်း **"ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေ့ခံထိုက်စေ၊ လှူမျှဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ် ကျင့်ဖွယ်သားတို့တာ"** ဆိုသည့် သားသမီးဝတ္တရားအတိုင်း လှူပေး အမျှဝေပေးကြရခြင်း ဖြစ်ပါသည်။

'အမေ မရှိတော့ရင်လဲ သံဃာတော်တွေ ဆွမ်းလောင်းတာ ဆွမ်းဝတ်မပျက်စေနဲ့နော်'

'အမေကလဲ အခုထိ ကျန်းကျန်းမာမာနဲ့ မျက်စိလဲကောင်း၊ မျက်မှန်မပါဘဲ စာဖတ်တာ ဘာရောဂါမှလဲ မရှိဘဲ အသက်ကိုးဆယ်ကျော်အထိ နေစမ်းပါ အမေရယ်။ ဦးလေးဟိန်းက ပြောတယ်။

သူ စီးပွားရှာတိုင်း အဆင်ပြေနေတာ စီးပွားရေးကောင်းနေတာ မိဘကို လုပ်ကျွေးနေလို့တဲ့လေ။ အမေလဲ ဆုံးသွားရော စီးပွားရှာရတာ အဆင်မပြေတော့ဘူးလို့ ပြောတာ။ သမီးတို့ ဈေးရောင်းကောင်းနေတာလဲ အမေ့ကို လုပ်ကျွေးနေလို့ပါနော်'

အမေ့ညီမအရင်း၏သား ဦးလေးဟိန်း ပြောပြခဲ့သည်ကို အမေ့ကို ပြန်ပြောပြတော့ အမေက ပြောပါသည်။

'ဘယ်သူမဆို သေတတ်တဲ့ အမျိုးချည်းပဲ။ မွေးလာကတည်းက ဘစ်နေ့သေကြရမှာ မလွဲဘူးလေ။ ဒ.မြန်သေတာနဲ့ နှေးနှေးသေတာပဲ ကွာတာ သိလရှိရင် အသက်ရှည်မယ်မပေါ့။ အသက်ကြီးပြီး မသွားနိုင် မလာနိုင် အိပ်ရာထဲလဲနေရင်လဲ ဘဝက အလကားပဲ။

သူများကို အားကိုးနေရလို့ သားသမီးတွေလဲ ဝန်တက်၊ ကိုယ့်မှာလဲ ကိုယ့်အညစ်အကြေးတောင် ကိုယ် မသုတ်သင်နိုင်ရင်... ဒီလိုဘဝနဲ့ အသက်ရှည်ရှည် မနေချင်ဘူး။ ကိုယ့်အရိုကိုယ်သယ်နိုင်မှ နေချင်တာ'

အမေ သူ့အလိုကျ ရုတ်တရက် သွားနိုင်လာနိုင်တုန်း ဆုံးသွားခဲ့သည်။ ခု ရက်လည်သည့် ညနေ... ပဲ ပြန်သည့်မောင်က ပြန်၊ ...မနှင့်



www.burmeseclassic.com

www.burmeseclassic.com

အစ်ကိုတစ်ယောက်က အတူတူ ပြန်ဖို့ လက်မှတ်ဖြတ်ထားခဲ့သည်။ ရုံးအလုပ်တစ်ဖက်နှင့် ဆိုတော့ အလာကတည်းက ကားကွင်းတွင် ဖြတ်ခဲ့ရာ တစ်ရက်တည်း ဖြစ်နေသည်။

အချိန်ကလည်း အတူတူပင်။ ညနေ ခြောက်နာရီခွဲကား၊ သွားသည့်ခရီးက မတူ။ တောင်နှင့်မြောက် ဖြစ်သည်။ ဘယ်လောက်ပဲ မိဘကို ခင်တွယ်ပါသည် ဆိုဦးတော့ သေသွားလျှင် ခုနစ်ရက်ထက် ပိုမထားကြ။

အညာဘက်တွေမှာဆို လပြည့်လကွယ် မကူးကောင်းဆိုကာ နေ့ချင်းပြီး ချသည့် အသုဘတောင် ရှိသည်ဟု အိမ်ဘေးက အညာသား ဦးလေးက ပြောပြဖူးသည်။

ပျဉ်းမနား အေလာဘက်တို့တွင်တော့ အသုဘချလျှင် အလောင်းကစားကာ ချကြသည်။ အပျိုလေးများ သေလျှင် ပိုဆိုးသည်။ အလောင်းကို ကားနှင့် မသယ်ဘဲ ထမ်းချစဉ် လိုက်ပို့သူများက လမ်းလျှောက် လိုက်ပို့ကြပြီး အလောင်းကို ရှေ့တိုးနောက်ဆုတ် ဆော့ကစားကာ ပို့ကြသည်။

'အခုတော့ မသိပါဘူး တူမကြီးရယ်၊ လွန်ခဲ့တဲ့ အနှစ်သုံးဆယ်ကျော်ကတော့ ဒီလို ကစားရင်းပို့ကြ၊ အသံချဲ့စက်နဲ့ သီချင်းတွေလဲ ဖွင့်ကြ၊ ငိုချင်းချကြနဲ့... အညာက ထွက်လာတာ ကြာတော့ ဒီဓလေ့ ရှိသေးရဲ့လားတောင် မသိတော့ဘူး။

နေရာတစ်ခုက ထွက်လာပြီးရင် ဆွေမျိုး



တွေရှိလို့၊ သူငယ်ချင်းတွေ ရှိလို့တို့ ဆိုပြီး ပြန်အလည်သွားချင်ပေမယ့် ထပ်မရောက်တော့တာလဲ ရှိခဲ့တယ်'

ထိုဦးလေးကြီးနှင့် ခြံချင်းကပ်နေရ၍ သူတို့အညာဓလေ့ကိုလည်း သိခဲ့ရသည်။ လူသေလျှင် အညာတွင် တရော်ပုံးကို အိမ်ရှေ့တွင် ချထားပြီး အသုဘပို့ ပြန်လာသူများက တရော်ကင်ပွန်းရည်ကို စတိခေါင်းသပ်ကြသည်။

တချို့ကတော့ အသုဘပို့ ပြန်လာလာချင်းမှာ ခေါင်းလျှော်ကြသည်။ ရန်ကုန်မှာတော့ ဒီအယူ မရှိပါ။ **အညာမှာတော့ ချမ်းအေးသည့် ဆောင်းတွင်းမှာပင် အသုဘရှု ပြန်လာလျှင် ခေါင်းလျှော်ကြသည်က များပါသည်တဲ့လေ။**

အခုလည်း အစ်ကိုတို့ အစ်မတို့ ပြန်တော့မည်ဆို၍ အညာသား ဦးလေးကြီးက လာနှုတ်ဆက်ရာက တစ်နေ့တည်း တစ်ချိန်တည်း ဆန့်ကျင်ဘက်အရပ်သို့ ပြန်မည်ကို သိသွား၍ ပြောပြပါသည်။

'သမီးတို့သားတို့ တစ်ယောက်ယောက်က ဒီနေ့ တစ်နေ့တည်းမှာ မပြန်ဘဲ နောက်ဆုတ်နေလိုက်ပါလား၊ တစ်ယောက်က နောက်ရက်မှ ပြန်ပေါ့။ ကားလက်မှတ် ပြန်ရောင်းလို့ မရရင်လဲ အဆုံးခံလိုက်ပါ။

သူစိမ်းဖြစ်စေ၊ အိမ်သားဖြစ်စေ တစ်အိမ်တည်းကနေ တစ်ရက်တည်း၊ တစ်ချိန်တည်း ဆန့်ကျင်ဘက်အရပ်ကို ပြန်မယ်ဆိုရင် တစ်ခုခု ဖြစ်တတ်တယ်။ မယုံမရှိနဲ့နော်...ကိုယ်တွေ့မို့ပါ။

ဦးလေးက ခင်လို့ ပြောတာနော်။ ကားလက်မှတ် တစ်သောင်းကျော်လောက်ကို နှမြောမနေနဲ့... အဆုံးခံလိုက်။ တစ်ယောက်က နောက်နေ့ မနက်စောစောကားနဲ့ ပြောင်းစီးလိုက်ပါ'

'နောက်နေ့မှပြန်ရင် ခွင့်တစ်ရက် ထပ်တင်ရမှာ။ ရုံးမှာလဲ အလုပ်များနေတာ မပြန်လို့မရဘူး'

'ကျွန်မက သာဆိုးသေးတယ်။ ကျွန်မအတန်းကို တခြားဆရာမဆီ အပ်ခဲ့ရတာ၊ စာမေးပွဲကလဲ နီးနေပြီ၊ အခု...ခွင့်တောင် မလွှဲသာလို့ ပေးလိုက်ကြရတာ၊ စာမေးပွဲနီးလို့ ခွင့်တွေ မပေးဘူး။ ရန်ကုန်ပြန်ထားတာလဲ မကြာသေးလို့ လုပ်သက်ခွင့်ကလဲ သိပ်မရှိတော့ဘူး'

'မယုံတော့လဲ မတတ်နိုင်ဘူးပေါ့။ ဦးလေးတို့ နယ်လှည့် စျေးရောင်းကြတုန်းက စျေးရောင်းတော့ တည်းတဲ့အိမ်မှာ တခြားကုန်သည်တစ်ယောက်လဲ တည်းနေတာ။ သူက ဆိုင်ကယ်နဲ့ ဦးလေးကတော့ ဂျစ်ကားလေးနဲ့ တစ်ချိန်တည်း။



www.burmeseclassic.com

www.burmeseclassic.com

တစ်ရက်တည်း ပြန်ကြတာ။

ဦးလေးက ကားကြီးကိုကျော်ဖို့ ကြိုးစားတာ ရှေ့ကား လာနေတာကို မြင်လိုက်တော့မှ မြန်မြန် နောက်ပြန်ဆုတ်လိုက်တာ၊ နောက်က ပါလာတဲ့ ဆိုင်ကယ်နဲ့ ခိုက်မိပြီး လျော်ကြေးပေးလိုက်ရတယ်။ လူက နည်းနည်းပဲ ပွန်းပဲ့လို့ တော်သေးတယ်။

ဆိုင်ကယ်နဲ့ ပြန်သွားတဲ့ လူကလဲ ခွေးကိုတိုက်မိပြီး ဆိုင်ကယ်မှောက်လို့ လူမသေတာ ကံကောင်းတယ်လို့ နောက်မှ သတင်းကြားရတာ။ တစ်အိမ်တည်းနေ ဆန့်ကျင်ရာအရပ်ကို ခရီးမထွက်ကောင်းဘူးဆိုတာ မှန်တာပဲလို့ ကိုယ်တွေ့ကြုံမှ ယုံမိတာ’

ထိုဦးလေးကြီးက ထိုသို့ဆို၍ ပြန်ရန် တွန့်သွားမိသည်။ အဲ့ရေးကြီးနေကြသော်လည်း အစ်ကိုဖြစ်သူက ကျောင်းဆရာမ ညီမကို အလျှော့ပေးကာ နောက်နေ့မှ ပြန်ဖို့ ဆုံးဖြတ်လိုက်ပါသည်။ ကားလက်မှတ်ကိုလည်း ကားဂိတ်တွင်ပင် စောင့်ရောင်းရာ ပြန်ရောင်း၍ အဆင်ပြေသွားသည်။

‘အယူသီးကြတာပါကွာ၊ တို့ဖြင့် ဒီအသက်အရွယ်ရှိပြီ တစ်ခါမှ မကြားဖူးပါဘူး’

‘အဘကလဲ မကြားဖူးဘူး မလုပ်ပါနဲ့၊ ကျွန်တော်တို့ ငယ်ငယ်ကလဲ မယုံတာတို့၊ စမ်းသပ်ကြည့်ဦးမယ်တို့နဲ့ လက်တွေ့လုပ်ကြည့်ကြတာပဲ မသေရုံတမည် ကြုံရတာပဲ။

ကျွန်တော် နယ်လှည့် အရောင်းကုမ္ပဏီမှာ အလုပ်လုပ်ကြတော့ ကားကြီးတွေနဲ့ ခရီးထွက်ရင်လဲ တစ်ပြိုင်တည်း ထွက်ကြတာ။ နေကြတော့လဲ ကုမ္ပဏီက ပေးတဲ့ လူပျိုဆောင် အခန်းကျယ်ကြီးထဲမှာ ခုတင်တွေ စီတန်းထားပြီး စုအိပ်ကြရတာ။

ခရီးထွက်ကြတော့ ကျွန်တော်တို့က တရုတ်နိုင်ငံနယ်စပ်အထိ တခြားလူတွေက ဧရာဝတီတိုင်းဒေသကြီးတို့၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့ ခွဲသွားကြရတာ။

တစ်နေ့တည်း၊ တစ်အိမ်တည်းက ခရီးမထွက်ကောင်းဘူးဆိုတာလဲ မသိကြဘူး။ ငယ်ကြတော့ နားလည်တဲ့လူလဲ မပါဘူး။ ပါတောင် တာဝန်နဲ့မို့ သွားကြရမှာပဲလေ။

ကျွန်တော်တို့ကားက ဘီးပေါက်ပြီး တောကိုဆွဲလိုက်လို့ သစ်ပင်နဲ့တိုက်ပြီး ရပ်သွားတယ်။ ဒရိုင်ဘာနဖူးနဲ့ မှန်နဲ့ ဆောင့်မိပြီး နဖူးပေါက်သွားတယ်။

ကျန်တဲ့လူတွေကတော့ ကွဲတဲ့လူ ကွဲ၊ ပြဲတဲ့လူ ပြဲနဲ့ တော်တော် အထိနာကြတယ်။ ကျွန်တော်တောင် သမ္မာဒွေဂါထာတော်ကြီးကို ရွတ်လာလို့ ပွန်းပဲ့ရုံပဲသွားတာ မသေလို့ တော်သေးတယ်’

‘ဘာပဲဖြစ်ဖြစ် ရှေးထုံးလဲ မပယ်နဲ့၊ ဈေးသုံးလဲ မလွယ်နဲ့လို့ ရှေးလူကြီးတွေက ဆိုကြတာပေါ့။ ရှောင်တာက အကောင်းဆုံးပါပဲ၊ အတူတူ ထွက်ကြပြီး အတူတူပျက်စီးမယ့် အလုပ်တော့ မလုပ်ရဲပါဘူးကွာ’

ဟု ဆိုကြပါသည်။

**ဆန့်ကျင်ဘက်အရပ်သို့ ထွက်ပြီး ဘာဖြစ်မယ်၊ မဖြစ်မယ်ကို စွန့်ရဲကာ လက်တွေ့စမ်းသပ်ကြည့်ရဲလားဟု** မေးလျှင်တော့ မစွန့်စားရဲပါဟုသာ ပြောမိပါမည်။ **အသက်ကို ဥာဏ်စောင့်သည်တဲ့လေ။**

စောမိသွင်(ရန်ကုန်)

## နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ဖတ်ရှုလိုသူများသို့...

စာတိုက်ရှိသော
မည်သည့်ဒေသတွင်
နေထိုင်သူများဖြစ်စေ၊
နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို
လပေးဖတ်ရှုလိုပါက
စာဖတ်သူများလက်ဝယ်သို့
EXPRESSဝန်ဆောင်မှု
စနစ်ဖြင့် အမြန်ဆုံး
အရောက်
ပို့ဆောင်ပေးပါမည်။
စာအုပ်ရောက်
ရွေးယူစနစ်ဖြင့်
တစ်လလျှင် ၂၈၀၀ိ/ကျပ်
(နှစ်ထောင့်ရှစ်ရာကျပ်နှုန်း)
ကျသင့်ပါသည်။
လပေးဖတ်ရှုလိုသူများ
အောက်ပါလိပ်စာသို့
အကြောင်းကြား
မှာကြားနိုင်ပါသည်။

[မှတ်ချက် ။ ။ လေယာဉ်ပျံနှင့်သာ ပို့ခွင့်ရသောဒေသများသို့ ပို့ခဲ့ရလျှင် တစ်အုပ်ကို၃၅၀၀ိ-ကျပ် ကျသင့်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။]

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**
အမှတ် ၂၁၀-ပထမထပ်၊
၂၉-လမ်း(အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း
၀၉-၇၇၆၃၄၉၇၈၅
၀၉-၄၄၃၂၅၇၂၆



www.burmeseclassic.com

www.burmeseclassic.com



အောင်လတ်
(ဇရာအနောက်မြို့တော်)

# သီရိဓမ္မာသောကမင်းကြီး၏

## ရေကန်နှင့် မျက်နှာဖြူအရာရှိကြီး

ကျွန်ုပ်တို့သည် ငယ်စဉ်အခါကာလကစပြီး ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်၊ ရေကန်ပေါင်း ရှစ်သောင်းလေးထောင်၊ စေတီပေါင်း ရှစ်သောင်းလေးထောင်ကို လှူဒါန်းခဲ့သော သာသနာ့ဒါယကာအဖြစ် သီရိဓမ္မာသောကမင်းကြီးကို လူကြီးများက နှုတ်တက်ဖွဖွ ပြောလာခဲ့ကြသဖြင့် နားရည်ဝနေခဲ့ပါသည်။

ကျွန်ုပ် ယခု ရေးသားတင်ပြမည့်အကြောင်းသည် သီရိဓမ္မာသောကမင်းကြီး၏ သာသနာပြုလုပ်ငန်းများ

F.37A. September, 2018.



www.burmeseclassic.com

www.burmeseclassic.com

ကို ရေးသားမည်မဟုတ်ပါ။ ဝိဇ္ဇာဓရ ဂမ္ဘီရပညာနယ်မှ ဖြစ်ခဲ့သော ဖြစ်ရပ်မှန်တစ်ခုကိုသာ ရေးသားတင်ပြမည် ဖြစ်ပါသည်။

ထို ဖြစ်ပျက်ခဲ့သော အကြောင်းအရာများကို စာရေးသူ၏ အဘိုးတော်သူ ပြောပြခဲ့သော စကားများမှ စာဖတ်သူများအား သုတရစေရန် ရည်ရွယ်ပြီး ရေးသားလိုက်ခြင်း ဖြစ်ပါသည်။

လွန်ခဲ့သော

နှစ်ပေါင်း(၅၀)ကျော်က...

ကျွန်ုပ်တို့မြို့၏ အရှေ့ဘက်ထိပ်တွင်"**ရွှေချောင်း,ချောင်း**"ဟုအမည်ရှိသော ချောင်းတစ်ချောင်းနှင့် မြို့၏ အနောက်ဘက်ထိပ်တွင်"**ဆင်ပေါက်လှချောင်း**"ဟု အမည်ရှိသော ချောင်းတို့ ဖြစ်ကြပါသည်။

မြို့တည်နေရာသည် ချောင်း(၂)ချောင်းက ညှပ်ထားပါသည်။ ချောင်းဖျားမှာ မိုးကောင်းပါမှ ထိုချောင်းတွင် ရေလာသော ချောင်းခြောက်များ ဖြစ်ပါသည်။

ကျွန်ုပ်တို့မြို့၏ အရှေ့ဘက်ထိပ်တွင်ရှိသော ရွှေချောင်း,ချောင်းကို အင်္ဂလိပ်ခေတ်အခါက သစ်သားတံခါးကြီးဖြင့် ချောင်းကို ကူးဖြတ်ကြပါသည်။

ထိုရွှေချောင်း,ချောင်း၏ အရှေ့ဘက်တွင် "**ဗုဒ္ဓကုန်း**"ဟု အမည်ရသော နေရာ တည်ရှိပါသည်။ ထိုဗုဒ္ဓကုန်း၏ အရှေ့ထိပ်တွင် သီရိဓမ္မာသောကမင်းကြီး တည်ထားခဲ့သော "**ရွှေမုဋ္ဌော**"ဘွဲ့မည်ရသော



**စေတီတစ်ဆူ** ရှိပါသည်။

ထိုရွှေမုဋ္ဌောအပါအဝင် ရေတွင်းတစ်တွင်းနှင့် ရေကန်တစ်ကန်တို့လည်း ရှိနေခဲ့ပါသည်။

ရွှေမုဋ္ဌောစေတီတော်နှင့် စပ်လျက် ဘုရားပရိဝုဏ်ခြားပြီး အနောက်ဘက် ကပ်လျက်တွင် ဘုန်းတော်ကြီး ကျောင်းတစ်ကျောင်း တည်ထားပါသည်။ ထို ဘုန်းတော်ကြီးကျောင်းမှာ"**ရွှေမုဋ္ဌောကျောင်း**" ဟုပင် တွင်ပါသည်။

ဘုန်းတော်ကြီး ကျောင်းဝန်း အရှေ့တောင်ယွန်းယွန်း နေရာတွင် ရေတွင်းတည်ရှိပြီး ထိုရေတွင်းမှာလည်း သီရိဓမ္မာမင်းကြီး ကောင်းမှုဖြစ်သည်ဟု သိရှိနားလည်နေခဲ့ကြပါသည်။

နောက် ထိုဘုန်းတော်ကြီး ကျောင်း၏ အနောက်ဘက်တွင် ပေ(၃၀)ကျယ်သောက် တောင်မြောက်လမ်းကြားထားပြီး လမ်းအနောက်ဘက်တွင် ခန့်မှန်းခြေ အလျား ပေ(၁၅၀)လောက်နှင့် အနံ ပေ(၆၀)လောက်ဟု ခန့်မှန်းရသည့် ရေကန်တစ်ကန်လည်း ရှိပါသည်။

အဆိုပါ ရေကန်မှာ ရေ အမြဲရှိပြီး ပဒုမ္မာကြာများ ပေါက်သည်ဟု သိရပါသည်။ ရွှေမုဋ္ဌောစေတီ ဘုန်းတော်ကြီး ကျောင်းဝန်းအတွင်းမှ ရေတွင်းနှင့် ရေကန်တို့မှာ တစ်ဖြောင့်တည်း တည်ရှိနေကြပါသည်။

စေတီတော်မှာ အရှေ့ထိပ်က တည်ရှိပြီး ရေကန်ကမူ အနောက်ထိပ်က ဖြစ်ပါသည်။ စေတီတော်နှင့် ကပ်လျက် ဘုန်းတော်ကြီးကျောင်းနှင့် ရေတွင်းတို့ ရှိပါသည်။

ရွှေမုဋ္ဌောစေတီ၊ ရွှေမုဋ္ဌောဘုန်းတော်ကြီးကျောင်း (ကျောင်းဝန်းအတွင်းမှ ရေတွင်း)နှင့် ရေကန်တို့မှာ ရောဝတီမြစ်၏ အနောက်ဘက် ကမ်းနဖူးတွင် တည်ရှိနေကြပါသည်။

ရောဝတီမြစ်ကမ်းပါးနှင့် စေတီတော်၊ ကျောင်းဝင်း၊ ရေကန်တို့မှာ ကိုက်(၁၀၀) အကွာလောက်မှာ တည်ရှိခဲ့ကြပါသည်။

**[ယခုအခါတွင် ရောဝတီမြစ်ကမ်းနဖူးကို ရောက်ရှိနေပါပြီ။ စိတ်အထင် ပေ(၂၀)လောက်ဟုပင် ထင်မှတ်မိပါသည်။ ရွှေမုဋ္ဌောစေတီတော်ဘက် ကမ်းပါးတွင် ရေကာတာများ တည်ဆောက်ထားပါပြီ။ စာရေးသူ]**

ထို ဗုဒ္ဓကုန်းကို အစိုးရများနှင့်





www.burmeseclassic.com

www.burmeseclassic.com



အစိုးရ၏ ရာထူးရာခံကြီးကြသော ခရိုင်အဆင့်ရှိသည့် အရေးပိုင်မင်း၊ လမ်းဌာန၊ သစ်တော်ဌာန ပုလိပ် အရာရှိ(ယခု ရဲမင်းကြီး)၊ ခရိုင် ဆရာဝန်ကြီး စသည်တို့၏ နေအိမ်များလည်း တည်ထားပါသည်။

ထိုအရာရှိကြီးများ၏ အိမ် အဆောက်အအုံတို့မှာ အောက်ထပ်က အုတ်ထရံကာထားပြီး၊ သစ်သား ကြမ်းခင်းနှင့် အပေါ်ထပ်မှာ ပျဉ်ထောင်ကာပါသည်။ အမိုးမှာ အုတ်ကြွပ်မိုးများဖြစ်ပြီး တောင်ဘက်ကို မျက်နှာပြုထားသော အဆောက်အအုံများ ဖြစ်ကြပါသည်။

အထက်က ရေးသားတင်ပြခဲ့သော ရေကန်၏ မြောက်ဘက်ကပ်လျက်နေရာတွင် **ပုလိပ်အရာရှိ (ထိုစဉ်က ခရိုင်ရဲဝန်)**၏ အိမ်ဖြစ်ပါသည်။

တောင်ဘက်လှည့် နေအိမ်များဖြစ်၍ ရောဝတီမြစ်ပြင်ကို ဖြတ်သန်းလာခဲ့သော တောင်လေပြည်လေနု၏အရသာကို တစ်ဝကြီး ခံစားရှူရှိုက်ရသော နေရာများ ဖြစ်ပါသည်။

ထိုခရိုင်ရဲဝန်ကြီး၏ အိမ်ရှေ့တွင် ရေကန်တည်ရှိပြီး ပဒုမ္မာကြာများ ပွင့်သည်ဖြစ်၍ လွန်စွာ သာယာလှပါသည်။

ရေကန်ပေါင် ပတ်လည်တွင်လည်း တမာပင်များဖြင့် စိမ်းစိုပြီး အုပ်ဆိုင်းနေပါသည်။ လွန်စွာ ကြည်နူးဖွယ် လွမ်းမောဖွယ် နေရာဖြစ်ပါသည်။

မျက်နှာဖြူ ခရိုင်ရဲဝန်၏ အဖြစ်

ထိုစဉ်အခါက ကျွန်ုပ်တို့လူမျိုးများက အင်္ဂလိပ်အရာရှိများကို မျက်နှာဖြူအရာရှိများဟု ခေါ်ဝေါ်ခဲ့ကြပါသည်။

သီရိမင်္ဂလာသောကမင်းကြီး လှူဒါန်းခဲ့သော ရေကန်ကို ကျေးငှက်သာရကာများ မြူးပျော်ကြသလို ရေပျော်ဖြစ်သော ဖားများလည်း တေးသီပြီး အော်မြည် မြူးပျော်ကြပါသည်။

အထူးသဖြင့် ရေကန်မှာ ဖား သတ္တဝါတို့ မ,ဖို ပျော်မြူးရာဖြစ်သည့် အတွက်ညအခါတွင် သံပြိုင် သီဆိုသံများဖြင့် ထူးခြားမှုတစ်ရပ် ဖြစ်နေပါသည်။

မျက်နှာဖြူ ခရိုင်ရဲဝန်၏ ကြမ္မာ

ထို ခရိုင်ဝန် မျက်နှာဖြူသည် အိမ်ရှေ့တွင် ရေအမြဲရှိနေပြီး ကြာပန်းများဖြင့် လှပနေသော ရေကန်တွင် ဖားများ၏ အော်သံမှာ ဆူညံနေသဖြင့် ညတွင် အိပ်ရေးပျက်သည်ဟု ဆိုပါသည်။

ထိုသို့ အိပ်ရေးပျက်ခဲ့ရသည်မှာ တစ်ညမဟုတ် ညစဉ်ညတိုင်း ဖြစ်နေသဖြင့် ကြာများဖြင့် တင့်တယ်နေသော ရေကန်ကို သူ မနှစ်သက်တော့ပါ။

သို့နှင့်ပင် ရဲဝန်ကြီးမှ ဩဇာ အာဏာသုံးစွဲပြီး ရေကန်ကို မြေဖို့ပြီး ဖျက်ဆီးပစ်လိုက်ပါတော့သည်။

ရေကန်ကို မြေဖို့လိုက်သည့် ညမှစပြီး ခရိုင်ရဲဝန် မျက်နှာဖြူကြီးမှာ သူ မျှော်မှန်းထားခဲ့သော "ကောင်းစွာ အိပ်စက်ရပြီ"ဟု အထင်သည် တခြားစီ ဖြစ်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

မိသားစုဝင်များက ပထမ(၁၀) ရက်လောက်မှာ သတိမထားမိကြသော်လည်း မျက်နှာဖြူ ခရိုင်ရဲဝန်ကြီး၏ ညတိုင်းတွင် ဖြစ်ပျက်မှုကို တဖြည်းဖြည်း သိရှိလာကြရလေတော့သည်။

ဆရာဝန်ထံပြပြီး စစ်ဆေးသောအခါတွင် (သီရိဓမ္မာသောကမင်းကြီး လှူဒါန်းထားခဲ့သော ကြာမျိုးစုံဖြင့် လွန်စွာ တင့်တယ်နေသော ရေကန်ကို မြေဖို့လိုက်ပြီးနောက် စိတ်ဖောက်လာပြီး ချက်ချင်းကြီး စိတ်ရောဂါသည်ကြီး ဖြစ်လာပါတော့သည်။) စိတ်ရောဂါ ဖြစ်နေကြောင်း စစ်ဆေးတွေ့ရှိ၍ ဆေးဝါးကုသရန် အင်္ဂလန်နိုင်ငံသို့ ပြန်ပို့ပေးလိုက်ရပါတော့သည်။

ကျန်းကျန်းမာမာနှင့် လူကောင်းပကတိမှ ချက်ချင်းကြီး စိတ်ရောဂါဖြစ် (ရူးသွပ်)သွားရသည်မှာ အံ့သြစရာပင် ဖြစ်ပါသည်။ ကျွန်ုပ်၏အဘိုးမှ နောက်ဆက်တွဲပြောပြသည့် စကားတစ်ရပ်မှာ...

'ရေတွင်းတို့,ရေကန်တို့ကို တိမ်ကောသွားအောင်၊ ပျက်စီးသွားအောင် မြေဖို့ဖျက်ဆီးခြင်း မလုပ်ရဘူးကွယ့်။

ကန်ပျက်,တွင်းပျက်တာနဲ့ ဒုက္ခပေးတော့ ဒုက္ခရောက်တော့တာပဲ။ ကံမြင့်အောင်၊ တွင်းနက်အောင် ကန်ဆယ်,တွင်းဆယ်ပြီး ကန်ပေါင် ခိုင်သည်ထက် ခိုင်မာအောင် မြေဖို့ တာမြှင့်တင်ရတယ်ကွယ့် မှတ်ထား...ငါ့မြေး'

ဟု ပြောပြခဲ့ပါသေးသည်ကို သတိတရ ဖြစ်နေခဲ့ပါသေးသည်။



ကျွန်ုပ်သိခဲ့သော အဖြစ်အပျက်တစ်ခု

လွန်ခဲ့သော နှစ်(၅၀)လောက်က ဖြစ်လေသည်။ ထို သီရိဓမ္မာသောကမင်းကြီး၏ **ရေကန်ဟောင်း** (ရေကန်မှာ မြေဖို့ထားပြီး)တွင် **ကန်ပေါင်နိမိတ်များတော့ ရှိနေသေးချိန်** ဖြစ်ပါသည်။

ထိုစဉ်ကာလက အိမ်ထောင်သည်များနေရန် လိုင်းတန်းလျား ဆောက်ပြီး မိသားစုဝင်များ နေကြပါသည်။ မကြာလိုက်ပါ...ထိုအိမ်ထောင်စုဝင်များအားလုံး ဝမ်းသွားကြပါတော့သည်။ လက္ခဏာမှာ ကာလဝမ်းရောဂါလို ဖြစ်ပါသည်။ ရောဂါဖြစ်ချိန် မဟုတ်ဘဲ ဖြစ်လာခြင်းကြောင့် တာဝန်ရှိသူ အကြီးအကဲများ ခေါင်းခြောက်ရပါတော့သည်။

ဝိဇ္ဇာဓရဂမ္ဘီရပညာနှင့် အသိအမြင်ကျယ်သူ ဆရာများထံ လေ့လာမေးမြန်း စုံစမ်းပြီးနောက် ထိုနေရာမှာထားရှိသော အိမ်ထောင်သည်များအားလုံးကို တခြားနေရာသို့ ချက်ချင်းကြီး ပြောင်းရွှေ့ပေးလိုက်သည်ကို သိခဲ့ရပါသည်။

ကျွန်ုပ်တို့၏ ဘာသာအယူဝါဒအရ ရေတွင်းရေကန် တူးဖော်လှူဒါန်းလျှင် ကုသိုလ်အထူးရကြောင်း ကျမ်းလာစကားများ ရှိပါသည်။ ဖျက်ဆီးကြသူများလည်း ကြီးစွာသော ဘေးဒုက္ခကို မုချတွေ့ကြုံရကြောင်းကိုလည်း ပြဆိုထားပါသည်။ ကိုယ်တွေ့မျက်မြင်လည်း ကြုံခဲ့ရဖူးပြီး ဖြစ်ပါသည်။

ကျွန်ုပ် တင်ပြလိုခြင်းမှာ ဘာသာတရားအရဖြစ်စေ၊ လောကီနယ်ပယ်တွင်ပင်ဖြစ်စေ၊ ရေတွင်းရေကန်များကို ဖျက်ဆီးကြသူများအနေဖြင့် ဘေးဒုက္ခကြုံတွေ့ရသည်ကို စာဖတ်သူများ သုတစေရန် ရေးသားလိုက်ခြင်း ဖြစ်ပါသည်။

ရှေးရှေးက ဆရာသခင်များမှာထားသည့် ရှောင်ရန် နေရာအမျိုးမျိုးကိုလည်း သတိရမိပါသည်။

- ❖ ဘုရားရိပ်၊
- ❖ ကျောင်းရိပ်၊
- ❖ နတ်စပ်(နတ်ကွန်း)ရိပ်၊
- ❖ ကံတွင်း,သချိုင်းတွင်း

စသည် စသည်တို့ ဖြစ်ပါသည်။ ဝိဇ္ဇာဓရဂမ္ဘီရပညာနယ်မှ ရှောင်ရန်များ ဖြစ်ပါသည်။

***ကောင်းမှုကိစ္စမှန်သမျှ လိုလားတောင့်တတိုင်း ရရှိပြည့်စုံကြပါစေ***

**အောင်ထက်**
**(ရွာအနောက်မြို့တော်)**

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စန်းရည်
ကျောင်းအုပ်ကြီး/ငြိမ်း



# မိုးကြိုးပစ်ခြင်းမှ

## ထူးခြားစွာ လွတ်ကင်းခြင်း ဖြစ်ရပ်ဆန်း

ထူးပေါက်မြောက်ရွာရှိ ဒေါ်မြရီ၏ နေအိမ်တောင်ဘက်တွင် ဆောက်လုပ်ထားသော နွားစာနှင့် နွားများ ထားရှိသော နွားတဲကို မိုးကြိုးပစ်ချလိုက်ပါသည်။

ထိုပစ်ချလိုက်သည့် မိုးကြိုးပစ်သံကို အိမ်သားများနှင့် အခြား အိမ်နားနီးချင်းများမှာ ကြားလိုက်ကြသဖြင့် တစ်ရပ်ကွက်လုံး ဒေါ်မြရီအိမ်သို့ ရောက်ရှိလာကြပါသည်။

ထိုနွားတဲ၏ ရာဇဝင်မှာ ဒေါ်မြရီ၏အိမ်နှင့် တစ်အိမ်ခြားမှာ ရှိသော ဦးညိုအေးနှင့် ဒေါ်ကြည်သန်း၏ သမီး ပိုင်ဆိုင်ခဲ့သော အိမ်ကို ဒေါ်မြရီ၏သား မောင်အောင်ကျော်မြင့်က အိမ်ခွဲနေရန် ဝယ်ယူခဲ့ခြင်း ဖြစ်ပါသည်။

သို့ရာတွင် အိမ်မဆောက်ဖြစ်ဘဲ မိခင်ဖြစ်သူ ဒေါ်မြရီက ငွေခြောက်သောင်းကျပ်ဖြင့် ပြန်ဝယ်ပြီး နွားတဲအဖြစ် ဆောက်ထားခဲ့ခြင်း ဖြစ်ပါသည်။

(၇-၄-၂၀၁၈) စနေနေ့တွင် အိမ်စားသုံးရန် ဆန်နည်းနေပြီဖြစ်သဖြင့် ထူးပေါက်မြောက်ရွာရှိ ဒေါ်ညွန့်ရင်အိမ်သို့ အညာဆန်ဝယ်ရန် သွားခဲ့ပါသည်။

ဒေါ်ညွန့်ရင်အိမ်တွင် စကားစမြည်ပြောဆိုပြီး ကြာသပတေးနေ့ (၅-၄-၂၀၁၈)ည၊ မိုးကြိုးပစ်ခံရသော ဒေါ်မြရီအိမ်သို့ သတင်းမေးရန် သွားခဲ့ပါသည်။

ဒေါ်မြရီအိမ် ရောက်သည့်အခါ ဒေါ်မြရီနှင့်သမီးများ ဖြစ်ကြသော မတင်ပို၊ မကြီးနှင့် မခင်မာပိုတို့အပြင် ညီမဖြစ်သူ ဒေါ်မြကြည်ပါ စုံစုံလင်လင် တွေ့ရပါသည်။

သမီးဖြစ်သူ မခင်မာပို ပြောပြချက်အရ အခင်းဖြစ်သည့် (၅-၄-၂၀၁၈)ကြာသပတေး ည(၁၀)နာရီ (၁၅) မိနစ်ခန့် အချိန်တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး



www.burmeseclassic.com

www.burmeseclassic.com



မောင်အောင်ကျော်မြင့် မဝယ်ခင်က ဤအိမ်မှာ လူမနေဘဲ ပစ်ထားသဖြင့် သရဲခြောက်ကြောင်း အပြော များခဲ့ပါသည်။

ထို ဒေါ်မြရီတို့မိသားစုမှာ ဘုရား၊ တရား မပြတ် ရွတ်ဖတ် ကိုးကွယ်သူများဖြစ်သဖြင့် နွားတဲ ဆောက် လုပ်ပြီးကတည်းက မည်သည့်အသံမျှ မကြားခဲ့ရတော့ပါ။

**ယခု မိုးကြိုးပစ်ခံရချိန်တွင် နွားတဲ ခေါင်တိုင်ကို အောက်မှ အထက်သို့ ထိုးဖောက်၍ အမိုးသွပ်ကို ဖောက်ပြီး မိုးကြိုး ထွက်သွားသည်ကိုတွေ့ရသည်ဟု တွေ့မြင်ခဲ့ရသူ ဒေါ်မြရီ၏ သမီးအငယ် မခင်မာပိုက ပြောပြပါသည်။**

အခင်းဖြစ်ပွားစဉ် မခင်မာပိုနှင့် ခင်ပွန်းဖြစ်သူ မောင်မျိုးထွန်းတို့နှစ်ဦးမှာ အိမ်ပေါ်ရှိ နှမ်းအိတ်များ မိုးရေ မဝင် စေရန် ပိတ်ဆို့ကာကွယ်နေကြစဉ် မိုးကြိုးပစ်သံ ကြားခဲ့ကြပါသည်။

မိုးကြိုးပစ်ခံရသည့် နွားတဲဆီသို့ လှမ်းကြည့်လိုက်ရာ နွားတဲပေါ်ရှိ နွားစာကောက်ရိုးနှင့် မြေပဲရိုးများပေါ်တွင်



မိုးကြိုးမီးလုံးသည် အရှေ့မှအနောက် ပြေးလွှားပြီး ထိန်လင်းနေသည်ကို တွေ့လိုက်ကြပါသည်။

သူတို့အိမ်သားများနှင့် အိမ်နီးချင်းများလည်း နွားတဲ မီးလောင်ပြီးအထင်နှင့် ငြိမ်းရန် ပြေးလာကြစဉ် မီးငြိမ်း သွားသည်ကို တွေ့ရပါသည်။

လက်နှိပ်ဓာတ်မီးများဖြင့် ထိုးကြည့်ကြသည့်အခါ မီးလောင်ရာများ မတွေ့ရဘဲ ကောက်ရိုးနှင့် မြေပဲရိုးများ နဂိုအတိုင်း ရှိနေသည်ကို တွေ့မြင်ခဲ့ကြပါသည်။

နွားတဲခေါင်တိုင်မှာ အောက်မှအထက်တိုင် ထက်ခြမ်း ကွဲသွားပြီး ခေါင်တိုင်တွင် ချည်ထားသော နွားကြီးမှာ တုံးလုံးကြီးလဲနေသည်ကို တွေ့မြင်ကြပါသည်။

လူအများ နွားကြီးနား သွားကြည့်ကြသည့်အခါ အစက မလှုပ်သည့် နွားကြီးမှာ မီးရောင်များ မြင် သည့်အခါ မျက်စိဖွင့်ကြည့်ပါသည်။ တဖြည်းဖြည်း



www.burmeseclassic.com

www.burmeseclassic.com



နားရွက်များလည်း လှုပ်လာသည်ဟု မခင်မာပိုက ပြောပြပါသည်။

**နွားကြီးကို လူအများနှင့် ဝိုင်းမ, နေရာချ ပေးပြီး ဘုရား ဂုဏ်တော်များ ရွတ်ပတ်ခြင်း၊ သမ္ဗုဒ္ဓေဂါထာများ ရွတ်ပတ်ခြင်း၊ ပရိတ်ရေများဖြင့် ခေါင်းမှခြေအထိ အထက်အောက် ဖျန်းပေးခြင်း၊ နွား၏ ခန္ဓာကိုယ်ကို ခဏခဏ လှည့်ပေးခြင်း ပြုလုပ်သည့်အခါ နွားကြီးမှာ တစတစ လှုပ်ရှားလာနိုင်ပါ သည်။**

ကျွန်မ သတင်းမေးရန် သွားရောက်ခဲ့သည့် အချိန်တွင် ထိုမိုးကြိုးစက်ကွင်းမိခံရသည့် နွားကြီးမှာ အကောင်း ပကတိ အစာစားနေပြီ ဖြစ်ပါသည်။

နွားတဲမှာလည်း တိုင်အသစ် လဲထားပြီဖြစ်ပါသည်။ မိုးကြိုးဖောက်ထွက်သွားသည့် သွပ်ကိုလည်း အသစ် လဲထားပြီဖြစ်ပါသည်။

ကံကောင်းထောက်မသဖြင့် နွားကြီး အသက် မသေသလို အိမ်ရှိ ဒေါ်မြရီတို့မိသားစုဝင် အားလုံးတို့ သည်လည်း ဗုဒ္ဓသာသနာကို သက်ဝင်ယုံကြည်သူများ ဖြစ်ကြသဖြင့် ဘုရား၏ တရားဂုဏ်တော်များ ရွတ်ဖတ် ပွားများရခြင်း အကျိုးကျေးဇူးများကြောင့် မိုးကြိုး အန္တရာယ်မှ လွတ်မြောက်ခဲ့ကြခြင်း ဖြစ်ပါသည်။

အချို့ကတော့ နဂိုကတည်းက မကောင်းတဲ့တိုင် ပါလာလို့ ယခုလို မကောင်းတဲ့တိုင်မှ မိုးကြိုးပစ်ခံရတာလို့ ပြောကြပါသည်။

ယခုတော့ အန္တရာယ်လည်းကင်း၊ ဘေးလည်း ကင်းပါပြီ။ ကျွန်မလည်း နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ဖတ်ခြင်းမှ ရရှိခဲ့သော ဗဟုသုတကလေးဖြင့် နေ့စဉ် ဘုရားဝတ်တက်တိုင်း ၂၄ ပစ္စည်းကို အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာ၊ အရပ်(၁၀)မျက်နှာ လှည့်ပတ် ပူဇော် ပါက သူခိုးရန်မှ ကင်းဝေးခြင်း၊ မိုးကြိုးရန်မှ ကာကွယ် နိုင်ခြင်း စသည့် အကျိုးကျေးဇူးများပြောပြပြီး အကြံ ဉာဏ်ပေးခဲ့ပါသည်။

**လက်သမားဆရာ ဦးမောင်ဂျမ်းမှလည်း မိုးကြိုးပစ်သွားသည့် ခေါင်တိုင်နှင့် မိုးကြိုးဖောက်ထွက်သွားသည့် အမိုးသွပ်ကို အသစ်လဲပေးပြီး ခေါင်တိုင်နှင့် သွပ်ကို ချောင်းတွင်းမြစ်အတွင်း မျှောရန် အကြံပေးသည့်အတိုင်း လိုက်နာဆောင်ရွက်ကြ ပါသည်။**

ယခုဆိုလျှင်ဖြင့် အန္တရာယ်ကြားမှ လွတ်မြောက်လာ ခဲ့သော နွားကြီးကို ကြည့်ပြီး မုဒိတာပွားနေကြသော မိသားစုဝင်များကို ကြည့်ပြီး ဤနွားကြီး၏ လုပ်ကျွေးပြုစု မှုဖြင့် ကြီးပွားချမ်းသာသော သာသနာပြု မိသားတစ်စု အဖြစ် ရပ်တည်နိုင်ကြပါစေဟု ဆန္ဒပြုရေးသားလိုက် ရပါသည်။

**ဒေါ်စန်းရည်**
***ကျောင်းအုပ်ကြီး/ငြိမ်း***



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့သည် နံနက်မိုးလင်း အိပ်ရာမှထ မျက်စိနှစ်လုံး စဖွင့်သည်မှစ၍ ဤနေ့ဤရက်သည် ငါ့အတွက် ကံကောင်းသော နေ့တစ်နေ့ ဖြစ်မည်လော...၊

ဤနေ့ ဤရက်သည် ငါ့အတွက် ကံမကောင်းတတ်သော နေ့တစ်နေ့ ဖြစ်မည်လော... စသည်ဖြင့် မိမိတို့၏ နေ့စဉ် ကံကြမ္မာ အကောင်းအဆိုးကို လူတိုင်းလိုလိုပင် သိချင်ကြပေလိမ့်မည် ဖြစ်ပေသည်။

ထို့ကြောင့် ကျွန်ုပ်သည် စာဖတ်ပရိသတ်ကြီးအား ဤနေ့ ဤရက်သည် သင့်အတွက် ကံကောင်းနိုင်သည်၊ ဘာပဲလုပ်လုပ် အဆင်ပြေ အောင်မြင်နေမည်။ အရေးကြီးသော လုပ်ငန်းဆောင်တာများကိုလုပ်ပါ။

ဤနေ့ ဤရက်သည် မကောင်း၊ ပြဿနာများ တစ်ခုပြီးတစ်ခု ကြုံတွေ့ရတတ်သည်။ တတ်နိုင်သမျှ ငြိမ်ငြိမ်လေး နေပါ။ အရေးကြီးသော လုပ်ငန်းတွေ ဘာမှ မလုပ်မိပါစေနဲ့...ဟု ထိထိရောက်ရောက် အနီးကပ် ကူညီပံ့ပိုး အကြံပေးလို၍ တစ်ဦးစီ တစ်ဦးစီ၏ ကိုယ်ပိုင် ကံကောင်းသော နေ့ရက်များနှင့် ကံဆိုးသောနေ့ရက်များကို သေချာဂန သိရှိစေရန်အလို့ငှာစေတနာရှေ့ထားလက်ဆောင်ပါးကာ ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။

* * * ⟶

မူလပြက္ခဒိန်ရက်စွဲများကို အင်္ဂလိပ်ဂဏန်းဖြင့် ဖော်ပြထားပါသည်။ ယင်းနေ့များကို လွှမ်းမိုးနေသော စိုးမိုးဂဏန်းများကိုမူ မြန်မာဂဏန်းဖြင့် ဖော်ပြထားပါသည်။ တွက်ပုံတွက်နည်းမှာ သင်၏ အင်္ဂလိပ်မွေးရက်နှင့် တွက်လိုသောနေ့၏ စိုးမိုးဂဏန်းကို ပေါင်းပါ။ တစ်လုံးတည်း ကျန်အောင်ပေါင်းပါ။

**ဥပမာ။ အင်္ဂလိပ် (၂၃)ရက်နေ့တွင် မွေးဖွားသူဆိုပါစို့။**

**စက်တင်ဘာလ(၅)**ရက်နေ့ကို တွက်လိုသည် ဆိုပါစို့။ **(၅)**ရက်နေ့၏ စိုးမိုးဂဏန်းမှာ **(၇)**ဟု တွေ့ရပေလိမ့်မည်။ ယင်းမွေးရက် **(၂၃)**နှင့်ပေါင်းလျှင် **(၃၀)**ရ၏။ ယင်း **(၃၀)**ကို တစ်လုံးတည်းဖြစ်အောင် ပေါင်း

**၂၀၁၈ ခုနှစ်၊ စက်တင်ဘာလအတွက်**

# နေ့ကောင်းရက်သာ ရွေးချယ်ပါ



**✤ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ✤**

| တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ | စနေ |
|---|---|---|---|---|---|---|
| 30 ၅ | | | | | | 1 ၃ |
| 2 ၄ | 3 ၅ | 4 ၆ | 5 ၇ | 6 ၈ | 7 ၉ | 8 ၁ |
| 9 ၂ | 10 ၃ | 11 ၄ | 12 ၅ | 13 ၆ | 14 ၇ | 15 ၈ |
| 16 ၉ | 17 ၁ | 18 ၂ | 19 ၃ | 20 ၄ | 21 ၅ | 22 ၆ |
| 23 ၇ | 24 ၈ | 25 ၉ | 26 ၁ | 27 ၂ | 28 ၃ | 29 ၄ |

လျှင် **၃ + ၀ = ၃** ရ၏။ ထို့ကြောင့် ထိုသူအတွက် **စက်တင်ဘာလ(၅)ရက်နေ့**တွင် **(၃)ဂဏန်း**ကြီးစိုးနေ၏။

၁-ဂဏန်း ကြီးစိုးသောနေ့တွင် အသစ်စတင်ရခြင်း၊ တီထွင်ဖန်တီးရခြင်းများ ကြုံရတတ်၏။

၂-ဂဏန်း ကြီးစိုးသောနေ့တွင် ကောင်းထားသော အကူအညီများရရှိခြင်း၊ မိမိက အကူအညီ ပေးရခြင်းများ ကြုံရတတ်၏။

၃-ဂဏန်း ကြီးစိုးသောနေ့တွင် ရည်မှန်းသည့်အတိုင်း အောင်မြင်မှုများ ကြုံရတတ်၏။

၄-ဂဏန်း ကြီးစိုးသောနေ့တွင် အကျပ်အတည်းများ၊ စိတ်ညစ်စရာများ ကြုံရတတ်၏။

၅-ဂဏန်း ကြီးစိုးသောနေ့တွင် ပျော်ရွှင်ကြည်နူးစရာများ ကြုံရတတ်၏။

၆-ဂဏန်း ကြီးစိုးသောနေ့တွင် လွမ်းမောတသဖွယ် အဖြစ်အပျက်များ၊ တိုးလိုးတန်းလန်း ဖြစ်ရခြင်းများ ကြုံရတတ်၏။

၇-ဂဏန်း . ကြီးစိုးသောနေ့တွင် ထူးဆန်းအံ့ဩဖွယ်များ၊ မထင်မှတ်သော ဖြစ်ရပ်များ ကြုံရတတ်၏။

၈-ဂဏန်း ကြီးစိုးသောနေ့တွင် စိတ်ညစ်ရခြင်း၊ ထွက်ပေါက်ပိတ်ခြင်း၊ ရည်ရွယ်ချက် ပျက်စီးခြင်းများ ကြုံရတတ်၏။

၉-ဂဏန်း ကြီးစိုးသောနေ့တွင် ဘာသာရေး၊ ပညာရေး၊ ဆရာသမားနှင့် ပတ်သက်သော ကိစ္စများ ကြုံရတတ်၏။

မိတ်ဆွေအနေနှင့် **၄၊ ၈၊ ၆ ဂဏန်း**ရသော ရက်များကို သတိပြု ရှောင်ကြဉ်သင့်ပါသည်။ အကောင်းဆုံးမှာ **၃၊ ၅** ဂဏန်းရသော ရက်များပင် ဖြစ်ပါသည်။ ဒုတိယ အကောင်းဆုံးမှာမူ **၁၊ ၂၊ ၇၊ ၉ ဂဏန်း**ရသော ရက်များပင် ဖြစ်ပေတော့သတည်း။

***မကောင်းရက်ရှောင်၊ ကောင်းရက်ဆောင်ကာ မြားမြောင်ကိစ္စ ဆောင်ရွက်ကြလျှင် ဆန္ဒပြည့်ဝ လူလုံးလှကာ လောကအလယ် ဂုဏ်ဝင့်ကြွယ်သည် လောကီပညာအကျိုးတည်း။***

***ကောင်းမှုအကြောင်းပြု တောင်းဆုပြည့်ပါစေ။***

*သုခစုစံ(ကျိုက်လတ်)*



www.burmeseclassic.com

www.burmeseclassic.com



# သေမင်းကို ဆဲတဲ့သူ

ကိုဝင်းတင် (လယ်လှ)
(အထက်ဖင်းလှ)

ကျောက်တန်း ရွာကလေးတွင် ကိုဖိုးထန်+မအေးကြည်တို့ မိသားစုမှာ အများသူငါလို မိရိုးဖလာ တောင်သူယာလုပ် လုပ်ငန်းများကို ကြိုးစားလုပ်ကိုင်ခြင်းမရှိ။

သားကောင်လိုက်၊ ပျားရှာ၊ ငါးဖမ်း စသော မုဆိုးအလုပ်များကိုသာ အားကြိုးမာန်တက် လုပ်ကိုင်စားသောက်နေကြတယ်။

သူတို့မိသားစုမှာ "ဖိုးတေ"လို့ ခေါ်တဲ့ သားတစ်ယောက်လဲ ရှိတယ်။ ဦးဖိုးထန်ကတော့ သူကိုယ်တိုင် စာမတတ်ရုံသာမက သားဖြစ်သူကိုလဲ ကျောင်းထားခြင်းမရှိ။

မအေးကြည်ကလဲ စာမတတ်ရုံသာမဟုတ်... သားစိမ်းငါးစိမ်း ရောင်းသူပီပီ လျှာကြမ်းအာကြမ်းနဲ့ အင်မတန်မှ နှုတ်ထွက်ကြမ်းတမ်းသူ။

ဦးဖိုးထန်ဟာ သားကောင်လိုက်၊ ရလာရင် ရောင်းချပြီး အရက်



www.burmeseclassic.com

www.burmeseclassic.com



ကလေးဝယ်၊ တောကောင်ဝမ်းတွင်း သားနဲ့ မြည်းလိုက်၊ မူးလာရင် သွေးကလဲ ဆိုးသေး။

သားလုပ်တဲ့သူကလဲ အရွယ် ရောက်လာတော့ သူ့ဖခင်နဲ့အတူ တောလိုက်၊ ပျားရှာ၊ ငါးဖမ်း အတူတူ လုပ်ရင်း အိမ်ပြန်ရောက်တော့ သူ့ဖခင်နဲ့အတူ ခွက်လှည့် ခံသောက်။

မူးလာရင် သူကလဲ သူ့ဖခင် အတိုင်း ဘမျိုးဘိုးတူ။ အဲဒီလိုမျိုး လင်နဲ့သားကို ရထားတဲ့ မအေးကြည် ခမျာ လင်ဆိုးမယား တဖားဖား၊ သားဆိုးမအေ တပေပေ ဆိုတာလို သားက မူးရမ်းလိုက်၊ လင်က မူး ရမ်းလိုက်နဲ့ သားအမိချင်း ရန်ဖြစ် တာက ကျော်မကောင်း၊ ကြား မကောင်း။

လင်မယားချင်း ရန်သတ်တာက ရပ်ကျော်ရွာကျော်။ အဲဒီလိုမျိုးတွေ ရန်ဖြစ်တိုင်းဖြစ်တိုင်း မအေးကြည် ဆဲလေ့ဆဲထ ရှိတဲ့ လက်သုံးစကား ကတော့...

'မယာသေချင်းဆိုး သေမင်းက ဘယ် သွားအလေလိုက်နေတယ် မသိဘူး။ ဒီမျိုးကောင်းသားအဖနဲ့ မြန်မြန် သေကွဲ ကွဲအောင် ငါ့ကို လာခေါ်လှည့်စမ်းပါဟဲ့။ သေချင်းဆိုး သေမင်းရဲ့'

အဲဒီလို အော်ပြီးဆဲတာ။ သားနဲ့ပဲ ရန်ဖြစ်ဖြစ်၊ ယောကျ်ားနဲ့ပဲ ရန်ဖြစ် ဖြစ်... ရန်ဖြစ်ပြီဆိုတာနဲ့ သူ့ကို သေရွာ မခေါ်ကောင်းလားဆိုပြီး သေမင်းကိုပဲ ဆဲလေ့ရှိတယ်။

ဒီလို တကျက်ကျက်နဲ့ နေလာ ရင်းက မအေးကြည်မှာ နောက်ထပ် သားလေးတစ်ယောက် ထပ်ရ တယ်။ အဲဒီ သားလေး ငယ်ငယ် (၅)လသားအရွယ်မှာ မအေးကြည် တစ်ယောက် အပြင်းဖျားပါလေ ရော။ အဲဒီလို ဖျားနေရင်းက သတိ လစ်သွားတယ်။

အဲဒီလို သတိလစ်နေချိန် ခေါင်းမှာ အချွန်အတက်တွေနဲ့ လူကြီးတစ်ဦး သူ့အနားကို ရောက် လာပြီး သူ့ကို စိုက်ကြည့်နေတယ်။

မအေးကြည်ကတော့ အဲဒီ လူကြီးကို တစ်ခါမှ တွေ့လဲ မတွေ့ ဘူး၊ မြင်လဲ မမြင်ဘူးပေ။ လူကြီး က ဘာမပြော ညာမပြောနဲ့ မအေးကြည်ရဲ့ လက်ကို ဆတ်ခနဲ ဆွဲပြီး...

'လာ...ငါ့နောက်ကို လိုက်ခဲ့' ဆိုပြီး ဆွဲအခေါ်...

'ဘာလို့ လိုက်ရမှာလဲ၊ ငါ့မှာ သား ငယ်ငယ်လေးနဲ့... ပြီးတော့ နင်ခေါ် တိုင်း လိုက်ရအောင် နင်က ဘာကောင် မို့လို့လဲ'

မအေးကြည်ကလဲ ကစ်ကစ်လန် အောင် ပြန်ရန်အတွေ့...

'အေး... ငါ ဘာကောင်လဲ နင်သိချင် တယ်ပေါ့... ဟုတ်လား။ နင်တို့ လင်မယားချင်းပဲ ရန်ဖြစ်ဖြစ်၊ သားအမိ ချင်းပဲဖြစ်ဖြစ် နင်တို့ချင်း ရန်ဖြစ်တိုင်း မဆီမဆိုင် နင် ဆဲ,ဆဲနေတဲ့ သေမင်း ဆိုတာ ငါပဲ။ နင့်ကို မခေါ်ရကောင်းလား ဆိုပြီး ငါ့ကိုပဲ ဆဲ,ဆဲနေတာလေ။ အေး...အခု ငါ လာခေါ်တာ။ လာ... လိုက်ခဲ့'

'ဟင်...'

သေမင်းက လာခေါ်နေပြီ ဆိုတာ သိလိုက်ရတဲ့အချိန်မှာ မအေးကြည်ရဲ့ မျက်လုံးအစုံမှာ ပြူးကျယ်သွားပါလေရော။ ကြောက် လွန်းလို့ ဒူးတွေကလဲ ဆတ်ဆတ် ကို တုန်လို့။

'အောင်မယ်လေး... ရှိကြီးခိုးပါ ရဲ့ သေမင်းကြီးရယ်၊ မလိုက်ပါရစေ နဲ့ဦး။ ကျွန်မမှာ သားလေးက ငယ်ငယ်လေးပဲ ရှိပါသေးတယ် မလိုက်ပါရစေနဲ့'

အခုမှ မအေးကြည် [illegible]



www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်ရှာတယ်။ ဒါပေမယ့်...

'ဘာ... အခုမှ ရှိခိုးတောင်းပန်ရတာလဲ။ နင်ပဲ ဒီသားအဖနဲ့ သေကွဲ ကွဲချင်တယ်ဆို... ဆဲတုန်းက ဆဲပြီး... မရဘူး လိုက်ခဲ့ရမယ်...လာ'

'ရှိကြီးခိုးပါရဲ့ သေမင်းကြီးရယ်၊ နောက်ကို ကျွန်မ ဆဲလဲ မဆဲတော့ပါဘူး။ သူများအသက်တွေကိုလဲ မသတ်တော့ပါဘူး။ ကျွန်မကို မခေါ်ပါနဲ့။ ကျွန်မ သားလေးနဲ့ မခွဲနိုင်လို့ပါနော်'

'မရဘူး... လျှာမရှည်နဲ့၊ လာ... လိုက်သာ လိုက်ခဲ့'

မအေးကြည် ဘယ်လိုပဲ တောင်းပန်...တောင်းပန် သေမင်းကြီးက ဖွတ်အတင်း ဆွဲခေါ်ပါလေရော။

'အောင်မယ်လေး... ကယ်ကြပါဦး၊ ကျွန်မကို သေမင်းကြီးက ဖွတ်အတင်း ဆွဲခေါ်နေလို့၊ လုပ်ကြပါဦး...ကယ်ကြပါဦး'

မအေးကြည် ဘယ်လောက်ပဲ အော်အော် သူ့အော်သံကို ဘယ်သူမှ မကြား။ သူတို့ဖြစ်နေတာတွေကိုလဲ ဘယ်သူမှ မသိ။ မအေးကြည်မှာ သေမင်းကြီး ဆွဲခေါ်ရာနောက်ကို တရွတ်ဆွဲပါသွားတယ်။

နီးရာပါးရာကို အော်ဟစ် အကူအညီ တောင်းရင်းနဲ့ ပါသွားရာ သူမ တစ်ခါမှ မရောက်ဘူးသေးတဲ့ ရွာတစ်ရွာကို ရောက်သွားတယ်။

အဲဒီရွာမှာ အိမ်ကြီးကြီးမရှိ။ တံငါတဲ သဘောမျိုးလေးတွေ။ အဲဒီအိမ်ကလေးတွေမှာ လူတွေကို တွေ့ရပေမယ့် ဘယ်သူကမှ သူတို့ကို လှည့်မကြည့်ကြ။ သူတို့ အလုပ်တွေကိုပဲ ဆက်လုပ်နေကြတယ်။

တချို့ကြ ဘာအမိုးအကာ အခင်းမှ မရှိဘဲ... မြေပြင်ပေါ်မှာပဲ ထိုင်နေကြတဲ့လူတွေ၊ အိပ်နေကြတဲ့ လူတွေကို တွေ့ရပေမယ့် ဘယ်သူကမှ လှည့်မကြည့်ကြ။

တစ်နေရာ အရောက်မှာ ရွာထဲက သေသွားတဲ့ ဦးဖြူကို တွေ့လိုက်ရတယ်။ မအေးကြည် အားတက်စွာနဲ့...

'ဦးလေး ဦးလေးဖြူရေ... ကျွန်မကို ကယ်ပါဦး။ ဒီမှာ ကျွန်မကို သေမင်းကြီးက ဖွတ်အတင်း ဆွဲခေါ်လာလို့ လုပ်ပါဦး ဦးလေးရယ်...ကျွန်မကို ကယ်ပါဦး'

သူမ ဘယ်လောက်ပဲ အော်ဟစ် အကူအညီတောင်းတောင်း ဦးဖြူ အပါအဝင် ဘယ်သူကမှ သူမကို လှည့်မကြည့်ကြ။

ရွာထဲက သေသွားတဲ့သူ အတော်များများနဲ့အတူ သူမသိတဲ့လူ အတော်များများ အပါအဝင် သူတို့ရဲ့ အလုပ်တွေကိုသာ ဆက်လုပ်နေကြတယ်။ သူတို့ကို လှည့်ပင် မကြည့်ကြ။

ဒီလိုနဲ့ သေမင်းကြီးက အဆောက်အအုံကြီး တစ်ခုထဲကို ရောက်အသွား၊ အဲဒီမှာ မိန်းမကြီး တစ်ယောက်က သူတို့ကို လာကြည့်ပြီး...

'ဟဲ့... ဘာတွေ ဖြစ်လာကြတာလဲ'

'လုပ်ပါဦး အစ်မရယ်... သူ ကျွန်မကို ဖွတ်အတင်း ခေါ်လာလို့၊ ကျွန်မကို ကယ်ပါဦး'

'ဟဲ့... သူ့ကို ခေါ်လာရအောင် သူ့အလှည့် ရောက်ပြီလား'

'အဲဒါတွေ ငါ မသိဘူး။ ဒီမိန်းမ မ… တစ်ဆိတ်ရှိ ငါ့ပဲ ဆဲ၊ဆဲနေတာ'

'နေပါဦး...ကလေးမ [illegible]



www.burmeseclassic.com

www.burmeseclassic.com

ရော သူပြောသလို သူ့ကို ဆဲ,ဆဲ နေတယ် ဆိုတာရော ဟုတ်ရဲ့လား'

'ဟုတ်ပါတယ် အစ်မ… ကျွန်မ မသိလို့ ဆဲမိတာပါ။ နောက်ကို ကျွန်မ မဆဲတော့ပါဘူး။ ကတိပေးပါတယ်။

ကျွန်မမှာ သားလေးကလဲ ငယ်ငယ်လေးပဲ ရှိပါသေးတယ် အစ်မရယ်၊ ကျွန်မကို ပြန်ပို့ဖို့ ကူပြောပေးပါဦး'

ရေနစ်သူအဖို့ မြက်ပင်လေး တစ်ပင်ကိုပင် အားကိုးရာအဖြစ် လှမ်းဆွဲတတ်ကြသလို မအေးကြည်မှာလဲ သူတို့ရှေ့က မိန်းမကြီးကို အားကိုးတကြီးနဲ့ အသနားခံ အကူအညီတောင်းနေမိတယ်။ အဲဒီမိန်းမကြီးကလဲ သေမင်းကြီးဘက် လှည့်ပြီး…

'ကဲပါ…နောက်ကို သူ မဆဲတော့ဘူးလို့ ကတိပေးနေပြီ။ ပြန်ပို့ပေးလိုက်ပါ။ သူ့မှာလဲ ကလေးငယ်ငယ်လေးနဲ့ဆိုတော့ ကလေးငယ်ငယ်လေးကိုလဲ သနားစရာ၊ သွား…ပြန်ပို့ပေးလိုက်'

သေမင်းကြီးက စိတ်ဆိုးပြေဟန်မပြ။ မအေးကြည်ဘက် လှည့်ပြီး မကြည်ကြည့် ကြည့်ရင်း…

'နင်… နောက်ကို ငါ့ကို မဆဲတော့ဘူးဆိုတာ သေချာလား'

'အမယ်လေး… သေချာပါတယ် သေမင်းကြီးရယ်၊ နောက်ကို မဆဲတော့ပါဘူး။ ကျွန်မ တကယ် ကတိပေးပါတယ်'

မအေးကြည်မှာ ခုမှ ရှိခိုးလေး စောက်စောက်နဲ့ ကတိတွေ အတန်တန်။ အာမခံ အထပ်ထပ်။

'အေး… နင်တို့ လူ့ပြည်ကလူတွေ မကောင်းတာဘဲလုပ်လုပ်၊ ကောင်းတာပဲ



လုပ်လုပ် တို့ အကုန်သိတယ်။ ညည်းတို့ လူ့ပြည်ကလူတွေ တို့ကို ဆဲဆိုနေတာတွေကို တို့သိနေသလို… မေတ္တာပို့နေတာတွေလဲ တို့သိတာပဲ။

အဲဒါကြောင့် ညည်းတို့ လူ့ပြည်က လူတွေ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ အသက်ရှည်ရှည် နေချင်ရင် မကောင်းတာတွေ မလုပ်နဲ့။

အကုသိုလ် အလုပ်တွေကို ရှောင်၊ မြင်အပ်,မမြင်အပ်တဲ့ ဝေနေယျသတ္တဝါတွေကို မေတ္တာပို့ အမျှဝေ ကြားလား'

'ဟုတ်ကဲ့ပါ သေမင်းကြီးရယ်၊ သေမင်းကြီးရဲ့ စကားကို ကျွန်မ နားထောင်ပါ့မယ်'

'အေး…ဒါဆို ငါ့နောက်က လိုက်ခဲ့၊ ငါ နင့်အိမ်ကို ပြန်ပို့ပေးမယ်'

ဆိုပြီး သေမင်းကြီးက ရှေ့က သွား။ မအေးကြည်က နောက်က လိုက်ပြီး ပြန်လာခဲ့တဲ့အချိန် လမ်းတစ်လျှောက်မှာ အလာတုန်းကလိုပဲ ရွာထဲက သေပြီးသားလူတွေကို တွေ့ရပေမယ့် ဘယ်သူကမှ သူတို့ကို လှည့်မကြည့်ကြဘဲ သူတို့ အလုပ်တွေကိုသာ လုပ်နေကြတယ်။

ဒီလိုနဲ့ သူတို့အိမ်ကို ပြန်ရောက်တော့ လူတွေက သူ့ခန္ဓာကိုယ်ကြီးကို ဝိုင်းကြည့်နေကြတယ်။ ကြိတ်ငိုတဲ့ လူတွေကလဲ ကြိတ်ငိုလို့။

'အေးကြည် ငါ မှာတာတွေကို နင် မှတ်မိတယ် မဟုတ်လား'

'ဟုတ်ကဲ့ မှတ်မိပါတယ်'

'အေး…ဒါဆို သွားတော့၊ အဲဒါ နင့်ခန္ဓာကိုယ်ပဲ'

ဆိုပြီး သူ့ကို တွန်းလွှတ်လိုက်တဲ့ အချိန်ကစပြီး သူ သတိရလာကာ နောက် ရက်အနည်းငယ်အတွင်းမှာပင် ပြန်လည် နေကောင်းလာခဲ့တယ်။

ထိုနေ့ ထိုအချိန်မှစလို့ ဒီကနေ့အထိ မအေးကြည်တို့ မိသားစုမှာ တတ်နိုင်သမျှ ဆဲဆိုခြင်းများကို ရှောင်ကြဉ်ကြပြီး… အမေ ဒေါ်အေးကြည်မှ ကျွန်တော်တို့ ငယ်ရွယ်သူများကို…

'ဟဲ့…ကလေးတွေ အကုသိုလ်အလုပ်တွေကို မလုပ်ကြနဲ့နော်။ အထူးသဖြင့် သေမင်းကို မဆဲနဲ့၊ သတ္တဝါတွေကို မေတ္တာထား၊ မြင်အပ်,မမြင်အပ်တဲ့ ဝေနေယျသတ္တဝါတွေကို မေတ္တာပို့ကြ၊ ကြားလား'

ဟူ၍ ဆုံးမလေ့ ရှိပါလေတော့သတည်း။

**[ဖြစ်ရပ်မှန်ကို အမည်မှန်များအား လွှဲပြောင်းရေးသားထားပါသည်။]**

***သတ္တဝါအများ ကျန်းမာ ချမ်းသာကြပါစေ။***

ကိုဝင်းတင်(လယ်လှ)
(အထက်မင်းရွာ)



www.burmeseclassic.com

www.burmeseclassic.com



# အိမ်တွင်း

ဦလ (ရေတံခွန်တောင်)

[ ၁ ]

'ကျွန်မတို့ကလေ အိမ်ထောင်ကျပြီးတော့ ဒီမန္တလေးမှာ အိမ်ငှားနဲ့ နေရတာ'

မြန်မာ–တရုတ်ကပြား အထက်တန်းကျောင်းဆရာမကြီး(အငြိမ်းစား)က ပြောပြနေတယ်။ သူက အသက်ရှစ်ဆယ်တွင်း ရောက်နေပြီ။ ကျန်းမာရေးအနေနဲ့ ဒူးနာရောဂါ ရှိတာကလွဲလို့ မျက်မှန်မပါဘဲ စာကြည့်နိုင်နေသေးတယ်။

'အဲဒါ အိမ်က အိမ်ငှားပြီး နေတော့မယ်ဆိုတော့ အိမ်ကို ရှင်းရတာပေါ့။ အဲဒီအိမ်မှာ ဆွဲထားတဲ့ အုန်းသီး တွေ့တာကို (ကျွန်မ ဒါတွေ အယုံအကြည် မရှိဘူး။) ဖြုတ်ပြီး နောက်ဖေး လွှင့်ပစ်လိုက်တယ်'

ဒီလိုပြောနေရင်းက လက်အုပ်ကလေးချီပြီး...

'အကောင်း ပြောမှာပါတော်'

နဲ့က လုပ်နေသေးတယ်။ ပြီးမှ...

'အဲဒါ ဘယ်လိုရယ် မသိဘူး။ ညနေဘက် ရောက်တော့သာ အိမ်က ကလေးမလေးက အလိုလိုနေရင်း ငိုတော့တယ်။ ညဥ့်သာနက်သွားရော အငိုမတိတ်ဘူး။

ဒီလိုကြီးလဲ ဖြစ်နေ၊ အခုမှ ပြောင်းလာတဲ့သူတွေလဲ ဖြစ်နေဆိုတော့ အိမ်နီးနားချင်းတွေက လာမေးကြတော့ တာပေါ့။

နောက် အကျိုးအကြောင်းသိတော့ ရပ်ကွက်ထဲမှာ ရောက်နေတဲ့ ဂိုဏ်းဆရာကြီးဆီ လိုက်ပို့ကြတယ်။

ကျွန်မဟာ အယုံအကြည် မရှိပေမယ့် ကိုယ်က ဒီရပ်ကွက်ထဲမှာ လူစိမ်း ဖြစ်နေတာဆိုတော့ ပတ်ဝန်းကျင်နဲ့ အလိုက်အထိုက်ပေါ့လေ။ သွားလိုက်ပါတယ်'

ရယ်ကျဲကျဲနဲ့ ပြောနေပြန်တယ်။

'ဟိုကျတော့ ဂိုဏ်းဆရာကြီးက ညနှစ်နာရီ ထိုးနေတာတောင် အိမ်တံခါးဖွင့် ပုတီးစိပ်ပြီး စောင့်နေတော့တာ။

ပြီးတော့ **"လာပြီ...လာပြီ"**ဆိုပြီး မမေးမမြန်းနဲ့ တပည့်တစ်ယောက်ကို...

"လိုက်သွား အပိုတွေ မပြောနဲ့၊ ကိုယ့်အလုပ်ပြီး ပြန်လာခဲ့"

နဲ့ မှာထည့်လွှတ်လိုက်သတော့။

ဒီလိုပြောရင်း ကျွန်တော့်မျက်နှာ လှမ်းအကဲခတ်နေပြန်တယ်။

'အိမ်ရောက်တော့လဲ တပည့်ဖြစ်သူက...

"ကဲ...ပြော၊ ဘာဖြစ်ချင်တာတုံး"

နဲ့ ငိုနေတဲ့ ကလေးမလေးကို တန်းမေးတော့ သတော့။

အံ့မယ် ကလေးမလေးက အဲဒီအခါကျ...

"အိမ်တွင်းအဖေကြီးကွ၊ ငါ့အုန်း သူ လွှင့်ပစ်လိုက်တယ်"

နဲ့ အသံမာမာနဲ့ ပြန်ပြောသတော့။

ဂိုဏ်းဆရာကလဲ **"ကဲ... ပြန်တင်ပေးမယ်"**တဲ့။ အဲဒီမှာ ကလေးမလေး အငိုတိတ်သွားတော့တယ်'

သူ အံ့သြစရာ ကြုံရတဲ့အကြောင်း ရင်အုပ်တော်ဖိ ပြောနေပြန်တော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

'ဂိုဏ်းဆရာကြီး တပည့်က ကျွန်မကို ပြန်ပြောတယ်"**မနက်ကျ အုန်းသီး ပြန်ဆွဲရမယ်။ ပန်းအိုး သုံးအိုး၊ အဝတ်ဖြူ ခံထားပေးရမယ်**"နဲ့ပေါ့။

ကျွန်မက "**ဝန်ထမ်းမို့လို့ သုံးအိုး မတတ်နိုင်ဘူး၊ တစ်အိုးဆို မရဘူးလား**"နဲ့ ပြန်မေးတော့ "**ရတယ်**" တဲ့'

အခုမှ စိတ်မကောင်းဖြစ်ရဟန်နဲ့ ပြောနေတော့တာပါ။

'အဲဒါ နောက်နေ့မနက်ကျ အဲဒီသူ ပြန်ရောက်ပြီး အုန်းသီး ပြန်ဆွဲပေးတယ်။ "သူတို့ သေချာ မ,ချင်လို့ ဆွဲခိုင်းတာပါ"လို့လဲ ပြောပြသွားတယ်'

အဲဒါအခါမှာ ဆရာမကြီးမျက်နှာက မျက်လုံးတွေ အရောင်ထွက်အောင်ကို ပြုံးလို့ပါ။

'ဟော…မကြာပါဘူး၊ မျက်နှာချင်းဆိုင် ဘောဂဗလ(မန္တလေးမှာ နာမည်ကြီး ပရိဘောဂလုပ်ငန်း)က "နင်တို့အိမ် ဘာမှလဲ မရှိဘူး"ဆိုပြီး စားပွဲ,ကုလားထိုင်တွေ အဝတ်လုန်းစင်ကအစ ပို့ပေးတော့တယ်။

အဲဒီကစ အိမ်မှာ မကြုံစဖူး အဆင်ပြေလာလိုက်တာက အံ့သြစရာပါ။

နောက်တော့ အဲဒီ ဆွဲထားတဲ့အုန်းက အစို့ အညှောက် ပေါက်လာတယ်။ ယူစိုက်ထားပြီး အသစ်လဲ ဆွဲပေးထားလိုက်ရတယ်'

ရင်ဘတ်ဖိထားနေပြန်ပါပြီ။ သတိရတဲ့အနေနဲ့ လက်အုပ်ကလေးချီထားပြန်ပါပြီ။

'ဟော…အခုနေတဲ့ အိမ်နဲ့ပိုင်း ဝယ်နိုင်တော့တာပါပဲတော်။ ကျွန်မကတော့ အိမ်တွင်းအဖေကြီး ယုံသတော့'
တဲ့။

[၂]

တစ်မျိုးတစ်ဘာသာ ကြုံရတဲ့ အကြောင်းတွေကို အသက်ကြီးတဲ့သူပီပီ ပြောပြနေတော့တယ်။

ကျွန်တော့်မိတ်ဆွေ လေဖြတ်ခံထားရတဲ့ သူ့ခင်ပွန်းက ဘာမှ မသိသလို… ဘေးထိုင် နားထောင်နေတော့သလို ကျွန်တော်တို့ကလဲ "သက်ကြီးစကား သက်ငယ်ကြား" သဘောမျိုးနဲ့ ခေါင်းတညိတ်ညိတ် နားထောင်နေမိပါတော့တယ်။

**သီလ(ရေတံခွန်တောင်)**


## နက္ခတ္တရောင်ခြည်စာအုပ်တိုက်မှ

## အောက်ပါ စာအုပ်များ ရရှိနိုင်ပါပြီ

**၁။ ဆေးမြီးတိုရောင်ခြည်** [အမှတ် (၁)မှ အမှတ်(၃၉)ထိ] **၂။ အဂ္ဂိရတ်ရောင်ခြည်** [အမှတ် (၁)မှ အမှတ်(၂၁)ထိ] **၃။ တိုင်းရင်းဆေးသမားတော်များ၊ ဆေးဆရာများနှင့် တွေ့ဆုံခြင်း** [အမှတ် (၁)မှ အမှတ်(၁၆)ထိ] **၄။ အံ့ဖွယ်ထူးခြား ဂမုန်းများ** [အမှတ်(၁)မှ အမှတ်(၁၀)ထိ] **၅။ ယတြာရောင်ခြည်** [အမှတ် (၁)မှ အမှတ်(၈)ထိ] **၆။ ကျင့်စဉ်ရောင်ခြည်**[အမှတ် (၁)မှ အမှတ်(၁၃)ထိ] **၇။ ဂါထာမန္တန်ရောင်ခြည်** [အမှတ် (၁)မှ အမှတ်(၉)ထိ] **၈။ ပရလောကနှင့်အံ့ဖွယ်ထူးခြားဖြစ်ရပ်ဆန်းများ**[အမှတ် (၁)မှအမှတ်(၁၀)ထိ] **၉။ ပါရမီဘာသာရေးရာ အဖြေလွှာ** (ဆရာကြီး ဦးစံတင့်-စတုနိကာယ ကောဝိဒ) [အမှတ် (၁)မှ အမှတ်(၄)ထိ]
**၁၀။ တိရစ္ဆာန်ရောဂါကုဆေးနည်းနှင့် ဆေးမြီးတိုများ** [အမှတ် (၁)မှ အမှတ်(၅)ထိ]
**၁၁။ လက်တွေ့သီးပင်ပွင့်ပင် စိုက်ပျိုးနည်းများ** [အမှတ် (၁)မှ အမှတ်(၆)ထိ]

**မှတ်ချက်။ ။ တစ်အုပ်လျှင် စာမျက်နှာ (၁၆၀)စီ ပါပါသည်။ တစ်အုပ်လျှင် (၆၀၀)ကျပ် ဖြစ်ပါသည်။ စာတိုက်မှ မှာကြားလိုပါက ပို့ခ (၂၀၀)ကျပ် ကျပါမည်။ ငွေပေးချေးယူရပါမည်။ အမှန်တကယ် ရယူလိုသူများ အောက်ပါလိပ်စာအတိုင်း မှာကြားနိုင်ပါသည်။**

**ဆယ်သွယ်မှာကြားရန်လိပ်စာ**

**နက္ခတ္တရောင်ခြည်စာအုပ်တိုက်**

အမှတ်-၂၁၀(ပထမထပ်)၊ ၂၉-လမ်း(အထက်)၊ ပန်းဘဲတန်းစာတိုက်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၇၇၆၃၄၉၇၈၅၊ ၀၉-၄၄၃[illegible]၂၂၀။




www.burmeseclassic.com

www.burmeseclassic.com

# က္ကဃာမစ္ဆရိယတရား

မောင်ပညာ



**၁၉၇၆ ခုနှစ်က ဖြစ်ပါသည်။**

ကျွန်တော်သည် စစ်ကိုင်းတိုင်းဒေသကြီး သမဝါယမဦးဌာနတွင် ဌာနခွဲမှူးတစ်ဦးအဖြစ် ဆောင်ရွက်နေစဉ်က ဖြစ်ပါသည်။

ကျွန်တော်သည် ကျွန်တော့်ဆရာ ဦးကျော်မြင့်နှင့် ဌာနစုမှူး ဦးစိုးလှိုင်တို့သည် ဦးစိုးလှိုင်အိမ်တွင် ညစဉ် ဘုရားဝတ်တက်၊ ပုတီးစိပ်၊ မေတ္တာပွားနေသည့် အချိန်က ဖြစ်ပါသည်။

ဦးစိုးလှိုင်နေထိုင်သော အိမ်မှာ စစ်ကိုင်းလမ်းမကြီးဘေးရှိ အခြားဘာသာဝင်များ၏ အလယ်တွင် တည်ရှိပါသည်။

ထိုနေအိမ်ပတ်ဝန်းကျင်သည် အခြား ဘာသာဝင်များ ချည်းရှိနေသော နေရာဖြစ်ပါသည်။

ဦးစိုးလှိုင်၏ နေအိမ်ခေါင်းရင်းအိမ်နှင့် ဘေးချင်းကပ် (၂)အိမ်သာ ဗုဒ္ဓဘာသာဝင် နေအိမ်များ ဖြစ်ကြပါသည်။

ဦးစိုးလှိုင်၏ ခြေရင်းတစ်အိမ်ကျော်ကမူ ကျူရှင်ဖွင့်ထားသော အိမ်ဖြစ်ပါသည်။ ဘာသာခြားအိမ်ဖြစ်ပြီး အဖေကြီးနှင့် သား(၂)ဦးက စာပြပေးနေသော အိမ်ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်က အဆိုပါအိမ်သည် ကျောင်းသား(၂၀၀)၊ (၃၀၀)ခန့် ကျောင်းသား/သူများနှင့် ပြည့်နှက်နေသော ကျူရှင်အိမ်ဖြစ်ပါသည်။

နေ့စဉ် ကျူရှင်ရှိ ကလေးများ အသံပေါင်းစုံနှင့် အလွန် စည်ကားနေသည့် အိမ်တစ်အိမ်ဖြစ်ပြီး နံနက်၊ နေ့လယ်၊ ညပိုင်းပါ ဖွင့်လှစ်ထားသဖြင့် အမြဲတမ်း စည်ကားနေသည့်အိမ် ဖြစ်ပါသည်။

ထိုသို့ ကျောင်းသားကျောင်းသူ မပြတ်စည်ကား နေရာမှ တစ်လ၊ နှစ်လအတွင်း ကျောင်းသားကျောင်းသူ မရှိတော့လောက်အောင် ဖြစ်သွားသည်ကို အံ့သြဖွယ်ရာ တွေ့ရှိရပါတော့သည်။

ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ(၂)ဦးတို့မှာလည်း ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတတ်တော့အောင် ဖြစ်နေကြပါသည်။

ကျောင်းသူကျောင်းသားများတို့သည်လည်း ယင်း ရပ်ကွက်တွင်ရှိ အခြားကျူရှင်တစ်ခုသို့ ပြောင်းရွှေ့ ရောက်ရှိသွားကြသည်ကို တွေ့ရှိရပါသည်။

ယခင်က ကျောင်းသား/သူများနှင့် အလွန်စည်ကား ခဲ့သည့် ကျူရှင်သည် ယနေ့ လုံးဝ ကျောင်းသား/သူ မရှိဘဲ ဖြစ်သွားရသည်မှာ အတော်ပင် ထူးဆန်း အံ့သြဖွယ်ရာပင် ဖြစ်နေပါတော့သည်။

ကျောင်းအုပ်ဆရာကြီးနှင့် ဆရာများတို့သည် ကောင်းနိုးရာရာ လိုက်လံ မေးမြန်းစုံစမ်းနေရင်းက စကားစပ်မိပြီး ဦးစိုးလှိုင်၏ ဇနီးဖြစ်သူ မအေးအေးကို မေးမိကြပါတော့သည်။

မအေးအေးက ညပိုင်း ဘုရားဝတ်တက်သည့်အချိန် လူစုံသည့်အခါ လာရောက်ရန် ချိန်းဆိုလိုက်ပါသည်။

ကျွန်တော်တို့ ညပိုင်းဝတ်တက်သည့်အချိန်တွင် ဆရာကြီးတို့(၃)ဦး ရောက်ရှိလာကြပါသည်။

**ထိုကိစ္စအတွက် မအေးအေးမှ အာရုံခံကြည့်မိရာမှ ဆရာကြီးတို့ကျူရှင်အား တိုက်ခံထားရကြောင်း၊ ကျောင်းသား/သူမရှိအောင် လုပ်ထားခြင်းဖြစ်ကြောင်း၊ မသန့်သည့်ပစ္စည်းများကိုကျူရှင်တွင် လာရောက်မြှုပ်နှံပြီး တိုက်ခြင်းဖြစ်ကြောင်း ပြောပြပါသည်။**

ထိုကဲ့သို့ ပြောလိုက်သည်နှင့် တစ်ပြိုင်နက် အစ်ကို ဖြစ်သူ ကျောင်းဆရာ၏ မျက်စိထဲတွင်ယင်းတို့မြှုပ်နှံထား သည့် နေရာများကို မြင်လာနေသည်ဟု ပြောပြပါသည်။

သို့အတွက် ဆရာကြီးတို့(၃)ဦးအား မိမိတို့ အိမ်သို့ ပြန်၍ အဆိုပါ မြှုပ်ထားသော အရာများကို ပြန်လည် ဖော်ထုတ်ခိုင်းလိုက်ပါတော့သည်။

ဆရာ(၃)ဦးတို့ မိမိတို့အိမ်သို့ ပြန်သွားပြီး မြှုပ်နှံထား သော နေရာဌာနများတွင် ဖော်ထုတ်ကြရာ လူအရိုးစု များကို တွေ့ကြရပါသည်။

ထိုနေရာများမှာ ကျူရှင်ကျောင်းသားများ ထိုင်သည့် နေရာတစ်ဝိုက်နှင့် ကျူရှင်ကျောက်သင်ပုန်းအောက်နှင့် စာရေးစားပွဲများ တစ်ဝိုက်တွင် မြှုပ်နှံထားခြင်းဖြစ် ကြောင်း တွေ့ရပါသည်။

သူတို့ ရောက်လာကြသည့်အခါ တွေ့ရှိသော ပစ္စည်း များကို အိတ်နှင့် လုံခြုံစွာ မကျန်ရှိရအောင် ထည့်စေပြီး သုသာန်သို့ သွားရောက် ပစ်စေရပါသည်။

သူတို့အိမ်ကိုလည်း သန့်ရှင်းသွားအောင် ရေမန်းပေး၍ နံ့သာဖြူရည်များဖြင့် တစ်အိမ်လုံးကို ပက်စေရပါသည်။

တန်ပြန်စေရန် အမိန့်များပြန်ပြီး ရှင်းလင်းပစ်လိုက် ရပါသည်။ ဦးစိုးလှိုင်၏အိမ်မှ ဘုရားတွင် ဘုရားပန်း ဆီမီး၊ အမွှေးတိုင်များကို ယင်းတို့အား ပူဇော်စေပါသည်။

ဆရာ(၃)ဦးစလုံးအားလည်း သူတို့ ခန္ဓာကိုယ်သန့် ရှင်းစင်ကြယ်စေရန် မန်းချပေးလိုက်ပါသည်။

နောက်တစ်ပတ်ခန့်တွင် သူတို့ ကျူရှင်၌ မူလအတိုင်း ကျောင်းသားများအပြည့် ပြန်ဖြစ်လာခဲ့သည်ကို တွေ့ရပါ သည်။ ယခုအခါကျတော့မှပင် ကျူရှင်ဆရာ(၃)ဦးတို့ ပျော်ပျော်ရွှင်ရွှင် ပြန်ဖြစ်လာကြသည်ကို တွေ့ရပါတော့ သည်။

အစ်ကိုဖြစ်သူ ကျူရှင်ဆရာသည် ကျွန်တော်တို့နှင့် အတူလာ၍ **အရဟံဂုဏ်တော်ပုတီး စိပ်နေပါတော့ သည်။**

**လူ့လောကကြီးတွင် ဂူဠှသာမဇ္ဈိမပညာတရားများ အလွန် ထွန်းကားနေပြီး ကိုယ့်ထက်သာ မနာလို ကိုယ့်ထက်သာ လျှင် ကိုယ့်ရန်သူဖြစ်ပြီး တိုက်ကြခိုက် ကြတာပါကလားဟု တရားသံဝေဂရမိရပါတော့သည်။**

ထိုတရားဆိုးများ လူ့လောကတွင် ထွန်းကားနေသမျှ ကာလတစ်လျှောက်လုံး လူ့လောကကြီးသည် သာယာ စိုပြည်မှုများ ကင်းဝေးနေကြမည်သာ ဖြစ်ပါတော့သည်။

မောင်ပညာ



www.burmeseclassic.com

www.burmeseclassic.com



လင်းနီတာ

# ခြေကျဖွား ကိုသောင်းအေး

နှင့် ကျွန်တော်

၁၆–၄–၂၀၁၈ ရက်နေ့ ညနေပိုင်းက ကိုသောင်းအေး ဆီသို့ ဒုတိယအကြိမ် ရောက်ဖြစ်ခဲ့ပါသည်။ ကျွန်တော် နှင့်အတူ အစ်ကိုကြီး လက်ပံနီလည်း ပါရှိခဲ့ပါသည်။

ကိုသောင်းအေးကို စွပ်ကျယ်လက်ပြတ်ကလေးနှင့် တွေ့ရပါသည်။ ကျွန်တော်က ကိုသောင်းအေးဆီ လာ ရခြင်းအကြောင်း ပြောပြပါသည်။

၂၀–၂–၂၀၁၈နေ့က မုံရွာတက္ကသိုလ် ဘွဲ့နှင်းသဘင် လျှောကားအဆင်းတွင် ကျွန်တော် **ခြေခေါက်လဲပြီး ခြေချင်းဝတ်နေရာမှ "ကျွတ်" ခနဲ** အသံကြားလိုက်ရ ပါသည်။ ကျွန်တော် လမ်းကောင်းကောင်း မလျှောက် နိုင်တော့ပါ။

ထိုနေ့ ညနေတွင် မုံရွာကျောက္ကာလမ်းဘေးရှိ သစ္စာ မေတ္တာအကြောပြင်ဆေးခန်းသို့ ဖုန်းက လိုက်ပို့ပါသည်။

**အကြောပြင်ဆရာက ခြေချင်းဝတ် အရွတ်ရုတ်သွားခြင်း ဖြစ်နိုင်ကြောင်း၊ ယခုည ကိုက်ခြင်း၊ နာခြင်း မရှိပါက ဓာတ်မှန် ရိုက်ဖို့မလိုကြောင်း ပြောပြီး ဆေးလိမ်း ပတ်တီးစည်း ပေးလိုက်ပါသည်။**

တစ်ပတ်ခန့်ကြာသောအခါ ရုံးပြန်တက်နိုင်ပါသည်။

သို့သော် စိတ်ဆောင်နေ၍လား မသိ။ နဂိုလို လွတ်လွတ် လပ်လပ် မသွားဖြစ်ပါ။ အကြောတင်နေသလို၊ မျက်ခနဲ ဖြစ်နေသလို ခံစားနေရပါသည်။

သည်ကြားထဲ လမ်းများများလျှောက်၊ အလုပ်များများ လုပ်ရသည့်ရက်များတွင် ခြေဖမိုးက ရောင်လာသလို တွေ့ရသည်။

ယခုထိ ခြေထောက်က အရှင်းမပျောက်ဟု ခံစားနေရ ကြောင်း ကိုသောင်းအေးကို ပြောပြရပါသည်။

'အကြောတင်တာ၊ အကြောထုံးတာ ဆိုရင်တော့ ပျောက်နိုင်ပါ



www.burmeseclassic.com

www.burmeseclassic.com

တယ်၊ အကြောညှပ်တာတော့ မရဘူးခင်ဗျ’

ဟု ကိုသောင်းအေးက ပြောပါသည်။

ကိုသောင်းအေးက ကျွန်တော့်ခြေထောက်ကို ခုတင်ပေါ် တင်ခိုင်းပြီး ပရုတ်ဆီဖြင့် ဆွဲချပေးပါသည်။ ဘယ်ဘက် ခြေချင်းဝတ်နေရာသည် ဖုဖုဖောင်းဖောင်း ဖြစ်နေသည်ကို သတိထားမိကြောင်း ပြောပြပါသည်။

ထိုနေရာကို အဓိကထားပြီး သူ၏ လက်ဖြင့် ဆွဲချပေးပါသည်။ အထူးသဖြင့် သူ၏ တံတွေးကို လက်ဖြင့်ခံယူပြီး ထိုတံတွေးဖြင့် အကြောထုံးသည့်နေရာကို ဖိပြီး ဆွဲချပေးပါသည်။

အတန်ကြာသောအခါ အဖုအထုံးပြေသွားပြီဟု ဆိုပါသည်။ ကျွန်တော့်စိတ်ထဲတွင်လည်း အတော်ပင် ပေါ့သွားပါသည်။

ကိုသောင်းအေးထံ ပထမအကြိမ် ရောက်ဖြစ်ခဲ့ပုံကို ပြန်သတိရနေမိပါသည်။ **လွန်ခဲ့သော နှစ်(၄၀)ခန့်က ဖြစ်ပါသည်။ ၁၉၈၀ ပြည့်နှစ်ခန့်က။**

ထိုစဉ်က ကျွန်တော်သည် (၁၀)တန်းအောင်ပြီးခါစ တက္ကသိုလ်ဖွင့်ရက်ကို စောင့်ရင်း ကျောင်းတော်ရာ တွဲဖက် အ.လ.ကတွင် လုပ်အားပေးဆရာအဖြစ် ဝင်ရောက် စာသင်နေစဉ် ဖြစ်ပါသည်။

တစ်ညနေတွင် ကျောင်း ဘောလုံးကွင်းတွင် အပျော်ဘောလုံးကစားရင်း နှစ်ယောက်ဆိုင်၍ ကန်ကြရာ ကျွန်တော့် ဘယ်ဘက်ခြေထောက် ဖြောင်းခနဲ ဖြစ်သွားပြီး အိမ်သို့ ထော့နင်းထော့နင်းဖြင့် ပြန်ခဲ့ရပါသည်။

ဖခင်ကြီးဦးရန်အောင်က ကိုယ်မကျွမ်းသည့် အလုပ်ကို လုပ်ရပါမည်လားဟု မာန်မဲ ဆုံးမပါသည်။

အစ်မဖြစ်သူက ကိုသောင်းအေးဆီ သွားပါဆိုသဖြင့် ကိုသောင်းဆေးဆီ ထွက်လာခဲ့သည်။

**ကျောင်းတော်ရာ ရွာထဲတွင် ကိုသောင်းအေးကို “ခြေမွား”ဟု လူသိများသူ ဖြစ်သည်။ ခြေမွားများသည် မွေးရာပါ အစွမ်းထက်သူများ ဖြစ်ကြကြောင်း လက်ခံထားပါသည်။**

ကိုသောင်းအေးထံသွားစဉ် ဆရာသမားကို အလေးထားသည့်သဘော ကွမ်းဆေးယူလာခဲ့ပါသည်။

ထိုစဉ်ကလည်း ကိုသောင်းအေးက သူ့တံတွေးဖြင့် ဆွတ်ကာ ဆွဲချပေးခဲ့ပုံကို သတိရပါသည်။



ကိုသောင်းအေးဆီက အပြန် ပိန်းကြာရွက်ပေါ် ရေမတင် ဆိုသကဲ့သို့ ပုံမှန် သွားလာနိုင်ခဲ့ပုံကို ပြန်မြင်ယောင်မိပါသည်။

ခြေမွား ကိုသောင်းအေး၏ လျှာစက်အာဏာစက် ထူးခြားပုံများ အံ့ဩလောက်ပါသည်။ ယခုအခါ ကိုသောင်းအေးမှာ အသက်(၅၀)ကျော်ခဲ့ပြီ ဖြစ်သည်။ **မိဘနှစ်ပါးမှာ ဦးသိန်းအောင်၊ ဒေါ်မြရီဖြစ်သည်။**

**မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ ကျောင်းတော်ရာရွာ ဘုရားကြီးဈေး အောင်သီရိကုန်စုံဆိုင်တွင် ကိုသောင်းအေးကို တွေ့နိုင်ပါသည်။**

ကိုသောင်းအေးသည် သူ့မွေးရာပါအစွမ်းဖြင့် ဇီဝိတဒါန ပြုလျက်ရှိပါသည်။

ကိုသောင်းအေးအကြောင်း ဆောင်းပါးတစ်ပုဒ် ရေးချင်သည်ဟု ဆိုသောအခါ ရေးပါဟု ဆိုသည်။ ဓာတ်ပုံတော့ မထည့်ပါနှင့်၊ နာမည်သာသုံးပါဟု ရိုးသားစွာ ပြောပါသည်။

ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်သည် ကိုသောင်းအေးကို မုံရွာလက်ဆောင် အမှတ်တရပေးပြီး ပြန်လာခဲ့ကြပါသည်။ လက်ဆောင်ကိုပင် လက်ခံရန် အားနာနေသော ခြေမွား ကိုသောင်းအေးပင်ပါတကား။

လင်းနီတာ



www.burmeseclassic.com

www.burmeseclassic.com

# နက္ခတ္တကျောင်းခြည်စာအုပ်တိုက် မှ ထုတ်ဝေသောစာအုပ်များ




BURMESE CLASSIC .com

မှာကြားရန်
နက္ခတ္တကျောင်းခြည်စာအုပ်တိုက်
အမှတ်-၂၁၀(ပထမထပ်)၊ ၂၉-လမ်း(အထက်)၊ ပန်းဘဲတန်းစာတိုက်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၂၄၂၆၄။

www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com